အဂ္ဂါဘိဝံ၊ ရွှေကျင်သာသနာပိုင်၊ သက်ရာကျော်

## စစ်ကိုင်း ရွှေဟင်္သာ ဆရာတော်ဘုရားကြီး

၏

# တစ်ဘဝ သာသနာ



ဒေါက်တာ ခင်သီတာ၊ ဒေါက်တာ ထားထားနွယ်

ဆွေဆွေနိုင် (မဟာဝိဇ္ဇာ)

ကိုးဘွဲ့ရ ဆရာတော် အရှင် အာစာရာလင်္ကာရ တည်းဖြတ် ထုတ်ဝေသည်

2011.GRAPHIC DESIGN : KYAW MINN MOUNG

## စစ်ကိုင်းရွှေဟင်္သာဆရာတော်ဘုရားကြီး၏

# တစ်ဘဝသာသနာ

ဒေါက်တာ ခင်သီတာ၊ ဒေါက်တာ ထားထားနွယ်
ဆွေဆွေနိုင် (မဟာဝိဇ္ဇာ)
ကိုးဘွဲ့ရ ဆရာတော် အရှင် အာစာရလင်္ကာရ တည်းဖြတ် ထုတ်ဝေသည်။

၂၅၅၅ ၁၃၇၃ ၂၀၁၁

စာပေတော်ထွန်းကားပြန့်ပွားရေး
အမှတ် ၂၇၇၃၁
ရက်စွဲ
စာကြည့်တိုက်

# ■ ပုံနှိပ်မှတ်တမ်း ■


ခွင့်ပြုချက် စာအမှတ် – ၁၁၉/၀၁/(ပုံနှိပ်) သသန–၁၀

ထုတ်ဝေသူ – သာသနာရေးဦးစီးဌာန

စီစဉ်သူ – ကိုးဘွဲ့ရဆရာတော် ဦးအာစာရာလင်္ကာရ

မျက်နှာဖုံးဒီဇိုင်း – ကျော်မင်းမောင်

မှမ်းမံပြင်ဆင် – မြေလတ်မင်းလွင်၊
ဖုန်း–၀၉ ၅၀ ၃၀၆၉၆

အတွင်းအပြင်အဆင် – ဝင်းဝင်းရွှေ

အတွင်းဖလင် – ပုံရိပ်ရှင်

ပုံနှိပ် – ကိုတင်အောင်ကျော်
'စွယ်တော်' ပုံနှိပ်တိုက်
၅၁–လမ်း၊ ရန်ကုန်မြို့။

အုပ်ရေ – ၁၀၀၀

ထုတ်ဝေသည့်လ – ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ

ထုတ်ဝေသည့်အကြိမ် – ပထမအကြိမ်

တန်ဖိုး – ဓမ္မဒါန

ဖြန့်ချိရေး – ရွှေဟင်္သာတိုက်သစ်၊
စစ်ကိုင်းတောင်ရိုး၊ စစ်ကိုင်းမြို့။
– ကိုးဘွဲ့ရ သာသနာပြုကျောင်းတိုက်
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊
ရန်ကုန်မြို့။

# မာတိကာ

- ကိုးဘွဲ့ရဆရာတော် အရှင်အာစာရာလင်္ကာရ
(စစ်ကိုင်း-ရွှေဟင်္သာ)၏
ကျေးဇူးကန်တော့ပန်းလွှာစာတမ်း ၇

## ဒေါက်တာခင်သီတာ ရေးသားသည့်
## မဟာဝိဇ္ဇာဘွဲ့ယူကျမ်းစာ
## ရွှေဟင်္သာဆရာတော်ဘုရားကြီး၏ သာသနာရေးဆိုင်ရာ
## ထေရုပတ္တိကျမ်း

နိဒါန်း ၁၁

အခန်း - ၁

ရွှေဟင်္သာဆရာတော်ဘုရားကြီး၏
ငယ်စဉ်ဘဝနှင့် ရဟန်းဘဝသို့ ရောက်ရှိခြင်း ၁၄

အခန်း - ၂

ဆရာတော်ကြီး၏ စာပေကျမ်းဂန်များ ၄၃

အခန်း - ၃

သာသနာပြန့်ပွားရေးအတွက် ဆောင်ရွက်ချက်များ ၈၉
- နောက်ဆက်တွဲ-၁ ၁၂၇
- နောက်ဆက်တွဲ - ၂ ၁၂၉
- ကျမ်းကိုးစာရင်း ၁၃၁

## ဒေါက်တာထားထားနွယ် ရေးသားသည့်
## ဒေါက်တာဘွဲ့ယူကျမ်းစာ
## ရှေဟသ်ာဆရာတော်ဘုရားကြီး၏ သာသနာရေးဆိုင်ရာ
## ထေရုပ္ပတ္တိကျမ်း


- နိဒါန်း ၁၃၉

အခန်း - ၁

- ထေရုပ္ပတ္တိအကျဉ်း ၁၅၇
- ရှင်ပြုခြင်း ၁၆၀
- ရဟန်းဖြစ်ခြင်း ၁၆၂
- ကျောင်းဘုန်းကြီးခန့်ခြင်း ၁၆၅
- ရွှေဟသ်ာချောင် တည်ထောင်ခြင်း ၁၇၀
- ရွှေဟသ်ာတိုက်သစ် တည်ထောင်ခြင်း ၁၇၄

အခန်း - ၂

- သာသနာရေးဆောင်ရွက်ချက်များ (Missionary works) ၁၇၉
- ပရိယတ္တိသာသနာပြန့်ပွားအောင် ဆောင်ရွက်ခြင်း ၁၇၉
- ပဋိပတ္တိသာသနာပြန့်ပွားအောင် ဆောင်ရွက်ခြင်း ၁၉၀
- ဂိုဏ်းအကျိုးစီးပွားတိုးတက်အောင် ဆောင်ရွက်ခြင်း ၁၉၇
- သံဃာအတွင်း ဆောင်ရွက်ခြင်း ၂၁၂
- ဒကာ၊ ဒကာမများအတွင်း ဆောင်ရွက်ခြင်း ၂၁၆

အခန်း - ၃

- ပြုစုခဲ့သောကျမ်းများ (Literary Works) ၂၂၁
- သမိုင်းနှင့် ထေရုပ္ပတ္တိများ ၂၂၃
- နီတိဆုံးမစာများ ၂၃၆
- တရားစာများ ၂၄၀
- အဖွင့်ကျမ်း ၂၄၄
- ဘာသာပြန်ကျမ်းများ ၂၆၈

- စာသင်သားသုံးကျမ်းများ ၂၇၃
- ခရီးသွားစာပေ ၂၇၇


## အခန်း - ၄


- ဆရာတော်၏ အံ့ဖွယ်ဂုဏ်ရည်များ ၂၈၇
- ဒီဃာယုကတာဂုဏ်-အသက်ရှည်ခြင်းဂုဏ် ၂၈၇
- ပုညဝန္တတာ-ဘုန်းကြီးခြင်းဂုဏ် ၂၈၉
- မဟာပရိဝါရတာ - အခြံအရံများခြင်းဂုဏ် ၂၈၉
- ပပ္ပာဗာဝတာ-ကျန်းမာခြင်းဂုဏ် ၂၉၀
- လဟုဋ္ဌာနတာ - အထိုင်အထ လျင်မြန်ပေါ့ပါးခြင်းဂုဏ် ၂၉၃
- စက္ခုဒုဗ္ဗလရဟိတာ - မျက်စိကောင်းခြင်း ၂၉၄
- သုတိဟီနရဟိတတာ - နားကောင်းခြင်း ၂၉၅
- အခဏ္ဍဒန္တတာ - သွားမကျိုးခြင်း ၂၉၆
- သတိမန္တတာ - သတိရှိခြင်းဂုဏ် ၂၉၆
- ဓိတိမန္တတာ - အားထုတ်မှုရှိခြင်းဂုဏ် ၃၀၀
- ပညာဝန္တတာ - ပညာရှိခြင်းဂုဏ် ၃၀၁
- ပါသာဒိကတာ - ကြည်ညိုဖွယ်ရှိခြင်းဂုဏ် ၃၀၂
- အပိစ္ဆတာ - အလိုနည်းပါးခြင်းဂုဏ် ၃၀၅
- ခန္တီတာ - သည်းခံခြင်းဂုဏ် ၃၀၆
- နိဂုံး ၃၁၀


## ဆွေဆွေနိုင် (မဟာဝိဇ္ဇာ)
## ရေးသားသည်
## ရွှေဟင်္သာဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိနှင့်
## စာစုစာရင်း


ရွှေဟင်္သာဆရာတော်ဘုရားကြီး

နေ့စဉ်ရွတ်ပွားသည့် အန္တရာယ်ကင်းဂါထာတော် ၃၂၅

| | |
|---|---|
| အသုံးပြုထားသော သင်္ကေတများ၊ အတိုအမှတ်များ | ၃၂၆ |
| ကျမ်းကိုးစာရင်း | ၃၂၇ |
| ရွှေဟင်္သာဆရာတော်ဘုရားကြီး ထေရုပ္ပတ္တိ | ၃၂၉ |
| ရွှေဟင်္သာဆရာတော်ဘုရားကြီး၏ | |
| ထူးခြားသော ဘဝဖြစ်စဉ်ရက်စွဲများ | ၃၄၅ |
| ရွှေဟင်္သာဆရာတော် ရေးသားခဲ့သော ဆောင်းပါးများ | ၃၅၅ |
| ရွှေဟင်္သာဆရာတော်ရေးသားခဲ့သော ကျမ်းများ | ၃၆၃ |
| ပူးတွဲရေးသားသော ကျမ်းစာများ | ၃၈၉ |
| ဆရာတော်ဘုရားကြီး၏ | |
| ဘဝနှင့်စာပေအပေါ် ဝေဖန်ရေးသားစာများ | ၃၉၁ |
| ကဗျာ၊ ရတု | ၃၉၁ |
| - ဆောင်းပါး | ၃၉၇ |
| - လုံးချင်းစာအုပ်များ | ၄၂၇ |
| စာရေးသူ အမည်အညွှန်း | ၄၃၁ |
| စာအမည် အညွှန်း | ၄၃၅ |
| ရွှေဟင်္သာဆရာတော်ကြီး ရေးသားခဲ့သော | |
| စာအုပ်များ သက္ကရာဇ်စဉ် | ၄၄၅ |

## ကိုးဘွဲ့ရဆရာတော် အရှင်အာစာရာလင်္ကာရ(စစ်ကိုင်း-ရွှေဟင်္သာ)၏
## ကျေးဇူးကန်တော့ပန်းလွှာစာတမ်း

သမိုင်းပြောင်မညှိုးသည့် စစ်ကိုင်းတောင်ရိုး ဆိုသည်မှာ **သာတာံတိုင်း-စစ်ကိုင်းတည်** ဆိုသည်နှင့်အညီ မြန်မာနှစ် ၆၇၇ ခုနှစ်၌ စစ်ကိုင်းမြို့ကို အသင်္ခယာစောယွမ်းမင်းက စ,မတည်မီကတည်းကပင် ဘာသာ၊ သာသနာနှင့် စပ်လျဉ်း၍ ရှေးသူတော်ကောင်းတို့၏ သီလ၊ သမာဓိ၊ ပညာ ဂုဏ်သတင်းနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံတစ်ဝန်း အထူးထင်ရှား ကျော်ကြားခဲ့ပါသည်။

ခေတ်အဆက်ဆက် စစ်ကိုင်းတောင်ရိုးတွင် သူတော်စင် သူတော်ကောင်းများ ကိန်းအောင်းစံပျော်တော်မူကြပြီး ပရိယတ္တိ၊ ပဋိပတ္တိ သာသနာ့တာဝန်များကို အားသွန်ခွန်စိုက် ကြိုးပမ်း၍ ထမ်းဆောင်တော်မူခဲ့ကြပါသည်။

သာသနာသုံးရပ်တွင် ပဓာနအကျဆုံး အရေးအကြီးဆုံးဖြစ်သည့် **ပရိယတ္တိ သာသနာ့တာဝန်** (စာသင်-စာချ-တရားဟော-တရားပြ- စာရေး စသည့်တာဝန်)များကို စွမ်းစွမ်းတမံ ကိုယ်ကျိုးစွန့်ကာ ဆရာတော်ဘုရားကြီးမှ အစ ယခုလက်ရှိ ပဓာန-နာယက-စာချ-စာသင် ဆရာတော် သံဃာတော် အရှင်သူမြတ်များ ရဟန်းသာမဏေများအထိ နိုင်ရာ တာဝန်ထမ်းကာ သာသနာပြုလုပ်ငန်းကြီးများကို ဆရာတပည့် စဉ်ဆက် ထမ်းရွက်လာကြသည်မှာ ယခုအခါ **(၇၅)နှစ်ပြည့် စိန်ရတုသဘင်ပွဲတော်**အခါသို့ပင် ရောက်ရှိလို့လာခဲ့ပါပြီ။

စိန်ရတုသဘင်ပွဲတော်ကြီး ကျင်းပကြဖို့ရန် စာရေးသူက စတင်၍ **နှီးဆော်တိုက်တွန်းလွှာ** စာတမ်းရေးကာ အကြံဉာဏ်ပြု တင်ပြခဲ့ပါသည်။ ရွှေဟင်္သာပဓာနနာယက ဆရာတော်နှင့် စာချဆရာတော်များ၊ ရွှေဟင်္သာ နွယ်ဝင် သံဃာတော်များအားလုံးကပါ လှိုက်လှိုက်လှဲလှဲ အားရဝမ်းသာ နိုင်ရာတာဝန် ယူကာ ဝိုင်းဝန်းဆောင်ရွက်ကြပါသည်။

အထူးသဖြင့် ကျေးဇူးရှင်သီတဂူဆရာတော်ဘုရားကြီး ဦးဆောင်စီစဉ်သဖြင့် ပို၍စည်ကား ခမ်းနား သိုက်မြိုက်ရပါသည်။ စိန်ရတုသဘင်ပွဲတော်တွင် စာရေးသူသည် ကိုယ်အား၊ ဉာဏ်အား၊ လုံ့လဝီရိယစွမ်းအား၊ စေတနာ

သဒ္ဓါတရား၊ ပစ္စည်းဝတ္ထုများအပြင် အောက်ပါ ၉ ချက်ကိုလည်း သီးသန့် တာဝန်ယူ ပူဇော်ပေးခွင့် ရခဲ့ပါသည်။

၁။ ရွှေဟသ်ာဆရာတော်ကြီး၏ ဘဝနှင့်စာပေ-ထေရုပ္ပတ္တိကျမ်း စာအုပ် ရိုက်နှိပ်ထုတ်ဝေပေးရန်၊

၂။ ရွှေဟသ်ာဆရာတော်ကြီးအကြောင်း တစေ့တစောင်း-ဆောင်းပါး ပေါင်းချုပ် စာအုပ် ရိုက်နှိပ်ထုတ်ဝေပေးရန်၊

၃။ မဟာဝိဇ္ဇာဘွဲ့ယူ+ဒေါက်တာဘွဲ့ယူ ရွှေဟသ်ာဆရာတော်ကြီး အကြောင်း ကျမ်းစာအုပ်များ ရိုက်နှိပ် ထုတ်ဝေပေးရန်၊

၄။ ရွှေဟသ်ာထေရုပ္ပတ္တိ-သီတဂူတရားပေါင်းချုပ်စာအုပ်ကြီး ရိုက်နှိပ် ထုတ်ဝေပေးရန်၊

၅။ စိန်ရတုကျောက်စာ-ရေးသားပေးရန်၊

၆။ ဝတ္ထုငွေ သိန်း ၅၀-မတည်လှူဒါန်းပေးရန်၊

၇။ သံဃာအပါး(၅၀၀) ဆွမ်းလောင်းလှူဒါန်းပေးရန်၊

၈။ သီလရှင်အပါး(၅၀၀) လှူဖွယ်ဝတ္ထု လှူဒါန်းပေးရန်၊

၉။ တရားပွဲ-(၃)ည ပင့်ဆောင် ပွဲစီစဉ်နှင့် ပြက္ခဒိန်ရိုက်နှိပ်ပေးရန်။

အထက်ပါ ၉ ချက်စလုံးကို ဦးအာစာရာလင်္ကာရတစ်ပါးတည်းက (အတာတ်နိုင်ဆုံး) လှူဒါန်း-ဆောင်ရွက်ပေးပါမည်ဟု ကတိပြုခဲ့ပါသည်။

မတည်ဝတ္ထုငွေ လှူဒါန်းပေးခြင်း၊ ကျမ်းစာအုပ်ကြီး (၄)အုပ် ရိုက်နှိပ် ထုတ်ဝေခြင်း၊ သံဃာတော်အပါး(၅၀၀)နှင့် သီလရှင်အပါး(၅၀၀)တို့အား ဆွမ်း လောင်းလှူဒါန်းပေးခြင်း၊ ပြက္ခဒိန်ရိုက်နှိပ်ထုတ်ဝေပေးခြင်း စသည်တို့အတွက် စုစုပေါင်း ကုန်ကျစရိတ် ကျပ်သိန်းပေါင်း (၁၅၀) နီးပါးခန့် ဖြစ်ပါလိမ့်မည်။

အထက်ပါ ကိုယ်အား၊ ဉာဏ်အား၊ စေတနာ သဒ္ဓါတရားအား ပစ္စည်း ဝတ္ထုများဖြင့် စာရေးသူအား နှစ်ပေါင်း(၃၀)ခန့် စားဝတ်နေရေး ပညာပေးကာ လူလားမြောက်အောင် ကျွေးမွေးပြုစု စောင့်ရှောက်တော်မူခဲ့ပါသော ကျေးဇူးတော် ရှင် အဂ္ဂါဘိဓေ ရွှေကျင်သာသနာပိုင် စစ်ကိုင်း ရွှေဟသ်ာ ဆရာတော်ဘုရားကြီး နှင့်တကွ ကျောင်းတိုက်ကြီးအား ပူဇော်ကန်တော့အပ်ပါကြောင်း ရိုသေ လေးမြတ်စွာ မှတ်တမ်းပြု တင်ပြအပ်ပါသည်။

တပည့်
အရှင်အာစာရာလင်္ကာရ(ကိုးဘွဲ့ရ)

**ဒေါက်တာ ခင်သီတာ ရေးသားသည့်**

**မဟာဝိဇ္ဇာဘွဲ့ယူကျမ်းစာ**

ရွှေဟင်္သာဆရာတော်ဘုရားကြီး၏ သာသနာရေးဆိုင်ရာ

ထေရုပ္ပတ္တိကျမ်း

## နိဒါန်း

ရွှေဟင်္သာဆရာတော်ဘုရားကြီး၏ သာသနာရေးဆိုင်ရာ ထေရုပ္ပတ္တိ ကျမ်းကိုပြုစုရခြင်းမှာ ဆရာတော်၏ ဗုဒ္ဓသာသနာ ပြန့်ပွားရေးနှင့် ပတ်သက်၍ စွမ်းဆောင်ချက်များကို ရဟန်းရှင်လူအများ သိစေလိုသော ရည်ရွယ်ချက်ဖြင့် ရေးသားပြုစုရခြင်းဖြစ်ပါသည်။ ဤကျမ်းကိုပြုစုရာတွင် ဆရာတော်ကြီး မီးရှူးသန့်စင် ဖွားမြင်သော ၁၈၉၃ ခုနှစ်မှ ဥတုကမ္မဇ ချုပ်ငြိမ်းသည့် ၁၉၉၅ ခုနှစ်အထိ အခန်းသုံးခန်းခွဲ၍ ရေးသားတင်ပြ ထားပါသည်။

အခန်း - ၁ တွင် ရွှေဟင်္သာဆရာတော်ဘုရားကြီး၏ ငယ်စဉ်ဘဝ နှင့် ရဟန်းဘဝသို့ ရောက်ရှိခဲ့ပုံတို့ကို ဖော်ပြထားပါသည်။ ဆရာတော် သည် ငယ်စဉ်ဘဝကပင် ဘာသာရေးကို ကြည်ညိုအလေးထားပုံ၊ သာသနာရေးစိတ်၊ မျိုးချစ်စိတ် ပြင်းထန်ပုံ၊ စာပေကျမ်းဂန်များ ရေးသား ခြင်းကို ဝါသနာပါပုံကို ဖော်ပြထားပါသည်။ ဗုဒ္ဓဘာသာသမ္မာနွယ်ဝင် သူတော်စင်ဖြစ်ကြသော ခမည်းတော်၊ မယ်တော်တို့သည် ဘဒ္ဒန္တပဏ္ဍိတသိရီ ဆရာတော်ကြီးအား အရှင်အာစာရထံတွင် အပ်နှံ၍ ၁၉၀၇ ခုနှစ်တွင် ပဗ္ဗဇ္ဇမင်္ဂလာပြု၍ ရှင်သာမဏေအဖြစ် သွတ်သွင်းချီးမြှင့်ကြပုံ၊ ဆရာသမား ကောင်းများကို ဆည်းကပ်ခွင့်ရသဖြင့် ဆရာတော်တို့၏ နေနည်း၊ ထိုင်နည်း၊ အုပ်ချုပ်နည်းမှစ၍ ဟောနည်း၊ ပြောနည်းပါမကျန် ဆုံးမသွန်သင်မှုဖြင့် ကြီးပြင်းခဲ့ရပုံတို့ကို ဖော်ပြထားသည်။

၁၉၁၃ ခုနှစ်တွင် ရဟန်းအဖြစ်သို့ ရောက်ရှိပုံ၊ ရဟန်းတစ်ဝါ အရတွင် ပထမငယ်တန်း၊ ရဟန်းနှစ်ဝါအရတွင် ပထမကြီးတန်းတို့ကို အောင်မြင်ခဲ့ပုံ၊ ခြောက်ဝါအရတွင် ဒုတိယစာချအဖြစ်လည်းကောင်း၊ စွယ်တော်ကျောင်းဘုန်းကြီးအဖြစ်လည်းကောင်း၊ ခန့်အပ်ခံခဲ့ရပုံတို့ကို ထည့်သွင်းဖော်ပြထားသည့်အပြင် ကျန်းမာရေးအခြေအနေကြောင့် စစ်ကိုင်း

တွင် သီတင်းသုံးနေထိုင်တော်မူရာမှ ရွှေဟင်္သာတိုက်သစ်ဟူသော ကျောင်းတိုက်တစ်တိုက် တိုးပွားလာပုံများကို ဖော်ပြထားပါသည်။

အခန်း - ၂ တွင် ရွှေဟင်္သာဆရာတော်ကြီး၏ စာပေကျမ်းဂန်များကို ဖော်ပြထားပါသည်။ ဆရာတော်ကြီး ရေးသားပြုစုခဲ့သော ကျမ်းစာပေါင်းနှစ်ဆယ်မှ ကောက်နုတ် ရေးသားချက်များကို ရေးသား ဖော်ပြထားပါသည်။ ရေးသားထားသည့် ကျမ်းများမှာ သမိုင်းဆန်သောကျမ်းစာများ၊ လောကီဆိုင်ရာဗဟုသုတပေးသော ကျမ်းစာများ၊ လောကုတ္တရာရေးရာအတွက် သိလည္ဆန်ပြပေးသော ကျမ်းစာများ၊ ဆုံးမစာ ဟူသော အမည်နှင့် လျော်ညီသော လောကီ၊ လောကုတ္တရာနှစ်ဖြာနှင့် သက်ဆိုင်သည့် ကျမ်းစာများ၊ မဟာဝဂ္ဂပါဠိတော်ကို မြန်မာပြန်ထားသည့် ကျမ်းစာများနှင့် ဝိပဿနာကျမ်းစာများဖြစ်သည်။ ဤကျမ်းစာများသည် သာသနာရေးလောကနှင့် ဗုဒ္ဓဘာသာဝင်တို့အတွက် ကျေးဇူးပြု အသုံးဝင်နေသော ကျမ်းစာများဖြစ်ကြောင်းကိုလည်း ဖော်ပြထားပါသည်။

အခန်း - ၃ တွင် ရွှေဟင်္သာဆရာတော်ဘုရားကြီး၏ သာသနာပြန့်ပွားရေးအတွက် ဆောင်ရွက်ပုံများကို ဖော်ပြထားပါသည်။ ရွှေဟင်္သာဆရာတော်သည် သာသနာအကျိုးကို အသက်အရွယ်ငယ်စဉ်မှစ၍ ဆောင်ရွက်ရန် စိတ်အားထက်သန်သူဖြစ်ပုံ၊ ဆရာတော်၏ ဘုန်းတန်ခိုးနှင့် ကြိုးပမ်းအားထုတ်မှုတို့ကြောင့် ကျောင်းတိုက်များ တိုးတက်များပြားလာပုံ၊ ရွှေကျင်ဂိုဏ်းအစည်းအဝေးကြီး ပြုလုပ်ရန်စီစဉ်တိုင်း အရေးပါသော အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ခဲ့ပုံ၊ ၁၉၅၃ ခုနှစ်တွင် ရွှေကျင်ဂိုဏ်းအစည်းအဝေးကြီး၌ နိုင်ငံတော်အစိုးရအပ်နှင်းသော ဂိုဏ်းလုံးဝန်ဆောင် နာယကဘွဲ့ကို လည်းကောင်း၊ ၁၉၆၀ ပြည့်နှစ်တွင် အဂ္ဂမဟာပဏ္ဍိတဘွဲ့ကို လည်းကောင်း၊ ကေဒဿမအကြိမ် ရွှေကျင်ဂိုဏ်းလုံးကျွတ် အစည်းအဝေးကြီးတွင် ဥပဥက္ကဋ္ဌ တွဲဖက်ရွှေကျင်သာသနာပိုင်အဖြစ်လည်းကောင်း၊ ရွှေဟင်္သာဝံသ သံဃမဟာနာယက အဓိပတိဘွဲ့ကိုလည်းကောင်း၊ ၁၉၇၉ ခုနှစ်တွင် အဘိဓဇမဟာရဋ္ဌဂုရု ဟူသောဘွဲ့တံဆိပ်တော်မြတ်ကိုလည်းကောင်း ဆပ်ကပ်လှူခြင်း ခံရပုံတို့ကို ရေးသားဖော်ပြထားပါသည်။ ထို့ပြင် ပြည်တွင်းပြည်ပ သာသနာပြုခရီးများ သွားရောက်ခဲ့ပုံ၊ သာသနာလင်္ကာရ မဟာဓမ္မ ဗိမ္မာန်တော်နှင့် သီရိမင်္ဂလာစံကျောင်းတိုက် သာသနာဝိပုလကာရီ

သိမ်တော်ကြီးကို တည်ဆောက်ခဲ့ပုံတို့ကိုလည်း ထည့်သွင်းဖော်ပြထားသည်။ ဤသို့ဖြင့် ရွှေဟင်္သာဆရာတော်ဘုရားကြီးသည် သာသနာအကျိုးကို သယ်ပိုးဆောင်ရွက်ရင်း လူကြီးရောဂါဖြင့် ၁၉၉၅ ခုနှစ်တွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့ပုံများကို ဖော်ပြထားပါသည်။

ဤကျမ်းကို ပြုစုရေးသားရာတွင် လိုအပ်သော လူတွေ့မေးမြန်းမှုများကို ကိုယ်တိုင် သွားရောက် တွေ့ဆုံမေးမြန်းကာ မှတ်တမ်းရယူခြင်း၊ ပညာဘဏ်တိုက်များ ဖြစ်ကြသော တက္ကသိုလ်များဗဟိုစာကြည့်တိုက်၊ ရန်ကုန်တက္ကသိုလ် သမိုင်းသုတေသနစာကြည့်တိုက်၊ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် စာကြည့်တိုက် (ကမ္ဘာအေး)၊ သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာနစာကြည့်တိုက် (ကမ္ဘာအေး)၊ သတင်းစာများ၊ ဘုန်းကြီးကျောင်းများ၊ ဆရာတော်၏ တပည့်ဒါယကာ၊ ဒါယိကာမများထံမှ စာအုပ်စာတန်းများရယူ၍ လေ့လာမှတ်သားခြင်း၊ မှတ်စုများ၊ ကောက်နုတ်ချက်များ ထုတ်ယူခဲ့ခြင်းများ ပြုလုပ်ခဲ့သည့်အပြင် မိမိတို့ လက်လှမ်းမီသမျှ အချက်အလက် အကြောင်းအရာများကို တစ်စိတ်တစ်ဒေသ ရေးသားထားကြသော ပညာရှင်များ၏ စာအုပ်စာတမ်းများကို မှီငြမ်းကိုးကားလျက် ဤကျမ်းကို ရေးသားပူဇော်တင်ပြထားပါသည်။

# အခန်း - ၁
# ရွှေဟင်္သာဆရာတော်ဘုရားကြီး၏ ငယ်စဉ်ဘဝနှင့် ရဟန်းဘဝသို့ ရောက်ရှိခြင်း

ဆရာတော်လောင်းလျာ၏ ငယ်မည်မှာမောင်သန်း ဖြစ်ပါသည်။ မောင်သန်းကို ၁၄ ဒီဇင်ဘာ ၁၈၉၃ ခုနှစ်၊ ညဉ့် ၉း၃၀ နာရီတွင် မွေးဖွားခဲ့ပါသည်။ မွေးဖွားရာဇာတိမှာ ဧရာဝတီတိုင်း ဝေန်မြစ်အနောက် ဘက်ကမ်း၌ တည်ရှိသော လေးမျက်နှာမြို့ဖြစ်သည်။ ခမည်းတော်မှာ ဦးကျောက်စိမ်းဖြစ်၍ မယ်တော်မှာ ဒေါ်ရွှေသော့ဖြစ်သည်။ ဖွားမြင်ခဲ့သော သားသမီးငါးယောက်အနက် မောင်သန်းမှာ ပဉ္စမမြောက်သားရတနာ ဖြစ်သည်။ မွေးဖွားခဲ့သည့် သားသမီးငါးယောက်အနက် အကြီးလေး ယောက်မှာ အဖတ်မတင်သည့်အတွက် မောင်သန်းမှာ မိဘမေတ္တာကို ထူးထူးခြားခြား ခံစားရသူဖြစ်သည်။

ရွှေဟင်္သာဆရာတော်ဘုရားသည် ငယ်စဉ်ကပင် ထူးခြားချက်များ ရှိခဲ့သည်။ ဆရာတော်ဘုရားကြီး ငယ်စဉ်အခါ လေးမျက်နှာမြို့၌နေစဉ် ဝါဆိုဝါခေါင် ရေဖောင်ဖောင်တက်နေသည့်အချိန်တွင် တစ်နေ့၌ မောင်သန်း သည် မိမိတို့အိမ်နှင့် ကူးထားသော တံတားတိုင်ကို ကိုင်ပြီး ရေချိုးနေရာမှ လူကြီးများအလစ်တွင် အရဲစွန့်ကာ တိုင်ကိုလက်လွှတ်ပြီး ရေစီးတွင် မျောပါ သွားရာမှ ရေပေါ်တွင် ပက်လက်လှန်ချလိုက်ခြင်း ဖြစ်သည်။

ထူးခြားသည်မှာ ငယ်စဉ်ကစ၍ ရေမကြောက်တတ်ပေ။ သို့သော် လက်ပန်းကျလာလျှင် မကူးနိုင်၍ ရေနစ်သေဆုံးတတ်သည်ကို သိသော အချိန်တွင် ထိုသို့ ရေမကူးဝံ့တော့ပေ။ 'အသက်ကြီးသောအခါ၌ ရေမပေါ် တော့ပါ' ဟု ရွှေဟင်္သာဆရာတော်က ကိုယ်တိုင်ရေးထေရုပ္ပတ္တိတွင် ရေးသားတော်မူခဲ့ပေသည်။

ထူးခြားချက်နောက်တစ်ခုမှာ တစ်ညတွင် မောင်သန်းသည် ဖေဒင် ဟောပြီး မဓောမြတို့အိမ်မှ တစ်ယောက်တည်း ထွက်လာစဉ် အုန်းပင်ကြီး

အောက်အရောက်တွင် မောင်သန်းဇက်ပိုးကို တစ်စုံတစ်ခု လာရောက် ထိမှန်ပြီး မြေကြီးပေါ်သို့ ခပ်ပြင်းပြင်း ကျသွားသည်။ အုန်းသီးကြွေကျ သည်ထင်ပြီး လှည့်ကြည့်ရာ အုန်းသီးကို မတွေ့ရတော့ပါ။ နှစ်ရက် သုံးရက် လွန်သောအခါ အဖြစ်မှန်ကို ကြားကြရသည်။ မစောမြကို ပိုးပန်း နေသူ လူငယ်တစ်ဦးက အုတ်ခဲထက်ပိုင်းကျိုးဖြင့် မောင်သန်း၏နောက် ဆက်ကိုလှမ်းထုရာ ဇက်ပိုးတည့်တည့်ကြီး ထိမှန်ခဲ့သော်လည်း မည်သို့မျှ မရှိဘဲ ထိမှန်မှန်းသိရုံသာ သိလိုက်သည်။ မောင်သန်းသည် မယုံကြည် လောက်အောင် အံ့သြတုန်လှုပ်သွားခဲ့ရသည်။ ဤသည်မှာ လက်မောင်းတွင် အင်္ဂရုတ်ဘုန်းကြီးတစ်ပါး မြှုပ်နှံပေးခဲ့သော ရွှေရောင်ဓာတ်လုံးလေး၏ အစွမ်းဖြစ်နိုင်ပေသည်။ မောင်သန်းသည် ရဟန်းဖြစ်ပြီး ခြောက်ဝါအရတွင် လက်မောင်းမှ ထိုဓာတ်လုံးလေးကို ဘုန်းကြီးတစ်ပါးအား ပေးလိုက်လေ သည်။

မိဘတို့သည် သားသမီးတို့အား အစဉ်ထာဝရ တိုးတက်ကြီးပွား စေလိုသည်။ ဘေးအန္တရာယ်ဟူသမျှတို့မှလည်း ကင်းဝေးစေလိုသည်။ မောင်သန်း၏မိဘတို့သည် ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြသည်။ ဗုဒ္ဓ ဘာသာဝင်တို့အတွက် ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးတို့သည် ကိုးကွယ်ရာ၊ အားထားရာအစစ်ဖြစ်သည်။ ရတနာသုံးပါးအား ဆည်း ကပ်သူသည် အန္တရာယ်အပေါင်းမှ ကင်းဝေးစေမည်ဟု ကျမ်းဂန်များ၌ ဆိုထားပါသည်။ ထို့ကြောင့် ဦးကျောက်စိမ်းသည် မောင်သန်းအား-

ဗုဒ္ဓဿာဟံ သီတလံ မေတ္တံ ဂဏှာမိ။

ဓမ္မဿာဟံ သီတလံ မေတ္တံ ဂဏှာမိ။

သံဃာဿာဟံ သီတလံ မေတ္တံ ဂဏှာမိ။

စသည့် အန္တရာယ်ကင်း ဂါထာကို ညအိပ်ရာဝင်တိုင်း ချပေးလေ့ရှိသည်။ မောင်သန်းက မပီကလာ၊ ပီကလာ ရွတ်ဆိုလေ့ရှိသည်။ အန္တရာယ်ကင်း ဂါထာ၏ မြန်မာလို အဓိပ္ပာယ်မှာ ဘုရား၏ အေးမြသော မေတ္တာကို အကျွန်ုပ်ခံယူပါ၏။ တရား၏ အေးမြသော မေတ္တာကို အကျွန်ုပ် ခံယူပါ၏။ သံဃာ၏ အေးမြသော မေတ္တာကို အကျွန်ုပ် ခံယူပါ၏ ဟူ၍ဖြစ်ပါသည်။

မောင်သန်း၏ မိဘမျိုးရိုးမှာ ကုန်သည်မျိုးရိုးများ ဖြစ်ပါသည်။ မောင်သန်းတို့မိသားစုသည် လေးမျက်နှာမြို့တွင် နေထိုင်စဉ် ဒေါ်ရွှေသော့

၏မိခင်ဖြစ်သူ ဒေါ်ဦးက ရန်ကုန်မြို့၊ ကမာကဆစ်တွင် အခြေချ၍ စီးပွား ဖြစ်ထွန်းနေချိန် ဒေါ်ရွှေသော့အား မိမိနှင့်အတူလိုက်နေရန် ခေါ်သဖြင့် ၁၈၉၈ ခုနှစ်တွင် ရန်ကုန်မြို့သို့ ပြောင်းရွှေ့နေထိုင်ခဲ့ကြသည်။

မောင်သန်းကို ကမာကဆစ်ရှာ အနောက်ပိုင်းရှိ ဦးရန်ရှင်း ကျောင်းသို့ သွားရောက် ကျောင်းအပ်ကြသည်။ မောင်သန်းသည် လေးနှစ် မပြည့်မီကပင် သင်ပုန်းကြီး ကုန်ခဲ့သည်။ မိဘများက အိမ်မှာပင် စာသင် ပေးခဲ့သည်။ သို့ဖြစ်၍ ဦးရန်ရှင်းကျောင်း၌ မင်္ဂလသုတ်မှစ၍ သင်ရ၏။ ဦးရန်ရှင်းကျောင်း၌ တစ်လခန့်ရှိသောအခါ ကမာကဆစ် အနောက်ကျောင်း ခေါ် ဘုန်းကြီးကျောင်းသို့ ရွှေ့ပြောင်းအပ်နှံကြပြန်သည်။ မောင်သန်းသည် ကမာကဆစ် ဘုန်းကြီးကျောင်း၌ တစ်နှစ်ခန့် ကျောင်းနေခဲ့ရသည်။ ထို့ နောက် ဦးကျောက်စိမ်း၊ ဒေါ်ရွှေသော့တို့သည် ကမာကဆစ်တွင် တစ်နှစ် ခန့်နေထိုင်ပြီးနောက် ရန်ကုန်မြို့ သိမ်ကြီးဈေးသို့ ရွှေ့ပြောင်းနေထိုင်ကြပြန် သဖြင့် မောင်သန်းကို သိမ်ကြီးဈေး အရှေ့ထိပ်ရှိ မြန်မာစာသင်ကျောင်း၌ ကျောင်းထားကြသည်။

သိမ်ကြီးဈေး အရှေ့ထိပ်ဈေးရုံနှင့်ကပ်လျက် ဘုရားဝတ်ကျောင်း ဆောင် နှစ်ဆောင်ရှိသည်။ ဝတ်ကျောင်းဆောင်လူကြီးများက ကျောင်းဆရာ တစ်ဦးငှားပြီး မြန်မာစာသင်ကျောင်း ဖွင့်ထားကြ၏။ ကျောင်းဆရာတစ်ဦး ငှားထားခြင်းမှာ မဟာမေဒင် လူကြီးတို့သည် မိမိတို့ သားသမီးများအား မြန်မာစာသင်ပေးရန်ဖြစ်ပြီး ထိုကျောင်းဆရာသည် မြန်မာလူမျိုး ဗုဒ္ဓ ဘာသာဝင်တစ်ဦးလည်း ဖြစ်သည့်အတွက် ကျောင်းသူ ကျောင်းသား ကလေးတို့အား မြန်မာသင်ပုန်းကြီး၊ မင်္ဂလသုတ်၊ ပရိတ်ကြီး၊ လောကနီတိ စသည်တို့ကို သင်ပေးသည်။ ထို့ပြင် ကျောင်းတက်ချိန်၊ ကျောင်းဆင်းချိန် တို့၌ ငါးပါးသီလ ခံယူစေပြီး ဘုရားရှိခိုးစေသည်။ မောင်သန်းသည် ထိုကျောင်း၌ တစ်နှစ်နီးပါး ကျောင်းနေခဲ့သည်။

မောင်သန်း ခြောက်နှစ်သားအရွယ်တွင် ပရိတ်ကြီးကုန်၍ လုံးဆင့် ပါဌ်ဆင့်ပါမကျန် စာကောင်းကောင်း ဖတ်တတ်နေသည်။ ထိုအခါ ခေတ် ပညာသင်ရန်အတွက် အစ်ကိုဝမ်းကွဲတော်သူ မောင်ဘွန်ကျင်းနှင့်အတူ အတန်းကျောင်းထားရန် စီစဉ်ကြသည်။ ပထမ လသာလမ်းနှင့် ကျုံးကြီး လမ်းဒေါင့်ရှိ စိန့်မေရီမိန်းကလေးကျောင်းတွင် ကျောင်းအပ်ကြသည်။

ထိုကျောင်းက ငယ်ရွယ်သူမောင်သန်းကို လက်ခံကြသော်လည်း မောင်ဘွန်ကျင်းကိုမူ လက်မခံပါ။ တစ်ဖန် ရန်ကုန်မြို့ အနောက်ပိုင်း ၁၄ လမ်းထိပ်ရှိ ဗုဒ္ဓဘာသာမိန်းကလေးကျောင်းသို့ သွားရောက်စုံစမ်းရာ မောင်ဘွန်ကျင်းအတွက် အခက်တွေ့ပြန်သည်။

နောက်ဆုံးတွင် ကျုံးကြီးလမ်း စဉ့်အိုးတန်းလမ်းထိပ်ရှိ အေဘီအမ်ခရစ်ယာန်ယောကျ်ားကလေးကျောင်းသို့ သွားရောက် ကျောင်းအပ်လိုက်ကြသည်။ အေဘီအမ်ကျောင်း၌ မောင်သန်းက ဘီတန်းတွင် သင်ရသည်။ ဘီတန်းအတန်းပိုင်ဆရာမက အင်္ဂလိပ်ကပြားဆရာမလေးတစ်ဦးဖြစ်သည်။ မောင်သန်းသည် ပဋ္ဌမတန်းမှစ၍ တက်ရပြီး အင်္ဂလိပ်စာ အင်ဖန်းရီးဒါးကုန်အောင် သင်ခဲ့ရသည်။

ဆရာမမှာ အင်္ဂလိပ်စာကျွမ်းကျင်၍ အသင်အပြ ကောင်းသည်။ အသံထွက် ပီသသည်။ အေဘီအမ်ကျောင်းသည် မူလတန်းကျောင်းဖြစ်သော်လည်း စည်းကမ်းအလွန်ကြီးသည်။ ထိုကျောင်းသည် ခရစ်ယာန်ကျောင်းဖြစ်၍ ဘုရားဝတ်ပြုခြင်းကို တနင်္ဂနွေနေ့တိုင်း ပြုလေ့ရှိသည်။ မောင်သန်းသည် ဘာသာတရားအကြောင်း နားမလည်သော်လည်း ဘုရားဝတ်ပြုသွားရလျှင် ပျော်ရွှင်နေတတ်ပေသည်။

ဦးကျောက်စိမ်းနှင့် ဒေါ်ရွှေသော့တို့သည် ရန်ကုန်မြို့ သိမ်ကြီးဈေး၌ ဆိုင်ဖွင့်၍ ငှက်ပျောသီးရောင်းကြရာမှ နှစ်နှစ်၊ သုံးနှစ်အတွင်း စီးပွားအတော်တက်လာကြသည်။ ဦးကျောက်စိမ်းတို့ ရန်ကုန်တွင် ငှက်ပျောသီးဆိုင်ဖွင့်ပြီး စီးပွားရှာခဲ့ကြရာ သုံးနှစ်ခန့် ရှိသောအခါ 'လှော်ကောင်းတုန်း တက်ကျိုး' ဆိုသကဲ့သို့ ဦးကျောက်စိမ်းမှာ အကြီးအကျယ် မကျန်းမမာဖြစ်လာသည်။ ထိုအခါ ဆိုင်ပိတ်ပြီး ကမာကဆစ်သို့ ပြောင်းရွှေ့နေထိုင်ကြရသည်။ ဒေါ်ရွှေသော့သည် ရောင်းဝယ်ရေး၌ မကျွမ်းကျင်၍ ကိုယ်ခွဲလည်းမရှိသဖြင့် ဆိုင်ပိတ်လိုက်ရ၍ များစွာ နစ်နာခဲ့ရကြောင်းကို ရွှေဟင်္သာဆရာတော်က -

> အာရောဂျံ ပရမံ လာဘံဟူ၍ လည်းကောင်း၊ အာရောဂျမိဿေပရ မင်္ဂလာဘံဟူ၍ လည်းကောင်း မြတ်စွာဘုရား ဟောတော်မူသည်မှာ လက်တွေ့နှင့်ကိုက်ညီ၍ မှန်ကန်လှပါသည်။ ရောဂါကင်းရှင်း ကျန်းမာခြင်းသည် ကောင်းမြတ်သော လာဘ်

ဖြစ်သည်။ ရောဂါကင်းကွာ ကောင်းမြတ်သောလာဘ်ကိုသာလျှင်
အလိုရှိအပ်သည်ဟု ဟောတော်မူပါသည်။ ကျန်းမာခြင်းနှင့်
ပြည့်စုံခြင်းသည် ပစ္စုပ္ပန်၊ သံသရာ လောကီလောကုတ္တရာနှစ်
ဌာနၡပင် ကြီးပွားကြောင်း၊ ချမ်းသာကြောင်း ဖြစ်ပါသည်။
ကျန်းမာရေးချို့ယွင်းလျှင် ဘယ်ကိစ္စကိုမျှ တည်တံ့အောင်၊
တိုးတက် ဖြစ်ထွန်းအောင် မဆောင်ရွက်နိုင်တော့ချေ။

ဟု ရေးသားတော်မူသည်။

ဦးကျောက်စိမ်း မကျန်းမာ၍ ကမာကဆစ်သို့ ပြောင်းရသော အခါ မောင်သန်းလည်း ကျောင်းထွက်လိုက်ရသည်။ ကမာကဆစ်မှာပင် မိဘများနှင့်အတူ နှစ်နှစ်ခန့် နေထိုင်ခဲ့ရသည်။ ဦးကျောက်စိမ်း ဒုတိယ အကြိမ် မကျန်းမမာဖြစ်လာပြန်ရာ လုပ်ငန်းမှ လုံးဝအနားယူပြီး လေးမျက်နှာမြို့သို့ ပြန်လာခဲ့သည်။ မောင်သန်းလည်း ဦးကျောက်စိမ်းနှင့်အတူ လိုက်ပါခဲ့သည်။ ဒေါ်ရွှေသော့သည် ကမာကဆစ်မှာပင် နေရစ်ခဲ့သည်။ လေးမျက်နှာမြို့သို့ ပြန်ရောက်သောအခါ ကိုယ်ပိုင်အိမ်ကလေးမှာ ကမ်းပြိုရာသို့ပါသွားသဖြင့် ဦးကျောက်စိမ်း၏ညီ ဦးကျောက်ဖူးအိမ်တွင် နေထိုင်ကြရသည်။

၁၉၀၃ ခုနှစ်တွင် ဒေါ်ရွှေသော့ လေဖြတ်၍ ကိုယ်တစ်ခြမ်းသေသွားသည်။ ဦးကျောက်စိမ်းကိုယ်တိုင် မသွားနိုင်သဖြင့် မောင်သန်းကို လူကြုံနှင့် ထည့်လိုက်ရသည်။ ထိုစဉ်က မောင်သန်းမှာ ဆယ်နှစ်အရွယ်မျှသာ ရှိသေးသည်။

မောင်သန်း ကမာကဆစ်နေအိမ်သို့ရောက်သောအခါ ဒေါ်ရွှေသော့မှာ အိပ်ရာပေါ်တွင် ပက်လက်ဖြစ်နေပြီး စကားကိုပင် ပီပီသသ ကြည်ကြည်လင်လင် မပြောဆိုနိုင်တော့ပါ။ သားဖြစ်သူအား 'ကိုရင်ဘဝ' နှင့် မြင်လိုလှပါသည်ဟု အကြိမ်ကြိမ်ပြောသော်လည်း ထိုဆန္ဒမပြည့်ဝမီ ရက်အနည်းငယ်မှာပင် ကွယ်လွန်သွားရှာသည်။

အသုဘကိစ္စပြီးဆုံး၍ ဦးကျောက်စိမ်းနှင့် မောင်သန်းတို့ လေးမျက်နှာမြို့သို့ ပြန်ကြသည်။ မောင်သန်းသည် လေးမျက်နှာမြို့ တာကြီးတန်း၌ ဆရာဆင့် အလွတ်ပညာသင်ကျောင်းတစ်ကျောင်း၌ လေးတန်းမှစ၍ ပညာသင်ကြားသည်။ တစ်နှစ်ခန့်ကျောင်းတက်ပြီး လေးတန်းအောင်မြင်ခဲ့သည်။

သင်္ချာတော်သဖြင့် ကျောင်းသူ၊ ကျောင်းသားအချို့အား ဆရာ့ကိုယ်စား စာပြပေးရသည်။

မောင်သန်းအား ဂဏန်းသင်္ချာပညာကို သင်ကြားစေလိုသည်တစ်ကြောင်း၊ ရှင်ပြုစေလိုသည်တစ်ကြောင်း စသည်တို့ကြောင့် ဂဏန်းသင်္ချာ အသင်အပြကောင်းသော မိကျောင်းရဲအမည်ရှိ ဘုန်းကြီးကျောင်းသို့ ပြောင်းရွှေ့၍ထားသဖြင့် မိကျောင်းရဲကျောင်း၌ ဂဏန်းသချာ်နှင့်တကွ မကာရန္တ ဗေဒင်ကို ဇာတာဖွဲ့နိုင်သည်အထိ သင်ယူခဲ့ပြီး အဟောဗေဒင်ကိုပါ စနစ်တကျ သင်ယူခဲ့သည်။

မိကျောင်းရဲကျောင်းသည် ကျယ်ဝန်းလှသည်။ ဇဟိုဆောင်မကြီးသည် ရှစ်ခန်း၊ ငါးခန်းရှိသည်။ အဆောင်မကြီးရံလျက် ဘုရားဆောင်၊ ယွန်းဆောင်၊ စကြ်န်ဆောင်၊ လယ်ပေါ်ဆောင်၊ ဆွမ်းစားဆောင် စသည့် အဆောင်ငယ်များ တွဲကပ်ထားသည်။ မိကျောင်းရဲ ဆရာတော်သည် ဣန္ဒြေကြီး၍ မျက်နှာထားတင်းတင်း နေလေ့ရှိပြီး သမာဓိအလွန်ကြီးသဖြင့် ပြုံးရယ်သည်ကို မြင်ရခဲသည်။ ဆရာတော်ကို လူတိုင်း ကြောက်ရွံ့လေးစားကြပြီး တပည့်များ အပြစ်ရှိ၍ဆုံးမလျှင် မှတ်လောက်အောင် ရိုက်ပြီးဆုံးမတတ်သည်။

သို့ရာတွင် စည်းနှင့်ကမ်းနှင့် ဖြစ်၍ အပြစ်ကြီးမှ ရိုက်လေ့ရှိ၏။ အရိုက်နာမည်ကြီးသော မိကျောင်းရဲကျောင်း၌ မောင်သန်းသည် နှစ်နှစ်ကျော်သုံးနှစ်နီးပါး နေခဲ့သော်လည်း တစ်ကြိမ်တစ်ခါမျှ အရိုက်အနှက် မခံရပေ။ အကြောင်းမှာ အပြစ်ကင်းအောင် နေတတ်သောကြောင့် ဖြစ်သည်။ မောင်သန်းသည် လူအေးလူတည် ဖြစ်သည်။ စာကျက်ချိန်၌ အများနှင့်ရောမနေဘဲ တစ်ယောက်တည်း ခွဲ၍ စာကျက်သည်။ မိမိလည်း မဆော့၊ သူတပါး လာဆော့လျှင်လည်း လက်မခံ၊ သူတပါး လာရောက် မဆော့ရန်လည်း ဆရာတော်နှင့်မနီးမဝေး မြင်သာသည့်နေရာတွင် နေသည်။ စာရေးချိန်တွင်ရေး၍ သင်္ချာတွက်ချိန်တွက်ပြီး ကစားချိန်၌ အများနည်းတူ ပါဝင်ကစားလေ့ရှိသည်။

သို့ရာတွင် ကစားလျှင် မည်သူနှင့်မျှ ရန်မဖြစ်တတ်ပေ၊ သူတစ်ပါးကို နိုင်ထက်စီးနင်း မလုပ်တတ်ဘဲ၊ ရန်ဖြစ်ဖွယ် ကြုံလာသော် မှပင် သည်းခံကျေအေး အလျှော့ပေးတတ်သည်။ မောင်သန်း ကျောင်းနေ

စဉ်က မိကျောင်းရဲကျောင်း၌ ကိုရင်နှစ်ဆယ် အစိတ်ခန့်နှင့် ကျောင်းသား တစ်ရာခန့်ရှိသည်။ ကျောင်းသားအများစုမှာ နေ့ကျောင်းသားများဖြစ်၍ ညအိပ်ကျောင်းသားမှာ မောင်သန်းနှင့် မောင်စ နှစ်ယောက်သာ ရှိသည်။ မောင်စသည် မိကျောင်းရဲဆရာတော်၏ တူအရင်းဖြစ်ပြီး မောင်သန်းကို အလွန်ခင်သည်။ အသက်နှစ်ဆယ့်ငါးနှစ်တွင် မောင်စ ကွယ်လွန်သွား သည်။

မိကျောင်းရဲကျောင်းသားဘဝ တစ်ဆယ့်သုံးနှစ်၊ တစ်ဆယ့် လေးနှစ်အရွယ်တွင် ဖြစ်သည်။ မိကျောင်းရဲကျောင်း၌ သချ်ာနှင့်ဗေဒင် အဓိကထား၍ သင်ပေးသဖြင့် မောင်သန်းသည် ငယ်ငယ်နှင့် ဗေဒင် ဟောတတ်သည်။ အရပ်ထဲမှ ဗေဒင်ဝါသနာပါသူများသည် အားလပ်ချိန် ၌ မောင်သန်းကို အလည်ခေါ်ကာ အပျင်းပြေ ဗေဒင်မေးတတ်ကြသည်။ ဟောကိန်းက အဖြစ်မှန်တွင် ကွက်တိဝင်သောအခါ ရယ်မောကြသည်။ ဗေဒင်ဟောခအဖြစ် အချို့က မုန့်ဖိုးပေးကြသည်။ အချို့က ဆေးလိပ် ပေးကြသည်။ ထိုစဉ်က မောင်သန်းသည် ဆေးလိပ်သောက်တတ်ရာ ဂေါ်ရင်ဂျီဆေးပြင်းလိပ်ကို ဝိုင်ပြီးနှစ်ခြိုက်သည်။

မောင်သန်းတို့ ငယ်စဉ်က လေးမျက်နှာမြို့၌ ရပ်ကွက်ပေါင်း တစ်ဆယ့်သုံးရပ်ကွက်ရှိသည်။ ရပ်ကွက်တိုင်းလိုလို ဆွမ်းလောင်းအသင်း များ တည်ထောင်ထားကြပြီး တနင်္ဂနွေနေ့တိုင်း ဆွမ်းလောင်းလှူလေ့ ရှိသည်။ အသင်းအဖွဲ့များသည် အဖိတ်နေ့တွင် ဗျောဖြင့် အလှူခံထွက် ပြီး ဥပုသ်နေ့တွင် ဆွမ်းတော်ကြီး ကပ်ကြသည်။ အလည်ရပ်၌ လစဉ် လဆန်းငါးရက်နေ့တိုင်း သံဃာတော်များအား ဆွမ်းကပ်လေ့ ရှိသည်။ ငါးရက်ဆွမ်းဟု ခေါ်သည်။ အထူးသဖြင့် လေးမျက်နှာမြို့တွင် သီတင်း ကျွတ်လပြည့်နေ့တိုင်း ဝါကျွတ်ပွဲတော်နှင့် တွဲဖက်၍ တာဝတိံသာ ဘုရား ပွဲတော် ကျင်းပလေ့ရှိသည်။

ဗုဒ္ဓဘာသာသမ္မာနွယ်ဝင် သူတော်စင်ဖြစ်ကြသော ခမည်းတော် သည် ဘဒ္ဒန္တပဏ္ဍိတသိရီလောင်းလျာ သားမြတ်ရတနာအား လေးမျက်နှာမြို့ မိကျောင်းရဲကျောင်း ဆရာတော်ကြီးအရှင်အစာရထံတွင် အပ်နှံ၍ အသက် (၁၄) နှစ်အရွယ် ၁၉၀၇ ခုနှစ်တွင် ပဗ္ဗဇ္ဇမင်္ဂလာ ရှင်သာမဏေအဖြစ် သွတ်သွင်းချီးမြှင့်ကြသည်။

ကြာသပတေးသားဖြစ်၍ ရှင်အမည်မှာ ရှင်ပဒုမ ဖြစ်သည်။ သို့သော် ရှင်သာမဏေဘွဲ့ကို မည်သူမျှမခေါ် ကိုရင်မောင်သန်းဟုသာ ခေါ်ကြသည်။ ကိုရင်မောင်သန်းမှာ ပင်ကိုက အသားအရေ ဖြူစင်သန့်ရှင်းသည်သာမက တည်ငြိမ်အေးချမ်းသဖြင့် သင်္ကန်းဝတ်နှင့် လွန်စွာလိုက်ဖက်လှသည်။ အရပ်ဓလေ့အရ မိဘဆွေမျိုးများက ဆွမ်းအုပ်ပို့သော်လည်း ထိုဆွမ်းကို အမြိန့်သားထိုင်မစားဘဲ နေ့စဉ်ဆွမ်းခံ၍သာ ရပြီးသောဆွမ်းကို မျှတစွာ သပိတ်ဖြင့်သုံးဆောင်တော်မူခဲ့သည်။ ဤ အချက်သည် သက်တော်ရွယ်ရင့် ဇရာချင့်၍ အသက်ကိုးဆယ်ကျော်သည့်တိုင် ဆွမ်းခံဝတ်မပျက် ဘုရားသားတော်ပီသစွာ ကျင့်သုံးခဲ့သည့်အချက်ကို ဖော်ပြနေသည်။ ဆွမ်းခံစားသောအကျင့်သည် ပိဏ္ဍပါတ်ဓုတင်အကျင့်ဖြစ်ကြောင်း သပိတ်ဖြင့်စားသုံးသော အကျင့်သည် ဓုတင်အကျင့်ဖြစ်ကြောင်းကို ကိုရင်မောင်သန်းနားမလည်ခဲ့ပါ။ သို့ရာတွင် ရှေးပါရမီဓာတ်ခံကြောင့်ပင် ဆွမ်းခံရခြင်း၊ သပိတ်ဖြင့် သုံးဆောင်ရခြင်းတို့ကို နှစ်သက်ခုံမင်စွာ ကျင့်သုံးခဲ့သည်။

ကိုရင်မောင်သန်းသည် ရှင်သာမဏေဘဝဖြင့် တစ်နှစ်ခန့်ကြာမြင့်ခဲ့သော်လည်း ပရိယတ္တိဆိုင်ရာ အခြေခံကျမ်းစာများကို သင်ယူခွင့်မရခဲ့ပါ။ ထိုစဉ် ကျောင်းတော်ရာ ရွှေကျင်ဆရာတော်ဘုရားကြီး တပည့်တစ်ဦးဖြစ်သော အနုပ္ပါဒနိရောဓကျမ်း၊ ဝေဒနာနုပဿနာကျမ်း စသောကျမ်းများကို ရေးသားပြုစုခဲ့သည့် ဆရာတော်ကြီးဦးတိက္ခိန္ဒြိယ မိကျောင်းရဲကျောင်းသို့ ကြွရောက် သီတင်းသုံးလာပြီး ဆရာတော်သည် မောင်သန်းအားပရိယတ္တိအခြေခံသည့် ကစ္စည်းသဒ္ဒါကြီးကျမ်းကို ပို့ချခဲ့သည်။ သို့ရာတွင် ထိုကျမ်းမှာ အတော်အတန်ခက်ခဲပြီး ပို့ချပုံစနစ်မှာလည်း ရှေးရိုးအစဉ်အလာဖြစ်သဖြင့် သဒ္ဒါရှစ်စောင်အနက် ပထမဆုံးဖြစ်သည့် သန္ဓိပိုင်းကိုပင် နှစ်လကျော် သင်ယူခဲ့သော်လည်း မကုန်ဆုံးခဲ့ပါ။

မိကျောင်းရဲကျောင်းသည် အထက်ဖော်ပြခဲ့သည့် လောကီရေးရာကိစ္စများကို ဦးစားပေး သင်ကြားသော ကျောင်းဖြစ်သဖြင့် သာသနာတော်နှင့်စပ်လျဉ်း၍ အခြေခံကောင်းများကို ဤအသက်အရွယ်အထိ ဆရာတော်လောင်းလျာ သင်ကြားခွင့်မရခဲ့ပါ။ ထို့ပြင် ကိုရင်ဝတ်ဖြင့် အမြဲနေထိုင်ရန် ရည်ရွယ်ချက်လည်း မရှိ၊ မယ်မယ်ရရလည်း စာမသင်ရသဖြင့် ၁၉၀၇ ခုနှစ်တွင် ရှင်လိင်ပြန်လိုက်လေသည်။

အသက် တစ်ဆယ့်ခြောက်နှစ်အရွယ်သို့ ရောက်ရှိခဲ့၍ လူလား မြောက်လာသဖြင့် ဖခင်၏ အရောင်းအဝယ်လုပ်ငန်းကို ဝင်ရောက်ကူညီ သည်။ ဖခင်မှာ စပါးပွဲစား ဖြစ်သဖြင့် စပါးများကို အနယ်နယ်အရပ်ရပ်မှ ဝယ်ယူကာ ရန်ကုန်မြို့သို့ တုံကင်းဖြင့် ပို့ရသည်။ ခရီးစဉ်မှာ လေးမျက်နှာ မြို့မှ ရောဝတီမြစ်ရိုးတစ်လျှောက် စုန်ဆင်းပြီး မအူပင်၊ ဒေးဒရဲ၊ ကွမ်းခြံ ကုန်းမြို့များသို့ တိုးမြစ်ဝမှတစ်ဆင့် သခွတ်ပင်မြစ်တစ်လျှောက် ဖြတ်ကာ ခနတ်စေတီတော်ကြီးအနီးရှိ သခွတ်ပင်မြစ်ဝမှ ရန်ကုန်မြစ်ထဲသို့ဝင်ကာ ပုဇွန်တောင်ချောင်းအတွင်းရှိ ဆန်စက်များသို့ စပါးများကို ပို့ရသည့်အလုပ် ဖြစ်သည်။

မောင်သန်းသည် ထိုခရီးစဉ်တစ်လျှောက်တွင် တုံကင်းစီးဘဝ ဖြင့် လုပ်ဆောင်နေစဉ်အတွင်း အသက်အန္တရာယ်အမျိုးမျိုးကို ရင်ဆိုင် လွတ်မြောက်ခဲ့ရသည်။ ထိုအကြောင်းနှင့်ပတ်သက်၍ ရွှေဟင်္သာဆရာတော် ကြီးက -

> စရိတ်သက်သာ၍ ငွေရှစ်ကျပ်ရမည်ကို မျှော်မှန်းပြီး တုံကင်းဖြင့် ရန်ကုန်သို့ လိုက်မိရာ စပါးလုမည့်သူများနှင့် တွေ့ရ၏။ သင်္ဘောကြီးနှင့် ရေနံတွဲကြီးအောက်သို့ ရောက်လု နီးပါးလည်း ကြုံခဲ့ရ၏။ ဒီဆိုင်၌ ဝဲကြီးထဲသို့လည်း ရောက်ခဲ့ ရ၏။ ပင်လယ်ဖက်သို့ မျောပါခြင်းမှလည်း သီသီလေး လွတ်ခဲ့ ရ၏။ မိကျောင်းအပုတ်မခံရမီ တွံတေးကုလားက ပြောဆို တားမြစ်၍ မိကျောင်း အန္တရာယ်မှလည်း လွတ်ခဲ့ရ၏။ ရန်ကုန်၊ ပုဇွန်တောင်ချောင်းနှင့် ညအချိန် ကျောက်ကြိုးပြတ်၍ တုံကင်း နစ်ခြင်းမှလည်း ကံကောင်းသဖြင့် လွတ်မြောက်ခဲ့ရ၏။ ဤသည် တို့သည် မောင်သန်းအဖို့ သံဝေဂဝတ္ထုများပင် ဖြစ်ကြပါသည်။

ဟုရေးသားတော်မူသည်။

မောင်သန်းသည် စပါးဝယ်ယူရေး အလုပ်သိမ်းသောအခါ လေး မျက်နှာမြို့သို့ ပြန်ရောက်လာပြီးနောက် ပရိတ်ကြီး၊ လောကနီတိ စသော ဘာသာရေးစာအုပ်များကို စွဲစွဲမြဲမြဲ ကျက်မှတ် ဖတ်ရှုလေ့လာနေသည်။ တစ်ယောက်တည်းနေစဉ် တွေးတော ငေးမောနေတတ်ပါသည်။ မောင်သန်း ၏ စိတ်နေစိတ်ထားနှင့် အမူအရာမှာ သိသိသာသာ ပြောင်းလဲသွားခဲ့သည်။

မောင်သန်းသည် ထိုသို့ အလုပ်လုပ်နေစဉ် ကာလတွင် လောကနီတိ၊ ပရိတ်ကြီး စသည့် ဘုန်းတော်ကြီးကျောင်း ပညာရေးဆိုင်ရာ အခြေခံကျမ်းများကို မိမိသဘောအလျောက် လေ့လာဖတ်ရှုခဲ့သည်။ ထိုသို့ လေ့လာနေသည့်ကာလအတွင်းမှာပင် လောကီလူသားတို့အသက်မွေးဝမ်းကျောင်းမှုနှင့်စပ်လျဉ်း၍ အချင်းချင်းကလိန်ကျကြပုံ၊ မတော်မတရား ပြုမူကြပုံ စသည့် အကုသိုလ်အမှုများကိုလည်း လေ့လာ ဆင်ခြင်မိသည်။ မိမိသည် လူဘောင်လောက၌ ဆက်လက်နေပါက ထိုအကုသိုလ်အမှုများနှင့် တစ်နည်းနည်း ဆက်နွယ်ပတ်သက်နေရမည်ကိုလည်း တွေးတောမိလာသည်။ ထိုကြောင့် ၁၉၀၉ ခုနှစ်၊ မေလ၊ အသက်တစ်ဆယ့်ခြောက်နှစ်အရွယ်သို့ ရောက်သောအခါ သံဝေဂဉာဏ်သက်ဝင်လာ၍ ဒုတိယအကြိမ် ရှင်သာမဏေ ပြုပြန်သည်။ ဘကြီး၊ ဒေါ်ကြီးတို့က သာမဏေဒါယကာ ပြုကြပါသည်။

ထိုစဉ်အတွင်း ဖခင်ဦးကျောက်စိမ်းမှာ ရုတ်တရက် ဒူလာဝမ်း ရောဂါစွဲကပ်ပြီး ထိုရောဂါဖြင့်ပင် ကွယ်လွန်အနိစ္စရောက်ခဲ့သည်။ ဖခင်၏ အသုဘရုပ်ကလာပ်ကို တွေတွေစီးကျသော မျက်ရည်များဖြင့် ရှုကြည့်ရင်း မိဘမဲ့ဘဝကို ဆင်ခြင်သုံးသပ်ကာ သာသနာ့ဘောင်၌ နေထိုင်ပါတော့မည်ဟု ဆုံးဖြတ်ချက်ချခဲ့လေသည်။ သာသနာ့ဘောင်တွင် နေထိုင်ပါကလည်း ပရိယတ္တိစာပေကျမ်းဂန်တတ်ကျွမ်းမှ သာသနာ့ဘောင်၏ အနှစ်သာရကို သိရှိနိုင်ကြောင်း သတိပြုမိပေသည်။

သာမဏေဖြစ်ပြီးလျှင် ပရိယတ္တိစာပေသင်ကြားရန် လေးမျက်နှာမြို့မှ စတင်ထွက်ခွာခဲ့ရာ မော်လမြိုင်မြို့၊ မရမ်းကုန်းပြည်ကျောင်း ဆရာတော်ထံသို့ရောက်သည်။ ပြည်ကျောင်းဆရာတော်သည် လေးမျက်နှာမြို့သားဖြစ်သည်။ မော်လမြိုင်မြို့မှ လေးမျက်နှာမြို့သို့ ခေတ္တပြန်ကြွလာသော လေးမျက်နှာဇာတိ စာချဆရာ ရဟန်းတော်ဦးဝါယမက ခေါ်၍ မော်လမြိုင်မြို့ အပြန်တွင်လိုက်ပါ၍ ပရိယတ္တိစာပေကို စတင် ဆည်းပူးခဲ့သည်။

ကိုရင်မောင်သန်းသည် မော်လမြိုင်မြို့ပြည်ကျောင်းတွင် နေစဉ် ပြည်ကျောင်းဆရာတော်ထံတစ်ဝါ၊ ဦးဝါယမထံတစ်ဝါ၊ တစ်နေ့ စာနှစ်ဝါ တက်ရသည်။ ဦးဝါယမထံ၌ ဗာလာဝတာရသဒ္ဒါကျမ်းကို သင်ရ၏။ သန္ဓိ၊ နာမ်၊ အာချာတ်၊ ကိတ် လေးစောင်ကုန်သည်။ နာမ်ဂိုဏ်း၊ အာချာတ်

ဂိုဏ်းတို့ကို ပါဠိအနက်ရပ်တွက်ပါမကျန် ဦးဝါယမထံ ညစဉ် ပြန်ဆိုပြရသည်။ ကိုရင်မောင်သန်းသည် ဗာလာဝတာရသဒ္ဒါကျမ်းဖြင့် ပါဠိဘာသာအခြေခံကောင်းကောင်းရခဲ့သည်။ ထိုကျမ်းသည် ကစ္စည်း သဒ္ဒါကျမ်းကိုမှီငြမ်းပြုပြီး စာသင်ငယ်တို့သိလွယ်အောင် အကျဉ်းစီစဉ်ထားသည့် ကျမ်းတစ်စောင်ဖြစ်သည်။ ကိုရင်မောင်သန်းသည် မော်လမြိုင်၌ နှစ်နှစ်ကြာနေထိုင်ခဲ့သည်။

ထူးခြားမှုတစ်ခုမှာ မော်လမြိုင်တွင်နေစဉ်အတွင်း ရှင်ပဒုမဟူသောမူလအမည်ကို ဘုန်းကြီးဦးဝါယမက ရှင်ဗုဒ္ဓဃောသဟု ပြောင်းလဲပေးလိုက်ရာ ထိုအမည်ဖြင့်သာ နေခဲ့ရခြင်းဖြစ်သည်။

မော်လမြိုင်မြို့၌ နှစ်ဝါနေပြီးလျှင် ၁၉၁၁ ခုနှစ်တွင် စာချဆရာဦးဝါယမ ရန်ကုန်သို့ ပြောင်းရွှေ့သဖြင့် ကိုရင်မောင်သန်းအား ခေါ်၍အတူလိုက်ပါခဲ့ပြီး ရန်ကုန်မြို့ ဗဟန်းရပ် ကျောင်းတော်ရာရွှေကျင်တိုက်သို့ ရောက်ရှိခဲ့သည်။ ကျောင်းတော်ရာရွှေကျင်တိုက်ကြီးသည် သာမညကျောင်းတိုက်မဟုတ်ပါ။ မင်းတုန်းမင်းနှင့် သီပေါမင်းတို့ ဆောက်လုပ်လှူဒါန်းခဲ့ပြီး ကျောင်းတော်ရာ ရွှေကျင်ဆရာတော်ဦးသာသန သီတင်းသုံးခဲ့ရာ ကျောင်းတိုက်ကြီး ဖြစ်သည်။ ထိုကျောင်းတိုက်သည် ရွှေတိဂုံစေတီတော်ကြီး၏ အရှေ့ဘက်တွင်တည်ရှိပြီး တိတ်ဆိတ်ငြိမ်သက်လှသည်။ ၁၈၈၃ ခုနှစ်တွင် ရွှေကျင်ဆရာတော်ကြီးသည် တပည့်ဖြစ်သူဦးသာသနကို ခေါ်ယူပြီး ကျောင်းတော်ရာရွှေကျင်တိုက်ကို လွှဲအပ်တော်မူသည်။

ကိုရင်မောင်သန်းသည် ၁၉၁၁ ခုနှစ်တွင် ကျောင်းတော်ရာရွှေကျင်တိုက်သို့ ရောက်ရှိပြီး ဘုံပျံကျောင်း၌ နေရသည်။ ဘုံပျံကျောင်းဆရာတော်မှာ ဦးသောဘိတ ဖြစ်သည်။ စစ်ကိုင်းတိုင်း ထန်းတပင်မြို့ဇာတိဖြစ်၍ ထန်းတပင်ဆရာတော်ဟု တွင်သည်။ ရောက်စတွင် ဆရာတော်ကဘွဲ့အမည်ကိုမေးသဖြင့် ကိုရင်မောင်သန်းသည် ဗုဒ္ဓဃောသဟူသောဘွဲ့အမည်ကိုလျှောက်ထားရာ ဆရာတော်က ဤဘွဲ့အမည်မှာ အလွန်ကြီးကျယ်ခမ်းနားလွန်းလှသည်ဟုဆိုကာ 'ပဏ္ဍိတ' ဟူသော ဘွဲ့အမည်ကိုပြင်ပေးလိုက်ရာမှ ဤဘွဲ့သည် ယနေ့တိုင် အတည်ဖြစ်လျက်ရှိသည်။ ဤကျောင်းတိုက်၊ ဤဘွဲ့အမည်များသည် ကိုရင်မောင်သန်းအား နောင်အခါ

ရွှေကျင်နိကာယမိပတိသံဃာဉက္ကဋ္ဌ သာသနာပိုင်အဖြစ် ရွှေဟင်္သာဆရာတော်ဘုရားကြီး၏ သာသနာဘဝတစ်ကွေ့ကို အုတ်မြစ်ချပေးလိုက်သည့် မှတ်တိုင်ကြီးတစ်တိုင်ဖြစ်သည်။

ကိုရင်ပဏ္ဍိတသည် ဘုံပျံကျောင်းသို့ ရောက်ရှိပြီး မကြာမီ ဦးဝါယမမှာ လူထွက်သွားသဖြင့် ပြာသာဒ်ကျောင်းသို့ ပြောင်းရွှေ့ခဲ့သည်။ လေး‌ငါးလ ကြာမြင့်သော်လည်း ကျောင်းတော်ရာရွှေကျင်တိုက်ကြီး၏ အလေ့အထမှာ ပရိယတ္တိစာသင်တိုက် မဟုတ်ဘဲ ပဋိပတ္တိကိုသာ ဦးစားပေး၍ နေသောတိုက်ဖြစ်သဖြင့် ပရိယတ္တိသင်ကြားခွင့် မရခဲ့ပါ။

သို့ဖြစ်၍ ပြာသာဒ်ကျောင်းဆရာတော်၏ လျှောက်ထားပေးချက်အရ ကျောင်းတော်ရာဆရာတော်ကြီးနှင့်အတူ ညောင်တုန်းမြို့ ရွှေဟင်္သာတောရ သီရိမင်္ဂလာမဟာရာမကျောင်းသို့ ၂၅ မေလ၊ ၁၉၁၂ ခုနှစ်တွင် ရောက်ရှိခဲ့သည်။ ဤကျောင်းတိုက်သည် ရဟန္တာဟုထင်ရှားသော ဘုန်းတော်ကြီး ဦးသီလ၊ ဒုတိယရွှေကျင်သာသနာပိုင် မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီး စသည့် သံဃာဦးသျှောင် ဆရာတော်ကြီးငါးပါးတို့က ၁၉၀၀ ပြည့်နှစ်တွင် အုတ်မြစ်ချခဲ့သော ကျောင်းတိုက်ကြီးဖြစ်သည်။

ရွှေဟင်္သာတောရတိုက်သို့ ရောက်သောအခါ ကျောင်းတော်ရာဆရာတော်ဘုရားကြီးကိုယ်တိုင် ရှင်ပဏ္ဍိတကို တိုက်အုပ်ဆရာတော် ဦးဝါယမထံ အပ်နှံပေးခဲ့သည်။ ဆရာတော်ကြီးကိုယ်တိုင် အပ်နှံပေးသည် သာမက ကိုယ်တိုင်က တင့်တယ် ကြည်လင်သော ဥပဓိအင်္ဂါနှင့်ပြည့်စုံပြီး ဆရာသမားများကို လေးစားတတ်သူ ဖြစ်သဖြင့် ဆရာတို့၏ ကျေနပ်နှစ်သက်မှုကို ခံယူရသည်။ ရောက်စဥ္စ တိုက်အုပ်ဆရာတော်ထံ၌ နေ့တွင် သဒ္ဒါကြီးတက်ရပြီး ညအခါ ပုဒ်စစ်ကို သင်ကြားရသည်။ နေ့စဉ် စာသင်ဖက် တစ်ဆယ့်ငါးပါးတို့နှင့်အတူ ကျောင်းတစ်ကျောင်းတွင် စုပေါင်း စာကျက်ရသည်။ စာကျက်သောအခါ တိုက်ကြပ်ဆရာတော် ဦးကလျာဏ (နောင်အခါ ရွှေဟင်္သာတောရတိုက်အုပ်ဆရာတော်ဟု ထင်ရှားသော ဒုတိယစံကျောင်းဆရာတော်) အနီးတွင် ကျက်သည်။ ၎င်းနှင့်စပ်လျဉ်း၍ ရွှေဟင်္သာဆရာတော်ကြီးက -

ဆရာသမားများ မျက်မှောက်နေရတာ ကိုယ်လည်း အပြစ်ကင်းတယ်၊ သူများကလည်း လာပြီး မနှောင့်ယှက်နိုင်ဘူး၊ ဆရာ

သမားများကိစ္စအဝဝ ဆောင်ရွက်တာကိုလည်း နာယူမှတ်သား ခွင့်ရတယ်။

ဟုမိန့်ကြားခဲ့သည်။

ရှင်ပဏ္ဍိတအတွက် ကံကောင်းသောအချက်တစ်ခုမှာ ဆရာသမားကောင်းကို မှီဝဲရခြင်းဖြစ်သည်။ ရန်ကုန် ကျောင်းတော်ရာတိုက်သို့ ရောက်ရှိသောအခါ ကျောင်းတော်ရာ ဆရာတော်ဘုရားကြီးထံ ရောက်ရှိခြင်းမှာ ကံကောင်းထောက်မခြင်း ဖြစ်သည်။

ဆက်လက်၍ ကံကောင်းခြင်းမှာ ဆရာတော်ဘုရားကြီး၏ ကျေးဇူးဖြင့် ညောင်တုန်း ရွှေဟင်္သာတောရတိုက်သို့ ရောက်ရှိသောအခါ မိမိအား စာပေ သင်ကြားရေး၊ နေရေး၊ ထိုင်ရေးတို့၌ အနီးကပ် ညွှန်ကြားပြသမည့် ဆရာကောင်းများထံ တိုက်ရိုက် ဆည်းကပ်ခွင့်ရခြင်း ဖြစ်သည်။

ရှင်ပဏ္ဍိတအား အနီးကပ်ညွှန်ကြားပေးသည့် ပထမဆရာမှာ တိုက်အုပ်ဆရာတော်အရှင်ဝါယမ ဖြစ်သည်။ ထိုဆရာတော်မှာ အတိတ်ကံဘုန်းသမ္ဘာကြီးမားသူ ဖြစ်သည်ဟု ယူဆရသည်။ အဘယ်ကြောင့်ဆိုသော တိုက်အုပ်ဆရာတော်လောင်းလျာသည် ငယ်စဉ် ကျောင်းသားအဖြစ်ဖြင့် ပုဇွန်တောင် အစိုးရအထက်တန်းကျောင်း နဝမတန်းတွင် ပညာသင်ကြားနေချိန်ဖြစ်သည်။

တစ်နေ့တွင် 'ဂေါတမဘုရားသည် သံသရာ၏အစကို မသိသဖြင့် သဗ္ဗညုတဉာဏ်ရှင် မဟုတ်' စသည်ဖြင့် သာသနာတော်ကို ပုတ်ခတ်ရေးသားထားသော ရွှေချိန်ခွင်ကျမ်းကို ဖတ်ရှုရပြီး သတိသံဝေဂ ဖြစ်ကာ သာသနာ့ဘောင်သို့ ဝင်ရောက်ခဲ့သူဖြစ်သည်။ နောင်အခါ ပါဠိ၊ သက္ကတစာပေတို့ကို ပါရဂူမြောက် တတ်မြောက်ခဲ့၍ ကျမ်းပေါင်းများစွာ ရေးသားပြုစုခဲ့သော စံကျောင်းဆရာတော် ဖြစ်လာခဲ့သည်။

ရှင်ပဏ္ဍိတသည် ရွှေဟင်္သာတောရ၌နေစဉ် ဆရာသမားများထံ ဝတ်ကြီးဝတ်ငယ် ပြုစုလေ့ရှိသည်။ အဆုံးမဩဝါဒများကိုလည်း လိုက်နာကျင့်သုံးသည်။ တစ်နေ့ ရှင်ပဏ္ဍိတသည် စံကျောင်းဆရာတော်ထံ ဝတ်ပြုရန် သွားရောက် ဆည်းကပ်သည်။ ထိုအချိန်တွင် အခြားကျောင်းနှစ်ကျောင်းမှ ဘွဲ့တူကိုရင်နှစ်ပါးလည်း ဝတ်ပြုရန် ရောက်ရှိလာသည်။

စံကျောင်းဆရာတော်က ဝတ်ပြုရန်လာသော ကိုရင်များအား စကားစမြည်ပြောရင်း ဘွဲ့အသီးသီးကို မေးမြန်းရာမှ သုံးပါးစလုံးမှာ ဘွဲ့တူများ ဖြစ်နေကြသဖြင့် စံကျောင်းဆရာတော်သည် ဗွယ်တော်ကျောင်းမှကိုရင်အား ပဏ္ဍိတ ဟူ၍လည်းကောင်း၊ တိုက်ဦးကျောင်းမှ ကိုရင်အား ပဏ္ဍိတဉာဏ ဟူ၍လည်းကောင်း၊ မှန်ကျောင်းဆရာတော်ကျောင်းမှ ကိုရင်အား ပဏ္ဍိတသိရီဟူ၍လည်းကောင်း ဘွဲ့အသီးသီးကို ချီးမြှင့်လိုက်သည်။ ထိုအချိန်မှစ၍ ရှင်ပဏ္ဍိတသည် ပဏ္ဍိတသိရီဟူသောအမည်ဖြင့် နိုင်ငံဦးသျှောင်မထေရ်ကြီးတစ်ပါးဖြစ်သည်အထိ သက်ဆုံးတိုင်ထင်ရှားခဲ့သည်။

ရှင်ပဏ္ဍိတသိရီသည် ၁၉၁၃ ခုနှစ်တွင် အစိုးရ ပထမငယ်တန်းကို ဝင်ရောက် ဖြေဆိုသည်။ ထိုအချိန်က ညောင်တုန်းမြို့၌ စာဖြေဌာန မရှိသေးသဖြင့် ရန်ကုန်မြို့သို့ သွားရောက် ဖြေဆိုရသည်။ ထိုနှစ်မှာပင် ရှင်ပဏ္ဍိတသည် အသက်နှစ်ဆယ်ပြည့်သဖြင့် မိမိမွေးဖွားရာဇာတိဖြစ်သည့် လေးမျက်နှာမြို့၌ ၇ ဇူလိုင်၊ ၁၉၁၃တွင် မိကျောင်းရဲဆရာတော်ကြီးကို ဥပဇ္ဈာယ် ရဟန်းပြုခဲ့သည်။ ရှင်ပဏ္ဍိတသည် ဆွေမျိုးများ၏ ဆန္ဒအရ မိကျောင်းရဲကျောင်း၌ ရဟန်းပြုခဲ့ရသော်လည်း ကျေနပ်နှစ်သက်မှု မရှိခဲ့ပါ။

ညောင်တုန်းသို့ ပြန်ရောက်လာသောအခါ စံကျောင်းဆရာတော်ဘုရား၏ စီစဉ်ပေးချက်အရ ၁၆ ဇူလိုင် ၁၉၁၃ ခုနှစ်တွင် ညောင်တုန်းမြို့ ရွှေဟင်္သာတောရကျောင်းတိုက် သာသနဝိသောဓနီသိမ်တော်၌ သာသနာလင်္ကာရ သဒ္ဓမ္မာဘိဝံသကဝိဓဇ မဟာဓမ္မရာဇာဓိရာဇာဂုရုဟူသော သီပေါမင်း ဆက်ကပ်လှူဒါန်းသော မင်းလှူဘွဲ့တံဆိပ်တော်ရ ညောင်တုန်းမြို့ ရွှေဟင်္သာတောရတိုက်၌ သီတင်းသုံးတော်မူသော ရန်ကုန်မြို့ ကျောင်းတော်ရာ ရွှေကျင်ဆရာတော်ဘုရားကြီး အရှင်သာသနထေရ်အား ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။

ပထမစံကျောင်းဆရာတော်၊ ဒုတိယစံကျောင်းဆရာတော်တို့က ကမ္မဝါစာဆရာတော်အဖြစ် ချီးမြှောက်တော်မူကြသည်။ ရွှေနံ့သာကျောင်းဘုန်းကြီး ဦးသူရိယက ရဟန်းလောင်းဆုံးမသည်။ ကာရကသံဃာ အပါးလေးဆယ် ဆောင်ရွက်တော်မူကြသည်။

ယခုအခါ ရှင်ပဏ္ဍိတ ဟူသော သာမဏေဘဝမှ 'အရှင်ပဏ္ဍိတ' ဟူသော ရဟန်းဘဝသို့ ရောက်ရှိခဲ့သည်။ အရှင်ပဏ္ဍိတသည် ရဟန်းတစ်ဝါ

တွင် ပထမငယ်တန်း၊ နှစ်ဝါအရတွင် ပထမလတ်တန်းတို့ကို အောင်မြင်ခဲ့သည်။ ဆရာသမားများ၏ ဆန္ဒအရ စာမေးပွဲများအောင်မြင်ရန် ကြိုးစားခဲ့သော်လည်း မိမိဆန္ဒမှာမူ အထက်တန်း ပါဠိတော်ကြီးများ၊ အဋ္ဌကထာကြီးများ၊ ဋီကာကြီးများကို အလျင်အမြန် လေ့လာတတ်ကျွမ်းရန် စိတ်စောလျက်ရှိသည်။ ထို့ကြောင့် စံကျောင်းဆရာတော်၊ တိုက်အုပ်ဆရာတော်တို့ထံ၌ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာများကို သင်ယူခဲ့သည်။

အရှင်ပဏ္ဍိတသည် ၁၉၁၇ ခုနှစ်တွင် ရဟန်းသိက္ခာ လေးဝါရသောအခါ ဆရာတော်များထံ မန္တလေးသို့တက်၍ စာပေဆည်းပူးလိုကြောင်း ပန်ကြားလျှောက်ထားရာ ဆရာတော်များက ကြည်သာစွာ ခွင့်ပြုတော်မူပြီးလျှင် ပါဠိဘာသာစာဖြင့် ရေးသားသော အပ်နှံစာကိုပါ ချီးမြှောက်တော်မူကြသည်။

မန္တလေးမြို့ အနောက်ပြင် ငါးဆူတိုက်တံဆိပ်တော်ရ ငါးဆူဆရာတော်အရှင်သဒ္ဓမ္မာလင်္ကာရ ခြေတော်ရင်း၌ ဆည်းကပ်၍ ဆရာတော်ထံ၌ပင် ကင်္ခါဘေဒစိန္တာကို မိမိဆိုဝါဖြင့် ဆည်းပူးရသည်။ ညဖက်၌ ပုဒ်စစ်စသည်ကို ဆိုဝါဖြင့်ဆည်းပူးရသည်။ အရှင်ပဏ္ဍိတသည် ပုဒ်စစ်စသည်ဆိုစဉ်က စာအုပ်မကြည့်ရ၊ မကျက်ရဟု ဆရာတော်ကြီး အမိန့်ရှိ၍ စာအုပ်မကြည့်၊ မကျက်ရပေ။ ဆရာတော်ကြီး ကိုယ်တိုင် နှုတ်တိုက်ချပြီးမှ အဓိပ္ပာယ် ဟောပြောတော်မူသည်။

ငါးဆူဆရာတော်ကြီးသည် အနုညာတမဟုတ်ပါ။ တံဆိပ်တော်နှစ်တန်ရ ထင်ရှားသောဆရာတော်ကြီး ဖြစ်သည်။ ဆရာတော်ကြီးထံ၌ စာပေကျမ်းဂန်များသာမက ရေးဟောင်းနှောင်းဖြစ် ဗဟုသုတများကိုလည်း မှတ်သားနာယူရရှိခဲ့သည်။ အရှင်ပဏ္ဍိတသည် ခင်မကန်တိုက် မန်ကျည်းပင်ကျောင်းဆရာတော်ဦးသီလာစာရ၊ သူဌေးတန်းဆရာတော်ဦးရေဝတ၊ တောင်သမန်တိုက်ဋီကာဦးဝိမလတိုက်၌လည်း စာပေကျမ်းဂန်များကို သင်ယူခဲ့ရသည်။

ဤသို့ စာပေသင်ကြားမှု အရှိန်ကောင်းနေစဉ်တွင် ဆောင်းရာသီ၌ ပုလိပ်ရောဂါကြီးများ ဖြစ်ပွားလာသဖြင့် ညောင်တုန်းမြို့မှ ဆရာတော်များ၏ ပြန်လည်ခေါ်ဆိုချက်အရ ညောင်တုန်းသို့ပြန်လာရသည်။ မန္တလေး၌ ဖြစ်ပွားသော ပုလိပ်ရောဂါမှာလည်း မကြာမီငြိမ်းအေးသွားသဖြင့် ၁၉၁၇

ခုနှစ်တွင် မန္တလေးမြို့သို့ ပြန်လာခဲ့ပြီး စာပေများကို ဆက်လက်ဆည်းပူးခဲ့သည်။ ၁၉၁၇ ခုနှစ်၊ အောက်တိုဘာတွင် ဝမ်းတွင်းမြို့နယ် ဒေါင်းသူ တောရဆရာတော်ထံတွင် တစ်ဆယ့်ငါးရက်ခန့် ဆန်းကျမ်းကုန်အောင် သင်ယူခဲ့ပြီး ညောင်တုန်းမြို့သို့ ပြန်ကြွခဲ့သည်။

ညောင်တုန်းမြို့ ရွှေဟင်္သာတောရတိုက်သို့ ကြွရောက်လျက် စာပေကျမ်းဂန်တို့ကို လေ့လာဆည်းပူးခဲ့ခြင်းတို့ကြောင့် အရှင်ပဏ္ဍိတသည် နောင်အခါတွင် ဆရာတော်ဘဒ္ဒန္တပဏ္ဍိတသိရီဟူသော အမည်ဖြင့် ကျမ်းဂန်အရာ၌ ကျွမ်းကျင်သော ပါရဂူမြောက် ဆရာတော်တစ်ပါးဟု ထင်ရှားကျော်ကြားခဲ့သည်။ ထိုအချိန်တွင် ရဟန်းသိက္ခာ ငါးဝါမျှသာ ရှိသေးသည်။

အရှင်ပဏ္ဍိတသည် မန္တလေးမြို့သို့ ပြန်ရောက်ရှိသည့်အခါ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများ၌ ပြုပြင်ရေး ဆောင်းပါးများ မကြာခဏ ရေးသားသည်။ အရှင်ပဏ္ဍိတသည် အားလပ်ချိန်များ၌ စာပေကြည့်ရှုခြင်း၊ စာရေးသားခြင်းတို့ကို ပြုလုပ်နေသော်လည်း ဆရာသမားများ၏ ကျောင်းတိုက်တာဝန်များကို မပျက်မကွက် ဆောင်ရွက်တတ်သည်။

တစ်နေ့တွင် စံကျောင်းဆရာတော်နှင့် တိုက်အုပ်ဆရာတော်တို့က 'မောင်ပဏ္ဍိ အဖိတ်ဥပုသ်တိုင်း ဘုရားဝတ်တက်ပြီး တို့ဆီ လာရမည်' ဟု မိန့်တော်မူကြောင်း၊ အရှင်ပဏ္ဍိတသီရိ လာရောက် ဆည်းကပ်သော အခါ ဆရာတော်နှစ်ပါးလုံးက နေနည်း၊ ထိုင်နည်း၊ အုပ်ချုပ်နည်းမှစ၍ ဟောနည်း၊ ပြောနည်းတို့နှင့် ပတ်သက်၍ -

> ''မောင်ပဏ္ဍိတရေ ကြီးလာရင် ဆရာ မရှိတတ်ကြဖူးကွဲ့၊ ရာထူးဂုဏ်ထူးလေး ရှိလာရင်လည်း မာန်မာနတက်ပြီး ဆရာ မထားတတ်ကြဘူး၊ ဒါတွေကို ငယ်စဉ်ကထဲက သတိပြုထား ရမယ်''

စသည်ဖြင့် အရှင်ပဏ္ဍိတအား ဩဝါဒ ပေးတော်မူကြသည်။

အရှင်ပဏ္ဍိတသည် အထက်ပါဩဝါဒများကို တစ်သဝေမတိမ်း လိုက်နာကျင့်သုံးခဲ့သဖြင့် တစ်သက်တာအတွင်း စနစ်တကျ နေထိုင်ပြောဆို တတ်သည့်အဖြစ်သို့ ရောက်ရှိခဲ့သည်။ ၁၉၁၈ ခုနှစ်တွင် ရဟန်းသိက္ခာ ငါးဝါရလျှင် ညောင်တုန်း ရွှေဟင်္သာတောရတိုက်သို့ပြန်ကာ ဆရာတော်

များ၏ ဩဝါဒကို ခံယူခဲ့သည်။ ရဟန်းသိက္ခာခြောက်ဝါရလျှင် ဆရာတော်များက ဒုတိယစာချအဖြစ်ဖြင့်လည်းကောင်း၊ စွယ်တော်ကျောင်းဘုန်းကြီးအဖြစ်ဖြင့်လည်းကောင်း ချီးမြှောက်ခြင်းကို ခံယူရသည်။

အရှင်ပဏ္ဍိတသည် ကျောင်းတိုက်အကျိုးကို သယ်ပိုးဆောင်ရွက်ရင်း တပည့် ရဟန်းသာမဏေတို့အား ပိဋကတ်စာပေများကို ပို့ချပေးတော်မူခဲ့သည်။ ထိုနှစ်ဝါတွင်း၌ စာပေပို့ချရင်း အာစေရဝါနှနာပျို့ကို ရေးသားခဲ့သည်။ ဆရာသမားများ၏ ဂုဏ်ကျေးဇူးကို ရေးသားဖွဲ့ဆိုသောပျို့ဖြစ်သည်။ ဆရာတော်နှစ်ပါးက ချီးမွမ်းပြောဆိုပြီး စာမူကို သိမ်းဆည်းထားရာ ပုံမနှိပ်ဖြစ်၍ လက်ရေးမူတွင်ပင် ပျောက်ဆုံးသွားသည်။ ထိုကျမ်းစာသည် ပုံနှိပ်ဘဝသို့ မရောက်သော်လည်း ရွှေဟင်္သာဆရာတော်ကြီး ရေးသားပြုစုခဲ့သည့် ကျမ်းစာများအနက် ပထမဦးဆုံးကျမ်းစာ ဖြစ်သည်။

အရှင်ပဏ္ဍိတသည် စွယ်တော်ကျောင်းဘုန်းကြီးဘဝတွင် သဒ္ဒါ၊ သင်္ဂြိုဟ် စသောအခြေခံကျမ်းစာများ၊ ပုဒ်စစ်၊ သဒ္ဒါငယ် စသော အထောက်အကူစာများ၊ မာတိကာ၊ ဓာတုကထာ၊ ယမိုက် စသော အဘိဓမ္မာညဝါများ၊ ဝိနည်း၊ ပါဠိတော်၊ ကင်္ခါအဋ္ဌကထာ၊ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ စသော အထက်တန်းကျမ်းစာများကို ပို့ချပေးခဲ့ပါသည်။ ဤကာလအတော်အတွင်း ပါဠိ၊ သဒ္ဒါကျမ်းနှင့် စပ်ဆိုင်သည့် ဟိစပနနိပါတတ္ထဒီပနီကျမ်းကို ရေးသားခဲ့သည်။

လေးမျက်နှာမြို့ မိကျောင်းရဲကျောင်းဆရာတော်ကြီးထံမှ ၁၉၂၄ ခုနှစ်တွင် စာတစ်စောင် ရောက်ရှိလာသည်။ ထိုစာတွင် ဆရာတော်ကြီးသက်တော်ကြီးရင့်လာသဖြင့် အရှင်ပဏ္ဍိတအား ကျောင်းလွှဲအပ်မည်ဖြစ်သဖြင့် ပြန်လာခဲ့ရန် ပါရှိသည်။ အရှင်ပဏ္ဍိတသည် ထိုစာကို စံကျောင်းဆရာတော်နှစ်ပါးထံ ဆည်းကပ်ပြီး ဆရာတော်များ၏ ခွင့်ပြုချက်အရ လေးမျက်နှာမြို့သို့ လိုက်သွားသည်။

လေးမျက်နှာမြို့သို့ ရောက်သောအခါ မိကျောင်းရဲကျောင်းဆရာတော်ကြီး၏ ရှေ့မှောက်၌ ဒါယကာ၊ ဒါယိကာမ ခြောက်ဆယ်ကျော်တို့ရှေ့တွင် ဂရုဘဏ်နှင့်တကွ လက်ခံပါသည်။ ဆရာတော်ကြီးဆန္ဒကို မငြင်းသာ၍ လက်ခံရသော်လည်း စာသင်တိုက်လေး တစ်တိုက်ဖြစ်အောင်ဖန်တီးကာ မိမိမှာ အခြားသင့်တော်ရာနေရာ၌ နေထိုင်ရန်

စိတ်ကူးထားသည်။ ထို့ကြောင့် မိကျောင်းရဲကျောင်း၌ တစ်ဝါသီတင်းသုံးပြီး နွေရာသီတွင် ရွှေဟင်္သာတောရသို့ ခေတ္တပြန်လာခဲ့သည်။

ရန်ကုန်သို့ ၁၉၂၄ ခုနှစ်မှာပင် သွား၍ အစ်ကိုဖြစ်သူ ဦးဘိုးမြင့် တိုက်၌တည်းခိုနေစဉ် လယ်တီပဏ္ဍိတဦးမောင်ကြီးနှင့် တွေ့ဆုံရသည်။ဆရာဦးမောင်ကြီးက အောက်ပါရှစ်လုံးဘွဲ့ကဗျာကို အသံထွက်၍ ဖတ်ခိုင်းသည်။

ဥဒ္ဒိယာဝ ဗန်းမော် ကောင်းတုံ၊
အဓောယာဝ ပုသိမ် ဒဂုံ၊
ပသံဒ္ဓိ ကြေညာ ဆန်စုန်၊
ပသိဒ္ဓိ ဇနာ ဗဟုံ။

အရှင်ပဏ္ဍိတက မိမိဖတ်တတ်သလို ဖတ်လိုက်သောအခါ ဆရာဦးမောင်ကြီးက ဤကဲ့သို့ မဖတ်ရကြောင်း၊ ဖတ်ပုံအသံထွက်ကို ထုတ်ပြပြီး ညောင်တုန်း ပြန်ရောက်လျှင် ရွှေဟင်္သာတောရတိုက်အကြောင်းကို ဤကဗျာမျိုးဖြင့် ဖွဲ့ဆိုရန်လည်းတိုက်တွန်းခဲ့သည်။ လယ်တီပဏ္ဍိတဦးမောင်ကြီးက ဥပမိအင်္ဂါ ကောင်းမွန်သည်သာမက ငယ်ရွယ်သူများနှင့် ဖော်ဖော်ရွေရွေနေတတ်ပြီး သွားလေရာ၌ စာရေးကိရိယာများ ယူသွားကာ စာပေရေးသားလေ့ရှိသူဖြစ်သည်။ ထို့ကြောင့် ဆရာဦးမောင်ကြီးသည် ၄င်း၏ဘဝတစ်လျှောက်၌ လောကီလောကုတ္တရာကျမ်းများကို ပြုစုနိုင်ခဲ့ခြင်း ဖြစ်သည်။

ညောင်တုန်းမြို့ ရွှေဟင်္သာတောရတိုက်၌ ဥပုသ်ဇရပ်များ ရှိပါသည်။ ဥပုသ်သည်များ ဖတ်ရှုရန် အရှင်ပဏ္ဍိတ သိက္ခာရှစ်ဝါအရတွင် စံကျောင်းဆရာတော်ဘုရား နည်းလမ်းညွှန်ကြားပြီး စေခိုင်းတော်မူ၍ ဥပုသ်သည်လက်စွဲကျမ်းကို ရေးသားတော်မူသည်။

စံကျောင်းဆရာတော်က ၁၉၂၅ ခုနှစ်တွင် မေတ္တာဖွံ့အကျယ်လက်စွဲကျမ်းကိုရေးသားပြုစုပြီး အရှင်ပဏ္ဍိတအား တည်းဖြတ်ထုတ်ဝေစေခဲ့သည်။ ထို့ကြောင့် အမှာစာ၌ ပါဠိဂါထာဖြင့် စာတည်းဖြတ်သူအမည်၊ အမှားအယွင်းပါရှိပါကလည်း သည်းခံကြရန် အရှင်ပဏ္ဍိတက ရေးသားခဲ့ပါသည်။ ဤသို့ဖြင့် အရှင်ပဏ္ဍိတသည် ရဟန်းသိက္ခာကိုးဝါတွင် စာတည်းဖြတ်သူ ဖြစ်ခဲ့သည်။ ထိုအတောအတွင်း စံကျောင်းဆရာတော်ကြီး၏ အမိန့်အရ ရွှေသ်္ဘာတောရတိုက်သို့ ရောက်ရှိလာသော ဘင်္ဂါလီရဟန်းတော်

နှစ်ပါးအား အဘိဓမ္မတ္ထသင်္ဂဟနှင့် ဝိသုဒ္ဓိမဂ်အဋ္ဌကထာကျမ်းတို့ကို ပို့ချပေးခဲ့သည်။ တစ်ဝါအတွင်း အဘိဓမ္မတ္ထသင်္ဂဟ အောက်သုံးပိုင်းနှင့် ဝိသုဒ္ဓိမဂ်အဋ္ဌကထာမှ သီလနိဒ္ဒေသအပိုင်းတို့ကို ပြီးစီးအောင် ပို့ချပေးခဲ့သည်။

အရှင်ပဏ္ဍိတသည် ကျန်းမာရေးမကောင်း၍ စာမကျက်နိုင်သဖြင့် ပထမကြီးတန်းကို မအောင်သော်လည်း ပထမကြီးတန်းသားများနှင့် တက္ကသိုလ်ကျောင်းသားများ၊ စာရေးဆရာများ၌ မသုံးမဖြစ်သုံးရမည့် ကျမ်းစာမျိုးကိုရေးနိုင်အောင် အားထုတ်မည်ဟု စိတ်ဆန္ဒပြုခဲ့သည့်အတိုင်း ရဟန်းသိက္ခာ တစ်ဆယ့်လေးဝါအရတွင် မြန်မာအလင်္ကာကျမ်း အမည်ဖြင့် သူရိယသတင်းစာတိုက်၌ ပုံနှိပ်သည်။ ဒုတိယအကြိမ်တွင် မြန်မာအလင်္ကာ အမည်ဖြင့် ဟံသာဝတီ၌ ပုံနှိပ်သည်။ တတိယအကြိမ်တွင် သင့်ဘဝ ပုံနှိပ်တိုက်၌ ပုံနှိပ်သည်။ လူကြိုက်များသော ဆရာတော်၏ကျမ်းစာများတွင် မြန်မာအလင်္ကာကျမ်းသည်လည်း တစ်ကျမ်းပါဝင်ပါသည်။

အရှင်ပဏ္ဍိတသိရီသည် ဤသို့စာပေရေးသားရာ ကိစ္စများ၌သာ စိတ်ဝင်စားသူ မဟုတ်သေးပါ။ ကျောင်းတိုက်ကြီး၏ ကြီးပွားတိုးတက်မှုကိုလည်း သတိမမေ့သူ ဖြစ်သည်။ ထိုကြောင့် တစ်ခုသောသီတင်းနေ့၌ ကျောင်းတိုက်အလယ်ကွက်လပ်၌ စံကျောင်းဆရာတော်ဘုရား ကိုယ်တိုင်စိုက်ထားသော ညောင်ပိန္နဲပင်တစ်ပင်ကို ရှင်းလင်းစေခဲ့ပါသည်။ ရည်ရွယ်ချက်မှာ ဤသစ်ပင်မျိုးသည် အလွန်တရာကြီးထွားလာပြီး နတ်ဆိုးနတ်မိစ္ဆာများ နေထိုင်တတ်သည်ဟု ဆိုကြသောကြောင့် ဖြစ်ပါသည်။

စံကျောင်းဆရာတော်သည် ခေတ်အမြင်ကျယ်ပြီး သစ်ပင်စိုက်ပျိုးမှုကိုလည်း ဝါသနာထုံတော်မူသဖြင့် မိမိတကူးတက စိုက်ပျိုးထားသည့် သစ်ပင်ကို ဤသို့ ရှင်းလင်းလိုက်သောအခါ အလွန်စိတ်ဆိုးတော်မူသည်။ ထိုကြောင့် အရှင်ပဏ္ဍိတသိရီနှင့် အခြားဘုန်းကြီးတစ်ပါးအား ချက်ချင်း ဒဏ်ထမ်းရန် အမိန့်ပေးတော်မူသည်။ နောင် စိတ်ပြေသွားသောအခါ 'မထမ်းကြပါနဲ့တော့ကွာ' ဟုမိန့်ကြားပြီး မိမိအမိန့်ကို ရုပ်သိမ်းတော်မူသည်။

များမကြာမီကာလတွင် ညောင်ပင်နေရာတဝိုက်၌ တိုက်ကျောင်းကြီးတစ်ကျောင်း ဖြစ်လာသည်။ ထိုကျောင်းမှာ လေးထပ်ရှိပြီး ရွှေဟင်္သာတောရတိုက်၌ ယခုထက်တိုင် အကြီးဆုံးဖြစ်သည်။ ထိုခေတ်တန်ဖိုးအား

ဖြင့် သုံးသိန်းလေးသောင်းကျော် ကုန်ကျပါသည်။ အလှူ့ဒါယကာမှာ မော်လမြိုင်မြို့မှ ဆန်စက်ပိုင်ရှင် သူဌေးဦးပေါ်နှင့် ဒေါ်မုံးတို့ဖြစ်ကြသည်။ ၁၉၃၀ ပြည့်နှစ်တွင် တိုက်ပြီး၍ 'သာသနာလင်္ကာရတိုက်' ဟု အမည်ပေးသည်။

အရှင်ပဏ္ဍိတသည် ရဟန်းသိက္ခာခြောက်ဝါ၌ ကျောင်းဘုန်းကြီးအဖြစ် တင်မြောက်ခံရသည်။ ယခုတစ်ဆယ့်လေးဝါအထိ ကျောင်းဘုန်းကြီးတာဝန်ကိုယူကာ စာသင်သားတို့ကို အုပ်ချုပ်ရသော်လည်း စာပေသင်ကြားရေးကို စိတ်မကုန်ခန်းသေးပါ။ ထို့ကြောင့် ဆရာတော်များထံ ခွင့်တောင်း၍ အမရပူရမြို့ မင်္ဂလာတိုက်သို့ သွားရောက်ပြီး ပဋ္ဌာန်းကျမ်းကို သင်ယူခဲ့သည်။ ပို့ချသူ ဆရာကြီးဦးအုန်းမှာ အဘိဓမ္မာဘက်၌ လွန်စွာ ထင်ရှားကျော်ကြားပြီး ထရံကာဆရာတော် လူထွက်ဖြစ်၍ ထရံကာဆရာကြီးဦးအုန်းဟု ထင်ရှားသူဖြစ်သည်။

အရှင်ပဏ္ဍိတသည် ဆရာကြီးဦးအုန်းနှင့် ရင်းနှီးပြီး ဆရာကြီးညွှန်ကြားချက်အရ စစ်ကိုင်းတောင်ရိုးသို့ ရောက်ရှိခဲ့သည်။ စစ်ကိုင်းတောင်ရိုးသို့ရောက်သောအခါ စစ်ကိုင်းတောင်၏ ရာသီဥတုသည် အရှင်ပဏ္ဍိတသီရိ၏ ကျန်းမာရေးအတွက် လွန်စွာသင့်လျော်ပေသည်။ ၁၉၂၃ ခုနှစ်တွင် ပဌမအကြိမ် စစ်ကိုင်းတောင်ရိုး၌ တစ်လခန့် နေထိုင်ရစဉ် ကျန်းမာရေးကောင်းလာသည်ကို တွေ့ရသည်။ ၁၉၂၅ ခုနှစ်တွင် ဒုတိယအကြိမ် တစ်လခန့်နေထိုင်စဉ်ကလည်း ကျန်းမာရေးကောင်းသည်ကို တွေ့ရပြန်သည်။

သို့ဖြစ်၍ အရှင်ပဏ္ဍိတသီရိမှာ စစ်ကိုင်းတောင်ရိုး၌နေရလျှင် ကျန်းမာမည်။ အသက်ရှည်မည်။ ပရိယတ်၊ ပဋိပတ်အလုပ်ကို အားထုတ်နိုင်မည်ဟု ယုံကြည်ခဲ့သည်။ စစ်ကိုင်းတောင်ရိုး၌ နေလိုသည့် ဆန္ဒပြင်းပြစွာဖြစ်ပေါ်လာခဲ့သည်။

အရှင်ပဏ္ဍိတသီရိသည် ပင်ကိုကပင် တစ်ပါးတည်း နေလိုစိတ်ရှိ၏။ လူသံ တိတ်ဆိတ်သော တောရိပ်တောင်စောင်း ကမ္မဋ္ဌာန်းကျောင်းကလေးမျိုးတွင် နေထိုင်လိုစိတ် ရှိသူဖြစ်သည်။ သို့ဖြစ်၍ စစ်ကိုင်းတောင်ရိုးသည် အရှင်ပဏ္ဍိတသီရိ၏ ပင်ကိုစိတ်နှင့် ဟပ်မိလျက်ရှိသည်။ စစ်ကိုင်းတောင်ရိုးသို့ရောက်တိုင်း အစ်မ သီလရှင်ဖြစ်သူ မနန္ဒာထံသို့

ကြွသွားလေ့ရှိပြီး ကျောင်းတည်ဆောက်ရန် နေရာရှာဖွေရန်လည်း တိုက်တွန်းသည်။ ထိုအကြောင်းကို မနန္ဒာနှင့်အတူနေသူ မိုးကုတ်ဆရာကြီးဒေါ် ဆရာကြီးဒေါ်ပညာက သိသည်။ ဒေါ်ပညာကိုယ်တိုင်ကလည်း အရှင်ပဏ္ဍိတသိရီကို အလွန်ကြည်ညိုသည်။ ဒေါ်ပညာသည် အရှင်ပဏ္ဍိတသိရီအတွက် စစ်ကိုင်းတောင်ရိုး၌ ကျောင်းနေရာများကို လိုက်လံ ရှာဖွေပေးသည်။

ကျောင်းနေရာတည်ဆောက်ရန်စုံစမ်းရာ အဆင်မပြေသဖြင့် ရက္ခမူချောင်သို့ သွားရောက် စုံစမ်းခဲ့သည်။ ရက္ခမူချောင်အနီးတွင် မြေကွက်လပ်များရှိ၍ ရနိုင်မရနိုင် ရက္ခမူဆရာတော်ဦးအာစာရအား လျှောက်ကြည့်ရာ အရှင်ပဏ္ဍိတကို မြင်သောအခါ ထိုမြေကွက်ကိုဝယ်ရန် မလိုကြောင်း မိမိမှလှူဒါန်းမည်ဖြစ်ကြောင်းဟု ပြောဆိုကာ ရက္ခမူချောင် အနောက်ပိုင်းရှိ ဇရပ်မြေ တစ်ဧကခန့်ခွဲပြီး လှူဒါန်းခဲ့သည်။

အရှင်ပဏ္ဍိတသိရီသည် ကျောင်းမြေရသဖြင့် ဝမ်းမြောက်ဝမ်းသာဖြစ်ကာ အမရပူရသို့ ပြန်လာခဲ့သည်။ မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သို့ဝင်ပြီး ဆရာတော်များကို ကန်တော့ရင်း စစ်ကိုင်းတောင်ရိုး၌ နေမည့်အကြောင်းစပ်မိ၍ လျှောက်ထားရာ ဆရာတော်ဦးအဂ္ဂမေ့က ဦးပဥ္စင်းငယ်ငယ်ရွယ်ရွယ်နှင့် စစ်ကိုင်းချောင်မှာ နေဖို့မတော်ကြောင်း မိန့်ခဲ့သည်။

အမရပူရမြို့ မင်္ဂလာတိုက်ဟောင်း စာချဆရာတော် (နောင်မင်္ဂလာတိုက်သစ် တိုက်ပိုင်ဆရာတော်) ဦးဓမ္မသာမိထံ၌ ပဋ္ဌာန်းဟောရန် အကြောင်းပြပြီးလျှင် လျှောက်ထားကာ ၁၉၂၆ ခုနှစ်၌ ကထိန်အပြီးတွင် ထွက်ခဲ့သည်။ လျှောက်ထားခဲ့သည့်အတိုင်း ဦးဓမ္မသာမိထံ၌ ကိုယ်တိုင်ဆိုဝါဖြင့် သီးခြားတစ်ဝါတောင်း၍ ပဋ္ဌာန်းကိုလည်း ဆိုရင်းဟောရင်း စစ်ကိုင်းတောင်ရိုး၌ နေရာရှာပြီး ကျောင်းနေရာ ပြုပြင်ထားသည်။

၁၉၂၆ ခုနှစ်တွင် ညောင်တုန်းသို့ ပြန်ကာ၊ စစ်ကိုင်းတောင်ရိုး၌ ကျောင်းနေရာ စီမံပြီးကြောင်းကို ညောင်တုန်းမှ ဆရာတော်များ ကြားသိတော်မူကြသဖြင့် များစွာ စိတ်မချမ်းမသာ ဖြစ်တော်မူခဲ့ကြသည်ဟု သိရသည်။

အရှင်ပဏ္ဍိတသိရီသည် ညောင်တုန်းမြို့သို့ ပြန်ရောက်သောအခါ ဆရာတော်များအား အကျိုးအကြောင်း လျှောက်ထားပြီး စစ်ကိုင်းတောင်ရိုး

၌ နေထိုင်ခွင့်ပြုရန် အကြိမ်ကြိမ် ခွင့်ပန်သော်လည်း ခွင့်မပြုသည့်အပြင် စစ်ကိုင်းတောင်ရိုး၌ နေချင်ရပါမည်လောဟု အပြစ်တင်ကြသည်။ ဆရာတော်များသည် အရှင်ပဏ္ဍိတသိရီကို ယုံကြည်အားကိုးတော်မူကြသည်။ အနေအထိုင်ကောင်းခြင်း စိတ်နေစိတ်ထား ရိုးသားဖြောင့်မတ်ခြင်း၊ စာတော်၍ စာရေးကောင်းခြင်းတို့ကြောင့် မိမိတို့နှင့်လက်တွဲပြီး သာသနာပြုစေချင်ကြသည်။ သို့ဖြစ်၍ အရှင်ပဏ္ဍိတသိရီကို အခြားသို့ မသွားစေချင်ကြပါ။

သို့သော် အရှင်ပဏ္ဍိတသိရီသည် ဖွဲရှိသူဖြစ်သည်။ စံကျောင်းဆရာတော်၊ တိုက်အုပ်ဆရာတော်များထံ ချဉ်းကပ်ပြီး အကြိမ်ကြိမ် ခွင့်တောင်းခွင့်ပန်သော်လည်း ခွင့်မပြုကြပေ။ ထိုကြောင့် အရှင်ပဏ္ဍိတသိရီသည် မိမိ၏ဝတ္တရားမှု ကျေပွန်ပြီဟုယူဆပြီး စစ်ကိုင်းတောင်ရိုးသို့ သွားရောက်နေထိုင်ရန် ဆုံးဖြတ်ကာ ၁၉၂၇ ခုနှစ်၌ ထွက်လာခဲ့တော့သည်။

ညောင်တုန်းက ဆရာတော်များနှင့် ဒါယကာများကလည်း သဘောမတူဘဲ ထွက်လာခဲ့ခြင်း ဖြစ်သောကြောင့် ကျောင်းဆောက်ပေးမည့် ဒကာလည်းမရှိ။ ဆွမ်းဒကာလည်းမရှိ။ အစ်မဝမ်းကွဲတော်သော မဂ္ဂင်ချောင်၌နေသော သီလရှင်မနန္ဒာက ရှိသမျှ ဝတ္တုကြေးစုပြီး ဝတ္တု ၇၀ဝိ/-တန် ဝါးကျောင်းကလေး ဆောက်လုပ်လှူဒါန်း၍ ယင်းဝါးကျောင်းကလေးနှင့် စိတ်အေးချမ်းသာနေရသဖြင့် ပျော်မွေ့နေခဲ့သည်။ ရွာတောင်ရွာသို့ နေ့စဉ်ဆွမ်းခံသွားသဖြင့် မျှတသည်။ ကျောင်းနေရာကို ပြည့်စုံစွာရသဖြင့် ရွှေဟင်္သာချောင်ဟောင်းကို တည်ထောင်ကာ တစ်ပါးတည်း သီတင်းသုံးတော်မူခဲ့သည်။

စစ်ကိုင်းသို့ ထွက်လာစဉ် အရှင်ပဏ္ဍိတသိရီနှင့်အတူ ကိုရင်နှစ်ပါး ကျောင်းသားတစ်ယောက် လိုက်ပါခဲ့ကြသည်။ ကျောင်းတိုက်အမည်ကို 'ရွှေဟင်္သာချောင်' ဟု အမည်မှည့်ခေါ်ရခြင်းမှာ ညောင်တုန်းမြို့ ရွှေဟင်္သာတောရကို အစွဲပြု၍ မှည့်ခေါ်ခြင်း ဖြစ်သည်။

၁၉၂၇ ခုနှစ်တွင် စစ်ကိုင်းတောင်ရိုး၌ ရွှေကျင်ဂိုဏ်းဝင် ကျောင်းပေါင်းသုံးဆယ်ကျော်နှင့် သံဃာပေါင်း နှစ်ရာကျော်ကျော်ရှိသည်။ ကိုရင်နှစ်ပါးအနက် တစ်ပါးမှာ ကိုရင် ဇိနဝံသဖြစ်ပြီး ကျန်တစ်ပါးမှာ အရှင်

ဓမ္မပိယ ဖြစ်သည်။ ကပ္ပိယအဖြစ် မောင်ဘသောင်းခေါ် ကျောင်းသားလေး တစ်ယောက်ကိုခေါ်ကာ အနည်းငယ်မျှ ပစ္စည်းပရိက္ခရာယူဆောင်ကာ ရွှေဟင်္သာတောရတိုက်ကြီးမှ ထွက်ခွာ၍ စစ်ကိုင်းတောင်ရိုးသို့ ကြွရောက်တော်မူခဲ့သည်။

အရှင်ပဏ္ဍိတသိရီသည် စစ်ကိုင်းရောက်စ ရွှေကျင်ဂိုဏ်း ဆရာတော်ကြီးများထံ သွားရောက်ကန်တော့ရာ ရွှေကျင်ဂိုဏ်းတွင် ထင်ရှားသည့် ညောင်တုန်းရွှေဟင်္သာတောရစံကျောင်းဆရာတော်၏ တပည့်တစ်ဦး ဖြစ်ကြောင်း သိရ၍ အရှင်ပဏ္ဍိတသိရီကို ညောင်တုန်းဘုန်းကြီးလေးဟု မြတ်မြတ်နိုးနိုးခေါ်ဝေါ်ကြပြီး ရက္ခမူချောင်ဆရာတော်ကြီးက အတူ လာနေရန်ပြောရာ အရှင်ပဏ္ဍိတသိရီသည် လွတ်လပ်စွာနေထိုင်မှုကို လိုလားသဖြင့် ဆရာတော်ကြီး၏ မိန့်ကြားချက်ကို လက်မခံခဲ့ပေဘဲ ရွှေဟင်္သာချောင် ဝါးကျောင်းကလေးတွင် စိတ်အေးချမ်းသာစွာ သီတင်းသုံးတော်မူခဲ့သည်။

ဝါးကျောင်းကလေးနှင့်နေထိုင်စဉ် တစ်ဘက်တွင်ရှိသော ဘုန်းကြီး ကျောင်းမှ ဘုန်းကြီးများက ရွှေဟင်္သာချောင် ဝါးကျောင်းကလေးအား ခဲနှင့်မကြာခဏပစ်ကြသည်။ သို့သော် ဆရာတော်က သည်းခံစိတ် အပြည့်ထားပြီး မေတ္တာပို့ တရားထိုင်ခဲ့သည်။ အချိန်ကြာလာသောအခါ ကျောင်းထိုင်ဘုန်းကြီးကိုယ်တိုင်ကပင် ဆရာတော်အား ကြည်ညိုနှစ်သက်လာပြီး ရွှေဟင်္သာဆရာတော်ထံ တပည့်ခံတော်မူသည်။

ဝါးကျောင်းကလေးတွင် နေထိုင်ရင်း ဆွမ်းခံစားခြင်း ကျင့်ဝတ်ကိုလည်း မပြတ်ကျင့်သုံးခဲ့သည်။ ဘုရားရှင်ကိုယ်တော်တိုင်ကလည်း မိမိ၏ ကျန်းမာရေးအရလည်း ဆွမ်းခံကြွခြင်းသည် လမ်းလျှောက်ခြင်းကိစ္စကို လည်း ပြီးစီးစေနိုင်သဖြင့် ကျန်းမာရေးအတွက် အထူးအထောက်အကူ ပြုလိမ့်မည်ဟု ယုံကြည်ချက်ရှိသည်။

အရှင်ပဏ္ဍိတသည် ဤဒေသနာတော်ကို ငယ်စဉ်ကာလကပင် လွန်စွာနှစ်ခြိုက် သဘောကြခဲ့သည်။ ညောင်တုန်းတွင် နေ့စဉ် ဆွမ်းမခံခဲ့ ရသဖြင့် စစ်ကိုင်းရောက်သောအခါ ၁၉၂၇ ခုနှစ်မှစ၍ စစ်ကိုင်းမြို့တွင်းသို့ ဆွမ်းခံကြွသည်။ ဝါကျွတ်သောအခါ စစ်ကိုင်းမြို့တွင်းသို့ မသွားတော့ဘဲ သီလရှင်ချောင်များသို့ ဆွမ်းခံသွားသည်။

၁၉၂၇ ခုနှစ်မှစ၍ နှစ်ပေါင်း သုံးဆယ့်ခုနှစ်တိုင်အောင် ရွာထောင်၊ ရွှေသမား၊ အိုးဘိုရွာများ၌ ဆွမ်းခံခဲ့လေသည်။ ဝတ္တုကြံနှင့် ပတ်သတ်၍ ဆွမ်းစားရိတ်အတွက် သပိတ်ဝတ္တုကြံသာ အကောင်းဆုံးဟု ရွှေဟင်္သာ ဆရာတော်က ယူဆသည်။ စံကျောင်းဆရာတော်ကိုယ်တိုင်က ရွှေဟင်္သာ ဆရာတော်၏ဝတ္တုကြံအယူအဆကို သဘောကြသဖြင့် ရွှေဟင်္သာဆရာတော် ထံပေးပို့သည့် စာတစ်စောင်တွင် ထည့်သွင်း မိန့်ကြားတော်မူဘူးသည်။

အရှင်ပဏ္ဍိတသိရီသည် စစ်ကိုင်းမြို့ စစ်ကိုင်းတောင်ရိုးသို့ ကြွရောက်တော်မူပြီးလျှင် ရွှေဟင်္သာတိုက်ဟောင်း၊ တိုက်သစ်များကို တည်ဆောက်တော်မူပြီးလျှင် ပရိယတ်၊ ပဋိပတ်လုပ်ငန်းများကို ကြိုးပမ်း အားထုတ်တော်မူပါသည်။ စာသင်သား သံဃာတော်ငါးဆယ်ကျော်ရှိလျှက် ပရိယတ္တိလုပ်ငန်းကို ဦးစားပေး အရေးထားဆောင်ရွက်တော်မူဆဲပင် ဖြစ် သည်။ ဆရာတော်ဘုရားကြီးသည် တစ်ဖက်မှ ပရိယတ်သာသနာကို အားပေးချီးမြှင့်ရင်း တစ်ဖက်မှလည်း ပဋိပတ်လုပ်ငန်းကို ဝိပဿနာပါတိက ခုတင်မှစ၍ အမြဲတစေ ကျင့်ကြံအားထုတ်တော်မူခဲ့သည်။

ရွှေဟင်္သာဘုန်းကြီးသည် ညောင်တုန်းတွင်နေစဉ်က ကျန်းမာရေး ချို့တဲ့သော်လည်း စစ်ကိုင်းရောက်သောအခါ ခပ်ဝေးဝေး ဆွမ်းခံသွားရ သဖြင့် အညောင်းပြေခြင်း၊ ဣရိယာပုထ်မျှတခြင်း၊ ဥတုသပ္ပါယ ဖြစ်ခြင်း၊ ကြေလွယ်သောအာဟာရကို မှီဝဲရခြင်း ဤဆေးသုံးခွက်ကြောင့် ရွှေဟင်္သာ ဆရာတော်ကြီး၏ ကျန်းမာရေးသည် တစ်နှစ်အတွင်းမှာပင် သိသိသာသာ တိုးတက်လာသည်။ ညောင်တုန်းတွင်နေစဉ်က အများအားဖြင့် စာမကျက် နိုင် အသံထုတ်ရလျှင် မောချင်သည်။ ဓမ္မစကြာကဲ့သို့သော စာမျိုးကိုပင် ဆုံးအောင်မရွတ်နိုင်။ စစ်ကိုင်းသို့ရောက်သောအခါ စာကျက်နိုင်လာသည်။ မောပန်းနွမ်းနယ်ခြင်း မရှိသလောက် ဖြစ်လာသည်။

ရွှေဟင်္သာဆရာတော်ကြီးသည် ကျန်းမာရေးကောင်းလာရာ စာပေ လေ့လာရန် စိတ်ဆန္ဒပြင်းပြလာသဖြင့် ရေးလက်စဖြစ်သည့် မြန်မာအလင်္ကာ ကျမ်း ခေါ် ကဗ္ဗတန်ဆာကျမ်းကိုလည်း ဆက်လက်ရေးသားရာ ၁၉၂၈ ခုနှစ်တွင် အပြီးသတ်နိုင်ခဲ့သည်။

မိကျောင်းရဲကျောင်းဆရာတော်ထံမှ ၁၉၂၄ ခုနှစ်တွင် ရောက်ရှိ လာသောစာတွင် ‘မောင်ပဏ္ဍိတ ငါအိုပြီ မင်းလာပြီးစောင့်ရှောက်ပါ။

မင်း မစောင့်ရှောက်နိုင်လျှင်လည်း စောင့်ရှောက်နိုင်မည့် ပုဂ္ဂိုလ်ကို ငါ ပေးချင်သည်' ဟု စာတွင်သည်။ ထိုစာရောက်လာသောအခါ ကျောင်းကို ရွှေဟသ်ာဆရာတော်ကြီးသည် စာချုပ်စာတမ်းနှင့်တကွ မိကျောင်းရဲ ဆရာတော်ကြီးထံ ပြန်လည်ပေးအပ်လိုက်သည်။

မိကျောင်းရဲကျောင်းကို စတင်တည်ထောင်သည့် ဆရာတော်မှာ မိကျောင်းရဲမြို့ကို အစွဲပြုပြီး မိကျောင်းရဲကျောင်းဟု ခေါ်တွင်ခြင်းဖြစ်သည်။ လက်ရှိမိကျောင်းရဲကျောင်းဆရာတော်မှာ လေးမျက်နှာမြို့ ဇာတိဖြစ်၍ ဘွဲ့တော်မှာ ဦးအာစာရ ဖြစ်သည်။

ရွှေဟသ်ာဆရာတော်ကြီးသည် စစ်ကိုင်းမြို့ကိုရောက်သည်မှစ၍ တစ်နှစ်ထက်တစ်နှစ် ကျန်းမာရေး ပိုမိုကောင်းမွန်လာသည်။ ဥပုသ်နေ့ တိုင်းလိုလို စစ်ကိုင်းတောင်ရိုးရှိ ရှေးကျသော ချောင်များ၊ စေတီပြိုနှင့် ကျောင်းပြိုကျောင်းပျက်များရှိရာသို့ အချိန်ရသဖြင့် လေ့လာရေးထွက်သည့် အပြင် သက်ကြီးရွယ်ကြီး ဆရာတော်ကြီးများထံ ချဉ်းကပ်ပြီး ရှေးဟောင်း နှောင်းဖြစ်များကို မေးမြန်းစုံစမ်းသည်။ ခနော်ခနဲ့ ယိုင်ရွဲ့နေသော စာတိုက် ကြိုစာတိုက်ကြားများတွင် စာပေဟောင်းများကို ရှာဖွေလေ့လာကြည့်ရှု သည်။ ငှားရမ်းကူးယူခဲ့သည်လည်း ရှိသည်။

ရွှေဟသ်ာဆရာတော်ကြီးသည် တတိယထွင့်ခေါင်ဆရာတော်နှင့် ကြွယ်လူးတောရဆရာတော်တို့ထံမှ ပဉ္စမထွင့်ခေါင်ဆရာတော်ကြီး၏ အကြောင်းအရာများကို ကြားနာမှတ်သားခွင့်ရရှိခဲ့သည်။ ကြံခင်းဆရာတော် ထံမှ ရွှေကျင်ဂိုဏ်းကို စတင်တည်ထောင်သည့် ပထမရွှေကျင်ဆရာတော် ကြီး၏ အတ္ထုပ္ပတ္တိများကို ကြားနာမှတ်သားခွင့် ရခဲ့သည်။

ရွှေဟသ်ာဆရာတော်သည် စစ်ကိုင်းတောင်ရိုးတွင် မိမိလေ့လာ ရရှိသမျှ အကြောင်းအရာများကို စုပေါင်း၍ ပထမထွင့်ခေါင်ဆရာတော် ဘုရားကြီးအမည်ရှိ သမိုင်းဝင်အတ္ထုပ္ပတ္တိကျမ်းတစ်စောင်ကို ၁၉၃၁ ခုနှစ် တွင် ပြုစုခဲ့သည်။

ပဉ္စမအကြိမ် သာသနာလုံးဆိုင်ရာ ရွှေကျင်နိကာယသံဃာ အစည်းအဝေးကြီးကို မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ်တွင် ၁၉၃၂ ခုနှစ်တွင် ကျင်းပပြုလုပ်ခဲ့သည်။ အစည်းအဝေးကျင်းပသည့် ရက်များမှာ ၁၉၃၂ ခုနှစ်၊ ဇွန် ၈၊ ၉၊ ၁၀ရက် ဖြစ်သည်။ ယင်းအစည်းအဝေးကြီးသို့

နယ်အစုံမှ ရွှေကျင်နိကာယ သံဃာကိုယ်စားလှယ်ပေါင်း ခြောက်ရာကျော် တက်ရောက်ခဲ့သည်။

ညောင်တုန်းမြို့ ရွှေဟင်္သာတောရတိုက် စံကျောင်းဆရာတော် သည် ထိုအစည်းအဝေးသို့ တက်ရောက်၍ ဆယ်ရက်ခန့် ကြိုတင်ကြွလာပြီး ရွှေဟင်္သာချောင်တွင် သီတင်းသုံးတော်မူသည်။ ၆ ဇူလိုင် ၁၉၃၂ ခုနှစ်တွင် စံကျောင်းဆရာတော်သည် ထိုအစည်းအဝေးသို့ တက်ရောက်ရန် မန္တလေး သို့ကြွတော်မူခဲ့သည်။ ရွှေဟင်္သာဆရာတော်သည် စံကျောင်းဆရာတော်၏ နောက်ပါရဟန်းအဖြစ် အစည်းအဝေးသို့တက်ရောက်ခဲ့ရသည်။

ပိဋကတ်အရာတွင် ပါမောက္ခတစ်ဆူ ဖြစ်တော်မူသော ဆရာတော် သည် မိမိတတ်ကျွမ်းသော စာပေကျမ်းဂန်များကို မိမိကဲ့သို့ တတ်သိတော် မူစေလိုသောဆန္ဒဖြင့် တပည့်အဆက်အဆက်တို့အား အခြေခံကျမ်းစာများ နှင့်တကွ အဋ္ဌကထာ၊ ဋီကာစသော ကျမ်းကြီးများ၏ အသွားအလာ အယူအဆ ကျနသေချာအောင် နည်းပေးလမ်းပြ ပို့ချပေးခဲ့သဖြင့် ပိဋကတ် အရာတွင် လိမ္မာကျွမ်းကျင်သော ပုဂ္ဂိုလ်ထူးများ များစွာထွန်းကားခဲ့ပေ သည်။

ရွှေဟင်္သာဆရာတော်သည် ကျန်းမာရေးကောင်းမွန်လာပြီး စာပေပို့ချစအခါ၌ တွဲဖက်လက်ထောက် စာချဘုန်းကြီး မရှိခဲ့ပါ။ တစ်ပါး တည်းပို့ချခဲ့၍ မိမိပို့ချသည့်တပည့်ထဲမှ ပထမကြီးတန်း စာချတန်းအောင် သူတို့ ထွက်ပေါ်လာသောအခါမှသာလျှင် အထောက်အပံ့ အကူအညီ ရရှိခြင်း ဖြစ်သည်။ ဤကဲ့သို့ တတ်စွမ်းသမျှ အားထုတ်လာခဲ့ရာ စာသင်သား သံဃာများလည်း တိုးပွားလာခဲ့သည်။

စစ်ကိုင်းတောင်ရိုးသို့ ရောက်သောအခါ အရှင်ပဏ္ဍိတသိရီသည် ကံအားလျော်စွာ အတိသုဒ္ဓါရုံဆရာတော်ကြီးအနီးသို့ ရောက်ရှိကာ ဆရာတော်ဘုရားကြီးထံ၌ စာဏကျနီတိ စာကိုယ်ဋီကာ၊ ဗုဒ္ဓဗောဓ စာကိုယ်ဋီကာ စသော သက္ကတကျမ်းစာတို့ကို သင်ကြား လေ့လာ ရသဖြင့် သက္ကတစာပေ၌ အထိုက်အလျောက် တတ်မြောက်ခဲ့သည်။

သက္ကတဘာသာဝင် အခြေခံကို ညောင်တုန်း ရွှေဟင်္သာတောရ တိုက်၌ နေစဉ်ကပင် အနည်းအကျဉ်း သင်ယူခဲ့ပြီး ဖြစ်သည်။ အတိသုဒ္ဓါရုံ ဆရာတော်ကြီးသည် မဟာဝိသုဒ္ဓါရုံဆရာတော်ကြီး၏ တပည့်ဖြစ်သည်။

အတိသုဒ္ဓါရုံဆရာတော်ကြီးသည် စာဏာကျနီတိကျမ်းကို ဋီကာနှင့် တွဲဖက်၍ပို့ချပေးသည်။ ဤကျမ်းသည် နောင်အခါ ရွှေဟင်္သာဆရာတော်အမည်ဖြင့် ရေးသားထုတ်ဝေသည့် ကျမ်းတစ်စောင် ဖြစ်လာခဲ့သည်။ စာဏာကျနီတိကျမ်းကုန်သောအခါ ဗုဒ္ဓဗောသေဒ္ဓါကျမ်းကို ဋီကာနှင့် တွဲဖက်ပို့ချသင်ယူရသည်။

ဗုဒ္ဓဗောသေဒ္ဓါကျမ်း ကုန်သောအခါ အခြားသဒ္ဒတကျမ်းများကို ဆက်လက်သင်ကြားရန် အခြားဘုန်းကြီးများနှင့် တိုင်ပင်ထားသော်လည်း အကြောင်းအရာ မညီညွတ်သဖြင့် မသင်ဖြစ်ခဲ့ပေ။

ရွှေဟင်္သာချောင်၌ ရှစ်နှစ်နေသောအခါ ရန်ကုန်မြို့ ကုန်သည်ကြီးဦးစစ်ကြူနှင့် ဒေါ်လှိုင်၊ သမီးများ ဖြစ်ကြသော ဒေါ်အန့်သူ၊ ဒေါ်ကြင်တို့က မြေ ၁၂ကေဒဿမ ၆၀ရှိသော မြေကိုဝယ်ယူ လှူဒါန်း၍ သိမ်တိုက်၊ ဆွမ်းစားတိုက်၊ ရေကန် စသည်တို့ကို တည်ဆောက်လှူဒါန်းကြသောကြောင့် 'ရွှေဟင်္သာတိုက်သစ်' ဟူသော အမည်ဖြင့် သံဃာခြောက်ပါးမှစ၍ စာသင်တိုက်ကလေးအဖြစ်ဖြင့် စွမ်းနိုင်သမျှ စာပေပို့ချခြင်း၊ စာကြည့်ခြင်း၊ စာရေးခြင်းတို့ဖြင့် ဆောင်ရွက်လာခဲ့ရာ စစ်ကိုင်းတောင်ရိုး ရွှေကျင်နိကာယ၏ ဝန်ဆောင်လေးပါးတွင် တစ်ပါးအပါဝင် ဖြစ်ခဲ့သည်။ ထို့ကြောင့် ၂၃ အောက်တိုဘာ ၁၉၃၆ ခုနှစ်တွင် ကျောင်းတိုက်ပနက်၊ သိမ်ပနက်ချ၍ သိမ်ကို စတင်သမုတ်ခဲ့ကြသည်။

သိမ်သမုတ်ရာတွင် ထိုစဉ်က ရွှေကျင်ဂိုဏ်း၏ ဦးသျှောင်ဖြစ်သည့် သတ္တမမြောက်ရွှေကျင်သာသနာပိုင်၊ ကျိုက်လတ်ပစ္ဆိမာရုံဆရာတော်၊ စံကင်းဆရာတော်၊ အဘယာရာမဆရာတော်၊ စည်ရှင်ဆရာတော်၊ အတိသုဒ္ဓါရုံဆရာတော်တို့ ဦးဆောင်ပါဝင်ကြသည်။ ဆရာရင်းဖြစ်သည့် ညောင်တုန်းမြို့မှ စံကျောင်းဆရာတော်နှင့် တိုက်အုပ်ဆရာတော်တို့မှာ ကျောင်းတိုက်ကထိန်နှင့် တိုက်ဆိုင်နေသဖြင့် မကြွရောက်နိုင်ကြပေ။

၂၃ အောက်တိုဘာ၊ ၁၉၃၆ ခုနှစ်သည် ဤကျောင်းတိုက် စတင်တည်ထောင်သောနေ့ဖြစ်သဖြင့် ထိုနေ့မှစ၍ သာသနာ့သမိုင်းတွင် ရွှေဟင်္သာတိုက်သစ်ကျောင်းဟု ရွှေကျင်ဂိုဏ်းဝင်ကျောင်းတိုက်တစ်တိုက် တိုးပွားလာခဲ့ပေတော့သည်။

ရွှေဟင်္သာဆရာတော်ကြီး၏ ငယ်စဉ်ဘဝနှင့် ရဟန်းအဖြစ်သို့ ရောက်ရှိခြင်း အကြောင်းအရာများကို ဖော်ပြချက်ဖြစ်သည်။ ဤသို့ဖော်ပြရာ၌ ဆရာတော်ကြီး၏ မွေးသက္ကရာဇ်၊ မိဘမျိုးရိုး၊ ဆရာတော်ကြီး၏ ထူးခြားချက်ဖြစ်သည့် ငယ်စဉ်ဘဝ၌ ရေပေါ်တွင် ပေါ်နေခြင်းနှင့် အင်္ဂရိတ်ဘုန်းကြီးတစ်ပါး မြှပ်နှံပေးခဲ့သော ရွှေရောင်ခတ်လုံးလေး၏ အစွမ်းကြောင့် အုတ်ခဲကျိုးဖြင့် နောက်ဆက်ကို အထုခံရသော်လည်း မည်သို့မျှ မဖြစ်ပုံ၊ ကျောင်းနေစဉ်အချိန် မူလတန်းအရွယ်တွင် ခရစ်ယာန်ကျောင်းတွင်နေရလင့်ကစား ဘာသာတရားအကြောင်း နားမလည်သော်လည်း ဘုရားဝတ်ပြုသွားလျှင် အလွန်ပျော်ရွှင်ပုံ၊ ကလေးသူငယ်ဘဝဖြင့် မိဘတို့၏ အရိပ်တွင် ခိုလှုံရင်း တစ်ဖက်တစ်လမ်းမှလည်း မိဘတို့အား လုပ်ကျွေးခဲ့ပုံကို ဦးစွာဖော်ပြခဲ့သည်။

ထို့နောက် လူလောက၏အနိဋ္ဌာရုံများကို တွေ့မြင်ကာ သံဝေဂဖြစ်ပြီး သာမဏေဘဝသို့ ရောက်ရှိပုံနှင့် အဦးဆုံးဆရာဖြစ်သည့် မိကျောင်းရဲဆရာတော်ကြီးထံ၌ စာပေသင်ကြားခဲ့ပုံ၊ ထိုစာပေများမှာ လောကုတ္တရာစာပေအဖြစ်ထက် ဗေဒင်လက်ရိုး စသည့် လောကီစာများဖြစ်နေသဖြင့် ကျေနပ်မှုမရဘဲ အခြားဆရာသမားများထံ ရောက်ရှိသွားပြီး မော်လမြိုင်၊ ရန်ကုန်မြို့များတွင် ခေတ္တမျှ ကျင်လည်ခဲ့ရာမှ ညောင်တုန်း၊ ရွှေဟင်္သာတောရကျောင်းတိုက်သို့ ရောက်ရှိခဲ့သည်။ ထိုကျောင်းတိုက်ရှိ ဆရာသမားတို့သည် ရွှေဟင်္သာဆရာတော်၏ ဘဝလမ်းတစ်လျှောက်တွင် မီးရှူးတိုင်သဖွယ် ထွန်းပြနိုင်မည့် ဆရာသမားများ ဖြစ်သဖြင့် ထိုကျောင်းတိုက်မှာပင် ဘုရားသားတော်အစစ် 'ဉပသမ္ပန္န' ခေါ် မြင့်မြတ်သည့် ရဟန်းဘဝသို့ ရောက်ရှိပုံတို့ကို ဖော်ပြထားသည်။

ထို့အပြင် ညောင်တုန်းမြို့ ရွှေဟင်္သာတောရကျောင်းတိုက်မှ တစ်ဆင့် ကျန်းမာရေးနှင့်အပ်စပ်သည်ဟု ယူဆရသော စစ်ကိုင်းတောင်ရိုးတွင် ကျောင်းနေရာရှာ၍ တစ်ပါးတည်း သီတင်းသုံးတော်မူပုံနှင့် စစ်ကိုင်းရောက်သည့်အချိန်မှစ၍ ကျန်းမာရေးအတွက် အထောက်အကူ ဖြစ်စေသည့် ဆွမ်းခံစားခြင်းကျင့်ဝတ်ကို မပြတ်ကျင့်သုံးခဲ့ပုံနှင့် ကျန်းမာရေး ကောင်းမွန်လာသည့်အခါ ကျမ်းပေါင်းများစွာကို ရေးသားပြုစုခဲ့ပုံ၊ ရွှေဟင်္သာဆရာတော်ကြီး၏ ဘုန်းတန်ခိုးကြောင့် ရွှေဟင်္သာတိုက်သစ် ဟူသော

ရွှေကျင်ဂိုဏ်းဝင်ကျောင်းတိုက်တစ်တိုက် တိုးပွားလာခဲ့ပုံများကို ဖော်ပြထားပါသည်။

## အခန်း - ၂
## ဆရာတော်ကြီး၏ စာပေကျမ်းဂန်များ

ရွှေဟင်္သာဆရာတော်ကြီး၏ စာပေကျမ်းဂန်များကိုဖော်ပြရာ၌ ကျမ်းစာလာအကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြရုံမျှမကဘဲ ဆရာတော် ကိုးကားသည့် ကျမ်းဂန်အထောက်အထား သာဓကတို့ကိုလည်း ထည့်သွင်း ဖော်ပြမည်ဖြစ်သည်။ ဥပုသ်သည်လက်စွဲကျမ်းသည် ရှာဖွေတွေ့ရှိရသည့် ကျမ်းစာများအနက် အဦးဆုံးကျမ်းစာ ဖြစ်သည်။ အမှတ်စဉ် - ၁ ဖြစ်သည့် အာစေရဝဏ္ဏနာပျို့သည် လက်ရေးမူအဖြစ်မှပင် ပျောက်ဆုံးသွားသော ကျမ်းစာဖြစ်ပြီး ဟိစပနနိပါတတ္ထဒီပနီကျမ်းမှာလည်း ကျမ်းတစ်စောင်မျှ ဖြစ်၍ ယခုအခါ ပျောက်ကွယ်နေပြီ ဖြစ်သည်။ ဥပုသ်သည်လက်စွဲ ကျမ်းကို ဆရာတော် သက်တော်သုံးဆယ့်တစ်နှစ်အရွယ် ၁၉၂၄ ခုနှစ်တွင် ရေးသား ပြုစုသောကျမ်းစာ ဖြစ်သည်။ ကျမ်းပြီးနိဂုံး၌ -

> ဤတွင်သက်တော် ရှစ်ဆယ့်နှစ်နှစ်၊ သိက္ခာဝါတော် ခြောက် ဆယ့်သုံးဝါအရ ရန်ကုန်မြို့ကျောင်းတော်ရာ ရွှေကျင်ဆရာတော် ဘုရားကြီး၏ သဒ္ဓိဝိဟာရိကတပည့် ညောင်တုန်းမြို့ရွှေဟင်္သာ တောရတိုက် စံကျောင်းဆရာတော်ဘုရား၊ တိုက်အုပ်ဆရာတော် ဘုရားနှစ်ပါး၏ အန္တေဝါသိက တပည့်ရင်းဖြစ်သော ညောင်တုန်း မြို့ ရွှေဟင်္သာတောရတိုက် ဦးပဏ္ဍိတသည်···

စသည်ဖြင့် ရေးသားထားသည်။

ဗုဒ္ဓဘာသာဝင် ဥပုသ်သည်လက်စွဲ ဟူသော အမည်နှင့်အညီ ဗုဒ္ဓဘာသာဝင် သူတော်စင်တို့ ငါးပါး၊ ရှစ်ပါး၊ ကိုးပါး၊ ဆယ်ပါးသီလနှင့် စပ်လျဉ်းသည့် သိသင့် သိထိုက်ဖွယ်တို့ကို မြန်မာစကားပြေ သက်သက်ဖြင့် လိုရင်းတိုရှင်း ရေးသားထားသော ကျမ်းဖြစ်သည်။ ဩကာသ ကန်တော့ ခန်းမှစ၍ သိသင့်သိထိုက်သည့် အဓိပ္ပါယ်တို့ကို ရေးသား ဖော်ပြထားသည်။ ဥပမာ - လက်အုပ်ချီမိုး၍ဟုဆိုရာ၌ ပဒုံမာကြာဖူးသဏ္ဍာန်အားဖြင့်

လက်ဆယ်ချောင်းကို ပေါင်းစုံယှက်တင်ထားသည်။ အလားတူရှိနိုးရာ၌ ထိခြင်းငါးပါးရှိပုံ၊ ထိခြင်းငါးပါးတွင်လည်း ခြေဖဝါးနှစ်ဖက်မြေ၌ထိခြင်း တစ်ပါး၊ လက်ဖဝါးနှစ်ဖက်မြေ၌ထိခြင်း တစ်ပါး၊ နဖူးသည်မြေ၌ထိခြင်း တစ်ပါး၊ တစ်တောင်နှစ်ဖက်မြေ၌ထိခြင်း တစ်ပါး၊ ဒူးသည်မြေ၌ထိခြင်း တစ်ပါး စသည်ဖြင့် ငါးပါးရှိပုံတို့ကို ဖော်ပြထားသည်။ အလားတူပင် အပါယ်လေးပါး၊ ကပ်သုံးပါး စသည်တို့ကိုလည်း သရုပ်သဘောင်နှင့်တကွ ဖော်ပြထားသည်။ ထိုနောက်သရဏဂုံနှင့်စပ်၍ မှတ်သားဖွယ်၊ ပါဏာတိပါတစသော သိက္ခာပုဒ်များနှင့်စပ်၍ မှတ်သားဖွယ်တို့ကို ရှင်းလင်းစွာ ဖော်ပြထားသည်။ ဤကျမ်းစာကို စာမျက်နှာ ၃၇ မျက်နှာဖြင့် ပြီးစီးအောင် ရေးသားထားသည်။

မြန်မာအလင်္ကာကျမ်းကို ရွှေဟင်္သာဆရာတော်သည် ၁၉၂၈ ခုနှစ်၊ သက်တော် သုံးဆယ့်ငါးနှစ်အရွယ်တွင် ရေးသားခဲ့သည်။ ထိုကျမ်းကို ခေတ်သစ် မြန်မာစာပေပညာရှင်များအနေဖြင့် ပါဠိနှင့် အလှမ်းဝေးကွာသည် ထက်ဝေးကွာလာကာ ဂုဏ်ရသအလင်္ကာများနှင့် ပတ်သက်၍ သိရှိနားလည်သူ နည်းပါးလာကြသည်။ ထို့ကြောင့် ရွှေဟင်္သာဆရာတော်သည် အလင်္ကာအရာ ကျွမ်းကျင်လိမ္မာစေရန် မြန်မာအလင်္ကာကျမ်းကို ရေးသားပြုစုခြင်း ဖြစ်သည်။ ကျမ်းဦးနိဒါန်း၌ -

> မာဂဓသက္ကတဘာသာတတ်၊ မတတ် မြန်မာအမျိုးသားမှန်သမျှ ရဟန်း၊ ရှင်၊ လူ မည်သူမဆို မိမိတို့ ဘာသာစာနှင့်သာလျှင် လွယ်လွယ်ကူကူ လေ့လာသင်ကြားခြင်းဖြင့် အလင်္ကာကျမ်းအတတ်ကို ကောင်းစွာ တတ်ကျွမ်းနားလည်ကြကုန်၍ ပညာလက်ရှိ ကဝိအပါအဝင် ဖြစ်သော မြန်မာအမျိုးသား၊ အမျိုးသမီးမြောက်များစွာ ပေါ်ထွက်လျက် ကောင်းမြတ်ကျော်စောသော သတင်းသည်လည်း ကမ္ဘာအတွင်း၌ အနှံ့အပြားသင်းကြိုင်မွှေးစေလိုသော ဆန္ဒကောင်း ရှေ့သွားဖြင့် ဤမြန်မာအလင်္ကာကျမ်းကို စီရင်ခြင်း ဖြစ်ပေသည်။

ဟု ကျမ်းပြုရခြင်း၏ ရည်ရွယ်ချက်ကို အတိအလင်း ထုတ်ဖော်ခဲ့သည်။

မြန်မာအလင်္ကာကျမ်းမှာ မြန်မာသက်သက်ဖြင့် ပြန်ဆိုရေးသားထားသော ကျမ်းဖြစ်သည်။ ဒေါသအခြေ၊ ဂုဏ်၊ ရသတို့ကို ဖွင့်ဆိုရာ၌

ပါဠိကို တတ်နိုင်သမျှရှောင်၍ စပ်ရာအပိုင်းတို့၌ပို၍၊ ကဗျာ၊ လင်္ကာ စသည်တို့လာ ပြယုဂ်တို့ကို ထုတ်နှုတ်ကိုးကား၍ မြန်မာဘာသာဖြင့် ရှင်းလင်း ဖော်ပြထားသဖြင့် မြန်မာအလင်္ကာဟူသောအမည်ဖြင့် လိုက်လျော ညီထွေ ရှိပေသည်။

ဤကျမ်း၏ အစီအစဉ်မှာ ပထမပိုင်းတွင် ဒေါသနှင့် ဒေါသ အဖြေကိုလည်းကောင်း၊ ဒုတိယပိုင်းတွင် သဒ္ဒါလင်္ကာရကိုလည်းကောင်း၊ တတိယပိုင်းတွင် အတ္ထာလင်္ကာရကိုလည်းကောင်း၊ စတုတ္ထပိုင်းတွင် ရသာ ဘာဝဟူ၍လည်းကောင်း လေးပိုင်းခွဲထားသည်။ ပထမပိုင်းဖြစ်သည့် ဒေါသနှင့် ဒေါသအဖြေပိုင်းတွင် ပဒဒေါသ ရှစ်မျိုး၊ ဝါကျဒေါသကိုးမျိုး၊ ဝါကျတ္ထဒေါသခြောက်မျိုးတို့ကို အမည်နှင့် အဓိပ္ပာယ်ယှဉ်တွဲ ပြထားသည်။ ပုဒ်၌ဖြစ်တတ်သော ပဒဒေါသ ရှစ်မျိုးကို ဖော်ပြရာ၌ -

၁။ ဆန့်ကျင်ဖက်အနက်တစ်ပါးရှိသောအပြစ် ဝိရုဒ္ဓတ္ထန္တရဒေါသ၊

၂။ ဂုဏ်ကြီးလွန်းသောအပြစ် အချုတ္ထဒေါသ၊

၃။ အသိခက်သောအပြစ် ကိလိဋ္ဌဒေါသ၊

၄။ ဖြစ်ရိုးဖြစ်စဉ်နှင့် ဆန့်ကျင်သောအပြစ် ဝိရောဓိဒေါသ၊

၅။ ပုဒ်တစ်ပါးကိုဆောင်ယူရသောအပြစ် နေယျဒေါသ၊

၆။ ဝိသေသနပုဒ်ကိုငဲ့သောအပြစ် ဝိသေသနပေက္ခဒေါသ။

စသည်ဖြင့် ရေတွက်ပြထားသည်။ ဝါကျဒေါသကိုးမျိုးအနက် ဝါကျ၌ ဖြစ်တတ်သော အပြစ်သုံးမျိုးကို ဖော်ပြရာ၌ -

၁။ အနက်တစ်ခုတည်းကိုသာထပ်၍ဆိုသောအပြစ် ဧကတ္ထ ဒေါသ၊

၂။ စကားစဉ်ကျိုးပြတ်သောအပြစ် ဘဂ္ဂရီတိဒေါသ၊

၃။ ပုဒ်အနေအထား ရှုပ်ထွေးသောအပြစ် ဗျာကိဏ္ဏဒေါသ။

စသည်ဖြင့် ရေတွက်ပြသည်။ အလားတူပင် ဝါကျတ္ထဒေါသ ခြောက်မျိုး တို့ကို ဖော်ပြရာ၌လည်း -

၁။ ရှေ့နောက်စကားအစဉ်ပျက်သောအပြစ် အပက္ကမဒေါသ၊

၂။ အသင့်ယုတ္တိမရှိသောအပြစ် ဩစိတျဟီနဒေါသ၊

၃။ ဝိဘတ်နက်ကျိုးသောအပြစ် ဘဂ္ဂရီတိဒေါသ။

စသည်ဖြင့် ရေတွက်ပြထားသည်။

ဤသို့ပါဠိ အမည်နာမနှင့် မြန်မာအနက်တို့ကို ယှဉ်တွဲဖော်ပြထားသဖြင့် ဖတ်ရှုလေ့လာသူတို့အတွက် သိသာလွယ်ကူလှသည်။ ဆရာတော်သည် ဤသို့ဖြင့် ဒေါသများကို အကျဉ်းရေတွက်ပြပြီး ဒေါသတစ်ခုစီ၏အဖြေများကို ပြယုဂ်များ ထုတ်ဆောင်၍ ရှင်းလင်းပြထားသည်။

ဒုတိယပိုင်းဖြစ်သည့် သဒ္ဒါလင်္ကာရပိုင်းကို ဖော်ပြရာ၌လည်း-

၁။ ကြည်ညိုဖွယ်ရှိခြင်း ပသာဒဂုဏ်
၂။ ကျဉ်းခြင်း၊ ချုံ့ခြင်း သြဇဂုဏ်
၃။ ချိုသာခြင်း မဓုရတာဂုဏ်

စသည်ဖြင့် ရေတွက်ပြထားသည်။ ထိုနောက် ဆောင်ပုဒ်လင်္ကာကို ဖော်ပြထားပြီး ဂုဏ်တစ်ခုစီ၏ အဓိပ္ပာယ်အကျယ်ကို ပျို့၊ ကဗျာ၊ လင်္ကာများနှင့် ကိုးကား၍ မကျဉ်းမကျယ် ရှင်းပြထားသည်။

တတိယပိုင်းဖြစ်သည့် အတ္ထာလင်္ကာရပိုင်းတွင် အနက်တန်ဆာဖြစ်သော အတ္ထာလင်္ကာရတို့ကို ရှေးနည်းအတိုင်း ဖွင့်ဆိုရေးသားထားသည်။ ဤသို့ဖွင့်ဆိုရာ၌ ဆရာတော်ရေးသားသည့် အောက်ပါတိုက်တွန်းချက်တစ်ရပ်မှာ စိတ်ဝင်စားဖွယ် ကောင်းလှသည် -

> ပထမပိုင်း၌ ပြခဲ့သော အပြစ်ဒေါသတို့မှ ကင်းစင်သော အစီအကုံး၊ အဖွဲ့အဆိုသည် ပင်ကိုပကတိအားဖြင့် ရုပ်ရည်လှပချောမောသောမိန်းမပျိုနှင့်တူ၏။ ဒုတိယပိုင်းတွင် ထုတ်ပြခဲ့သော ဂုဏ်တို့သည် မိန်းမ၌ လင်ဝတ်စသည်ပြည့်စုံ၍ အရာရာ၌ လိမ္မာရေးခြားရှိခြင်း စသောဂုဏ်တို့နှင့်တူကုန်၏။ ဆိုလတ္တံ့သော အတ္ထာလင်္ကာရတို့သည်ကား - ပုတီး၊ နားဋောင်း စသော အဆင်တန်ဆာတို့နှင့် တူကုန်၏။ သို့ကြောင့် ပင်ကို ချောမောသော မိန်းမ၌ သီလဗလ၊ ဘောဂဗလ စသောဂုဏ်နှင့် ပြည့်စုံ၍ ပုတီး၊ နားဋောင်း စသော ဝတ်စားတန်ဆာတို့ကို ဆင်ယင်အပ်ပါမူ မြင်တွေ့ကြသူတိုင်း ချစ်ခင်နှစ်သက်ဖွယ် အလွန်တင့်တယ်သကဲ့သို့ ထိုအတူ အပြစ်ဒေါသကင်းစင်သောအဖွဲ့၌လည်း ရုပ်တည်းဟူသော သဒ္ဒါလင်္ကာရရှိစေခြင်းလျှင် အနက်တန်ဆာ - ဟူသော အတ္ထာလင်္ကာရနှင့်လည်း ပြည့်စုံစေပါမူ ပညာရှိကြီးများ၊ အလွန်နှစ်သက်ဖွယ်ဖြစ်သဖြင့် အတ္ထာလင်္ကာရနှင့်လည်း ပြည့်စုံစွာ

စီကုံးရေးသား စွမ်းနိုင်စေရန် ဤတတိယပိုင်းကိုလည်း အားကြိုးမာန်တက် သင်ကြားလေ့လာသင့်ကြလှပေသည်။

ဆရာတော်သည် ဤတိုက်တွန်းချက်နှင့်အညီ ရှုပ်ထွေးများပြားလှသော အတ္ထာလင်္ကာရတို့ကို ခွဲခြားဖွင့်ဆိုသည်။ ဆရာတော်သည် အရေအတွက် များပြားသော ဤအလင်္ကာတို့ကို ကျမ်းစာ၏ တစ်ဝက်နီးပါး စာမျက်နှာတို့ဖြင့် ရှင်းလင်းထားသည်ကို တွေ့ရသည်။

စတုတ္ထပိုင်းဖြစ်သည့် ရသာဘာဝပိုင်းတွင်လည်း ဘာဝ၊ ဝိဘာဝ၊ အနုဘာဝတို့၏သဘောကို ဦးစွာ ရှင်းလင်းပြထားသည်မှာ -

> စိတ်၏ဖောက်ပြန်ခြင်း၊ စိုးရိမ်ကြောင့်ကြခြင်း စသော စိတ်သဘောမျိုးသည် ဘာဝမည်၏။ ဘာဝတို့၏ ထင်ရှားဖြစ်ပေါ်ကြောင်းသည် ဝိဘာဝမည်၏။ ဘာဝ၏အကျိုးလည်းဖြစ်၍ ဘာဝကို သိကြောင်း ဉာပကဟိတ်ဟူသော သဘောသည် အနုဘာဝမည်၏။

ဟူ၍ဘာဝ၊ ဝိဘာဝ၊ အနုဘာဝတို့၏ သဘောကို အရှင်းဆုံး၊ အကျယ်ဆုံး၊ ဖော်ပြသည်။ အထက်ပါဆရာတော်၏ ဖော်ပြချက်မှာ ချစ်ခြင်း (သိင်္ဂါရရသ)၊ ပြုံးရယ်ခြင်း (ဟာသရသ)၊ သနားခြင်း (ကရုဏာရသ) စသည့် ခံစားမှု ကိုးပါးတို့မှာ မည်သည့်အကြောင်းကြောင့် ရသမည်ကြောင်း ရှင်းလင်းစွာ ဖော်ပြချက်များ ဖြစ်သည်။ ထိုနောက် ဆရာတော်သည် ရသတစ်ခုစီကို ကဗျာလင်္ကာ ပြယုဂ်များဖြင့် ရှင်းလင်း ဖော်ပြထားသည်။

နိဂုံးကဗျာ၌ ဆရာသမားများက မိမိအား ပညာအမွေပေးခဲ့ပုံကို-

> ကေရီအထွဋ်၊ ဆရာမြတ်တို့၊ သတ္တသီဟ၊ ပေါတကဟူ၊
> ငါ့ကို မူလည်း၊ ရွှေဂူဟံသ၊ အာရာမဒွိ၊ မိဘမေတ္တာ၊ ကရုဏာဖြင့်၊
> ပညာပြိုးပြက်၊ လျှာနှင့်လျက်၍၊ နေ့ရက်မကွာ၊ အစာအဟာရ၊
> ကျွေးကုန်ကြ၍၊ မွေးကြလေရာ၊ ဤမျှငါကြီး၊ ဤတောကြီးဝယ်၊
> ထီးထီးဘာသာ၊ ငြိမ်းချမ်းစွာဖြင့်၊ ယထာသတ္တိ၊ နေနိုင်ဘိ၏။

ဟု ဆရာသမားများ၏ အနန္တကျေးဇူးတော်ကြောင့် ဤစစ်ကိုင်းတောင်ရိုးတောကြီးအတွင်း ကေစာရီကျင့်သုံးကာ ချမ်းသာစွာနေရကြောင်းကို ဖွဲ့ဆိုထားသည်။ 'လျှာနှင့် လျက်၍၊ နေ့ရက်မကွာ၊ အစာအဟာရ၊ ကျွေးကုန်ကြ၍' ဟုဖွဲ့ဆိုထားခြင်းမှာ အလင်္ကာဂုဏ်မြောက်၍ အနက်အဓိပ္ပာယ်

ထိမိလှသည်။ ထို့နောက် ဤကျမ်းစာကို ပြုစုခြင်းဖြင့် မိဘတို့၏ ကျေးဇူးကိုလည်း ဆပ်ရာရောက်၍ နောင်လာနောက်သား မြန်မာအမျိုးသားတို့အတွက် စကားအရာ၊ ကဗျာအလင်္ကာအရာတို့၌ ကျေးဇူးပြုရာ ရောက်ကြောင်းကိုလည်း

…မာတာပိတု၊ ဗဟုပကာ၊ ဂုဏ်များစွာကို၊ ဆပ်ရာလည်း
ရောက်စဉ်၊ မပျောက်ပဲ၊ နောက်ပေါက်နောင်းဖွား၊ မြန်မာများတို့၊
စာသားမြန်မာ၊ ပျို့ကဗျာနှင့်၊ လင်္ကာဖွဲ့ယင်၊ စကားပြင်မှ၊ အာဒိ
စ၍၊ ဗန္ဓဂါထာ၊ ဝါကျစုဏ္ဏိ၊ ပါဠိဖွဲ့ထုံး၊ စီရင်ကုံးလည်း၊ သုံးနှုန်း
ယဉ်ကျေး၊ ဂုဏ်ရောင်ပြေး၍ ၊ နက်လေးတန်ဆာ၊ သဒ္ဒါအတ္ထ၊
လင်္ကာရနှင့်၊ ရသထင်ထင်၊ ပြည်စုံလင်ဘို့၊ ရေးစဉ်နည်းထုံး၊
မပျက်သုံး၍၊ သီကုံးတူကွ၊ ပုံစံပြု၍၊ မြန်မာ့အလင်္ကာ၊ သညာဂုဏ်
လွှမ်း၊ ဤစာတမ်းကို၊ ဆုံးခန်းတိုင်မြောက်၊ အပြီးပေါက်အောင်၊
မထောက်မနား၊ ငါရေးသား၍…

စသည်ဖြင့်ဖော်ပြပြီး၊ ဤကျမ်းစာကို ရေးသားရခြင်းအတွက် အရိမေတ္တေယျဘုရားရှင်လက်ထက်တော်၌ လူမြတ်အဖြစ် ကျွတ်တန်းဝင်ရပါလိုကြောင်း

… စောနှောင်းသတ္တာ၊ မိတေယျာလျှင်၊ ကြော်ငြာထင်ရှား၊
မြတ်ဘုရားဟု၊ ပွင့်ငြားထိုခါ၊ လူ့ပြည်ရွာ၌၊ ချမ်းသာမြင့်မြတ်၊
တိဟိတ်ဇာတ်ဖြင့်၊ ဉာဏ်ဓာတ်တောက်ဟီး၊ မျိုးဆွေကြီး၌၊
ထိပ်သီးပမာ၊ များပညာ၍၊ သညာပဏ္ဍိတ်၊ ဂုဏ်ထူးဟိတ်ဖြင့်၊
အာဒိစ်ထွတ်ဖျား၊ ဟောတရားကို၊ ကြားစဉ်မတ္တ၊ ထိုခဏ၌၊
ပဋ္ဌပဋိသမ်၊ အဘိဉာဏ်တည့်၊ ရှစ်တန်သမာပတ်၊ ပြည်စုံလတ်၍၊
အရဟတ္တဖိုလ်၊ ရယူလိုကြောင်း ၊ ဆုပန်တောင်းသည်၊ ဝဋ္ဋ
ကြောင်းဝဋ္ဋနွယ် မဆက်ပြီ။

ဟုဆုတောင်းပြုထားသည်။ ထိုကျမ်းသည် စာမျက်နှာ ၂၉၇ မျက်နှာ ရှိပါသည်။ ထို့ကြောင့် ဆရာတော်ကြီး၏ မြန်မာလင်္ကာကျမ်းသည် စာပေ ရေးသားပြုစုလိုသူတိုင်း သုံးစွဲကြရမည့် ကျမ်းတစ်စောင် ဖြစ်ပါကြောင်း ယူဆသည်။

ပထမထွဋ်ခေါင်ဆရာတော်ဘုရားကြီးအကြောင်းကို ဖော်ပြရာတွင် မြန်မာဗုဒ္ဓဘာသာဝင်သမိုင်းတွင် နေလိုလလိုထင်ရှားသော ပုဂ္ဂိုလ်ကြီး

တစ်ပါးကိုညွှန်ပြပါဆိုလျှင် ထွင့်ခေါင်ဆရာတော်ဘုရားကြီးကို ညွှန်ပြကြမည်ဖြစ်သည်။ ဤအကြောင်းကို သတိပြုမိသော ရွှေဟင်္သာဆရာတော်သည် ရွှေကျင်နိကာယ သာသနာဝင်သမိုင်း၊ ပထမထွင့်ခေါင်ဆရာတော်ဘုရားကြီးအကြောင်းကိုလည်း ရေးသားခဲ့သည်။

ထွင့်ခေါင်ဆရာတော်ကြီးသည် မြန်မာနိုင်ငံသာသနာရေးသမိုင်း၌ မှတ်တမ်းတင်လောက်သည့် သာသနာ့အာဇာနည်တစ်ပါးဖြစ်သည်။ ယင်းနှင့်စပ်လျဉ်း၍ ရွှေဟင်္သာဆရာတော်က -

ဆရာတော်ဘုရားကြီးသည်ကား သာမန်ပုဂ္ဂိုလ်ကြီး မဟုတ်ချေ။ ရဟန်းသိက္ခာရှစ်ဝါခန့်အရွယ်၊ ငယ်စဉ်ကစ၍ အသက်ထက်ဆုံး အရညဝါသီဓုတင်ဆောင်တော်မူသော ယောဂီပုဂ္ဂိုလ်မြတ်ကြီးဖြစ်သည့်ပြင်၊ လူ့ခဂုဏ်နှင့် ပြည့်စုံတော်မူသော သီလာမာမကလဗ္ဗီ သူတော်ကောင်း ပုဂ္ဂိုလ်မြတ်ကြီးတစ်ဦးဖြစ်တော်မူသည်။ ဗုဒ္ဓဘာသာအမျိုးသားတို့၌ သာသနာဂုဏ်ဆောင် တံခွန်သဖွယ်ဖြစ်သော ထိုဆရာတော်ဘုရားကြီးအကြောင်းဇစ်မြစ်ကို စင်စစ်သိမှတ် ကြည်ညိုလိုက်သည်ဖြစ်သောကြောင့် မိမိစုံစမ်းရမည့် သိရှိသမျှ မလိုမပိုအများ ကြည်ညိုရစေခြင်း၊ ဗဟုသုတရကြစေခြင်းငှာ ရေးသားမည် ဖြစ်သည်။

စသည်ဖြင့် အချီးစကား၌ ရေးသားထားသည်။

ဆရာတော်ကြီး၏ ထေရုပ္ပတ္တိ ရေးသားရခြင်းအကြောင်းရင်းကို ဖော်ပြထားသည့်အပြင် မြန်မာနိုင်ငံသာသနာသမိုင်း၌ ထွင့်ခေါင်ဆရာတော်နည်းတူ ပဋိပတ္တိအရာ၌ ထိပ်ဆုံးအဆင့်သို့ ရောက်ရှိခဲ့သည့် သီလုံးဆရာတော်ကြီးအကြောင်း၊ သီလုံးဆရာတော်နှင့် ဆရာတူတပည့်ဖြစ်၍ ခင်မင်ရင်းနှီးသည့် အရှင်ခေမာအကြောင်းတို့ကို အချီးစကားတွင် ရေးသားခဲ့သည်။

ထွင့်ခေါင်ဆရာတော်၏ ထေရုပ္ပတ္တိကို တင်ပြရာတွင်မူ ထေရုပ္ပတ္တိကျမ်းများ၏ ထုံးစံအတိုင်း ငယ်စဉ်ဘဝ၊ စာသင်သားဘဝ၊ ရဟန်းငယ်ဘဝ၊ ဆရာတော်ဘဝ၊ အကျင့်သီလတို့ကြောင့် နိုင်ငံအထွင့်အထိပ်သို့ ရောက်သောဘဝတို့ကို အဆင့်ဆင့် ဖော်ပြထားကြောင်း တွေ့ရသည်။ ထွင့်ခေါင်ဆရာတော်သည် ၁၇၉၈ ခုနှစ်ဖွားဖြစ်၍ ဇာတိမှာ လေးမျက်နှာမြို့

အနီး မြင်းကုန်းရွာဖြစ်သည်။ ခမည်းတော်၊ မယ်တော်တို့မှာ ဦးလူကြီး၊ ဒေါ်မေတို့ဖြစ်၍ ငယ်မည်မှာ မောင်စို ဖြစ်သည်။

ထွင့်ခေါင်ဆရာတော်သည် ငယ်စဉ်ကပင် ထက်မြက်နက်သန်သော ဉာဏ်ပိုင်ရှင် ဖြစ်သည်သာမက အကျင့်သီလနှင့်လည်း ပြည့်စုံပေရာ ဘကြီးတော်မင်းတရားလက်ထက် မိဖုရားကြီး၏ အထောက်အပံ့တို့ကို ခံယူရရှိခဲ့သည်။ ရဟန်းရှစ်ဝါအထိ ပရိယတ္တိကျမ်းဂန်များကို သင်ယူဆည်းပူးပြီး မကြာမီ တောထွက်တော်မူသည်။ တောရနေဘဝဖြင့် ထိုသို့နေရာအသီးသီး ပြောင်းရွှေ့ခဲ့ပြီး နောက်ဆုံး ရတနာထွင့်ခေါင်စေတီတော်အနီး၌ သီတင်းသုံးသဖြင့် ထွင့်ခေါင်ဆရာတော်ဟုတွင်သည်။ အကျင့်သီလလွန်ကဲသဖြင့် ဆင်ရိုင်းများက ဦးညွတ်ခြင်း၊ တောလိုက်မုဆိုးများက တောကောင်ထင်၍ သေနတ်ဖြင့်ပစ်မည်ပြုစဉ် ကာယကံရှင် မူးဝေ၍လဲကျခြင်းစသည့် အဖြစ်ဆန်းများကိုလည်း တွေ့ရသည်။ မင်းတုန်းမင်းတရားကြီး လက်ထက်၌ အထွင့်အထိပ်သို့ ရောက်ရှိပြီး သုဓမ္မာသာသနာပိုင် ဆရာတော်တို့၏အာဏာဖြင့် ဆင့်ခေါ်နိုင်သည့်ဘဝမှ လွတ်ကင်းခဲ့ရသော ဆရာတော်ကြီးတစ်ပါးဖြစ်သည်။

ဆရာတော်ကြီးသည် -

၁။ ရာဇပါမောဒ္ဒကျမ်း၊

၂။ ဓမ္မပါမောဒ္ဒကျမ်း၊

၃။ ပကိဏ္ဏကပါမောဒ္ဒကျမ်း၊

၄။ ပီတိပါမောဒ္ဒကျမ်း၊

၅။ သံဝေဂပါမောဒ္ဒကျမ်း၊

၆။ သဇ္ဈာသယပါမောဒ္ဒကျမ်း၊

၇။ သမန္တပါမောဒ္ဒကျမ်း၊

၈။ သာဓုဇနပါမောဒ္ဒကျမ်း။

စသည့် ကျမ်းရှစ်ကျမ်းကို ပြုစုခဲ့သည်။ ထိုပြင် တရားဓမ္မများကို လူအများလိုက်စားလာစေရန် တိုက်တွန်းရာတွင် လွယ်ကူစွာ မှတ်မိစေရန်အလို့ငှာ သံပေါက်များ ရေးသားခဲ့သည်။ ဆရာတော်ကြီးသည် သာသနာ့အကျိုး၊ ဒါယကာ၊ ဒါယိကာမတို့၏အကျိုးကို သယ်ပိုးရွက်ဆောင်ပြီး သက်တော်ရှစ်ဆယ်အရွယ် ရဟန်းသိက္ခာ ခြောက်ဆယ့်တစ်ဝါ ၁၈၈၀ ပြည့်နှစ်တွင်

တစ်ဘဝ ခန္ဓာရုပ်သိမ်းကြောင်း ထေရုပ္ပတ္တိကျမ်း၌ ရေးသားထားသည်ကို တွေ့ရသည်။ ဤကျမ်းသည် ဆရာတော်ရေးသားသည့် ရှားရှားပါးပါး ထေရုပ္ပတ္တိကျမ်းစာတစ်အုပ်ဖြစ်သည်။ ဆရာတော်ကြီး သက်တော်ရှစ်ဆယ် နှစ်တွင် ရေးသားထားသည့် ကျမ်းစာဖြစ်သည်။

စာဏကျနီတိ (ပါဠိ - မြန်မာ) ကျမ်း၏မူရင်းမှာ သက္ကတ ဘာသာ ဖြစ်သည်။ ပေါ်ပေါက်ရာ ခေတ်ကာလမှာ ဘီစီသုံးရာစုဝန်းကျင် ဖြစ်ပြီး ထိုအချိန်တွင် အိန္ဒိယနိုင်ငံ၌ မောရိယမင်းဆက်တို့စိုးစံရာ စန္ဒဂုတ္တ မင်း၊ ၄င်း၏သားတော် ဗိန္ဒုသာရမင်း၊ ၄င်း၏သားတော် အာသောကမင်း (၄င်းကို မြန်မာတို့က သီရိဓမ္မာသောကမင်းကြီးဟုခေါ်သည်) တို့ ထီးနန်း စိုးစံနေချိန်ဖြစ်သည်။

ဤကျမ်းပြုစုသူ ကောဋိလျ ခေါ် ဇာနက္ကပုဏ္ဏားသည် မင်းဆရာ အဖြစ် ထင်ရှားကျော်ကြားခဲ့သူ ပရောဟိတ်ကြီးတစ်ဦးဖြစ်သည်။ ကျမ်းပြု ဆရာကိုစွဲ၍ ကျမ်းကိုလည်း စာဏကျနီတိဟု ခေါ်ခြင်းဖြစ်သည်။ ဤကျမ်း သည် ထိုအချိန်ကာလမှစ၍ မျက်မှောက်ခေတ်တိုင်အောင် ဘာသာအသီး သီးဖြင့် နိုင်ငံအသီးသီးတွင် လူမှုရေးကျမ်းတစ်စောင်အဖြစ် ပျံ့နှံ့ခဲ့သည်။ မြန်မာနိုင်ငံတွင် ပင်းယခေတ်မှစ၍ ယနေ့တိုင်အောင် ထင်ရှားကျော်ကြား ခဲ့သည့် လောကနီတိကျမ်းလာ နီတိအချို့မှာ ဤစာဏကျနီတိကျမ်းမှ ရယူထားသော နီတိများဖြစ်ကြောင်း တွေ့ရသည်။

ရွှေဟင်္သာဆရာတော်သည် နီတိစာပေရှားပါးသော မြန်မာ့ လူ့ဘောင်အတွက် ဤနီတိကျမ်းကို ပါဠိမြန်မာနှစ်ဘာသာ အဖြစ်သာမက ကဗျာလင်္ကာများရေးစီ၍ တင်ပြခြင်းဖြင့် လိုအပ်ချက်တစ်ခုကို ဖြည့်စွက် ခဲ့သည်။ သို့ရာတွင် ဤကျမ်းမှာ ရွှေဟင်္သာဆရာတော်ကြီး မြန်မာပြန်ဆိုမှု မပြုလုပ်မီကပင် မြန်မာမှုနယ်ပယ်၌ တည်ရှိခဲ့ကြောင်း "သို့သက္ကတ ဘာသာဖြင့် အကြိမ်များစွာ ပုံနှိပ်ခဲ့ရသော်လည်း မြန်မာဘာသာသို့ ကျနစွာ ပြန်၍ ပုံနှိပ်ဝေငှသုံးစွဲကြရသည် ဟူ၍ကား ထင်ထင်ရှားရှား မရှိခဲ့သေး ပေ" ဟူသောစကားက သက်သေခံလျှက်ရှိသည်။

မူရင်းကျမ်းတွင် ဂါထာပေါင်း တစ်ရာ့တစ်ဆယ် ပါရှိရာ ဆရာတော်က မူရင်းသက္ကတဂါထာကို ပါဠိဂါထာပြန်ဆို၍ ပါဠိတစ်ကျော့၊ မြန်မာတစ်ကျော့ဖြင့် နိဿျပြန်ဆိုကာ မြန်မာမှုပြုသည်။ ထိုမှ ကဗျာ

လက်ာ အတိုချုပ်ကိုလည်း ရေးဖွဲ့သည်။ ဤအစီအစဉ်အားဖြင့် စာဏကျ နီတိပါဠိ မြန်မာကျမ်းဟူ၍ပြုစုထားခြင်းဖြစ်သည်။ ဤကျမ်းတွင် ဆရာတော်၏ကျမ်းစာလာ ပါဠိဂါထာများ၊ နိဿယဘာသာပြန်များ၊ မြန်မာကဗျာများကို အသေးစိတ်ဖော်ပြခြင်း မပြုတော့ဘဲ စာဏကျဆရာကြီး ပြုစုသည့် နီတိအတွေးအခေါ်သဘောကိုသိသာရန်အတွက် နီတိအချို့ကိုသာ ထုတ်နုတ်၍ အနည်းငယ်တင်ပြမည်ဖြစ်သည်။

ပထမဦးစွာ ပညာ၏တန်ဖိုးနှင့်စပ်လျဉ်း၍ -

> နက္ခတ်တာရာတို့၏ အဆင်တန်ဆာမှာ လမင်းဖြစ်၏။ မိန်းမတို့၏အဆင်တန်ဆာမှာ လင်ယောက်ျားဖြစ်၏။ မြေအပြင်၏ အဆင်တန်ဆာမှာ မင်းဖြစ်၏။ အရာခပ်သိမ်းတို့၏ အဆင်တန်ဆာမှာ ပညာဖြစ်၏။

ဟူ၍ ဖော်ပြထားသည်။ ပညာရှိတန်ဖိုးနှင့်စပ်လျဉ်း၍ -

> ပညာရှိဘဝနှင့် ပြည့်ရှင်မင်းဘဝသည် မတူညီပေ။ ပြည့်ရှင်မင်းကို နိုင်ငံသူနိုင်ငံသားတို့ကသာ အလေးအမြတ် ပူဇော်ကြ၍ ပညာရှိကိုကား အရပ်ဒေသအားလုံးက ပူဇော်ကြသည်။

ဟူ၍ လည်းကောင်း၊

> ပညာရှိတွင် သနားခြင်း၊ လိမ္မာခြင်း စသော ဂုဏ်ကျေးဇူးတို့ သက်ဝင်၍ လူမိုက်တို့တွင် ညှဉ်းဆဲခြင်း စသော အပြစ်တို့၌သာ ရှိကြ၏။ ထို့ကြောင့် လူမိုက်တစ်ထောင်တွင် ပညာရှိတစ်ဦးကို ပူဇော်အပ်၏။

ဟူ၍လည်းကောင်း၊ ပညာရှိဟူသည် သူတစ်ပါးသားမယားတို့၌ မိခင်ကဲ့သို့ ကျင့်၏။ သူတစ်ပါး ပစ္စည်းဥစ္စာတို့၌ မြေစိုင်ခဲသို့ ကျင့်၏ဟူ၍လည်းကောင်း ဖော်ပြထားသည်။ ပေါင်းသင်းဆက်ဆံရေးနှင့် စပ်လျဉ်း၍ -

> နှုတ်ချို၍ ဖျက်စီးတတ်သူများသည် အကျွမ်းတဝင် ပေါင်းသင်းသင့်သူမဟုတ်၊ ထိုလူမျိုးမှာ လျှာဖျားပေါ်တွင် ပျားသကာသို့ ချို၍ အတွင်းနှလုံးသားတွင်ကား အဆိပ်အတောက် ကိန်းအောင်းနေသူဖြစ်ပေသည်။

ဟူ၍ ကျီးအာသီးလို လူမျိုးကို ရှောင်ကြဉ်အပ်ကြောင်း ဖော်ပြထားသည်။ ထိုပြင် "ခြေသည်းလက်သည်းရှိသော သတ္တဝါ၊ ဦးချိုရှိသောသတ္တဝါ၊

လက်နက်ကိုင်စွဲသူ၊ မိန်းမ၊ မင်းတို့ကို အကျွမ်းတဝင်မပြုရာ'' ဟူ၍လည်း ဖော်ပြထားသည်။ ထို့နောက် -

> ပညာရှိသည် လောဘကြီးသူကို ဥစ္စာဓန (ပေးကမ်းခြင်း)ဖြင့် လည်းကောင်း၊ ဒေါသကြီးသူကို လက်အုပ်ချီခြင်း (အရိုအသေပြုခြင်း) ဖြင့်လည်းကောင်း၊ လူမိုက်ကို အလိုသို့လိုက်ခြင်းဖြင့် လည်းကောင်း၊ ပညာရှိကို မှန်ကန်သောစကားဖြင့် လည်းကောင်း၊ မိမိအလိုသို့လိုက်ပါစေရမည်။

ဟူ၍ ညွှန်ပြထားသည့်အပြင် -

> အများသူငါ သိမှတ်သင့်သည့် နီတိရပ်မှာလည်း မကောင်းသဖြင့် သင်ယူရသော အတတ်ပညာသည် အဆိပ်နှင့်တူ၏။ အစာမကြေသောအစားအစာသည်လည်း အဆိပ်နှင့်တူ၏။ ပွဲလမ်းသဘင်သည် ဆင်းရဲသူအတွက် အဆိပ်ဖြစ်၏။ နုပျိုသော ဇနီးမယားသည် အသက်ရင့်သူအတွက် အဆိပ်နှင့်တူ၏။

ဟူ၍လည်း တွေ့ရှိရသည်။ ဤသို့အားဖြင့် စာဏကျနီတိကျမ်းသည် အတတ်ပညာ ရှာဖွေရေး၊ ပေါင်းသင်းဆက်ဆံရေး၊ အသိပညာထွန်းကားရေး၊ ကိုယ်ကျင့်တရားကောင်းမွန်ရေးတို့အတွက် မှန်ကန်သော ကျင့်ဝတ်တို့ကို ဖော်ညွှန်းပေးသည့်ကျမ်းမြတ်တစ်ဆူ ဖြစ်ကြောင်းတွေ့ရှိရသည်။ ဆရာတော်ကြီး သက်တော်လေးဆယ်တွင် ရေးသားခဲ့ပြီး စာမျက်နှာအားဖြင့် ရှစ်ဆယ့်တစ်မျက်နှာရှိသည်။

ဝိနယမဟာဝဂ္ဂပါဠိတော် (မြန်မာပြန်)ကျမ်း စာသည် ရွှေဟင်္သာဆရာတော်ဘုရားကြီး ရေးသားပြုစုခဲ့သည့် ကျမ်းပေါင်း လေးဆယ်ကျော်အနက် တစ်ခုတည်းသော ဘာသာပြန်ကျမ်းစာ ဖြစ်သည်။ ဤကျမ်းစာကို ၁၉၆၀ ပြည့်နှစ်တွင် ရေးသားပြုစု ပြီးစီးခဲ့သည်ဟု ဖော်ပြထားသဖြင့် ဆရာတော်ကြီး သက်တော် ခြောက်ဆယ့်ခုနစ်နှစ်တွင် ရေးသားပြုစုခဲ့ကြောင်း သိရသည်။ ဤကျမ်းတွင် ကျမ်းစာရေးသားရန် လျှောက်ထားသူ အဘိယာစကပုဂ္ဂိုလ် အမည်မပါရှိပါ။ ဤသို့မပါရှိသော်လည်း ဆရာတော်၏ ဝိနည်းသိက္ခာပုဒ်တို့ကို အလွန်လေးစား မြတ်နိုးခြင်းကြောင့် မိမိကဲ့သို့ ဝိနည်းတော်ကို လေးစားမြတ်နိုးကြစေလိုသော စေတနာ၏ တိုက်တွန်းနှိုးဆော်ချက်ကြောင့် ဤကျမ်းစာကို ရေးသားပြုစုရခြင်း ဖြစ်သည်ဟု

ယူဆရသည်။ ဆရာတော်၏ ဆရာစဉ်ဆက်ဖြစ်သည့် ကျောင်းတော်ရာ ရွှေကျင်ဆရာတော်နှင့် စံကျောင်းဆရာတော်တို့သည် ဝိနည်းကို အသက် တမျှ လေးစားသည့် သာသနာ့ထိပ်သီးဆရာတော်ကြီးများ ဖြစ်ကြောင်း သိရသည်။

ရွှေဟသ်ာဆရာတော်သည်လည်း မိမိဆရာများနည်းတူ ဝိနည်း တော်ကို လေးစားသူဖြစ်ကြောင်း ဆရာတော်၏ အပြောအဆို၊ အမူအကျင့်၊ အနေအထိုင်များက သက်သေပြလျက် ရှိသည်။ ဤကဲ့သို့ သာသနာတော် ကို ရိုသေလေးစားမှုကြောင့် ဘုရားရှင်၏အာဏာ ဒေသနာတော်တစ်ခု ဖြစ်သည့် ဤဝိနယမဟာဝဂ္ဂပါဠိတော်ကို ဘာသာပြန်ဆိုခြင်း ဖြစ်သည်ဟု ယူဆရသည်။

ဆရာတော်သည် ဤကျမ်းစာကို မြန်မာဘာသာသို့ ပြန်ဆိုရာ၌ ဘာသာပြန်သူတို့လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းအတိုင်း မူရင်း ဘာသာကို ထုတ်ပယ်ခြင်း၊ ဖြည့်စွက်ခြင်းမပြု၊ ပြေပြစ်လှသော မြန်မာ စကားပြေဖြင့် ပြန်ဆိုခဲ့ခြင်းဖြစ်သည်။ ထို့ပြင် ပိဋကတ်တော်ကို မြန်မာ ဘာသာပြန်ဆိုသည့် ကျမ်းအဆူဆူသည် မြန်မာစကားပြေ အသွားအလာ ဖြင့် နားလည်လွယ်အောင် ချောမောပြေပြစ်ရေးထက် ပါဠိဝါကျ အသွား အလာ (ပါဠိကတိ) နောက်သို့လိုက်လေ့ရှိကြသဖြင့် ယေဘုယျဘာသာပြန် များမှာ ခက်ခဲလေ့ရှိသည်။ ဝိသုဒ္ဓိမဂ်အဋ္ဌကထာကို ဘာသာပြန်ဆို ကြရာတွင် ဘုရားသုံးဆူအရှင်နန္ဒမေဓာမူ၊ စစ်ကိုင်းရွှေစေတီတော်မူ၊ မဟာစည်မူဟု သုံးမျိုးရှိသည့်အနက် ပထမစာမူနှစ်ခုမှာ ပါဠိနောက်သို့ လိုက်လွန်းသဖြင့် ဖတ်ရှုနားလည်ရန်ခက်ခဲသည်ဟု ပါဠိမြန်မာ ပညာရှင် များ မိန့်ကြားကြောင်း သိရှိရသည်။ ဆရာတော်သည် ဤသို့သော အခက် အခဲမျိုးမဖြစ်စေရန် ကြိုးစား၍ ဘာသာပြန်ထားကြောင်း တွေ့ရသည်။

ဤဝိနယမဟာဝဂ္ဂကျမ်းစာသည် သာသနာ့ဝန်ထမ်း ရှင်ရဟန်းတို့ မုချဖြည့်ကျင့်ရမည့် အာဘိသမာစာရိက အမွမ်းတင်သီလဖြစ်သော ကျင့်ဝတ်တရားတို့ကို ဖော်ပြသည့် ကျမ်းစာဖြစ်သည်။

မြန်မာနိုင်ငံတွင် မဟာဝဂ္ဂပါဠိတော်ကို ရွှေဟသ်ာဆရာတော် မတိုင်မီ မြန်မာဘာသာ ပြန်ဆိုခဲ့ကြသည်။ ၎င်းတို့မှာ မန္တလေးမိုးထိ တိုက်ဆရာတော်၊ နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့၊ ညောင်လေးပင်တောရ

ဆရာတော်နှင့် အရှင်ဇနကာဘိဝံသတို့ ဖြစ်ကြသည်။ ထိုမူများအနက် မိုးထိမူမှာ ပါဠိနိဿယသက်သက်ဖြစ်သဖြင့် စာချစာသင်ပုဂ္ဂိုလ်များအတွက်သာ သင့်လျော်သည်။

ဗုဒ္ဓသာသနာအဖွဲ့မူမှာ ပါဠိဝါကျအသွားအလာနောက် အလိုက်များပြီး ပါသင့်ပါထိုက်သည့် အောက်ခြေမှတ်စုများ မပါသဖြင့် ပြည့်စုံသည်ဟု မဆိုနိုင်ပါ။ အရှင်ဇနကာဘိဝံသမူမှာ ဘာသာဋီကာ ဖြစ်သဖြင့် စာချစာသင်သားများအတွက်သာ အသုံးဝင်သည်။ ညောင်လေးပင်မူမှာ မူရင်းပါဠိ၏ အစနှစ်ခန်းမျှကိုသာ ဘာသာပြန်ဆိုထားပြီး စာမျက်နှာသုံးရာအထိ ကျယ်ဝန်းလှသည်။ ယခု ရွှေဟင်္သာဆရာတော်၏မူသည် စာသင်သားများအတွက်လည်းကောင်း၊ မြန်မာဘာသာသီးသန့်ဖြင့် လေ့လာလိုသူများအတွက်လည်းကောင်း၊ မူရင်းပါဠိနှင့်စပ်လျဉ်းသည့် သိသင့်သိထိုက်သည့် အဓိပ္ပာယ်တို့ကို သိလိုသူများအတွက်လည်းကောင်း ပြည့်စွမ်းသည့် ကျမ်းစာဖြစ်သည်။

ဆရာတော်၏ ဘာသာပြန်ကျွမ်းကျင်မှုကိုကား မူရင်းပါဠိနှင့် တိုက်ဆိုင်ဖော်ပြမှသာ ပြည့်စုံမည် ဖြစ်သဖြင့် ဤတွင် ဖော်ပြခွင့်မရပါ။ ဆရာတော်သည် အတိုင်းအတာကြီးမားလှ၍ စာမျက်နှာပေါင်း ရှစ်ရာကျော်ရှိသော ဤကျမ်းစာကို ကိုယ်တိုင်လက်ရေးဖြင့် ရေးသား၍ ပြုစုခဲ့သည်။ အခြားထူးခြားချက်တစ်ခုမှာ ဆရာတော်၏ကျမ်းစာများတွင် နိဂုံး၌ ဆုတောင်းစာ မပါရှိသော်လည်း ဤကျမ်း၌ -

ငါသည် ဤဝိနယမဟာဝဂ္ဂပါဠိတော်ကို မှတ်ချက်အဓိပ္ပာယ်နှင့်တကွ မြန်မာဘာသာ ပြန်ဆို ရေးသားရသော ကောင်းမှုကံစေတနာမြောက်မြားစွာတို့ကြောင့် ဒုတိယဘဝမှစ၍ တုသိသာနတ်ပြည်၌ တရားတော်ကို မြတ်နိုးနှစ်သက်သော ပညာရှိတန်ခိုးကြီး နတ်သူတော်ကောင်း ဖြစ်ရ၍ အရိမေတ္တေယျ မြတ်စွာဘုရားပွင့်ထွန်းတော်မူသောအခါ မြင့်မြတ်ကြွယ်ဝ ချမ်းသာသောအမျိုး၌ ပညာရှိ သူတော်ကောင်း ယောကျ်ားမြတ်ဖြစ်၍ ဘုရားရှင်၏ တရားတော်ကို ကြားနာရသည့်အဆုံး၌ ပဋိသမ္ဘိဒါပတ္တ ဆဠဘိညာရဟန္တာအဖြစ်သို့ရောက်၍ မဟာအသင်္ခတဓာတ်နိဗ္ဗာန်သို့ ဆိုက်ရောက်ရပါလို၏။

ဟူသောဆုတောင်းစာကို ရေးသားကြောင်း တွေ့ရှိရသည်။ ဤသို့ ထူးထူးခြားခြား ဆုတောင်းထားခြင်းမှာ ဆရာတော်သည် ပြုစုသမျှ ကျမ်းပေါင်းများစွာအနက် ဘုရားရှင်၏ အာဏာတော်ဖြစ်သည့် ဤဝိနည်း ဘာသာပြန်ကျမ်းကြီးကို ပြုစုရာ၌ ဇွဲ၊ လုံ့လ၊ သဒ္ဓါ၊ စေတနာ မည်မျှ အားထုတ်ခဲ့ရသည်ကို ညွှန်ပြနေခြင်းလည်းဖြစ်သည်။

ရှေ့သွားမင်္ဂလာကျမ်းစာသည် ရွှေဟသ်ာဆရာတော်၏ ကျေးဇူးရှင် တစ်ပါးဖြစ်သည့် စံကျောင်းဆရာတော်၏ ၁၉၂၀ ပြည့်နှစ်၌ ရေးသားခဲ့သည့် မင်္ဂလာလင်္ကာကို စကားပြေဖြင့် ပြန်ဆိုရေးသားထားသော ကျမ်းစာဖြစ် သည်။ နိဒါန်း၌ "ငင်းလင်္ကာ၏အဓိပ္ပာယ်ကို ကျဉ်းကျဉ်းနှင့် ပေါ်လွင် အောင် သူငယ်များ နားလည်ကြရန်ရေးသားခြင်း ဖြစ်၏" ဟု ဖော်ပြ ထားသည့်အတိုင်း ကျမ်းစာမှာလည်း စာမျက်နှာ ခုနစ်ဆယ့်လေးမျက်နှာ သာရှိသည့် ကျမ်းစာငယ် ဖြစ်သည်။

ဤအမှာစကားအတိုင်း ကျမ်းစာကို လိုရင်းတိုရှင်းမျှသာ ရေးသား ထားသည်။ မလိုအပ်သည့်နေရာ၌ ကဗျာ၏အဓိပ္ပာယ်ကို အကျဉ်းမျှသာ ဖော်ပြထားသည်။ ဥပမာ "မင်္ဂလာခေါ်တရားတော်ဖော် စောသတ္တာ" ဟူသောကဗျာကို "ဤလင်္ကာဖြင့် မင်္ဂလာတရားတော်ကို အခြားသော လူများ၊ နတ်ဗြဟ္မာများ၊ မသိနိုင်၊ မဟောနိုင်၊ မြတ်စွာဘုရားသာလျှင် သိတော်မူ၍ ဟောတော်မူသည်ဟုပြသည်" ဟု အကျဉ်းမျှသာ ရေးသား ထားသည်။

မင်္ဂလာတရားဟောကြားရပုံနှင့် ဆက်၍ အဋ္ဌကထာများတွင် အကျယ်တဝင့် ဖွင့်ပြသည်ကို ဆရာတော်သိရှိမည်သာ ဖြစ်သည်။ မလိုအပ် သဖြင့် မချဲ့ထွင်ခြင်းဟု ယူဆရသည်။ သို့ရာတွင် လိုအပ်သည့်နေရာတွင် ကား လင်္ကာ၏ အဓိပ္ပာယ်ကိုသာမက မှတ်စုမှတ်ရာ ပုံဝတ္ထုကိုလည်း အရှင်းဆုံး၊ အကျဉ်းဆုံး ဖော်ပြထားသည်။ ဥပမာ နိဝါတမင်္ဂလာ (နှိမ့်ချခြင်း မင်္ဂလာ) ကို ဖွင့်ပြရာ၌ ရှင်သာရိပုတ္တရာမထေရ်ကြီး၏ ညီတော်အရှင် ရေဝတထေရ်၏ နှိမ့်ချခြင်းဂုဏ်ကို အကျဉ်းမျှသာ ဖော်ပြထားသည်။ ထို့ပြင် ခုံတော်မောင်ကျာဘမ်း မာနကြီး၍ အရှက်ရပုံကိုလည်း ဖော်ပြထားသည်။

တစ်ဖန် အမတ်ကြီးဦးပေါ်ဦးနှင့် မောင်းထောင်ဆရာတော်တို့က စာစကား ဆွေးနွေးနေစဉ် ဘေးတွင်ရှိနေသည့် ကျေးတောသားတစ်ဦးက

ဦးပေါ်ဦးမှန်း မသိ၍ "ခင်ဗျား ဘယ်လောက်များ သိလို့ ဋီကာများကို အပြစ်တင်ရသလဲ" ဟု ဝင်ရောက်ပြောသည်ကို အမတ်ကြီးက ပြုံး၍ နားထောင်နေကြောင်း တို့ကို ဖော်ပြထားသည်။

အခြားသော မင်္ဂလာတရားတော်များ၌လည်း အလားတူပုံ ဥပမာများကို ဖော်ပြထားသည်။ ယေဘုယျဥပမာများမှာ - ပါဠိ၊ အဋ္ဌကထာ၊ ဋီကာများလာ ဥပမာများ မဟုတ်ကြဘဲ ရာဇဝင်၊ ပုံပြင်၊ ကိုယ်တွေ့ ဝတ္ထုများဖြစ်သည်။ ကျမ်းစာ၏ ရည်ရွယ်ရင်းဖြစ်သည့် "သူငယ်များနှင့် မိမိကိုယ်ကို တရားနှင့်အညီ ကြီးပွားလိုသူ လူလတ်ပိုင်းများအတွက် အထူး ရည်ရွယ်ပါသည်" ဟူသော အမှာစကားနှင့်အညီ ဖြစ်ပါသည်။ ဤအမှာနှင့်အညီပင် ဆရာတော်ကြီးပြုစုသမျှ ကျမ်းစာများအနက် ပါဠိပါဠ်သား အကင်းဆုံး၊ အရေးအသား အလွယ်ကူဆုံး၊ စကားအပြေပြစ်ဆုံး ကျမ်းစာ ဖြစ်သည်။

ဆရာတော်ကြီးသည် ဤကျမ်းစာကို မည်သည့် သက်တော် အရွယ်၌ ရေးသားခဲ့ကြောင်း မသိရပါ။ နိဂုံး၌ "စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာတိုက်သစ် ဘုန်းတော်ကြီး အရှင်ပဏ္ဍိတထေရ်သည် ရှင်းရှင်းနှင့် ကျဉ်းကျဉ်း ရေးသားရာ" ဟုပါရှိသဖြင့် ရွှေဟင်္သာဆရာတော်ကြီး စစ်ကိုင်း ရောက်စ ဘုန်းတော်ကြီးဘဝတွင် ရေးသားသည်ဟု ယူဆရသည်။ ယခု တွေ့ရှိရသည့် စာအုပ်သည် ၁၉၈၈ ခုနှစ်၊ ဧပြီလထုတ် တတိယအကြိမ် ရိုက် ဖြစ်ပါသည်။

မင်္ဂလာသုတ်လက်စွဲကျမ်း စာသည် ရွှေဟင်္သာဆရာတော် ပြုစု သည့်ကျမ်းများအနက် ကိုးကြိမ်တိတိ ရိုက်နှိပ်၍ အုပ်ရေသုံးသောင်း သုံးထောင်ကျော် ရိုက်နှိပ်ရသည့် စာအုပ်ဖြစ်သည်။ နိဂုံး၌ ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်းကြီးအတွက် အတွင်းရေးမှူး ဦးအုန်းခိုင်က ပထမ အကြိမ် ၁၉၄၈ ခုနှစ်တွင် စတင်ပုံနှိပ်ခဲ့သဖြင့် ဤစာသည် ဆရာတော် ငါးဆယ်ငါးနှစ်တွင် ရေးသားခဲ့သည့် ကျမ်းစာဖြစ်သည်။ မင်္ဂလာစာမေးပွဲဝင် ကျောင်းသားသူငယ်များအတွက် အဓိကရည်ညွှန်းခြင်း ဖြစ်သည်။ ထို့ကြောင့် ကလေးများနှင့် ထိုက်တန်သည့် ရှင်းလင်းလွယ်ကူသည့် စကား ပြေကို တွေ့ရှိရသည်။ ဥပမာ အသေဝနာစဗာလာနံ (လူမိုက်ကို မပေါင်း သင်းရ) ဟူသော မင်္ဂလာကိုရှင်းပြရာတွင် -

၁။ မည်သို့သောသူသည် လူမိုက်ဖြစ်ကြောင်း ဦးစွာရှင်းပြသည်၊
၂။ ယင်းနှင့် စပ်လျဉ်းသည့် နောက်ခံ ဇာတ်လမ်း၊ ဝတ္ထုသာဓက တို့ကို ဖော်ပြသည်၊
၃။ ထိုဝတ္ထုဇာတ်လမ်းအပေါ်တွင် ဝေဖန်သုံးသပ်ချက်တို့ကို ခေတ်မှီစွာ ရှင်းပြသည်။

ဟူသော မင်္ဂလာတရားတစ်ခုပင်လျှင် စာမျက်နှာ တစ်ဆယ့်နှစ်မျက်နှာ ရှိသည်။ အခြားသော မင်္ဂလာတရားကိုလည်း ဤနည်းအတိုင်း စိတ်ဝင်စားဖွယ် တင်ပြထားသည်။

နိဂုံး၌ ၁၆ အောက်တိုဘာ ၁၉၄၈စနေနေ့ နေ့မွန်းလွဲ စက်လေးနာရီအချိန်တွင် ပထမအကြိမ် ပုံနှိပ်ရေးသားပြီးစီးသည်ဟု ဖော်ပြထားသဖြင့် ဤကျမ်းစာကို ဆရာတော် သက်တော်ငါးဆယ်ငါးနှစ် အရွယ်တွင် ရေးသားခဲ့သည့် ကျမ်းစာဖြစ်ကြောင်းသိရသည်။

နိကာယ်ငါးရပ်၊ ပိဋကတ်တို့၌ အဆီးအတားမရှိ သွားလာကျက်စားနိုင်သော ဉာဏ်ကြီးရှင် ဖြစ်သဖြင့် ဤကျမ်းစာမျိုးကို ရေးသားရာတွင် ဆရာတော်အဖို့ ပင်လယ် သမုဒ္ဒရာတွင် ကျက်စားသည့် ငါးကြီးအာနန္ဒာက ချောင်းငယ်၊ မြောင်းငယ်အတွင်း၌ မကျက်စားနိုင်သလို အသိဉာဏ်က ကြီးကျယ်၍ ကျမ်းစာက သေးနုတ်သည်ဟု ထင်မှတ်ဖွယ်ရှိနိုင်သည်။

သို့ရာတွင် ဆရာတော်သည် ပိဋကတ်တော်မှ ကျယ်ဝန်းနက်နဲသည့် အကြောင်းအရာများကို ကလေးသူငယ်များ နားလည်နိုင်လောက်သည့်အဆင့်သို့ လျှော့ချ၍ ရှင်းလင်းလွယ်ကူစွာ ရေးသားနိုင်ခြင်းမှာ ထူးခြားချက်တစ်ရပ်ပင်ဖြစ်သည်။

ဆရာတော်၏ အခြားကျမ်းတစ်ခုမှာ ပရာဘဝသုတ္တန်မြန်မာဋီကာဖြစ်သည်။ ဤကျမ်းသည် ဆရာတော် သက်တော်ငါးဆယ့်ရှစ်နှစ်တွင် ရေးသားထားသော ကျမ်းဖြစ်သည်။ မူရင်းပရာဘဝသုတ္တန်မှာ ခုဒ္ဒကနိကာယ်၊ သုတ္တနိပါတပါဠိတော်တွင် ပါဝင်သည်။

ပရာဘဝ ဟူသည် ပျက်စီးခြင်းဟု အနက်ရသည်။ ထိုကြောင့် ပရာဘဝသုတ်၌ ဟောကြားထားသည့် တရားအများစုမှာ လောကီ၊ လောကုတ္တရာအကျိုးစီးပွားများကို ပျက်စီးစေသောအကြောင်းများ၊

အကျင့်များ၊ လုပ်ဆောင်ချက်များ ဖြစ်သည်။ ဤတရားများမှာ နိကာယ်ငါးရပ်အနက် နောက်ဆုံးဖြစ်သည်။ ခုဒ္ဒကနိကာယ်တွင်ပါဝင်နေသဖြင့် ပါဠိဘာသာ လိုက်စားသူ ရဟန်းရှင်လူတို့ပင် အသိအမြင် နည်းပါးကြသည်။ ထိုကြောင့် ရွှေဟင်္သာဆရာတော်သည် အဖိုးတန်လျက် လူသိနည်းပါးသော ပရာဘဝခေါ် ပျက်စီးကြောင်းတရားများကို ထုတ်ဖော်ရေးသားခြင်းဖြစ်သည်ဟု ယူဆရသည်။

ဆရာတော်သည် ဤကျမ်းစာကို ရေးသားရာ၌ အများသူငါနားလည် သဘောပေါက်စေရန် စီစဉ်ထားပုံမှာ စိတ်ဝင်စားဖွယ် ဖြစ်သည်။ ဦးစွာ ဘုရားဟောကျမ်းဂန်မူရင်းဖြစ်သည့် ပရာဘဝသုတ္တန်ပါဠိတော်ကို ဖော်ပြထားသည်။ ထိုနောက် ပါဠိတော်၏ မြန်မာပြန်ကို တစ်ပိုဒ်စီ ဖော်ပြသည်။ လိုအပ်သည့်နေရာ၌ အောက်ခြေမှတ်စုကိုပင် ဖော်ပြထားသည်။ ထိုနောက်နိဒါန်းပိုင်းတွင် အကျင့်စာရိတ္တများ ယိုယွင်းပျက်စီးလာသဖြင့် လူအများပျက်စီးကြပုံ (၁၉၁၄ - ၁၉၁၈) ခုနှစ်အတွင်း ပထမကမ္ဘာစစ်ကြီးကာလ၌ အနောက်ဥရောပတွင် လူတို့သည် ရုပ်ပိုင်းတွင်သာမက နာမ်ပိုင်းဆိုင်ရာတွင်ပါ ပျက်စီးကြပုံ (၁၉၃၉ - ၁၉၄၅) ခုနှစ်အတွင်း ဒုတိယအကြိမ်ဖြစ်ပွားသော ကမ္ဘာစစ်ကြီးအပြီးတွင်လည်း အနောက်ဥရောပတွင်သာမက အာရှတိုက်တွင်ပါ လူတို့ယိုယွင်းပျက်စီးကြပုံ၊ မြန်မာနိုင်ငံသည်လည်း စစ်ဘေးစစ်ဒဏ်ကြောင့် ရှင်ရောလူပါ စာရိတ္တပြန်လည်မြင့်မား၍ သူတော်ကောင်း ပညာရှိများပေါ်ထွန်းရန် နိုင်ငံတော်အစိုးရနှင့် ဗုဒ္ဓဘာသာကလျာဏယုဝအသင်းကြီးတို့က ပြင်ဆင်လုပ်ဆောင်နေပုံ၊ ထိုအသင်းသူ၊ အသင်းသားများ တောင်းပန်သဖြင့် ဤကျမ်းကို ရေးသားရပုံ၊ ကျမ်းစာလာအကြောင်းအရာများကို ဖတ်ရှု၍ -

> မင်္ဂလာတရား နီတိစကားများကို ကြီးပွားချမ်းသာကြောင်းအစစ်ဟု တထစ်ချ မှတ်ယူလိုက်နာကြလျက် ပျက်စီးကြောင်းပရာဘဝ သဘောတရားများကို ပျက်စီးဆုတ်ယုတ်ကြောင်းသာလျှင် အမှန်ဖြစ်ပေသည်ဟုဉာဏ်နှင့် ဆင်ခြင်ကာ ရှောင်ရှားကြ၍လူ့လောကကြီးအတွင်း၌ လူချမ်းသာစစ်စစ်ကို အပြည့်အစုံ ခံစားနိုင်ကြစေသတည်း။

ဟုဖော်ပြထားသည်။

ကျမ်းရင်းစာသားအနေဖြင့် စာမျက်နှာ နှစ်ဆယ့်ခုနစ်မှ တစ်ရာ့ကိုးဆယ်အထိရှိသည်။ ယင်းပျက်စီးကြောင်းတရားများကို ဖော်ပြရာ၌ တရားတစ်ပါးစီကို နတ်သားက မေးလိုက်၊ ဘုရားရှင်က ဖြေကြားလိုက်သဘောမျိုး (အမေးအဖြေ = ပုစ္ဆာဝိသဇ္ဇနာ) မျိုးဖြစ်သည်။ သို့ဖြစ်၍ မူရင်းပါဠိတော်၏ တင်ပြပုံကပင် ရှင်းလင်းလွယ်ကူနေသည်။

ဆရာတော်သည် ပါဠိတော်လာ အမေးအဖြေကို သီးသန့် ဘာသာပြန်၍ တစ်ခန်းတစ်ကဏ္ဍ ဖော်ပြထားပြီး ဖြစ်သဖြင့် "အဓိပ္ပာယ်အဖွင့်ကို ရေးသားအပ်သော ဤအခန်း၌ကား မြတ်စွာဘုရားဖြေဆိုတော်မူသော ပရာဘဝ သဘောတရားများကိုသာလျှင် ဖွင့်ဆိုရေးသားမည်ဖြစ်သည်" ဟူသော ဝန်ခံချက်နှင့်အညီ အဓိပ္ပာယ်ဖွင့်ပြရာ၌ အမေးမပါဘဲ အဖြေကိုသာလျှင် ပါဠိတော်၊ မြန်မာပြန်၊ အဓိပ္ပာယ်အကျဉ်း၊ အဓိပ္ပာယ်အကျယ်ဟူ၍ အစီအစဉ်လေးမျိုးဖြင့် ဖွင့်ဆိုရှင်းလင်းပြီး နောက်ဆုံးအနေဖြင့် မြန်မာပြန်ကဗျာအကျဉ်းကို ဖော်ပြသည်။ ထိုနောက် ဓမ္မပဒအဋ္ဌကထာ ကုမ္ဘဃောသက ဝတ္ထုလာ ကုမ္ဘဃောသကလုလင်၏ အအိပ်အနေနည်းပါး၍ လုံ့လဝီရိယကြီးမားခြင်းကြောင့် ကုဋေလေးဆယ်ပိုင်ရှင် သူဌေးကြီးဖြစ်ရပုံ၊ သူဌေးဖြစ်သော်လည်း လုံ့လ၊ ဝီရိယ လျော့ပါးခြင်းမရှိ နေထိုင်ပုံတို့ကို ဝတ္ထုဇာတ်လမ်း အနေအားဖြင့် စိတ်ပါဝင်စားဖွယ်ရာ ရေးသားဖော်ပြထားသည်။

ဆရာတော်သည် ဤနည်းအတိုင်း ပရာဘဝသုတ္တန်လာ ပျက်စီးကြောင်းတရားတစ်ဆယ့်နှစ်ပါးကို စိတ်ဝင်စားဖွယ်ဖြစ်အောင် ရေးသားဖော်ပြထားသည်ကို တွေ့ရှိရသည်။ တစ်ဖန် လွန်ကျူးခြင်းကြောင့် ပျက်စီးရသည့် တရားများဖြစ်သည့် မိန်းမလိုက်စားခြင်း (ဣတ္ထိဓုတ္တ)၊ သေသောက်ကျူးခြင်း(သုရာဓုတ္တ)၊ လောင်းကစားကျူးခြင်း(အက္ခဓုတ္တ) သုံးမျိုးကို ဖော်ပြရာတွင် မိန်းမလိုက်စား၍ အပျော်အပါးများသောအခါ စီးပွားပျက်ခြင်း၊ ကျန်းမာရေးပျက်ခြင်း၊ ကာမေသုမိစ္ဆာစာရကံထိုက်ခြင်း၊ သူတစ်ပါးတို့ အထင်သေးခံရခြင်းတို့ ဖြစ်တတ်ပုံကို ဖော်ပြထားသည်။

ထို့ပြင် ကာမဂုဏ်လိုက်စားခြင်းကြောင့် ကျန်းမာရေးပျက်ပြားကာ အသက်တိုတတ်ပုံကို စိတ်ဝင်စားဖွယ်ရာ ဖော်ပြထားသည်။ နိဂုံးပိုင်းတွင် ဤသို့ ပရာဘဝသုတ္တန်ကို ရေးသားရသောကြောင့် ဘဝဒုက္ခတို့၏ ကုန်ဆုံး

ရာနှိုင်ဗွာန်သို့ မိမိကိုယ်တိုင် ရောက်ရ၍ ပရာဘဝခေါ် အဝိဇ္ဇာ အမှောင်တွင်း၌ ကျရောက်နေသူ သတ္တဝါများသည်လည်း ပျက်စီးကြောင်းတရားများ ကင်းဝေးကာ နိဗ္ဗာန်သို့ ရောက်ရှိကြပါစေဟု အာသီသပြုထားကြောင်း တွေ့ရှိရသည်။

ရွှေဟင်္သာတောရသမိုင်းသည် ရွှေဟင်္သာဆရာတော်ပြုစုသည့် ကျမ်းစာများအနက် ရဟန်းရှင်လူအများစုအပေါ်တွင် သိရှိမှုနည်းပါးသော်လည်း ရွှေဟင်္သာအနွယ်ဝင် ဖြစ်သည့် ရဟန်းရှင်လူတို့အတွက်ကား နှလုံးသည်းပွတ်သဖွယ် တန်ဖိုးထားခံရသည့် ကျမ်းစာဖြစ်သည်။ ဆရာတော်သည် ငယ်စဉ်ဘဝကပင် ရွှေဟင်္သာတောရသို့ ရောက်၍ ပညာရည်နို့သောက်စို့ခဲ့ပြီး ရွှေဟင်္သာတောရမှာပင် ရဟန်းအဖြစ်သို့ ရောက်ရှိကာ ဆရာတော်ကြီးတို့၏ အဆုံးအမသာသနာတော်အောက်တွင် ကြီးပြင်းခဲ့ရသဖြင့် ရွှေဟင်္သာသွေးသည် ကိန်းအောင်းနေသည်ဟု ယူဆရသည်။ အဘယ်ကြောင့်ဆိုသော် ရွှေဟင်္သာတောရသမိုင်းတွင် ဤသို့သော အရေးအသား၊ ပုံရိပ်များကို တွေ့ရှိနေရသောကြောင့် ဖြစ်သည်။ မိမိကိုယ်တိုင် တွေ့ရှိခံစားရသည့် အချက်အလက်များကို ရေးသား ထုတ်ဖော်ထားသဖြင့် သမိုင်းတန်ဖိုးအတွက်သာမက ရသစာပေသဘောဖြင့်လည်း ဖတ်ရှုလေ့လာနိုင်သည့် ကျမ်းတစ်စောင် ဖြစ်သည်။

ဆရာတော်သည် ဤကျမ်းတွင် ရွှေဟင်္သာတောရကျောင်းတိုက် တည်ထောင်သည့် (၁၉၀၀ ပြည့်နှစ်မှ ၁၉၇၅ ခုနှစ်) အထိ ကာလအတောအတွင်း တည်ရှိခဲ့သည့် ဖြစ်စဉ်ဖြစ်ရပ်များကို ပြည့်စုံစွာ တင်ပြထားသည်။ ထိုသို့ တင်ပြရာ၌ ကျောင်းတိုက်ကို တည်ထောင်သည့် မြန်မာနိုင်ငံ၌ ရဟန္တာဟုထင်ရှားသော ဘုန်းတော်ကြီးဦးသီလ၊ ဒုတိယမြောက်ရွှေကျင်သာသနာပိုင် မဟာဝိသုဒ္ဓါရုံဆရာတော်၊ ရန်ကုန်မြို့ ကျောင်းတော်ရာ ရွှေကျင်တိုက် ကျောင်းတော်ရာဆရာတော်ကြီး (ရွှေဟင်္သာဆရာတော်၏ ဥပဇ္ဈာယ်ဆရာ)၊ ရွှေဟင်္သာတောရ ပထမစံကျောင်းဆရာတော်၊ ဒုတိယစံကျောင်းဆရာတော်တို့မှစ၍ နောက်ဆုံးစိန်ရတုကာလတဝိုက်၌ ကျောင်းတိုက်စာချအဖြစ် ဆောင်ရွက်နေသည့် ရဟန်းတော် (ဝါနှစ်ဆယ်မပြည့်သေးသဖြင့် ဆရာတော်ဟု မခေါ်နိုင်သေးသူ) တို့၏ ထေရုပ္ပတ္တိများအတိုင်း အသေးစိတ် ဖော်ပြထားသည်။

ရုပ်ဝတ္ထု အနေအားဖြင့်လည်း ကျောင်းတိုက်အတွင်း ဖြစ်ပေါ်တိုးတက်ခဲ့သည့် ကျောင်းများကို ပထမဦးဆုံး ကျောင်းကလေးများ၊ ဒုတိယအဆင့်ကျောင်းများ၊ တတိယအဆင့်ကျောင်းများ၊ ရေတွင်းရေကန်များဟူ၍ အမျိုးအစားကွဲပြားကာ ကျောင်းအနေအထား၊ လှူဒါန်းသူ၊ ကုန်ကျငွေတို့ကို မှတ်တမ်းတင်ကာ ဖော်ပြထားသည်။

ဆရာတော်သံဃာတော်အကြောင်းကို ဖော်ပြရာတွင် ၎င်းတို့၏ သီလ၊ သမာဓိ၊ ပညာ၊ သိက္ခာသုံးပါးတို့ ပေါ်လွင်အောင် ဖော်ပြထားသည်။ ယင်းသို့ ရေးသားဖော်ပြခြင်းခံရသော ပုဂ္ဂိုလ်ထူးများမှာ သူတစ်ပါးတို့ ကြည်ညိုလေးစားထိုက်သည့် ဂုဏ်အင်္ဂါများ ရှိသည်သာမက ထိုဂုဏ်အင်္ဂါများကို အရှိအတိုင်း ထုတ်ဖော်ထားခြင်းမှာလည်း စိတ်ဝင်စားဖွယ် ကောင်းလှသည်။

ဖော်ပြထားသည့် ထေရုပ္ပတ္တိရှင်များအနက် ပထမစံကျောင်းဆရာတော် (၁၈၇၃-၁၉၇၄) ခုနှစ်မှာ ငယ်စဉ်ကာလ အစိုးရအထက်တန်းကျောင်းတွင် နဝမတန်းတိုင်အောင် ပညာသင်ကြားနေစဉ် သတိသံဝေဂရ၍ သာသနာ့ဘောင် ဝင်ရောက်ခဲ့ပြီး နောင်အခါ ကျမ်းပေါင်းများစွာပြုစု၍ အင်္ဂလိပ်အစိုးရက အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်ကို ဆက်ကပ်ခံရသော ပုဂ္ဂိုလ်ထူးဖြစ်သည်။

ဒုတိယစံကျောင်းဆရာတော် (၁၈၈၂-၁၉၅၁) ခုနှစ်မှာလည်း ထိုကဲ့သို့ ကျမ်းပြုပုဂ္ဂိုလ်မဟုတ်သော်လည်း ကျောင်းတိုက်အုပ်ချုပ်ရာ တပည့်တပန်းတို့ကို ဆုံးမရာ၊ မြေတောင်မြှောက်ပေးရာတို့၌ သူမတူသော အရည်အချင်းများရှိသဖြင့် ၎င်းတို့ကို ကျယ်ကျယ်ပြန့်ပြန့် ချဲ့ထွင်ရေးသားသည်။ သာသနာတော်ပြုစုလိုသူများ၊ ပရိယတ္တိစာသင်တိုက်ကြီးများ တည်ထောင်လိုသူတို့အတွက် အားကျလိုက်နာဖွယ်ရာများပင် ဖြစ်သည်။ ဤကျမ်းသည် ရွှေဟင်္သာဆရာတော် ပြုစုသည့်ကျမ်းစာများအနက် အကောင်းဆုံး စကားပြေကျမ်းဖြစ်ကြောင်း မြန်မာသတ်ပုံအဘိဓာန် ကျမ်းပြုဆရာကြီးဦးအုန်းရွှေက မိန့်ဆိုခဲ့ဖူးသည်ဟု သိရှိရပါသည်။ သမိုင်းကြောင်းဖြစ်သည်သာမက အရေးအသားပြေပြစ်ချောမောကြောင်း တွေ့ရှိရသဖြင့် ဤစကားမှန်ကန်သည်ဟု ဆိုနိုင်သည်။ ဤကျမ်းသည် စာမျက်နှာ နှစ်ရာငါးဆယ့်ခြောက်မျက်နှာ ရှိသည်။

ဂရုဓမ္မဝတ္ထုကို ဆရာတော်သည် ၅ ဇန်နဝါရီ ၁၉၅၅ ခုနှစ်၌ အပြီးသတ်ရေးသားသည်ဟု ကျမ်းနိဂုံး၌ ဖော်ပြထားချက်အရ ဆရာတော် သက်တော်ခြောက်ဆယ့်တစ်နှစ်၌ ရေးသားထားသော ဝတ္ထုဖြစ်သည်။ ငါးရာငါးဆယ်နိပါတ်တော်လာ ဂရုဓမ္မဇာတ်တော်ကို အများနားလည် သဘောပေါက်စေရန် ပါဠိမဖက် မြန်မာစကားပြေသက်သက်ဖြင့် ရေးသား ပြုစုသော ကျမ်းဖြစ်သည်။ နိဒါန်းမပါ စာမျက်နှာ လေးဆယ့်တစ်မျက်နှာ သာရှိသည်။ စိတ်ဝင်စားဖွယ် ဖြစ်စေရန် ပစ္စုပ္ပန်ဝတ္ထု၊ အတိတ်ဝတ္ထုတို့ကို ခွဲခြား၍ ရေးသားထားသည်။ ရေးသားပုံမှာလည်း ပြေပြစ်ချောမော၍ ရှင်းလင်းလွယ်ကူသည်။

ဇာတ်လမ်းအကျဉ်းမှာ ကလိင်္ဂတိုင်း၌ မိုးခေါင်ရေရှား အငတ်ဘေး ကြီးကြုံသဖြင့် ကုရုတိုင်း ပြည့်ရှင်ဘုရင်ကောရဗျမင်းထံ မင်္ဂလာဆင်တော် ကို သွားရောက် အလှူခံကြသည်။ မင်္ဂလာဆင်တော် ရရှိသော်လည်း မိုးမရွာ။ ထို့ကြောင့် ကောရဗျမင်းကြီးစောင့်ထိန်းသော ဂရုဓမ္မ ခေါ် ငါးပါး သီလကို ရေးပြလှူဒါန်းပါရန် တောင်းခံကြသည်။

၎င်းတွင် ကောရဗျမင်း၊ မိဖုရား၊ မယ်တော်၊ ပုရောဟိတ် အမတ်ကြီးမှအစ ပြည့်တန်ဆာမအထိ ဆယ့်တစ်ဦးသောသူတို့က ငါးပါး သီလကို မကျိုးမပေါက် ထိန်းသိမ်းကြပုံတို့ကို မူရင်းဇာတ်လမ်းရှိသည့် အတိုင်း မြန်မာစကားပြေဖြင့် ရေးဖွဲ့ထားကြောင်း တွေ့ရသည်။ မူရင်းဇာတ် မှာလည်း ပြည့်စုံကောင်းမွန်ပြီး မြန်မာပြန်သူ ဆရာတော်၏ အရေးအသား မှာလည်း ပြေပြစ်ချောမောသဖြင့် ခေတ်ပေါ်ဝတ္ထုတစ်ပုဒ်ကို ဖတ်နေရ သကဲ့သို့ ဆွဲဆောင်မှုအားကောင်းလှသည်။

ထို့ပြင် သီလ၏အကျိုးတရားကို အတန်အသင့် ရေးသားဖော်ပြပြီး ဆရာတော်ကိုယ်တိုင် ကြုံတွေ့ခဲ့ရသည့် သီလကျေးဇူး ဝတ္ထုသုံးပုဒ်ကို လည်းကောင်း၊ ဆရာသမားများထံမှတဆင့် နာယူမှတ်သားရသည့် ဝတ္ထု နှစ်ပုဒ်ကိုလည်းကောင်း သက်သေသာဓကများဖြင့် တင်ပြထားသည်။

ပထမဦးဆုံးဝတ္ထုမှာ ဘုရားဒါယကာဦးအုပ်အကြောင်း ဖြစ် သည်။ ဦးအုပ်သည် ဘုရားဒါယကာဖြစ်သည်သာမက သီလစွဲမြဲသူ ဖြစ်သဖြင့် ကွယ်လွန်ကာနီး၌ ၎င်း၏အိမ်ထက်ကောင်းကင်တွင် တူရိယာ သံများ ကြားရသဖြင့် နတ်ရထားဆိုက်ရောက်ကြောင်း ရဟန်းလူတို့အသိ

အမှတ်ပြုကြသည်။ ထိုခေတ် ၁၉၁၇ ခုနှစ်က အသံချဲ့စက်ပင် မပေါ်သေး သဖြင့် အခြားတူရိယာသံများမဟုတ်ကြောင်း နတ်တူရိယာသံများဖြစ်ကြောင်း အသိအမှတ်ပြုကြသည်။

ဒုတိယဝတ္ထုမှာ ဆရာတော်၏ ဓမ္မမိတ်ဆွေ စစ်ကိုင်းတောင်ရိုး ပဋ္ဌာန်းသိပ္ပံဆရာတော်၏တူမ မသန်းရင်အကြောင်းဖြစ်သည်။

မသန်းရင်သည် တစ်ဆယ့်ရှစ်နှစ်သမီးကပင် ဆရာတော်ကျောင်း၌ သံဃဝေယျာဝစ္စပြုလုပ်ရင်း တရားဓမ္မ သီတင်းသီလဖြင့် နေထိုင်သူဖြစ်သည်။ အသက်သုံးဆယ်အရောက် ၁၉၅၈ ခုနှစ်တွင် ရုတ်တရက်ရေချိုးများသဖြင့် အပြင်းဖျားသည်။ ကွယ်လွန်အံ့ဆဲဆဲ၌ မိမိအား အထက်နတ်များ လာရောက်ကြိုဆိုနေကြောင်း၊ ရုပ်ကလာပ်ကို မည်သို့သင်္ဂြိုလ်ရန်၊ သံဃာပင့်ရန်၊ လက်ဝတ်လက်စားများကို လှူဒါန်းပေးရန် တိတိကျကျ မှာကြားပြီး ဦးလေးဆရာတော်နှင့် ကန်တော့ထိုက်သူတို့ကို သေချာစွာ ကန်တော့ကာ မကြာမီ ဝိညာဉ်ချုပ်သွားသည်။

တတိယဝတ္ထုမှာ ၁၉၆၂ ခုနှစ်၌ ကွယ်လွန်သော စစ်ကိုင်းမြို့မှ ဒေါ်ညွန့်ဝတ္ထုဖြစ်သည်။ ဒေါ်ညွန့်သည် ကင်ဆာရောဂါကြောင့် မန္တလေး ပြည်သူ့ဆေးရုံကြီးတွင် ကုသနေစဉ် ကွယ်လွန်ကာနီး၌ မသန်းရင်ကဲ့သို့ပင် နတ်ပြည်မှ နတ်မင်းကြီးများ လာရောက်တရားဟောနေကြောင်း ပြင်းထန်သောဝေဒနာကို မေ့ပျောက်၍ ပြုံးနေသည်ကို တွေ့ရသဖြင့် ခင်ပွန်းဦးမြိုင်က မေးမြန်းရာ နတ်များလာခေါ်နေ၍ ပြုံးနေမိကြောင်း ပြန်ပြောသည်။ ကွယ်လွန်ကာနီး နာရီပိုင်းအတွင်း၌ ခင်ပွန်းဦးမြိုင်အား တစ်မဂ်၊ တစ်ဖိုလ် ရအောင် တရားကို အားထုတ်ပါ၊ မိမိလက်ဝတ်လက်စားများကို မဟာမြတ်မုနိဘုရား၊ စစ်ကိုင်းဆင်များရှင်စေတီတော်၊ ရွှေတိဂုံစေတီတော်၊ ရွှေမော်ဓောစေတီတော်များအား လှူဒါန်းရန် စသည်တို့ကို မှာကြားပြီး ချမ်းသာစွာ ဝိညာဉ်ချုပ်သွားသည်။

ဤဝတ္ထုသုံးပုဒ်အပြင် မိမိ၏ ဆရာသမားထံမှ ကြားရသည့် ပြိတ္တာငခိုင်နှင့် ရေချမ်းအမကြီး ပြိတ္တာဖြစ်နေခြင်းဝတ္ထုတို့ကို ဖော်ပြထားရာ သံဝေဂရဖွယ်၊ အတုယူဖွယ် ကောင်းသည်ကို တွေ့ရှိရသည်။ ကိုယ်ကျင့်တရားပျက်ပြား၍ ဗြဟ္မစိုရ်တရား ကင်းကွာနေသော ယနေ့ကမ္ဘာတွင် မိမိကိုယ်တိုင် အကျင့်စာရိတ္တကောင်းမွန်၍ ကြင်နာခြင်း၊ စာနာထောက်ထား

ခြင်း၊ ကူညီရိုင်းပင်းခြင်း စသည့် မေတ္တာ၏ အငွေ့အသက်၊ ဂရုဏာ၏ အရိပ်အရောင်တို့ကို ဖော်ပြနိုင်သော ဝတ္ထုတစ်ပုဒ်ဖြစ်သည်ဟု ယူဆရသည်။

ရွှေကျင်နိကာယသာသနာဝင် (အကျယ်) ကျမ်းစာတွင် ရွှေကျင်ဂိုဏ်းကို စတင်ပေါ်ပေါက်လာစေသည့် ဆရာတော်မှာ ရွှေဘိုမြို့၊ လှတောကြီး၊ ငါးရွာတွင် ပါဝင်သော ရွှေကျင်ရွာဇာတိဖြစ်သည့် ရွှေကျင်ဆရာတော်ကို အကြောင်းပြု၍ ပေါ်ပေါက်လာခြင်းဖြစ်သည်။ သို့သော်ရွှေကျင်ဂိုဏ်း ပေါ်ပေါက်လာပုံနှင့် စပ်လျဉ်း၍ သာသနာ့သမိုင်းကျမ်းတစ်စောင်အနေဖြင့်ကား ပေါ်ထွက်ခဲ့ခြင်းမရှိပါ။ သမိုင်း၌ကျန်နေခဲ့သော ကွက်လပ်ကို ဆရာတော်သည် ရွှေကျင်နိကာယသာသနာဝင်ကျမ်းဖြင့် ဖြည့်စွက်ခဲ့သည်။

ပုဂံပြည်သာသနာဝင်ကို ဖော်ပြရာ၌ ပုဂံပြည်သာသနာဝင်၏ ဓမ္မဒဿီဘွဲ့ခံ ရှင်အရဟံ၏ ထေရပ္ပဝတ္တိမှစ၍ သက္ကရာဇ် ၆၄၈ ခုနှစ်တွင် နန်းတက်သော ဒလစားကျော်စွာ (နရသီဟပတေ့၏သား) လက်ထက် တတိယ ဆပဒထေရ်ရှင်ဥတ္တမသီရိ လက်ထက်အထိ ဖော်ပြခဲ့သည်။ ဤတွင် သာသနာသမိုင်းတွင် ထင်ရှားသည့် ရှင်ဂုဏသာရ၊ ရှင်အဂ္ဂပဏ္ဍိတ၊ ရှင်အဂ္ဂဝံသ၊ ရှင်ဥတ္တရာဇီဝ စသည့် ကျမ်းတတ်ပုဂ္ဂိုလ်တို့၏ သမိုင်းကြောင်းကိုလည်း ပြည့်စုံစွာဖော်ပြခဲ့သည်။

ကူးခန်းကြီး (ပခန်းကြီး) သာသနာဝင်ကို ဖော်ပြရာ၌ မြင်စိုင်းမင်းလက်ထက် သက္ကရာဇ် ၆၆၂ ခုနှစ်ခန့်တွင် ပေါ်ပေါက်ခဲ့သော အရှင်သုဓမ္မစာရီ မထေရ်မှစ၍ ပထမကျော်အောင်စံထားဆရာတော် (၁၇၀၅-၁၇၅၃) ခုနှစ်အထိ သာသနာဝင်သမိုင်းကို ဖော်ပြထားသည်။ ဤကာလအတွင်း ပွဲကျောင်းရဟန်းများအကြောင်း၊ အတင်ဂိုဏ်း၊ အရုံဂိုဏ်းဟူ၍ သံဃာဂိုဏ်းကြီးနှစ်ဂိုဏ်း ကွဲပြားပုံကို ဖော်ပြထားသည်။ သာသနာသမိုင်းတွင် လွန်စွာထင်ရှားသည့် ရွှေမင်ဆရာတော်ရှင်ဓမ္မာဓ၊ တောင်ဖီလာဆရာတော်ရှင်ဉာဏလင်္ကာရ စသည့် မထေရ်မြတ်တို့၏ ကြည်ညိုဖွယ်ရာ ပရိယတ်၊ ပဋိပတ်စွမ်းရည်များကိုလည်း ထုတ်ဖော်ထားသည်ကို တွေ့ရသည်။

ထို့နောက် ဒီပဲယင်းသာသနာဝင်ကို ပထမနမောဆရာတော် ရှင်ပုညာရမ္မ၊ ဒုတိယနမောဆရာတော် အရှင်ဝိစာရိန္ဒတို့အကြောင်းကို ဖော်ပြထားသည်။ ရွှေဘိုသာသနာဝင်ကိုဖော်ပြရာ၌ ရွှေကျင်ဆရာတော်၏ ဆရာစဉ်ဆက်ဖြစ်သည့် သီးလုံးဆရာတော်၊ ရှမ်းကလေးကျွန်းဆရာတော်

နှစ်ပါးကိုသာ ဖော်ပြခဲ့သည်။ ရွှေကျင်နိကာယသာသနာဝင်ကျမ်း၏ ပထမပိုင်းမှာ ဤမျှသာ ဖြစ်သည်။ ဒုတိယပိုင်းမှာပင် ရွှေကျင်သာသနာဝင်နှင့်စပ်လျဉ်း၍ ရွှေကျင်ဂိုဏ်း၌ ထင်ရှားသည့် ဆရာတော်၊ သံဃာတော်များ အကြောင်းကို ပြည့်စုံစွာ ဖော်ပြထားသည်ကိုတွေ့ရသည်။

ရွှေကျင်ဆရာတော်နှင့် အခြားဂိုဏ်းဂဏများမှ ထင်ရှားကျော်ကြားသည့် ဆရာတော်ကြီးများ၏ ဆက်ဆံရေးကိုလည်း စိတ်ပါဝင်စားဖွယ်ရာ တွေ့ရှိရသည်။ ဥပမာ ရွှေကျင်ဆရာတော်နှင့် အုတ်ဖိုဆရာတော် (ဒွါရဂိုဏ်းကို စတင်တည်ထောင်တော်မူသော ဆရာတော်ကြီး) ဥက္ကံဝံသမာလာ၊ ရွှေကျင်ဆရာတော်နှင့် သင်္ဂဇာဆရာတော် စသည်တို့ ဖြစ်သည်။ ရွှေကျင်ဆရာတော်သည် ၁၈၉၃ ခုနှစ်၊ သက်တော်ခုနစ်ဆယ့်တစ်နှစ်တွင် မင်းကွန်းငွေတောင်တောရ၌ ပျံလွန်တော်မူသည်။

ရွှေကျင်ဆရာတော်ပျံလွန်တော်မူပြီးနောက် ဒုတိယရွှေကျင်နိကာယသာသနာပိုင်ဖြစ်သည့် မဟာဝိသုဒ္ဓါ ရာမဆရာတော်၏ အကြောင်းကိုလည်း ဤကျမ်းတွင် အတော်အတန်ပြည့်စုံစွာ စာမျက်နှာ နှစ်ရာလေးဆယ့်တစ်မှ နှစ်ရာလေးဆယ့်ကိုးထိ ဖော်ပြထားသည်။ မဟာဝိသုဒ္ဓါရာမ ဆရာတော်သည် ရွှေကျင်ဆရာတော်ပြီးလျှင် ရွှေကျင်ဂိုဏ်း၌ ပဓာနနာယက ဂဏပါမောက္ခဆရာတော် ဖြစ်ပါသည်။

ရွှေကျင်ဂိုဏ်းကိုတည်ထောင်သည့် ပထမရွှေကျင်ဆရာတော်ဘုရားကြီးအကြောင်းကို ဖော်ပြရာတွင် စာမျက်နှာကိုးဆယ့်ကိုးမှ စာမျက်နှာနှစ်ရာသုံးဆယ့်ငါးအထိ တစ်ရာသုံးဆယ့်ခြောက်မျက်နှာတိတိ ဖော်ပြခဲ့သည်။ ရွှေကျင်ဆရာတော်၏ မျိုးရိုးစဉ်ဆက်၊ ဆရာစဉ်ဆက်မှစ၍ သာသနာပြုပုံအဆင့်ဆင့်၊ ရေးသားထားသောကျမ်းဂန်များ၊ တပည့်အစဉ်အဆက်တို့ပါမကျန် အသေးစိတ် ဖော်ပြထားသည်ကိုတွေ့ရသည်။

ဤတွင် ရွှေကျင်ဂိုဏ်းပေါ်ပေါက်လာပုံနှင့် စပ်လျဉ်း၍ တစ်နေ့သောအခါ သုဓမ္မာဝင်ဆရာတော်များ အမိန့်ဖြင့် သုဓမ္မာသဘင်သို့ ကြွရောက်ရန် ရွှေကျင်ဆရာတော်အား ဆင့်ခေါ်လိုက်သောအခါ ဆရာတော်သည် ကြွရောက်ခြင်းမရှိဘဲ အခါခါငြင်းပယ်လိုက်သောကြောင့် မင်းလုလင်ကျေးကျွန်များ၏ အကူအညီဖြင့် ဆွဲခေါ်ရန်တိုင်ပင်ကြသည်ကို ဆရာတော်အား သက်ဝင်ခင်မင်ကြည်ညိုကြသော သင်္ဂဇာဆရာတော်နှင့် သက်ပန်း

ဆရာတော်တို့က အခြားအရပ်သို့ တိမ်းရှောင်ကြွရောက်နေရန် တိုးတိုး တိတ်တိတ် အသိပေးတော်မူသည်။ ထိုအကြောင်းကို မင်းတုန်းမင်း တရားကြီး ကြားသဖြင့် ဆရာတော်အားဆင့်ခေါ်ခြင်းနှင့် ပတ်သတ်၍ အမိန့်ထုတ်သည်မှာ "ရွှေကျင်ဆရာတော်အားသုဓမ္မာအဖွဲ့က အဆင့်အဆို မရှိပါစေနှင့် သီးခြားရွှေကျင်ဂိုဏ်း၊ ရွှေကျင်နိကာယအဖြစ်ဖြင့် ရှိပါစေ" ဟုအမိန့်တော် ထုတ်ပြန်သည့်အချိန်မှစ၍ 'ရွှေကျင်ဂိုဏ်းရွှေကျင်နိကာယ' ဟူ၍ အထင်အရှား အမည်ပေါ်လွင်လာတော့သည်။

မဟာဝိသုဒ္ဓါရုံရာမဆရာတော်ဘုရားကြီးသည် အဘိဓမ္မာ၊ ဝိနည်း၊ ပိဋကတ်၊ သုတ္တန်၊ သဒ္ဒါ စသည်ဖြင့် အဘက်ဘက်မှ နိုင်နင်းသိမြင်သော ကံထူး၊ ဉာဏ်ထူးရှိတော်မူသည့် ဆရာတော်ကြီးတစ်ပါးဖြစ်ကြောင်း ဤ ကျမ်းတွင် ရေးသားတော်မူခဲ့သည်။ ထိုဆရာတော်လက်ထက်၌ ရွှေကျင်ဂိုဏ်း သည် ပိုကျယ်ပြန့်လာသည်။ ဆရာတော်၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာ ဂုဏ်များနှင့်တကွ ရွှေကျင်ဆရာတော်ကြီး လက်ထက်တပည့်ကြီးများဖြစ် သည့် သုံးဆယ့်ခြောက်ပါးသော မထေရ်တို့၏ စွမ်းအားကြောင့် ဤကဲ့သို့ ထွန်းကားလာရခြင်း ဖြစ်သည်ဟုဆိုနိုင်ပေသည်။ အထူးသဖြင့် မဟာ ဝိသုဒ္ဓါရုံရာမဆရာတော်သည် ပါဠိသက္ကတကျမ်းဂန်တို့၌ မတူတန်အောင် ကျွမ်းကျင်လိမ္မာတော်မူသည်သာမက သင်ကြားပြသရာ၌လည်း အထူး ကျွမ်းကျင်တော်မူသဖြင့် တပည့်လွန်စွာ များပြားကြောင်း တွေ့ရှိရသည်။

ရွှေဟင်္သာဆရာတော်သည် ရွှေကျင်ဂိုဏ်းအတွင်း၌ ဆက်လက် ပေါ်ပေါက်လာသည့် ဒီပဲယင်းဆရာတော်၊ ကျိုက္ကဆံဆရာတော်၊ အလုံ ဆရာတော်၊ သက်တော်ရှည်စံကင်းဆရာတော် ၁၀၃ နှစ်၊ အဘယာမ ဆရာတော်၊ စံကျောင်းဆရာတော် အစရှိသည့် သံဃာဦးဆျောင်မထေရ်ကြီး တို့၏အကြောင်းများကို ဝတ္ထုဇာတ်လမ်းသဖွယ် ဖော်ပြထားရာ လွန်စွာ စိတ်ဝင်စားဖွယ် ကောင်းလှသည်။

ဤသို့ဖြင့် ရွှေဟင်္သာဆရာတော်ပြုစုသည့် ကျမ်းပေါင်းများစွာ အနက် ရွှေကျင်နိကာယသာသနာဝင်ကျမ်းသည် ရဟန်းပုဂ္ဂိုလ်များအတွက် သာမက လူတော်လူကောင်း ဖြစ်လိုသူ မည်သူမဆို ဖတ်ရှုသင့်သည့် ကျမ်းဂန်တစ်ရပ် ဖြစ်ကြောင်း တွေ့ရသည်။ ဤကျမ်းသည် စာမျက်နှာ ခြောက်ရာသုံးဆယ့်ငါးမျက်နှာ ရှိပါသည်။

ရွှေကျင်နိကာယသာသနာဝင်ကျမ်းသည် အကျဉ်းနှင့်အကျယ်ဟူ၍ နှစ်မျိုး ရှိသည်။ သာသနာဝင်အကျဉ်းကို ၁၉၆၆ ခုနှစ်တွင် ရေးသားခဲ့၍ အကျယ်ကို ၁၉၆၃ ခုနှစ်တွင် ရေးသားခဲ့သည်။ အကြောင်းအရာ အသေးစိတ်ကို အကျယ်ကျမ်းတွင် ဖော်ပြသွားပြီး ဖြစ်ပါ၍ ယခုကျမ်းနှင့် စပ်လျဉ်း၍ အကြောင်းအရာအကျဉ်းမျှကိုသာ လေ့လာဖော်ပြသွားမည် ဖြစ်သည်။ ဤကျမ်းကို ပြုစုသူက ပထမပိုင်းနှင့်ဒုတိယပိုင်း၊ နောက်ဆက်တွဲပါ အပိုင်းသုံးပိုင်း ခွဲခြား၍ဖော်ပြရာ ပထမပိုင်းတွင် အကျယ်ကျမ်းမှာကဲ့သို့ပင် မဇ္ဈိမဒေသသာသနာဝင်အကျယ်မှစ၍ ရွှေဘိုသာသနာဝင် အကျယ်အထိ ဖော်ပြထားသည်။

ဒုတိယပိုင်းတွင် ရွှေကျင်ဂိုဏ်းကို တည်ထောင်သည့် ပထမ ရွှေကျင်ဆရာတော်ဘုရားမှစ၍ သာသနာသမိုင်းဝင် ပုဂ္ဂိုလ်များအကြောင်းကို ရေးသားထားသည်။ သို့ရာတွင် အကျဉ်းဟူသော အမည်နှင့်အညီ အကြောင်းအရာ အနေအားဖြင့် ဒုတိယကျမ်းစာနှင့် စာလျှင်ကျဉ်းမြောင်း၍ ကျမ်းရင်းစာသား သုံးရာခြောက်ဆယ့်ခြောက်မျက်နှာ ရှိသည်။ အကျယ်မှာ နောက်ဆက်တွဲမပါစာမျက်နှာ ငါးရာတစ်ဆယ့် ကိုးမျက်နှာ ပါရှိသည်။

ယုဝေါဝါဒဆုံးမစာ ဆိုသည်မှာ ယုဝေါဝါဒဟူသော ပါဠိနှင့် ဆုံးမစာဟူသော မြန်မာဝေါဟာရတို့ကို ပေါင်းစပ်ထားသောအမည် ဖြစ်သည်။ ယုဝေါဝါဒ ဟူသော ပါဠိသည်လည်း ယုဝနှင့် ဩဝါဒဟူသော စကားနှစ်ရပ်ကို ပေါင်းစပ်ထားခြင်း ဖြစ်သည်။ ယုဝ=လူငယ်လူရွယ် တို့ကို (+) ဩဝါဒ = ဆုံးမခြင်းဟု အနက်ရသည်။ လူငယ်လူရွယ်တို့ အတွက် ဘုရားဟော ပိဋကတ်ကျမ်းစာ၊ လောကနီတိကျမ်းတို့မှ သင့်လျော်သော အဆုံးအမတို့ကို ထုတ်နှုတ်ဖော်ပြထားသော ကျမ်းစာဖြစ်သည်။ ကျမ်းစာ၏ရည်ရွယ်ချက်မှာ မြန်မာလူငယ်လူရွယ်တို့ လောကီ၊ လောကုတ္တရာ နှစ်ဖြာသောကဏ္ဍတို့၌ လိမ္မာရေးခြားရှိရန်၊ ကြီးပွားချမ်းသာရန် လမ်းညွှန်ပေးလိုခြင်း ဖြစ်သည်။ ထိုကြောင့် ကျမ်း၏နိဂုံး၌-

သုတ္တန်ပိဋက၊ နီတိစသည်၊
ထိုသို့ကျမ်းမှ၊ ထုတ်ပြ၍တည်။
မြန်မာဝလေ့၊ စီ၍ကြံစည်၊
လူငယ်များ ကြီးပွားစေအံ့ရည်။

ဟုကျမ်းစာ၏ ရည်ရွယ်ချက်ကို အထင်အရှား ထည့်သွင်းထား ခြင်း ဖြစ်သည်။ ကျမ်းစာရေးသားပုံမှာ အခြားဆရာတော်များ ပြုစုရေးသား သည့်ကျမ်းစာများနှင့်မတူဘဲ လူငယ်လူရွယ်၊ ကလေးသူငယ်များမှစ၍ စာဖတ်တတ်သူတိုင်း သိရှိနိုင်မည့် လင်္ကာစကားပြေနှစ်ထွေသော ရေးနည်း ဖြင့် ရေးသားထားသည်ကို တွေ့ရသည်။ ဦးစွာဆိုဆုံးမလိုသည့် အကြောင်း အရာတစ်ခုကို ရှစ်လုံးဘွဲ့ မြန်မာကဗျာဖြင့် ရေးဖွဲ့ထားသည်။ ထို့နောက် ထိုဂါထာလာ အဓိပ္ပာယ်ကို ရှင်းလင်းလွယ်ကူသော စကားပြေဖြင့် ဖော်ပြ ထားသည်။

ဥပမာ ဤကျမ်းတွင် ဩဝါဒပေါင်း တစ်ဆယ့်နှစ်ခု ရှိသည့်အနက် အဦးအစဩဝါဒတစ်တွင် -

ခပ်သိမ်းများလှ၊ ရှိစနတွင်၊
ပညာဧဝ၊ ဓနဘုရင်၊
ယူ၍မခန်း၊ သုံးမခန်းပင်၊
တန်ဘိုးမှတ်၊ မပြတ်အပ်သည်ပင်။

ဟု ဆုံးမစာကဗျာကို ဖော်ပြသည်။ ထို့နောက် ထိုကဗျာနှင့် စပ်လျဉ်းသည့် အဓိပ္ပာယ်ကို -

> လောကတွင်လူတို့အား ကျေးဇူးပြုသော ဥစ္စာအသုံးအဆောင် ထဲတို့မှ ပညာတည်းဟူသော ဥစ္စာသည် ဥစ္စာပစ္စည်းတို့၏ ဘုရင်ဟုဆိုရလောက်အောင် တန်ခိုးကြီး၍ တန်ဖိုးရှိသည်ဟု ဆိုသည်။

စသည်ဖြင့် ဖော်ပြထားသည်။ ဤနည်းအားဖြင့် အပိုဒ်တစ်နှင့် နှစ်တို့တွင် ပညာ၏ တန်ဖိုး၊ ပညာကို ကြိုးစားအားထုတ် ရှာမှီးသင့်ပုံတို့ကို ညွှန်ကြား ထားသည်။ အပိုဒ်သုံးတွင် အတတ်ပညာဆည်းပူးရာ၊ ဥစ္စာဓနရှာဖွေရာတို့၌ အို၊ နာ၊ သေခြင်းတို့ကို မစဉ်းစားဘဲ ကျားကုတ်ကျားခဲ မရမနေ ဖွဲလုံ့လဖြင့် ရှာမှီးသင့်ပုံကို 'မအိုတော့ပေ၊ မသေမဲ့ပုံ၊ ရှာကုန်ဓနေ၊ သုတစုံစုံ' စသည် ဖြင့် ရေးဖွဲ့ထားသည်။

ဤသို့ ရေးဖွဲ့ရာ၌လည်း လောကုတ္တရာမျက်စိဖြင့် ကြည့်ခြင်း မဟုတ်၊ လောကနီတိတို့ အလိုအရသာ ဆိုဆုံးမထားခြင်း ဖြစ်ကြောင်း ဖော်ပြထားသည်။ ဤသို့ ပညာဓနရှာဖွေရာ၌ သေခြင်းတရားကို မေ့ထား

သင့်သော်လည်း တရားဓမ္မရှာဖွေရာ၌ သေမင်းထံသို့ ယခုပင်ပြေးဝင်ရမည့် စိတ်ထားမျိုးဖြင့်အားထုတ်သင့်ပုံကို 'သေမင်းအံ့ဆွဲ၊ ခေါင်ငင်ဆဲပုံ၊ မြတ်တရား၊ အားထုတ်ကြပါကုန်' ဟု ရေးဖွဲ့ထားသည်။

ပုံဝတ္ထုအားဖြင့် ဘုရားရှင်လက်ထက်က တောရကျောင်းတွင် တိဿရဟန်းကြီးကို ညအခါ လူဆိုးများ လာရောက်ဖမ်းဆီးပြီး သတ်မည်ပြုရာ ရဟန်းကြီးက အမောင်တို့ ခေတ္တဆိုင်းပါ။ တရားထူးရအောင် အားထုတ်လိုက်ပါရစေဟု ခွင့်ပန်သည်။ သေအံ့မူးမူး၌ သဲသဲမဲမဲ မရမနေ ဝီရိယဆန္ဒတို့ဖြင့် တရားအားထုတ်ရာ အာရုံတက်တွင် ရဟန္တာဖြစ်သွားကြောင်း ထုတ်နုတ် ဖော်ပြထားသည်။ ဤသို့လောကီရေးအတွက် ကြိုးစားရာ၌ မည်သို့စိတ်ထားရပုံ၊ လောကုတ္တရာအတွက် ကြိုးစားရာတွင် မည်သို့စိတ်ထားသင့်ပုံတို့ကို ခွဲခြားဖော်ပြထားရာ ဆရာတော်၏ အတွေးအမြင်မှာ ခေတ်မီလှပေသည်။ (အခြားသော ပိုဒ်ရေလေးငါးခြောက် စသည်တို့တွင်လည်း ဤပုံစံအတိုင်း ရေးဖွဲ့တင်ပြထားသည်။)

အလားတူပင် ပိုဒ်ရေလေး၌ ပစ္စည်းရှင်နှင့် ပညာရှင်တို့ကွာခြားပုံ၊ ပိုဒ်ရေငါး၌ပညာမတတ်က ရုပ်လက္ခဏာ၊ ခနေကြေးငွေ မည်မျှ ပြည့်စုံသော်လည်း လူသုံးမဝင် လူရာမရောက်ပုံ၊ ပိုဒ်ရေခြောက်၌ ကြီးပွားချမ်းသာ၍ သူတစ်ပါး လေးစားမှုခံယူလိုပါက စကားမှန်မှန်ကန်ကန်ပြောဆိုရန် လိုအပ်ပုံတို့ကို ဥပမာ သာဓကတို့ဖြင့် ဖော်ညွှန်းထားပေသည်။ ပိုဒ်ရေခုနစ်တွင် သူယုတ်မာကိုရှောင်၍ သူတော်ကောင်းနှင့် ပေါင်းသင်းသင့်ပုံကိုလည်းကောင်း၊ ပိုဒ်ရေရှစ်နှင့်ကိုးတို့၌ ရောဂါကင်းခြင်း၊ သီလစောင့်ခြင်း၊ ပညာရှိစကားလိုက်နာခြင်း၊ ဗဟုသုတရှာမှီးခြင်း၊ ဒုစရိုက်မှရှောင်ကြဉ်ခြင်း၊ မပျင်းရိခြင်းဟူသောကြီးပွားကြောင်း တရားခြောက်ပါးတို့ကို လောကီလောကုတ္တရာ ဥပမာများဖြင့် စာမျက်နှာ သုံးဆယ့်တစ်နှစ်မျက်နှာမျှ အကျယ်တဝင့် ဖော်ပြထားသည်။

ပိုဒ်ရေတစ်ဆယ်နှင့် တစ်ဆယ့်တစ်တို့တွင် ဖွဲ၊ လုံ့လအရေးကြီးပုံကို ပုံပမာများဖြင့် ဩဝါဒ ပြုထားသည်။ နောက်ဆုံးဖြစ်သည့် ပိုဒ်ရေတစ်ဆယ့်နှစ်တွင်ကား လုံ့လရှိခြင်း၊ ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ချွေတာခြင်း၊ စိတ်ကောင်းရှိခြင်း ဟူသော ကြီးပွားကြောင်းတရားလေးပါးကို ဥပမာများဆောင်၍ ရှင်းလင်းထားသည်။ ဤကျမ်းသည် ဆရာတော်ကြီး

(၁၉၆၄)ခုနှစ် သက်တော်ခုနှစ်ဆယ်ကျော်အရွယ် ကျရောက်မှသာ ရေးသား ပြုစုသောကျမ်းစာဖြစ်သည်။ လူ့လောကဝ၌ နှစ်ပေါင်းခုနှစ်ဆယ်ကျော် ရပ်တည်ခဲ့ရသဖြင့် သူ့ကျွန်ဘဝခေတ်၊ လွတ်လပ်ရေးခေတ်၊ ပြည်တွင်းဆူပူ သောင်းကျန်းခေတ် စသည့် ခေတ်အဆက်ဆက်တို့ကို သိမီခဲ့ရာ ထိုကာလ များအတွင်း မြန်မာအမျိုးသားတို့ အောက်ကျနောက်ကျ ရှိခဲ့ပုံ၊ တရုတ် ကုလား လူမျိုးခြားတို့ ချမ်းသာကြွယ်ဝသွားပုံတို့ကို မျက်မြင်ကိုယ်တွေ့ သိရှိကာ မြန်မာအမျိုးသားတို့ ကြီးပွားချမ်းသာရေးအတွက် စိတ်စေတနာ သဒ္ဒါရှေ့သွားပြု၍ ရေးသားကြောင်း ကျမ်းစာပါ အကြောင်းအရာများက ဖော်ပြလျက်ရှိသည်။

ကျမ်းစာကို ရေးသားနိုင်ခြင်း၏ နောက်ခံအကြောင်းတစ်ခုမှာ ရွှေဟင်္သာဆရာတော်၏ ဆရာရင်းဖြစ်သည့် စံကျောင်းဆရာတော်ကြီးပင် ဖြစ်သည်။ စံကျောင်းဆရာတော်သည် ကျမ်းပေါင်းတစ်ဆယ့်ကိုးကျမ်း ရေးသားခဲ့ရာ လောကီနှင့် စပ်ဆိုင်သည့်ကျမ်း တစ်ဆယ့်သုံးကျမ်း ပါဝင် သည်။ ထိုကျမ်းစာသည် ကြီးပွားချမ်းသာရေးအတွက် အဓိက ဖော်ညွှန်း ပေရာ ဆရာတော်မှာ ပါဠိသက္ကတကျမ်းစာများအပြင် အင်္ဂလိပ်စာပေ များအထိ ဖောက်ထွင်း သိမြင်သဖြင့် မြန်မာတို့၏ ဖွဲလုံ့လနည်းပါးပုံ၊ အမြင်ကျဉ်းမြောင်းပုံ၊ စာပေရေးသားရာ၌ သူတပါးနားမလည်နိုင်သည့် ပါဠိပါဠိသား အကိုးအကားများကို ထည့်သွင်းရေးမှသာ ဖြစ်မည်ဟု ထင်နေကြပုံ စသည်တို့ကို ကျမ်းစာတိုင်းလိုလိုမှာပင် ရေးသားဖော်ပြ တတ်သည်။ ရွှေဟင်္သာဆရာတော်သည် ဤသို့သော ဆရာသမား၏ မျိုးချစ်စိတ်၊ ဓာတိစိတ်၊ သူတပါးကိုကြီးပွားလိုစိတ်တို့ ကူးစက်ကာ ဤကျမ်းစာကို ရေးသားနိုင်ခြင်းဖြစ်သည်ဟု ယူဆရပေသည်။

ကာယာနုပဿနာတရားတော်ကျမ်းစာကို ဆရာတော်ကြီး သက်တော် ကိုးဆယ့်ရှစ်နှစ် မွေးနေ့အထိမ်းအမှတ်အဖြစ် ထုတ်ဝေခဲ့သည်။ ဤကျမ်းစာစာရင်းတွင် ကာယာနုပဿနာ အမည်ဖြင့် ဖော်ပြခဲ့သော်လည်း ၄×၅ လက်မအရွယ် (ဒီမိုင်း ၃၂မျိုး) ဆိုဒ်ဖြင့် စာမျက်နှာ တစ်ဆယ့်ငါး မျက်နှာမျှသာရှိသည်။ နိဒါန်းတစ်ဂါထာနှင့် နိဂုံးတစ်ဂါထာတို့ကို နှုတ်ပယ် လိုက်ပါလျှင် တရားသဘောကို ဖော်ပြသည့် စာမျက်နှာ ခုနှစ်မျက်နှာ ခန့်သာရှိသည်။

ကာယာနုပဿနာဟူသော အမည်နှင့်အညီ (ကာယာ = မိမိ၏ ခန္ဓာကိုယ်ကို + အနုပဿနာ = တရားသဘောဖြင့် အဖန်ဖန် ရှုကြည့်ခြင်း) ခန္ဓာကိုယ်၌ ဖြစ်ပေါ်၍နေသော ဖောက်ပြန်ပျက်စီးခြင်း သဘောတို့ကို ဝိပဿနာဉာဏ်အမြင်ဖြင့်ရှုမြင်ကြရန် အကျဉ်းဆုံးဟောကြားထားချက် ဖြစ်သည်။ ဥပမာအားဖြင့် အိုခြင်း၊ နာခြင်း၊ သေခြင်းသဘောတို့သည် သံချေးနှင့်တူ၍ သံချေးသည် သံမှဖြစ်ပေါ်လာပြီး သံကိုပင် ပြန်၍ဖျက်ဆီး သကဲ့သို့ မိမိ၏ခန္ဓာကိုယ်၌ဖြစ်ပေါ်လာသည့် အိုနာသေခြင်းတို့သည်လည်း မိမိ၏ခန္ဓာကိုယ်ကို နောက်ဆုံးသေလွန်သည်အထိ နှိပ်စက်ဖျက်ဆီးကြောင်း ကို ဖော်ပြထားသည်။

ထို့အပြင် တရားရှုမြင်သည့် သူတော်ကောင်းတို့သည် ခန္ဓာကိုယ်၏အပြစ်ကို ဉာဏ်ဖြင့်ရှု၍ တပ်မက်မှုကင်းကွာအောင် အိုခြင်းသဘော၊ နာခြင်းသဘော၊ သေခြင်းသဘောတို့ကို ရှုမြင်အားထုတ်ကြရန် မိမိ၏ ခန္ဓာကိုယ်ကို မိန်းမ၊ ယောကျ်ား၊ သူ၊ ငါဟု မစွဲဘဲရုပ်အစုသာဖြစ်သော ကိုယ်ဟု ရှုမြင်ကြရန် ဟောကြားသည်။ ဤဟောကြားချက်မှာ -

> ကာယေ ကာယနုပဿီ ဝိဟရတိ (ဒေသနာတော်)။ ကာယေ -ရုပ်အစုအပေါင်း၌၊ ကာယာနုပဿီ-ရုပ်အစုအပေါင်းဟု ရှုသည် ဖြစ်၍၊ ဝိဟရတိ-နေ၏။

ဟူ၍ဖြစ်သည်။ ဤသို့ရှုမြင်ခြင်းဖြင့် မိမိခန္ဓာကိုယ်ပေါ်၌ နှစ်သက်ခြင်း၊ တွယ်တာခြင်း၊ မက်မောခြင်းတို့ ကုန်ခမ်းကာ ခန္ဓာကိုယ်၏အပြစ်ကို သိမြင်ကြပါစေဟု ဤကျမ်းစာ၌ အဆုံးသတ်ထားသည်။

စံကျောင်းဆရာတော်၏ကျမ်းစာများနှင့်ပတ်သက်၍ ဆရာတော် သည် ရွှေဟင်္သာတောရတိုက်ကဲ့သို့ မြန်မာနိုင်ငံပရိယတ္တိလောကတွင် ထင်ရှားသည့် စာသင်တိုက်ကြီးကို တည်ထောင်၍ မိမိကိုယ်တိုင်က ဘုရား သားတော်ပီပီ ဝိနည်းသိက္ခာပုဒ်တို့ကို မတိမ်းမစောင်းရအောင် တိကျစွာ လိုက်နာ ကျင့်သုံးခဲ့သည်။

သို့ရာတွင် အမျိုး၊ ဘာသာ၊ သာသနာကို လွန်စွာ ချစ်မြတ်နိုး၍ ကြီးပွားရေးကို လွန်စွာလိုလားသော မျိုးချစ်ပုဂ္ဂိုလ် ဖြစ်သဖြင့် ကျမ်းပေါင်း နှစ်ဆယ့်နှစ်ကျမ်း ပြုစုခဲ့သည့်အနက် တစ်ဆယ့်သုံးကျမ်းမှာ ကြီးပွား တိုးတက်ရေးနှင့်စပ်ဆိုင်သော ကျမ်းများဖြစ်သည်။

ဆရာတော်သည် လယ်တီဆရာတော်ကဲ့သို့ပင် မြန်မာစာ အရေးအသား လွန်စွာချောမော၍ အတွေးအခေါ် ကျယ်ပြန့်နက်နဲသဖြင့် ဆရာတော်၏ကျမ်းစာများမှာ သာသနာရေးလောကကိုကျော်၍ ပြည်သူလူထုလက်တွင်း ထိုးဖောက်ဝင်ရောက်နိုင်သော ကျမ်းစာများဖြစ်သည်။ ကံ၊ ဉာဏ်၊ ဝီရိယအဖွင့်အကျယ်ကျမ်း၊ လောကနီတိ အဖွင့်အကျယ်လက်စွဲကျမ်း၊ သမ္ဗဒါအဖွင့်ကျမ်း စသည်တို့မှာ အကြိမ်ကြိမ် ရိုက်နှိပ်ရသည့် ကျမ်းစာများဖြစ်သည်။

ရွှေဟင်္သာဆရာတော်သည် ဤစာတမ်းကိုပြုစုခြင်းမှာ ဆရာသမား၏ဂုဏ်ကျေးဇူးကို ပူဇော်ရန်သက်သက် ဟုတ်မည်မထင်ပါ။ သာသနာရေးအတွက် လည်းကောင်း၊ တိုင်းပြည်တိုးတက်ရေးအတွက် လည်းကောင်း များစွာ အထောက်အကူပြုနိုင်သည့် ကျမ်းစာများ၏ ဂုဏ်ကျေးဇူးကို ထုတ်ဖော်လို၍ ဖြစ်ပါလိမ့်မည်။

ရွှေဟင်္သာဆရာတော် စုစည်းတင်ပြထားသည့်ကျမ်းပေါင်း (နှစ်ဆယ့်နှစ်) ကျမ်းအနက် အလင်္ကာနိဿယကျမ်း (ကျမ်းပြီးခုနှစ်-၁၉၃၂) သည် ပါဠိသင်ကြားရသူ သာသနာ့ဝန်ထမ်းများအတွက် မရှိမဖြစ် လေ့ကျင့်သင်ကြားရသည့် ကျမ်းစာဖြစ်သည်။ ပါဠိအလင်္ကာဟူသည် သက္ကတအလင်္ကာကျမ်း တို့ကိုနည်းမှီ၍ ဖြစ်လာသည်။ ဤအချက်ကို ကျယ်ပြန့်တိကျစွာ ဖော်ထုတ်ထားသဖြင့် အလင်္ကာနိဿယသစ်သည် ယနေ့တိုင် ခေတ်အဆက်ဆက်ပေါ်ပေါက်ခဲ့သည့် အလင်္ကာနိဿယကျမ်းများအနက် အလေးနက်ဆုံး၊ အခိုင်မာဆုံးကျမ်း ဖြစ်သည်။

ကံ၊ ဉာဏ်၊ ဝီရိယအဖွင့်အကျယ်လက်စွဲကျမ်း (ကျမ်းပြီးခုနှစ်-၁၉၁၆) တွင် ကံ၊ ဉာဏ်၊ ဝီရိယသုံးပါးသည် ကြီးပွားချမ်းသာရေးအတွက် ဒေါက်သုံးချောင်း ဖြစ်သည်။ ဤဒေါက်သုံးချောင်းအနက် တစ်ချောင်း ချို့ယွင်းလျှင် ကျန်နှစ်ချောင်းမှာ သုံးမရသကဲ့သို့ ကံ၊ ဉာဏ်၊ ဝီရိယသုံးပါးတွင်လည်း တစ်ပါးပါး ချို့တဲ့ပါက လိုရာခရီး မရောက်နိုင်တော့ပါ။ စံကျောင်းဆရာတော်သည် ဤကြီးပွားရေးတရားသုံးပါးကို လူပြောသူပြောမဟုတ် မြန်မာအမျိုးသားတို့ ထိထိမိမိ၊ ပိုင်ပိုင်နိုင်နိုင် သိရှိကြစေရန် လောကီ၊ လောကုတ္တရာ ဗဟုသုတစုံလင်စွာဖြင့် ရေးသားထားသည့်ကျမ်းစာ ဖြစ်သည်။ အထူးသဖြင့် ဤကျမ်းတွင် နိုင်ငံတကာဗဟုသုတ ကျယ်ပြန့်ပုံ

ကို တွေ့ရှိနိုင်သည်။ လောကနီတိအဖွင့်အကျယ်လက်စွဲကျမ်း(၁၉၂၃) ခုနှစ်ကို ရွှေဟသာၤဆရာတော်၏ ကျမ်းစာရင်း၌ လောကနီတိအဖွင့်ကျမ်းဟု ဖော်ပြထားသည်။ အမည် အပြည့်အစုံမှာ လောကနီတိအဖွင့်အကျယ်လက်စွဲကျမ်း ဖြစ်သည်။

ဤကျမ်းသည် လူအပေါင်းတို့ကို ယဉ်ကျေးစေကြောင်း၊ ဆုံးမစာ ရေးသားထားသော ကျမ်းစာ ဖြစ်သည်။ ၄င်းကျမ်းသည် ပင်းယခေတ်မှစ၍ ယနေ့တိုင်အောင် မြန်မာနိုင်ငံ ဘုန်းတော်ကြီး ပညာသင်ကြားရေး၌ လွန်စွာ အသုံးဝင်နေသည့်ကျမ်းစာဖြစ်သည်။ လောကနီတိလာ အဆိုအမိန့်တို့သည် လည်း မြန်မာ့လူ့ဘောင်အတွက် မီးရှူးတန်ဆောင်များသဖွယ် အထင်အရှား ရှိနေသေးသည်။ စံကျောင်းဆရာတော်သည် ဤအချက်ကို တွေ့မြင်တော်မူသဖြင့် လောကနီတိကျမ်းကို ကလေးသူငယ်များအထိ သိရှိနားလည်နိုင်အောင် ပါဠိသက္ကတပုံပမာတို့ဖြင့် အကျယ်ချဲ့ထွင်ရေးသားထားကြောင်း တွေ့ရှိရသည်။

သမ္ဗဒါအဖွင့်ကျမ်း (ကျမ်းပြီးခုနှစ်-၁၉၂၁) ကျမ်းစာများကဲ့သို့ပင် ကြီးပွားချမ်းသာရေးအတွက် ဗုဒ္ဓနည်းကျလမ်းညွှန်ပြသော ကျမ်းစာ ဖြစ်သည်။

ပရိဝါသမာနတ္တဒိဝိနိစ္ဆကျမ်း ကျမ်းပြီးခုနှစ်(၁၉၃၅-၁၉၃၉)မှာ ရဟန်းတော်များအတွက် သီးသန့်ရေးသားထားသော အဆုံးအဖြတ်ကျမ်းစာ ဖြစ်သည်။ ရဟန်းများသည် ဝိနည်းသိက္ခာပုဒ်တော်များကို ကျူးလွန်မိသော အခါ အပြစ်ကြီးငယ်အလိုက် အာပတ်ခေါ်အပြစ်များကို ကျခံရသည်။ ပါရာဇိကအာပတ်သင့်လျှင် ရဟန်းဝတ်အဖြစ် လုံးဝနေခွင့်မရှိတော့ပါ။ ကုစားစရာ ဆေးမရှိဟု ဆိုလိုသည်။ ဒုတိယအပြစ်အကြီးဆုံးမှာ သံဃာဒိသိသ်အာပတ်များ ဖြစ်သည်။ ထိုအပြစ်များ ကျူးလွန်မိသည့် ရဟန်းများသည် ပရိဝါသ်စောင့်တည်ခြင်း၊ မာနတ်ဆောက်တည်ခြင်း စသည့် အကျင့်များကိုကျင့်၍ အပြစ်ကိုကုစားရသည်။ ထိုအချက်များမှာ ဝိနည်းတော်အရ နူးညံ့သိမ်မွေ့လှသဖြင့် တော်ရုံတန်ရုံ ပရိယတ္တိ အခြေခံဖြင့် နားလည်နိုင်ရန် မလွယ်ကူပါ။

စံကျောင်းဆရာတော်သည် ဤအချက်ကို သိရှိတော်မူသဖြင့် ခက်ခဲသော အကြောင်းအရာများကို လွယ်ကူသောအသုံးအနှုန်း၊ အရေး

အသားများဖြင့် ရေးသားထားသဖြင့် မြန်မာနိုင်ငံ၌ ဂိုဏ်းဂဏမရွေး သုံးစွဲနေရသည့် လက်စွဲကျမ်း ဖြစ်သည်။

ရွှေဟင်္သာဆရာတော်သည် ဤသို့သော လောကသာသနာနှစ်ဖြာအတွက်အကျိုးပြုနိုင်သော ကျမ်းစာများအကြောင်းကို စာတမ်း၌ ထိုက်သင့်သလို ဖော်ပြထားသည်ကို တွေ့ရသည်။

သာသနာရေးတရားတော်နှင့်ပဒေသာဆုံးမစာများ ကျမ်းစာမှာ နိဒါန်းမပါ စာမျက်နှာခုနှစ်ဆယ့်ခြောက်မျက်နှာ ရှိသည်။ သာသနာရေးတရားတော်နှင့်ပဒေသာဆုံးမစာများကို ပူးတွဲဖော်ပြထားသဖြင့် အထက်ပါအတိုင်း သာသနာရေးတရားတော်နှင့်ပဒေသာဆုံးမစာဟု အမည်တပ်ထားဟန်ရှိသည်။ ဤတွင် သာသနာရေးတရားတော်ကိုပါ ဝေဖန်သုံးသပ်ဖော်ပြသွားမည်ဖြစ်သည်။ ကျမ်းနိဂုံး၌ ၂၃ မတ် ၁၉၇၃ ခုနှစ်တွင်ပြီး၏ဟု ဖော်ပြထားသဖြင့် ဆရာတော်ကြီး သက်တော် ခုနှစ်ဆယ့်ကိုးနှစ်အရွယ်တွင် ဟောကြားသည့်တရား ဖြစ်သည်။ ဟောကြားထားသည်ဟု ဖော်ပြရသည်မှာလည်း ပဏာမစကားရပ်၌ -

> ဘုန်းကြီးသည် ဓမ္မကထိကမဟုတ်သော်လည်း ယနေ့အလှူကိစ္စသည် ဘုန်းကြီးကို အကြောင်းပြု၍ ဆောင်ရွက်သောကိစ္စဖြစ်သောကြောင့် အနုမောဒနာတရားစကား အနည်းငယ်ပြောရန်တာဝန်ရှိသည်ဖြစ်၍ အပြောတရားအဖြစ်ဖြင့် ဟောပြောရမည်ဖြစ်ပါသည်။

ဟုအစချီထားသဖြင့် အသံသွင်းတိတ်ခွေမှ တစ်ဆင့်ကူးယူ ဖော်ပြထားသောတရားတော်ဖြစ်ကြောင်း သိသာသည်။

ပရိယတ္တိသာသနာ၊ ပဋိပတ္တိသာသနာ၊ ပဋိဝေဓသာသနာဟူ၍ သာသနာတော်သုံးရပ်ရှိသည်တွင် ပရိယတ္တိသာသနာတည်မှသာလျှင် မှန်ကန်သော ပဋိပတ္တိသာသနာ တည်ရှိနိုင်ကြောင်း၊ မှန်ကန်သော ပဋိပတ္တိသာသနာကို အားထုတ်မှသာလျှင် ပဋိဝေဓသာသနာသို့ ဆိုက်ရောက်နိုင်ကြောင်းကို ဖော်ပြထားသည်။ သို့ဖြစ်၍ သာသနာတော်သုံးရပ်တွင် ပရိယတ္တိသာသနာသည် အရေးကြီးဆုံး ပဓာနဖြစ်ကြောင်းကို ဥပမာနှစ်ရပ်နှင့် တင်ပြထားသည်။ ပထမဥပမာမှာ ပရိယတ္တိသည် သစ်မြစ်နှင့်တူကြောင်း၊ ပဋိပတ္တိသည် ပင်စည်အကိုင်းအခက်နှင့် တူကြောင်း၊ ပဋိဝေဓ

သည် အသီးအပွင့်နှင့်တူကြောင်း နှိုင်းယှဉ်ဖော်ပြထားသည်။ ထို့ပြင် ပရိယတ္တိတည်းဟူသော အမြစ်ရှိမှသာ ပဋိပတ္တိဟူသော အကိုင်းအခက် ရှိနိုင်ကြောင်း၊ ပဋိပတ္တိဟူသော အကိုင်းအခက်ရှိမှသာ ပဋိဝေဓဟူသော အသီးအပွင့်တို့ကို ရရှိမည် ဖြစ်ကြောင်း ရှင်းလင်းထားသည်။

ဒုတိယဥပမာတွင် ပရိယတ္တိသည် ကန်ဘောင်နှင့်တူသည်။ ပဋိပတ္တိသည် ရေနှင့်တူသည်။ ပဋိဝေဓသည် ကြာနှင့်တူသည်ဟု ဖော်ပြထားသည်။ ဤတွင်လည်း ကန်ဘောင်ရှိမှရေတည်ရှိကြောင်း၊ ရေတည်ရှိမှ ကြာပေါက်နိုင်ကြောင်း၊ ကြာရှိမှသာ ပဋိဝေဓတည်းဟူသော ကြာပွင့် ကြာစွယ်တို့ တင့်တယ်လန်းဆန်းနေမှာ ဖြစ်ကြောင်း မိန့်ကြားထားသည်။ အချို့က ပရိယတ်သင်ကြားရန်မလို။ ပရိယတ်က မဂ်ဖိုလ်ရနိုင်တာမဟုတ်။ ပဋိပတ်ကမှသာ မဂ်ဖိုလ်ရနိုင်ကြောင်း ပြောကြားရာ စာတတ်ပေတတ် ပဋိပတ်ကမ္မဋ္ဌာန်းဆရာတို့သည် ပရိယတ်ကို မပယ်ကြ၊ မပယ်ဝံ့ကြကြောင်း ကိုလည်း အကျယ်တဝင့် ရှင်းလင်း မိန့်ကြားထားသည်။

ဤအချက်နှင့် စပ်လျဉ်း၍ ဘုရားရှင် ပရိနိဗ္ဗာန်စံအံ့ဆဲဆဲ မိန့်ကြားတော်မူသည့် မဟာပဒေသတရားလေးပါးကို စာမျက်နှာ ခြောက် မျက်နှာ၊ ခုနစ်မျက်နှာနီးပါး အကျယ်တဝင့် ရှင်းလင်း ဖော်ပြထားသည်။

> အာနန္ဒာ… ငါဘုရားလေးဆယ့်ငါးဝါပတ်လုံး ဟောခဲ့သော သုတ္တန်၊ အဘိဓမ္မာနှင့် ဝိနည်းတရားများသည် ငါဘုရား ပရိနိဗ္ဗာန် ပြုပြီးသည့်နောက်ကာလ၌ ငါဘုရား၏ကိုယ်စား သင်တို့၏ဆရာ သမားအဖြစ်ဖြင့် တည်ရစ်ပေလိမ့်မည်ဟု ပရိနိဗ္ဗာန်ပြုတော်မမူမီ မိန့်ကြားတော်မူခဲ့သော စကားတော်မှာ လေးနက်လှပါသည်။ ဤမိန့်မှာတော်မူသော စကားတော်ကို အထူးသတိပြုသင့်ပါသည်။

ဤပဒေသတရားလေးပါး၏ အချုပ်မှာ ပရိယတ္တိပင် ဖြစ်သည်။ ဘုရားရှင်ကိုယ်တိုင်က 'ငါဘုရားမရှိသည့်နောက်၌ ပရိယတ်ဓမ္မက္ခန္ဓာသည် သင်တို့၏ဆရာ ဖြစ်သည်' ဟုမိန့်မှာတော်မူချက်အရ ပရိယတ်ဓမ္မက္ခန္ဓာ သည် သာသနာသုံးရပ်၏ အသက်ဖြစ်သည်။

ဆရာတော်သည် ပရိယတ်နှင့်ကင်း၍ ပဋိပတ်မဖြစ်နိုင်ပုံကို ခိုင်မာ စေရန် ပုဂံခေတ်မှ စတင်ထင်ရှားခဲ့သည့် သာသနာဦးသျှောင်မထေရ်ကြီး တို့၏ ကျေးဇူးကိုလည်း ထုတ်ဖော်ထားသည်ကို တွေ့ရသည်။ ပုဂံခေတ်တွင်

မြန်မာနိုင်ငံ၏အဦးဆုံးသော ကျေးဇူးရှင်ဖြစ်သည့် ရှင်အရဟံအကြောင်း၊ အင်းဝခေတ်၌ ရေငုံဆရာတော်၊ တိလောဂုရုဆရာတော်၊ မျက်မှောက်ခေတ်၌ ရဟန္တာဟုထင်ရှားသော ဘုန်းတော်ကြီးဦးသီလ၊ မဟာဒွါရဂိုဏ်းမှ နှုတ်ခမ်းမွေးဆရာတော်တို့သည် ပရိယတ်ကို အခြေခံ၍ ပဋိပတ်ကိုဟောကြား ကျင့်ကြံခဲ့ကြသဖြင့် ယနေ့တိုင် သာသနာတော်ကြီး ပွင့်လန်း စည်ပင်နေပုံတို့ကိုလည်း ဖော်ပြထားသည်။

အထူးသဖြင့် မင်းတုန်းမင်းလက်ထက်၌ ထင်ရှားခဲ့သော သီလုံးဆရာတော်နှင့် အရှင်ခေမာထေရ်တို့အကြောင်းမှာ စိတ်ဝင်စားဖွယ် ကောင်းလှသည်။ ထို့ပြင် သာသနာအခွန့်ရှည်ကြောင်းနှင့် စပ်လျဉ်း၍ မှတ်သားလိုက်နာသင့်သောအချက်များ၊ ပုညကြိယာ ဆယ်ပါးအကြောင်းတို့ကို မကျဉ်းမကျယ် ဟောကြားတော်မူ၍ ဘဝဒုက္ခ၏ဆင်းရဲပုံတို့ကို ရှုမြင်ကြကာ ပြုလုပ်သမျှ ကုသိုလ်ကောင်းမှုအတွက် နိဗ္ဗာန်ကိုသာ အာရုံပြုဆုတောင်းကြသင့်ကြောင်း သတိပေးဟောကြားကာ ဤကျမ်းစာကို နိဂုံးချုပ်ထားသည်။ ဤကျမ်းစာသည် လိုရင်းတိုရှင်းဖြစ်သော်လည်း သာသနာတော်နှင့် စပ်လျဉ်း၍ မှတ်သားလိုက်နာဖွယ်ရာ အနှစ်သာရများပါရှိသည်သာမက ဝတ္ထုဇာတ်လမ်းနှင့်ဖော်ပြထားသဖြင့် စိတ်ဝင်စားဖွယ်ကောင်းလှသည်။

အမတဂါမိနီတရားတော်ကျမ်းစာသည် ၁၉၇၃ ခုနှစ်တွင် ရွှေဟင်္သာဆရာတော် သက်တော်ရှစ်ဆယ်အရွယ်အတွင်း ရေးသားပြုစုခဲ့သော ကျမ်းစာဖြစ်သည်။ ဆရာတော်သည် သက်တော်ကြီးရင့်လာသည့်အခါ ပရိယတ္တိလုပ်ငန်းများထက် ပဋိပတ္တိအကျင့်တရားများကို ပိုမိုကျင့်ကြံအားထုတ်ခဲ့ပုံရသည်။ အဘယ်ကြောင့်ဆိုသော် ဆရာတော်၏နောက်ပိုင်းကျမ်းစာများမှာ ပရိယတ္တိခေါ်စာပေကျမ်းဂန် သင်ကြားပုံထက် ပဋိပတ္တိကျင့်စဉ်များကို ပိုမိုအသားပေးသည့်ကျမ်းစာများဖြစ်သောကြောင့် ဖြစ်သည်။ ဤအမတဂါမိနီတရားတော်ကျမ်းစာသည်လည်း လက်တွေ့ကျင့်ကြံမှုကို ဖော်ပြသည့်ကျမ်းသာဖြစ်သည်။ ကျမ်း၏နိဒါန်း၌ ဆရာတော်က -

> … ဤသို့သော ဒုက္ခအပေါင်းတို့မှ ငြိမ်းအေးရာ၊ လွတ်မြောက်ရာဖြစ်သော၊ မသေရာနိဗ္ဗာန်သို့ သွားရာသွားကြောင်းလမ်းဟုဆိုအပ်သောတရားသည် အမတဂါမိနီတရားတော် ဖြစ်သည်… ဟု ဖော်ပြခဲ့သည်။

ဤဖော်ပြချက်နှင့်အညီ ဤကျမ်းစာ၌ နာမရူပပရိစ္ဆေဒဉာဏ်၊ ပစ္စယပရိဂ္ဂဟဉာဏ်၊ ပရိညာဉာဏ်တည်းဟူသော ဉာဏ်သုံးဆင့်ကို ခွဲခြမ်းစိတ်ဖြာ၍ ဖော်ပြပြီးနောက်၊ နောက်ဆုံး အမတခေါ်နိဗ္ဗာန်ချမ်းသာအကြောင်းကို ရေးသားဖော်ပြထားပေသည်။ ထိုသို့ဖော်ပြရာ၌ ဆရာတော်၏ အခြားကျမ်းစာများကဲ့သို့ပင် လိုရင်းတိုရှင်းအကျဉ်းသဘောကိုသာ အထိရောက်ဆုံးဖော်ပြထားသည်ကို တွေ့ရသည်။ နာမရူပပရိစ္ဆေဒဉာဏ် ဆိုသည်မှာ နာမ်နှင့်ရုပ်တို့အနက် နာမ်တရားကို စတင် ဖော်ပြရမည် ဖြစ်သော်လည်း ဆရာတော်သည် အများနားလည်သဘောပေါက်စေရန် ရုပ်အကြောင်းကို -

> ... ရုပ်တို့၏သဘောသည် အအေး၊ အပူစသော ဆန့်ကျင်ဘက် အကြောင်းတို့ကြောင့် ပူရာမှအေး၊ အေးရာမှပူ၊ ခြောက်ရာမှစို၊ စိုရာမှခြောက်ခြင်း အစရှိသည်ဖြင့် ဖောက်ပြန်ပျက်စီးခြင်း သဘောရှိသည်ဟု သိကြပါသည်။

ဟူ၍ ရုပ်တို့၏သဘာဝကို ဖော်ပြပြီးနောက် မြင်ရုပ်၊ ကြားရုပ်၊ အနံ့ရုပ်၊ အရသာရုပ်၊ အတွေ့ရုပ်ဟု စတင်ရေတွက်ပြသည်။ တစ်ဖန် မြင်ရုပ်(ရူပါရုံ) တို့၏ သဘောကို -

> စက္ခုဝိညာဉ် စိတ်ဖြင့်မြင် သိသမျှ ကောင်းဆိုးမရွေး၊ ရူပါရုံဟူသမျှသည် မြင်ရုပ်တို့ပေတည်း။ အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန် စသည်ဖြစ်သော ဖောဋ္ဌဗ္ဗာရုံတို့သည် ရုပ်အစု၊ ရုပ်အပေါင်း ရူပက္ခန္ဓာဖြစ်၏။ ဤသို့လျှင် အကျဉ်းအားဖြင့် ရုပ်အပေါင်း ရူပက္ခန္ဓာကို သိမှတ်ကြရမည်။ ရူပါရုံတစ်မျိုးတည်းသာလျှင် ရုပ်အပေါင်းရူပက္ခန္ဓာမည်သည် မဟုတ်။ ထို့အတူ သဒ္ဒါရုံ တစ်မျိုးတည်းသာလျှင် ရူပါရုံတို့သည် ရုပ်အစု၊ ရုပ်အပေါင်း ရူပက္ခန္ဓာ ဖြစ်၏။

စသည်ဖြင့် မြင်ရုပ်၊ ကြားရုပ်စသည်တို့နှင့် သက်ဆိုင်သည့်အကြောင်းအရာများကို ရှင်းလင်းတင်ပြသွားသည်။

ဤသို့ ရုပ်နှစ်ဆယ့်ရှစ်ပါးတို့ကို အကျဉ်းအားဖြင့် ဖော်ပြပြီးနောက် ထိုရုပ်တို့သည် အစုအပေါင်းဖြစ်သဖြင့် ရူပက္ခန္ဓာဖြစ်သည်ဟု ခန္ဓာငါးပါးအနက် အဦးဆုံးဖြစ်သည့်ရူပက္ခန္ဓာဟု ရှင်းလင်းပြထားသည်။ ထို့နောက်

နာမ်ခန္ဓာလေးပါးဖြစ်သည့် ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာတို့နှင့် စပ်လျဉ်းသည့်တရားကို အနက်အဓိပ္ပာယ်တို့ကို ရှင်းလင်းပြပါသည်။ ဤသို့ ရုပ်သဘော၊ နာမ်သဘောတို့ကို ရှင်းလင်း သိမြင်းကို နာမရူပပရိစ္ဆေဒဉာဏ်ဟုခေါ်ခြင်းဖြစ်သည်။

` ဒုတိယပိုင်းဖြစ်သည့် ပစ္စယပရိဂ္ဂဟဉာဏ်ဆိုသည်မှာ အကြောင်းတရားတို့ကို သိမ်းဆည်းခြင်းကို သိသည့်ဉာဏ်ဖြစ်သည်။ ယင်းကို ဆရာတော်က အကြောင်းတရားရှာဖွေရခြင်းဟု ဖော်ပြထားသည်။ ဗုဒ္ဓတရားတော်အရ ရုပ်နာမ်ဓမ္မတို့သည် အကြောင်းကင်းမဲ့၍မဖြစ်၊ အကြောင်းကြောင့်သာဖြစ်ပေါ်နေရခြင်း ဖြစ်သည်။ စက္ခုဝိညာဉ်စိတ် ခေါ် မြင်သိစိတ်ဖြစ်ရာ၌ အဆင်း၊ မျက်စိအကြည်၊ အလင်းရောင်၊ ကြည့်ရှုခြင်း ဟူသော အကြောင်းတရား လေးခုကို တွေ့ရသည်။ ဤသို့သိမြင်သောအခါ အပယ်လေးပါးမှ လွတ်မြောက်သည့် စူဠသောတာပန်ဖြစ်သည်ဟု ဖော်ပြထားသည်။

တတိယပိုင်းဖြစ်သည့် ပရိညာဉာဏ် ဆိုသည်မှာ သိမြင်သော ဉာဏ်ဖြစ်သည်။ ယင်းတွင် ဉာတပရိညာဉာဏ် စသည်ဖြင့် သုံးဆင့်ရှိသည်။ ဤအဆင့်ဆင့်သော ဉာဏ်တို့ကိုလည်း မြန်မာစကားအများဆုံးသုံးကာ ရှင်းလင်းလွယ်ကူစွာ ဖော်ပြထားသည်။ နောက်ဆုံးအပိုင်းဖြစ်သည့် နိဗ္ဗာန်ချမ်းသာကိုဖော်ပြရာတွင်လည်း ရဟန္တာပုဂ္ဂိုလ်တို့လက်ရှိ ရရှိသည့်ချမ်းသာလေးမျိုးကိုထုတ်ဖော်၍ စတင်ရှင်းပြသည်။ ရဟန္တာပုဂ္ဂိုလ်သည် -

၁။ တုန်လှုပ်ခြောက်ခြားမှုမရှိ၊

၂။ စိုးရိမ်ကြောင့်ကြမရှိ၊

၃။ ကိလေသာအညစ်အကြေးမရှိ၊

၄။ ဘေးရန်ကင်း၏။

စသည့်အချက်လေးချက်ကို မူတည်၍ရှင်းပြထားသည်မှာ အများနားလည်နိုင်သည့် ရှင်းလင်းချက်များ ဖြစ်ပေသည်။ ဆရာတော်၏ကျမ်းစာသည် လိုရင်းတိုရှင်းဖြစ်ကြောင်း နိဂုံးတွင်ဖော်ပြ ရေးသားထားသည်။

ဝေဒနာနုပဿနာကျမ်းသည် ဆရာတော် ရေးသားသည့် ဝိပဿနာကျမ်းစာများအနက် နောက်ဆုံးကျမ်းစာ ဖြစ်သည်။ ၁၉၇၄ ခုနှစ်၊ သက်တော် ရှစ်ဆယ့်တစ်နှစ်အရွယ် သီလသမာဓိပညာအားဖြင့် အထွဋ်

အထိပ်သို့ ရောက်သည့်အချိန်တွင် ရေးသားထားသော ကျမ်းစာဖြစ်သဖြင့် တရားတော်နှင့် ပတ်သက်၍ ထိရောက် လေးနက်သော ကျမ်းစာဖြစ်သည်။ ဝေဒနာနုပဿနာ ဆိုသည်မှာ မိမိ၏ ခန္ဓာကိုယ်အတွင်း၌ ဖြစ်ပေါ်နေသော အကောင်းအဆိုး နှစ်တန် အလယ်အလတ်အားဖြင့် သုံးမျိုးသော ဝေဒနာများကို အသိပညာ ရှေ့သွားပြု၍ လေ့လာရှုမှတ်ခြင်း ဖြစ်သည်။ ကျမ်းစာတွင် ဦးစွာသုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ ဥပက္ခာဝေဒနာမှစတင်ပြီး ဝေဒနာအမျိုးအစား အမျိုးမျိုးကို ရှင်းလင်းဖော်ပြသည်။ ထို့နောက် ဤဝေဒနာများနှင့်ပတ်သက်၍ ဇာတ်လမ်းနှင့်တကွ မှတ်သားဖွယ်ရာများကို ဖော်ပြသည်။

ကမ္မဋ္ဌာန်းတရားတွင် ရူပကမ္မဋ္ဌာန်းနှင့်အရူပကမ္မဋ္ဌာန်း နှစ်မျိုးကို ခွဲခြားဖော်ပြသည်။ ရူပကမ္မဋ္ဌာန်းမှာ ရုပ်တရားပေါ်၌ ထင်ရှားသော ဉာဏ်ပညာရှိသူများအတွက် ဟောကြားတော်မူသည်။ အရူပဟူသည်မှာ နာမ်တရား၌ထင်ရှားသော ဉာဏ်ပညာရှိသည့် နတ်၊ ရဟန်းများအား အရူပကမ္မဋ္ဌာန်းကို ဟောကြားခြင်း ဖြစ်သည်။

သံယုတ္တနိကာယ်၊ ဝေဒနာသံယုတ်လာ ဝေဒနာခေါ်ခံစားမှုကို အခြေခံ၍ ရှုမှတ်ရမည့် နုပဿနာလေးနည်းကို အကျဉ်းဖော်ပြသည်။ ယင်းတို့မှာ -

၁။ ရဟန်းတို့၊ ငါဘုရား၏သာသနာတော်၌ ရဟန်းသည် ရုပ်အပေါင်း၌ ရုပ်အပေါင်းဟု ရှုလေ့ရှိသည်ဖြစ်၍ ပြင်းစွာအားထုတ်သောလုံ့လ၊ ဆင်ခြင်သောသမ္ပဇဉ်၊ အောက်မေ့သောသတိရှိသည် ဖြစ်၍ မိမိကိုယ် ကာယတည်းဟူသော လောက၌တပ်မက်ခြင်း၊ နှလုံးမသာယာခြင်းကို ပယ်ဖျောက်၍ နေ၏။

၂။ ဝေဒနာတို့၌ ဝေဒနာဟု ရှုလေ့ရှိသည်ဖြစ်၍ နေ၏။

၃။ စိတ်၌ စိတ်ဟု ရှုလေ့ရှိသည် ဖြစ်နေ၏။

၄။ သဘောတရားတို့၌ သဘောတရားဟု ရှုလေ့ရှိသည်ဖြစ်၍ နေ၏။

ရဟန်းတို့ ဤသို့နေခြင်းကိုသတိရှိသည်ဖြစ်၍ နေခြင်းဟုဆို၏။ ဟူ၍ဖြစ်သည်။ ဤသို့အကျဉ်းကိုဖော်ပြပြီးနောက် ဒုတိယအမျိုးအစား

ဖြစ်သည့် ဝေဒနာတို့၌ ရှုလေ့ရှိသည်ဖြစ်၍နေ၏ ဟူသောစကားနှင့် စပ်လျဉ်း၍ အကျယ် ရှင်းလင်းထားသည်။

ဒီဃနိကာယ်၊ မဟာဝဂ္ဂပါဠိတော်၊ သက္ကပဉှသုတ်လာ ဘုရားရှင်နှင့် သိကြားမင်းတို့ အမေးအဖြေပြုပုံကို စာမျက်နှာတစ်ဆယ့်ခုနစ်မျက်နှာအထိ လည်းကောင်း၊ မဇ္ဈိမနိကာယ်၊ ရဋ္ဌပါလသုတ်လာ အရှင်ရဋ္ဌပါလထေရ်၏ဝေဒနာနှင့် စပ်လျဉ်း၍ ရဟန်းအဖြစ်သို့ရောက်ရှိပုံ စသည့်အကြောင်းအရာများကို ဖော်ပြထားသည်။

ဤနည်းအားဖြင့် ဆရာတော်သည် ဝေဒနာနုပဿနာအကြောင်းကို ရှုပုံရှုနည်းများနှင့်တကွ ပိဋကတ်တော်လာ ဇာတ်ကွက်ဇာတ်လမ်းများကို ထုတ်ဖော်၍ ရှင်းလင်း ဟောကြားထားသည်မှာ စိတ်ဝင်စားဖွယ်ဖြစ်သည်။

နောက်ဆုံး၌ နာမည်ကျော် အနတ္တလက္ခဏ သုတ်တော်လာ ဝေဒနာ ခေါ် ခံစားခြင်းသည် အတ္တမဟုတ်သဖြင့် စိုးပိုင်ခြင်း၊ မိမိအလိုသို့လိုက်ခြင်း မရှိကြောင်း၊ အနတ္တဝေဒနာဖြင့် ဖော်ပြထားသည်။ ဤဝေဒနာနုပဿနာကျမ်းသည် စာမျက်နှာပေါင်း တစ်ရာ့ခြောက်မျက်နှာရှိသည်။

စိတ္တာနုပဿနာကျမ်းနှင့်အသား ၁၂ မျိုး စာတမ်းသည် ၁၉၈၁ ခုနှစ်တွင် ဆရာတော်ကြီး သက်တော်ရှစ်ဆယ့်ရှစ်နှစ်တွင် ရေးသားပြုစုခဲ့သည့် ကျမ်းစာဖြစ်သည်။ ထူးခြားချက်မှာ စိတ္တာနုပဿနာကျမ်းအမည်ဖြင့် စာမူတစ်ခုကို ရေးသားပြုစုပြီးခဲ့သော်လည်း ထုတ်ဝေသူမရှိသေး၍ သိမ်းဆည်းထားခဲ့ရာ ဒါယကာများ သွားရောက် လျှောက်ထားသောအခါ မတွေ့ရှိရသဖြင့် ဒုတိယအကြိမ် ပြန်လည် ရေးသားခဲ့သော စာမူဖြစ်နေခြင်းဖြစ်သည်။

ကျမ်းတွင် နိဒါန်းနှင့် မာတိကာမပါ ကျမ်းရင်းစာမျက်နှာ ၁၀၀ ရှိသည်။ မစားအပ်သောအသား တစ်ဆယ့်နှစ်မျိုးကိုလည်း နောက်ဆက်တွဲအနေဖြင့် စာမျက်နှာတစ်ဆယ့်လေးမျက်နှာဖြင့် ဖော်ပြထားသည်။ ကျမ်းစာ၏အဓိကဦးတည်ချက်မှာ သတိပဋ္ဌာန်တရားလေးပါးအနက် စိတ္တာနုပဿနာ သတိပဋ္ဌာန်တရား ပွားများအားထုတ်ပုံကို လက်တွေ့ကျကျ ရေးသားထားသော ဝိပဿနာကျမ်းစာ ဖြစ်သည်။

ကျမ်း၏အဦးအစ၌ 'စိတ္တာနုပဿနာ' ဟူသောစကား၏ အဓိပ္ပာယ်ကို -

> စိတ္တာနုပဿနာဟူသည်မှာ စိတ်ကိုအလစ်မပေးဘဲ အဖန်ဖန် အထပ်ထပ် အစဉ်မပြတ် ထိန်းကျောင်းနေခြင်းပင် ဖြစ်သည်။ နွားကျောင်းသားသည် နွားများကို မပြတ်ကြည့်ရှုထိန်းကျောင်းနေသကဲ့သို့ ထို့အတူ မိမိစိတ်ကို ယခုငါသန္တာန်၌ အဘယ်စိတ်မျိုး ဖြစ်နေသည်ကို အလစ်မပေးပဲ သိရှိကာထိန်းကျောင်းနေခြင်းပင် ဖြစ်သည်။

ဟူ၍ ဖွင့်ဆို ဖော်ပြထားသည်။

စိတ်၏လျှင်မြန်ပုံ၊ လွင့်ပါးပုံ၊ မယဉ်ကျေးပုံ၊ မကောင်းမှု၌မွေ့လျော်တတ်ပုံတို့ကို ဖော်ပြသည်။ ဤသို့ဖော်ပြရာ၌ ဓမ္မပဒပါဠိတော်ဂါထာ အမှတ်သုံး ဆယ့်သုံးတွင် -

> တုန်လှုပ်ထသော၊ လျှပ်ပေါ်လော်လည်ထသော၊ စောင့်ရှောက်နိုင်ခဲထသော၊ တားမြစ်နိုင်ခဲထသော စိတ်ကိုပညာရှိသည် ဖြောင့်မတ်စွာပြု၏။ ဥပမာမူကား မြားသမားသည် ကောက်သော မြားကို ဖြောင့်အောင် ပြုသကဲ့သို့တည်း။

ဟူသောစကားကို အကျယ်ချဲ့ထွင် ရေးသားခြင်းဖြစ်သည်။ ထို့နောက် ဓမ္မပါဠိ တော်လာ "(စိတ္တေနနိယတေလောကော)စိတ်သည် လောကကြီးကို ဆောင်၏" ဟူသောစကားကိုပင် အကျယ်ချဲ့ထွင်၍ မိလိန္ဒပဉှာလာ အရှင်နာဂသိန်နှင့် မိလိန္ဒမင်းကြီးတို့ စိတ်တန်ခိုးနှင့်ပတ်သက်၍ ဆွေးနွေးကြပုံကို အကျယ်တဝင့် ရှင်းပြထားသည်။ ဆက်လက်၍ စိတ်ကို ကမ္မဋ္ဌာန်းဖြင့် ထိန်းသိမ်းရပုံကို ပြဆိုသည်။

ဤသို့ပြဆိုရာ၌ စာရှုသူများ မငြီးငွေ့စေရန်၊ ဓမ္မပဒဋ္ဌကထာကျမ်းလာ နန္ဒမင်းသားနှင့် ဇနပဒကလျာဏီတို့အကြောင်း၊ သောရေယျသူဌေးသား ယောက်ျားဘဝမှ မိန်းမဖြစ်ရပုံ စသည့်အကြောင်းအရာများ ထည့်သွင်း၍ ဖော်ပြထားသည်။

ကျင့်စဉ်ပိုင်းအနေဖြင့် လောကီအာရုံ ကာမဂုဏ်တို့တွင် တွယ်တာကပ်ငြိနေသည့် စိတ်ကို အစဉ်ထာဝရ စောင့်ကြပ်ကြည့်ရှု၍ သိမှတ်နေပုံကို ဖော်ပြထားသည်။

ရာဂဖြစ်နေသောစိတ်ကို ရာဂဖြစ်နေကြောင်း၊ ရာဂကင်းနေသည့်အခါ ရာဂကင်းနေကြောင်း၊ ဒေါသဖြစ်နေသည်ကို ဒေါသဖြစ်ကြောင်း၊ ဒေါသကင်းနေသည့်အခါ ဒေါသကင်းနေကြောင်း၊ မောဟဖြစ်နေသည့်အခါ မောဟဖြစ်နေကြောင်း စသည်ဖြင့် စိတ်ဖြစ်တိုင်းဖြစ်တိုင်း (ကောင်းသည်ဖြစ်စေ၊ မကောင်းသည်ဖြစ်စေ) ကို အမြဲမပြတ် သတိကပ်၍ ရှုမှတ်နေခြင်းသည် စိတ္တာနုပဿနာဖြစ်ကြောင်း ဖော်ပြထားသည်။

ဤသို့စိတ်ဖြစ်တိုင်း ဖြစ်တိုင်း အကောင်းအဆိုး အကျိုးအပြစ်ဖြစ်ပျက်ပုံ အခြင်းအရာတို့ကို သိမှတ်၍ အသေးစိတ် သိမှတ်နေသောအခါ စိတ်သည် တစ်စတစ်စ ဖြူစင်၍ လွတ်မြောက်ခြင်း ရရှိပုံကိုလည်း ''အဆင့်ငါးဆင့်'' ဖြင့် ဆက်လက် ဖော်ပြထားသည်။

နိဂုံးအနေဖြင့် စိတ္တာနုပဿနာ ကမ္မဋ္ဌာန်းအကျင့် အကျိုးကြီးပုံ ဖော်ပြရင်း တိုက်တွန်းစကား ရေးသားထားသည်။ ဤကျမ်း၌ နောက်ဆက်တွဲအနေဖြင့် ဖော်ပြထားသော အကြောင်းအရာမှာ 'မစားအပ်သော အစား ၁၂ မျိုး' ဖြစ်သည်။ ရဟန်းတော်များအတွက် မစားအပ်သော အသားကြီး ၁၀ မျိုး ဖြစ်သည့် -

၁။ လူသား၊

၂။ ဆင်သား၊

၃။ မြင်းသား၊

၄။ ခွေးသား၊

၅။ သစ်သား၊

၆။ ခြသေ့်သား၊

၇။ ကျားသား၊

၈။ အောင်းသား၊

၉။ ဝက်ဝံသား၊

၁၀။ မြွေသားတို့နှင့်တကွ၊

၁၁။ မိမိအတွက်ရည်မှန်း၍ သတ်အပ်သောအသား၊

၁၂။ မေးမြန်းစုံစမ်းခြင်းမပြုသော အသားတို့ကို ဖော်ပြထားသည်။

ဤသို့ဖော်ပြရခြင်းမှာ ဝိနည်းစည်းကမ်းကို မသိသော ဒါယကာ ဒါယိကာမများက ရဟန်းသံဃာတို့အား မအပ်သည့် အစားအစာများကို

ချက်ပြုတ် ကျွေးမွေးမည်ကို စိုးရိမ်သောကြောင့် ဖြစ်သည်။ ထို့အပြင် ဒေဝဒတ်က မြတ်စွာဘုရားအား ရဟန်းများအသားမစားစေရန် လျှောက်ထားသည်ကို မြတ်စွာဘုရားက ပယ်ရှားပုံအား -

၁။ မြင်ခြင်း၊

၂။ ကြားခြင်း၊

၃။ ယုံမှားသံသယဖြစ်ခြင်း။ အပြစ်သုံးမျိုးမှ ကင်းစင်သော အမဲသားငါးဖြစ်က (အထက်ပါ အသားကြီးဆယ်မျိုး မပါ) ရဟန်းများ စားသုံးသင့်သည့်အချက်များကိုလည်း ဖော်ပြထားသည်။

စိတ္တာနုပဿနာကျမ်းနှင့် စပ်လျဉ်း၍ ဆရာတော်သည် စိတ်ကို လွှတ်မထားသင့်ကြောင်း၊ စိတ်ကို အမြဲထိန်းသိမ်း စောင့်ရှောက်ဆုံးမပေးခြင်း၊ ယဉ်ကျေးစေခြင်း၊ တည်ငြိမ်စေခြင်းဖြင့် မဂ်ဖိုလ်နိဗ္ဗာန်တိုင်အောင် စိတ်သည် ကောင်းကျိုးကျေးဇူးတို့ကိုဖြစ်စေသည်ဟု မြတ်စွာဘုရား ဟောတော်မူသည်ကို ယုံကြည်ကြ၍ စိတ်ကိုစိတ်အလိုအတိုင်း လွှတ်မထားမိစေဘဲ ထိန်းသိမ်းစောင့်ရှောက်နိုင်ကြစေရန် ရည်ရွယ်၍ ရေးသားထားခြင်းဖြစ်သည်။

ဓမ္မာနုပဿနာကျမ်းသည် ၁၉၈၄ ခုနှစ်၊ ဆရာတော်၏သက်တော်ကိုးဆယ့် နှစ်နှစ်ခြောက်လတွင် ရေးသားပြုစုခဲ့သည့်ကျမ်းစာ ဖြစ်သည်။ ဆရာတော်ကြီး ရေးသားပြုစုခဲ့သည့် သတိပဋ္ဌာန်ကျမ်း လေးကျမ်းအနက် နောက်ဆုံးကျမ်း ဖြစ်သည်။

သက်တော် ကိုးဆယ်အရွယ်ရောက်သော်လည်း အရွယ်နှင့်မမျှအောင် ခန္ဓာ၏ဒုက္ခ၊ ဇရာ၏ဒုက္ခတို့မှ လွတ်ကင်းနေသဖြင့် ကာယအား၊ ဉာဏအားတို့မှာလည်း မယုတ်လျော့နေကြောင်း ဤကျမ်းတွင် အထင်အရှား တွေ့ရသည်။ အမှာစာ ရေးသားသည့် ဆရာတော်နှစ်ပါးကလည်း ဤအတိုင်းပင် ရေးသားခဲ့သည်။

ဓမ္မနုပဿနာဟူသည်မှာ ဓမ္မ (တရား) နှင့်ပတ်သက်၍ ရှုမြင်ဆင်ခြင်ဖွယ်ရာတို့ကို ပွားများခြင်း ဖြစ်သည်။ သတိပဋ္ဌာန်လေးပါးအနက် ကာယာနုပဿနာသတိပဋ္ဌာန်မှာ ရုပ်သက်သက်ကို ရှုမှတ်သော သတိပဋ္ဌာန်ဖြစ်သည်။ ဝေဒနာနုပဿနာနှင့် စိတ္တာနုပဿနာ သတိပဋ္ဌာန်တို့မှာ နာမ်သက်သက်ကို ရှုမှတ်သော သတိပဋ္ဌာန်ဖြစ်သည်။

ဓမ္မာနုပဿနာ သတိပဋ္ဌာန်မှာမူ စိတ်နှင့်ရုပ်နှစ်ပါးလုံးကို သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာနှင့်တကွ ဥပါဒါနက္ခန္ဓာငါးပါးလုံးကို ရှုမှတ်သော သတိပဋ္ဌာန် ဖြစ်သည်။ ဆရာတော်ကြီးသည် ဤကျမ်းကိုပြုစုရာ၌ အတော် အတန် ချဲ့ထွင်၍ ရေးသားထားသည်ကို တွေ့ရသည်။ အပိုင်းကဏ္ဍအားဖြင့် နီဝရဏပိုင်း၊ ခန္ဓပိုင်း၊ အာယတနပိုင်း၊ ဗောဇ္ဈင်ပိုင်း၊ သစ္စာပိုင်း စသည်ဖြင့် ငါးပိုင်းခွဲကာ ပြုစုထားသည်။

နီဝရဏဆိုသည်မှာ ကုသိုလ်တရား၊ ဈာန်တရား၊ မဂ်တရား၊ ဖိုလ်တရားတို့ကို ပိတ်ပင်တားဆီးထားသော လောဘ၊ ဒေါသ၊ ထိနမိဒ္ဓ နီဝရဏ၊ ဥဒ္ဓစ္စကုက္ကုစ္စ နီဝရဏ၊ ဝိစိကိစ္ဆာနီဝရဏ၊ အဝိဇ္ဇာနီဝရဏတို့ ဖြစ်သည်။ ထိုတရားတို့ ကိန်းအောင်းနေသမျှ သံသရာဝဋ်မှ မကျွတ်လွတ် နိုင်ကြပါ။

ဆရာတော်သည် ဤအပိုင်းကို ဖော်ပြရာ၌ ဝိပဿနာရှုပွားသူများ အတွက်သာမက အများသူငါ ဖတ်ရှုလေ့လာနိုင်သည်အထိ ရည်ရွယ် ခဲ့သည်ဟု ယူဆရသည်။ အဘယ်ကြောင့်ဆိုသော် ဤအပိုင်းတွင် နီဝရဏ တို့၏အဓိပ္ပာယ်မှစ၍ လောဘ၊ ဒေါသ၊ မောဟ အခြေခံရေသောက်မြစ် သုံးပါးနှင့်တကွ၊ အခြားနီဝရဏတရားတို့၏ သဘောသဘာဝကို ဝတ္ထု ဇာတ်လမ်းများနှင့်တကွ တင်ပြထားသောကြောင့် ဖြစ်သည်။ ဤအပိုင်း သည် ကျမ်းစာတစ်ခုလုံး၏ သုံးပုံတစ်ပုံမျှ ရှိနေသည်။ ဤအပိုင်းအဆုံး ၌ -

> ... ဤခန္ဓာ၌ တဏှာဂါဟဒဋ္ဌိဂါဟတို့ဖြင့်မမှီမူ၍ ဤ လောက၌၊ ဝါ၊ ခန္ဓာ၌ ရုပ်ကိုလည်းကောင်း၊ ဝေဒနာ၊ သညာ၊ သင်္ခါရ ဝိညာဏ်တို့ကိုလည်းကောင်း၊ငါပဲ၊ ငါ့ဥစ္စာပဲဟူ၍ မစွဲဘဲ၊ မယူဘဲ ရုပ်၊ နာမ်၊ ဓမ္မ၊ သင်္ခါရသဘောတရားတို့သာဟူ၍ ဝါ ဤနီဝရဏတရားတွေသာလျှင် ဖြစ်သည်ဟူ၍မြင်ရမည့်...

ဟူ၍ နီဝရဏတရားတို့အပေါ် ရှုမြင်သုံးသပ်ပုံကို ဖော်ပြထားသည်။

ခန္ဓာပိုင်းတွင် ဥပါဒါနက္ခန္ဓာ ခေါ် ဥပါဒါန်တရားတို့ စွဲလန်း အပ်သော ခန္ဓာငါးပါးတို့အပေါ် ရှုမြင်သုံးသပ်မှုကို ဖော်ပြထားရာ ဦးစွာ ဥပါဒါန်တရားလေးပါးကို အတန်အသင့် ဖော်ပြမည်ဖြစ်သည်။ ခန္ဓာ အကြောင်းကိုမူ ကာယာနုပဿနာ သတိပဋ္ဌာန်ကျမ်းစာအပိုင်း၌ ဖော်ပြ

ထားပြီးဖြစ်သဖြင့် အကျဉ်းမျှသာ ဖော်ပြသည်ကိုတွေ့ရသည်။ အာယတန ပိုင်းတွင်လည်း မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်ဟူသော အတွင်းအာယတနခြောက်ပါးနှင့် အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အထိ အတွေ့၊ ဓမ္မဟူသော အပြင်အာယတနခြောက်ပါးကို ထိခိုက် ဆုံဆည်းမိရာ၌ ကိလေသာများ ပေါက်ပွားပုံ၊ ယင်းတို့အပေါ် မည်သို့ရှုမြင်သုံးသပ်ရပုံတို့ကို ရေးသားထားသည်။

စတုတ္ထပိုင်းဖြစ်သည့် ဗောဇ္ဈင်ပိုင်းတွင် ဗောဇ္ဈင်၏ အဓိပ္ပာယ်၊ ဗောဇ္ဈင်ခုနစ်ပါး၏အဓိပ္ပာယ်၊ ၄င်းတို့ကို ပွားများရခြင်းအကျိုး၊ ပွားများပုံ တို့ကို အကျဉ်းမျှ ရေးသားထားသည်။ နောက်ဆုံးဖြစ်သည့် သစ္စာပိုင်းတွင် ဒုက္ခသစ္စာအကြောင်းကို အတော်အတန် ကျယ်ပြန့်စွာ ရေးသားထားသည်။ ဒုက္ခသစ္စာနှင့်သမုဒယသစ္စာတို့ကို အတန်အသင့် ကျယ်ပြန့်စွာ ရေးသား ထားသည်။ နိရောဓသစ္စာအပိုင်းတွင် -

> ... သမုဒယတည်းဟူသော တဏှာချုပ်သော်မှသာလျှင် ဒုက္ခ ချုပ်ငြိမ်းသည် ဖြစ်သောကြောင့် ပဓာနအရင်းမူလဖြစ်သော ဒုက္ခ ဖြစ်ကြောင်း သမုဒယသစ္စာ တဏှာကို မဂ်သည် အကြွင်းမဲ့ ပယ်သက်၍ ထိုတဏှာချုပ်ငြိမ်းခြင်းသာလျှင် နိရောဓသစ္စာ ဖြစ်သည်ဟု ဟောတော်မူသည်။

ဟူ၍ အကျဉ်းဆုံး ဖော်ပြထားသည်။ မဂ္ဂသစ္စာတွင်လည်း မဂ္ဂင်ရှစ်ပါးကို သဘောမျှသာ ဖော်ပြထားသည်။ နိဂုံးအနေဖြင့် သတိပဋ္ဌာန် တရားလေးပါး ပွားရခြင်းအကျိုးနှင့် ကျမ်းစာရေးသားရခြင်း၏ အာသီသကို ဖော်ပြထား ကြောင်း တွေ့ရသည်။

ဆရာတော်ကြီး ရေးသားပြုစုသည့် ကျမ်းစာပေါင်း နှစ်ဆယ်မှ ကောက်နုတ် လေ့လာတင်ပြချက်များ ဖြစ်ပါသည်။ ထိုကျမ်းစာများကို အမျိုးအစား ခွဲခြားသောအခါ ထွင့်ခေါင်ဆရာတော်ကြီးများအကြောင်း၊ ရွှေဟင်္သာတောရသမိုင်း၊ ရွှေကျင်နိကာယသာသနာဝင် (အကျယ်)၊ ရွှေကျင် နိကာယသာသနာဝင် (အကျဉ်း)၊ စံကျောင်းဆရာတော်ကျမ်းစာများမှာ သမိုင်းဆန်သောကျမ်းစာများ ဖြစ်သည်။ မြန်မာအလင်္ကာကျမ်းများနှင့် စာဏကျနီတိပါဠိနိသျကျမ်းတို့မှာ လောကီဆိုင်ရာ ဗဟုသုတပေးသော ကျမ်းစာများ ဖြစ်သည်။

ဥပုသ်သည်လက်စွဲကျမ်း၊ ရှေ့သွားမင်္ဂလာ၊ မင်္ဂလသုတ် လက်စွဲ၊ ပရာဘဝသုတ် မြန်မာဋီကာ၊ ဂရုဓမ္မဝတ္ထုနှင့် ငါးပါးသီလအကျိုးပြ၊ အမတဂါမိနီတရားတော်ကျမ်းစာများမှာ လောကုတ္တရာရေးရာအတွက် သီလ ညွှန်ပြသောကျမ်းစာ ဖြစ်သည်။ ယုဝေါဝါဒဆုံးမစာ၊ သာသနာရေး တရားတော်နှင့် ပဒေသာဆုံးမစာတို့မှာ ဆုံးမစာဟူသော အမည်နှင့်အညီ လောကီ၊ လောကုတ္တရာနှစ်ဖြာနှင့် သက်ဆိုင်သည့်ကျမ်းစာ ဖြစ်ပါသည်။

ဝိနယမဟာဝဂ္ဂပါဠိတော် (မြန်မာပြန်) မှာ ဝိနည်းငါးကျမ်းအနက် မဟာဝါပါဠိတော်ဟု အများနားလည်သော မဟာဝဂ္ဂ ပါဠိတော်ကို မြန်မာပြန်ထားသည့်ကျမ်းစာ ဖြစ်သည်။ နောက်ဆုံးဖြစ်သည့် ကာယာနုပဿနာ၊ စိတ္တာနုပဿနာ၊ ဝေဒနာနုပဿနာနှင့် ဓမ္မာနုပဿကျမ်းတို့မှာ သတိပဋ္ဌာန်တရားလေးပါးကို တစ်ပိုင်းစီ ခွဲခြား၍ ရေးသားထားသည့် ဝိပဿနာကျမ်းစာများဖြစ်သည်။

တစ်နည်းအားဖြင့် ဤကျမ်းလေးကျမ်းသည် ဖတ်ရှုရုံ၊ လေ့လာရုံမျှဖြင့် အပြီးအဆုံးသို့မရောက်၊ ကိုယ်တိုင်ကျင့်ကြံအားထုတ်နိုင်ရေး အတွက် လက်တွေ့ညွှန်ပြသောကျမ်းစာ ဖြစ်ပါသည်။

ရွှေဟင်္သာဆရာတော်ရေးသားထားသောကျမ်းများကို ကြည့်ခြင်းဖြင့် ဆရာတော်သည် ဘုရားသားတော် သူတော်ကောင်းစင်စစ် ဧကန် ဖြစ်ကြောင်း အဓိက တွေ့ရှိရပါသည်။ ဤကျမ်းစာများ၌ ဆရာတော်ကြီး၏ အတွေးအမြင်၊ အရေးအသားတို့ကို ပြတ်ပြတ်ထင်ထင် တွေ့မြင်နိုင်ပါသည်။ ဆရာတော်သည် ဘုရားရှင်၏ သားတော်ပီပီ ဝိနည်းသိက္ခာပုဒ်အရာတွင် သာမက ဣန္ဒြေတို့ကို စောင့်စည်းရာ၌လည်း လွန်စွာကြီးမားကြောင်း ထင်ရှားပါသည်။ မိမိ၏ ကိုယ်နှင့်စိတ်ကို ဘုရားသာသနာအတွက် အပ်နှံထားကြောင်းလည်း ဤကျမ်းစာများက ဖော်ပြနေပါသည်။

ဆရာတော်သည် သာသနာဝန်ထမ်း၊ လောကုတ္တရာပုဂ္ဂိုလ်ကြီး ဖြစ်သော်လည်း လောကီလူသားတို့ကြီးပွားချမ်းသာရေးကိုလည်း မေ့လျော့ မနေပါ။ ထိုကြောင့် မြန်မာအလင်္ကာကျမ်းနှင့် စဏာကျနီတိပါဠိနိသျ မြန်မာပြန်ကျမ်းတို့ကို ရေးသားခြင်း ဖြစ်ပါလိမ့်မည်။

သို့ရာတွင် ထိုကျမ်းစာများမှာ ဆရာတော် သက်တော်ငယ်စဉ်က ပြုစုခဲ့သောကျမ်းစာများဖြစ်ကြောင်း တွေ့ရသည်။ မည်သို့ပင်ဖြစ်စေ

ဆရာတော်ကြီး၏စာများသည် သာသနာရေးလောကနှင့် ဗုဒ္ဓဘာသာဝင်တို့ လောက၌ တစ်စုံတစ်ခုသော အတိုင်းအတာအားဖြင့် ကျေးဇူးပြုနေသည့် ကျမ်းစာများဖြစ်ကြောင်း တွေ့ရပါသည်။

## အခန်း - ၃
## သာသနာပြန့်ပွားရေးအတွက် ဆောင်ရွက်ချက်များ

ရွှေဟင်္သာဆရာတော်၏ဆောင်ရွက်ချက်များအနက် စာပေရေးရာနှင့်ဆိုင်သော ဆောင်ရွက်ချက်များဖြစ်သည့် ဆရာတော်ကြီး၏ ကျမ်းစာများကို အပိုင်းနှစ်တွင် သီးခြားကဏ္ဍတစ်ရပ်အဖြစ် ထုတ်နုတ်တင်ပြ၍ ဝေဖန်သုံးသပ်ခဲ့ပြီး ဖြစ်သည်။ ဤအပိုင်းကဏ္ဍတွင် အခြားသာသနာပြန့်ပွားရေးအတွက် ဆောင်ရွက်ချက်များကိုသာ ထုတ်နုတ်တင်ပြမည်ဖြစ်သည်။

ဆရာတော်ကြီးသည် ငယ်စဉ်အခါမှစ၍ သာသနာရေးစိတ်၊ မျိုးချစ်စိတ် ပြင်းထန်သော ပုဂ္ဂိုလ်တစ်ပါးဖြစ်သည်။ ဤစိတ်ဆန္ဒများကြောင့် သာသနာပြန့်ပွားရေးအတွက် ဆောင်ရွက်ချက်များ ပေါ်ထွက်ခဲ့ခြင်းဖြစ်သည်။ ဆရာတော်သည် ငယ်စဉ်အခါ တပည့်အဖြစ် ညောင်တုန်းမြို့ ရွှေဟင်္သာတိုက်၌ နေစဉ်ကာလကပင် စာချဘုန်းကြီးတစ်ပါးအဖြစ် မိမိ၏တာဝန်ဝတ္တရားများကို ကျေပွန်စွာ ဆောင်ရွက်ခဲ့သည်။ ထို့အပြင် ကျောင်းဘုန်းကြီး(ပုဗ္ဗာရုံကျောင်းဘုန်းကြီး)အဖြစ် နေခဲ့စဉ်ကလည်း ကျောင်းတိုက်အတွက် အရေးပါသည့်ကိစ္စများကို လုပ်ဆောင်ခဲ့သည်။

ဥပမာ စံကျောင်းဆရာတော်ဘုရား ခရီးသွားနေသည့်အခိုက်တွင် ကျောင်းတိုက်အလယ် တစ်နေရာတွင်ရှိသော ညောင်ပိန္နဲပင်ကို 'ဤသစ်ပင်သည် နောင်အခါ ကြီးမားကျယ်ပြန့်လာပြီး မည်သူမျှ မခုတ်ရဲသည့် အနှောင့်အယှက်ပေးမည့် သစ်ပင်ကြီး ဖြစ်လာလိမ့်မည်' ဟုတွေးမိကာ ကိုရင်များအား ခုတ်လှဲစေသည်။ ဤကိစ္စကို စံကျောင်းဆရာတော်ဘုရား ပြန်လာသောအခါ သိရှိသဖြင့် ဒဏ်ထမ်းခံရမည့် အပြစ်ဒဏ်မျိုးကို သိလျက်နှင့် စေတနာကြီးမားစွာ ဆောင်ရွက်ခဲ့မှုမျိုး ဖြစ်သည်။

ဤနေရာ၌ မကြာခင်ကပင် သာသနာလင်္ကာရတိုက်ကျောင်း ခေါ်လေးထပ်တိုက်ကျောင်းကြီး ပေါ်ပေါက်လာခဲ့ခြင်းမှာ ရွှေဟင်္သာဆရာတော်

၏အမြော်အမြင်ကြီးမားသော ဆောင်ရွက်မှုတစ်ခုဖြစ်သည်။ ရွှေဟင်္သာဆရာတော်သည် ဆရာတော်များနှင့်ဆက်ဆံသည့်အခါ ရိုသေရင်းနှီးစွာဆက်ဆံသည့်အပြင် လျှောက်ထားစရာများရှိလျှင်လည်း ရိုးသားစွာ လျှောက်ထားတတ်သည်။ ထို့အပြင် ဆရာတော်များ၏အကျိုးကိုလည်း လိုလားသူဖြစ်သည်။

တစ်နေ့သောအခါတွင် ရွှေဟင်္သာတောရမြောက်ဖက်မှ ကပ်လျက်အရှေ့အနောက်တာရိုးကြီး တည်ဆောက်လျက်ရှိရာ အလုပ်သမားကုလားများ တာဖို့နေကြသည်။ တိုက်အုပ်ဆရာတော်သည် ညဝါပို့ချပြီးနောက်ဆရာတော်အားခေါ်၍ တာဖို့ရာသို့ သွားရောက်ကြည့်ရှုကြသည်။ တာဖို့နေရာတွင် ဆူးငြောင့်ခလုတ်များ မညီမညွတ်နှင့် သွားရလာရခက်ခဲသောကြောင့် ဖိနပ်စီး၍ကြွာကြွာသွားလျှင် ဖိနပ်ပျက်နိုင်သောကြောင့်တိုက်အုပ်ဆရာတော်က ဖိနပ်ချွတ်ရန် အမိန့်ရှိသော်လည်း ရွှေဟင်္သာဆရာတော်က ဖိနပ်ဟူသည် ဆူးငြောင့်ခလုတ် ကာကွယ်ရန် ဖြစ်သဖြင့်မချွတ်သင့်ကြောင်း လျှောက်ထားသဖြင့် တိုက်အုပ်ဆရာတော် သဘောပေါက်ပြီး ဖိနပ်စီးကာ သွားကြသည်။

ညောင်တုန်း ရွှေဟင်္သာတောရတိုက်အုပ် ဆရာတော်ထံမှ ၄ ဇူလိုင်၁၉၃၁ ခုနှစ်တွင် ကြေးနန်းစာတစ်စောင် ရောက်လာသည်။ ထိုစာထဲတွင်မော်လမြိုင်ကျွန်းမြို့ ဘုရားကြီးကျောင်းဆရာတော်က ဘုရားကြီးကျောင်းတိုက်ကို စံကျောင်းဆရာတော်ထံ အပ်နှံလှူဒါန်းလာသဖြင့် ထိုကျောင်းတိုက်အား မော်လမြိုင်ကျွန်း သာသနာပြုရေးအတွက် ရွှေဟင်္သာချောင်ဘုန်းကြီးအား ချီးမြှောက်လို၍ စံကျောင်းဆရာတော်ဘုရားနှင့် တိုက်အုပ်ဆရာတော်ဦးကလျာဏတို့ စီစဉ်ထားခြင်းဖြစ်၍ လာဖြစ်အောင် လာစေလိုပါသည်ဟုပါရှိသည်။

ရွှေဟင်္သာဘုန်းကြီးသည် တိုက်အုပ်ဆရာတော်ထံမှ စာရောက်လာသောအခါ လေးစားအပ်သော ဆရာသမားများ၏ အမိန့်ဖြစ်၍ ရွှေဟင်္သာချောင်ကလေးကိုစွန့်ခွာပြီး ညောင်တုန်းမြို့သို့ ကိုရင်ဇိနဝံသနှင့် ကျောင်းသားကို တစ်ပါတည်း ခေါ်လာခဲ့သည်။ ညောင်တုန်းသို့ ရောက်သောအခါစွယ်တော်ကျောင်းမှ တပည့်ဟောင်းများဖြစ်ကြသည့် စာချဘုန်းကြီးဦးကေသရ၊ လက်ထောက်စာချဦးသုက္ကိတတို့ အပါအဝင် နောက်ပါ

တပည့်ဆယ်ပါးနှင့်အတူ မော်လမြိုင်ကျွန်းဘုရားကြီးကျောင်းတိုက်သို့ သွားရောက်နေထိုင်ရသည်။

ထိုနှစ် ဝါတွင်း၌ ကျောင်းတိုက်တွင် သံဃာနှစ်ဆယ့်ငါးပါးခန့် ဝါဆိုရာ စည်ကားလာပြီး သံဃာများ စာကျက်သံများဖြင့် ကျောင်းတိုက် ကျက်သရေ တိုးပွားလာသည်။ ဒါယကာ၊ ဒါယိကာမများ၏ စေတနာ သဒ္ဓါတရားဖြင့် ဝိုင်းဝန်းအားပေး လှူဒါန်းထောက်ပံ့မှုနှင့် ဘုရားကြီး ဆရာတော်၏ကျေနပ်မှုကိုလည်း ရရှိသည်။ သို့သော် ဘုရားကြီး ဆရာတော်၏တပည့်များက ကျေနပ်သည့်အမူအယာကို မပြကြသဖြင့် ထိုနှစ် အစမ်းသဘောဖြင့် တစ်ဝါတစ်ချီနေကြည့်ပြီး ဝါကျွတ်သောအခါ စာချဘုန်းကြီး ဦးကေသရကိုထားခဲ့ပြီး ကျောင်းသားတစ်ယောက်နှင့်အတူ ညောင်တုန်းသို့သွား၍ စံကျောင်းဆရာတော်အား အခြေအနေအရပ်ရပ်ကို လျှောက်ထားပြီး ဆရာတော်များ၏ ခွင့်ပြုချက်ဖြင့် စစ်ကိုင်းသို့ ပြန်လာ ခဲ့သည့်အချိန်မှစ၍ ဆိတ်ငြိမ်သော တောကျောင်း၏လွတ်လပ်မှုအရသာကို ခံစားရရှိခဲ့သည်။

ရွှေဟင်္သာဘုန်းကြီး ပြန်လာသည့်အချိန်မှစ၍ ဘုရားကြီးကျောင်း တိုက်အခြေအနေမှာ ပိုမိုတင်းမာလာပြီး ၉ ဒီဇင်ဘာ ၁၉၃၁ ခုနှစ်တွင် စည်းဝေးတိုင်ပင်ပြီး ပြေလည်အောင် ကြိုးစားကြရာ အောင်မြင်မှုမရခဲ့သဖြင့် ကျောင်းတိုက်ကို ပြန်လည်အပ်နှံလိုက်သည်။

ရွှေဟင်္သာဆရာတော်သည် ညောင်တုန်းတွင်နေစဉ်က အသက် ငယ်ရွယ်သူ တစ်ဦးသာဖြစ်၍ တတိယတန်းခေါင်းဆောင် အဆင့်နေရာ မျိုးမှသာ ဆောင်ရွက်ခဲ့ရသည်။ ထို့ကြောင့် သာသနာရေးနှင့် ပတ်သက် သည့် ကြီးကျယ်ထင်ရှားသည့် ဆောင်ရွက်မှုမျိုး ထူးထူးခြားခြား မတွေ့ ရသေးပါ။ သက်တော် သုံးဆယ့်လေးနှစ်တွင် စစ်ကိုင်း ရွှေဟင်္သာကျောင်း သစ်ကိုတည်ထောင်၍ သီးသန့် နာယကတစ်ပါးအဖြစ် နေထိုင်သည့် အချိန်မှစ၍ ဆရာတော်၏ စွမ်းရည်သတ္တိများကို စတင်တွေ့ရှိရသည်။

ရွှေဟင်္သာဆရာတော်သည် ဝါးကျောင်းကလေးဖြင့် သီတင်းသုံး နေထိုင်တော်မူခဲ့ရာမှ ဆရာတော်၏ဘုန်းတော်ကြောင့် ရှစ်နှစ်မျှ ကြာသော အခါ သံဃာများ တိုးပွားလာပြီး သိမ်စသော ကျောင်းကန်အသစ်များကို ဒါယကာ၊ ဒါယိကာမများက ဆောက်လုပ်လှူဒါန်းလိုကြသည်။ ထို

ကြောင့် ရွှေဟင်္သာချောင်ပောင်းနေရာမှာ ကျဉ်းသည်ဟု ဆိုကာ ၁၉၃၆ ခုနှစ်တွင် ဦးစစ်ကြူ၊ ဒေါ်လှိုင်နှင့် သားသမီးတို့က ရွှေဟင်္သာတိုက်သစ် အမည်ဖြင့် တိုက်သစ်တည်ကာ သီမာလင်္ကာရတိုက်ကျောင်း၊ ဓမ္မာလင်္ကာရ တိုက်ကျောင်း၊ သာသနာလင်္ကာရတိုက်ကျောင်းနှင့်တကွ မိုးရေကန်ကြီး၊ မြစ်ရေကန်၊ ဆွမ်းစားကျောင်း၊ ဧည့်ရိပ်သာတိုက်စသည်တို့ကိုလည်းကောင်း ဆောက်လုပ်လှူဒါန်းကြသဖြင့် ဆရာတော်ဘုရား လက်ထက်တွင် ကျောင်း တိုက်ပေါင်းများစွာ တိုးပွားလာပြီး သံဃတာဝန်ကိုလည်း ဆတက်ထမ်းပိုး ထမ်းဆောင်လာနိုင်ခဲ့သည်။

ဤသို့ဖြင့် စစ်ကိုင်းတောင်ရိုးတစ်လျှောက်တွင် ကျောင်းကန်အရိပ် အာဝါသနှင့် အသင့်အတင့်ပြည့်စုံကာ သံဃာအပါးလေးဆယ်ငါးဆယ် မပြတ် သီတင်းသုံး၍ သာသနာတော်အကျိုးကို ဆောင်ရွက်လျက်ရှိပြီး ကျောင်းတိုက်ကို အုပ်ချုပ်စောင့်ရှောက်လာခဲ့သည်မှာ ရွှေဟင်္သာဆရာတော် ၏ သက်တော်ရှစ်ဆယ့်နှစ်နှစ်ရှိ၍ သိက္ခာတော် ဝါခြောက်ဆယ့်နှစ်ဝါ ရှိသည်။

ရွှေဟင်္သာဆရာတော်သည် ငယ်စဉ်ကာလ သက်တော်သုံးဆယ် အရွယ်ကပင် ကျောင်းတိုက်၏အကျိုးကိစ္စ၊ ဆရာသမားများ၏အကျိုးကိစ္စကို အမြော်အမြင် ကြီးမားစွာဖြင့် ပြုလုပ်ခဲ့သည့် ပုဂ္ဂိုလ်တစ်ဦးဖြစ်သည်။ ရွှေဟင်္သာဆရာတော်သည် ဆရာတော်များ ချီးမြှောက်အပ်သည်ဖြစ်၍ စာချ ဘုန်းတော်ကြီး၊ စွယ်တော်ကျောင်း ဘုန်းတော်ကြီးအဖြစ်ဖြင့် ရွှေဟင်္သာ တောရကျောင်းတိုက်၌ ရဟန်းသိက္ခာ တစ်ဆယ့်လေးဝါရရှိသည့်တိုင်အောင် သာသနာ့တာဝန်၊ ကျောင်းတိုက်တာဝန်များကို အားသွန်ကြိုးပမ်းထမ်း ဆောင်တော်မူသည်။

ရှမ်းပြည်နယ်တောင်ကြီးမြို့၌ ၃၊ ၅၊ ၆ မတ် ၁၉၄၇ ခုနှစ်တွင် သတ္တမအကြိမ် နှစ်ပတ်လည် ရွှေကျင်ဂိုဏ်းအစည်းအဝေးကြီးကျင်းပရန် စီစဉ်ကြသည်။ ရွှေဟင်္သာဆရာတော်သည် ထိုအစည်းအဝေးကြီး ဖြစ်မြောက်ရန် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ခဲ့သည်။ ရွှေကျင်ဂိုဏ်းအစည်းအဝေးကြီးကို စစ်ဘေးစစ်ဒဏ် အပါအဝင် အကြောင်း ကြောင်းကြောင့် မကျင်းပနိုင်ခဲ့သည်မှာ တစ်ဆယ့်တစ်နှစ်မျှ ကြာမြင့်ခဲ့ သည်။ ထို့ကြောင့် ထိုအစည်းအဝေးကြီး ဖြစ်မြောက်စေရန်အတွက်

ရွှေကျင်ဂိုဏ်းဝန်ဆောင်ပုဂ္ဂိုလ်များ ပိုမိုလုံ့လစိုက်ကာ လုပ်ဆောင်ခဲ့ကြရသည်။ ရွှေကျင်ဂိုဏ်းသည် အောက်မြန်မာနိုင်ငံတွင် အကြီးကျယ်ဆုံး ရွှေကျင်ဌာနချုပ်ကြီးတစ်ခုဖြစ်သည်။

ရွှေဟင်္သာဆရာတော်သည် ရွှေဟင်္သာတောရတိုက်ထွက်ဖြစ်သည်။ ထို့အပြင် ရွှေဟင်္သာတောရတိုက်ကို အုပ်ချုပ်နေသည့် စံကျောင်းဆရာတော်မှာလည်း ရွှေဟင်္သာဆရာတော်၏ ဆရာရင်းဖြစ်သည်သာမက ရွှေကျင်ဂိုဏ်းနှင့်အခြားဂိုဏ်းများကပါ လေးစားရသော ဆရာတော်တစ်ပါးဖြစ်သည်။

ရွှေဟင်္သာဆရာတော်သည် စစ်ကိုင်းတွင် သီတင်းသုံးသဖြင့် အထက်မြန်မာနိုင်ငံရှိ ရွှေကျင်သံဃာတော်များနှင့် ဆက်ဆံမှုရှိသည်။ အောက်မြန်မာနိုင်ငံတွင်နေခဲ့ရသဖြင့် တစ်ဆယ့်လေးဝါအထိ အောက်မြန်မာနိုင်ငံရှိ သံဃာတော်များနှင့်လည်း ရင်းနှီးပြီးဖြစ်သည်။ သို့ဖြစ်၍ ဤဂိုဏ်းအစည်းအဝေးတွင် ပိုမိုအရေးပါသည့်အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်နိုင်ခြင်းဖြစ်သည်။ ဤသို့ဆောင်ရွက်နိုင်အောင်လည်း စံကျောင်းဆရာတော်က အကြံပေးချက်မြောက်မြားစွာဖြင့် ညွှန်ပြကူညီပေးခဲ့သည်။ ဤသို့ဖြင့် ရွှေဟင်္သာဆရာတော်သည် မိမိကျောင်းတိုက်အတွက်သာမက သာသနာတော်တစ်ခုလုံးနှင့် သက်ဆိုင်သည့် အရေးကိစ္စများကိုလည်း ကြောင့်ကြကြီးစွာ လုပ်ဆောင်ခဲ့ကြောင်း တွေ့ရသည်။

အဋ္ဌမအကြိမ် ရွှေကျင်ဂိုဏ်းအစည်းအဝေးကို ၁၉၅၂ ခုနှစ်တွင် ကျင်းပရန် ပြင်ဆင်နေချိန် ဖြစ်သည်။ အစည်းအဝေးကို သုံးနှစ်တစ်ကြိမ် ကျင်းပရန် ပြဋ္ဌာန်းထားသော်လည်း ခေတ်အခြေအနေကြောင့် ပုံမှန်မကျင်းပနိုင်ခဲ့ပေ။ ဤသို့ဖြင့် သတ္တမအကြိမ်နှင့်အဋ္ဌမအကြိမ် အစည်းအဝေးနှစ်ခုအကြား ခြောက်နှစ်တာမျှ ကာလခြားခဲ့သည်။ အစည်းအဝေးကျင်းပရက်မှာ ၂၅၊ ၂၆၊ ၂၇ ဖေဖော်ဝါရီ ၁၉၅၃ ခုနှစ်တွင် ဖြစ်သည်။ အနယ်နယ်အရပ်ရပ်မှကိုယ်စားလှယ်ပေါင်း ငါးရာကျော် တက်ရောက်ခဲ့သည်။ ရွှေဟင်္သာဆရာတော်သည် ဤအစည်းအဝေးကြီးတွင် စစ်ကိုင်းဇည့်ခံအဖွဲ့ ဒုတိယဥက္ကဋ္ဌအဖြစ် ပါဝင်ဆောင်ရွက်ခဲ့သည်။

စစ်ကိုင်းတောင်ရိုး မဟာဂန္ဓာရုံချောင်၌ ၁၉၅၃ ခုနှစ်တွင် ကျင်းပပြုလုပ်သော ရွှေကျင်ဂိုဏ်းလုံးဆိုင်ရာ အစည်းအဝေးကြီး၌ ရွှေဟင်္သာ

ဆရာတော်အား အခြားဆရာတော်ရှစ်ပါးနှင့်အတူ နိုင်ငံတော်မှအပ်နှင်းသော 'ဂိုဏ်းလုံးဝန်ဆောင် နာယက' ဘွဲ့ကို တင်မြှောက်ခြင်းခံရသည်။

အဖွဲ့ဝင်ဆရာတော်များမှာ စစ်ကိုင်းရွှေဟင်္သာတိုက်သစ်ဆရာတော်၊ စစ်ကိုင်းအနီးစခန်းဆရာတော်၊ အမရပူရမဟာဂန္ဓာရုံဆရာတော်၊ မန္တလေးဝိသုဒ္ဓါရုံ ပိုက်ကျိုးဆရာတော်၊ မန္တလေးဝိသုဒ္ဓါရုံအသောကဆရာတော်၊ မန္တလေးဝိသုဒ္ဓါရုံ ဗာရာဏသီဆရာတော်၊ မန္တလေးဝိဇ္ဇာလင်္ကာရဆရာတော် ဦးဝိသုဒ္ဓ၊ မန္တလေးဝိသုဒ္ဓါရုံ ဓမ္မာစရိယဦးအဠိယတို့ဖြစ်သည်။ ဤအဖွဲ့ဝင် ဆရာတော်များတွင် အနီးစခန်းဆရာတော်မှာ ဆဋ္ဌသံဂါယနာတင်ပွဲ၌ အထင်ရှားဆုံးပုဂ္ဂိုလ်များထဲတွင် ပါဝင်ခဲ့သည်။ မဟာဂန္ဓာရုံဆရာတော်မှာ ကျမ်းပေါင်းများစွာပြုစုပြီး ယနေ့တိုင် နိုင်ငံထိပ်သီးဆရာတော်တစ်ပါး အဖြစ်ထင်ရှားနေဆဲ ဖြစ်သည်။ ကျန်ဆရာတော်များမှာလည်း ပရိယတ်၊ ပဋိပတ်၊ စွယ်စုံပုဂ္ဂိုလ်များ ဖြစ်သည်သာမက နောက်ဆုံးဖြစ်သည့် ဦးအဠိယ မှာလည်း ယနေ့ရွှေကျင်ဂိုဏ်းဝင် အကျိုးဆောင်ပုဂ္ဂိုလ်အဖြစ် အသက်ထင်ရှား ရှိနေဆဲဖြစ်သည်။

ဆဋ္ဌသံဂါယနာတင်ပွဲကြီးကို ၁၇ မေ ၁၉၅၄ ခုနှစ်တွင် စတင်ကျင်းပခဲ့သည်။ ကမ္ဘာ့အသီးသီးရှိ ထေရဝါဒဂိုဏ်းဝင် သံဃာတော် နှစ်ထောင်ငါးရာတိတိ တက်ရောက်ခဲ့သည်။ ဤသံဂါယနာပွဲသည် မြန်မာနိုင်ငံ၌ ဒုတိယအကြိမ်ပြုလုပ်ခဲ့သော သံဂါယနာပွဲ ဖြစ်သည်။ ပဉ္စမသံဂါယနာတင်ပွဲကို မင်းတုန်းမင်းတရားကြီးလက်ထက်တွင် ပြုလုပ်ခဲ့သည်။ ဤဆဋ္ဌသံဂါယနာပွဲကြီးသည် သာသနာတော် နှစ်ထောင်ငါးရာနှစ်ဖြင့်လည်းကြုံကြိုက်သဖြင့် ဗုဒ္ဓသာသနာသမိုင်း၌ အကြီးကျယ်ဆုံး သံဃာယနာတင်ပွဲကြီး ဖြစ်ခဲ့သည်။ ရွှေဟင်္သာဆရာတော်သည် ဤသံဂါယနာတင်ပွဲ၌ မြန်မာပြန် ပဋိဝိသောဓကအဖြစ်ဆောင်ရွက်၍ ဥတ္တရကုရုကျောင်းဆောင်၌ သီတင်းသုံးခဲ့ရသည်။

ရှမ်းပြည်တောင်ပိုင်း ညောင်ရွှေမြို့၌ ၁၉၅၆တွင် သာသနာတော် နှစ်ထောင့်ငါးရာပြည့်ပွဲနှင့်အတူ နှစ်ဆယ့်ငါးနှစ်မြောက် ညောင်ရွှေစာပြန်ပွဲနှင့် ဖောင်တော်ဦးကျောင်းတော်ကြီး တင်လှူပွဲကို ပူးတွဲပြုလုပ်ခဲ့သည်။ ဤပွဲတော်ကြီးကို မြန်မာနိုင်ငံတွင် ပထမဆုံးသမ္မတကြီးဖြစ်သည့် စပ်ရွှေသိုက်ကဦးဆောင်၍ ကျင်းပခဲ့ခြင်းဖြစ်သည်။ ပွဲတော်ကြီးသို့ ဆဋ္ဌ

သံဂါယနာဥက္ကဋ္ဌစံကင်းဆရာတော်ကြီး၊ ရွှေကျင်သာသနာပိုင်၊ မစိုးရိမ်ဆရာတော်နှင့် အရှင်ဦးဝိစိတ္တသာရ ဆရာတော်ကြီးတို့ အပါအဝင် ထင်ရှားကျော်ကြားသောဆရာတော် သုံးဆယ့်ငါးပါး တက်ရောက်ခဲ့သည်။

ရွှေဟင်္သာဆရာတော်သည် ထိုအချိန်က သက်တော် ခြောက်ဆယ့်သုံးနှစ်မျှသာရှိသေးသော်လည်း ထိုဆရာတော်ကြီးများနှင့်အတူ တက်ရောက်ခွင့်ရခဲ့သည်။ ထိုနှစ် ၁၈၊ ၁၉၊ ၂၀ ဖေဖော်ဝါရီ ၁၉၅၇ ခုနှစ်တွင် နဝမအကြိမ် ရွှေကျင်ဂိုဏ်း အစည်းအဝေးကြီးကို ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်း၌ကျင်းပခဲ့သည်။ ထိုအစည်းအဝေးသို့ မြန်မာနိုင်ငံ ဒုတိယမြောက်သမ္မတကြီးဖြစ်သည့် ဒေါက်တာဘဦးကိုယ်တိုင် တက်ရောက်ကြည်ညိုခဲ့သည်။ ထိုအချိန်က ရွှေကျင်ဂိုဏ်းဥက္ကဋ္ဌဆရာတော်ကြီးမှာ စံကင်းဆရာတော်ကြီးပင် ဖြစ်သည်။ (စံကင်းဆရာတော်မှာ သက်တော်တစ်ရာ့နှစ်နှစ်ရောက်မှ ပျံလွန်တော်မူသည့် သက်တော်ရှည်ဆရာတော်ကြီးဖြစ်ခဲ့သည်။

ရွှေဟင်္သာဆရာတော်သည် ထိုအစည်းအဝေးအတွက် မန္တလေးဝိသုဒ္ဓါရုံတိုက်မှ ဝိသုဒ္ဓါရုံဗာရာဏသီဆရာတော်(ယခုအခါ ပြည်ဝိသုဒ္ဓါရုံတိုက်ကို တည်ထောင်၍ ရွှေကျင်ဂိုဏ်းတွင် ဒုတိယဥက္ကဋ္ဌဆရာတော်ကြီး)နှင့်အတူ ပဲခူးသို့ ခုနစ်ရက်ခန့် ကြိုတင် ကြွရောက်၍ တက်ရောက်လာသည့်သံဃာတော် ခြောက်ရာကျော်အတွက် အစစအရာရာ အဆင်ပြေအောင်စီမံဆောင်ရွက်ပေးခဲ့သည်။

ရန်ကုန်မြို့ နိုင်ငံတော်သမ္မတကြီး၏အိမ်တော်၌ သက်တော်ရှစ်ဆယ့်နှစ် ပခုက္ကူဆရာတော် ဘဒ္ဒန္တသုန္ဒရမဟာထေရ်အား 'အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့' နှင့် ရွှေဟင်္သာဆရာတော်အပါအဝင် ဆရာတော်ကြီးတစ်ဆယ့်နှစ်ပါးတို့အား 'အဂ္ဂမဟာပဏ္ဍိတဘွဲ့' ကို နိုင်ငံတော်သမ္မတကြီးက ၁၈ ဇွန် ၁၉၆၀ ပြည့်နှစ်တွင် ဆက်ကပ်ခဲ့သည်။ ထိုအချိန်တွင် ဆရာတော်၏သက်တော်မှာ ခြောက်ဆယ့်ရှစ်နှစ်အရွယ်သို့ ရောက်ရှိနေပြီ ဖြစ်သည်။

ဆရာတော်သည် ၁၉၆၂ ခုနှစ်တွင် သက်တော်ခုနစ်ဆယ် အရွယ်သို့ရောက်ရှိခဲ့ပြီဖြစ်သဖြင့် ရွှေဟင်္သာတိုက်သစ်ကို တပည့်များအား လွှဲအပ်လိုက်သည်။ ထိုအခမ်းအနားသို့ စစ်ကိုင်းတောင်ရိုးရှိ ရွှေကျင်ဂိုဏ်း၏

သံဃာတော်များ၊ ဒါယကာ၊ ဒါယိကာမများ စုံညီစွာ တက်ရောက်ကြသည်။ ဤသို့ ကျောင်းတိုက်ကို တပည့်များအား လွှဲအပ်ထားပြီးဖြစ်သဖြင့် ဆရာတော်သည် ကျောင်းတိုက်နှင့် စပ်လျဉ်း၍ ကြောင့်ကြမှု အလွန်နည်းပါးလာသည်။ ထိုကြောင့် ပရိယတ္တိတရား အားထုတ်ရင်း အားလပ်ချိန်များ၌ ကျမ်းစာများကိုရေးသားမှု လုပ်ဆောင်ခဲ့သည်။ ထိုကျမ်းစာများအနက် ရွှေကျင်နိကာယသာသနာဝင်ကျမ်းမှာ စာမျက်နှာ ငါးရာကျော်ရှိပြီး သာသနာသမိုင်းအတွက် အရေးပါဆုံးကျမ်းတစ်ခု ဖြစ်ခဲ့သည်။

ဒသမအကြိမ် ရွှေကျင်ဂိုဏ်းအစည်းအဝေးကြီးကို ၁၉၆၃ ခုနှစ်တွင် မန္တလေးမြို့ ရွှေကျင်ဗဟိုဌာန မဟာဝိသုဒ္ဓါရုံတိုက်၌ ၁၈၊ ၁၉၊ ၂၀ နိုဝင်ဘာတွင် ကျင်းပခဲ့သည်။ သံဃာ ၇၀၀ကျော် တက်ရောက်ခဲ့ပြီး စံကင်းဆရာတော်ကြီးမှာ သက်တော်ထင်ရှားရှိနေဆဲဖြစ်သဖြင့် သဘာပတိအဖြစ် ဆောင်ရွက်ခဲ့သည်။ ရွှေဟင်္သာဆရာတော်သည် ဤအစည်းအဝေးသို့ ဂိုဏ်းလုံးဝန်ဆောင်နာယကအဖြစ် တက်ရောက်ခဲ့သည်။ သို့ရာတွင် ကျန်းမာရေးအခြေအနေကြောင့် နေ့စဉ် မတက်ရောက်နိုင်ခဲ့ပါ။ ရွှေကျင်နိကာယသာသနာဝင်ကျမ်းကို အစည်းအဝေးကြီး၌ အချိန်မှီ ဖြန့်ဝေနိုင်ခဲ့သည်။ သဘာပတိဆရာတော်ကြီးမှာ ဤကျမ်းကို လွန်စွာနှစ်သက် အားရတော်မူသဖြင့် သဘာပတိမိန့်ခွန်း၌ -

> "ထွန်းလင်းတောက်ပတဲ့ နိမိတ်အရောင်ကိုလည်း ရွှေကျင်နိကာယသာသနာဝင် ဆိုတဲ့စာအုပ်ကြီးက အပြသားပဲ၊ သာသနာရောင် တိုးပြီးတော့လာလိမ့်မယ်၊ တိုးသည်ထက်တိုးအောင် ကိုယ်တိုင်ကိုယ်၏ ပင်ပန်းခြင်း၊ စိတ်၏ပင်ပန်းခြင်း ခံပြီးတော့ ဆောင်ရွက်ရတဲ့ ကုသိုလ်ကံကြောင့် ဘုရားရှင်သာသနာတော်ကြီး ထွန်းလင်းတောက်ပပါစေ၊ ရွှေကျင်ဂိုဏ်းသာသနာတော်ကြီး ထွန်းလင်းတောက်ပပါစေလို့ ဆုတောင်းပါတယ်"

စသည်ဖြင့် ဟောကြားတော်မူခဲ့သည်။

ပဲခူးမြို့နယ် တောရရွှေကျင်ဂိုဏ်း၏ ဝိနည်းပြန်ဗဟိုဌာနသည် ပဲခူးမြို့၊ ညောင်ဝိုင်းရပ်၊ ကြခတ်ဝိုင်းကျောင်းတိုက် ဖြစ်သည်။ ကြခတ်ဝိုင်း

ကျောင်းတိုက်ကို ၁၈၇၀ ပြည့်နှစ်တွင် ဘုန်းတော်ကြီးဦးသီလနှင့် ဘုန်းတော်ကြီးဦးဝဏ္ဏတို့ စတင်တည်ထောင်တော်မူကြသည်။ ဆရာတော် အစဉ်အဆက် ထိန်းသိမ်းစောင့်ရှောက်လာခဲ့သဖြင့် စာသင်သံဃာများဖြင့် စည်ကားလာခဲ့ရာ ဆရာတော်ဦးဇောတိပါလ (သာသနဓဇသီရိပဝရဓမ္မာ စရိယ) လက်ထက်တွင် ဤကျောင်းတိုက်သည် အဘက်ဘက်မှ တိုးတက် ဖြစ်ထွန်းကြီးပွားလာခဲ့သည်။

ဂေါဒသမအကြိမ် ရွှေကျင်ဂိုဏ်းလုံးကျွတ်အစည်းအဝေးကြီးကို ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက်၌ နိုဝင်ဘာ ၁၉၇၅ ခုနှစ်တွင် ကျင်းပ ခဲ့သည်။ အစည်းအဝေးရက်မှာ ၇၊ ၈၊ ၉ နိုဝင်ဘာ ၁၉၇၅တွင် သုံးရက် တိုင်တိုင်ဖြစ်ပြီး သံဃာ ၁၀၀၀ ကျော် အစည်းအဝေးသို့ တက်ရောက် ကြသည်။ သဘာပတိအဖြစ် သက်တော် ကိုးဆယ်ကျော် မန္တလေးမြို့၊ အရှေ့ဝိသုဒ္ဓါရုံတိုက်ဆရာတော်ကြီး ဆောင်ရွက်တော်မူပြီး အရန်သဘာပတိ အဖြစ် သိက္ခာတော်ငါးဆယ်နှင့် ငါးဆယ်အထက်ရှိ ဆရာတော်ကြီးရှစ်ပါး၊ အကျိုးဆောင်များအဖြစ် မန္တလေးဝိသုဒ္ဓါရုံ ဇယမေဒနီဆရာတော် အရှင် အဂ္ဂိယပဏ္ဍိတ၊ စည်ရှင်စာချ အရှင်အရိယဉာဏာဘိဝံသ၊ ပဲခူးကြခတ်ဝိုင်း ဆရာတော်အရှင်ဇောတိပါလတို့က ဆောင်ရွက်ကြသည်။ ထိုအစည်းအဝေး ကြီးက 'ရွှေကျင် နိကာယ ဥက္ကဋ္ဌ' ဆရာတော်ကြီးများကို တညီတညွတ် တည်း ရွေးချယ်တင်မြှောက်ခဲ့သည်။

သက်တော်ကိုးဆယ် သိက္ခာခုနှစ်ဆယ့်တစ်ဝါရှိ မန္တလေးမြို့ အရှေ့ ဝိသုဒ္ဓါရုံ ဆရာတော်ကြီးကို ရွှေကျင်နိကာယ ဥက္ကဋ္ဌ မဟာနာယက ရွှေကျင်သာသနာပိုင်အဖြစ်လည်းကောင်း၊ စစ်ကိုင်းရွှေဟင်္သာဆရာတော်၊ အမရပူရမဟာဂန္ဓာရုံဆရာတော်၊ မန္တလေးဝိသုဒ္ဓါရုံ ပိုက်ကျုံးဆရာတော်၊ မန္တလေးဝိသုဒ္ဓါရုံ အသောကဆရာတော်တို့ကို 'ရွှေကျင်နိကာယ ဥပဥက္ကဋ္ဌ မဟာနယက တွဲဖက်ရွှေကျင်သာသနာပိုင်' အဖြစ် လည်းကောင်း ရွေးချယ် တင်မြှောက်သည်။

ရွှေဟင်္သာဆရာတော်သည် 'ဥပဥက္ကဋ္ဌ တွဲဖက် ရွှေကျင် သာသနာပိုင်' လေးပါးတွင် တစ်ပါးအပါအဝင်ဖြစ် အရွေးခံရသော်လည်း ပထမပိုင်းတွင် ငြင်းဆန်သေးသည်။ သို့သော် နောက်ပိုင်းတွင် အများ၏ ဆန္ဒကို လိုက်လျောတော်မူခဲ့သည်။ အစည်းအဝေး အောင်မြင်ပြီးဆုံးသည့်

မဇ္ဈိုကသန္တိပါတ အခမ်းအနားနေ့၌ သဘာပတိဩဝါဒကို ရွှေကျင်သာသနာပိုင်ဆရာတော်ကြီးကိုယ်စား တွဲဖက်သာသနာပိုင် ရွှေဟင်္သာဆရာတော်က -

> ယနေ့ ရွှေကျင်ဂိုဏ်းလုံးဆိုင်ရာ သံဃာ အစည်းအဝေးကြီးကို ပြုလုပ် စည်းဝေးကာ သာသနာတော် အဓွန့်ရှည်စွာ တည်ရေးကို ရှေးရှုဆောင်ရွက်တော်မူကြသော သံဃာတော်တို့နှင့်တကွ အစည်းအဝေးကြီး၌ ဆွမ်းကွမ်းမှစ၍ ပစ္စည်းလေးပါးဘက်က လိုလေသေး မရှိအောင် အားထုတ်၍ ကိုယ်ဖိရင်ဖိ အားသွန်ခွန်စိုက် ဆောင်ရွက်ကြသော ဒကာ၊ ဒကာမတို့သည် ဆိုခဲ့ပြီးသော ဘုန်းကံ၊ အမြင်ဉာဏ်၊ သဒ္ဒါစသည်တို့နှင့် ပြည့်စုံကြသည်ဖြစ်သောကြောင့်သာလျှင် ဤသို့သော သာသနာကိစ္စ တာဝန်ကို ဆောင်ရွက်နိုင်ကြပေသည်ဟု မိမိတို့ကိုယ်တိုင် ဆင်ခြင်ပွားများကာ ဝမ်းမြောက်ကြပါစေကုန်သတည်း။

ဟူ၍ ထည့်သွင်းမိန့်ကြားတော်မူသည်။

ညောင်တုန်းမြို့ ရွှေဟင်္သာတောရတိုက်၏ ခုနစ်ဆယ့်ငါးနှစ်မြောက် စိန်ရတုသဘင်ကို ၁၅ မတ် ၁၉၇၆ ခုနှစ်တွင် ရွှေဟင်္သာတောရတိုက်၌ ခမ်းနားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။ ထိုအခမ်းအနားတွင် ရွှေဟင်္သာဆရာတော်ဘုရားသည် 'ရွှေဟင်္သာ ဝံသသံဃမဟာနာယကအဓိပတိ' ဘွဲ့ကို ဆက်ကပ်ခြင်း ခံရသည်။

ရွှေဟင်္သာဆရာတော်သည် ရွှေကျင်နိကာယတွင် သမိုင်းမော်ကွန်းတင်ရမည့် တာဝန်နှစ်ရပ်ကို ထမ်းဆောင်ခဲ့သည်။ ပထမတာဝန်မှာ ရွှေကျင်နိကာယသာသနာဝင်ကျမ်းကြီးကို ပြုစုရေးသားခြင်းဖြစ်၍ ဒုတိယတာဝန်မှာ ပထမရွှေကျင်ဆရာတော်ကြီး၏ဝိဇယနဌာန၌ ရွှေကျင်ဗိမာန်တော်ကြီးကို ဦးစီးတည်ဆောက်ခြင်း ဖြစ်သည်။

တည်ဆောက်ရခြင်း အကြောင်းရင်းမှာ ၁၈၊ ၁၉၊ ၂၀ နိုဝင်ဘာ ၁၉၆၃ ခုနှစ်တွင် ကျင်းပသော ရွှေကျင်နိကာယသာသနာတော်လုံးဆိုင်ရာ အစည်းအဝေးကြီးကို မန္တလေးမြို့အနောက်ပြင် ဝိသုဒ္ဓါရုံတိုက်သစ်၌ စည်းဝေးကြပြီးနောက် သပြေသာရွာရွှေဟင်္သာကျောင်းသို့ ရွှေဟင်္သာဆရာတော်ဦးဆောင်၍ ညောင်တုန်းမြို့ ရွှေဟင်္သာတောရဆရာတော်၊

ကျိုက္ခမီတိမူလာရုံ ရွှေဟင်္သာတောရဆရာတော်တို့ ကြွတော်မူကြသည်။ ထိုမှအပြန် ရွှေဘိုမြို့မှလှည့်၍ကားနှင့် ပြန်လာစဉ် ရွှေကျင်ကျေးရွာဟူသော ကမ္ပည်းစာတိုင်ကို တွေ့မြင်ကြ၍ ရွှေကျင်ဆရာတော်ကြီးကို အာရုံပြုမိသဖြင့် ကားများကို ရပ်တန့်ကာ ရွှေကျင်ဆရာတော်ကြီး ကျောင်းသား၊ သာမဏေ၊ ရဟန်းငယ် အခါက စာပေသင်ကြားခြင်းဖြင့် သီတင်းသုံးနေတော်မူသော အရှေ့ကျောင်းသို့ သွားရောက်ကြည့်ရှုကြသည်။

ထိုအခါ ရွာခံဒါယကာများက ရွှေကျင်ဆရာတော်ကြီး မီးရှူးသန့်စင် ဖွားမြင်တော်မူရာ အိမ်နေရာသည် ယခုတိုင်ရှိသေးကြောင်း လျှောက်ထား ကြသောကြောင့် ဆရာတော်ကြီးဝိဇယနဠာနမင်္ဂလာနေရာကို သွားရောက် ကြည့်ရှုကြရာ ရွှေကျင်ဆရာတော်ဘုရားကြီး၏ ဂုဏ်တော်ကို အာရုံပြု၍ ကျောက်တိုင်နှင့် ကျောက်စာတည်ထားရလျှင် ကောင်းလေစွဟု အကြံဖြစ်ကာ ညောင်တုန်း ရွှေဟင်္သာတောရဆရာတော်နှင့် ကျိုက္ခမီတိမူလာရုံ ရွှေဟင်္သာတောရ ဆရာတော်တို့အား ပြောကြားရာ ဆန္ဒတူပြီး ထောက်ခံမှုကို ရရှိခဲ့သည်။

ပထမအကြိမ်ရည်မှန်းထားသော မြေနေရာမှာ ကျဉ်းနေသည့်အတွက် ဒုတိယအကြိမ် မြေကွက်များကို ဝယ်ယူ၍ တိုးချဲ့ တည်ဆောက်ခဲ့ရာ ၂၂ မတ် ၁၉၇၆ ခုနှစ်တွင် ခမ်းနားကြီးကျယ်စွာဖြင့် ဗိမာန်တော်ဖွင့်ပွဲကို ကျင်းပပြုလုပ် နိုင်ခဲ့သည်။ ၎င်းအခမ်းအနားသို့ ရှင်လူပရိသတ် ၃၀၀၀ကျော်ခန့် တက်ရောက် ကြည်ညိုကြသည်။ ထိုအစည်းအဝေးတွင် ရွှေဟင်္သာဆရာတော်က -

ရွှေကျင်ဂဏသမုဠာပက ပထမရွှေကျင်ဆရာတော်ဘုရား၏ အထိမ်းအမှတ်ဗိမာန်တော်သည် -

၁။ ရွှေကျင်ဂိုဏ်းသံဃာ၏ဥသျှောင် ပထမရွှေကျင်ဆရာတော်ဘုရားကြီးအထိမ်းအမှတ်ဗိမာန်ဖြစ်ခြင်း။

၂။ ရွှေကျင်ဂိုဏ်းတစ်ဂိုဏ်းလုံး၏ ကူညီအားပေးထောက်ပံ့ခြင်းဖြင့် တည်ဆောက်အပ်သည်ဖြစ်ခြင်း၊ အထက်ပါအကြောင်းတို့ကြောင့် ရွှေကျင်ဂိုဏ်းတစ်ဂိုဏ်းလုံးနှင့် သက်ဆိုင်သော ဗိမာန်တော် ဖြစ်သည်ဟု သဘောသက်ဝင်ပါသည်။ ထို့ကြောင့် ဤဗိမာန်တော်ကို မန္တလေးအဖွဲ့၊ စစ်ကိုင်းအဖွဲ့၊

လှတောအဖွဲ့တို့က ပေါင်းစု၍ ရွှေကျင်ဂိုဏ်းသို့ အပ်နှင်းသင့်
သည်ဟု သဘောရပါသည်။

ဟူ၍ မိန့်ကြားတော်မူသည်။

ရွှေဟင်္သာဆရာတော်တည်ထောင်သည့် ကျောင်းတိုက်ပေါင်း လေးတိုက်ရှိသည်။ စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာတိုက်ဟောင်း၊ ရွှေဟင်္သာတိုက်သစ်၊ သပြေသာရွှေဟင်္သာတိုက်၊ မေမြို့ရွှေဟင်္သာတိုက်တို့ဖြစ်သည်။ နွေဥတုတွင် မေမြို့ ရွှေဟင်္သာတိုက်ကျောင်း၌ လည်းကောင်း၊ မိုးဥတုတွင် စစ်ကိုင်းရွှေဟင်္သာတိုက်၌ လည်းကောင်း၊ ဆောင်းဥတုတွင် ရန်ကုန် ရွှေဟင်္သာတိုက်ကျောင်းတွင်လည်းကောင်း လှည့်လည် သီတင်းသုံးတော်မူသည်။

ရွှေဟင်္သာဆရာတော်အား ရပ်ရွာဒါယကာ၊ ဒါယိကာမ များက လာရောက်အပ်နှံကြသဖြင့် ဆရာတော်ကသင့်တော်သည့် တပည့်ကြီး တစ်ဦးကိုစေလွှတ်၍ သပြေသာရွာ၌ သာသနာပြုစေတော်မူသည်။ ကျောင်းအမည်ကို 'သပြေသာရွာ ရွှေဟင်္သာကျောင်း' ဟုတွင်စေသည်။ သပြေသာ ရွှေဟင်္သာကျောင်းသည် ကျောင်းကန်အဆောက်အအုံများဖြင့် စည်ကား တိုးတက်လျက်ရှိသည်။ ၁၉၆၉ ခုနှစ်တွင် မေမြို့နန်းမြိုင်လမ်း၌ ရွှေဟင်္သာတိုက် တည်ထောင်၍ နွေရာသီအချိန်တွင် ရွှေဟင်္သာဆရာတော် ကြွရောက်သီတင်းသုံးတော်မူပြီး တပည့်ကြီးဖြစ်သူ ဦးဝါစကကို အုပ်ချုပ် နေထိုင်စေသည်။

ရွှေဟင်္သာဆရာတော်သည် စစ်ကိုင်းတောင်ရိုးရှိ မူလရွှေဟင်္သာ ချောင်၏ သာသနာရေးအခွန့်ရှည်စွာတည်၍ စည်ပင်စည်ကားရေးကို ရှေ့ရှု၍ တပည့်ကြီးများနှင့် တိုင်ပင်ဆွေးနွေးရာ ဝမ်းမြောက်ဝမ်းသာ သဘောတူညီမှုရသဖြင့် ၂၁ စက်တင်ဘာ ၁၉၇၈ ခုနှစ်တွင် စစ်ကိုင်းမြို့ စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာတိုက်သစ်နှင့်တကွ ရွှေဟင်္သာတိုက်သစ်မှ ပြန့်ပွားသော မေမြို့နန်းမြိုင်လမ်း ရွှေဟင်္သာကျောင်း၊ ဝက်လက် မြို့နယ် သပြေသာရွာရွှေဟင်္သာကျောင်းတို့ကို ညောင်တုန်းမြို့ ရွှေဟင်္သာကျောင်း တိုက်သို့ လွှဲအပ်သည်။

စစ်ကိုင်း ရွှေဟင်္သာတိုက်သစ်ကို ညောင်တုန်းမြို့ ရွှေဟင်္သာတောရ ကျောင်းတိုက်သို့ လွှဲအပ်လှူဒါန်းရခြင်းအကြောင်းမှာ -

၁။ ရွှေဟင်္သာတောရကျောင်းတိုက်သည် အလှူရှင်ရွှေဟင်္သာဆရာတော်ဘုရား ရဟန်းဘဝသို့ရောက်ရှိရာ ပင်းရင်းဌာန ဖြစ်ခြင်း။

၂။ ရွှေဟင်္သာဆရာတော်ဘုရား၏ ဥပဇ္ဈာယ်ဆရာတော်ဘုရားကြီးများဖြစ်ကြသော ညောင်တုန်းမြို့ရွှေဟင်္သာတောရကျောင်းတိုက်ကို တည်ထောင် ပြုစုတော်မူခဲ့ကြသည့် 'သာသနာလင်္ကာရ သဒ္ဓမ္မာဘိဝံသက ဝိဓေဇမဟာဓမ္မရာဇာဂုရု' ဘွဲ့ တံဆိပ်တော်ရ ကျောင်းတော်ရာ ရွှေကျင်ဆရာတော်ဘုရားကြီးနှင့် အဂ္ဂမဟာပဏ္ဍိတစံကျောင်းဆရာတော်ဘုရား၏ ဂုဏ်အင်ကျေးဇူးတော်ကို ပူဇော်လိုခြင်း။

၃။ ရွှေဟင်္သာတောရ သာသနာမျိုးဆက်ကို တိုးတက်စည်ပင်အောင် စောင့်ထိန်းခြင်းငှာ စွမ်းဆောင်နိုင်မည်ဟု မျှော်လင့်ခြင်းတို့ကြောင့် ဖြစ်သည်ဟု သိရသည်။

ရွှေဟင်္သာဆရာတော်၏ ရှစ်ဆယ့်ငါးနှစ်မြောက်မွေးနေ့မှာ ၆ ဒီဇင်ဘာ ၁၉၇၈ ခုနှစ်ဖြစ်သည်။ ဆရာတော်သည် မွေးနေ့ရောက်တိုင်း ကုသိုလ်အထူးဆည်းပူးတော်မူလေ့ရှိသည်။ ၁၉၇၈ ခုနှစ်တွင် ဆရာတော်သည် သက်တော်ရှစ်ဆယ့်ငါးနှစ် ပြည့်မြောက်၍ ရှစ်ဆယ့်ခြောက်နှစ်သို့ ရောက်တော်မူသည်။ ထိုမွေးနေ့ကုသိုလ်ပွဲနှင့်ပူးတွဲ၍ ဆရာတော်၏ ရုပ်ပုံတော် ဖွင့်လှစ်ပူဇော်ပွဲကို စစ်ကိုင်းရွှေဟင်္သာဆရာတော်ကြီး၏ စစ်ကိုင်းရွှေဟင်္သာတိုက်သစ် သာသနာလင်္ကာရတိုက်ကျောင်း၌ ခမ်းနားသိုက်မြိုက်စွာ ကျင်းပပြုလုပ် ပူဇော်ခဲ့သည်။

သံဃာတော် ၁၀၀ကျော်နှင့် သီလရှင်ပရိသတ်၊ လူပရိသတ် ၁၀၀၀ ကျော် တက်ရောက်ကြည်ညိုခဲ့သည်။ ရုပ်ပုံတော် ကုသိုလ်ရှင်မှာ လေးမျက်နှာမြို့ ကုန်သည်ကြီးဦးအောင်ဘနှင့်ဒေါ်တင် သမီးဒေါ်ခင်သန်းနှင့်လေးမျက်နှာမြို့ ဆန်စက်ပိုင်ရှင်ဦးချစ်လှိုင်နှင့် ဒေါ်စောမေ သမီး ဒေါ်ခင်စောလှိုင်တို့ဖြစ်သည်။

ဗုဒ္ဓသာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူခဲ့၍ အဂ္ဂမဟာပဏ္ဍိတလဒ္ဓလဍ္ဍန၊ ရတ္တညူမဟာနာယက၊ ဂန္ထရ၊ ဗဟုသစ္စလောကဗဟုပကာရ၊ ဂန္ထရခနာဂုဏ်တို့နှင့် ကုံလုံပြည့်ဝတော်မူသော ဘဒ္ဒန္တ

ပဏ္ဍိတသိရီဘွဲ့အမည်ရှိသော ရွှေဟင်္သာဆရာတော်အား ၄ ဇန်နဝါရီ ၁၉၇၉ ခုနှစ်တွင် နိုင်ငံတော်အစိုးရမှ 'အဘိဓဇမဟာရဋ္ဌဂုရု' ဟူသောဘွဲ့တံဆိပ်တော်မြတ်ကြီးကို ဆက်ကပ်လှူဒါန်းခဲ့သည်။ ရွှေဟင်္သာဆရာတော်ကြီးနှင့်အတူ ပဲခူးတိုင်း၊ ပြည်မြို့၊ ပွင့်လှသိမ်ကုန်းကျောင်းတိုက်မှ ဆရာတော်ဘဒ္ဒန္တတိက္ခနှင့် မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ မုဒွန်းရွာ ပိဋကတ်တိုက်ကျောင်းမှ ဆရာတော်ဘဒ္ဒန္တကောသလတို့သည်လည်း ယင်းဘွဲ့တံဆိပ်တော်ကို ရရှိခဲ့သည်။ ကွမ်းခြံကုန်း၊ မအူပင်၊ ညောင်တုန်း၊ ရွှေတော်မှော်၊ ရန်ကုန်မြို့များရှိ တပည့်ဒါယကာ၊ ဒါယိကာမများက ရွှေဟင်္သာဆရာတော်ကြွလာခိုက် အဘိဓဇကြိုဆိုပူဇော်ပွဲများ ပြုလုပ်ကြသည်။

ဘုန်းကြီးတို့အနေနဲ့ အဘိဓဇဘွဲ့ရအောင် ရေးကဆုပန်ခဲ့သလား၊ မပန်ခဲ့သလားဆိုတာတော့ မသိပါဘူး။ ဒီဘဝမှာတော့ တခါမှ မမျှော်မှန်းဘူးပါဘူး၊ ရအောင်လည်း မကြိုးစားပါဘူး။

စသည်ဖြင့် ထည့်သွင်း မိန့်ကြားတော်မူသည်။

ရွှေဟင်္သာဆရာတော်သည် ဝိနည်းကို အလေးဂရုပြုသည့်ဆရာတော်ကြီးများ၏တပည့်ပီပီ ဝိနည်းကိုလေးစားတတ်သည်။ ဆရာတော်သည် ပိတ်သင်္ကန်းကို မိမိနှင့် အနေတော်ပြင်ချုပ်၍ ပိန္နဲရောင်ရင့်ရင့်ဆိုးပြီးမှသာ ဝတ်ရုံလေ့ရှိသည်။ ကျောင်းတိုက်တွင်း၌ တစ်ပါးတည်းနေထိုင်သည့်အခါ၌ ဇကသီချထားပြီး နေလေ့မရှိ၊ အိပ်ရာဝင်သောအခါတွင်လည်း သင်္ကန်းကို ညီညာသပ်ရပ်စွာ ဝတ်ရုံပြီးမှ အိပ်ရာ ဝင်လေ့ရှိသည်။ ရဟန်းခံစဉ်ကပါသော သပိတ်သည် နှစ်ပေါင်းခြောက်ဆယ်ကျော်သည့်တိုင်ရှိနေသေးသည့်အတွက် ထိုသပိတ်ဖြင့်ပင် ဆွမ်းခံကြွတော်မူသည်။ ကျောင်းတော်ရာ ရွှေကျင်ဆရာတော်ကြီး၏ တပည့်ကောင်းပီပီ အသေးအဖွဲ့မှစ၍ ဝိနည်းသိက္ခာပုဒ်မှန်သမျှကို လိုက်နာဆောင်ရွက်တတ်သည်။

ရွှေဟင်္သာဆရာတော်သည် စာပေကျမ်းဂန်များကို ရေးသားရာတွင် သွယ်ဝိုက်ခြင်းမရှိဘဲ လိုရင်းကို ထိထိမိမိ ရေးသားနိုင်သော စွမ်းရည်ရှိသည်။ စာကြည့်သည့်အခါ အလင်းရောင်နှင့် မျက်နှာချင်းဆိုင် မကြည့်ရ၊ ညဖက်တွင် စာမဖတ်ရဟု မှာကြားလေ့ရှိသည်။ ဆရာတော်သည် နေ့ဖက်တွင် စာကျက်၊ ညဖက်မှာ ညဝါဆိုစေသည်။ ဒါယကာ၊ ဒါယိကာမများလှူဒါန်းသော ဖိနပ်များကို ဟောင်းနွမ်းနေသော်လည်း မပြတ်မချင်း စီးတော်

မူသည်။ ဤသို့ ပြုမူခြင်းမှာ နှမြောတွန့်တိုခြင်းကြောင့်မဟုတ်ဘဲ လှူဒါန်းသော ဒါယကာ၊ ဒါယိကာမ ကုသိုလ်ပိုမိုရရှိစေရန် စီးရခြင်းဖြစ်ကြောင်းနှင့် လက်ကိုင်ပါဝါနှင့် ပတ်သက်၍လည်း လှူသောသူ အကျိုးရှိအောင် ကိုင်ဆောင်သုံးစွဲလေ့ရှိသည်။

ထူးခြားချက်မှာ အိပ်နေတော်မူသည့်အခါတွင် သင်္ကန်းအရုံ မပျက်စေဘဲ ကျိန်းလေ့ရှိသည်။ ထို့ပြင် သက်တော်ကိုးဆယ့်ငါးနှစ် ကျော်သည်အထိ ဆွမ်းခံထွက်လေ့ရှိသည်။ ကျန်းမာရေး (ခန္ဓာကိုယ်ကြံ့ခိုင်မှု)၊ ဒါယကာ၊ ဒါယိကာမများ ကုသိုလ်ပွားမှု၊ ဒါယကာ၊ ဒါယိကာမများ၏ မေးမြန်းချက်များအား ဖြေကြားနိုင်စေရန် စသည့် ဆွမ်းခံထွက်ခြင်း အကျိုးသုံးပါးအား အမြဲဟောကြားလေ့ရှိသည်။

ဆရာတော်သည် ဆွမ်းဟင်းများနှင့်ပတ်သက်၍လည်း ပြောကြားရာတွင် ဟင်းများသည်အဆင်းအနံ့အရသာနှင့် ပြည့်စုံနေသော်လည်း ခန္ဓာကိုယ်အပုပ်ကောင်အတွက် သုံးဆောင်နေရကြောင်းကို ဟောတော်မူသည်။

ရွှေဟင်္သာဆရာတော်သည် ဗုဒ္ဓဂယာသို့ သက်တော်ကိုးဆယ့်တစ်နှစ် ၃၀ အောက်တိုဘာ ၁၉၈၄ ခုနှစ်၊ အင်္ဂါနေ့ နံနက် ၇:၄၀ နာရီတွင် ရန်ကုန်လေဆိပ်မှ နောက်ပါရဟန်းဦးပညာသိရီနှင့်အတူ အိန္ဒိယနိုင်ငံ ဘုရားဖူးကို စတင်ခဲ့သည်။ ရွှေဟင်္သာဆရာတော်သည် မြန်မာနိုင်ငံရှိ ဗုဒ္ဓဘာသာဝင်များကဲ့သို့ပင် ဗုဒ္ဓမြတ်စွာဘုရား ပွင့်တော်မူရာ အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာသို့ ဘုရားဖူး သွားရောက်ခဲ့သည်။

ပထမပိုင်းတွင် အိန္ဒိယနိုင်ငံ၌ သက္ကဋဘာသာကို လေ့လာရင်း ဘုရားဖူးရန် ဆန္ဒရှိသော်လည်း အိန္ဒိယနိုင်ငံ၌ နေရေးစားရေးကို မနှစ်သက်၍ မသွားဖြစ်ခဲ့ပေ။ သို့သော် ၁၉၈၄ ခုနှစ်ရောက်မှသာ သွားရက်ပေါ်ပေါက်လာသဖြင့် နိုင်ငံတော် သာသနာရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးကြည်ညွှန့်၏ မိတ်ဆွေကြီးဖြစ်သော အိန္ဒိယနိုင်ငံ၊ ကာလကတ္တားမြို့နေ သူဌေးကြီးပြရိယား၏ ကျေးဇူးကြောင့် သွားရောက်ဖူးမြော်ရခြင်းဖြစ်သည်။

အိန္ဒိယနိုင်ငံတွင် ဗုဒ္ဓမြတ်စွာဘုရား ဖွားတော်မူရာဌာန၊ ဘုရားအဖြစ်သို့ ရောက်တော်မူရာဌာန၊ ဓမ္မစကြာတရားတော်ကို ဟောတော်မူရာဌာန၊ သက်တော်ရှည်သမျှကာလ သီတင်းသုံးတော်မူရာဌာန၊ ပရိနိဗ္ဗာန် ပြုတော်

မူရာဌာနများသို့ ရောက်သောအခါ ယင်းနေရာများသို့ သွားရောက်ကြည်ညို ရှိခိုးပူဇော်ရန် ရွှေဟသ်ာဆရာတော်က ၇-ဂါထာ ပါဠိအနက်ကို ရေးသား တော်မူခဲ့သည်။ ထိုဂါထာကို လပွတ္တာဆရာတော်ဦးဝေပုလ္လက ဘုရားဖူးအဖွဲ့ တို့အား လှူဒါန်းတော်မူသည်။ ရွှေဟသ်ာဆရာတော်သည် ရန်ကုန်လေဆိပ် မှ ၃၀ အောက်တိုဘာ ၁၉၈၄ ခုနှစ်၊ နံနက် ၇း၄၀ နာရီတွင် ထွက်ခွာ လာရာ ၉း၃၀ နာရီ အချိန်၌ ကာလကတ္တားလေဆိပ်သို့ ရောက်ရှိခဲ့သည်။

၄ နိုဝင်ဘာနေ့ နေ့လယ်ဘက်၌ ရွှေဟသ်ာဆရာတော်သည် ဦးကောဝိဒကျောင်းသို့လည်းကောင်း၊ မဟာဗောဓိအသင်းတိုက်သို့လည်း ကောင်း ကြွတော်မူသည်။ ၅ နိုဝင်ဘာညနေတွင် ဦးကောဝိဒကျောင်းမှ ကထိန်ပင့်၍ ရွှေဟသ်ာဆရာတော် ကြွရောက်ကာ ကမ္မဝါဖတ်၊ ရေစက်ချ ချီးမြောက်ပေးခဲ့သည်။ ည ၉း၃၀ နာရီတွင် ဒေလီအမြန်ရထားဖြင့် ဗုဒ္ဓ ဂယာသို့ ဘုရားဖူးထွက်တော်မူသည်။ ဗုဒ္ဓဂယာမှ တစ်ဆင့်မိုင်ငါးဆယ် မျှသာဝေးသော ရာဇဂြိုလ်မြို့သို့ ကားဖြင့် ဆက်သွားသည်။

ရွှေဟသ်ာဆရာတော်သည် ဗာရာဏသီ၌ သီတင်းသုံးစဉ် ၁၀ နိုဝင်ဘာ နေ့နှစ်နာရီ၌ ဦးသဒ္ဓိယတို့ လိုက်ပို့ကြ၍ သီးသန့်ကားဖြင့် မိဂဒါဝုန်သို့ ကြွတော်မူသည်။ မိဂဒါဝုန် မူလဂန္ဓကုဋီအဆောက်အအုံ အတွင်း၌ရှိသော ရုပ်ပွားတော်ကို ဖူးမျှော် ကြည်ညိုကြရသည်။ ထိုမိဂဒါ ဝုန်တောသည် အနုတ္တလက္ခဏသုတ်နှင့် ဓမ္မစကြာတရားတော်ကို ဟောတော် မူရာ အထိမ်းအမှတ်ဌာန ဖြစ်သည်။ ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ်တွင် သက်တော်ကိုးဆယ့်တစ်နှစ်အရွယ်ရှိ ဆရာတော်ကြီး၏သက်တော်ကို ကြည်ညိုသောအားဖြင့် ရဟန်းသံဃာများက ရွှေဟသ်ာဆရာတော်အား လာရောက် ဖူးမြော်ကန်တော့ကြရာ ဆရာတော်ကြီးက တရားဓမ္မများ ဟောကြား ချီးမြှင့်ခဲ့သဖြင့် ဤခရီးစဉ်ကို ဓမ္မခရီး၊ သို့မဟုတ် သာသနာပြု ခရီးဟု ခေါ်ဆိုနိုင်သည်။

ရွှေဟသ်ာဆရာတော်ဘုရား၏ ၁၉၈၆ ခုနှစ် ခရီးသွားမှတ်တမ်း အရ ဆရာတော်သည် ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့သို့ ထိုင်းနိုင်ငံမှ မစပယ်ယဉ်၏ ဖိတ်ကြားချက်အရ ကြွရောက်တော်မူ၍ သာသနာပြုခဲ့ ကြောင်း သိရှိရသည်။ သို့သော် ထိုင်းနိုင်ငံသို့ မသွားမီ ၁၀ ဒီဇင်ဘာ ၁၉၈၆ ခုနှစ်တွင် မအူပင်မြို့မွှာရုံ ရွှေကျင်ကျောင်းတိုက်ဆရာတော်နှင့်

တိုက်အုပ်ဆရာတော်တို့ကိုယ်တိုင် ရွှေဟင်္သာဆရာတော်ထံ ကြွရောက်တော်မူလာကြပြီး၊ မအူပင်မြို့မွှာရုံမှ ပွားသော မအူပင်မြို့နယ် ဘုရားကန်ကျေးရွာကျောင်း၌ သိမ်သမုတ်ချီးမြှောက်ရန် ပင့်ကြသဖြင့် လက်ခံလိုက်သည်။

သိမ်သမုတ်ရက်မှာ ၁၅ ဖေဖော်ဝါရီ ၁၉၈၇ ခုနှစ်ဖြစ်သည်။ ဝန်ကြီးဌာနက စီစဉ်ပြီး၍ အချိန်စေ့လျှင် ထိုင်းနိုင်ငံသို့ ရှေးဦးစွာကြွ၍ အပြန်မှ သိမ်သမုတ်သွားရန်၊ သို့မဟုတ် ရက်အခြေအနေကို ကြည့်၍ သိမ်သမုတ်ပြီးမှ ထိုင်းနိုင်ငံသို့ သွားရန်တိုင်ပင် ဆွေးနွေးကြသည်။ ဆရာတော်ကိုယ်တိုင်လည်း ရန်ကုန်၌ ဆောင်ရွက်ဖွယ်ကိစ္စရှိနေ၍ အကြောင်းညီညွတ်လျှင် ၃၁ ဇန်နဝါရီ၌ ရန်ကုန်သို့ကြွရန် ရည်ရွယ်ခြင်း ရှိသည့်အလျောက် လေယာဉ်လက်မှတ်လေးစောင် ရရှိသည့်အတွက် ထိုနေ့နံနက် ၉း၃၀ နာရီအချိန်တွင် မန္တလေးသို့ ကြွရောက်သည်။ နေ့လည် ၂ နာရီထိုးသောအခါ လေဆိပ်ဆင်းပြီး ညနေ၃နာရီခန့်တွင် လေယာဉ်ထွက်ရာ ည ၉း၃၀ နာရီအချိန်တွင် ပုဂံညောင်ဦးသို့ရောက်ပြီး ပုဂံ ညောင်ဦးမှ နံနက် ၃း၄၀ နာရီတွင် ထွက်ပြန်ရာ ညနေ ၅ နာရီတွင် ရန်ကုန်လေဆိပ်သို့ ရောက်ရှိခဲ့သည်။

၁၃ ဖေဖော်ဝါရီတွင် ညနေ ၄ နာရီ ထွက်မည့်သင်္ဘောဖြင့် မအူပင်မြို့သို့ သိမ်သမုတ်ရန် ကြွတော်မူသည်။ ကြွရောက်သည့် ဆရာတော်များမှာ ရွှေဟင်္သာဆရာတော်၊ ဦးပညာသိရီ၊ အမရပူရရွှေဦးကျောင်း ဆရာတော်ဦးကဉ္စနာဘိဝံသ၊ စစ်ကိုင်းတောင်ရိုးအောင်မြေဘုံစံ ဆရာတော်၊ ရန်ကုန်ရွှေဟင်္သာ ဦးသုစိတ္တာဘိဝံသ ဆရာတော်တို့ ဖြစ်ကြပြီး ကပ္ပိယ သုံးလေးယောက် ပါရှိသည်။ မအူပင်ဆိပ်ကမ်းသို့ ည ၉း၃၀ နာရီ၌ ကောင်းမွန်စွာ ရောက်ရှိသည်။ မအူပင်မြို့မှ သံဃာနှင့် ဒါယကာ၊ ဒါယိကာမများ ကြိုဆိုကြသည်။

၁၅ ဖေဖော်ဝါရီ နံနက်အရုဏ်ဆွမ်းစားပြီးလျှင် ကားငါးစီးဖြင့် ဘုရားကုန်းရွာသို့ သိမ်သမုတ်ရန် ကြွသည်။ ဘုရားကုန်းရွာသို့ ရောက်လျှင် သိမ်နုတ်ခြင်း၊ နိမိတ်ဖတ်ကြားခြင်း ပြုလုပ်၍ သိမ်သမုတ်ကြသည်။ သိမ်သမုတ်ခြင်း အောင်မြင်ပြီးသောအခါ ဒုလ္လဘသာမဏေကြီးနှစ်ပါးအား ဉသမ္ပဒကံဆောင်၍ ရဟန်းအဖြစ်သို့ရောက်အောင် ချီးမြှောက်တော်မူသည်။

ရွှေဟသ်ာဆရာတော်သည် ၂၁ ဖေဖော်ဝါရီ ညနေ ၄း၂၅ နာရီတွင် ရန်ကုန်လေဆိပ်မှ ထွက်ခွာလာခဲ့ရာ ဘန်ကောက်လေဆိပ်သို့ ညနေ ၅း၂၀ နာရီတွင် ရောက်ရှိခဲ့သည်။ ၂၂ ဖေဖော်ဝါရီ နံနက် ၇ နာရီ၌ မြဘုရားသို့ ကြွရောက် ဖူးမျှော်တော်မူကြသည်။ ၂၄ ဖေဖော်ဝါရီတွင် ဗုဒ္ဓမွန်ထုံ ရုပ်ပွား တော်နှင့် နခုံပထုံစေတီတော်သို့ ကြွရောက်ဖူးမြော်ကြသည်။ ထို့ပြင် ရွှေ ဘုရားဟုခေါ်ကြသော ရွှေတန်ချိန် ငါးတန်ရှိသော ရွှေသားတိတိရွှေအစစ် ဖြစ်သော ရုပ်ပွားတော်ကြီးကို ကြွရောက်ဖူးမြော်ကြသည်။ ရွှေဘုရားသို့ ကြွရောက်ဖူးမြော်ကြပြီးနောက်၊ တောင်ဘုရားသို့ သွားရောက် ဖူးမြော်ကြ ပြန်သည်။

တောင်ဘုရားသည် တောင်ပေါ်၌ စေတီတည်ထားခြင်းဖြစ်သဖြင့် ရွှေဟသ်ာဆရာတော်သည် အထက်သို့ မတက်နိုင်သဖြင့် အောက်ကပင် ကြည်ညို ဖူးမြော်ခဲ့ရသည်။ ဘန်ကောက်မြို့သို့ ခေတ္တရောက်နေကြသော မြန်မာရဟန်းတော်များနှင့်တွေ့၍ ထိုရဟန်းတော်များနှင့်အတူ မစံပယ်၏ သားကိုရှင်ပြု၍ ခင်ပွန်းကို ဥပသမ္ပဒကံဆောင်ပေးရသည်။ ရွှေဟသ်ာ ဆရာတော်သည် ဘုရားဖူးခြင်းကိုသာ ပဓာနထား၍ ဘန်ကောက်မြို့သို့ ကြွခြင်းဖြစ်သည်။ ဗုဒ္ဓဘာသာနိုင်ငံတစ်နိုင်ငံသို့ ကြွရောက်ရခြင်းဖြစ်၍ ဗုဒ္ဓ သာသနာရေးအတွက် ဂုဏ်ယူဖွယ်ရာဖြစ်ခဲ့သည်။ ၂ မတ် ညနေ ၅ နာရီ တွင် ရန်ကုန်တောင်စွန်း ခမ္ဘိကာရုံကျောင်းသို့ ပြန်လည်ရောက်ရှိခဲ့သည်။

ရွှေဟသ်ာဆရာတော်သည် စစ်ကိုင်းတောင်ရိုး ရွှေဟသ်ာတိုက် သစ်မှစ၍ ၁၁ ဖေဖော်ဝါရီ ၁၉၈၈ ခုနှစ်တွင် ခရီးထွက်ခဲ့သည်။ လေး မျက်နှာမြို့သို့ ခရီးထွက်ရခြင်းမှာ ထိုမြို့သည် ဧရာဝတီတိုင်း ငဝန်မြစ် အနောက်ဘက်ကမ်း၌ တည်ရှိသော မွေးဖွားရာ ဇာတိရပ်ဖြစ်သည်။ ဆရာတော်သည် မိမိဇာတိကို မမေ့မလျော့ဘဲ မိမိမြို့၏ ဂုဏ်ကျေးဇူးကို သတိရလျက် ကျေးဇူးတုန့်ပြန်လိုသော ဆန္ဒဖြင့် ယခင်က သုံးကြိမ်တိုင်တိုင် လေးမျက်နှာမြို့သို့ မြို့ပေါ်နှင့်နယ်၌ပါ သီတင်းသုံးတော်မူကြသော သံဃာ တော်တစ်ရာတစ်ဆယ်ပါးတို့အား ဖိတ်ကြား၍ ဆွမ်းကပ်ပြီး၊ သင်္ကန်းစသော ဒါတဗ္ဗပစ္စည်း တို့ကိုလှူဒါန်းခဲ့သည်။ ယခုအခါ သက်တော်ကိုးဆယ့် ငါးနှစ်ပြီးဖြစ်၍ နောက်တစ်ကြိမ် ကျွေးမွေးလှူဒါန်းလိုသော ဆန္ဒဖြင့် သွားရောက်ခဲ့ခြင်း ဖြစ်သည်။ ယခင်သုံးကြိမ်လှူစဉ်က သံဃာတစ်ရာ့

တစ်ဆယ်ပါးစီ ဖြစ်သော်လည်း ယခုအခါ သံဃာကြီးများတစ်ရာ့သုံးဆယ်နှစ်ပါးအား လှူဒါန်းရန်ဖြစ်သည်။ ဤကဲ့သို့ လှူရာတွင် မိမိ၌ ဓမ္မိယလဒ္ဓ သန့်ရှင်းစင်ကြယ်စွာ အလိုအလျောက် ရရှိအပ်သော သင်္ကန်းအစ ရှိသော ပစ္စည်းတို့ကိုသာလျှင် လှူဒါန်းခြင်း ဖြစ်သည်။

ဆရာတော်သည် ၁၁ ဖေဖော်ဝါရီတွင် မန္တလေးမှ လေယာဉ်ဖြင့် ရန်ကုန်သို့ ရောက်ရှိလာသည်။ ၂၀ ဖေဖော်ဝါရီ နံနက်၆နာရီအချိန်တွင် မီးရထားဖြင့် ဟင်္သာတမြို့သို့ ကြွတော်မူသည်။ ဟင်္သာတမြို့ဆိပ်ကမ်းသို့ ရောက်သောအခါ ဆိုင်ရာပုဂ္ဂိုလ်များက သာသနာအလံများ စိုက်ထူ၍ ခမ်းနားစွာ ကြိုဆိုပင့်ဆောင်ကြသည်။ ဒါယကာ၊ ဒါယိကာမ အပေါင်းတို့သည် ကျယ်ဝန်းသောဓမ္မာရုံကြီး ပြည့်အောင် လာရောက်ပူဇော်ကြသည်။ ရှင်ရောလူတို့ပါ ဘုန်းတော်၊ ဂုဏ်တော်တို့ကို ရွတ်ဖတ်ကြသည်။

၂၄ ဖေဖော်ဝါရီတွင် လေးမျက်နှာမြို့ရှိ သီတင်းသုံးတော်မူကြကုန်သော ဆရာတော် ၁၅၀ ပါးတို့အားလည်းကောင်း၊ တာဝန်ရှိပုဂ္ဂိုလ်များ၊ သက်ကြီးရွယ်အို အဘိုးအို၊ အဘွားအို၊ ဂိလာနပုဂ္ဂိုလ်များအားလည်းကောင်း ထောပတ်ဒံပေါက်ဆွမ်းနှင့် ဟင်းမျိုးစုံကို လှူဒါန်းကျွေးမွေး တော်မူသည်။ ရွှေဟင်္သာဆရာတော်ဘုရား ကိုယ်တိုင် ဩဝါဒအနည်းငယ်ပေး၍ ရေစက်ချပြီးလျှင် ပလ္လင်ပေါ်မှဆင်း၍ ကိုယ်တိုင် အလှူခံသံဃာထေရ်တို့အား သင်္ကန်းကပ်လှူသည်။

၂၆ ဖေဖော်ဝါရီ နံနက် ၆း၃၀ နာရီတွင် ပုသိမ်မြို့သို့ ဆက်လက်ကြွတော်မူသည်။ ပုသိမ်မြို့ရှိ မြောင်းမြကျောင်းတိုက်တွင် တစ်ရက်နှင့်တစ်ညစီ သီတင်းသုံးတော်မူသည်။ ထိုမှတဆင့် ရွှေဟင်္သာဆရာတော်အား ဆရာတော်ကြွလိုရာ မအူပင်၊ ညောင်တုန်းနှင့် ရန်ကုန်ရောက်သည်အထိ ပို့ဆောင်ပေးရန် စီစဉ်ကြသည်။ မအူပင်နှင့် ညောင်တုန်းသို့ဝင်ရခြင်းမှာ ဤမြို့နှစ်မြို့သို့ နှစ်စဉ်သွားမြဲရောက်မြဲ ဖြစ်သောကြောင့် ဖြစ်သည်။ မအူပင်မြို့သို့ ၂၉ ဖေဖော်ဝါရီ နံနက် ၉ နာရီအချိန်၌ ဓမ္မာရုံ ရွှေကျင်ကျောင်းတိုက်ဆိုင်ရာ ဒါယကာ၊ ဒါယိကာမတို့က စုပေါင်း၍ စစ်ကိုင်းတောင်ရိုးရွှေဟင်္သာတိုက်သစ် သံဃာတော်များအား အာရုံပြု၍ သင်္ကန်း၊ ထီး၊ ဖိနပ်၊ တဘက်၊ ဂိလာန ပုဂ္ဂိုလ်များအတွက် ဆေးဝါး ပစ္စည်းမျိုးစုံကို ရေစက်သွန်းချ၍ လှူဒါန်းကြသည်။

ရွှေဟင်္သာဆရာတော်သည် မအူပင်မှတဆင့် ညောင်တုန်းမြို့တွင် ကျင်းပမည့် ဝိနည်းစာပြန်ပွဲသို့ တက်ရောက် ချီးမြှောက်ကြသည်။ ညောင်တုန်းမြို့သို့ နှစ်စဉ်ကြွရောက်ရခြင်းမှာ ညောင်တုန်းမြို့ ရွှေဟင်္သာတိုက်၌ တစ်ဆယ့်ခြောက်နှစ်တိုင်တိုင်နေခဲ့ခြင်း၊ ကျောင်းတိုက်၏ ကျေးဇူး၊ ဆရာတော်များ၏ကျေးဇူးတော်တို့ကို စွမ်းနိုင်သမျှ တုံ့ပြန်ဆောင်ရွက်ခြင်း၊ ဆွေမျိုးရင်းချာတမျှ ရင်းနှီးကြသော ဒါယကာ၊ ဒါယိကာမတို့အား ချီးမြှောက်ခြင်း၊ ယခုလက်ရှိ ဆရာတော်ကြီးနှင့် တိုက်အုပ်ဆရာတော်တို့သည် ညီအစ်ကိုအရင်းအချာတမျှ ရင်းနှီးခင်မင်၍ အားပေးကူညီခြင်း စသည်တို့ကြောင့် ဖြစ်သည်။

ရွှေဟင်္သာဆရာတော်သည် ရန်ကုန်မြို့မှ တစ်ဆယ့်ခုနှစ်မိုင်ဝေးသည်ဟု ယူဆရသော အုတ်ဖိုမြို့နယ်တွင် ယာယီဆောက်နေသော ကျောင်း၌ သိမ်သမုတ်ပွဲ ကျင်းပပေးခဲ့သည်။ သိမ်သမုတ်သည့်ကိစ္စ ပြီးစီးသောအခါ ဦးတိုးက ဤသိမ်၌ ပထမဦးစွာ ရွှေဟင်္သာဆရာတော်ကို ဒကာခံ၍ သိက္ခာထပ်သောကြောင့် ဥပသမ္ပဒညတ်၊ ကမ္မဝါတို့ကို ရွတ်ဖတ်ကာ ချီးမြှောက်ကြခြင်းဖြင့် သိက္ခာထပ်ခဲ့ရသည်။ ၁၉၈၈ ခုနှစ်တွင် လေးမျက်နှာမြို့သို့သွားသောခရီးစဉ်သည် ၉ မတ် ၁၉၈၈ ခုနှစ်၌ အောင်မြင်စွာ ပြီးဆုံးခဲ့သည်။

ရွှေဟင်္သာဆရာတော်ဘုရားသည် စင်္ကာပူမြို့သို့ ကြွရောက်ခြင်းသည် သာမန်မထင်မရှား ဒေသန္တရဗဟုသုတအနေဖြင့် ဗုဒ္ဓဘာသာကို အားပေးချီးမြှောက်ရန်အတွက်သာ ကြွလိုခြင်းဖြစ်သည်။ သို့သော် စင်္ကာပူရောက်ဗုဒ္ဓဘာသာ ဒါယကာ၊ ဒါယိကာမတို့ကမူ မြန်မာနိုင်ငံမှ မဟာထေရ်ကြီးတစ်ပါး ကြွလာသည်ကို အလွန်ဝမ်းမြောက်သော လက္ခဏာဖြင့် မျှော်လင့်လျက်ရှိသည်။ ၁၈ ဇန်နဝါရီ ၁၉၉၀ ခုနှစ်၊ ညနေ ၃ နာရီ၌ ရန်ကုန်မြို့ အင်းလျားလမ်းရှိ တည်းခိုရာကျောင်းမှ လေဆိပ်သို့ ကြွတော်မူသည်။ ည ၇း၃၀နာရီ၌ ဘန်ကောက်လေဆိပ်သို့ ရောက်သည်။ ရွှေဟင်္သာဆရာတော်သည် ဘန်ကောက်မြို့၌ တစ်ညနှင့်တစ်နေ့ နားပြီးလျှင် ၁၉ ဇန်နဝါရီ ည ၉ နာရီတွင် စင်္ကာပူလေဆိပ်သို့ ရောက်ရှိခဲ့သည်။ ၂၀ ဇန်နဝါရီတွင် မြန်မာ ဘုန်းတော်ကြီး ဦးတိလောက၏ ယာယီတည်းကျောင်းနှင့် ဘုရားကျောင်းသို့ ကြွရောက်၍ ဘုရားဖူးမြော်ကြသည်။ ထို

ဘုရားမှာ ဉာဏ်တော် ဆယ်ပေကျော်ရှိသော ကျောက်ဆင်းတုရုပ်ပွားတော်ကြီးသီတင်းသုံးတော်မူ၍ ဘုရားကျောင်းတော်ကြီးကို တစ်နှစ်ခြောက်လအတွင်း ပြီးအောင်ဆောက်မည်ဟု ပြောသဖြင့် ထိုကျောင်းကြီး အောင်မြင်စွာပြီးမြောက်ပါစေဟု ရွှေဟင်္သာဆရာတော်က ပတ္ထနာပြုသည်။

၂၁ ဇန်နဝါရီ တနင်္ဂနွေနေ့၌ စင်္ကာပူတွင် တန်ခိုးအကြီးဆုံး၊ အသက်အရှည်ဆုံး၊ ကိုယ်ကျင့်သီလနှင့်တကွ သတ္တဝါတို့၏ အကျိုးကျေးဇူးကို အားထုတ်ဆောင်ရွက်ခြင်း စသည့် ဂုဏ်သတင်းတို့နှင့် ပြည့်စုံသော ဗုဒ္ဓဘာသာ တရုတ်ဘုန်းတော်ကြီးကျောင်းသို့ သွားရောက်နှုတ်ဆက်ပြီး ထိုနေ့ ညနေ ၆ နာရီ၌ မြန်မာဘုန်းတော်ကြီးကျောင်းတွင် တရားအနည်းငယ်ဟောပြောရသည်။

ရွှေဟင်္သာဆရာတော်သည် ၂၂ ဇန်နဝါရီတွင် မလေးရှားလေယာဉ်ဖြင့် ကွာလာလမ်ပူမြို့သို့ ကြွသည်။ ဟိန္ဒူဘာသာဝင်တို့ တစ်နှစ်လျှင်တစ်ကြိမ် ဘာသာပွဲပြုလုပ်သော တောင်ကမ္ဘားကြီးနှင့်အဆောက်အဦးတို့ကိုကြွရောက်ကြည့်ရှုသည်။ ကွာလာလမ်ပူမြို့၌ရှိသော သီရိလင်္ကာဘုန်းကြီးများက ထေရဝါဒဗုဒ္ဓဘာသာတရားတော်အပြည့်အစုံမှာ ကမ္ဘာပေါ်တွင်မြန်မာနိုင်ငံ၌သာ ရှိသည်ဟူ၍ တရားစကားပြောသောအခါ ထည့်သွင်းပြောလေ့ရှိသည်။ ထို့ကြောင့် မြန်မာနိုင်ငံသားများသည် မိမိတို့နိုင်ငံ၌အမြတ်ဆုံးသာသနာ၊ နတ်ရွာပြည်နိဗ္ဗာန်သို့ ပို့ဆောင်တတ်သော သာသနာ၊ သတ္တဝါတို့ကို အမှန်စင်စစ် ယဉ်ကျေးလိမ္မာစေတတ်သော သာသနာသည်ငါတို့မြန်မာနိုင်ငံတော်၌သာရှိပေသည်ဟု သတိပြု၍ ဝမ်းမြောက်စွာ ဂုဏ်ယူသင့်ကြပေသည်။

ကွာလာလမ်ပူမြို့မှ ၂၃ ဇန်နဝါရီ နံနက် ၉း၁၅ နာရီ၌ ထွက်၍ပီနန်လေဆိပ်သို့ ၁၀နာရီခန့် ရောက်သည်။ ၂၅ ဇန်နဝါရီ ညနေ၂နာရီမှစ၍ညနေ ၄ နာရီတိုင်အောင် တရုတ်မဟာယာနဗုဒ္ဓဘာသာဘုန်းကြီးများ၊ထိုင်းကျောင်း၊ သီရိလင်္ကာဘုန်းကြီးကျောင်း စသည်တို့ကို လှည့်ပတ်ကြည့်ရှုသည်။ ရွှေဟင်္သာဆရာတော်သည် ည ၇ နာရီတွင် ဖူးမြော်လာသော ဒါယကာ၊ ဒါယိကာမများအား ဩဝါဒပေးရာတွင် မြတ်စွာဘုရား၏ 'အပ္ပမာဒေန သမ္ပာဒေထ' ဩဝါဒကို အစချီကာ တရားထူးတရားမြတ်များကို ဟောတော်မူသည်။

ပီနန်မြို့လေဆိပ်မှ စင်္ကာပူသို့ ည ၇း၁၀ နာရီတွင် ရောက်ရှိခဲ့ပြီး ရွှေဟင်္သာဆရာတော်သည် ထိုနေ့ နံနက်၈နာရီ၌ စင်္ကာပူမှ ပင်လယ်ရေလက်ကြားကို ဖြတ်၍ မလေးရှားနိုင်ငံဘက်ရှိ ဂျဟောဘာရူးမြို့ တရုတ်ဗုဒ္ဓဘာသာရိပ်သာ၌ တည်းခိုကြရသည်။ ရွှေဟင်္သာဆရာတော်၏ စင်္ကာပူခရီးသွားမှတ်တမ်းတွင် စင်္ကာပူသို့ သုံးကြိမ်၊ မလေးရှားသို့ နှစ်ကြိမ် ရောက်သည်။ ပီနန်သို့တစ်ကြိမ် ရောက်သည်ဟု ပြောနိုင်သည်။ ၂၈ ဇန်နဝါရီ နံနက် ၉ နာရီတွင် စင်္ကာပူမြို့ မြန်မာဘုန်းကြီးကျောင်းသို့ သွားရောက်ပြီး စင်္ကာပူသံရုံးမှ သံမှူးဒကာ၏ သားသုံးယောက်အား ရွှေဟင်္သာဆရာတော်ထံ၌ ရှင်ပြုလို၍ ပင့်သောကြောင့် ကြွသွားရခြင်း ဖြစ်သည်။

ရွှေဟင်္သာဆရာတော်သည် သာမဏေများကို သရဏဂုံ ဆရာ၊ ဥပဇ္ဈာယ်ဆရာအဖြစ် ချီးမြှောက်ရသည်။ ညနေ ၄ နာရီအချိန်၌ စင်္ကာပူမြို့ သီရိလင်္ကာဘုန်းကြီးကျောင်း၌ မြန်မာပုံစံရုပ်ပွားတော်ကို အနေကဇာတင်ရန် ပင့်သဖြင့်ကြွရောက်၍ အနေကဇာတင်ခဲ့ရသည်။

စင်္ကာပူမြန်မာဘုန်းကြီးကျောင်းသို့ ဆွမ်းစားရန် မသွားမီ စင်္ကာပူ၌ ထင်ရှားသော မစ္စတာချောင်းအမည်ရှိ တရုတ်သူဌေးကြီးတစ်ဦးက ပင့်၍ သူ၏အလုပ်တိုက်သို့ မေတ္တာပို့၍ ပရိတ်တရားချီးမြှင့်ရန် လျှောက်သဖြင့် မေတ္တသုတ်၊ ခန္ဓသုတ်၊ ဓဇဂ္ဂသုတ်တို့ကို ရွတ်၍ရေစက်ချ ပေးခဲ့ရသည်။ တရုတ်နှစ်သစ်ကူးပြီး ၂၇ ဇန်နဝါရီ(နှစ်ဆန်းတစ်ရက်နေ့)နှင့် တိုက်ဆိုင်ကြုံကြိုက်၍ ကောင်းကျိုးမင်္ဂလာဖြစ်စေရန် ရွှေဟင်္သာဆရာတော်ကို ပင့်ခြင်း ဖြစ်သည်။

၁ ဖေဖော်ဝါရီတွင် ထိုင်းလေယာဉ်ကြီးသည် ၁၀း၁၀နာရီခန့်၌ စင်္ကာပူလေဆိပ်မှ ထွက်ခွာခဲ့ရာ မွန်းလွဲ ၂း၁၀ နာရီ၌ ဘန်ကောက်လေဆိပ်သို့ရောက်ရှိခဲ့သည်။ ၄ ဖေဖော်ဝါရီ နံနက် ၇ နာရီကျော် ၈ နာရီခန့်၌ ဘန်ကောက်မြို့မှ ဆယ်မိုင်ခန့်ဝေးသော ဗုဒ္ဓပထုံရုပ်ပွားတော်နှင့် အပြန်တွင် မြဘုရားသို့ဝင်၍ ဖူးမြော်ကြသည်။ ၆ ဖေဖော်ဝါရီ ညနေ ၄း၁၀နာရီတွင် လေယာဉ်ထွက်ခဲ့ရာ ရန်ကုန်လေဆိပ်သို့ ညနေ ၅း၁၀ နာရီခန့်၌ ရောက်သည်။ ရန်ကုန်လေဆိပ်မှ ၉ ဖေဖော်ဝါရီ နံနက် ၁၁ နာရီကျော်မှ လေယာဉ်ထွက်ခဲ့ရာ မန္တလေးသို့ ၁၂နာရီကျော်မှ ရောက်သည်။

ရွှေဟင်္သာဆရာတော်သည် တပည့် ဦးပညာသိရီနှင့်အတူ ထိုင်း၊ စင်္ကာပူ၊ မလေးရှား၊ ပီနန်စသည့်နိုင်ငံများသို့ ဒကာ ဦးတင်ထွန်း (ဗိသုကာ၊ ခေတ္တအမေရိကန်)၏ ပင့်ဖိတ်ချက်ကြောင့် လှည့်လည် သာသနာပြုခဲ့ရာ ၉ ဖေဖော်ဝါရီတွင် ယင်းသာသနာပြုခရီးသည် ပြီးဆုံးသွားခဲ့သည်။ စစ်ကိုင်းတောင်ရိုးရွှေဟင်္သာတိုက်သစ်မှစ၍ ခရီးရှည်ထွက်ခဲ့ရာ ထိုတိုက်သစ်သို့ပင် ကောင်းမွန်ကျန်းမာစွာ ပြန်လည်ရောက်ရှိသည်။ ရွှေဟင်္သာဆရာတော်၏ စင်္ကာပူသာသနာပြုခရီးတွင် သက်တော်မှာ ကိုးဆယ့်ခုနစ်နှစ်သို့ပင် ရောက်ရှိနေပြီဖြစ်သည်။ ရွှေဟင်္သာဆရာတော်ဘုရားသည် အမေရိကန်နိုင်ငံသို့ ဦးတင်ထွန်း၏ ပင့်ဖိတ်ချက်ကြောင့် သွားရောက် သာသနာပြုခြင်းဖြစ်သည်။ ထိုအချိန်တွင် ရွှေဟင်္သာဆရာတော်၏ သက်တော် ကိုးဆယ့်ကိုးနှစ်အရွယ်သို့ ရောက်ရှိနေပြီ ဖြစ်သည်။

ရွှေဟင်္သာဆရာတော်သည် ၅ ဇွန် ၁၉၉၂ ခုနှစ်၌ ရန်ကုန်သို့ လေယာဉ်ဖြင့် ကြွသည်။ မန္တလေးမှ လေယာဉ်သည် နေ့လယ် ၁း၃၀ နာရီခန့်၌ ထွက်သည်။ ရန်ကုန်လေဆိပ်သို့ ၃း၁၅ နာရီ၌ ရောက်သည်။ ၁၂ ဇွန် ညဦးပိုင်း၌ ရွှေတိဂုံဘုရားကို ရှိခိုးပူဇော်ရန် သွားရောက်သည်။ ၁၃ ဇွန် နေ့လယ် ၂ နာရီအချိန်၌ ရန်ကုန်မြို့ ဗဟန်းကျောင်းတော်ရာ ရွှေကျင်ကျောင်းတိုက်အတွင်း၌ တည်ဆောက်မည်ဖြစ်သော သာသနာ လင်္ကာရမွှာရုံကြီးအတွက် အုတ်မြစ်ချ ဆောင်ရွက်ခဲ့သည်။ အမေရိကန်သို့ သွားကြမည့်အဖွဲ့မှာ ရွှေဟင်္သာဆရာတော်၊ ပစ္ဆာသာမဏ ဦးပညာသိရီ၊ ဒေါ်ချိန်ကင်း၊ ဒေါ်ချိုချိုလှိုင်၊ ဦးမျိုးတင့်၊ ဦးတင်ထွန်းနှင့် ဦးတင်ထွန်း၏ဇနီး ဒေါ်ခင်သန်းအေး ပေါင်းခုနစ်ဦး ဖြစ်သည်။

အမေရိကန်နိုင်ငံသို့ ခရီးသွားရခြင်းအကြောင်းမှာ ဒါယကာ ဦးတင်ထွန်းနှင့် ဒေါ်ခင်သန်းအေးမိသားစု၏ အတန်တန်လျှောက်ထား ပင့်ဖိတ်ခြင်းကြောင့် ဒါယကာ၊ ဒါယိကာမများ၏ စိတ်ဆန္ဒကို ပြည့်စေခြင်းနှင့် အမေရိကန်နိုင်ငံတွင် သာသနာပြုလျက်ရှိသော ဆရာတော်သံဃာတော်များကို အားပေးချီးမြှောက်ရန်ရည်ရွယ်၍ အမေရိကန်နိုင်ငံသို့ စတင် ထွက်ခွာခြင်း ဖြစ်သည်။

လေယာဉ်သည် ၁၅ ဇွန် ညနေ ၄ နာရီ၌ ရန်ကုန်လေဆိပ်မှ ထွက်သည်။ စင်္ကာပူသို့ ည ၈ နာရီ ရောက်သည်။ စင်္ကာပူမြို့ရှိ

တင့်တယ်ခန့်ညားသော မြန်မာဘုန်းကြီးကျောင်း၌ တည်းခိုကြသည်။ ဦးပညာဝံသ စတင်တည်ထောင်သောကျောင်းဖြစ်ပြီး အမြဲသီတင်းသုံးသော ဘုန်းကြီးမှာ ဦးတိလောက ဖြစ်သည်။ ဆရာတော်သည် ၁၆ ဇွန်၌ ဒါယကာဦးကျော်မြင့် ပင့်၍ မြေအောက်ကားလမ်းနှင့် မြေအောက်ရထား များသို့ပို့၍ အစအဆုံး ကားနှင့်ရထား စီးရသည်။ ၁၇ ဇွန် နံနက် ၈နာရီ အချိန်၌ သဘာဝတိရိစ္ဆာန်ဥယျာဉ်ကို လိုက်ပြ၍ ကြည့်ခဲ့သည်။

ညနေဘက်၌ သူဌေးကြီးဒေးဗစ်ချောင်း၏ ကိုယ်ပိုင်စက်ရုံသို့ လိုက်၍ ကြည့်ပြီး ၁၈ ဇွန်တွင် ငါးမျိုးစုံပြသော ငါးပြတိုက်သို့ သွားရောက် ကြည့်ရှုရသည်။ ၂၁ ဇွန် တနင်္ဂနွေနေ့ နံနက် ၇ နာရီ၌ လေယာဉ် ထွက်မည်ဖြစ်၍ ၂၀ ဇွန် ညနေ ၄ နာရီခန့်၌ လူပေါင်း ၅၀ ကျော် စုပေါင်းရောက်လာကြပြီး ရွှေဟသ်ာဆရာတော်၏ ရာကြိုပူဇော်ပွဲ ပြုလုပ် ကြ၍ ကျယ်ဝန်းသော ဘုရားဆောင်ခန်းမသို့ ကြွရောက်၍ ကန်တော့ခံကာ တရားစကားအနည်းငယ် ဟောပြောရသည်။

နံနက် ၇း၅၀ နာရီတွင် စင်္ကာပူချန်ဂီ လေဆိပ်မှ လေယာဉ် ထွက်ခဲ့ရာ ဂျပန်နိုင်ငံ နာရီတာလေဆိပ်သို့ ညနေ ၃ နာရီကျော်၌ ရောက်သည်။ ဂျပန်လေဆိပ်၌ အမေရိကန်သို့သွားမည့် လေယာဉ်ပေါ်သို့ ပြောင်းရွှေ့ကြပြီး ညနေ ၅ နာရီ၌ လေယာဉ်ထွက်သည်။ လေယာဉ်သည် နောက်တစ်နေ့ နံနက် ၁၀ နာရီတွင် အမေရိကန်နိုင်ငံ လော့(စ်)အင်ဂျလိ(စ်) မြို့သို့ ကောင်းစွာရောက်သည်။

လော့စ်အင်ဂျလိ(စ်)မြို့ ဓမ္မောဒယကျောင်းမှ ပူဇော်ပွဲပင့်၍ ၂၇ ဇွန် ကြွရောက်ချီးမြှောက်ရသည်။ ထိုနေ့မှာပင် အဇူဇာမြို့ဗြဟ္မာဝိဟာရ ကျောင်း၌ ရာပြည့်အကြိုပူဇော်ပွဲ စီစဉ်ထား၍ ကြွရောက်ချီးမြှောက်ရသည်။

အမေရိကန်နိုင်ငံတွင် ထေရဝါဒမြန်မာဗုဒ္ဓဘာသာ သာသနာ ပြုရာ၌ အများအားဖြင့် အောင်မြင်မှုရရှိခဲ့သည်။ စံဟိုဆေးမြို့မှတဆင့် ဘို(လ်)ဒါကရီမြို့အနီးရှိ တောင်ပုလုကမ္ဘာအေးကျောင်းသို့ ၅ ဇူလိုင် ညနေ ၆ နာရီ မြို့အချိန်၌ သွားကြသည်။

၆ ဇူလိုင် နံနက်ပိုင်း၌ ကျောင်းတိုက်အတွင်းရှိ တောင်ကုန်းပေါ် တွင်တည်ထားသော စေတီတော်နှစ်ဆူကို သွားရောက်ဖူးမြော်သည်။ တစ်ဆူ မှာ တောင်ပုလုဆရာတော်၏အရိုးဓာတ်တော် ဌာပနာထားသောစေတီ၊

တစ်ဆူမှာ အတွင်း၌ကျယ်ဝန်း၍ လိုဏ်ပြုလုပ်ထားသော စေတီတော် ဖြစ်သည်။ လိုဏ်ခေါင်းသည် သံဃာ ၂၀ ကျော် စည်းဝေး၍ အတွင်း၌ သိမ်သမုတ်ထားသည်ဟု သိရှိရ၍ အတော်အသင့် ကျယ်ဝန်းလှသည်။

၁၀ ဇူလိုင်တွင် ဆန်ဖရန်စစ္စကိုလေဆိပ်မှတစ်ဆင့် အော်လန်ဒို လေဆိပ်သို့ ကြွရောက်တော်မူသည်။ အော်လန်ဒိုမြို့လေဆိပ်သို့ ၅ နာရီ စီးရပြီးမှ လေယာဉ်ပြောင်းစီး၍ ၂၇ မိနစ်ကြာမှ ဖော့မာယာမြို့သို့ ရောက်သည်။ ၁၂ ဇူလိုင်၌ ဆရာတော်ဦးဝိမလကျောင်း၌ ပူဇော် ကန်တော့ရန် ပင့်သည့်အတွက် ကြွရောက်ချီးမြှင့်ရသည်။ ၁၃ ဇူလိုင်တွင် ဖလော်ရီဒါမှဝါရှင်တန်သို့ ကြွ၍ ဦးကေလာသသီတင်းသုံးသော မင်္ဂလာ ရာမကျောင်းတိုက်သို့ ကြွရောက်သီတင်းသုံးတော်မူသည်။ ထိုကျောင်းတွင် ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် ပူဇော်ပွဲများပြုလုပ်ကာ ပူဇော်ကြသည်။

ဖော့မာယာမြို့မှတစ်ဆင့် ဝါရှင်တန်မြို့သို့ ဆက်လက် ကြွတော် မူရာ ညနေ ၇:၃၀ နာရီတွင် ရောက်ရှိသည်။ ၁၅ ဇူလိုင် ည၌ ၇ နာရီ အချိန်၌ နယူးယောက်မြို့ရှိ ဆရာတော်ဦးဣန္ဒကကျောင်းသို့ ရောက်ရှိသည်။ ဦးဣန္ဒကတို့ကျောင်း ဘွဲ့အမည်မှာ လောကချမ်းသာဟု အမည်ရှိသည်။ ၁၆ ဇူလိုင် ည ၇ နာရီ၌ ရွှေဟင်္သာဆရာတော်အား ပူဇော်ပွဲပြုလုပ်၍ ပူဇော်ကြသည်။

ရွှေဟင်္သာဆရာတော်သည် အမေရိကန်နိုင်ငံ၌ မျက်စိခွဲစိတ်ကုသမှု ခံယူခဲ့သည်။ ၂ ဩဂုတ်တွင် အရှေ့ဇာမြို့ဗြဟ္မာဝိဟာရကျောင်း၌ ရွှေဟင်္သာ ဆရာတော်အား နှုတ်ဆက်ပူဇော်ပွဲကို ဒါယကာ၊ ဒါယိကာမများ စုပေါင်း၍ လာရောက် ပူဇော်ကန်တော့ကြသည်။ ၁၀ ဩဂုတ်တွင် စင်္ကာပူနိုင်ငံမှ တဆင့် ရန်ကုန်လေဆိပ်သို့ ကောင်းမွန်စွာ ပြန်လည်ရောက်ရှိခဲ့သည်။

ရွှေဟင်္သာဆရာတော်ဘုရားကြီးသည် ပဋိသန္ဓေပါ ပင်ကို သင်ကြားတတ်မြောက်ထားသော ပရိယတ္တိပညာ၊ ကျင့်ကြံအားထုတ် ပွားများထားသော ပဋိဝေဓပညာတို့နှင့် ပြည့်စုံတော်မူသောကြောင့် ဆရာတော်ဘုရား၏ ပညာဂုဏ်ကို တပည့် ဒါယကာ၊ ဒါယိကာမများက အထူးကြည်ညိုကြရသည်။

ဆရာတော်ဘုရားကြီးသည် အသက်အရွယ်ကြီးလာသော်လည်း သွားများကျိုးခြင်းမရှိ၊ ပါးလည်းမခွက်၊ မေးလည်းမငေါ၊ မျက်စိလည်းမမှုန်

ပြည့်ဝသောမျက်နှာတော် ရှိသည်။ ဆရာတော်ကြီးသည် သက်တော်ကိုးဆယ်ကျော်သည့်တိုင်အောင် မျက်မှန်မတပ်ဘဲ ကြည်လင်စွာ စာဖတ်နိုင်သည်။ စကားပြောဆိုရာတွင်လည်း တိုးတိုးညှင်းညှင်းသာ ပြောဆိုတတ်သည်။ နားလေးခြင်းမရှိ။

ထို့ပြင် အထိုင်အထပေ့ါပါးခြင်း၊ လမ်းလျှောက်ရာ၌ သွက်လက်ခြင်းတို့ဖြင့်ပြည့်စုံတော်မူသည်။ ဆရာတော်ဘုရား၏ထူးခြားချက်များမှာ ခရီးသွားမှတ်တမ်းများ ရေးသားရာတွင် ဆရာတော်ဘုရားသည် ဆွမ်းအလှူရှင်များနှင့်ပတ်သက်၍ စားဖွယ်သောက်ဖွယ်မှစ၍ မှတ်တမ်းတင်လေ့ ရှိသည်။

ရွှေဟင်္သာဆရာတော်၏ သာသနာရေးဆိုင်ရာ ဆောင်ရွက်ချက်များတွင် ထင်ရှားသော လုပ်ဆောင်ချက်တစ်ခုမှာ ရွှေကျင်သာသနာလင်္ကာရ မဟာဓမ္မဗိမာန်တော်ကို တည်ဆောက်ခြင်း ဖြစ်သည်။ ထိုဗိမာန်တော်ကြီးကို တည်ဆောက်ရခြင်း အကြောင်းရင်းမှာ ရွှေကျင်နိကာယဂိုဏ်းကြီး၏ ဒွါဒသမမြောက် သာသနာပိုင် ဆရာတော်ဘုရားကြီး ဖြစ်တော်မူသော ဩဝါဒါစရိယစစ်ကိုင်းမြို့ ရွှေဟင်္သာဆရာတော်ဘုရားကြီး ဘဒ္ဒန္တပဏ္ဍိတသိရီ (အဘိဓဇအဂ္ဂမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက) သည် သာသနာ့သမိုင်းဝင်ကျောင်းတော်ရာ ရွှေကျင်တိုက်ပရဝုဏ်အတွင်းရှိ ၁.၅၂၇ဧက ကျယ်ဝန်းသောမြေပေါ်၌ 'သာသနာလင်္ကာရမဟာ ဓမ္မဗိမာန်တော်ကြီး' ပေါ်ထွန်းရန် ဆန္ဒရှိတော်မူသည်။ ထို့ကြောင့် ၁၂ ဇွန် ၁၉၉၂ ခုနှစ်၊ မွန်းလွဲ ၂ နာရီတိတိတွင် ဗိမာန်တော်ကြီး၏ ပထမအကြိမ် ပန္နက်တင် မင်္ဂလာအခမ်းအနားကို ကျင်းပနိုင်ခဲ့ပြီး ၁၃ ဇွန် ၁၉၉၂ ခုနှစ်တွင် ရွှေဟင်္သာဆရာတော်ဘုရားကြီး ဦးဆောင်၍ ဒါယကာ၊ ဒါယိကာမများနှင့် တပည့်များကစုပေါင်း၍ ပတ္တမြားအုတ်၊ ရွှေအုတ်၊ ငွေအုတ်တို့ဖြင့် အသီးသီး အုတ်မြစ်ချပေးခဲ့သည်။

၁၂ နိုဝင်ဘာ ၁၉၉၂ ခုနှစ်တွင် ဗိမာန်တော်ကြီး၏ ဒုတိယအကြိမ် ပန္နက်တင်အုတ်မြစ်ချ မင်္ဂလာကို ကျင်းပနိုင်ခဲ့ပြီး ၄င်းဗိမာန်တော်ကြီး ပြီးစီးအောင်မြင်နိုင်ရေးကို ရည်မှန်းချက်ဖြင့် လုပ်ငန်းများကို စနစ်တကျ စီမံဆောင်ရွက်ခဲ့ရာ ၂၉ ဒီဇင်ဘာ ၁၉၉၆ ခုနှစ်တွင် အောင်မြင်ပြီးစီး သွားသည်ဖြစ်၍ ရွှေကျင်နိကာယသာသနာဗိမာန်တော်ကြီးသည် ရွှေကျင်တစ်ဂိုဏ်းလုံးနှင့် သက်ဆိုင်သည့်ဗိမာန်တော်ကြီး ဖြစ်သည့်အပြင်၊ ရွှေဟင်္သာ

ဆရာတော်အား အကြောင်းပြု၍ ဖြစ်ပေါ်လာရခြင်းကြောင့် တပည့်များနှင့် ဒါယကာ၊ ဒါယိကာမများက ရေစက်သွန်းချကာ စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာဆရာတော်အား အပ်နှင်းလှူဒါန်းတော်မူခဲ့သည်။ လှူဒါန်းရခြင်း ရည်ရွယ်ချက်မှာ -

၁။ ရွှေကျင်ဂိုဏ်းလုံးဆိုင်ရာ သံဃာအစည်းအဝေးပွဲများ။
၂။ အခြားသော ဗုဒ္ဓဘာသာ သာသနာဆိုင်ရာ အခမ်းအနားများ ဖြစ်သည့် ဝါဆိုသင်္ကန်းနှင့် ကထိန်သင်္ကန်းကပ်လှူပွဲများ၊
၃။ ရန်ကုန်တိုင်းလုံးဆိုင်ရာ ရွှေကျင်နိကာယ ဝိနည်း စာတော်ပြန်ပွဲများ၊
၄။ ဗိမာန်တော်ကြီး၏အပေါ်ထပ်တွင် အာဏာသသိမ်(သို့) ပါသာဒသီမာသိမ်ရှိသဖြင့် ဆရာတော်ကြီးများ သိက္ခာထပ်ပွဲများ၊ ရဟန်းခံအလှူများကို ကျင်းပပြုလုပ်ရန်ဖြစ်သည်။

ယင်းဗိမာန်တော်ကြီးသည် ရန်ကုန်မြို့၊ ဗဟန်းရပ်၊ ကိုယ့်မင်းကိုယ့်ချင်း လမ်းနှင့် ကြားတောရလမ်းထောင့်တွင် ခန့်ညားလှပစွာ တည်ရှိသည်။

ရွှေဟင်္သာဆရာတော်ဘုရားကြီးသည် ၄ ဇန်နဝါရီ ၁၉၉၃ ခုနှစ်၊ လွတ်လပ်ရေးနေ့၌ 'အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက' ဟူသော အမြင့်ဆုံးဘွဲ့တံဆိပ်ကို ကပ်လှူခြင်း ခံယူရသည်။ ထို့ပြင် ရွှေကျင်ဂိုဏ်းကြီးကို စောင့်ရှောက် အုပ်ချုပ်တော်မူခဲ့သည့် ရွှေကျင်သာသနာပိုင်ဆရာတော်များအနက် ဒွါဒသမ ရွှေကျင်သာသနာပိုင် ဖြစ်သည့်အပြင် နိုင်ငံတော် အစိုးရက ဆက်ကပ်အပ်သော အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဟူသော သာသနာဘက်၌ အထက်တန်း အကျဆုံး ဘွဲ့တံဆိပ်များကို အလှူခံ ရရှိတော်မူသည့် ဆရာတော်ကြီးမှာ ကျေးဇူးရှင်သက်တော်ရှည် စစ်ကိုင်းမြို့ ရွှေဟင်္သာတိုက်သစ်ဆရာတော်ကြီး အရှင်ပဏ္ဍိတသိရီပင် ဖြစ်သည်။ ရွှေကျင်ဂိုဏ်း၏ သာသနာသမိုင်း၌ တံဆိပ်သုံးတန် လက်ခံရရှိတော်မူသော ဆရာတော်ကြီးတစ်ပါးလည်း ဖြစ်သည်။

သီရိမင်္ဂလာစံကျောင်းတိုက် သာသနဝိပုလကာရီသိမ်တော်ကြီးကို ၂၈ ဖေဖော်ဝါရီ ၁၉၉၃ ခုနှစ်၊ တနင်္ဂနွေနေ့ နံနက် ၇ နာရီတွင် ရွှေဟင်္သာဆရာတော်ကြီးနှင့်အတူ အဘိဓဇမဟာရဋ္ဌဂုရု သပြေကန်ဆရာတော်ဘုရားကြီး၊ သီရိမင်္ဂလာစံကျောင်းဆရာတော် ဦးရာဇိန္ဒာဘိဝံသ အစရှိသော

သံဃာတော် ငါးဆယ့်လေးပါးတို့ ဦးဆောင်၍ အောင်မြင်စွာသမုတ်တော်မူခြင်းဖြင့် သာသနာတော် အရှည်တည်၍ စည်ပင်ပြန့်ပွားထွန်းကားအောင် ဆောင်ရွက်တော်မူသည်။ ထိုသိမ်သမုတ်ပွဲကြီးသို့ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်၊ နဝတအဖွဲ့ဝင် သာသနာရေးဝန်ကြီး ရန်ကုန်တိုင်းမှူး ဒုတိယဗိုလ်ချုပ်ကြီး မျိုးညွန့်၊ ရန်ကုန်မြို့တော်ဝန်ဦးကိုလေး အစရှိသော ပုဂ္ဂိုလ်ကြီးများနှင့်တကွ အငြိမ်းစားသံအမတ်ကြီး ဦးကြင်၊ ဦးမင်းသုဝဏ် အစရှိသော ကျောင်းဒကာ၊ ကျောင်းအမများနှင့်တကွ သာသနာရေး အလေးထားကြသည့် ရာပေါင်းများစွာသော ပရိသတ်များ တက်ရောက် ကြည်ညိုပူဇော် လှူဒါန်း ကုသိုလ်တရား ပွားများခွင့်ရကြသည်မှာ ဝမ်းသာ နှစ်လိုဖွယ်ရာ ကောင်းလှသည်။ ထို့ကြောင့် ၁၉၉၂ ခုနှစ်သည် ရွှေဟင်္သာတောရ သီရိမင်္ဂလစံကျောင်းတိုက် သာသနာအတွက် ထူးခြားသောသမိုင်းဝင် သာသနာမှတ်တိုင် တစ်တိုင် စိုက်ထူနိုင်သောနှစ်ဟု ခေါ်ဆိုနိုင်သည်။

ရန်ကုန်မြို့ သုခဝတီလမ်း၊ စစ်ကိုင်းရွှေဟင်္သာစံကျောင်းတိုက် အတွင်း၌ မဟာဝိဇယသိမ်ကျောင်းကို အဂ္ဂမဟာပဏ္ဍိတအဘိဓဇမဟာ ရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂ မဟာသဒ္ဓမ္မဇောတိက ရွှေကျင်နိကာယဥက္ကဋ္ဌ မဟာနာယက သက်တော်ရှည်စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာဆရာတော်ဘုရားကြီး ဘဒ္ဒန္တပဏ္ဍိတသိရီ၏ သက်တော်နှစ်တစ်ရာပြည့် အထိမ်းအမှတ်အဖြစ် တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့က ဆောက်လုပ်လှူဒါန်းပူဇော်သည့်အတွက် ၁၆ ဇန်နဝါရီ ၁၉၉၄ ခုနှစ်၊ တနင်္ဂနွေနေ့တွင် ဆရာတော်ဘုရားကြီးကိုယ်တော်တိုင် သိမ်သမုတ်တော်မူသည်။

ရွှေဟင်္သာဆရာတော်ဘုရား၏ နောက်ဆုံးသမုတ်ခဲ့သောသိမ်မှာ ရန်ကုန်တိုင်း၊ မြောက်ဥက္ကလာပမြို့နယ်၊ ပဲခူးကျောင်းတိုက်၌ တည်ရှိသည်။ ဆရာတော်ကြီး ကိုယ်တိုင်ရေစက်ချပြီး ၂၀ မေ ၁၉၉၃ ခုနှစ်တွင် တည်ဆောက်ခဲ့သော သီလဝိသောဓနီသိမ်ဖြစ်သည်။ မြောက်ဥက္ကလာပမြို့နယ်ရှိ ကျောင်းတိုက်ထဲတွင် သိမ်တည်ဆောက်ခြင်းမှာ ပထမဆုံးဖြစ်သည်။ ရေစက်ချသိမ်သမုတ်ရာတွင် ရွှေဟင်္သာဆရာတော်ဘုရားကြီးနှင့်အတူ ပဋ္ဌမစံကျောင်းဆရာတော်နှင့် အရှင်သီရိမင်္ဂလဆရာတော်ဘုရားတို့ ပါဝင်ရေစက်ချကြောင်း သိရှိရသည်။ ဆရာတော်ကြီး အမိန့်ရှိပုံမှာ ကံဆောင်၍

ရသောသိမ်မှာ အခွန်လွတ်ပြီး ဘုရားမြေ၊ ကျောင်းမြေများသည် သာသနာ့မြေများ ဖြစ်သည့်အတွက် အလိုအလျောက် သိမ်ဖြစ်သည်ဟု အမိန့်ရှိသည်။

သိမ်သမုတ်တော်မူခြင်းနှင့်ပတ်သက်၍ ရွှေဟင်္သာဆရာတော်ဘုရားကြီး၏ထူးခြားမှုတစ်ခုမှာ ဆရာတော်သည် ၂၇ မေ ၁၉၈၆ ခုနှစ်၊ နံနက် ၆ နာရီမထိုးမီ မိနစ်ပိုင်းအလိုမျှတွင် နောက်ပါအရှင်သုမင်္ဂလ၊ အရှင်ဝါယာမ၊ အရှင်ပညာသီရိ စာချသုံးပါးနှင့်အတူ ပဋ္ဌာန်းသိပ္ပံတိုက်သို့ ကြွရောက်လာသည့်အတွက် ပဋ္ဌာန်းသိပ္ပံ ဆရာတော်သည် အဉ္ဇလီကမ္မ ပစ္စုပဋ္ဌာန အဘိဝါဒနအမှုတို့ဖြင့် ဦးခိုက်ပူဇော် ဂါရဝနိဝါတ မင်္ဂလာ ပန်းများခင်းလျက် သိမ်သမုတ်မည့် ကျောင်းတော်သို့ ကြွတော်မူကြသည်။

သိမ်ကျောင်းတိုက်ကို လှူဒါန်းရခြင်း အကြောင်းရင်းမှာ ပဋ္ဌာန်းကျောင်းတိုက်အတွင်းရှိ ပဋ္ဌာန်းစာပေကို အလေးအနက်ထား ကြိုးစားပို့ချတော်မူသော ဆရာတော်ကြီးသည် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ နိုင်ငံတော်သြဝါဒစရိယ ဂန္ထကာရကဖြစ်ပြီး သက်တော်ကြီးမားတော်မူသည် ဖြစ်၍ အဆင်းအတက်များ မပြုလုပ်လိုတော့ချေ။ ထို့ကြောင့် ဆရာတော်ကြီး ချမ်းချမ်းသာသာကံပြုနိုင်ရန် သိမ်တိုက်တစ်လုံး ထပ်၍သမုတ်လိုသော ဆန္ဒဖြင့် ရန်ကုန်မှ ကျောင်းအမ ဒေါ်တင် (မိခင်ကြီး)နှင့် သမီး ဒေါ်ခင်သန်းနှစ်တို့မှ လှူဒါန်းခြင်း ဖြစ်သည်။

သိမ်နှတ်ဓရိယာကို ထိုကျောင်းရင်ပြင် အုတ်ခင်းအပိုင်းအခြားကို အမှတ်အသားပြု၍ ရွှေဟင်္သာဆရာတော်ဘုရားကြီးကိုယ်တိုင် တစ်ပါးတည်း တစ်နေရာတည်း တစ်ကြိမ်တည်း ထိုကျောင်းပေါ်၌ပင် သိမ်နှုတ်ကမ္မဝါစာ ၂ မျိုးကို ဖတ်ကြား နှုတ်သိမ်းခြင်းကိစ္စသည် ၇ မိနစ်ခန့်ဖြင့် ပြီးပြတ်တော်မူသည်။ ထို့နောက် ကျောင်းထောင့်လေးထောင့်မှ နိမိတ်ကျောက်တိုင်လေးခုကို ကျောင်းအုတ်တိုင် မှီထောင်စေလျက် အဝေးကြားဖြင့် ဆရာတော်ဘုရားကြီးကိုယ်တိုင်မေး၍ အရှင်ဝရဏပဏ္ဍိတက ဖြေကြားလျှောက်ထားရာ နိမိတ်ကြားခြင်းကိစ္စသည်လည်း ၂ မိနစ်ဖြင့် ပြီးပြတ်တော်မူသည်။ ပဋ္ဌာန်းသိပ္ပံအရှင်ဝရဏပဏ္ဍိတ၊ အရှင်ဝိသိဋ္ဌဉာဏ၊ ရွှေဟင်္သာစာချအရှင်သုမင်္ဂလ၊ အရှင်ဝါယာမ၊ အရှင်ပညာသီရိတို့က သမာနသံဝါသကမ္မဝါစာ တစ်မျိုးကိုသာ နှစ်ကြိမ်ရွတ်ဖတ်၍ သမုတ်တော်မူရာ ၁၅ မိနစ်အကြာတွင် သိမ်အောင်ပွဲ ဆင်ယင်တော်မူနိုင်သည်။

စစ်ကိုင်းတောင်ရိုး ပဋ္ဌာန်းသိပ္ပံတိုက်တွင် တည်ရှိသောသိမ်သည် ရွှေကျင်နိကာယ ဒုတိယသာသနာပိုင် အဘိဓဇမဟာရဋ္ဌဂုရု ရွှေဟင်္သာ ဆရာတော်ဘုရားကြီး၏ သာသနာတော်တွင် သိမ်နုတ်၊ သိမ်သမုတ်သော ကိစ္စအားလုံးကို တစ်ပြိုင်နက်တည်းဖြင့် အချိန်အတိုဆုံး ၂၅ မိနစ်ဖြင့် ပြီးမြောက်အောင် သိမ်သမုတ်တော်မူသည်မှာ ရွှေဟင်္သာဆရာတော်၏ ထူးခြားမှုတစ်ခုပင် ဖြစ်သည်။

ရွှေဟင်္သာဆရာတော်ဘုရားကြီးသည် သက်တော်ရှည်တော်မူသည်နှင့်အမျှ ကိုယ်ကျန်းမာမှု၊ စိတ်ချမ်းသာမှု ပြည့်စုံတော်မူသောကြောင့် ဤမျှ မိုင်ပေါင်းများစွာ ရှည်လျားသော ကမ္ဘာ့ပတ်ခရီးကြီးကို ကြွရောက်၍ သာသနာပြုတော်နိုင်ခြင်း ဖြစ်သည်။ ဒုတိယသံဃနာသဘင်၏ သံဃာ့ အကြီးအမှူး အရှင်သဗ္ဗကာမိထေရ်မြတ်ကြီးအသွင် သက်တော်ဝါတော် ကြီးသည်နှင့်အမျှ သီလ၊ သမာဓိ၊ ပညာ၊ သိက္ခာဂုဏ်ရှိန် အလွန်ကြီးမား တောက်ပတော်မူသဖြင့် ကမ္ဘာသို့တိုင် သာသနာတော်၏ ဂုဏ်ရည်ကို ပြတော်မူနိုင်သော ရွှေဟင်္သာဆရာတော်ဘုရားကြီး၏ ပါရမီ ပုညသမ္ဘာရ သည် အလွန်ခိုင်ခံ့ကြီးမားတော်မူသည်။

ရွှေဟင်္သာဆရာတော်ဘုရားကြီး၏ ထူးခြားချက်တစ်ရပ်မှာ ကြွ ရောက်လေရာအရပ်တိုင်းတွင် အခါအားလျော်စွာ ဩဝါဒကထာ ဒေသနာများ ကိုဟောကြားတော်မူသည်။ ယင်းဩဝါဒကထာများသည် ယနေ့ပစ္စက္ခ ရဟန်း ရှင်လူအများ လေးစားနာယူမှတ်သားနိုင်ကြသည့်အပြင် နောင်အနာဂတ် ရဟန်းရှင်လူအများလည်း တလေးတစား မှတ်သားနာယူသင့်ကြပေသည်။ ထို့ကြောင့် ဆရာတော်၏ဩဝါဒကထာ အမြောက်အမြားရှိသည့်အနက်-

၁။ ဗုဒ္ဓဝန္ဒနာ၊ ဓမ္မဝန္ဒနာ၊ သံဃဝန္ဒနာကထာ၊

၂။ ဓမ္မစကြာ ဒေသနာကထာ၊

၃။ ရန်ငြိမ်း ဩဝါဒကထာ၊

၄။ ကျန်းမာရေး ဩဝါဒကထာ...

စသည်တို့ကို စုပေါင်း၍ ဆွမ်းကွမ်းဝေယျာဝစ္စအဖွဲ့၊ မဟာဝိသုဒ္ဓါရုံ ကျောင်းတိုက်မှ ဒါယကာ၊ ဒါယိကာမများက စုပေါင်း၍ ဆရာတော်ကြီး ထံမှ ခွင့်ပြုချက်ဖြင့် စာအုပ်ထုတ်ဝေကာ ဓမ္မဒါနအဖြစ် လှူဒါန်းတော်မူခြင်း ဖြစ်သည်။

ရွှေဟင်္သာဆရာတော်ဘုရားကြီးသည် သည်းခံစိတ်ရှိသည်။ မေတ္တာထားတတ်သည်။ ပါဠိစာပေမတတ်ကျွမ်းသောသူများကို နားဝင်လွယ်စေရန် မြန်မာစကားဖြင့် ပြောဆိုဆုံးမလေ့ရှိသည်။ ကြွရောက်လာသော ဒါယကာ၊ ဒါယိကာမများ၏ အသက်မွေးဝမ်းကျောင်းသည့် အလုပ်အကိုင်ကိုလိုက်ပြီး စိတ်ရင်းစေတနာကောင်းထားကြရန် ဆုံးမလေ့ရှိသည်။ ဥပမာ ကျောင်းဆရာ၊ ဆရာမများ လာရောက်ဖူးမြော်ကန်တော့သည့်အခါတွင် ကလေးများကိုစာသင်ကြားပို့ချရာ၌ ဝတ္တရားအရ သင်တာမျိုးတွင်မကဘဲ စာပေတတ်မြောက်သွားသည်အထိ သင်ကြားရန် ဆုံးမစကားပြောကြားလေ့ရှိသည်။

အစိုးရအမှုထမ်းများအား ဆုံးမသည့်အခါတွင် အစိုးရတာဝန်များကို ဝတ္တရားအရ ထမ်းဆောင်ရုံသာမကဘဲ လုပ်ငန်းများ ချောမောပြီးမြောက်အောင်မြင်ပြီး အများအတွက် ကောင်းကျိုးဖြစ်ကြပါစေဟု ပြောဆိုဆုံးမလေ့ရှိသည့်အပြင် တိုင်းပြည်တာဝန် ထမ်းဆောင်သော တပ်မတော်သားများအပါအဝင် ဆုံးမရာတွင်လည်း တာဝန်အရလုပ်ဆောင်ရသည်သာမက တိုင်းပြည်ကောင်းစားရန် စေတနာထားပြီး လုပ်ကြပါ။

နောက်ဆုံး အိမ်ရှင်မများကို ဆုံးမသည့်အခါတွင် မိမိအိမ်တွင် တံမြက်စည်းလှည်းသည့်အခါ ခုနစ်ရက်သားသမီး သန့်သန့်ရှင်းရှင်း ချမ်းချမ်းသာသာ သွားလာနိုင်ကြပါစေ သောက်ရေထည့်သည့်အခါတွင်လည်း ခုနစ်ရက်သားသမီးများ အေးချမ်းစွာသောက်သုံးနိုင်ပါစေ၊ ချက်ပြုတ်သည့်အခါ အလားတူပင် စိတ်ချမ်းချမ်းသာသာ စားသောက်နိုင်ကြပါစေဟု ဩဝါဒစကား ဟောကြားလေ့ရှိပါသည်။

ရွှေဟင်္သာဆရာတော်ဘုရားကြီးသည် ပျံလွန်တော်မမူခင် ညွှန်ကြားချက် (၁၃) ချက်ကို ရေးသားထားတော်မူခဲ့သည်။ ရွှေဟင်္သာဆရာတော်ဘုရားကြီးသည် သာသနာအကျိုးကို သယ်ပိုးဆောင်ရွက်ရင်း အသက်အရွယ်ကြီးရင့်လာသည်နှင့်အမျှ ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ တန်ခိုးတော်အနန္တတို့နှင့် ပြည့်စုံတော်မူသော သဗ္ဗညု ရှင်မြတ်ဗုဒ္ဓဘုရားရှင်သော်မှ မရှောင်လွှဲနိုင်သော ကျန်းမာရေးချို့ယွင်းမှုများသည် ဆရာတော်ဘုရားတွင်ကပ်ငြိနေသည်။ သို့သော် ဆရာတော်ဘုရားကြီးအား ကျွမ်းကျင်သော သမားတော်ကြီးများ၊ ဆရာဝန်ကြီးများနှင့် အထူးဂရုစိုက်ပြုစုကုသပေးသော်လည်း ဆရာတော်ဘုရားကြီးသည် လူကြီးရောဂါ

ဖြင့် သက်တော် ၁၀၂နှစ် ဝါတော် ၈၂ ဝါအရ ၉ အောက်တိုဘာ ၁၉၉၅ ခုနှစ်၊ ညနေ ၄း၅၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူခဲ့သည်။

ရွှေဟင်္သာဆရာတော်ဘုရားကြီးသည် ပျံလွန်တော်မူသောအခါ ဆရာတော်ကြီး၏ ရုပ်ကလပ်တော်ကို ယာယီစံကျောင်းတော်ဖြစ်သည့် သာသနာလင်္ကာရတိုက်ကျောင်းမှ စံကျောင်းပင့်အခမ်းအနားဖြင့် ၁၃ အောက်တိုဘာ ၁၉၉၅ ခုနှစ်တွင် ပင့်ဆောင်ခဲ့ပြီး စစ်ကိုင်းတောင်ရိုး၊ ရာပြည့်ကွင်းစံကျောင်းတော် ဗဟိုမဏ္ဍပ်၌ အပူဇော်ခံလျက်ရှိသည်။ ကြာကလပ်တော်ပေါ်၌ အပူဇော်ခံတော်မူလျက်ရှိသည့် ဆရာတော်ဘုရားကြီး၏ ဥတဇရုပ်ကလာပ်တော်အား နိုင်ငံတော် သံဃာမဟာနာယက အဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တသောဘိတ၊ တွဲဖက်အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ စန္ဒိမာ၊ အဖွဲ့ဝင်ဆရာတော် ဘဒ္ဒန္တကောဏ္ဍညတို့ လာရောက် ဖူးမြော် ကြည်ညိုကြသည်။

ထို့ပြင် နိုင်ငံတော်အကြီးအကဲများ၊ ရဟန်းသံဃာတော်များ၊ သာသနာ့အနွယ်ဝင် သီလရှင်များ၊ ရပ်နီးရပ်ဝေးမှ ဗုဒ္ဓဘာသာဝင်ပြည်သူများ နေ့ညမစဲတသဲသဲ လာရောက် ဖူးမြော်ပူဇော်ကန်တော့ကြပြီး၊ အန္တိမဈာပန အခမ်းအနားအတွက် အလှူတော်ငွေများ ထည့်ဝင်လှူဒါန်းကြသည်။

ရွှေကျင်နိကာယဥက္ကဋ္ဌ နိုင်ငံတော်သြဝါဒစရိယ အဘိဓဇမဟာရဋ္ဌ ဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ရွှေကျင်သာသနာပိုင် သက်တော် ရှည်ရွှေဟင်္သာဆရာတော်ကြီး၏ အန္တိမဈာပနပူဇာ အခမ်းအနားကို စစ်ကိုင်း တောင်ရိုး ရွှေဟင်္သာတိုက်၌ အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ် ခဲ့သည်။

၁။ ၁၅ အောက်တိုဘာ ၁၉၉၅ ခုနှစ်တွင် ဗဟိုမဏ္ဍပ်စံကျောင်း တော်မှ တေဇောဓာတ်မီးပူဇော်မည့် ဘုံမြင့်ဆောင်သို့ ပင့်ဆောင်၍ တေဇောမီးပူဇော်ခြင်း၊

၂။ ၁၇ အောက်တိုဘာ ၁၉၉၅ ခုနှစ်တွင် သရီရဓာတ်ပြာတော် အား ဘုံမြင့်ဆောင်မှ ဧရာဝတီမြစ်ကမ်းစံကျောင်းတော်သို့ ပင့်ဆောင်ခြင်း၊ ရေသို့ချ၍ ဓာတုဒကပူဇာ ကျင်းပခြင်းတို့ ဖြစ်သည်။

ဆရာတော်၏ ရုပ်ကလာပ်တော်အား တေဇောဓာတ် ပူဇော်ရာတွင် နံ့သာထင်းမီး၊ လျှပ်စစ်မီးတို့ဖြင့် ပူဇော်၍ အန္တိမဈာပနကို ကျင်းပပြုလုပ်ခြင်း ဖြစ်သည်။ ဆရာတော်ကြီး၏ အန္တိမဈာပနအခမ်းအနားသည် ၁၇ အောက်တိုဘာ ၁၉၉၅ ခုနှစ်တွင် စည်ကားသိုက်မြိုက်စွာဖြင့် အောင်မြင်စွာ ပြီးစီးသွားခဲ့သည်။

ရွှေဟင်္သာဆရာတော်ကြီး ပျံလွန်တော်မူသွားခဲ့သော်လည်း ဆရာတော်ကြီး၏သည်းခံခြင်း၊ စိတ်ထားဖြူစင်ခြင်း၊ အများအကျိုးကို လိုလားသော စိတ်နှလုံးရှိခြင်း၊ ဂါရဝနိဝါတတရားနှင့် ပြည့်စုံခြင်း၊ နာယက ဂုဏ်ခြောက်ပါးနှင့် ပြည့်စုံခြင်း၊ သာသနာတော်အတွက် ဖွဲလုံ့လဝီရိယ ဓာတ်ကြီးမားခြင်း၊ သိက္ခာကာမ၊ ဝိနယဂရုက၊ သံသာရဘီရုကစသောဂုဏ်၊ သက်တော်ရှည်ခြင်း၊ ရဋ္ဌညူမဟာ နယကဂုဏ်တို့နှင့် ပြည့်စုံခြင်းကြောင့် ရဟန်းရှင်လူပြည်သူအများ၏ ကြည်ညိုလေးစားမှုကို ပျံလွန်တော်မူပြီးသည့် တိုင်အောင် ခံယူရရှိတော်မူသည်။

ဘဝနတ်ထံ ပျံလွန်တော်မူသွားသည့် ရွှေဟင်္သာဆရာတော်ကြီး အားရည်စူး၍ ဆရာတော်ဘုရားကြီး၏ ကုသိုလ်ကောင်းမှု အထိမ်းအမှတ် အဖြစ် ဒါယကာ၊ ဒါယိကာမအပေါင်းတို့ကစုပေါင်း၍ အမှတ်၁၉၊ သုခဝတီ လမ်း၊ စစ်ကိုင်းရွှေဟင်္သာစံကျောင်းတိုက်၊ ရန်ကင်း၊ ရန်ကုန်မြို့တွင် စစ်ကိုင်းရွှေဟင်္သာဆရာတော်ကြီး အထိမ်းအမှတ် ဓမ္မာရုံကို တည်ဆောက် ခဲ့သည်။ ဤဓမ္မာရုံကို ၆ ဇူလိုင် ၁၉၉၇တွင် ရေစက်သွန်းချ လှူဒါန်းထား ကြောင်းကိုလည်း ဓမ္မာရုံတည် မော်ကွန်းကျောက်စာအရ သိရှိခဲ့ရသည်။

ရွှေဟင်္သာဆရာတော်သည် သာသနာတော်အကျိုးကို အသက် အရွယ် ငယ်စဉ်မှစ၍ ဆောင်ရွက်ရန် စိတ်အားထက်သန်သူ ဖြစ်သည်။ ထို့ကြောင့် ပထမပိုင်းတွင် ညောင်တုန်းရွှေဟင်္သာတောရတိုက်၌ သီတင်း သုံးနေတော်မူပြီးနောက် ကျန်းမာရေးအခြေအနေအရ စစ်ကိုင်းသို့ ပြောင်းရွှေ့ သီတင်းသုံးတော်မူခဲ့သည်။

စစ်ကိုင်းတွင်နေစဉ် အစ်မဖြစ်သူ သီလရှင် ဆရာကြီးဒေါ်နန္ဒာ၏ အကူအညီဖြင့် ရွှေဟင်္သာဝါးကျောင်းလေး၌ ရှစ်နှစ်ကြာမျှ သီတင်းသုံး၍ စာချခြင်း၊ တရားအားထုတ်ခြင်း ဟူသောသာသနာ့ဝန် နှစ်ပါးကို ထမ်းဆောင်တော်မူခဲ့သည်။ ထိုမှတစ်ဆင့် ဒါယကာ၊ ဒါယိကာမများ

လှူဒါန်းမှုကြောင့် ရွှေဟင်္သာတိုက်သစ် ဖြစ်ပေါ်လာပြီး သိမ်၊ ဓမ္မာရုံ၊ ဘုရားကျောင်း၊ စံကျောင်း၊ ဆွမ်းစားကျောင်း၊ အာဝါသိကကျောင်း (နေထိုင်သီတင်းသုံးရာကျောင်း) အာဂန္တုကကျောင်း၊ နာရီစင်၊ လိုဏ်ဂူ စသည်တို့ဖြင့်လည်းကောင်း၊ သစ်ပင်ဥယျာဉ်တို့ဖြင့် လည်းကောင်း ဒဿနီယပါသ ဒိကရမဏီဝေကဖြစ်၍ တင့်တယ်သပ္ပာယ်လှပါသည်။

ဆရာတော်သည် ဂိုဏ်းအစည်းအဝေးများ ပြုလုပ်သည့်အခါတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ခဲ့သည်။ ဆရာတော်ဘုရား ၏သက်တမ်းတစ်လျှောက်တွင် သာသနာ့တာဝန်ကို ကိုယ့်တာဝန်ဟု သဘောထားပြီးလျှင် မိမိခန္ဓာကိုယ်၏ ပင်ပန်းနွမ်းနယ်မှုကို ပဓာနမထားဘဲ အထက်မြန်မာနိုင်ငံအရပ်ရပ်၌ သာသနာရေးကိစ္စမှန်သမျှကိုလည်းကောင်း၊ ရွှေကျင်ဂိုဏ်းကြီး၏ သာသနာ့တာဝန်ဟူသမျှကိုလည်းကောင်း၊ ရွှေဟင်္သာ တောရ သာသနာကိုလည်းကောင်း မျက်ခြေမပြတ် အမြဲတမ်း ထမ်းဆောင် သော ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ် ဖြစ်သည်။

ဆရာတော်ဘုရားသည် မြန်မာနိုင်ငံအတွင်း၌သာ သာသနာပြုသည် မဟုတ်သေးပါ။ ပြည်ပနိုင်ငံများသို့လည်း သာသနာတော် စည်ပင်ရေးကို ရှေးရှု၍ ကြွရောက်တော်မူခဲ့သည်။ ပြည်တွင်းသာသနာပြုခရီးအနေဖြင့် ၁၉၈၇ ခုနှစ်တွင် လေးမျက်နှာမြို့သို့လည်းကောင်း ကြွရောက် သာသနာပြု ခဲ့သည်။ သာသနာပြုရခြင်း အကြောင်းရင်းမှာ ဆရာတော်ဘုရားသည် မိမိမွေးဖွားရာဇာတိကို မမေ့မလျော့ဘဲ ကျေးဇူးတုံ့ပြန်လိုသောဆန္ဒ၊ မြို့ပေါ်နှင့် နယ်ဖက်ရှိ သံဃာတော်များအား လှူဒါန်းကျွေးမွေးလိုသောဆန္ဒ ဖြင့် ကြွရောက်တော်မူခြင်း ဖြစ်သည်။ ထိုမှတစ်ဆင့် ဟင်္သာတ၊ ပုသိမ်၊ မအူပင်၊ ညောင်တုန်းမြို့သို့လည်း ကြွရောက်တော်မူခဲ့သည်။

ပြည်ပသာသနာပြုခရီးအနေဖြင့် ၁၉၈၄ ခုနှစ်တွင် ဗုဒ္ဓဂယာသို့ လည်းကောင်း ဘုရားဖူးသွားရောက်ခဲ့သည်။ ၁၉၈၆ ခုနှစ်တွင် ထိုင်းနိုင်ငံ သို့လည်းကောင်း သွားရောက်ခဲ့ပြီး ထိုမှတစ်ဆင့် မအူပင်၊ ပုဂံညောင်ဦးသို့ လည်းကောင်း၊ ၁၉၈၉ ခုနှစ်တွင် စင်္ကာပူသို့လည်းကောင်း၊ ၁၉၉၂ ခုနှစ် တွင် အမေရိကန်နိုင်ငံသို့လည်းကောင်း လှည့်လည်၍ သာသနာပြုခဲ့သည်။

ဆရာတော်သည် တစ်ရာငါးဆယ်ကျော်သော သံဃာတော်တို့ဖြင့် သာသနာရေးကို အလေးပေးဆောင်ရွက်ခဲ့သည်။ ရွှေဟင်္သာဆရာတော်သည်

သက်တော်ကိုးဆယ့်ခြောက်နှစ်တိုင် ဆွမ်းခံကျင့်ဝတ်ကို ကျင့်ခဲ့ခြင်း၊ ကျန်းမာရေးကို ငယ်စဉ်ကတည်းက ဂရုစိုက်ခဲ့ခြင်းတို့ကြောင့် သက်တော်တစ်ရာပြည့်သည့်ကာလတိုင်အောင် မျက်စိကောင်းခြင်း၊ နားကောင်းခြင်း၊ ခန္ဓာကောင်းခြင်းဖြင့် သာသနာနှင့်ဂိုဏ်း၏တာဝန်များကို ပျံလွန်တော်မမူခင်အထိ ဆောင်ရွက်တော်မူခဲ့သည်။

ထို့ပြင် ဆရာတော်ဘုရားသည် နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ ဩဝါဒစရိယအဖြစ် ဗုဒ္ဓသာသနာအကျိုး သယ်ပိုးဆောင်ရွက်ခြင်း၊ သီလ၊ သမာဓိ၊ ပညာ၊ သိက္ခာသုံးရပ်နှင့်ပြည့်စုံခြင်း စသောကျေးဇူးတော်ဂုဏ်တော်အပေါင်းတို့ကြောင့် နိုင်ငံတော်အစိုးရကချီးမြှင့်အပ်သော အဂ္ဂမဟာပဏ္ဍိတဘွဲ့၊ အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဘွဲ့ဟူသော အမြင့်ဆုံးဘွဲ့တံဆိပ်တော်သုံးတန်ကို ရရှိတော်မူခဲ့သည်။

ထို့အပြင် သာသနာတော်လုံးဆိုင်ရာ ရွှေကျင်ဂိုဏ်းကြီး၏ ဂိုဏ်းလုံးဆိုင်ရာ ဝန်ဆောင်နာယက၊ ရွှေကျင်နိကာယ ဥပဥက္ကဋ္ဌမဟာနာယက တွဲဖက်ရွှေကျင်သာသနာပိုင်၊ ရွှေဟင်္သာ ဝံသသံဃမဟာ နာယကအဓိပတိ၊ ဒွါဒသမမြောက် ရွှေကျင်သာသနာပိုင်အဖြစ် သာသနာ့တာဝန်များကို ထမ်းဆောင်ခဲ့ပြီး ၉ အောက်တိုဘာ ၁၉၉၅ ခုနှစ်၊ ညနေ ၄း၅၅ နာရီတွင် ဘဝတစ်ပါးသို့ ပျံလွန်တော်မူသွားခြင်း အကြောင်းအရာများကို ရေးသားတင်ပြရပါသည်။

## ပြန်လည်သုံးသပ်ချက်

ရေဝတီတိုင်း လေးမျက်နှာမြို့တွင် ဖွားမြင်ခဲ့သော ရွှေဟင်္သာဆရာတော်ဘုရားကြီးသည် ငယ်စဉ်ကတည်းကပင် စိတ်နှလုံးဖြူစင်ကောင်းမွန်သူဖြစ်၍ ထူးခြားချက်များရှိခဲ့သည်။ ဘာသာတရားကို အလွန်ကြည်ညိုလေ့ရှိသည်။ အသက်ဆယ့်လေးနှစ်အရွယ်တွင် ကမာကဆစ်ရွာတွင်ရှိသော မိကျောင်းရဲအမည်ရှိ ဘုန်းကြီးကျောင်းမှ ဆရာတော်ကြီးအရှင်အာစာရထံတွင် ပဗ္ဗဇမင်္ဂလာပြု၍ ရှင်သာမဏေအဖြစ် သွတ်သွင်းချီးမြှင့်ခဲ့သည်။ ကြာသာပတေးသား ဖြစ်၍ ရှင်ပဒုမဟု အမည်ပေးခဲ့သည်။ သို့သော် ရှင်ပဒုမဟုမည်သူမျှမခေါ် ကိုရင်မောင်သန်းဟုသာ ခေါ်ကြသည်။

အသက် တစ်ဆယ့်ခြောက်နှစ်အရွယ်တွင် ဒုတိယအကြိမ် ရှင်သာမဏေပြုပြန်သည်။ ကိုရင်မောင်သန်းသည် ပထမဦးစွာ မိကျောင်းရဲ ဆရာတော်ကြီးထံ စာပေသင်ကြားခဲ့ရာ ကျေနပ်မှုမရှိဘဲ အခြားဆရာတော် များထံ ရောက်ရှိ ပညာဆည်းပူးခဲ့သည်။ ကိုရင်မောင်သန်းသည် မိကျောင်းရဲ ကျောင်းမှတဆင့် မော်လမြိုင်မြို့ မရမ်းကုန်းပြည်ကျောင်းသို့ ရောက်ရှိ ခဲ့သည်။ ယင်းကျောင်းတွင်နေစဉ် ဆရာတော်တစ်ပါးက ရှင်ပဒုမဟူသော မူလအမည်ကို ရှင်ဗုဒ္ဓဃောသဟု ဘွဲ့အမည် ပြောင်းလဲပေးလိုက်သည်။

မော်လမြိုင်မြို့ ပြည်ကျောင်း၌ နှစ်နှစ်ခန့်နေပြီး ရန်ကုန်မြို့ ဗဟန်းရပ်ရှိ ကျောင်းတော်ရာ ရွှေကျင်တိုက်သို့ အသက်တစ်ဆယ့်ရှစ်နှစ် အရွယ်တွင် ရောက်ရှိခဲ့သည်။ ရောက်စတွင် ဘုံပျံကျောင်းဆရာတော် ဦးသောဘိတက ရှင်ပဏ္ဍိတဟူသော ဘွဲ့အမည်ကို ပေးခဲ့သည်။ ရန်ကုန်မြို့မှ တစ်ဆင့် ညောင်တုန်းမြို့၊ ရွှေဟင်္သာတောရ သီရိမင်္ဂလာမဟာရာမကျောင်း တိုက်သို့ ၁၉၁၂ ခုနှစ်တွင် ရောက်ခဲ့သည်။ ထိုကျောင်းမှ စံကျောင်း ဆရာတော် ရှင်ပဏ္ဍိတသိရီဟူသော ဘွဲ့အမည်ကို ပြောင်းလဲပေးရာမှ ထိုအမည်ဖြင့် နိုင်ငံဦးသျှောင်မထေရ်ကြီးတစ်ပါးဖြစ်သည်အထိ အသက် ထက်ဆုံး ထင်ရှားခဲ့သည်။

ရှင်ပဏ္ဍိတသိရီသည် ရန်ကုန်မြို့ ကျောင်းတော်ရာရွှေကျင် ဆရာတော်ဘုရားကြီး အရှင်သာသနာထေရ်အား ဥပဇ္ဈာယ်ပြု၍ မြင့်မြတ် သောရဟန်းအဖြစ်သို့ သက်တော်နှစ်ဆယ်အရွယ်တွင် ရောက်တော်မူသည်။ ရဟန်းသိက္ခာ လေးဝါအရတွင် မန္တလေးမြို့ အနောက်ပြင် ငါးဆူတိုက် တံဆိပ်တော်ရ ငါးဆူရဆရာတော် အရှင်သဒ္ဓမာလင်္ကာရ ခြေတော်ရင်း၌ ဆည်းကပ်၍ ဆရာတော်ထံကခ်ါ၊ ဘေဒစိန္တာတို့ကို မိမိဆိုဝါဖြင့် ဆည်းပူး ခဲ့သည်။

ထို့အပြင် ခင်မကန်တိုက်မကျည်းပင်ကျောင်းဆရာတော် ဦးသီလာ စာရ၊ သူဌေးတန်းဆရာတော်ဦးရေဝတ၊ တောင်သမန်တိုက် ငှက်ကာဦးဝိမလ တိုက်တို့၌လည်း စာပေကျမ်းဂန်များကို သင်ယူခဲ့သည်။ ရဟန်းသိက္ခာ ခြောက်ဝါအရတွင် ဆရာတော်များက ဒုတိယစာချအဖြစ်လည်းကောင်း၊ စွယ်တော်ကျောင်း ဘုန်းကြီးအဖြစ်လည်းကောင်း၊ ကျောင်းဘုန်းကြီးအဖြစ် ဖြင့်လည်းကောင်း ခန့်အပ်ခဲ့သည်။

ရွှေဟင်္သာဆရာတော်သည် ကျန်းမာရေးအခြေအနေကြောင့် ညောင်တုန်းမြို့မှ စစ်ကိုင်းမြို့သို့ ပြောင်းရွှေ့သီတင်းသုံးရာမှ ကျမ်းပေါင်းများစွာကို ရေးသားပြုစုခဲ့သည်။ ရွှေဟင်္သာဆရာတော်၏ ဘုန်းတန်ခိုးကြောင့် ဝါးကျောင်းကလေးမှ ရွှေဟင်္သာတိုက်သစ်ဟူသော ရွှေကျင်ဂိုဏ်းဝင် ကျောင်းတိုက်တစ်တိုက် တိုးပွားလာခဲ့သည်။ ဆရာတော်သည် ကျောင်းတိုက်၏ ကြီးပွားတိုးတက်ရေးကို သယ်ပိုးဆောင်ရွက်ရင်း ဝိနည်းကိုလည်း အမြဲလေးစားစောင့်ထိန်းသူ ဖြစ်သည်။

ရွှေဟင်္သာဆရာတော်သည် ကျမ်းပေါင်းလေးဆယ်ကျော်ကို ပြုစုရေးသားတော်မူသည်။ ထိုကျမ်းများအနက် နှစ်ဆယ်ကိုသာ ကျမ်းတွင် ထည့်သွင်း ဖော်ပြနိုင်ခဲ့သည်။ ထို့ပြင် ခရီးသွားမှတ်တမ်းများကိုလည်း ရေးသားပြုစုခဲ့သည်။ ယင်း၏ကျမ်းစာများတွင် ပါဝင်သော ထူးခြားချက်တစ်ရပ်မှာ ဆရာတော်သည် မိမိ၏ကိုယ်နှင့်စိတ်ကို ဘုရားသာသနာအတွက် အပ်နှံထားကြောင်းကိုလည်း တွေ့ရှိရသည်။ ထိုကျမ်းစာများအနက် အထင်ရှားဆုံး ကျမ်းစာမှာ ရွှေကျင်နိကာယသာသနာဝင်(အကျယ်) နှင့် မြန်မာအလင်္ကာကျမ်းတို့ ဖြစ်သည်ဟု ယူဆရသည်။

သက်တော် သုံးဆယ့်လေးနှစ်အရွယ်တွင် စစ်ကိုင်းရွှေဟင်္သာတိုက်သစ်ကို တည်ထောင်သည့်အချိန်မှစ၍ သီးသန့်နာယက တစ်ပါးအဖြစ် ဆရာတော်၏ စွမ်းရည်သတ္တိများကို စတင်တွေ့ရှိရသည်။ ဆရာတော်ဘုရားကြီး၏ လက်ထက်တွင် ကျောင်းတိုက်ပေါင်း လေးတိုက်ရှိသည်။ ဆရာတော်၏ရွှေကျင်ဂိုဏ်းအစည်းအဝေး ပြုလုပ်သည့်အခါတိုင်းတွင် လုံ့လစိုက်ကာ အရေးပါသောအခန်းကဏ္ဍမှ ကိုယ်တိုင်ပါဝင်ဆောင်ရွက်ခဲ့သည်။

ရွှေဟင်္သာဆရာတော်သည် ပြည်တွင်း၌သာမက ပြည်ပသို့ပါ သွားရောက် သာသနာပြုခဲ့ခရီး လှည့်လည်ခဲ့သည်။ ဆရာတော်သည် သက်တော်ကိုးဆယ့်တစ်နှစ်တွင် ဗုဒ္ဓဂယာ၊ သက်တော်ကိုးဆယ့်သုံးနှစ်တွင် မအူပင်၊ ပုဂံညောင်ဦး စသည့် ပြည်တွင်း ခရီးစဉ်များအပြင် ပြည်ပခရီးစဉ် အနေနှင့် ယိုးဒယားနိုင်ငံသို့လည်းကောင်း၊ သက်တော် ကိုးဆယ့်လေးနှစ်တွင် လေးမျက်နှာမြို့၊ ဟင်္သာတ၊ ပုသိမ်၊ မအူပင်၊ ညောင်တုန်း စသည့် မြို့များသို့ လည်းကောင်း ကြွရောက်၍ သာသနာပြုလုပ်ငန်းများကို ဆောင်ရွက်တော်မူသည်။

သက်တော်ကိုးဆယ့်ခုနစ်နှစ်တွင် စင်္ကာပူနိုင်ငံနှင့် သက်တော်ကိုးဆယ့်ကိုးတွင် အမေရိကန်နိုင်ငံသို့ ပြည်ပသာသနာပြုခရီးကို ကြွရောက်တော်မူသည်။ ထိုသို့ကြွရောက်တော်မူရာ အရပ်တိုင်း၌ သိမ်သမုတ်ခြင်း၊ သာမဏေများအား သရဏဂုံဆရာ၊ ဥပဇ္ဈာယ်ဆရာ အဖြစ်ချီးမြှောက်ခြင်း၊ ဒုလ္လဘသာမဏေကြီးများအား ဥပသမ္ပဒကံဆောင်၍ ရဟန်းအဖြစ်သို့ ရောက်အောင် ချီးမြှင့်ခြင်း၊ ဘုရားအနေကဇာတင်ခြင်း၊ စသည့် သာသနာပြန့်ပွားရေးကိစ္စများ ဆောင်ရွက်တော်မူသည်။

သာသနာအကျိုးကို ဆောင်ရွက်ရင်း နိုင်ငံတော်အစိုးရက ချီးမြှင့်ခဲ့သော အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို သက်တော် ခြောက်ဆယ့်ရှစ်နှစ်တွင်လည်းကောင်း၊ အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ကို သက်တော်ရှစ်ဆယ့်ခြောက်နှစ်တွင် လည်းကောင်း၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဟူသော အမြင့်ဆုံးဘွဲ့ကို သက်တော်တစ်ရာပြည့်နှစ်တွင် လည်းကောင်း ရရှိခဲ့သည်။

ထို့ပြင် သာသနာတော်လုံးဆိုင်ရာ ရွှေကျင်ဂိုဏ်းကြီး၏ ဂိုဏ်းလုံးဆိုင်ရာ ဝန်ဆောင်နာယကနှင့် ရွှေကျင်နိကာယ၏ ဥပဥက္ကဋ္ဌမဟာနာယကတွဲဖက် ရွှေကျင်သာသနာပိုင်အဖြစ်လည်းကောင်း၊ ရွှေဟသ်ာဝံသသံဃမဟာနာယက အဓိပတိနှင့် ဒွါဒသမမြောက် ရွှေကျင်သာသနာပိုင်အဖြစ်လည်းကောင်း သာသနာတာဝန်များကို ထမ်းဆောင်ခဲ့သည်။ ဆရာတော်ဘုရားကြီးသည် ပျံလွန်တော်မမူခင်အချိန်ထိ ဘဒ္ဒန္တပဏ္ဍိတသီရိ ဟူသော အမည်ဖြင့် ကျမ်းဂန်အရာ၌ လိမ္မာကျွမ်းကျင်သော ပါရဂူမြောက်ဆရာတော်တစ်ပါးဟု ထင်ရှားကျော်ကြားခဲ့သည့်အပြင် ရွှေကျင်ဂိုဏ်းဝင် သာသနာသမိုင်း၌ တံဆိပ်တော်သုံးတန် လက်ခံရရှိတော်မူပြီး ရွှေကျင်ဂိုဏ်းတွင် ပထမဦးဆုံး သက်တော်ရှည်ဆရာတော်တစ်ပါးလည်း ဖြစ်သည်။ ထိုသို့ သာသနာအကျိုးကို သယ်ပိုးဆောင်ရွက်ရင်း သက်တော် ၁၀၂ နှစ်၊ ဝါတော် ၈၂ ဝါ အရ ၉ ရက်၊ အောက်တိုဘာ ၁၉၉၅ ခုနှစ်တွင် ဥတုကမ္မဇ ချုပ်ငြိမ်းခဲ့သည်။ ။

# နောက်ဆက်တွဲ-၁

ရွှေဟင်္သာဆရာတော်ကြီးပြုစုခဲ့သောကျမ်းများ -

| | |
|---|---|
| ၁။ အာစေရဝဏ္ဏနာပျို့ | ၁၉၁၈ ခုနှစ် |
| ၂။ ဟိစပနနိပါတတ္ထဒီပနီကျမ်း | ၁၉၂၂ ခုနှစ် |
| ၃။ ဥပုသ်သည်လက်စွဲ | ၈ မတ် ၁၉၂၅ |
| ၄။ ဘုန်းတော်ဖွင့် ထေရုပ္ပတ္တိ | ၂၂ နိုဝင်ဘာ ၁၉၂၅ |
| ၅။ မြန်မာအလင်္ကာကျမ်း | ၅ ဒီဇင်ဘာ ၁၉၂၈ |
| ၆။ ပဌမထွဋ်ခေါင်ဆရာတော် ဘုရားကြီးအကြောင်း | ၃၀ မေ ၁၉၃၁ |
| ၇။ စာဏကျနီတိပါဠိ - မြန်မာ | ၁၉ ဖေဖော်ဝါရီ ၁၉၃၄ |
| ၈။ ပဒေသာဆုံးမစာ | ၂၉ ဇွန် ၁၉၄၃ |
| ၉။ မေတ္တာသုတ်မြန်မာဋီကာ | ၂၆ ဇွန် ၁၉၄၆ |
| ၁၀။ ရှေ့သွားမင်္ဂလာ | ၁၉ ဧပြီ ၁၉၄၆ |
| ၁၁။ မင်္ဂလသုတ်လက်စွဲ | ၁၆ နိုဝင်ဘာ ၁၉၅၀ |
| ၁၂။ ပရာဘဝသုတ်မြန်မာဋီကာ | ၇ စက်တင်ဘာ ၁၉၅၁ |
| ၁၃။ ရွှေဟင်္သာတောရသမိုင်း | ၁၉ နိုဝင်ဘာ ၁၉၅၄ |
| ၁၄။ ဂရုဓမ္မဝတ္ထု | ၅ ဇန်နဝါရီ ၁၉၅၅ |
| ၁၅။ ညောင်ရွှေခရီးသွားမှတ်တမ်း | ၁၉၅၆ |
| ၁၆။ ဝိနယမဟာဝဂ္ဂမြန်မာပြန် | ၁ စက်တင်ဘာ ၁၉၆၀ |
| ၁၇။ ရွှေကျင်နိကာယသာသနာဝင် (အကျယ်) | ၅ ဇူလိုင် ၁၉၆၃ |
| ၁၈။ ရွှေကျင်နိကာယသာသနာဝင် (အကျဉ်း) | ၂၈ ဇန်နဝါရီ ၁၉၆၄ |
| ၁၉။ ယုဝေါဝါဒဆုံးမစာ | ၁၃၂၆ |
| ၂၀။ ဒိဋ္ဌေဒိဋ္ဌမတ္တံတရားစာ | ၁၄ နိုဝင်ဘာ ၁၉၆၈ |
| ၂၁။ ကာယာနုပဿနာကျမ်း | ၈ ဇန်နဝါရီ ၁၉၇၁ |
| ၂၂။ စံကျောင်းဆရာတော်ကျမ်းစာများ | ၃ အောက်တိုဘာ ၁၉၇၁ |

| | |
|---|---|
| ၂၃။ သာသနာရေးတရားတော် | ၂၃ မတ် ၁၉၇၃ |
| ၂၄။ အမတဂါမိနီတရားတော် | ၁၆ စက်တင်ဘာ ၁၉၇၃ |
| ၂၅။ ခန္ဓသုတ်မြန်မာဋီကာကျမ်း | ၁၃ နိုဝင်ဘာ ၁၉၇၃ |
| ၂၆။ ဝေဒနာနုပဿနာ | ၇ ဩဂုတ် ၁၉၇၄ |
| ၂၇။ ညောင်တုန်းမြို့။ ထင်ရှားကျော်ကြားခြင်း(၂)ရပ် | ၁၉၇၅ |
| ၂၈။ ရွှေကျင်ဗိမာန်တော်သမိုင်း | ၁၀ ဧပြီ ၁၉၇၆ |
| ၂၉။ လှူမင်းနတ်မင်းဦးညွတ်ခြင်း | ၃ ဇန်နဝါရီ ၁၉၇၈ |
| ၃၀။ ရွှေဟင်္သာဆရာတော်ဘုရားကြီး၏ အတ္ထုပ္ပတ္တိအကျဉ်း | ၂၃ စက်တင်ဘာ ၁၉၇၈ |
| ၃၁။ စိတ္တာနုပဿနာကျမ်း | ၂၄ ဇွန် ၁၉၈၁ |
| ၃၂။ ပဌမရွှေကျင်ဆရာတော်ဘုရားကြီး၏ ဗိမာန်တော်သမိုင်း | ၂၄ ဇူလိုင် ၁၉၈၁ |
| ၃၃။ ဓမ္မာနုပဿနာသတိပဋ္ဌာန်တရားတော် | ၂၄ မေ ၁၉၈၄ |
| ၃၄။ ဗုဒ္ဓဂယာသို့ဘုရားဖူးခရီးသွားမှတ်တမ်း | ၁၇ ဒီဇင်ဘာ ၁၉၈၄ |
| ၃၅။ အိန္ဒိယနိုင်ငံမဟာဗောဓိသို့ ဘုရားရှိခိုး ဂါထာတော် | ၁၇ ဒီဇင်ဘာ ၁၉၈၄ |
| ၃၆။ ၁၃၄၈ ခုနှစ်ခရီးသွားမှတ်တမ်း | ၅ ဧပြီ ၁၉၈၇ |
| ၃၇။ လေးမျက်နှာမြို့သို့သွားသော ခရီးသွားမှတ်တမ်း | ၉ မတ် ၁၉၈၈ |
| ၃၈။ စင်္ကာပူခရီးသွားမှတ်တမ်း | ၉ ဖေဖော်ဝါရီ ၁၉၉၀ |
| ၃၉။ အမေရိကန်ခရီးသွားမှတ်တမ်း | ၁၀ အောက်တိုဘာ ၁၉၉၂ |

၄၀။ ရွှေဟင်္သာဆရာတော်၏ဩဝါဒကထာများ

၄၁။ အဘိဓဇဆရာတော်ဘုရားကြီး၏ဩဝါဒကထာ

၄၂။ ရွှေဟင်္သာတိုက်သစ်ကျောင်းတိုက်ဥပဒေ

၄၃။ သိမ်အောင်စာတမ်း

၄၄။ အရှင်ပဏ္ဍိတထေရ်၊ ရွှေဟင်္သာတိုက်သစ် ရွှေဟင်္သာဆရာတော် ဘုရားကြီး အရှင်ပဏ္ဍိတထေရ် စီရင်အပ်သော မဟာသတိပဋ္ဌာန် တရားတော် (ရန်ကုန်၊ ရွှေစင်ပုံနှိပ်တိုက်၊ ၁၉၉၃)

## နောက်ဆက်တွဲ - ၂

၁။ စစ်ကိုင်းတောင်ရိုး၊ ရွှေဟင်္သာတိုက်သစ်ဆရာတော် အရှင်ပဏ္ဍိတ ထေရ် လွန်တော်မူလျှင် ရုပ်နီးရုပ်ဝေးက လာနိုင်အောင် (၇) ရက် ထားရမည်။

၂။ သင်္ဂြိုလ်ရန် ကိစ္စအားလုံးကို စစ်ကိုင်းတောင်ရိုး ရွှေကျင်ဂိုဏ်းသို့ အပ်ရမည်။

၃။ သင်္ဂြိုလ်သောနေ့၌ မရှိသောဂုဏ်ပုဒ်များနှင့် ချီးကျူးဖတ်ကြားခြင်း ရွတ်ဆိုခြင်း မပြုကြရ။

၄။ ရိုးရိုးအတ္ထုပ္ပတ္တိအကျဉ်းမျှကိုသာ ဖတ်လိုကဖတ်ကြားရန်။

၅။ သီလရှင်နှင့် မာတုဂါမများကို လုံးဝရွတ်ဆိုခွင့်မပြုရ။

၆။ နေ့စဉ် ညဘက်၌ တရားပွဲသာကျင်းပရန်။

၇။ သံဃာနှင့် သီလရှင်များ၏ အကူအညီကိုလက်မခံရ။

၈။ ရွှေကျင်ဂိုဏ်း အစဉ်အလာရိုးရိုး သင်္ဂြိုလ်နည်းမှလွဲ၍ ခမ်းနားကြီး ကျယ်စွာ ငွေကုန် လူပန်းခံပြီးမပြုလုပ်ရ။

၉။ အရိုးများကို ပြာကျအောင် သင်္ဂြိုလ်၍ ပြာများကို ဧရာဝတီမြစ်ထဲသို့ မျှောလိုက်ရမည်။

၁၀။ သက်ဆိုင်ရာ ဒါယကာ၊ ဒါယိကာမများက အလိုအလျောက် လှူဒါန်းသောဝတ္ထု ပိုခဲ့သော် ပိဋကကျောင်းဆောက်၍ ရွှေဟင်္သာ ဆရာတော်၏ ပိဋကစာအုပ်များ၊ ရေးသားရိုက်နှိပ်ပြီးစာအုပ်များ၊ လက်ရေးမူစာများ၊ မှတ်စုမှတ်ရာ အထွေထွေများ၊ အထွေထွေ လက်ရေးစာမူများ၊ မိတ္တူစာမူ စသည်တို့ကို ထိုပိဋကကျောင်း၌ စနစ်တကျ အများကြည့်ရှုနိုင်စေရန် ကောင်းစွာ သိမ်းဆည်းထား ရမည်။

၁၁။ ရွှေဟင်္သာဆရာတော်သည် လေးသစ်တပါး စာရွက်ငယ်ဖြင့်သော် လည်း ရေးသားမှတ်သားလေ့ရှိသည် ဖြစ်၍ ဆရာတော်နေသော

ကျောင်းရှိ စားပွဲ၊ ဗီရို၊ သေတ္တာ စသည်တို့၌ တွေ့ရှိသမျှ စာရွက်စာတမ်းတို့ကို မပျောက်မပျက်အောင် စုဆောင်းသိမ်းဆည်း၍ ပိဋကတိုက်၌ အသေးအဖွဲ့ သန့်သန့်ထားရမည်။

၁၂။ ဓိနာလင်္ကာရတိုက်ကျောင်း ဗီရိုအားလုံး၊ သိမ်တိုက်အထပ်ထပ် ဗီရိုအားလုံး၊ ဓမ္မလင်္ကာရတိုက်ရှိ ဗီရိုနှင့် သေတ္တာတို့၌လည်း ဆရာတော်၏စာအုပ်စာတန်းများ လက်ရေးစာများ၊ မှတ်စုမှတ်ရာများကို ရှာဖွေစုဆောင်း၍ ပိဋကကျောင်း၌ သဘောတူရာတူရာပေါင်း၍ သိမ်းဆည်းထားရန်။

၁၃။ ဆရာတော်သုံးသော ဖောင်တိန်တို့ကိုလည်း အမှတ်တရ ပိဋကတိုက်၌ပင် မှန်ဗီရိုနှင့်သိမ်းဆည်း၍ စာတန်းထိုးထားရန်၊ ဆရာတော်၏အတ္ထုပ္ပတ္တိအကျဉ်းကိုလည်း ကျောက်စာရေး၍ ပိဋကကျောင်း၌ ထားရန်။

မြန်မာ့အလင်းသတင်းစာ ၁၁၊ ၁၀၊ ၁၉၉၅။

# ကျမ်းကိုးစာရင်း


၁။ ဓမ္မပဒဝတ္ထု — ပထမတွဲ (ရန်ကုန်၊ သာသနာရေးဦးစီးဌာနပုံနှိပ်တိုက်၊ ၁၉၉၃)

၂။ နန္ဒမာလာဘိဝံသ — ရွှေဟင်္သာဆရာတော်ဘဝနှင့် စာပေအထွေထွေ၊ ပထမအကြိမ်၊ (ရန်ကုန်၊ စာပေပေါင်းကူးပုံနှိပ်တိုက်၊ ၁၉၈၀)

၃။ ပဏ္ဍိတ၊ ဦး — ဥပုသ်သည်လက်စွဲကျမ်း၊ (ရန်ကုန်၊ ဟံသာဝတီပိဋကတ်ပုံနှိပ်တိုက်၊ ၁၉၅၄)

၄။ ပဏ္ဍိတထေရ်၊ အရှင် — ၇၅နှစ်မြောက်အထိမ်းအမှတ် ရွှေဟင်္သာတောရ သမိုင်း၊ ပထမအကြိမ် (ရန်ကုန်၊ သင့်ဘဝပုံနှိပ်တိုက်၊ ၁၉၇၆)

၅။ ပဏ္ဍိတထေရ်၊ အရှင် — ပရာဘဝသုတ် မြန်မာဋီကာကျမ်း (ရန်ကုန်၊ ဟံသာဝတီပိဋကတ်ပုံနှိပ်တိုက်၊ ၁၉၅၄)

၆။ ပဏ္ဍိတထေရ်၊ အရှင် — ဗုဒ္ဓဂယာသို့ ဘုရားဖူးခရီးသွားမှတ်တမ်း ပထမအကြိမ် (ရန်ကုန်၊ စာပေပေါင်းကူးပုံနှိပ်တိုက်၊ ၁၉၈၅)

၇။ ပဏ္ဍိတထေရ်၊ အရှင် — မင်္ဂလသုတ်လက်စွဲ၊ နဝမအကြိမ် (ရန်ကုန်၊ အောင်မိတ်ဆက်စာပုံနှိပ်တိုက်၊ ၁၉၇၀)

၈။ ပဏ္ဍိတထေရ်၊ အရှင် — ရေ့သွားမင်္ဂလာ၊ တတိယအကြိမ် (ရန်ကုန်၊ စာပေပေါင်းကူးပုံနှိပ်တိုက်၊ ၁၉၈၈)

၉။ ပဏ္ဍိတထေရ်၊ အရှင် — ရွှေကျင်နိကာယသာသနာဝင် (ရန်ကုန်၊ ပြည်ထောင်စုမြန်မာနိုင်ငံ ဗုဒ္ဓသာသနာ

အဖွဲ့ပုံနှိပ်တိုက်၊ ၁၉၆၃)

၁၀။ ပဏ္ဍိတထေရ်၊ အရှင် — ရွှေကျင်နိကာယ သာသနာဝင်အကျဉ်းနှင့် ရွှေကျင်ဆရာတော်ဘုရားကြီး၏ ဩဝါဒကထာများ (ရန်ကုန်၊ ဘိုးရာဇာပုံနှိပ်တိုက်၊ ၁၉၈၈)

၁၁။ ပဏ္ဍိတထေရ်၊ အရှင် — ရွှေဟင်္သာဆရာတော်ဘုရားကြီး ကာယာနုပဿနာတရားတော် (ရန်ကုန်၊ စာပေပေါင်းကူးပုံနှိပ်တိုက်၊ ၁၉၉၀)

၁၂။ ပဏ္ဍိတထေရ်၊ အရှင် — ရွှေဟင်္သာဆရာတော်ဘုရားကြီး စက်ဘုခရီးသွားမှတ်တမ်း၊ ပထမအကြိမ်(ရန်ကုန်၊ သုခဝတီစာပုံနှိပ်တိုက်၊ ၁၉၈၇)

၁၃။ ပဏ္ဍိတထေရ်၊ အရှင် — ရွှေဟင်္သာဆရာတော်ဘုရားကြီး၏ ၁၃၄၈ ခုနှစ် ခရီးသွားမှတ်တမ်း၊ ပထမအကြိမ် (ရန်ကုန်၊ စာပေပေါင်းကူးပုံနှိပ်တိုက်၊ ၁၉၈၇)

၁၄။ ပဏ္ဍိတထေရ်၊ အရှင် — ရွှေဟင်္သာဆရာတော်ဘုရားကြီး အတ္ထုပ္ပတ္တိအကျဉ်းနှင့် ပဒေသာဆုံးမစာများ၊ လူ့မင်းနတ်မင်း ဦးညွှတ်ခြင်း၊ ဒုတိယအကြိမ် (ရန်ကုန်၊ သာသနာရေးဦးစီးဌာနပုံနှိပ်တိုက်၊ ၁၉၇၉)

၁၅။ ပဏ္ဍိတထေရ်၊ အရှင် — ရွှေဟင်္သာဆရာတော်ယုဝေါဝါဒဆုံးမစာ (ရန်ကုန်၊ ဟံသာဝတီစာပုံနှိပ်တိုက်၊ ၁၉၆၄)

၁၆။ ပဏ္ဍိတထေရ်၊ အရှင် — ရွှေဟင်္သာဆရာတော် အမတဂါမိနီတရားတော်၊ ပထမအကြိမ် (ရန်ကုန်၊ ဟံသာဝတီပိဋကတ်ပုံနှိပ်တိုက်၊ ၁၉၇၄)

၁၇။ ပဏ္ဍိတထေရ်၊ အရှင် — ရွှေဟင်္သာဆရာတော်၏ စိတ္တာနုပဿနာကျမ်းနှင့် အသား ၁၂ မျိုးစာတမ်း (ရန်ကုန်၊ သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၊ ၁၉၈၁)

၁၈။ ပဏ္ဍိတထေရ်၊ အရှင် — ရွှေဟင်္သာဆရာတော်၏ မြန်မာအလင်္ကာကျမ်း၊ ပထမအကြိမ် (ရန်ကုန်၊ သင့်ဘဝပုံနှိပ်တိုက်၊ ၁၉၇၅)

၁၉။ ပဏ္ဍိတထေရ်၊ အရှင် — ရွှေဟင်္သာဆရာတော်၏ ဝေဒနာနုပဿနာ၊ ပထမအကြိမ် (ရန်ကုန်၊ အောင်ရဝိန်ပုံနှိပ်တိုက်၊ ၁၉၇၅)

၂၀။ ပဏ္ဍိတထေရ်၊ အရှင် — ရွှေဟင်္သာတောရတိုက်သစ် အရှင်ပဏ္ဍိတထေရ် သက္ကတဘာသာမှ ပါဠိ-မြန်မာ ပြန်ဆိုအပ်သော စာဏကျနီတိ (ပါဠိ - မြန်မာ) (ရန်ကုန်၊ ဟံသာဝတီပိဋကတ်ပုံနှိပ်တိုက်၊ ၁၉၉၅)

၂၁။ ပဏ္ဍိတထေရ်၊ အရှင် — ရွှေဟင်္သာတိုက်သစ်ဆရာတော်ကြီး အရှင်ပဏ္ဍိတထေရ်၏ ဝိနယမဟာဝဂ္ဂ ပါဠိတော် (မြန်မာပြန်)၊ ပထမအကြိမ် (ရန်ကုန်၊ နေလင်းပိဋကတ်ပုံနှိပ်တိုက်၊ ၁၉၇၈)

၂၂။ ပဏ္ဍိတထေရ်၊ အရှင် — ရွှေဟင်္သာတောရတိုက်သစ်ဆရာတော် အရှင်ပဏ္ဍိတထေရ် စီရင်ရေးသားအပ်သော ဓမ္မာနုပဿနာ သတိပဋ္ဌာန်တရားတော်၊ (ရန်ကုန်၊ သာသနာရေး ဦးစီးဌာန ပုံနှိပ်တိုက်၊ ၁၉၈၄)

၂၃။ ပဏ္ဍိတထေရ်၊ အရှင် — ရွှေဟင်္သာတိုက်သစ် ရွှေဟင်္သာဆရာတော်ဘုရားကြီးစီရင်အပ်သော ငါးပါးသီလအကျိုးပြ ဂရုဓမ္မဝတ္ထု (ရန်ကုန်၊ စာပေပေါင်းကူးပုံနှိပ်တိုက်၊ ၁၉၈၇)

၂၄။ ပဏ္ဍိတထေရ်၊ အရှင် — ရွှေဟင်္သာတိုက်သစ် ရွှေဟင်္သာဆရာတော်ဘုရားကြီးအရှင်ပဏ္ဍိတထေရ် စီရင်အပ်သော မဟာသတိပဋ္ဌာန်တရားတော် (ရန်ကုန်၊ စာပေပေါင်းကူး ပုံနှိပ်

တိုက်၊ ၁၉၉၃)

၂၅။ ဘွဲ့တံဆိပ်တော်ရဆရာတော်အရှင်မြတ်တို့၏ထေရုပ္ပတ္တိများ (ရန်ကုန်၊ သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၊ ၁၉၇၉)

၂၆။ ရွှေဟသ်ာဆရာတော် ရွှေဟသ်ာဆရာတော်ဘုရားကြီး၏ လေးမျက်နှာမြို့သို့သွားသောခရီးသွားမှတ်တမ်း၊ ပထမအကြိမ် (ရန်ကုန်၊ စာပေပေါင်းကူး ပုံနှိပ်တိုက်၊၁၉၈၉)

၂၇။ ရွှေဟသ်ာဆရာတော် ရွှေဟသ်ာဆရာတော်ဘုရားကြီး၏ သာသနာရေးတရားတော်နှင့်ပဒေသာ ဆုံးမစာများ၊ ဒုတိယအကြိမ်၊ (ရန်ကုန်၊ စာပေလောကပုံနှိပ်တိုက်၊ ၁၉၈၃)

၂၈။ ရွှေဟသ်ာဆရာတော် ရွှေဟသ်ာဆရာတော်ရေးသော ပထမထွဋ်ခေါင်ဆရာတော်ဘုရားကြီးအကြောင်း (ရန်ကုန်၊ စာပေပေါင်းကူးပုံနှိပ်တိုက်၊ ၁၉၇၈)

၂၉။ ရွှေဟသ်ာဆရာတော် အမေရိကန်ခရီးသွားမှတ်တမ်း၊ ပထမအကြိမ် (ရန်ကုန်၊ ရွှေစင်ပုံနှိပ်တိုက်၊ ၁၉၉၃)

၃၀။ လွင်ရည်၊ မောင် နီတိကြေးမုံနှင့်လောကနီတိ၊ ပထမအကြိမ် (ရန်ကုန်၊ ချိုလင်းပြာပုံနှိပ်တိုက်၊ ၁၉၉၂)

၃၁။ အင်္ဂလိပ် - မြန်မာနှစ်တစ်ရာပြက္ခဒိန်၊ (၁၈၉၃ - ၁၉၉၃ထိ)၊ ၁၂ကြိမ်မြောက် (ရန်ကုန်၊ ပညာအလင်းပြစာပေ၊ ၁၉၉၃)

၃၂။ အဘိဓဇမဟာရဋ္ဌဂုရုရွှေဟသ်ာဆရာတော်ဘုရားကြီး ဩဝါဒကထာ၊ ပထမအကြိမ် (ရန်ကုန်၊ မျိုးညွန့်ပုံနှိပ်တိုက်၊ ၁၉၈၂) စာစောင်နှင့်မဂ္ဂဇင်းများ

၁။ ဂရုဏာမဂ္ဂဇင်း၊ အတွဲ ၅၊ ဇူလိုင်

၁၉၉၇
၂။ ညောင်တုန်းမြို့ရွှေဟင်္သာတောရ ကျောင်းတိုက်၏ ၇၅နှစ်မြောက်စာစောင် ၁၉၇၅
၃။ ဘဒ္ဒန္တရာဇိန္ဒာဘိဝံသ ဆရာတော်ဘုရားကြီးအား ချီးကျူးပူဇော်သည့် အဂ္ဂမဟာပဏ္ဍိတဂုဏာပူဇာမင်္ဂလာသဘင်နှင့် (သိမ်တော်ကြီးနှင့်ဆွမ်းစာကျောင်းတော်ကြီးများ ရေစက်ချပွဲမင်္ဂလာသဘင်) မှတ်တမ်းစာစောင်၊ ဒီဇင်ဘာ ၁၉၉၃
၄။ ရွှေကျင်နိကာယသာသနာပိုင် ရွှေဟင်္သာဆရာတော်ဘုရားကြီး၏ သက်တော်ရာပြည့်ပူဇော်ပွဲစာစောင်၊ ဒီဇင်ဘာ၊ ၁၉၉၃
၅။ ရွှေဟင်္သာတိုက်သစ်ကျောင်းတိုက် နှစ် ၅၀မြောက် ရွှေရတုအထိမ်းအမှတ်စာစောင်၊ နိုဝင်ဘာ၊ ၁၉၈၆

## သတင်းစာများ

| | | |
|---|---|---|
| ၁။ | မြန်မာ့အလင်းသတင်းစာ | ၁၀ · ၁၀ · ၁၉၉၅ |
| | ။ | ၁၁ · ၁၀ · ၁၉၉၅ |
| | ။ | ၁၄ · ၁၀ · ၁၉၉၅ |
| | ။ | ၁၅ · ၁၀ · ၁၉၉၅ |

## တွေ့ဆုံမေးမြန်းသည့် ပုဂ္ဂိုလ်များ

| | အမည် | တွေ့ဆုံသည့်နေ့ |
|---|---|---|
| ၁။ | ဦးရာဇိန္ဒာဘိဝံသ | ၁ · ၂ · ၁၉၉၇ |
| ၂။ | ဦးဉာဏသိရိ | ၅ · ၇ · ၁၉၉၇ |
| ၃။ | ဦးမြင့်ကြိုင် | ၁၉ · ၈ · ၁၉၉၇ |

| | | |
|---|---|---|
| ၄။ | ဗိုလ်မှူးခင်မောင်ထွေး | ၇· ၉· ၁၉၉၇ |
| ၅။ | ဗိုလ်ချုပ်သန်းညွန့် | ၉· ၉· ၁၉၉၇ |
| ၆။ | ဒေါ်ချိုချိုလှိုင် | ၂၇·၁၁· ၁၉၉၇ |
| ၇။ | ဦးပညာသီရိ | ၂၄· ၄· ၁၉၉၈ |
| ၈။ | ဒေါ်ခင်သန်းနှစ် | ၂၃· ၅· ၁၉၉၈ |
| ၉။ | ဓမ္မာစရိယဦးအေးနိုင် | ၃၀· ၆· ၁၉၉၈ |

**ဒေါက်တာထားထားနွယ် ရေးသားသည့်**
**ဒေါက်တာဘွဲ့ယူကျမ်းစာ**

ရွှေဟင်္သာဆရာတော်ဘုရားကြီး၏ သာသနာရေးဆိုင်ရာ
ထေရုပ္ပတ္တိကျမ်း

# နိဒါန်း

မြန်မာနိုင်ငံသာသနာ့သမိုင်း၌ ရွှေဟင်္သာတောရသည် အလွန်ထင်ရှားလှသည်။ မြန်မာပြည်အောက်ပိုင်း ညောင်တုန်းမြို့၌ တည်ရှိနေသော်လည်း မြန်မာတစ်ခွင်၌သာမက ကမ္ဘာ၌ပါ ပျံ့နှံ့ကျော်ကြားလှသည်။ ယင်းကျောင်းတိုက်ကြီး၏ ကျောင်းတိုက်ခွဲများလည်း မြောက်မြားစွာ ရှိပါသည်။ ယင်းတို့အနက် စစ်ကိုင်းမြို့၊ ရွှေဟင်္သာတိုက်သစ်သည်လည်း တစ်ခုအပါအဝင် ဖြစ်ပါသည်။ ရွှေဟင်္သာသည် ပါဠိစာပေ၌ သုဝဏ္ဏဟံသဟုခေါ်သည်။ အလွန်လှပပြီး အရှိန်အဟုန်ပြင်းစွာ ပျံသန်းနိုင်လျက် ခရီးဝေးဝေးသို့ ရောက်စွမ်းနိုင်သောဟင်္သာကို ဆိုလိုပါသည်။

ပါဠိစာပေ၌ သောယထာ ဟရိတဟံသတမ္ဗဟံသခီရဟံသသကာဠ ဟံသပါကဟံသသုဝဏ္ဏဟံသေသု ယွာယံ သုဝဏ္ဏဟံသော၊ တဿ ဟံသဿ ဇဝေန သောဠသိမ္ပိ ကလံ န ဥပေတိ။ သုဝဏ္ဏဟံသော ဟိ မုဟုတ္တကေန ယောဇနသဟဿမ္ပိ ဂစ္ဆတိ။ (သုတ္တနိ၊ ဋ္ဌ၊ ၁၊ ၂၆၂) ဟင်္သာကို အရောင်အမျိုးမျိုးကို လိုက်၍ ခြောက်မျိုးတွေ့ရှိရသည်။ ယင်းတို့မှာ -

၁။ ဟရိတ ဟံသ = အစိမ်းရောင်ရှိသောဟင်္သာ၊
၂။ တမ္ဗ ဟံသ = ကြေးနီရောင်ရှိသောဟင်္သာ၊
၃။ ခီရ ဟံသ = နို့ရည်ရောင်ရှိသောဟင်္သာ၊
၄။ ကာဠ ဟံသ = မဲသောရောင်ရှိသောဟင်္သာ၊
၅။ ပါက ဟံသ = ပယင်းရောင်ရှိသောဟင်္သာ၊
၆။ သုဝဏ္ဏ ဟံသ = ရွှေရောင်ရှိသောဟင်္သာတို့ ဖြစ်ပါသည်။

ယင်းဟင်္သာတို့တွင် ရွှေဟင်္သာသည် တစ်ခဏမျှဖြင့် ယူဇနာတစ်ထောင်အထိ ပျံသန်းနိုင်သည်။ အခြားသောဟင်္သာများကား ရွှေဟင်္သာ၏ တစ်ဆယ့်ခြောက်ပုံပုံ တစ်ပုံမျှပင် မပျံသန်းနိုင်ဟု ဆိုပါသည်။ ထို့ကြောင့် ဟင်္သာဟုပြောလျှင် လှပ၍ အစွမ်းအထက်ဆုံးဖြစ်သော ရွှေဟင်္သာကိုသာ

မြန်မာတို့က တမြတ်တနိုး ပြောဆိုလေ့ရှိကြပါသည်။ ရွှေဟင်္သာဆရာတော် အရှင်ပဏ္ဍိတသည် ညောင်တုန်းမြို့ရှိ ရွှေဟင်္သာတောရကို ဂုဏ်ပြုလိုသော ကြောင့် လည်းကောင်း၊ ပါဠိစာပေ၌ အစွမ်းထက်ဆုံးဖြစ်သော သုဝဏ္ဏဟံသ ရွှေဟင်္သာ၏စွမ်းရည်ကို အတုယူလိုသောကြောင့်လည်းကောင်း၊ မိမိ ကျောင်းတိုက် တည်ထောင်သောအခါ ရွှေဟင်္သာဟု မှည့်ခေါ်ထားခြင်း ဖြစ်ဟန်တူပါသည်။

စစ်ကိုင်းတောင်ရိုးသည် မြန်မာပြည် ပရိယတ္တိသာသနာနယ်ပယ်၌ အစုအဝေးပမာဏ ကြီးမားသောကြောင့် အလွန်ထင်ရှားသောတောင်ရိုး ဖြစ်သည်။ ကမ္ဘာဦးကစ၍ အိမ်ရာတည်ထောင် လူ့ဘောင်ပျော်ကြသည့် လူပုဂ္ဂိုလ်တို့၏နေရာမဟုတ်၊ အိမ်ရာမထောင်သော ရသေ့ရဟန်းတို့၏ နေရာဌာနသာဖြစ်ကြောင်း တောင်ဖီလာဆရာတော်က မိန့်ဆိုတော်မူသည်။ ထို့ကြောင့် ဘုရားသာသနာ ကွယ်ပရာအခါ၌ ရသေ့ယောဂီတို့ နေထိုင်ရာ ဖြစ်ပြီး သာသနာရောင်တောက်ပြောင် ထိန်ဝင်းလင်းလက်ရာအခါ၌ သာသနာ့ဝန်ထမ်း ရဟန်းသာမဏေ၊ ဥပါသကာ၊ ဥပါသိကာတို့တရားဖြင့် မွေ့လျော် ပျော်ရွှင်ချမ်းမြေ့ နေထိုင်ရာဌာနမွန် ဖြစ်ပါသည်။

'စစ်ကိုင်းတောင် ဗျိုင်းတောင်လိုဖြူသလေး' ဟု ကမ္ပည်း ထိုးရသည်အထိ စေတီပုထိုးများ ကြည်ညိုဖွယ်တည်ထားသော တောင်တန်း ကြီးဖြစ်ပါသည်။ ပုညရှင်စေတီ၊ ပတ္တမြားစေတီ စသည်တို့သည် စစ်ကိုင်း တောင်၌ အလွန်ထင်ရှားသော စေတီတော်များ ဖြစ်ပါသည်။

စစ်ကိုင်းတောင်သည် သာသနာ့အာဇာနည်များ ပေါ်ထွန်းရာဒေသ လည်း ဖြစ်သည်။ မဏိသာရမဥ္ဇူသာဋီကာ၊ ဇာတက ဝိသောဓနီစသော ကျမ်းများကို ပြုစုခဲ့သည့် အရှင်အရိယဝံသမဟာထေရ်သည်လည်း စစ်ကိုင်း တောင်၌ ကျမ်းများစွာကို ပြုစုခဲ့ရသည့် စာပေတတ်မြောက်သည့် ထင်ရှားသောမထေရ်မြတ် ဖြစ်သည်။

ယင်းဆရာတော်သည် ကျမ်းပြုစုရာ၌ မိမိ၏မာန်မာနများကို ချိုးနှိမ်မှု၌ အလွန်ထင်ရှားသည်။ ရှေးဆရာတော်၏ မိန့်ဆိုတိုက်တွန်း ချက်အရ မဏိမဥ္ဇူသာဋီကာကျမ်းကိုပြုစု၍ ဥပုသ်နေ့များ၌ ပုညရှင် စေတီရင်ပြင်ဝယ် သံဃာထုအား ဖတ်ပြရသည်။ ပုဂံရဟန်းတော်၏အမှား (၂)ချက် ထောက်ပြမှုကို နူးနူးညွတ်ညွတ်ခံယူကာ ဉာဏ်ပညာကိုပူဇော်

သောအားဖြင့် ဒုကုဋ်သက်န်းကြီးကို ပုဂံရဟန်းတို့အား ပူဇော်ခဲ့သည်။ ယင်းဖြစ်ရပ်တို့ကို ကြည့်ခြင်းအားဖြင့် အရှင်အရိယဝံသ၏ ဉာဏ်ပညာ ထက်မြက်မှု၊ ဆရာ့စကားလိုက်နာမှု၊ မာန်မာနကင်းရှင်းမှုဂုဏ်ရည်များ ယနေ့တိုင်ပေါ်လွင်နေခြင်းပင် ဖြစ်ပါသည်။

"အရှင်ဘုရား တောကြီးထဲ အဖော်မမှီး တစ်ကိုယ်တော်တည်း နေရတာ မကြောက်ဘူးလား"

ဟု ရှင်မုနိန္ဒဃောသက မေးလျှောက်ရာ -

"ကြောက်လို့ပင် တစ်ယောက်တည်း နေပါ၏"

ဟု ရွှေဥမင်ဆရာတော်က ဖြေကြားတော်မူသည်။

"ငါ့မှာ သံသရာဘေးမကြောက်သဖြင့် တစ်ယောက်တည်းမနေရာ ရောက်နေပါပြီကော" ဟု ရှင်မုနိန္ဒဃောသ တွေးတောစဉ်းစားကာ သတိ သံဝေဂရသွားသည်။

ရွှေဥမင်ဆရာတော်၏ ဝိနည်းနိဿယကို တောင်းယူကြည့်ရှုပြီး မိမိရေးသောနိဿယက ကျယ်လွန်းသည်။ ရွှေဥမင်ဆရာတော်နိဿယကား စာချ၊ စာသင်နှင့် သင့်လျော်သည်။ မိမိနိဿယကို ဌာပနာ၍ ဘုရား တည်စေမည်ဟု နှလုံးသွင်းတော်မူသည်။ အရှင်မုနိန္ဒဃောသသည် စစ်ကိုင်းသို့ပြန်ရောက်သောအခါ မိမိရေးထားသော ဝိနည်းနိဿယကို ဘုရားရှေ့၌ မီးတင်ရှို့ပူဇော်သည်။ တောထွက်၍ တရားကျင့်သောကြောင့် တောင်ဖီလာဆရာတော်ဟု ကျော်ကြားတော်မူသည်။

တောင်ဖီလာဆရာတော်သည် အသက် ၁၅ နှစ်သားအရွယ်တွင် ဝေဿန္တရာမျိုးကို ရေးသားခဲ့သည်။ ထို့ကြောင့် သာမဏေကျော်ဟု ထင်ရှားသည်။ ရဟန်းအဖြစ်သို့ရောက်၍ စာပေတတ်မြောက်ပြီး ပြည်မြို့၌ တပည့်ရဟန်းသာမဏေတို့အား စာဝါများ ပို့ချပေးခဲ့သည်။ စာချ ကောင်းသောကြောင့် ထင်ရှားကျော်ကြားပြီး၊ ပြည်ပဋ္ဌင်းကျော်ဟု ထင်ရှား ပြန်သည်။

သာလွန်မင်းတရားကြီးသည် အင်းဝရွှေနန်းကိုသိမ်းယူခဲ့ပြီး ပြည် မြို့မှ ရဟန်းရှင်လူတို့ကို ခေါ်ဆောင်ခဲ့သည်။ ယင်းရဟန်းရှင် လူတို့တွင် တောင်ဖီလာဆရာတော်လျောင်းလျာ ရှင်မုနိန္ဒဃောသလည်း ပါဝင်သည်။ အင်းဝနေပြည်တော်သို့ ရောက်ရှိလာသောအခါ (ပြည်မြို့ကို သိမ်းယူရာ၌

ရှင်တစ်ဆူလူတစ်ယောက်သာရသည်)ဟု မင်းတရားက အမိန့်ရှိသည်။ ရှင်တစ်ဆူဆိုသည်မှာ တောင်ဖီလာဆရာတော်လောင်းလျာ ရှင်မုနိန္ဒဃောသ ဖြစ်၍၊ လူတစ်ယောက်ဆိုသည်မှာ အရှင့်ကျေးဇူးကိုအထူးသိတတ်သူ (၁၃)နှစ်သား ငထင်ငယ် ဖြစ်ပါသည်။ ထိုစဉ်က ရှင်မုနိန္ဒဃောသမှာ ဉာဏ်မီးတောက်စ သက်တော် (၃၀)မျှသာ ရှိသေးသည်။

အနောက်ဘက်လွန်မင်းတရားသည် ရှင်မုနိန္ဒဃောသ၏ စာပေကျမ်းဂန်အရပ်ရပ်သို့၌ တစ်ဘက်ကမ်းခတ် တတ်မြောက်သည့်ဂုဏ်၊ သီလသမာဓိဂုဏ်တို့ကို ကြည်ညိုလှသဖြင့် (တိပိဋကာလင်္ကာရ)ဘွဲ့တံဆိပ်တော် ဆက်ကပ်ပူဇော်သည်။ ထိုအချိန်မှစ၍ တိပိဋကာလင်္ကာရအရှင်မုနိန္ဒဃောသ ထေရ်ဟု ကျော်ကြားသည်။

အနောက်ဘက်လွန်မင်းတရားနောက် သာလွန်မင်းတရားလက်ထက်တွင်လည်း ရှင်မုနိန္ဒဃောသ၏ သီလ၊ သမာဓိ၊ ပညာဂုဏ်တို့ကြောင့် (မဟာတိပိဋကာလင်္ကာရ) ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းပူဇော်ပြန်သည်။ ထို့ကြောင့် တောင်ဖီလာဆရာတော်သည် အနောက်ဘက်လွန်မင်းတရားလှူဒါန်းသည့် (တိပိဋကာလင်္ကာရဘွဲ့တံဆိပ်တော်)နှင့် သာလွန်မင်းတရားလှူဒါန်းသည့် (မဟာတိပိဋကာလင်္ကာရဘွဲ့တံဆိပ်တော်) နှစ်ထပ်ရမဟာထေရ်မြတ် ဖြစ်သည်။

တောင်ဖီလာဆရာတော်သည် ယသဝဍ္ဍနဝတ္ထု၊ ဝိနယာ လင်္ကာရဋီကာ စသောကျမ်းပေါင်းမြောက်မြားစွာကို ပြုစုတော်မူခဲ့သည်။ တောင်ဖီလာဆရာတော်သည် သက်တော် (၇၃)နှစ်၊ ဝါတော် (၅၄)ဝါရှိ သက္ကရာဇ် ၁၀၁၃-ခုနှစ်တွင် ပျံလွန်တော်မူခဲ့သည်။ ဆရာတော်ပျံလွန်သွားသော်လည်း ပြုစုခဲ့သော ယသဝဍ္ဍနဝတ္ထု၊ ဝိနယာလင်္ကာရဋီကာစသော ကျမ်းများက ယနေ့တိုင် ရှင်သန်တွင်ကျယ်လျက်ရှိသည်။

မြတ်စွာဘုရား ဟောကြားတော်မူခဲ့သော တရားတော်တို့တွင် လူဝတ်ကြောင်တို့နှင့် အပွန်းတီးဆုံး အထိအတွေ့အများဆုံးမှာ ပရိတ်တရားတော်များ ဖြစ်သည်ကို တွေ့ရှိရသည်။ ယင်းပရိတ်တရားတော်များကို တစ်စုတစ်စည်းတည်း စုဆောင်း၍ အဖွင့်ဋီကာအဖြစ် ရေးသားပြုစုခဲ့သူမှာ တိလောကာလင်္ကာရဘွဲ့ တံဆိပ်တော်ရ အရှင်တေဇောဒီပပင် ဖြစ်ပါသည်။

အရှင်တေဇောဒီပသည် မြန်မာသက္ကရာဇ် ၉၁၆ ခုနှစ်တွင် ရွှေဘို ခရိုင် ဒီပဲယင်းမြို့နယ်၊ ကံဖျားရွာ၌ ဖွားမြင်တော်မူသည်။ အရှင်မြတ်သည် ငယ်ရွယ်စဉ်မှစ၍ စင်ကြယ်သည့်အကျင့်သီလနှင့် အထူးသဖြင့် ပြည့်စုံတော် မူသည်။ အဋ္ဌကထာ၊ ဋီကာ၊ အနုဋီကာနှင့်တကွ မြတ်စွာဘုရား တရားတော် ပိဋကတ်သုံးပုံကို သင်ကြားတတ်မြောက်တော်မူသည်။

ရခိုင်မှ လာရောက်မေးမြန်းသည့် စာပေဆိုင်ရာ အမေးပြဿနာ များကို ၉၆၅-ခုနှစ်၊ သာမဏေဘဝကပင် ဖြေဆိုနိုင်၍ အင်းဝသာမဏေ ကျော်ဟု ထင်ရှားလေသည်။ ပရိသတ်ဋီကာကျမ်းကို ရဟန်း (၅)ဝါအရ ၉၇၁-ခုနှစ်ကပင် ပြုစုတော်မူခဲ့သည်။ ထို့ကြောင့် အနောက်ဘက်လွန် မင်းကြီးက တိလောကာလင်္ကာရဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်း သည်။

တိလောကာလင်္ကာရဆရာတော်သည် တိပိဋကာလင်္ကာရ ဆရာတော်၊ တိသာသနာလင်္ကာရဆရာတော်တို့နှင့်အတူ ဟံသာဝတီသို့ ကြွ၍ စာပေကျမ်းဂန်တို့ကို ပို့ချရသည်။ ကျမ်းဂန်တတ်မွန်ဆရာတော် များနှင့် ဆွေးနွေးရသည်။ ဉာဏ်စမ်းမေးမြန်းဖြေဆိုကြရသည်။

မွန်ဆရာတော်တို့က မြန်မာရဟန်းတော်များ ပိဋကတ်၊ ဗေဒင် စာပေကျမ်းဂန်တတ်ကြောင်း၊ ဉာဏ်ပညာကြီးကျယ်ကြောင်း ချီးမွမ်းပြောဆို ကြသည်။ ထို့ကြောင့် စစ်ကိုင်းတောင်မှ သာသနာ့အာဇာနည် မဟာထေရ် များခေတ်အဆက်ဆက်တွင် ပေါ်ယွန်းတော်မူခဲ့ကြသည်။ စစ်ကိုင်းတောင်မှ ခေတ်အဆက်ဆက် ပေါ်ထွန်းလာသော ဆရာတော်များအကြောင်း ပြည့် ပြည့်စုံစုံကို စစ်ကိုင်းသာသနာဝင်ကျမ်းတွင် အသေးစိတ်လေ့လာနိုင်ပါ သည်။

စစ်ကိုင်းတောင်၌ ရွှေဟင်္သာတိုက်သစ် စတင်တည်ထောင်သူသည် အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ ရွှေဟင်္သာဝံသ သံဃမဟာနာယကာဓိပတိဘွဲ့တံဆိပ်ပိုင်ရှင် ရွှေဟင်္သာ ဆရာတော်အရှင်ပဏ္ဍိတပင် ဖြစ်ပါသည်။ ယင်းကျောင်းတိုက်ကို ၁၂၉၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၁၀)ရက်နေ့တွင် ကျောင်းတိုက်ပန္နက်၊ သိမ် ပန္နက်ချ၍ စတင်တည်ဆောက်ခဲ့သည်။ အကျယ်ဧရိယာမှာ (၁၂)ဧကနှင့် ဒသမ ၆၀ ရှိပါသည်။ ရွှေကျင်နိကာယ ထိပ်သီးဆရာတော်ကြီးများ

ကိုယ်တိုင် သိမ်သမုတ်တော်မူကြခြင်းဖြင့် ထိုနယ်မြေ၌ သာသနာ့အုတ်မြစ်ကို စတင်ချတော်မူခဲ့ကြသည်။

ရွှေကျင်ဆရာတော်အရှင်ဇာဂရသည် ရွှေဘိုမြို့တောင်ဘက် လှတောကြီး ငါးရွာအဝင်အပါ ရွှေကျင်အမည်ရှိသောရွာ၌ အဖ ဦးမောင် အမိဒေါ်မိတို့မှ သက္ကရာဇ် ၁၃၈၄ ခု၊ ပထမဝါဆိုလပြည့်ကျော် ၁၃ ရက် အင်္ဂါနေ့တွင် ဖွားမြင်တော်မူခဲ့သည်။ အသက် ၁၄ နှစ်အရွယ်တွင် ရှင်သာမဏေပြု၍ ရှင်ဇာဂရဟုခေါ်သည်။ ပညာတတ်မြောက်၍ အသက် အရွယ်ရလာသောအခါ မန္တလေးမြို့တော်သို့ ကြွရောက် သီတင်းသုံးတော်မူသည်။

မင်းတုန်းမင်းတရားက ''မြို့တော်၌သာ သဘောအတိုင်း သီတင်းသုံးတော်မူပါ။ ရွှေကျင်ဆရာတော်ကို သာသနာပိုင်ဆရာတော်နှင့် သုဓမ္မာက အဆင့်အခေါ်မရှိပါစေနှင့်'' ဟု လျှောက်ထားကာ သုဓမ္မာလက်အောက်ခံ အဖြစ်မှ ကင်းလွတ်စေတော်မူခဲ့သည်။ ယင်းအချိန်မှစ၍ မန္တလေးတွင် ရွှေကျင်ဂိုဏ်းဟု သီးခြားပေါ်လာသည်။

ပထမရွှေကျင်ဆရာတော်ကြီး၏ တပည့်အဆက်ဆက်ကိုလည်း ရွှေကျင်ဂိုဏ်းသားများဟုပင် အစဉ်အဆက် ခေါ်ဝေါ်ခဲ့ကြပါသည်။

ရွှေဟင်္သာဆရာတော်သည် ရွှေကျင်ဂိုဏ်းဝင်ဆရာတော်ဖြစ်ပြီး (၁၂) ဆက်မြောက် ရွှေကျင်သာသနာပိုင်ဆရာတော်လည်း ဖြစ်သည်။ ညောင်တုန်းမြို့ ရွှေဟင်္သာတောရ၏ သားကောင်းဇာနည်လည်း ဖြစ်သည်။ ညောင်တုန်းမြို့ ရွှေဟင်္သာတောရကို ၁၂၆၂ ခုနှစ် တပေါင်းလဆန်း (၁၂)ရက် သောကြာနေ့တွင် စတင်တည်ထောင်ရန် ဘုန်းတော်ကြီး ဦးသီလ၊ ရွှေကျင်ဆရာတော်အမှူးရှိသော သံဃာတော် (၅၅)ပါးတို့ ညောင်တုန်းမြို့သို့ သင်္ဘောဖြင့် ကြွရောက်တော်မူလာကြသည်။

ဥတုရာသီမျှညီသာယာလှသည့် တပေါင်းလပြည့်နေ့တွင် ကျောင်းဦးကျောင်းထိပ်မြေကွက်၌ 'သီလဝိသောဓနီသိမ်တော်ကြီး' ကို အောင်မြင်စွာ သမုတ်တော်မူကြသည်။ တစ်ပြိုင်တည်းပင် 'သီရိမဟာမင်္ဂလာရာမ' ဟု ကမ္ပည်းတင်ကာ ကျောင်းတိုက်ကြီးကိုလည်း တည်ထောင်ဖွင့်လှစ်တော်မူကြသည်။ ရှေးက ဟင်္သာများကျရောက် ကျက်စားဖူးသည့်နေရာဖြစ်သော ကြောင့် 'ရွှေဟင်္သာတောရ' ဟုလည်း ခေါ်တွင်စေကြသည်။ ကျောင်း

တိုက်မြေအကျယ်အဝန်းမှာ (၂၂)ကေနှင့် ဒသမ(၇၅) ရှိသည်။ ယင်းကျောင်းတိုက်ကို ဘုန်းတော်ကြီးဦးသီလအား ရေစကြ်သွန်းချကာ ညောင်တုန်းမြို့မှ သာသနာပြု ဒါယကာ၊ ဒါယိကာမများက လှူဒါန်းကြသည်။

ဘုန်းတော်ကြီးဦးသီလက ရန်ကုန်မြို့ ကျောင်းတော်ရာရွှေကျင်ဆရာတော်အား ပရိယတ္တိစာသင်တိုက်ကြီးတစ်တိုက်ဖြစ်အောင် ဆောင်ရွက်ရန်တိုက်တွန်းပြီးအပ်နှံတော်မူသည်။ ကျောင်းတော်ရာရွှေကျင်ဆရာတော်သည် ရွှေဟင်္သာတောရတိုက်ကို လက်ခံကာ ဦးဝါယမ (စံကျောင်းဆရာတော်)၊ ဦးကလျာဏ (တိုက်အုပ်ဆရာတော်) တပည့်ကြီးနှစ်ပါး၏ အကူအညီဖြင့် စာသင်တိုက်အဖြစ် တည်ထောင် ဖွင့်လှစ်တော်မူသည်။ ရွှေဟင်္သာဆရာတော်အရှင်ပဏ္ဍိတသည် ညောင်တုန်းမြို့ ရွှေဟင်္သာတောရကျောင်းတိုက်ကြီးသို့ ၁၂၇၄-ခုနှစ်၊ နယုန်လဆန်း ၁၀ ရက်နေ့တွင် ကိုရင်ဘဝအဖြစ်ဖြင့် ရောက်ရှိခိုလှုံခဲ့ရသည်။ ဆရာတော်၏ဘဝကို ရွှေဟင်္သာတောရကျောင်းတိုက်ကြီးက မြှင့်တင်ပေးခဲ့သည်။

ညောင်တုန်းမြို့ ရွှေဟင်္သာတောရသည် စံကျောင်းဆရာတော်ရှင်ဝါယမ ရေးသားပြုစုခဲ့သော အလင်္ကာနိဿယသစ်စသောကျမ်းများကြောင့် အလွန်ထင်ရှားတော်မူခဲ့သည်။ ထိုနည်းတူပင် စစ်ကိုင်းတောင်ရိုးသက်တော်ရှည် ရွှေဟင်္သာဆရာတော်ရှင်ပဏ္ဍိတ ရေးသားခဲ့သော ရွှေကျင်နိကာယ သာသနာဝင်ကျမ်း၊ မဟာသတိပဋ္ဌာန်၊ မြန်မာအလင်္ကာကျမ်းစသည်တို့ကြောင့် အထူးထင်ရှားလှသည်။ ယင်းဆရာတော်များသည် ရွှေဟင်္သာ၏ဂုဏ်ရောင်များကို ထွန်းပြောင်စေကြသူများ ဖြစ်ကြပါသည်။ ယင်းဆရာတော်တို့၏ ဂုဏ်ကျေးဇူးကြောင့် ညောင်တုန်းရွှေဟင်္သာတောရနှင့် စစ်ကိုင်းရွှေဟင်္သာတိုက်သစ်တို့သည် အထူးထင်ရှားလှသည်။ ၎င်းတိုက်တို့မှပေါ်ထွန်းလာသော ရှင်ရဟန်းတို့သည်လည်း ပညာရှိသူတော်ကောင်း ကျမ်းပြုပုဂ္ဂိုလ်များအဖြစ် အများက သတ်မှတ်ကြလေ့ရှိပါသည်။

ပါဠိစာပေ၌ ယင်းသဘာဝများကို အောက်ပါအတိုင်း ဖော်ကျူးပြထားပါသည် -

ကောဋ္ဌေ ကုလေ ဇာတံ ပဏ္ဍိတမနုဿံ၊

ကောဋ္ဌေ ဝါ ဝိဟာရေ၊

ဧကံ ဗဟုဿုတဘိက္ခုံ ဥပါဒါယ၊
''အသုကကုလေ မနုဿာ ပဏ္ဍိတာ၊
အသုကဝိဟာရေ ဘိက္ခူ ဗဟုဿုတာ''
တိ သဒ္ဒေါ အဗ္ဘုဂ္ဂစ္ဆတိ။

''အမျိုးအနွယ်တစ်ခု၌ ပညာရှိသူလူတစ်ယောက် ကျောင်းတိုက်တစ်တိုက်၌ ဗဟုသုတများသူ ရဟန်းတစ်ပါးကို အစွဲပြု၍ ထိုအမျိုးအနွယ်ရှိလူတို့သည် ပညာရှိကြသည်။ ထိုကျောင်းတိုက်ရှိ ရှင်ရဟန်းတို့သည် ဗဟုသုတ ရှိကြသည်ဟူသော ကျော်စောသံ ပျံ့နှံ့ကျော်ကြားသည်''

လောက၌အမျိုးအနွယ် နေရာဌာနများအမျိုးမျိုး ရှိကြပါသည်။ ပညာရှိ သူတော်ကောင်းတစ်ဦးကြောင့် ထိုအမျိုးအနွယ်နှင့်နေရာဌာနများ မြင့်မြတ်၍ ကျော်ကြားထင်ရှားလာရပါသည်။ ယင်းပညာရှိ သူတော်ကောင်းသည် အမျိုးအနွယ်တိုင်း၊ နေရာဌာနတိုင်း မရရှိနိုင်ပါ။

သေလေ သေလေ မဏိတံ၊
ဂဇေ ဂဇေ န မုတ္တိတံ။
ဝနေ ဝနေ န စန္ဒနံ၊
ဌာနေ ဌာနေ န ပဏ္ဍိတံ။

''တောင်တောင်ဟူသမျှ၌ ပတ္တမြားမရှိ၊ ဆင်ဆင်ဟူသမျှ၌ အမြုတေမရှိ၊ တောတောဟူသမျှ၌ စန္ဒကူးမရှိ။ အရပ်တိုင်း အရပ်တိုင်း၌ ပညာရှိမရှိ'' ဟု လောကနီတိ၌ စတုရင်္ဂဗလအမတ်က မိန့်ဆိုထားသည်။

ရွှေဟင်္သာဆရာတော်ဟူသော ပညာရှိသူတော်ကောင်းကား နေရာတိုင်း မရနိုင်။ ထူးကဲသောနေရာ၌သာ ရရှိနိုင်ပါသည်။ ယင်းဆရာတော်ကြောင့် ရွှေဟင်္သာအနွယ်အပွားများ တပည့်ဒါယိကာ၊ ဒါယိကာမများ အထက်တန်းကျကျ မျက်နှာပန်းလှလှဖြင့် ဘဝကိုပိုင်ဆိုင်သွားကြသည်။ ချမ်းသာကြွယ်ဝသွားကြသည်။

ဒုလ္လဘော ပုရိသာဇညော၊
န သော သဗ္ဗတ္ထ ဇာယတိ။
ယတ္ထ သော ဇာယတိ ဓီရော၊
တံ ကုလံ သုခမေဓတိ။

"ယောက်ျားအာဇာနည်ပုဂ္ဂိုလ်မျိုးသည် ဖြစ်ထွန်းပေါ်ပေါက်နိုင်ခဲ၏။ ထိုယောက်ျား အာဇာနည်ပုဂ္ဂိုလ်မျိုးသည် ခပ်သိမ်းသောအရပ်ဒေသ၊ ခပ်သိမ်းသောအမျိုးအနွယ်တို့၌ မဖြစ်ထွန်းနိုင်၊ ပညာရှိသောအာဇာနည်ယောက်ျားမျိုးသည် အကြင်အမျိုးအနွယ်၌ ဖြစ်၏။ ထိုအမျိုးအနွယ်သည် ချမ်းသာခြင်းသို့ရောက်၏" ဟု မြတ်စွာဘုရားက ဓမ္မပဒပါဠိတော်၌ ဟောကြားတော်မူထားပါသည်။

လောက၌ အာဇာနည်ပုဂ္ဂိုလ်သည် လွန်စွာရခဲလှသည်။ မြတ်စွာဘုရားတည်းဟူသော အာဇာနည်ပုဂ္ဂိုလ် ပေါ်ပေါက်လာသောကြောင့် လောကသည် ချမ်းသာခြင်းသို့ ရောက်ရသည်။ ထိုအကြောင်းကို မြတ်စွာဘုရားကိုယ်တိုင် မိန့်မှာတော်မူထားသည်။

ဧကပုဂ္ဂလော ဘိက္ခဝေ လောကေ ဥပ္ပဇ္ဇမာနော ဥပ္ပဇ္ဇတိ ဗဟုဇနဟိတာယ ဗဟုဇနသုခါယ လောကာနုကမ္ပာယ အတ္ထာယ ဟိတာယ သုခါယ ဒေဝမနုဿာနံ။ ကတမော ဧကပုဂ္ဂလော။ တထာဂတော အရဟံ သမ္မာ သမ္ဗုဒ္ဓေါ၊ အယံ ခေါ ဘိက္ခဝေ ဧကပုဂ္ဂလော လောကေ ဥပ္ပဇ္ဇမာနော ဥပ္ပဇ္ဇတိ ဗဟုဇနဟိတာယ ဗဟုဇန သုခါယ လောကာနုကမ္ပာယ အတ္ထာယ ဟိတာယ သုခါယ ဒေဝမနုဿာနန္တိ။

ရဟန်းတို့ တစ်ဦးတည်းသောပုဂ္ဂိုလ်သည် လောက၌ ဖြစ်ပေါ်သည်ရှိသော် လူအများ၏ အစီးအပွားဖြစ်ခြင်းငှာ လူအများ၏ ချမ်းသာခြင်းငှာ သတ္တလောကကို အစဉ်သနားခြင်းငှာ နတ်လူတို့၏အကျိုးဖြစ်ခြင်းငှာ အစီးအပွားဖြစ်ခြင်းငှာ ချမ်းသာခြင်းငှာ ဖြစ်၏။

"တစ်ဦးတည်းသော ပုဂ္ဂိုလ်သည် အဘယ်နည်းဟူမူ - ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသောတရားတို့ကို) ကိုယ်တိုင်မှန်စွာသိတော်မူသော မြတ်စွာဘုရားတည်း။ ရဟန်းတို့ ဤတစ်ဦးတည်းသောပုဂ္ဂိုလ်သည် လောက၌ ဖြစ်ပေါ်သည်ရှိသော် လူအများ၏ အစီးအပွားဖြစ်ခြင်းငှာ၊ လူအများ၏ ချမ်းသာခြင်းငှာ၊ သတ္တလောကကို အစဉ်သနားခြင်းငှာ နတ်လူတို့၏ အကျိုးဖြစ်ခြင်းငှာ၊ အစီးအပွားဖြစ်ခြင်းငှာ ချမ်းသာခြင်းငှာ ဖြစ်၏" ဟု ဖော်ပြထားပါသည်။

မြတ်စွာဘုရားသည် ပါရမီဖြည့်စဉ်ကရော ပါရမီပြည့်ပြီး ဘုရားဖြစ်ကာ ပရိနိဗ္ဗာန်စံချိန်အထိ လောကကောင်းကျိုးကို သယ်ပိုးတော်မူခဲ့

ပါသည်။ ယင်းသို့ သယ်ပိုးခဲ့သောကြောင့် လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါတို့၏ ဆရာတစ်ဆူဖြစ်ကာ ပူဇော်အထူးကို ခံယူထိုက်ခြင်း ဖြစ်ပါသည်။ လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါတို့သည်လည်း မြတ်စွာဘုရားညွှန်ကြားချက်ကို လိုက်နာကြရ၍ မြတ်စွာဘုရားတည်းဟူသော အာဇာနည်ကို ဆည်းကပ်ခွင့် ရသောကြောင့် ချမ်းသာကြရခြင်း ဖြစ်ပါသည်။

မြတ်စွာဘုရား၏ တပည့်သာဝကတို့သည်လည်း ထူးကဲမြင့်မြတ်သော အာဇာနည်များ ဖြစ်ပါသည်။ မြတ်စွာဘုရားသည် ပါရမီများ ပြည့်စုံအောင် ဖြည့်ဆည်းခဲ့ခြင်း၊ လောကကောင်းကျိုးကို သယ်ပိုးခဲ့ခြင်းကြောင့် ကမ္ဘာလောက၌ ထင်ရှားကျော်ကြားဘိသကဲ့သို့ မြတ်စွာဘုရား၏တပည့်၊ သာသနာ့အာဇာနည် ပုဂ္ဂိုလ်တို့သည်လည်း မြတ်စွာဘုရား ညွှန်ကြားချက်အတိုင်းဆောင်ရွက်ကြ၍ လောကကောင်းကျိုးကို သယ်ပိုးကြသောကြောင့် ထင်ရှားကျော်ကြားကြခြင်း ဖြစ်ပါသည်။

မြတ်စွာဘုရား၏ တပည့်သား သာဝကတို့တွင် စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာတိုက်သစ်ဆရာတော် သက်တော်ရှည် ရှင်ပဏ္ဍိတသည်လည်း တစ်ပါးအပါအဝင် ဖြစ်ပါသည်။

ရွှေဟင်္သာဆရာတော်သည် သာသနာ့သမိုင်း၌ အလွန်ထင်ရှားသော မဟာထေရ်မြတ်ဖြစ်သည်။ 'ပုဂ္ဂလဝိသေသော ဇာနိတဗ္ဗော' ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ကို သိသင့်သိထိုက်သည်ဆိုသည့်အတိုင်း ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ဖြစ်သည့် ရွှေဟင်္သာဆရာတော်ဘုရားကြီး၏အကြောင်းကိုလည်း သိသင့်သိထိုက်ပါသည်။ ထို့ကြောင့် ရွှေဟင်္သာဆရာတော်၏ ဘဝနှင့် စာပေကျမ်းကို လေ့လာပြုစုရခြင်း ဖြစ်ပါသည်။

ဤကျမ်း၌ အခန်း-၄ ခန်းခွဲ၍ တင်ပြထားပါသည်။ အခန်း-၁ တွင် ရွှေဟင်္သာဆရာတော်၏ ဘဝဖြစ်စဉ်ကို ဖော်ပြထားသည်။ ရွှေဟင်္သာဆရာတော်သည် ဧရာဝတီတိုင်း၊ ဟင်္သာတမြို့နယ်၊ လေးမျက်နှာမြို့၌ ၁၂၅၅-ခု နတ်တော်လဆန်း (၇)ရက်နေ့တွင် ဦးကျောက်စိမ်း၊ ဒေါ်ရွှေသော့တို့မှ မွေးဖွားခဲ့သော ယောကျ်ားမြတ်ဖြစ်သည်။ ၁၃၅၇ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် (၁)ရက် တနင်္လာနေ့ ညနေ ၄ နာရီ ၃၀ မိနစ်အချိန် သက်တော် ၁၀၁-နှစ်၊ ၇-လ၊ ၄-ရက် ရှိစဉ် ပျံလွန်တော်မူခဲ့သည်။ ယင်းဘဝဖြစ်စဉ်ကို အခန်း-၁၌ ပြည့်ပြည့်စုံစုံ ဖော်ပြထားပါသည်။

အခန်း-၂ တွင် ဆရာတော်ဘုရားကြီး ဘဝတစ်လျှောက် သာသနာရေးဆောင်ရွက်ချက်များကို ဖော်ပြထားပါသည်။ ယင်းသို့ဖော်ပြရာ၌ -

၁။ ပရိယတ္တိသာသနာပြန့်ပွားအောင် ဆောင်ရွက်ခြင်း၊

၂။ ပဋိပတ္တိသာသနာပြန့်ပွားအောင် ဆောင်ရွက်ခြင်း၊

၃။ ရွှေကျင်ဂိုဏ်းအကျိုးစီးပွားတိုးတက်အောင် ဆောင်ရွက်ခြင်း၊

၄။ သံဃာအတွင်း ဆောင်ရွက်ခြင်း၊

၅။ ဒါယကာ၊ ဒါယိကာမများအတွင်း ဆောင်ရွက်ခြင်းဟု အခန်း ၅ ခန်းခွဲ၍ ကျယ်ကျယ်ပြန့်ပြန့် လေ့လာကာ တင်ပြထားပါသည်။ ယင်းအခန်းကို သေချာစွာလေ့လာကြည့်လျှင် ဆရာတော်သည် 'နေ့ပရိယတ် ညပဋိပတ်' ကျင့်စဉ်အတိုင်း သာသနာ့တာဝန်နှစ်ရပ်ကို ပြည့်စုံအောင် စွမ်းဆောင်တော်မူခဲ့သော မဟာထေရ်မြတ်တစ်ပါးဖြစ်ကြောင်း သိရပါသည်။

အခန်း-၃ တွင် ဆရာတော်ပြုစုခဲ့သောကျမ်းများအကြောင်းကို လေ့လာတင်ပြထားပါသည်။ စာတတ်တိုင်း ကျမ်းပြုပုဂ္ဂိုလ်မဖြစ်။ မိမိနားလည်ထားသည့် အကြောင်းအရာတစ်မျိုးမျိုးကို သူတစ်ပါးနားလည်အောင် ရေးသားနိုင်မှုမှာ လွယ်ကူသောအလုပ်မဟုတ်။ ပြင်းပြင်းထန်ထန်လေ့ကျင့်ယူရသည့် ပညာရပ်မျိုး ဖြစ်သည်။ စာတစ်စောင်ပေတစ်ဖွဲ့ဖြစ်အောင် ပြုစုလိုလျှင် ဝါသနာ၊ လုံ့လ၊ စွမ်းရည် သုံးချက် ညီရပါသည်။ စာရေးဝါသနာပါရုံနှင့် စာတစ်စောင် ပေတစ်ဖွဲ့ ဖြစ်မလာနိုင်။ ဝါသနာအလျောက် ကြိုးစားခြင်း၊ ရေးသားလိုသည့်အကြောင်းရပ်ကို တတ်မြောက်မှုစွမ်းရည်ရှိခြင်းတို့လည်း လိုအပ်ပါသည်။

ရွှေဟင်္သာဆရာတော်သည် ဝါသနာ၊ လုံ့လ၊ စွမ်းရည်သုံးချက်နှင့် ပြည့်စုံညီညွတ်သောကြောင့် ကျမ်းပြုအကျော်ဆရာတော်တစ်ပါးအဖြစ် ထင်ပေါ်ကျော်ကြားခဲ့သည်။ ဆရာတော်ဘုရား ရေးသားခဲ့သည့် ကျမ်းများသည် ၄၃ ကျမ်းမျှ ပုံနှိပ်စာအုပ်အဖြစ်သို့ ရောက်ရှိခဲ့ပါသည်။ ယင်းစာအုပ်များကို သဘောတူရာ ခွဲခြားကြည့်လျှင် -

၁။ သမိုင်းနှင့် ထေရုပ္ပတ္တိများ၊

၂။ နီတိဆုံးမစာများ၊

၃။ တရားစာများ၊
၄။ အဖွင့်ကျမ်းများ၊
၅။ ဘာသာပြန်ကျမ်းများ၊
၆။ စာသင်သားသုံးကျမ်းများ၊
၇။ ခရီးသွားစာပေများ

ဟု ၇ မျိုး တွေ့ရပါသည်။ ၎င်းတို့တွင် သမိုင်းနှင့် ထေရုပ္ပတ္တိကျမ်းများသည် (၈)ကျမ်းပါရှိသည်။ ၎င်းတို့မှာ -

၁။ ဘုန်းတော်ပွင့်ထေရုပ္ပတ္တိ
၂။ ထွင့်ခေါင်ဆရာတော်အကြောင်း၊
၃။ အာစေရဝဏ္ဏနာပျို့၊
၄။ ရွှေဟင်္သာတောရသမိုင်း၊
၅။ ရွှေကျင်နိကာယသာသနာဝင်၊
၆။ စံကျောင်းဆရာတော်ဘုရား၏ ကျမ်းစာများ၊
၇။ ညောင်တုန်းမြို့၏ ထင်ရှားကျော်ကြားခြင်းနှစ်ရပ်၊
၈။ ရွှေကျင်ဗိမာန်တော်သမိုင်းတို့ ဖြစ်ပါသည်။

ရွှေဟင်္သာဆရာတော်သည် ဖော်ပြပါကျမ်းများကို ရေးရာတွင် တိကျခိုင်လုံသော သမိုင်းအချက်အလက်များနှင့် ရွှေကျင်ဂိုဏ်းပေါ်ပေါက်လာပုံကို အရင်းထားကာ ရွှေကျင်ဂိုဏ်းအတွင်း၌ ထင်ရှားကျော်ကြားသော ဆရာတော်များ ဂိုဏ်းဝန်ဆောင်ပုဂ္ဂိုလ်များ၊ ကျောင်းတိုက်များကို ပီပီပြင်ပြင်၊ ပြည့်ပြည့်စုံစုံ ရေးသားတင်ပြထားပါသည်။

သမိုင်းကျမ်းတစ်စောင်ကို ပြုစုရာတွင် တိကျခိုင်လုံသော အချက်အလက်ရရှိရန် လွန်စွာအရေးကြီးလှပါသည်။ ယင်းအချက်အလက်များကို ခွဲ၊ လုံ့လ၊ ဝီရိယကြီးစွာဖြင့် အမြဲမပြတ် ရှာဖွေစုဆောင်းထားရသည်။ သက်မဲ့ အထောက်အထားများ ရရှိအောင် စုဆောင်းရဘိသကဲ့သို့ သက်ရှိပုဂ္ဂိုလ်တို့၏အထံမှ ပြောကြားချက်များကိုလည်း ရယူထားရပါသည်။ သက်ရှိ၊ သက်မဲ့သမိုင်း အထောက်အထားများ ပြည့်စုံမှသာ သမိုင်းကျမ်းကောင်းတစ်စောင် ဖြစ်လာနိုင်ပါသည်။

ရွှေဟင်္သာဆရာတော်သည် တိကျခိုင်လုံသော သမိုင်းအထောက်အထားများ ရရှိအောင် ကြိုးစားရှာဖွေ၍ မှန်ကန်စွာသမိုင်းကျမ်းများကို

ရေးသားတော်မူခဲ့ပါသည်။ ထို့ကြောင့်ပင် ဆရာတော်၏သမိုင်းနှင့် ထေရုပ္ပတ္တိကျမ်းများကို နှောင်းလူတို့လက်စွဲပြုကာ အကိုးအကား ပြုနေကြ ရခြင်း ဖြစ်ပါသည်။ ရွှေကျင်နိကာယသမိုင်း ပုံရိပ်သည်လည်း သာသနာ့ သမိုင်း၌ ထွန်းပြောင်လာခဲ့ရပါသည်။

ရွှေဟင်္သာဆရာတော်သည် မိမိကျောင်းတိုက်သို့လာရောက်ကြသူ များအား ဆုံးမဩဝါဒပေးရာတွင် ကဗျာလင်္ကာတို့ဖြင့် မှတ်သားရ လွယ်ကူ စေရန် ဆုံးမဘိသကဲ့သို့ မိမိကျောင်းတိုက်ဘေးမှ သွားလာကြသော ပုဂ္ဂိုလ် တို့အားလည်း မိမိကျောင်းတိုက်၏ အုတ်တံတိုင်းကို ကြည့်ရှုသည့်အခါ မိမိကိုယ်တိုင်ဆုံးမ ဩဝါဒစကား ပြောကြားနေဘိသကဲ့သို့ ဖြစ်နေစေရန် အုတ်တံတိုင်းတို့၌ ဆုံးမစာ သံပေါက်အလင်္ကာများ ရေးသားထားပါသည်။

ဆရာတော်သည် တပည့်ဒါယကာ၊ ဒါယိကာမများ၊ ရှင်ရဟန်း များ၊ ယဉ်ကျေးလိမ္မာစေရန် ဆုံးမဩဝါဒပေးသည်သာမက စာအုပ်များ ရေးသားကာ ထုတ်ဝေတော်မူခဲ့ပါသည်။

ယင်းစာအုပ်များမှာ -

၁။ ပဒေသာဆုံးမစာ၊

၂။ ယုဝေါဝါဒဆုံးမစာ၊

၃။ လူမင်းနတ်မင်းဦးညွှတ်ခြင်းတို့ ဖြစ်ပါသည်။ ယင်းစာအုပ် များကိုကြည့်ခြင်းအားဖြင့် ရွှေဟင်္သာဆရာတော်၏ တပည့်ဒါယကာ၊ ဒါယိကာမ၊ ရှင်ရဟန်းတို့အပေါ်ထားရှိသော မေတ္တာကရုဏာများ ပေါ်လွင် လှပါသည်။ ရွှေဟင်္သာဆရာတော်သည် အခွင့်အခါသင့်လျော်စွာ တရား စာများလည်း ဟောပြော ရေးသားတော်မူခဲ့ပါသည်။

ယင်းကျမ်းများမှာ -

၁။ ဥပုသ်သည်လက်စွဲကျမ်း၊

၂။ ဂရုဓမ္မဝတ္ထု၊

၃။ သာသနာရေးတရားတော်၊

၄။ ဒိဋ္ဌေဒိဋ္ဌမတ္တံတရားတော်၊

၅။ အမတဂါမိနီတရားတော်တို့ ဖြစ်ပါသည်။

ယင်းတရားတော်များသည် ကြားနာရသူတို့ စိတ်နှလုံးရွှင်ပြုံး စေနိုင်၍ အသိဉာဏ်ပညာများ တိုးပွားလာသကဲ့သို့ ဖတ်ရှုသူတို့အားလည်း

ဘာသာရေး ဗဟုသုတများ ရရှိစေနိုင်ပါသည်။ ထို့ကြောင့်ပင် ရွှေဟင်္သာ ဆရာတော်၏ တရားစာအုပ်များ ယနေ့တိုင် တည်ရှိနေခြင်းပင် ဖြစ်ပါသည်။ ယင်းတရားစာအုပ်များကို ကြည့်ခြင်းအားဖြင့် ရွှေဟင်္သာဆရာတော်သည် စာအရေးအသား၌သာ ကျွမ်းကျင်လိမ္မာသည်မဟုတ် ဟောပြောမှု၌လည်း ပိုင်နိုင်လှကြောင်း ကြည်ညိုဖွယ်တွေ့ရပါသည်။

ရွှေဟင်္သာဆရာတော်သည် အဋ္ဌကထာ၊ ဋီကာကျမ်းများကို ပြုစုခဲ့သော ရှင်မဟာဗုဒ္ဓဃောသ၊ အရှင်ဓမ္မပါလ၊ အရှင်အာနန္ဒာ စသည်တို့ကို ကြည်ညိုအားကျတော်မူဟန် ရှိပါသည်။ ထိုအရှင်မြတ်များသည် မြတ်စွာဘုရားဟောတော်မူခဲ့သော ပါဠိတော်များကို နောင်းလူတို့ အလွယ်တကူ မပင်မပန်း ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်သဘောပေါက်နိုင်ရန် အဖွင့် အဋ္ဌကထာဋီကာကျမ်းများကို ပြုစုတော်မူခဲ့ကြပါသည်။

ရွှေဟင်္သာဆရာတော်သည်လည်း မြတ်စွာဘုရားဟောကြားတော်မူခဲ့သော တရားတော်များကို တပည့်ဒါယကာ၊ ဒါယိကာမ၊ ရဟန်းရှင်လူတို့ လွယ်လင့်တကူ သိရှိကြည်ညိုကျင့်ကြံနိုင်ရန် အဖွင့်ကျမ်းများ ရေးသားတော်မူခဲ့ပါသည်။ ပါဠိဘာသာနှင့် မြန်မာဘာသာဟူ၍သာ ကွဲပြား၍ ဖွင့်ဆိုရေးသားခြင်းကား အတူတူပင် ဖြစ်ပါသည်။

ရွှေဟင်္သာဆရာတော်ရေးသားခဲ့သော အဖွင့်ကျမ်းများမှာ -

၁။ မေတ္တာသုတ်မြန်မာဋီကာ၊

၂။ မင်္ဂလသုတ်လက်စွဲ၊

၃။ ပရာဘဝသုတ်မြန်မာဋီကာ၊

၄။ ခန္ဓသုတ်မြန်မာဋီကာ၊

၅။ မဟာသတိပဋ္ဌာန်တရားတော်တို့ ဖြစ်ပါသည်။

ယင်းအဖွင့်ကျမ်းများကို လေ့လာကြည့်လျှင် ဆရာတော်သည် ပါဠိဘာသာကျွမ်းကျင် နိုင်နင်း၍ မြန်မာဘာသာအရေးအသား ကျစ်လျစ်သိပ်သည်းကြောင်း တွေ့ရပါသည်။

ရွှေဟင်္သာဆရာတော်သည် ဘာသာပြန်ကျမ်းများလည်း ရေးသားတော်မူခဲ့ပါသည်။ ရေးသားရာ၌ ပါဠိဘာသာမှ မြန်မာဘာသာသို့ ပြန်ဆိုခြင်း၊ သက္ကတဘာသာမှ ပါဠိမြန်မာသို့ ပြန်ဆိုခြင်းဟု နှစ်မျိုးစလုံးကို ဆောင်ရွက်တော်မူခဲ့ပါသည်။ ဝိနယပိဋကမဟာဝဂ္ဂပါဠိတော်ကို မြန်မာ

ဘာသာသို့ ပြန်ဆိုတော်မူခြင်း၊ စာဏကျနီတိကျမ်းကို သက္ကတဘာသာမှ ပါဠိမြန်မာနှစ်ဘာသာသို့ ပြန်ဆိုခဲ့သည်။

မြတ်စွာဘုရားဟောတော်မူခဲ့သော ပိဋကတ်တော်များကို လေ့လာရာ၌ လွယ်ကူသက်သာ၍ လျင်မြန်စွာနားလည်သဘောပေါက်နိုင်ရန် အခြေခံကျမ်းများကို လေ့လာကြရပါသည်။ ယင်းကျမ်းများကို စာသင်သား သုံးကျမ်းများဟု ခေါ်ပါသည်။ စာသင်သား သုံးကျမ်းမြောက်များစွာ ရှိသည့်အနက် သဒ္ဒါဝါလင်္ကာရကျမ်းသည်လည်း တစ်စောင်အပါအဝင် ဖြစ်ပါသည်။

ပါဠိ၊ အဋ္ဌကထာ၊ ဋီကာတို့၌ ပါရှိသော ဟိ၊ စ၊ ပန နိပါတ်ပုဒ်တို့၏ အဓိပ္ပာယ်သည်လည်း သိမ်မွေ့နက်ရှိုင်း၍ ကျယ်ပြန့်လှပါသည်။ ယင်းသဘောကိုသိမြင်၍ စာသင်သားများ လွယ်ကူစွာ နားလည်သဘောပေါက်နိုင်ရန် ဟိစပနနိပါတတ္ထဒီပနီကျမ်းကိုလည်း ပြုစုတော်မူခဲ့ပါသည်။

သဒ္ဒါဓာလင်္ကာရကျမ်းကိုလည်း မြန်မာပျို့အလင်္ကာကဗျာတို့ဖြင့် တန်ဆာဆင်ကာ မြန်မာအလင်္ကာကျမ်းကို ပြုစုခဲ့ပါသည်။ စာသင်သားတို့ လွယ်ကူစွာ သင်ယူတတ်မြောက်၍ စာပေကိုလိုက်စားကြသော စာရေးသူတို့အတွက်လည်း လမ်းညွှန်မှု ဖြစ်စေပါသည်။ ယင်းကျမ်းသည် ရှင်ရဟန်းများ သုံးစွဲရရုံမျှသာမက တက္ကသိုလ်အသီးသီးတွင် မြန်မာစာဌာနတို့၌လည်း ပြဋ္ဌာန်းကျမ်းစာအဖြစ် အသုံးပြုကြရပါသည်။

ရွှေဟင်္သာဆရာတော်သည် နက်နဲသောတရားဓမ္မနှင့် ပတ်သက်သည့် စာအုပ်များ လုပ်ကိုင်ဆောင်ရွက်ရာ၌ လွယ်ကူစွာပြုလုပ်နိုင်ရန် ညွှန်ပြထားသော နီတိစာပေများ၊ ဆုံးမသြဝါဒများ ရေးသားတော်မူသည့်အပြင် ခရီးသွားစာပေများလည်း ရေးသား၍ မိမိကိုယ်တိုင်ခရီးသွားခြင်းအကြောင်းကို ရေးသားထားခြင်း ဖြစ်ပါသည်။

ဆရာတော်၏ ခရီးသွားမှတ်တမ်းများကို လေ့လာကြည့်လျှင် စကားပြေဖြင့် မှတ်တမ်းပြုထားသည်ကို တွေ့ရပါသည်။

ယင်းတို့မှာ -

၁။ ညောင်ရွှေခရီးသွားမှတ်တမ်း၊

၂။ ဗုဒ္ဓဂါယာခရီးသွားမှတ်တမ်း၊

၃။ ၁၃၄၈ ခုနှစ် ခရီးသွားမှတ်တမ်း၊

၄။ လေးမျက်နှာမြို့ခရီးသွားမှတ်တမ်း၊

၅။ စင်္ကာပူခရီးသွားမှတ်တမ်း၊

၆။ အမေရိကန်ခရီးသွားမှတ်တမ်းတို့ ဖြစ်ပါသည်။

ရွှေဟင်္သာဆရာတော်သည် ခရီးသွားစာပေမှတ်တမ်းများကို ရေးရာ၌ သမိုင်းအချက်အလက်များအပြင် ပတ်ဝန်းကျင် ရှုမျှော်ခင်းနှင့် မိမိ၏ စိတ်ခံစားမှုပါ ယှဉ်တွဲဖော်ပြထားလေ့ရှိပါသည်။ သမိုင်းအချက်အလက်ကို လိုချင်သူတို့ကလည်း သုတေသနရှုထောင့်မှ ကြည့်ရှုကာ တခုတ်တရဖတ်ရှုကြသကဲ့သို့ ရသကိုခံစားလိုသူတို့ကလည်း တမြတ်တနိုး လေ့လာကြလေ့ ရှိပါသည်။

ရွှေဟင်္သာဆရာတော်သည် ဘဝတစ်လျှောက်တွင် ပရိယတ္တိ၊ ပဋိပတ္တိသာသနာတို့ကို စွမ်းစွမ်းတမံ ထမ်းဆောင်တော်မူခဲ့သည်။ အားလပ်ချိန်တို့၌ ပိဋကတ်စာပေမှလည်းကောင်း၊ နီတိစာပေမှလည်းကောင်း၊ သက္ကတစာပေမှ လည်းကောင်း၊ မြန်မာပျို့ကဗျာလင်္ကာတို့မှလည်းကောင်း ထုတ်နုတ်၍စာပေ ကျမ်းဂန်အတန်တန်ကို ရေးတော်မူခဲ့သည်။

ရွှေဟင်္သာဆရာတော်ဘုရား ရေးသားခဲ့သော စာပေအမျိုးအစားများမှာ ၇-မျိုးမျှ ရှိပါသည်။ ကျမ်းစာအုပ်ပေါင်း (၃၁)အုပ်မျှ ရှိပါသည်။ မဟာသတိပဋ္ဌာန် ဆိုလျှင် ရှေးဦးစွာ သတိပဋ္ဌာန်တစ်ခုကို တစ်အုပ်စီရေး၍ အသီးအသီး တစ်အုပ်စီ ထုတ်ဝေခဲ့သည်။

သတိပဋ္ဌာန်လေးမျိုးရှိသောကြောင့် ၄-အုပ် ခွဲထွက်သည်။ နောက်မှသာ မဟာသတိပဋ္ဌာန်တရားတော်ဟု စုပေါင်း၍ တစ်အုပ်တည်း အဖြစ် ထုတ်ဝေပါသည်။ ထို့ကြောင့် ၃၁-ကျမ်းမျှရှိသွားခြင်း ဖြစ်ပါသည်။ ဖော်ပြပါ ၃၁-အုပ်တို့၏ အကြောင်းအရာ အပြည့်အစုံကို ဤကျမ်း၏ အခန်း ၃-တွင် ကျယ်ကျယ်ပြန့်ပြန့် လေ့လာကာ ပြည့်ပြည့်စုံစုံ ဖော်ပြထားပါသည်။

ရွှေဟင်္သာဆရာတော်၏ ဘဝနှင့်စာပေရေးသားရာတွင် ဆရာတော်ဘုရားကြီး၏ ကြည်ညိုပူဇော်ထိုက်သော ဂုဏ်ရည်များကို ဖော်ပြသည့် အခန်းလည်း ပါရှိပါသည်။

ယင်းအခန်း၌ ဆရာတော်ဘုရားကြီး၏ -

၁။ အသက်ရှည်ခြင်းဂုဏ်၊
၂။ ဘုန်းကြီးခြင်းဂုဏ်၊
၃။ အခြံအရံများခြင်းဂုဏ်၊
၄။ ကျန်းမာခြင်းဂုဏ်၊
၅။ အထိုင်အထလျင်မြန်ပေါ့ပါးခြင်းဂုဏ်၊
၆။ မျက်စိကောင်းခြင်းဂုဏ်၊
၇။ နားကောင်းခြင်းဂုဏ်၊
၈။ သွားမကျိုးခြင်းဂုဏ်၊
၉။ သတိကောင်းခြင်းဂုဏ်၊
၁၀။ အားထုတ်မှုရှိခြင်းဂုဏ်၊
၁၁။ ပညာရှိခြင်းဂုဏ်၊
၁၂။ ကြည်ညိုဖွယ်ရှိခြင်းဂုဏ်၊
၁၃။ အလိုနည်းပါးခြင်းဂုဏ်၊
၁၄။ သည်းခံခြင်းဂုဏ် ဟု အပိုင်း (၁၄) ပိုင်းခွဲ၍ ဆရာတော်၏ ဂုဏ်ရည်များကို ပြည့်ပြည့်စုံစုံ ဖော်ပြထားပါသည်။

ယင်းဂုဏ်ရည်များကို ကြည့်ခြင်းအားဖြင့် ရွှေဟင်္သာဆရာတော်သည် အခြားသော ပုဂ္ဂိုလ်များနှင့်မတူ ထူးခြား၍ အံ့သြဖွယ်ကောင်းကြောင်း သိရှိရကာ အားကျအတုယူဖွယ်ကြည်ညို၍ မဆုံးနိုင်အောင် ဖြစ်ပါသည်။ ဆရာတော်ဘုရားကြီး၏ လုပ်ဆောင်ချက် အထွေထွေသည် လူသားအားလုံးအတွက် ကောင်းကျိုးချမ်းသာကို တိုးပွားစေ၍ သာသနာတော်ကိုလည်း သန့်ရှင်းတည်တံ့ပြန့်ပွားစေတော်မူပါသည်။

ဤကျမ်း၌ ဆရာတော်ဘုရားကြီး၏ ဘဝပုံရိပ်ကို အခန်း-၄ခန်း ခွဲကာ၊ ပီပီပြင်ပြင် ပေါ်လွင်လာအောင် ရေးဖွဲ့နိုင်ရန် ကြိုးပမ်းထားပါသည်။

ဤကျမ်းတစ်ခုလုံးကို လေ့လာသုံးသပ်ကြည့်လျှင် ရွှေဟင်္သာဆရာတော်ဘုရားကြီး၏ ကြည်ညိုအားကျဖွယ်ရာ ဂုဏ်ရည်များ ဘာသာသာသနာအတွက် အားတက်ဖွယ် လမ်းညွှန်ချက်များ စသည်တို့ကို ပြည့်ပြည့်စုံစုံ တွေ့ရှိကြ၍ ကြည်ညိုအားကျကာ လုပ်ဆောင်ကြရမည် ဖြစ်ပါသည်။

ထို့ကြောင့် ရွှေဟင်္သာဆရာတော်၏ ဘဝတစ်သက်တာလုပ်ဆောင်ချက်မှန်သမျှကို ပြည့်ပြည့်ဝဝသိရှိကြည်ညိုနိုင်အောင် ဤကျမ်းက မီးမောင်းထိုးပြနိုင်မည်ဟု ယုံကြည်ယူဆပါသည်။

# အခန်း - ၁
# ထေရုပ္ပတ္တိအကျဉ်း

သက်တော်ရှည် ရွှေဟင်္သာဆရာတော်သည် စစ်ကိုင်းမြို့ ရွှေဟင်္သာတောရကျောင်းတိုက်၏ ဦးစီးပဓာန မဟာနာယက ဖြစ်တော်မူသည်။ အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ ရွှေဟင်္သာဝံသ၊ သံဃမဟာနာယကာအဓိပတိ၊ ရွှေကျင်သာသနာပိုင်စသောဘွဲ့များနှင့် ကျမ်းပြုအကျော်ဆရာတော်ဟု ကျော်ကြားသော မဟာထေရ်မြတ် ဖြစ်သည်။

ရွှေဟင်္သာဆရာတော်သည် ဧရာဝတီတိုင်း၊ ဟင်္သာတမြို့နယ်၊ လေးမျက်နှာမြို့ ဦးကျောက်စိမ်း၊ ဒေါ်ရွှေသော့တို့၏ သားသမီး ၅ ယောက်အနက် အငယ်ဆုံးသားရတနာဖြစ်သည်။ ၁၂၅၅ ခုနှစ်၊ နတ်တော်လဆန်း ၇ ရက် (၁၈၉၃-ခု၊ ဒီဇင်ဘာလ၊ ၁၄ ရက်) ကြာသပတေးနေ့ ည ၉:၃၀ နာရီအချိန်တွင် ဖွားမြင်ခဲ့သော ယောက်ျားမြတ်တစ်ဦးဖြစ်သည်။ ငယ်မည်မှာ မောင်သန်း ဖြစ်သည်။ မောင်သန်းသည် ဝေန်မြစ်ရိုးသားတို့၏ ဓလေ့အတိုင်း အမေကို 'အမ' ဟုခေါ်သည်။ အဖေ့ဖက်မှ အဘွားကို 'အမေ' ဟုခေါ်ပြီး အမေဖက်မှအဘွားကို 'အမေကြီး' ဟု ခေါ်သည်။

မောင်သန်း၏ သက်ရွယ်နုနယ်ကလေးငယ်ဘဝသည် ငြိမ်းချမ်းသာယာလှပေသည်။ ဗုဒ္ဓဘာသာတရားတော်နှင့်အညီ အကြင်နာပိုသော မေတ္တာကရုဏာကြီးမားသော ရိုးသားဖြောင့်မတ်ပြီး ပူပန်ကြောင့်ကြမှုကင်းဝေးသော ကံ ကံ၏ အကျိုးကို ယုံကြည်သဖြင့် လွတ်လပ်မှု အပြည့်အဝရှိသော ဗုဒ္ဓဘာသာဝင် မိကောင်းဖခင်တို့၏ရင်ခွင်၌ လူဖြစ်ရခြင်းမှာ ကံကောင်းလှပေသည်။

ဦးကျောက်စိမ်း၊ ဒေါ်ရွှေသော့တို့သည် မိမိတို့၏မိခင်ရှိရာ ရန်ကုန်တစ်ဘက်ကမ်း ကမာကဆစ်ရွာသို့ ၁၂၅၉ ခုနှစ်၊ တပို့တွဲလ (၁၈၉၈ ခုနှစ်၊ ဇန်နဝါရီလ သို့မဟုတ် ဖေဖော်ဝါရီလ) တွင် ပြောင်းရွှေ့လာခဲ့ကြသည်။ ၎င်းတို့သည် မိခင်ဒေါ်ဦးနှင့်အတူ လုပ်ကိုင်စားသောက်ကြသည်။

ရွှေဟင်္သာဆရာတော်၏ အလောင်းအလျာ မောင်သန်းကိုလည်း ကမာကဆစ်ရှာ အနောက်ပိုင်းရှိ 'ဦးရန်ရှင်းကျောင်း' သို့ သွားရောက်အပ်ထားကြသည်။

ထိုစဉ်က မောင်သန်းသည် (၃)နှစ်ကျော်မျှသာ ရှိသေးသည်။ သင်ပုန်းကြီးကုန်သည်အထိ မိဘများက အိမ်မှာပင်သင်ပေးကြ၍ ဦးရန်ရှင်းကျောင်း၌လည်း မင်္ဂလသုတ်မှစ၍ သင်ရသည်။ ၄င်းကျောင်း၌ တစ်လခန့်နေပြီး 'ကမာကဆစ်အနောက်ကျောင်း' ခေါ် 'ဘုန်းကြီးကျောင်း' သို့ ပြောင်းရွှေ့အပ်နှံကြပါသည်။ ယင်းကျောင်း၌ တစ်နှစ်ခန့်နေ၍ ပညာသင်ယူခဲ့သည်။

ဦးကျောက်စိမ်း၊ ဒေါ်ရွှေသော့တို့သည် 'ကမာကဆစ်' တွင် တစ်နှစ်ခန့်နေထိုင်ပြီး ရန်ကုန်မြို့ သိမ်ကြီးဈေးသို့ ပြောင်းရွှေ့နေထိုင်ကြသည်။ သိမ်ကြီးဈေးအရှေ့ထိပ်၌ ဈေးရုံနှင့်ကပ်လျက် ဘုရားဝတ်ကျောင်းနှစ်ဆောင်ရှိသည့်အနက် တစ်ဆောင်၌ မဟာမေဒင်လူကြီးများက ကျောင်းဆရာတစ်ဦးငှားပြီး မြန်မာစာသင်ကျောင်းဖွင့်ထားကြသည်။ ယင်းကျောင်း၌ မောင်သန်းသည် တစ်နှစ်နီးပါးနေ၍ ပညာသင်ခဲ့သည်။

မောင်သန်း ၆ နှစ်သားအရွယ် ပရိတ်ကြီးကုန်၍ လုံးဆင့်ပါဌ်ဆင့် ပါမကျန် စာကောင်းကောင်း ဖတ်တတ်နေပြီ ဖြစ်သည်။ ထို့ကြောင့် ပညာသင်ရန် လောကဓာတ်ကျောင်းထားရန် စီစဉ်ကြသည်။ ကျုံးကြီးလမ်း၊ စဥ့်အိုးတန်းထိပ်ရှိ အေဘီအမ် ခရစ်ယာန် ယောက်ျားကလေးကျောင်းသို့ သွားရောက်အပ်လိုက်ကြသည်။ မောင်ဘွန်းကျင်းနှင့်အတူဖြစ်သည်။

အေဘီအမ်ကျောင်း၌ မောင်ဘွန်းကျင်းမှာ အေတန်းတွင် သင်ရပြီး မောင်သန်းက ဘီတန်းတွင် သင်ရသည်။ အေတန်း၌ အတန်းပိုင်ဆရာမှာ မောင်ခင်ဆိုသူဖြစ်ပြီး၊ ဘီတန်းအတန်းပိုင်ဆရာမှာ အင်္ဂလိပ်ကပြားဆရာမလေးတစ်ဦး ဖြစ်သည်။ မောင်သန်းသည် ပထမတန်းမှစ၍ တက်ရပြီး အင်္ဂလိပ်စာ အင်ဖန်းရီဒါးကုန်အောင် သင်ခဲ့ရသည်။

ဦးကျောက်စိမ်း မကျန်းမာ၍ ရန်ကုန်မှတဆင့် ကမာကဆစ်သို့ ပြောင်းရွှေ့ရသောကြောင့် မောင်သန်းလည်း ကျောင်းထွက်လိုက်ရသည်။ ကမာကဆစ်မှာပင် မိဘများနှင့်အတူ ၂ နှစ်ခန့် နေထိုင်ရသည်။

"အာရောဂျ ပရမံ လာဘံဟူ၍လည်းကောင်း အာရောဂျမဇ္ဈေ ပရမဥ္စလာဘံ ဟူ၍လည်းကောင်း မြတ်စွာဘုရား ဟောတော်မူသည်မှာ လက်တွေ့နှင့် ကိုက်ညီ၍ မှန်ကန်လှပေသည်။ ရောဂါကင်းရှင်းကျန်းမာခြင်းသည် ကောင်းမြတ်သော လာဘ်ဖြစ်သည်။ ရောဂါကင်းကွာ ကောင်းမြတ်သော လာဘ်ကိုသာလျှင် အလိုရှိအပ်သည်ဟု ဟောတော်မူသည်။ ကျန်းမာခြင်းနှင့် ပြည့်စုံခြင်းသည် ပစ္စုပ္ပန်၊ သံသရာ လောကီ၊ လောကုတ္တရာ နှစ်ဌာနဌပင်ကြီးပွားကြောင်း၊ ချမ်းသာကြောင်းဖြစ်သည်။ ကျန်းမာရေး ချို့ယွင်းလျှင် ဘယ်ကိစ္စကိုမျှ တည့်တံ့အောင် တိုးတက်ဖြစ်ထွန်းအောင် မဆောင်ရွက်နိုင်တော့ချေ"

ဟု ရွှေဟင်္သာဆရာတော်က ရေးသားတော်မူခဲ့သည်။

၁၂၆၅ ခုနှစ်၊ တပို့တွဲလ (၁၉၀၉ ခုနှစ်၊ ဇန်နဝါရီလ သို့မဟုတ် ဖေဖော်ဝါရီလ)တွင် မိခင် ဒေါ်ရွှေသော့ ကွယ်လွန် အနိစ္စရောက်သည်။ ဦးကျောက်စိမ်းသည် ဇနီး ကွယ်လွန်ပြီးနောက် ကမာကဆစ်တွင် ခဏမျှ နေပြီး မောင်သန်းကိုခေါ်ကာ လေးမျက်နှာမြို့သို့ ပြန်လာခဲ့သည်။

လေးမျက်နှာမြို့ တာတန်းကြီး၌ ဆရာဆင့်ကျောင်းခေါ် အလွတ်တန်းကျောင်းတစ်ကျောင်း ရှိ၏။ ထိုကျောင်း၌ မောင်သန်းသည် လေးတန်းမှစပြီး တက်ခွင့်ရသည်။ ဆရာဆင့်ကျောင်းတွင် တစ်နှစ်ခန့် ကျောင်းတက်ပြီး လေးတန်းအောင်မြင်ခဲ့သည်။

သင်္ချာတော်သဖြင့် ကျောင်းသူအချို့အား ဆရာ့ကိုယ်စား သင်္ချာပြပေးရသည်။ ဆရာဆင့်ကျောင်းတွင် ငယ်စဉ်က မောင်သန်းသည် ကျောင်းပြေးခဲ့ဖူးသည်။

ဆရာဆင့်ကျောင်း၌ လေးတန်းအောင်သောအခါ မိကျောင်းရဲကျောင်းသို့ မောင်သန်းကိုရွှေ့ပြောင်းထားကြသည်။ မိကျောင်းရဲကျောင်းကား သင်္ချာနှင့်ဗေဒင်ပညာတွင် နာမည်ကြီးသော ဘုန်းတော်ကြီးကျောင်းတစ်ကျောင်း ဖြစ်သည်။ ၄င်းကျောင်းတွင် (၂)နှစ်ကျော်မျှ ပညာသင်ယူနေထိုင်ခဲ့သည်။ လောကီသင်္ချာအတွက်နှင့် မကာရန္တဗေဒင်လက်ရုံးကို ဘီလူးမမျက်ကွင်းကိုးကြောင်းဗိုလ်မှစ၍ ဇာတာဖွဲ့တတ်သည်အထိ သင်ရသည်။ အဟောဗေဒင်ကိုလည်း စနစ်တကျသင်ခဲ့သည်။

မောင်သန်းသည် လေးနှစ်အရွယ်တွင် လေးမျက်နှာမြို့မှ ရန်ကုန် ကမာကဆစ်သို့ ပြောင်းရွှေ့နေထိုင်ခဲ့သည်။ ၁၀ နှစ်အရွယ်တွင် လေးမျက်နှာသို့ ပြန်လည်ရောက်ရှိလာပြီး ၁၆ နှစ်အရွယ်ထိ လေးမျက်နှာမြို့တွင် နေထိုင်ခဲ့သည်။

## ရှင်ပြုခြင်း

၁၂၆၉ ခုနှစ်၊ နယုန်လ (၁၉၀၇ ခုနှစ်၊ မေလ သို့မဟုတ် ဇွန်လ) တွင် မောင်သန်းသည် ဖခင်ကြီး ဦးကျောက်စိမ်း၏ ပစ္စယာနုဂ္ဂဟကို ခံယူပြီး မိကျောင်းရဲဆရာတော်ကို ဥပဇ္ဈယ်ပြု၍ ရှင်အဖြစ်သို့ရောက်ခဲ့သည်။ ကြာသပတေးသားဖြစ်၍ 'ရှင်ပဒုမ' ဟု မိကျောင်းရဲဆရာတော်က ဘွဲ့ပေးခဲ့သည်။ သို့ရာတွင် အရပ်ထဲ၌ ဘွဲ့ကိုမခေါ်ဘဲ 'ကိုရင်မောင်သန်း' ဟုသာ ခေါ်ကြသည်။

ကိုရင်မောင်သန်းသည် ရန်ကုန်မြို့ 'အနုပ္ပါဒနိရောဓကျမ်း' 'ဝေဒနာ နုပဿနာကျမ်း' စသော ကျမ်းများကို ပြုစုရေးသားခဲ့သော ဆရာတော် ဦးတိက္ခိန္ဒြိယထံတွင် ကစ္စည်းသဒ္ဒါကြီးကျမ်းကို သင်ယူခဲ့သည်။ (၂)လကျော်မျှ ကြာခဲ့သည်။ ရေးရိုးပို့ချနည်းဖြင့် ပို့ချသောကြောင့် သန္ဓိ တစ်စောင်မျှပင် မကုန်ခဲ့ပေ။

ကိုရင်ဘဝတွင် မယ်မယ်ရရစာမသင်ရဘဲ တစ်နှစ်နီးပါး အချိန်ကုန်ခဲ့ရသည်။ ကိုရင်ဝတ်ဖြင့် အမြဲနေထိုင်ရန် ရည်ရွယ်ချက်မရှိ၍ ကဆုန်လကုန်ခါနီးတွင် ရှင်လိင်ပြန်လိုက်သည်။ မောင်သန်းသည် ရှင်လိင်ပြန်ပြီးနောက် ဘကြီးတော်ဦးလူကြီး၊ ဒေါ်ငွေမှုန်တို့အိမ်၌ နေခဲ့သည်။

၁၂၇၁ ခုနှစ်၊ ကဆုန်လ (၁၉၀၉ ပြည့်နှစ်၊ ဧပြီလ သို့မဟုတ် မေလ) တွင် မောင်သန်းသည် ဒုတိယအကြိမ် ရှင်သာမဏေ ပြုပြန်သည်။ ယင်းနှစ်တွင် ဦးကျောက်စိမ်း ကွယ်လွန်သည်။ ကိုရင်မောင်သန်းသည် လေးမျက်နှာသား ဦးဝါယမနှင့်အတူ မော်လမြိုင်မြို့ ပြည်ကျောင်းဆရာတော် ဦးပညာသာမိထံ မိကျောင်းရဲဆရာတော်၏ ခွင့်ပြုအပ်နှံမှုဖြင့် ရောက်ခဲ့သည်။

ပြည်ကျောင်းတိုက်သည် မော်လမြိုင်မြို့ မရမ်းကုန်းရပ် ကျိုက်သုတ်စေတီတော်၏အနီးတွင် တည်ရှိသည်။ ကိုရင်မောင်သန်းတို့ရောက်စဉ်က ၄င်းကျောင်းတွင် ရဟန်း (၈)ပါးနှင့် ကိုရင် (၂)ပါးမျှသာ ရှိသည်။

ကိုရင်မောင်သန်းသည် မော်လမြိုင်မြို့ ပြည်ကျောင်းတွင် နေထိုင်စဉ် ပြည်ကျောင်းဆရာတော်ထံတစ်ဝါ၊ ဦးဝါယမထံတစ်ဝါ တစ်နေ့စာနှစ်ဝါ တက်ရသည်။

ဦးဝါယမထံ 'ဗာလာဝတာရ သဒ္ဒါကျမ်း' ကို သင်ရသည်။ ကိုရင်မောင်သန်း၏မူလဘွဲ့မှာ 'ရှင်ပဒုမ' ဖြစ်သည်။ မော်လမြိုင်သို့ ရောက်သောအခါ ဦးဝါယမက 'ရှင်ဗုဒ္ဓဃောသ' ဟုဘွဲ့ပြောင်းပေးသည်။ မော်လမြိုင်တွင် ပညာသင်၍ (၂)နှစ်ခန့်ကြာသောအခါ စာချဆရာတော် ဦးဝါယမသည် မော်လမြိုင်မှ ရန်ကုန်သို့ ပြောင်းရွှေ့သွားသောကြောင့် ကိုရင်မောင်သန်းလည်း ၁၂၇၃ ခုနှစ်၊ တန်ဆောင်မုန်းလ (၁၉၁၁ ခုနှစ်၊ အောက်တိုဘာလ သို့မဟုတ် နိုဝင်ဘာလ)တွင် ရန်ကုန်မြို့ ကျောင်းတော်ရာ ရွှေကျင်တိုက်၌ ရောက်ခဲ့ပြန်သည်။ ယင်းကျောင်း၌ ထန်းတပင်ဆရာတော် က -

"မင်းဘွဲ့ ဘယ်လိုခေါ်သလဲ" ဟုမေးရာ -

"ဗုဒ္ဓဃောသပါ ရှင်ဘုရား" ဟု ကိုရင်မောင်သန်းက လျှောက်သည်။

"မင်းဘွဲ့ကလည်း တယ်ပြီး ကြီးကျယ်လွန်းလှပါလားကွာ ငါ ဘွဲ့ပြန်ပြင်ပေးမယ် ဟုတ်လား" ဟု အမိန့်ရှိပြီး 'ပဏ္ဍိတ' ဟု ဘွဲ့ပြင်ပေးသည်။ ကိုရင်ပဏ္ဍိတသည် ရန်ကုန်မြို့၊ ကျောင်းတော်ရာ ရွှေကျင်တိုက်မှ ညောင်တုန်းမြို့ရွှေဟင်္သာတောရတိုက်ကြီးသို့ ၁၂၇၄-ခုနှစ်၊ နယုန်လဆန်း (၁၀)ရက်နေ့ (၁၉၁၂၊ မေလ ၂၅ ရက်) နေ့တွင် ရောက်ရှိခိုလှုံခဲ့သည်။

ညောင်တုန်း ရွှေဟင်္သာတောရတိုက်ကို တည်ထောင်ဖွင့်လှစ်ပြီးနောက် ၁၂ နှစ်မြောက်အချိန်တွင် ကိုရင်ပဏ္ဍိတသည် ရွှေဟင်္သာတောရတိုက်သို့ ရောက်ရှိလာခဲ့သည်။ ယင်းတိုက်တွင် ကိုရင်ပဏ္ဍိတသည် စာတက်ဖော် ၁၅ ပါးခန့်နှင့်အတူ စံကျောင်းဆရာတော်ထံတွင် နေ့ဝါအဖြစ် သဒ္ဒါကြီးတက်ရပြီး ညဝါအဖြစ် ပုဒ်စစ်* ဆိုရသည်။ စာချဘုန်းကြီး ဦးမေဓာဝီထံတွင် ဦးပဉ္ဇင်း လေးငါးပါးနှင့်အတူ သင်္ဂြိုဟ်တက်ရသည်။ ကိုရင်ပဏ္ဍိတက စာဆိုဖြစ်သည်။

ကိုရင်ပဏ္ဍိတသည် ရောက်စဝါတွင်း၌ ဝေဇယန္တာကျောင်း၌ နေရပြီး ဝါကျွတ်သောအခါ မှန်ကျောင်းသို့ ရွှေ့ပြောင်းနေရသည်။ ထိုစဉ်က

မှန်ကျောင်း၌ တိုက်အုပ်ဆရာတော် ဦးကလျာဏ သီတင်းသုံးတော်မူသည်။

တစ်ခါက ကိုရင်ပဏ္ဍိတသည် စံကျောင်းဆရာတော်ထံတွင် ဝတ်ပြုရန် သွားရောက်ဆည်းကပ်သည်။ ထိုစဉ် တခြားကိုရင်နှစ်ပါးလည်း ဝတ်ပြုရန် ရောက်လာကြသည်။ ဤတွင် ကိုရင်သုံးပါး ဆုံမိကြလေသည်။ တစ်တိုက်တည်း နေဖြစ်သော်လည်း တစ်ပါးက စွယ်တော်ကျောင်း၊ တစ်ပါးက တိုက်ဦးကျောင်း၊ တစ်ပါးက မှန်ကျောင်းမှဖြစ်သည်။ စံကျောင်းဆရာတော်က ဝတ်ပြုလာသော ကိုရင်များအား စကားစမြည်ပြောရင်း ကိုရင်ဘွဲ့ ဘယ်လိုခေါ်သလဲဟု အသီးသီးမေးရာ သုံးပါးစလုံးက "ပဏ္ဍိတပါအရှင်ဘုရား" ဟု ဖြေဆိုလျှောက်ထားကြသည်။

ထိုအခါ စံကျောင်းဆရာတော်က -

"မင်းတို့သုံးပါးက ဘွဲ့တူကိုးကွဲ့၊ ဘွဲ့တူ ဆိုတော့ ရောနေမှာပေါ့။ ကဲ ထူးအောင်ဆရာပြင်ပေးမယ်။ မှတ်ထားကြ စွယ်တော်ကျောင်းက ကိုရင်ကို ပဏ္ဍိတ၊ တိုက်ဦးကျောင်းက ကိုရင်ကို ပဏ္ဍိတဉာဏ၊ မှန်ကျောင်းက ကိုရင်ကို ပဏ္ဍိတသိရီ ကဲ မှတ်မိကြပလား" ဟု အမိန့်ရှိသည်။ ထိုအခါမှစ၍ ရွှေဟင်္သာဆရာတော်အလောင်းအလျာကို ကိုရင်ပဏ္ဍိတသိရီဟု ခေါ်ဆိုခဲ့ကြသည်။

## ရဟန်းဖြစ်ခြင်း

ကိုရင်ပဏ္ဍိတသိရီသည် ၁၂၇၅ ခုနှစ်၊ ဝါဆိုလဆန်း (၅)ရက်နေ့ (၇၊ ဇူလိုင် လ၊ ၁၉၁၃)တွင် သိမ်ဦးကျောင်းအနီးရှိသိမ်တော်ကြီးတွင် မိကျောင်းရဲဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ ဦးလူကြီး၊ ဒေါ်ငွေမှုန်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ခဲ့သည်။

၁၂၇၅-ခုနှစ်၊ ဝါဆိုလဆန်း (၁၄)ရက် (၁၉၊ ဇူလိုင်လ၊ ၁၉၁၃)တွင် ရွှေဟင်္သာတောရ 'သီလဝိသောဓနီသိမ်တော်ကြီး' ၌ ကျောင်းတော်ရာ ရွှေကျင်ဆရာတော်ကို ဥပဇ္ဈာယ်ပြုလျက် ညောင်တုန်းမြို့ ကျောင်းဒကာဦးကျော်ဒွန်း၊ ဒေါ်ကြည်နှင့် ဦးချက်၊ ဒေါ်ဒွန်းအိုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ဒုတိယအကြိမ် ရဟန်းအဖြစ် ခံယူပြန်သည်။ (သိမ်ထပ်သည်။ ကံထပ်သည်ဟုခေါ်သည်။)

မန္တလေးမြို့သို့ ၁၂၇၆ - ခုနှစ် (၁၉၁၄ - ၁၉၁၅)တွင် ဦးပဏ္ဍိတ သီရိသည် ရဟန်း (၁)ဝါအရ၌ ပထမငယ်တန်း ၁၂၇၇-ခုနှစ် (၁၉၁၅-၁၉၁၆) ရဟန်း(၂)ဝါအရတွင် ပထမလတ်တန်းတို့ကို နှစ်ချင်းဆက် အောင်မြင်ခဲ့သည်။

၁၂၇၅-ခုနှစ် (၁၉၁၃-၁၉၁၄) ခုနှစ်တွင် ကိုရင်ဘဝဖြင့် ပထမငယ်တန်းကို ဝင်ရောက်ဖြေဆိုရာ မအောင်မြင်ခဲ့ချေ။ ဦးပဏ္ဍိတ သီရိသည် စာမေးပွဲဖြေဆိုရန်များစွာ စိတ်ဝင်စားခြင်း မရှိလှ။ တိုက်အုပ် ဆရာတော်က မဖြေမနေရ အမိန့်ချသောကြောင့်သာ ဝင်ရောက် ဖြေဆိုခဲ့ရ လေသည်။ စာမေးပွဲအောင်မှုထက် စာတတ်မှုကိုသာ အလေးပေး သင်ယူ ခဲ့သည်။

ပထမလတ် အောင်ပြီးနောက် ပထမကြီးတန်းစာများကို ကျက်မှတ်ရင်း အထက်တန်းကျမ်းစာကြီးများကိုပါ လေ့လာသင်ယူသည်။ စံကျောင်းဆရာတော်၊ တိုက်အုပ်ဆရာတော်တို့ထံတွင် ပါဠိ၊ အဋ္ဌကထာ၊ ဋီကာအချို့ကို ဆရာတော်များညွှန်ကြားသည့်အတိုင်း သင်ယူ၍ ဝိနည်း ပါဠိတော်ကြီးများကို စံပါယ်ရုံကျောင်းဘုန်းကြီး ဦးယုဂန္ဓရထံ ဆိုဝါအဖြစ် တက်ခဲ့သည်။

၁၂၇၈-ခုနှစ် (၁၉၁၆ - ၁၉၁၇)တွင် ဝါတွင်း၌ ပါဠိ၊ အဋ္ဌကထာ ဋီကာအချို့ကို ပေါက်ရောက်အောင်သင်ယူပြီး မန္တလေးသို့တက်၍ စာပေ ဗဟုသုတ ဆည်းပူးလိုသဖြင့် ဆရာတော်များထံ ခွင့်ပန်လျှောက်ထား သည်။ ဆရာတော်များက လိုလိုလားလားပင် ခွင့်ပြုတော်မူကြသည်။ ထိုနှစ်မှာပင် မန္တလေးမြို့ ငါးဆူတိုက်၌ နေထိုင်ပြီး မန္တလေးမြို့ရှိ အကျော် အမော်ဆရာတော်ကြီးများထံ စာပေကျမ်းဂန်များကို ဆည်းပူးအားထုတ် သည်။

ငါးဆူဆရာတော်ကြီးထံ၌ ကင်္ခါအဋ္ဌကထာနှင့် ဗေဒစိန္တာကျမ်း တို့ကို နေ့ဝါအဖြစ်သင်ယူပြီး ညဝါအဖြစ် ပုဒ်စစ်ဆိုရသည်။ ပုဒ်စစ်ကို ငါးဆူဆရာတော်ကြီးက နှုတ်တိုက်ချပေးသည်။ ပြီးမှ တစ်ပိုဒ်ချင်းအဓိပ္ပာယ် ပြောသည်။ (ငါးဆူဆရာတော်သည် တံဆိပ်တော်နှစ်တန်ရဆရာတော် ဖြစ်သည်။ သီပေါမင်းဆက်ကပ်သည့် 'သဒ္ဓမ္မာဘိ ပဏ္ဍိတဓမ္မရာဇာဂုရု' တံဆိပ်တော်နှင့် တစ်ကျိပ်နှစ်ပါး သာသနာပြု ဆရာတော်များက ချီးမြှင့်

သည့် 'သဒ္ဓမ္မာဘိဓေ ပဝရာလင်္ကာရ' တံဆိပ်တော်တို့ ဖြစ်သည်။ ၁၂၁၁ ခုနှစ်တွင် ဖွားမြင်၍ ၁၂၉၈ ခုနှစ်တွင် လွန်တော်မူသည်။)

ခင်မကန်တိုက် မကျီးပင်ကျောင်းဆရာတော် ဦးသီလာစာရ၊ သူဌေးဆရာတော် ဦးရေဝတ၊ တောင်သမန်တိုက် ဦးဝိမလတို့ထံလည်း စာလိုက်ခဲ့သည်။ ၁၂၇၈ ခုနှစ် (၁၉၁၆ - ၁၇) ဆောင်းရာသီတွင် မန္တလေးမြို့၌ ပုလိပ်ရောဂါဖြစ်ပွားသဖြင့် ညောင်တုန်းမြို့သို့ ပြန်သွားခဲ့သည်။ ၁၂၇၉-ခုနှစ်၊ နယုန်လ (၁၉၁၇ ခုနှစ်၊ မေလ သို့မဟုတ် ဇွန်လ)တွင် ဦးပဏ္ဍိတသိရီသည် ညောင်တုန်းရွှေဟင်္သာတောရတိုက်မှ ဦးဝိလာသ၊ ဦးနန္ဒတို့နှင့်အတူ မန္တလေးသို့ ပညာတော်သင် ထွက်ခဲ့ပြန်လေသည်။

၁၂၇၉ ခုနှစ်၊ ဝါကျွတ်ခါနီး (၁၉၁၇ အောက်တိုဘာ) တွင် ဦးပဏ္ဍိတသိရီသည် တက်လက်စ စာဝါများကုန်ပြီးဖြစ်၍ ငါးဆူဆရာတော်ကြီးထံချဉ်းကပ်ကာ ဆန်းနှင့်အလင်္ကာသင်လိုကြောင်း လျှောက်ထားသည်။ ဆရာတော်ကြီးက ''အိမ်း သင်တာပ'' ဟု စကားခံပြီး၊ ''ဝမ်းတွင်းမြို့နယ်၊ ဒေါင်းသူတောရဆိုတာ ရှိတယ်။ ဒေါင်းသူတောရဆရာတော်က ဒို့နှင့်အလွန် ရင်းနှီးတဲ့သီတင်းသုံးဖော်ပဲ ဆန်းအလင်္ကာ အလွန်နိုင်တယ်။ ဒို့ စာရေးပေးလိုက်မယ် မောင်ပဏ္ဍင်း ဒေါင်းသူတောရ ဆရာတော်ထံ သွားသင်ချေ'' ဟု မိန့်တော်မူသည်။

ဦးပဏ္ဍိတသိရီသည် ငါးဆူဆရာတော်ကြီး၏ မိန့်တော်မူချက်ဖြင့် ဒေါင်းသူတောရသို့သွားပြီး ဒေါင်းသူတောရဆရာတော်ထံ ချဉ်းကပ်ကာ ဆန်းသင်ယူခဲ့သည်။ ၁၅ ရက်ခန့်ဖြင့် ဆန်းကျမ်းကုန်သည်။ ဒေါင်းသူတောရ၌ အလင်္ကာသင်ယူရန် စီစဉ်နေစဉ် ညောင်တုန်းမှကြေးနန်းစာရောက်လာသဖြင့် မန္တလေးသို့ခဏဝင်ကာ ညောင်တုန်းသို့ ပြန်သွားခဲ့ရသည်။ ရဟန်းအမ ဒေါ်ကြည်၏သမီးမရွှေခ ရုတ်တရက် ကွယ်လွန်သွားသောကြောင့် သံကြိုးရိုက်ခြင်း ဖြစ်သည်။

ဦးပဏ္ဍိတသိရီသည် ညောင်တုန်းရောက်ပြီး မန္တလေးသို့ ပြန်သွားရန် စိတ်ကူးရှိသော်လည်း ရဟန်းအမကြီးကို ငဲ့ရသည်ကတစ်ကြောင်း ဆရာတော်များ ခွင့်မပြုသည်က တစ်ကြောင်းကြောင့် မန္တလေးသို့ မပြန်ဖြစ်တော့ချေ။ တိုက်အုပ်ဆရာတော်က မှန်ကျောင်းရှိ သီးသန့်အခန်းတွင် နေစေသည်။ မှန်ကျောင်းအပေါ်ထပ်ရှိ ရာဟုထောင့်အခန်းဖြစ်သည်။

ဦးပဏ္ဍိတသီရိအား အခန်းသီးသန့်ပေးခြင်းမှာ စာချဘုန်းကြီး၊ ကျောင်းဘုန်းကြီးအဖြစ် ခန့်အပ်လိုသောကြောင့် ဖြစ်သည်။

ဦးပဏ္ဍိတသီရိသည် ရဟန်းသိက္ခာ (၅)ဝါမျှသာ ရှိသေးသော်လည်း အနေအထိုင်နှင့် စာပေအရည်အချင်းတို့မှာ ကျေနပ်ဖွယ်အဆင့်တွင် ရှိနေပေသည်။ ယင်းကျောင်း၌နေလျက် သတင်းစာဂျာနယ်နှင့် မဂ္ဂဇင်းများ၌ ပြုပြင်ရေးဆောင်းပါးများကို ဦးပဏ္ဍိတ ဟူသော အမည်ရင်းဖြင့်ပင် ရေးသားခဲ့သည်။

မြန်မာ့အလင်း၌ ဦးပဏ္ဍိတသီရိ၏ 'ဝိနည်းအကြောင်း' ဆောင်းပါးများ အပတ်စဉ်မပျက် ပါလေ့ရှိ၏။ ဝိနည်းကြောင်းနှင့် ဆက်နွယ်၍ ဗဟုသုတဖြစ်ဖွယ် များစွာပါသဖြင့် စာဖတ်ပရိသတ်များက နှစ်ခြိုက်ခဲ့ကြလေသည်။ ဦးပဏ္ဍိတသီရိသည် ဝိနည်းဆောင်းပါးများကို ရေးသားရာ၌ ၁၁၉၉-ခုနှစ်တွင် ရေးသားပြုစုခဲ့သည့် တတိယနံမော်ဆရာတော် အရှင်ဝိနန္ဒာသဘ၏ 'သီလဝိသောဓနီကျမ်း' ကို မှီငြမ်းပြုခဲ့လေသည်။

သူရိယသတင်းစာနှင့် သူရိယမဂ္ဂဇင်းတို့၌လည်း ပညာပေးဆောင်းပါးများကို မကြာခဏ ရေးသားခဲ့သည်။ ထိုအချိန်ကား မြန်မာဝတ္ထုနှင့် ရုပ်ရှင်တို့ ပေါ်စအချိန်ဖြစ်သည်။ အများအားဖြင့် မြန်မာဝတ္ထုနှင့် ရုပ်ရှင်တို့သည် သိင်္ဂါရရသကို အသားပေးလေ့ကြသည်။ လူငယ်တို့၏ ကာမစိတ်ကို မြှောက်ထိုးပင့်ကော် လုပ်နေသလိုရှိသည်။ ထိုအကြောင်းနှင့် စပ်လျဉ်း၍ ဦးပဏ္ဍိတသီရိက သူရိယသတင်းစာ၌ ဆောင်းပါးတစ်ပုဒ်ရေးသားခဲ့သည်။ ''ဝတ္ထုနှင့် ရုပ်ရှင်များကြောင့် လူငယ်လူရွယ်တွေအကျင့်ပျက်ပြီး ဒုစရိုက်သမားလေးတွေ ဖြစ်သွားနိုင်ကြောင်း'' စသည်ဖြင့် ရွှေဟင်္သာဆရာတော်က ရေးသားဖော်ပြခဲ့လေသည်။

မောင်းသတင်းနှင့် သတင်းအတိုအထွာများ၊ တေးထပ်၊ ဒွေးချိုး၊ လေးချိုး စသောကဗျာများ၊ ဝတ္ထုတိုများ၊ ဆောင်းပါးများ စသည်ဖြင့် စာပေမျိုးစုံပုဒ်ပေါင်း ၁၀၀ ကျော်နီးပါး ရေးသားခဲ့သည်။

## ကျောင်းဘုန်းကြီးခန့်ခြင်း

၁၂၈၀-ပြည့်နှစ် နယုန်လ (၁၉၁၈ ခုနှစ်၊ မေလ သို့မဟုတ် ဇွန်လ) ၌ ကျောင်းတော်ရာ ရွှေကျင်ဆရာတော်ကြီးသည် ညောင်တုန်း

ရွှေဟင်္သာတောရကို ဝါကပ်ရန် ကြွလာတော်မူသည်။ စွယ်တော်ကျောင်း၊ ပုပ္ပါရုံကျောင်း၊ မင်္ဂလာစံကျောင်းတို့၌ ကျောင်းဘုန်းကြီး လစ်လပ်နေသဖြင့် ဦးပဏ္ဍိတသီရိ၊ ဦးဝိလာသနှင့် ဦးနန္ဒတို့ကို ကျောင်းတော်ရာ ရွှေကျင်ဆရာတော်ကြီးကိုယ်တိုင် သံဃာပရိတ်သတ်အလယ်၌ ဩဝါဒစကား မြွက်ကြားတော်မူပြီး ၎င်းတို့၏ဂုဏ်ရည်များကို ဖော်ထုတ်ချီးကျူးကာ ကျောင်းဘုန်းကြီးခန့်တော်မူသည်။

''ရွှေဟင်္သာတောရတိုက်၌ ကျောင်းဘုန်းကြီး၊ စာချဘုန်းကြီး၊ တိုက်အုပ်ရာထူး ချီးမြှောက်ရာ၌ဖြစ်စေ၊ စံကျောင်းဆရာတော်ဟူ၍ သမုတ်တင်မြှောက်ရာ၌ဖြစ်စေ မြန်မာမင်းများအစဉ်အလာ ချီးမြှောက်ခန့်အပ်ပုံအတိုင်း ခန့်အပ်မည့်ပုဂ္ဂိုလ်၏ ဂုဏ်ပုဒ်များကို နှုတ်ဖြင့် မိန့်ကြားပြီးလျှင် ခန့်အပ်စာကို ဌာန်၊ ကရိုဏ်းကျနစွာ ပြတ်ပြတ်သားသား ဖတ်စွမ်းနိုင်သော သံဃာတစ်ပါးကို ဖတ်ကြားစေ၍ အခမ်းအနားဖြင့် ချီးမြှောက်မြဲဖြစ်သည်'' ဟု ရွှေဟင်္သာဆရာတော်က ရွှေဟင်္သာတောရသမိုင်း၌ ရေးသားဖော်ပြခဲ့သည်။

ကျောင်းတော်ရာ ရွှေကျင်ဆရာတော်ကြီးသည် ဦးပဏ္ဍိတသီရိအား စွယ်တော်ကျောင်းဘုန်းကြီးအဖြစ် ခန့်အပ်ချီးမြှောက်တော်မူပြီးနောက် နှစ်စဉ်ကထိန်ပြီးတိုင်း သင်္ကန်းတစ်စုံ ချီးမြှင့်လေ့ရှိသည်။

''မောင်ပဏ္ဍိတ စာတော်တယ်၊ စာရေးလည်းကောင်းတယ်၊ အသိဉာဏ်လည်းရှိတယ်၊ ကျန်းမာရေးမကောင်းဘူး၊ ကျန်းမာရေးကောင်းအောင် သတိပြုဆင်ခြင်ရမယ်။ မိမိနှင့်တကွ တိုက်တာ၊ သာသနာကြီးပွားတိုးတက်အောင်၊ အရှည်တည်တံ့အောင် ကြိုးစားအားထုတ်ရမယ်'' ဟု ဆုံးမတော်မူသည်။

ဦးပဏ္ဍိတသီရိသည် ငယ်စဉ်မှစ၍ ဆရာသမားပေါ် ဝတ္တရားသိတတ်သဖြင့် စံကျောင်းဆရာတော်၊ တိုက်အုပ်ဆရာတော်တို့၏ ချစ်ခင်လေးမြတ်မှုကိုလည်း ရရှိခဲ့လေသည်။ မိမိ၏ အသိတရားဖြင့် ဆရာတော်များ၏ဝတ်ကြီး၊ ဝတ်ငယ်ကို ပြုလုပ်ခဲ့လေသည်။ 'ဆရာကခင်၊ ကိုယ်ကမင်၊ နေလိုပျော်ရွှင် ရှိစေတော့' ဟူသော ရွှေကျင်ဆရာတော်ကြီး၏ ဩဝါဒအတိုင်း ဆရာတော်များကလည်း မြတ်နိုး၊ ဦးပဏ္ဍိတကလည်း အားကိုးကာ သာသနာတော်အကျိုးကို သယ်ပိုး ဆောင်ရွက်ခဲ့ကြသည်။

ဦးပဏ္ဍိတသီရိသည် (၅)ဝါပြည့် (၆)ဝါ အရောက်တွင် စွယ်တော်ကျောင်းဘုန်းကြီးအဖြစ် ခန့်အပ်ခံခဲ့ရသည်။ ထိုနှစ်ဝါတွင်း၌စာပေပို့ချရင်း "အာစေရဝဏ္ဏနာပျို့" ကို ရေးသားပြုစုခဲ့သည်။ (အာစေရဝဏ္ဏနာပျို့မှာ ပုံမနှိပ်မီ စာမူပျောက်သွားခဲ့သဖြင့် စာအုပ်ထုတ်ဝေခြင်း မရှိခဲ့ပါ။)

ဦးပဏ္ဍိတသီရိသည် စွယ်တော်ကျောင်း ဘုန်းကြီးဘဝတွင် ဆရာတော်များပေးအပ်သည့်တာဝန်ကို ကျေပွန်အောင် ဆောင်ရွက်ခဲ့သည်။ ကျောင်းတိုက်၏ အကျိုးကိုလည်း သယ်ပိုးခဲ့သည်။ ကျောင်းတိုက်၏ အကြောင်းကိစ္စ တစ်စုံတစ်ရာ ပေါ်လာလျှင်လည်း ဦးပဏ္ဍိတသီရိပင် ဆောင်ရွက်ရသည်။ ကျောင်းဘုန်းကြီးများကလည်း ဦးပဏ္ဍိတသီရိကို ပင်လျှင် တိုက်တွန်းလေ့ရှိကြသည်။

သို့ရာတွင် ဦးပဏ္ဍိတသီရိသည် မိမိတစ်ဦးတည်းသဘောဖြင့် မည်သည့်အခါမျှ လုပ်လေ့မရှိ။ အများနှင့် တိုင်ပင်ညှိနှိုင်းပြီးမှသာ ဆောင်ရွက်လေ့ရှိသည်။ ရိုးသားဖြောင့်မတ်ခြင်း၊ မဟုတ်တာမလုပ်ခြင်း၊ မှန်သည်ဟုယူဆလျှင် ရဲရဲဝံ့ဝံ့ ပြောဆိုလုပ်ကိုင်လေ့ရှိခြင်းကြောင့် အများ၏လေးစားမှုကို ခံရသည်။

၁၂၈၁-ခုနှစ် (၁၉၁၉-၂၀)ခုနှစ်တွင် ရွှေဟင်္သာတောရ သာသနာ့ပါလအသင်းကို စတင်ဖွဲ့စည်းခဲ့ကြသည်။ အသင်း၏ရည်ရွယ်ချက်မှာ ရွှေဟင်္သာတောရ သံဃာများအား နိစ္စဘတ်အဖြစ် အရဏ်ဆွမ်းကပ်နိုင်ရန်ဖြစ်သည်။ ယင်းအသင်း ဖွဲ့ပြီးနောက် ရွှေဟင်္သာတောရသို့ လှူဒါန်းသမျှ အကပ္ပိယဝတ္ထုငွေများကို အသင်းရန်ပုံငွေအဖြစ် ထည့်ရသည်။ ယင်းကိစ္စနှင့် ပတ်သက်၍ ဦးပဏ္ဍိတသီရိသည် စံကျောင်းဆရာတော်နှင့် တိုက်အုပ်ဆရာတော်တို့ကို လျှောက်ထားဖူးသည်။

"ဆရာတော်ဘုရား အချို့ဘုန်းကြီးများမှာ ဉာောင်တုန်း၌ ဒကာ၊ ဒကာမ အရင်းများမရှိကြပါ။ အလှူအတန်းက ရမှသာလျှင် လိုအပ်သည့် ပစ္စည်းများကို အသုံးပြုနိုင်ကြပါသည်။ ဉာောင်တုန်း၌ ဒကာ၊ ဒကာမ အရင်းအချာမရှိသော အချို့ဘုန်းကြီးများကိုငဲ့ပြီး အလှူဝတ္ထုများကို ဝတ္ထုကမ်ထဲချည်းမထည့်ဘဲ ဘုန်းကြီးများအား ပေးသင့်ပါသည်"

ဦးပဏ္ဍိတသီရိသည် မိမိလျှောက်ထားချက်ကို တိုက်အုပ်ဆရာတော်က လက်မခံသောကြောင့် ၄င်းကိစ္စနှင့်စပ်၍ မြန်မာအလင်း

သတင်းစာသို့ 'မောင်းသတင်းတစ်ပုဒ်' ရေးပို့လိုက်သည်။ မြန်မာအလင်း သတင်းစာ၌ မကြာမီပင် ပါလာသည်။ တိုက်အုပ်ဆရာတော်သည် ဦးပဏ္ဍိတသီရိအပေါ် သံသယရှိသွားသည်။

၁၂၈၂-ခုနှစ် (၁၉၂၀ - ၂၁)တွင် ရန်ကုန်မှ ညောင်တုန်းသို့ အပြန်သင်္ဘောပေါ်တွင် အင်္ဂလိပ်လူမျိုးဝတ်လုံတော်ရတစ်ဦးနှင့် စွယ်တော်ကျောင်းဘုန်းကြီး ဦးပဏ္ဍိတသီရိတို့ ဆုံမိကြသည်။ ဝတ်လုံတော်ရအမည်မှာ 'မစ္စတာနီကိုလတ်' ဖြစ်သည်။ ၎င်းတို့သည် ဝိနည်းနှင့်ပတ်သက်၍ သံဃိက၊ ဝိဿာသဂဏ္ဍိကပါဟအကြောင်းတို့နှင့် စေတီအားရှိခိုးဦးခိုက်ရခြင်းအကြောင်းတို့ကို ဆွေးနွေးဖြစ်ကြသည်။

၁၂၈၃-ခုနှစ်တွင် သံဃသာမဂ္ဂီအဖွဲ့ စတင်ဖွဲ့စည်းသည်။ ယင်း၏ ရည်ရွယ်ချက်သည် အချက်ပေါင်း (၁၄)ချက်ရှိ၍ စာရွက်စာတမ်းများ ရိုက်ကာ နိုင်ငံအနှံ့ ဖြန့်ဝေခဲ့ကြသည်။ ဦးပဏ္ဍိတသီရိသည် ၎င်းစာရွက် တစ်ရွက်ရသဖြင့် ကြည့်ရှုရာ သံဃသာမဂ္ဂီ၏ ရည်ရွယ်ချက်တို့ကို အလွန် သဘောကျ၍ အမျိုး၊ ဘာသာ၊ သာသနာ ကောင်းစားရေးအတွက် ဆောင်ရွက်ရန် သံဃသာမဂ္ဂီပါဝင် အားပေးသင့်သည်ဟု ယုံကြည်ယူဆပြီး အသင်းထဲသို့ဝင်ရန် စိတ်ကူးခဲ့သည်။ စံကျောင်းဆရာတော်၏ ကျိုးကြောင်းပြပြောဆိုမှုကြောင့် အသင်းထဲသို့မဝင်ဖြစ်ခဲ့ချေ။

၁၂၈၄-ခုနှစ်၊ နယုန်လဆန်း (၁၉၂၂ ခုနှစ်၊ မေလ၊ သို့မဟုတ် ဇွန်လ) တွင် စစ်ကိုင်းတောင်ရိုး မဂ္ဂင်ချောင်၌နေသည့် အစ်မဝမ်းကွဲတော်သူ သီလရှင်ဆရာလေး မနန္ဒာရှိရာသို့ အလည်သွားခဲ့သည်။ ဘုရားလည်းဖူးရင်း ကျန်းမာရေးလဲ ဖြည့်တင်းရင်းသဘောဖြင့် ညောင်တုန်းမှ စစ်ကိုင်းသို့ ခရီးထွက်ခဲ့ခြင်းဖြစ်သည်။ ဦးပဏ္ဍိတသီရိ ကြွလာသောအခါ မနန္ဒာက ကိန္နရာချောင်တွင် တည်းခိုသီတင်းသုံးစေသည်။ စစ်ကိုင်းတောင်ရိုးရှိ ဘုရား၊ ပုထိုးများကို လှည့်လည်ဖူးမျှော်ခဲ့သည်။ ထိုစဉ်က ထရံကာ ဆရာကြီးသည် ဗောဓိချောင်တွင် 'ဘေဒစိန္တာကျမ်း' ကို ပို့ချလျက်ရှိရာ ဦးပဏ္ဍိတသီရိသည် သွားရောက် နားထောင်ခဲ့သည်။ ဗောဓိချောင်သည် ကိန္နရာချောင်၏ အရှေ့ဖက်တွင် ရှိသည်။

ဦးပဏ္ဍိတသီရိသည် စစ်ကိုင်းတောင်ရိုးတွင် တစ်လခန့် နေမိသော အခါ ပိုပြီးကျန်းမာလာသည်။ စားကောင်းအိပ်ပျော်ကာ အသားအရေ

စိုပြည်လာသည်။ ထိုအခါ စစ်ကိုင်းတောင်ရိုးတွင် တစ်ဝါလောက်နေရလျှင် ကောင်းမှာပဲဟု စိတ်ကူးလျက် ညောင်တုန်းဆရာတော်များထံ စာရေးကာ ခွင့်တောင်းလိုက်သည်။ သို့သော် နေခွင့်မပေးသောကြောင့် ညောင်တုန်းသို့ ပြန်သွားခဲ့ရသည်။ ဦးပဏ္ဍိတသီရိသည် ညောင်တုန်းသို့ပြန်လာပြီး စွယ်တော်ကျောင်းကို အုပ်ချုပ်ခြင်း၊ စာပေပို့ချခြင်းဖြင့် ကျောင်းတိုက်၏ ကိစ္စများကိုလည်း ဆောင်ရွက်ရသည်။

စွယ်တော်ကျောင်းဘုန်းကြီးဘဝတွင် သဒ္ဒါသင်္ဂြိုဟ်စသော အခြေခံကျမ်းစာများ၊ ပုဒ်စစ်၊ သဒ္ဒါငယ်စသော အထောက်အကူငယ်စာများ၊ မာတိကာဓါတုကထာ၊ ယမိုက်စသော အဘိဓမ္မာညဝါများ၊ ဝိနည်းပါဠိတော်များ၊ ကင်္ခါဋ္ဌကထာ၊ ဝိသုဒ္ဓိမဂ်အဋ္ဌကထာစသော အထက်တန်းကျမ်းစာများကို ပို့ချပေးခဲ့သည်။

ဦးပဏ္ဍိတသီရိသည် ၁၂၈၄ ခုနှစ် (၁၉၂၂-၁၉၂၃)တွင် ကင်္ခါဋ္ဌကထာကိုပို့ချရင်း 'ဟိ၊ စ၊ ပ၊ န နိပါတတ္ထဒီပနီ' အမည်ရှိကျမ်းတစ်စောင်ကို ရေးသားပြုစုခဲ့သည်။

၁၂၈၅-ခုနှစ် (၁၉၂၃ - ၂၄) တွင် မိမိငယ်စဉ်ကနေခဲ့သော လေးမျက်နှာမြို့ မိကျောင်းရဲကျောင်းကို မိကျောင်းရဲဆရာတော်ကြီးက သာသနာထုံးစံ ဝိနည်းကံအမြောက်၊ ကိုယ်တိုင်နှုတ်မြွက်ပြောကြားခြင်း စာချုပ်စာတမ်းတွင် လက်မှတ်ရေးထိုးခြင်းဖြင့် ဒကာ၊ ဒကာမ(၆၀)ကျော်နှင့် သံဃာများစွာတို့ရှေ့မှောက်၌ ဦးပဏ္ဍိတသီရိအား လွှဲအပ်ကြောင်း လက်ခံရရှိခဲ့သည်။

၁၂၈၅-ခုနှစ်တွင် ရန်ကုန်မြို့ ဦးဘိုးမြင့်အိမ်၌ လယ်တီပဏ္ဍိတဆရာဦးမောင်ကြီးနှင့် စတင်သိကျွမ်းရင်းနှီးခဲ့သည်။ ၁၂၈၆-ခုနှစ် (၁၉၂၄ - ၁၉၂၅) တွင် ညောင်တုန်းမြို့ ရွှေဟင်္သာတောရစ်ကျောင်းဆရာတော် ရေးသားပြုစုသည့် 'မေတ္တာအဖွင့်အကျယ်လက်စွဲကျမ်း' ကို ကြည့်ကြပ်ရိုက်နှိပ်ထုတ်ဝေရသောကြောင့် အမျိုးသားပုံနှိပ်တိုက်တွင် သခင်ကိုယ်တော်မှိုင်း (ဆရာလွန်း)နှင့် စတင်ရင်းနှီး သိကျွမ်းခဲ့သည်။

၁၂၈၆-ခုနှစ် (၁၉၂၄ - ၁၉၂၅)တွင် ဦးပဏ္ဍိတသီရိသည် စံကျောင်းဆရာတော်၏အမိန့်အရ 'ဥပုသ်သည်လက်စွဲကျမ်း' အမည်ဖြင့် ကျမ်းငယ်တစ်စောင် ရေးသားခဲ့သည်။ ယင်းနှစ်၌ပင် 'မဟာထေရုပ္ပတ္တိ

ကထာနိဿျ' ကိုလည်း ရေးသား ပြုစုခဲ့သည်။ ၁၂၈၇-ခုနှစ် (၁၉၂၅ - ၁၉၂၆)တွင် 'ဘုန်းတော်ပွင့် ထေရုပ္ပတ္တိကျမ်း' ကို ရေးသားခဲ့သည်။

၁၂၈၈-ခုနှစ် (၁၉၂၆ - ၁၉၂၇)တွင် ဦးပဏ္ဍိတသီရိ (၁၄)ဝါရပြီး ဖြစ်သည်။ (၆)ဝါအရမှစ၍ စွယ်တော်ကျောင်းကို အုပ်ချုပ်နေထိုင်ကာ စာပေပို့ချပေးခဲ့လေသည်။ ကျောင်းဘုန်းကြီးဖြစ်၍ ဆရာလုပ်နေသော်လည်း ပညာသင်ယူရာ စိတ်ထက်သန်လျက်ပင် ရှိသည်။ သို့ဖြစ်၍ အမရပူရမြို့ မင်္ဂလာတိုက်သို့ သွားရောက်ကာ ပဋ္ဌာန်းသင်လိုကြောင်း ဆရာတော်များထံ ခွင့်တောင်းသည်။ ဦးပဏ္ဍိတသီရိသည် ဆရာတော်များ၏ ခွင့်ပြုချက်ဖြင့် ၁၂၈၈-ခုနှစ်၊ တန်ဆောင်မုန်းလ (၁၉၂၆ ခုနှစ်၊ နိုဝင်ဘာလ သို့မဟုတ် ဒီဇင်ဘာလ) တွင် ဦးနန္ဒဝံသနှင့်အတူ အမရပူရသို့ ထွက်လာခဲ့သည်။ ပဋ္ဌာန်းစာချဆရာတော်ဦးဓမ္မသာမိထံ၌ ၂-လခန့်ဖြင့် ပဋ္ဌာန်းသင်ရိုး ကုန်အောင် သင်ယူခဲ့ကြသည်။

## ရွှေဟင်္သာချောင် တည်ထောင်ခြင်း

ဦးပဏ္ဍိတသီရိသည် ၁၂၈၉ ခုနှစ်၊ ကဆုန်လ (၁၉၂၇ ခုနှစ်၊ မေလ) ၌ မင်းဝံတောင်ရိုးအရှေ့ဖက်ရှိ ရက္ခမူချောင်၏ အနောက်ဖက် မြေကွက်လပ်ကလေးတွင် ကျောင်းကလေးတစ်ဆောင် စတင်ဆောက်လုပ်သည်။ ၎င်းကျောင်းကို ရွှေဟင်္သာချောင်ဟု မှည့်ခေါ်သည်။ ညောင်တုန်းမြို့ ရွှေဟင်္သာတောရကို အစွဲပြု၍ မှည့်ခေါ်ခြင်း ဖြစ်သည်။ ဦးပဏ္ဍိတသီရိသည် စစ်ကိုင်းသို့ကြွသောအခါ ကိုရင် (၂)ပါးနှင့် ကျောင်းသားတစ်ယောက်တို့ ပါကြသည်။ ကိုရင် (၂)ပါးမှာ ရှင်ဓမ္မပိယနှင့် ရှင်ဇိနဝံသတို့ဖြစ်ပြီး ကျောင်းသားမှာ မောင်ဘသောင်းဖြစ်သည်။

ဥတ္တိဋ္ဌေ န ပမဇ္ဇေယျ၊ ဓမ္မံ သုစရိတံ စရေ။
ဓမ္မစာရီ သုခံ သေတိ၊ အသ္မိံ လောကေ ပရမှိ စ။

'ဆွမ်းခံ၍ ရသောဆွမ်း၌ မမေ့လျော့ရာ ဆွမ်းခံအကျင့်ကို ကောင်းမွန်စွာ ကျင့်ရာ၏။ ဆွမ်းခံအကျင့်ကို ကောင်းစွာကျင့်သောရဟန်းသည် ခုရောနောင်ပါ ချမ်းသာစွာ နေရ၏' ဟူသော မြတ်စွာဘုရား၏ စကားတော်ကို ရွှေဟင်္သာဘုန်းကြီးလေး ဦးပဏ္ဍိတသီရိသည် နှစ်သက်လက်ခံ၍ ဆွမ်းခံကျင့်ဝတ်ကိုမြတ်နိုးကာ နယုန်လမှစ၍ စစ်ကိုင်းမြို့

အတွင်းသို့ ဆွမ်းခံကြွသည်။ ထိုင်အိမ်မထားဘဲ အိမ်စဉ်လှည့်လည် ဆွမ်းရပ်သည်။ ဝါကျွတ်သောအခါ မြို့တွင်းသို့မသွားတော့ဘဲ သီလရှင် ချောင်များသို့ ဆွမ်းခံသွားသည်။

၁၂၈၉-ခုနှစ် (၁၉၂၇ - ၁၉၂၈)မှစ၍ နှစ်ပေါင်း ၃၇ နှစ်တိုင်တိုင် ရွာထောင်ရွှေသမား၊ အိုးဘိုရွာများ၌ ဆွမ်းခံခဲ့သည်။ သက်တော် ၈၀ ကျော်သည်အထိ ဆွမ်းခံဝတ်မြဲတော်မူခဲ့သည်။

ရွှေဟင်္သာဘုန်းကြီးသည် စစ်ကိုင်းရောက်သောအခါ ခပ်ဝေးဝေး ဆွမ်းခံသွားရသဖြင့် အညောင်းပြေသည်။ လပြည့်၊ လကွယ်တစ်လ နှစ်ကြိမ် ပုညရှင်တောင်ကိုကျော်၍ မဟာဂန္ဓာရုံချောင်သို့ ဥပုသ်ပြုသွားရ၏။ တောင်တက်၊ တောင်ဆင်းလုပ်ရသဖြင့်လည်း အညောင်းအညာကင်းသည်။ ဣရိယာပုဒ်မျှတခြင်း၊ ဥတုသပ္ပါယ ဖြစ်ခြင်း၊ ကြေလွန်းသောအာဟာရကို မှီဝဲရခြင်း၊ ဤဆေး(၃)ခွက်ကြောင့် (၁)နှစ်အတွင်း ကျန်းမာရေး သိသိသာသာ တိုးတက်ကောင်းမွန်လာခဲ့သည်။

ရွှေဟင်္သာဘုန်းကြီးသည် ကျန်းမာရေးကောင်းလာသဖြင့် စာပေလေ့လာရန် စိတ်ဆန္ဒပြင်းပြလာသည်။ ထိုစဉ်က ရွှေဟင်္သာချောင်၌ ကိုရင်တစ်ပါး ကျောင်းသားတစ်ယောက်မျှသာရှိ၍ ပရိသတ်တာဝန်နည်းသည်။ သို့ဖြစ်၍ အချိန်ရှိသမျှပါဠိ၊ အဋ္ဌကထာ၊ ဋီကာတို့ကို စုံလင်နှံ့စပ် အထပ်ထပ် ကြည့်ရှုလေ့လာခွင့်ရခဲ့သည်။

၁၂၈၅-ခုနှစ် (၁၉၂၃ - ၁၉၂၄)တွင် လေးမျက်နှာမြို့ မိကျောင်းရဲကျောင်းကို လက်ခံခဲ့သည်။ စာသင်တိုက်ကလေးတစ်တိုက် ဖြစ်စေမည်ဟု ရည်မှန်းခဲ့သည်။ သို့ရာတွင် အကြောင်းမညီညွတ်သေးသဖြင့် ထိုကိစ္စ အကောင်အထည် မဖော်နိုင်ပေ။ ထိုစဉ် စစ်ကိုင်းတောင်၌ ရွှေဟင်္သာချောင်တည်ထောင်ပြီးနေထိုင်ခဲ့ရာ (၁)ဝါပင် ရရှိခဲ့လေသည်။ ၎င်းမိကျောင်းရဲကျောင်းကို စာချုပ်စာတမ်းနှင့်တကွ မိကျောင်းရဲဆရာတော်ကြီးထံ ပြန်လည်ပေးအပ်လိုက်သည်။

ရွှေဟင်္သာဘုန်းကြီးသည် 'စကားလိုသူအိုချဉ်း' ဆိုသည့်အတိုင်း စစ်ကိုင်း၌ ထင်ရှားကျော်ကြားသော ကြံခင်းဆရာတော်၊ ကျွဲလှူတောရဆရာတော်၊ ယောသိတဝန်ဆရာတော်စသည်တို့ထံချဉ်းကပ်၍ သာသနာ့ဗဟုသုတနှင့် လောကီဗဟုသုတတို့ကို မေးမြန်းရှာမှီးတော်မူခဲ့သည်။

ထိုဗဟုသုတများထဲမှ ပထမထွဋ်ခေါင်ဆရာတော်ဘုရားကြီးအကြောင်း စာအုပ်ကို ရေးသားထုတ်ဝေခဲ့သည်။

၁၂၉၃-ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် (၅)ရက်နေ့ (၄.၇.၁၉၃၁) တွင် ညောင်တုန်းရွှေဟင်္သာတောရ တိုက်အုပ်ဆရာတော်ထံမှ စာတစ်စောင် ရောက်လာ၍ ရွှေဟင်္သာချောင်ကို စွန့်ခွာပြီး ညောင်တုန်းသို့ ချက်ချင်း ထွက်လာခဲ့ရသည်။ ကိုရင်ဇိနဝံသနှင့် ကျောင်းသားကိုလည်း တစ်ပါတည်း ခေါ်လာခဲ့သည်။

ညောင်တုန်းသို့ ရောက်သောအခါ စွယ်တော်ကျောင်းမှ တပည့်ဟောင်းများ ဖြစ်ကြသည့် စာချဘုန်းကြီး ဦးကေသရ၊ လက်ထောက်စာချ ဦးသုတ္တိတတို့ အပါအဝင် နောက်ပါတပည့် (၁၀)ပါးနှင့်အတူ မော်လမြိုင်ကျွန်းဘုရားကြီးကျောင်းတိုက်တွင် သံဃာ (၂၅)ပါးခန့် ဝါဆိုရာ စည်စည်ကားကား ဖြစ်လာသည်။

ဘုရားကြီးကျောင်းတိုက်သည် သံဃာများဖြင့်လည်းကောင်း၊ စာကျက်သံများဖြင့်လည်းကောင်း ကျက်သရေရှိလာ၏။ ကျောင်းတိုက် ကျက်သရေရှိလာသည်နှင့်အမျှ မော်လမြိုင် ဒကာ၊ ဒကာမများက ညွတ်လာကြသည်။ စေတနာသဒ္ဓါတရား ဖြစ်ပွားကာ ဝိုင်းဝန်းအားပေးကြ၊ လှူဒါန်းထောက်ပံ့ကြ၏။ ဝါကျွတ်သောအခါ ရွှေဟင်္သာဘုန်းကြီးသည် စာချဘုန်းကြီး ဦးကေသရတို့ကိုထားခဲ့ပြီး ကျောင်းသားတစ်ယောက်နှင့်အတူ ညောင်တုန်းသို့သွား၍ စစ်ကိုင်းသို့ ပြန်လာခဲ့သည်။ ၁၂၉၃- ခုနှစ်၊ တပို့တွဲလဆန်း (၇)ရက်နေ့ (၁၃.၂.၁၉၃၂) တွင် မော်လမြိုင်ကျွန်းဘုရားကြီးကျောင်းတိုက်ကို ပြန်အပ်ခဲ့သည်။

စံကျောင်းဆရာတော်သည် ၁၂၉၄-ခုနှစ်၊ ဝါဆိုလဆန်း (၅-၆-၇)ရက် (၁၉၃၂-ခုနှစ်၊ ဇွန်လ ၈-၉-၁၀ ရက်)တွင် မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ်၌ ပဌမအကြိမ် သာသနာတော်လုံးဆိုင်ရာ ရွှေကျင်နိကာယသံဃာ့အစည်းအဝေးကြီး ကျင်းပရာသို့ တက်ရောက်ရန် (၁၀)ရက်ခန့် ကြိုတင်ကြွလာပြီး ရွှေဟင်္သာချောင်တွင် သီတင်းသုံးကာ ရွှေဟင်္သာဆရာတော်အား ချီးမြှောက်မှုပြုခဲ့သည်။

ရွှေဟင်္သာဘုန်းကြီးသည် ၁၂၈၉-ခုနှစ် (၁၉၂၇-၂၈)မှစ၍ မင်းဝံတောင်ရိပ် တိတ်ဆိတ်သော ရွှေဟင်္သာချောင်၌ ကိုရင်တစ်ပါးကျောင်းသား

တစ်ယောက်မျှဖြင့် အေးဆေးစွာ နေထိုင်ခဲ့လေသည်။ စာပေကြည့်ရှု ရေးသားခြင်း၊ ကမ္မဋ္ဌာန်းဘာဝနာ ပွားများခြင်းများဖြင့် ပျော်ခဲ့လေသည်။

ထိုစဉ် ရွှေဟင်္သာဘုန်းကြီး၏ ဘုန်းကံအလျောက်ရေတွင်း၊ ရေကန်နှင့် ကျောင်းအဆောက်အအုံများ တစ်စတစ်စ ပေါ်ပေါက်လာခဲ့သည်။ တပည့်ပရိသတ်များလည်း တိုးတက်ရောက်ရှိများပြားလာသည်။ ညောင်တုန်းမှ တပည့်ဟောင်း အချို့လည်းလိုက်လာပြီး ရွှေဟင်္သာချောင်၌ နေထိုင်ကြ၏။ ဦးပဉ္ဇင်း၊ ကိုရင်၊ ကျောင်းသား တပည့်ပရိသတ် (၃၀)ကျော်အထိ ရှိလာသည်။

(စစ်ကိုင်းတောင်ရိုးထွက်ခဲ့စဉ်က တစ်ပါးတည်းနေမည်။ ကျောင်းလေးတစ်ကျောင်းနှင့် အိုးတစ်လုံးဖျာတစ်ချပ်ရှိလျှင် ပြည့်စုံပြီဟု နေလာခဲ့ရာ တဖြည်းဖြည်း တိုးလာသောကြောင့်သာ) 'သာသနာပြုနိုင်သည့်အခါ စွမ်းနိုင်သမျှ ကြိုးစား သာသနာပြုရန် တိုက်တွန်းပါ၏။ တို့လောက်အသက်ကြီးလို့ အသက် (၆၀) ကျော်သောအခါ သဘောအတိုင်းပြုလုပ်စေလို၏။ ယခုလိုငယ်တဲ့အခါမှာ ကြိုးစားသာသနာပြုစေလို၏။ သို့မှ သာသနာ့ကျက်သရေ ရှိမည်။ သာသနာကိုလည်း တွေ့ကရာ ပြုချင်တဲ့သူတိုင်း ပြုနိုင်တာမဟုတ်ဘူး။ ဘုန်းကံရှိမှပြုနိုင်သည်။ ယခု နေဘုန်းကံအလျောက် သာသနာပြုဖို့အခွင့်ကြုံတဲ့အခါမှာ စွမ်းနိုင်သမျှ ကြိုးစား သာသနာပြုစေလိုသည်' ဟူသော စံကျောင်းဆရာတော်၏ စာရေးတိုက်တွန်းမှုကြောင့် တပည့် ပရိသတ်များမွေးပြီး သာသနာပြုတော်မူခဲ့ခြင်းဖြစ်သည်။

၁၂၉၅-ခုနှစ် (၁၉၃၃-၃၄)တွင် ရွှေဟင်္သာဘုန်းကြီးသည် တပည့်ပရိသတ်များအား စာပေပို့ချပေးရင်း အတိသုဒ္ဓါရုံဆရာတော်ထံ သက္ကတဘာသာကို လေ့လာသင်ယူခဲ့သည်။ အတိသုဒ္ဓါရုံဆရာတော်ကြီးသည် မဟာဝိသုဒ္ဓါရုံဆရာတော်ကြီး၏ တပည့်ဖြစ်၏။ မဟာဝိသုဒ္ဓါရုံဆရာတော်ကြီးထံမှ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာကျမ်းများအပြင် သက္ကတကျမ်းများကိုလည်း သင်ယူခဲ့သည်။

စာဏကျနီတိဂါထာများကို သက္ကတဘာသာမှ ပါဠိဘာသာသို့ ပြန်ဆိုရေးသားပြီး နိဿျအနက်များကို ချောပြေအောင် ပြင်ဆင်ရေးသားသည်။ ကျက်လွယ်၊ မှတ်လွယ်ရှိစေရန် မြန်မာကဗျာများကိုလည်း စီကုံးထည့်သွင်းသည်။ သို့ဖြင့် 'စာဏကျနီတိနိဿျကျမ်း' တစ်စောင်ဖြစ်လာသည်။

## ရွှေဟင်္သာတိုက်သစ် တည်ထောင်ခြင်း

ရွှေဟင်္သာချောင်နေရာသည် တစ်ဧကခန့်ရှိ၍ အဆောက်အအုံ ဆောက်လုပ်ရန် ကျဉ်းနေသည်။ အရှေ့ဖက်၌ ရက္ခမူချောင်၊ တောင်ဖက်၌ လှည်းလမ်းများရှိနေ၍ တိုးချဲ့ရန်မဖြစ်နိုင်။ ထို့ကြောင့် အဆောက်အဦ များများ ဆောက်လုပ်နိုင်မည့် နေရာသစ်တစ်ခုကို ရှာဖွေကြည့်ရှုကြသည်။ ရွှေဟင်္သာချောင်တောင်ဖက် လှည်းလမ်းမျှသာခြားသော မြေကွက်ကြီး တစ်ကွက်ရှိ၏။ စစ်ကိုင်းအုတ်စက်ရှာ ဦးထွန်းသာ - ဒေါ်လွန်းဘုံ တို့၏ ယာမြေဖြစ်သည်။ အကျယ်ဧရိယာမှာ ၁၂.၆၀ ဧကရှိသည်။ ၎င်းမြေကွက် ကို ၁၂၉၆ ခုနှစ်၊ နယုန်လတွင် ဦးစစ်ကြူး၏ သမီး မအန်းသူ၊ မကျင်တို့ ကိုယ်တိုင် လာရောက် ဝယ်ယူကြသည်။

၁၂၉၈-ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၁၀)ရက်နေ့ (၂၃.၁၀.၁၉၃၆) တွင် ကျောင်းတိုက်ပန္နက်ချ၍ သိမ်ကို စတင်သမုတ် ကြသည်။ ရွှေဟင်္သာဘုန်းကြီးက သိမ်တိုက်ကမ္ပည်းကျောက်စာကို ရေးထိုး စေခဲ့သည်။ ထိုနေ့သည် စစ်ကိုင်းတောင် ရွှေဟင်္သာတိုက်သစ် စတင် တည်ထောင်သည့်နေ့ပင် ဖြစ်သည်။ ရွှေဟင်္သာတိုက်သစ် ပေါ်လာသော အခါ ရွှေဟင်္သာချောင်သည် ရွှေဟင်္သာတိုက်ကျောင်းဟူသော အမည်သို့ အလိုအလျောက် ပြောင်းသွားသည်။ ထိုစဉ်က ရွှေဟင်္သာတိုက်ကျောင်း၌ သံဃာ (၂၀)ခန့်ရှိရာ ရွှေဟင်္သာဘုန်းကြီးက သံဃာအချို့ကို တိုက်သစ်သို့ ခွဲပို့ထားသည်။ မိမိကိုယ်တိုင်မှာမူ ရွှေဟင်္သာတိုက်ကျောင်းမှာပင် ဆက်လက် သီတင်းသုံးနေထိုင်သည်။

၁၃၀၁-ခုနှစ် (၁၉၃၉ - ၄၀)တွင် ၁၂.၆၀ ဧကအကျယ်ရှိသော မြေကွက်ကြီး၌ လှပခန့်ညားသောတိုက် (၂)လုံးကို အဝေးမှပင် ထီးထီးကြီး မြင်နေရသည်။ ရွှေဟင်္သာဆရာတော်သည် ရွှေဟင်္သာတိုက် (၂)လုံး ဆောက်ပြီးသော်လည်း သပ္ပာယဖြစ်မည့် မြေစိုက်တဲကြီး၌သာ တစ်ပါး တည်း သီတင်းသုံးနေထိုင်သည်။ ထိုနှစ် ဝါတွင်းတွင် သံဃာ (၂၅)ပါး ဝါဆိုကြသည်။ ဆရာတော်သည် တိုက်သစ်တိုက်ဟောင်း (၂)ကျောင်းလုံးရှိ တပည့်သံဃာများကို အုပ်ချုပ်ကာ စာပေပို့ချပေးသည်။ တစ်ဖက်မှလည်း ကျမ်းစာများကို ရေးသားပြုစုသည်။ ယင်းနှစ်၌ပင် သစ်သားကျောင်းငယ် များအသီးသီး ပေါ်လာသည်။

၁၃၀၃-မှ ၁၃၀၆-ခုနှစ် (၁၉၄၁-၄၂) (၁၉၄၄-၄၅)အတွင်း၌ ဂျပန်များ မြန်မာပြည်သို့ ရောက်လာသဖြင့် ရွှေဟသ်ာဆရာတော်သည် စစ်ပြေးစစ်ဒဏ် ကင်းဝေးစေရန် ရွှေဟသ်ာတိုက်သစ်၌လည်းကောင်း၊ ငါးခွန်မြို့ သိမ်တော်ကျောင်းတိုက်၌လည်းကောင်း၊ လိပ်ခွန်တောရ၌လည်း ကောင်း သင့်လျော်ရာဌာနတို့၌ ရွှေ့ပြောင်းကာ သီတင်းသုံးနေတော်မူသည်။ ရောက်ရာဒေသ၌ မေတ္တာကို အဓိကထား၍ လိမ္မာပါးနပ်စွာ ဆက်ဆံတော် မူခဲ့သဖြင့် အန္တရာယ်အမျိုးမျိုးမှ လွတ်မြောက်တော်မူခဲ့သည်။ တစ်ပါးတည်း သီတင်းသုံးနေသည့်အခါ မေတ္တာသုတ်ကို ရွတ်ဖတ်သရဇ္ဈာယ်နေတတ်သည်။

မေတ္တာသုတ်အနက်၊ အဓိပ္ပာယ်ကို ဆင်ခြင်မိပြီး ဤမေတ္တာသုတ် ဒေသနာတော်နှင့် အညီလိုက်နာကျင့်သုံးကြပါလျှင် ယခုကဲ့သို့ ကမ္ဘာစစ် ကြီးမျိုးဖြစ်မည်မဟုတ်ဟု ယုံကြည်သည်။ သို့ဖြစ်၍ မေတ္တာသုတ်အနက် အဓိပ္ပာယ်ကို လူတိုင်းနားလည် သဘောပေါက်အောင်ရေးရလျှင် ကောင်း မည်ဟုအကြံရကာ မေတ္တာသုတ်မြန်မာဋီကာကျမ်းကို စစ်အတွင်း၌ ရေးသား တော်မူခဲ့သည်။

၁၃၀၇-ခုနှစ် (၁၉၄၅ - ၁၉၄၆)တွင် ရွှေဟသ်ာဆရာတော်သည် ညောင်တုန်းသို့သွား၍ စစ်အတွင်းကာလ၌ ရေးသားခဲ့သော မေတ္တာသုတ် မြန်မာဋီကာစာမူနှင့် ဝိပဿနာတရားစာမူတို့ကို စံကျောင်းဆရာတော် ဖတ်ရှုပြင်ဆင်နိုင်ရန် ဆက်ကပ်ခဲ့သည်။

၁၃၀၈-ခုနှစ် (၁၉၄၆-၄၇) တွင် ရှမ်းပြည်တောင်ပိုင်းတောင်ကြီး မြို့၌ သတ္တမအကြိမ် ရွှေကျင်ဂိုဏ်းအစည်းအဝေးပွဲကြီး ကျင်းပရာ၌ စိတ်အားထက်သန်စွာ ပါဝင်ကူညီလုပ်ဆောင်ခဲ့သည်။ စစ်ပြီးခါနီး ၁၃၀၆-ခုနှစ်(၁၉၄၄-၄၅)မှစ၍ ရွှေဟသ်ာတိုက်၌ သံဃာတော်များကို လက်ခံကာ စာပေပရိယတ္တိ သင်ယူပို့ချခဲ့သည်။ ထိုနှစ်တွင် သံဃာ (၈)ပါး စတင် သီတင်းသုံးသည်။

ရွှေဟသ်ာတိုက်သစ်၌ နေလိုသော ပုဂ္ဂိုလ်များသည် မူလ ဆရာ သမားများကိုယ်တိုင်က တာဝန်ခံပို့ရသော ပုဂ္ဂိုလ်များဖြစ်ရမည့်အပြင် ကျန်းမာရေးကောင်းခြင်း၊ ကိုယ်အင်္ဂါပြည့်စုံခြင်း၊ စာသင်ယူနိုင်လောက် အောင် ဉာဏ်အရည်အချင်းရှိခြင်းစသော အင်္ဂါရပ်များနှင့် ပြည့်စုံသော ပုဂ္ဂိုလ် ဖြစ်ရမည်။

"နည်းတယ်များတယ် မဟုတ်ပါဘူး၊ သန့်ရှင်းသော ပရိသတ် ဖြစ်စေချင်တယ်၊ သန့်ရှင်းတဲ့ပရိသတ်နဲ့ပဲနေချင်တယ်။ ဒါကြောင့်မို့ စိစိစစ်စစ် လက်ခံခဲ့သည်" ဟု ရွှေဟသ်ာဆရာတော်က မိန့်တော်မူလေ့ရှိသည်။

ရွှေဟသ်ာတိုက်သစ် အုပ်ချုပ်ရေးတွင် ရွှေဟသ်ာဆရာတော်သည် အဓိက ဖြစ်၏။ ဆရာတော်၏ ညွှန်ကြားဆုံးမသြဝါဒနှင့်အညီ နေထိုင်ကြရသည်။ ရွှေဟသ်ာတိုက်သစ်၌ နေထိုင်သည့်ပုဂ္ဂိုလ်များလိုက်နာရန် ဥပဒေ (၃၇)ချက် ရေးဆွဲထားသည်။ ထိုဥပဒေများကို ခြုံ၍ကြည့်လျှင် ၁။ အကျင့်စာရိတ္တကောင်းမွန်၍၊ ဝိနည်းသိက္ခာပုဒ် လေးစားရေးနှင့် ၂။ ပရိယတ္တိစာပေသင်ယူရေးဟူသော အနှစ်သာရ (၂)မျိုးကိုသာ တွေ့ရသည်။

ရွှေဟသ်ာဆရာတော်သည် စစ်ကိုင်းရောက်စနှစ်များ၌ စစ်ကိုင်းတောင်ရိုးတွင် ရွှေကျင်ဂိုဏ်းဝင်ကျောင်း (၃၀)ခန့်နှင့် သံဃာ (၂၀၀)ခန့်သာရှိသေးသည်။ ထိုစဉ် စစ်ကိုင်းတောင် ရွှေကျင်သံဃာများသည် သင်္ကန်းရောင်ရင့်ရင့်ကို ဝတ်ရုံလေ့မရှိကြသေး။ ရွှေဟသ်ာဆရာတော်တစ်ပါးသာ အရောင်ရင့်ရင့်ဝတ်သည်။

၁၃၁၀-ခုနှစ် (၁၉၄၈ - ၄၉)မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးစတွင် မြောင်းမြဆရာတော် အရှင်ဉာဏာဘိဝံသနှင့် ကျွန်းကုန်းဆရာတော်အရှင်နာယကတို့သည် စစ်ကိုင်းရောက်ခိုက် ရွှေဟသ်ာတိုက်သစ်၌ တည်းခိုနေထိုင်ကြသည်။ ထိုစဉ်က အမရပူရ ဂန္ဓာရုံဆရာတော်အရှင်ဇနကာဘိဝံသသည် မြောင်းမြဆရာတော်ကို ကန်တော့ရန် ရွှေဟသ်ာတိုက်သို့ရောက်လာ၏။ ရွှေဟသ်ာတိုက်သစ်၌ သင်္ကန်းညိုညိုနှင့် တိုတိုဝတ်ရုံထားသော သံဃာတော်များကိုမြင်သောအခါ အရှင်ဇနကာဘိဝံသက သင်္ကန်းရောင်နှင့် ဝတ်ပုံရုံပုံ ကြည်ညိုဖွယ်ရှိလှပါသည်ဟု ရွှေဟသ်ာဆရာတော်အား ဖွင့်ဟချီးကျူးခဲ့လေသည်။

ရွှေကျင်ဂိုဏ်းအစည်းအဝေးကို သုံးနှစ်တစ်ကြိမ်ကျင်းပရန် ပြဋ္ဌာန်းထားသော်လည်း ခေတ်အခြေအနေအရ သုံးနှစ်တစ်ကြိမ် မကျင်းပနိုင်ခဲ့ပေ။ ၁၃၁၄-ခုနှစ် (၁၉၅၂ - ၅၃)ရောက်မှသာ ပြန်လည်ကျင်းပနိုင်ခဲ့သည်။

ရွှေဟသ်ာဆရာတော်သည် မိမိကျောင်းတိုက်နှင့် ရွှေကျင်ဂိုဏ်းဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း၊ သာသနာလုံးဆိုင်ရာ ကိစ္စရပ်များကို

လည်းကောင်း၊ ကိုယ်စွမ်းဉာဏ်စွမ်းရှိသလောက် သဒ္ဓါတရားပြည့်စုံစွာ ဆောင်ရွက်တော်မူခဲ့သည်။ ကျမ်းစာပေများကိုလည်း ရေးသားတော်မူခဲ့သည်။ ထို့ကြောင့် ၁၃၂၂ ခုနှစ် (၁၉၆၀ - ၆၁)တွင် 'အဂ္ဂမဟာပဏ္ဍိတ' ဘွဲ့တော်ကို ရရှိတော်မူခဲ့သည်။ အဂ္ဂမဟာပဏ္ဍိတအဆင့်တွင် ရွှေဟင်္သာ ဆရာတော် ပါလာသောအခါ စစ်ကိုင်းတောင်ရိုး ဇေယျသိမ်ဆရာတော် အရှင်ပညိန္ဒာဘိဝံသက ရွှေဟင်္သာဘုန်းကြီးတော့ ကျောင်းမှာနေရင်း ထိုင်ရင်းနဲ့ အဂ္ဂမဟာပဏ္ဍိတဘွဲ့ရသွားပြီဟု နီးစပ်ရာ ပုဂ္ဂိုလ်များအား ပြောကြားလေ့ရှိသည်။ ရွှေဟင်္သာဆရာတော်သည် အဂ္ဂမဟာပဏ္ဍိတဘွဲ့ ရချိန်၌ သက်တော်(၆၈)နှစ် ဝါတော်(၄၈)ဝါရှိလေပြီ။ ထိုအချိန်၌ မြန်မာ အလင်္ကာကျမ်းအပါအဝင် ကျမ်းပေါင်း(၁၄)ကျမ်း ပြုစုရေးသားခဲ့ပြီးဖြစ်သည်။

၁၃၂၄ ခုနှစ်၊ ရွှေဟင်္သာဆရာတော်သည် သက်တော်အားဖြင့် (၆၀)ကျော် (၇၀)အတွင်းသို့ ရောက်လာခဲ့ပေပြီ။ (၆၀)ကျော် (၇၀)ကျော် အရွယ်မှာ ငယ်သည့်အရွယ် မဟုတ်တော့ချေ။ ဒသကအားဖြင့် ပိုင်းကြည့်လျှင် အဆင်း၊ ခွန်အား၊ ပညာ အရာရာ ယုတ်လျော့သည့် ဟာနိဒသက အရွယ်ပင်ဖြစ်သည်။

၁၃၃၇-ခုနှစ် (၁၉၇၅-၁၉၇၆) တွင် ပဲခူးမြို့၌ ကျင်းပသော ဇကာဒသမအကြိမ် ရွှေကျင်ဂိုဏ်းလုံးကျွတ်အစည်းအဝေးကြီးက 'ရွှေကျင် နိကာယဉက္ကဋ္ဌ' ဆရာတော်ကြီးများကို တညီတညွတ်တည်း ရွေးချယ် တင်မြှောက်ခဲ့သည်။ သက်တော် ၉၀၊ သိက္ခာတော် ၇၁ ရှိ မန္တလေးမြို့ အရှေ့ဝိသုဒ္ဓါရုံဆရာတော်ကြီးကို 'ရွှေကျင်နိကာယဉက္ကဋ္ဌ မဟာနာယက ရွှေကျင်သာသနာပိုင်' အဖြစ် တင်မြှောက်၍ စစ်ကိုင်းရွှေဟင်္သာဆရာတော်၊ အမရပူရမဟာဂန္ဓာရုံဆရာတော်၊ မန္တလေးဝိသုဒ္ဓါရုံ ပိုက်ကျုံးဆရာတော်၊ မန္တလေးဝိသုဒ္ဓါရုံ အသောကဆရာတော်တို့ကို 'ရွှေကျင်နိကာယဉပဉက္ကဋ္ဌ မဟာနာယကတွဲဖက်ရွှေကျင်သာသနာပိုင်' အဖြစ် ရွေးချယ်တင်မြှောက် ခြင်းခံရသည်။

ယင်း ၁၃၃၇-ခုနှစ် တပေါင်းလပြည့်နေ့ (၁၄-၃-၁၉၇၆)တွင် ညောင်တုန်းမြို့ ရွှေဟင်္သာတိုက် (၇၅)နှစ်မြောက် စိန်ရတုသဘင်ကို ရွှေဟင်္သာတောရတိုက်၌ ခမ်းနားသိုက်မြိုက်စွာ ဆင်ယင်ကျင်းပခဲ့သည်။ ယင်း၌ ရွှေဟင်္သာနွယ်၏ ကျက်သရေဆောင် ဖြစ်တော်မူသော ရွှေဟင်္သာ

ဆရာတော်အား 'ရွှေဟင်္သာ ဝံသ စိန်ရတု သံဃမဟာ သဘာ' က ရွှေဟင်္သာနွယ်၏ အဓိပတိဆရာတော်အဖြစ် တညီတညွတ်တည်း တင်မြှောက်ကြပြီး ရွှေဟင်္သာဝံသ သံဃမဟာနာယကာဓိပတိဟူသော အမြင့်ဆုံးဘွဲ့တံဆိပ်တော်ကိုဦးညွှတ်ဆက်ကပ်ကြသည်။ ယင်းအချိန်၌ ရွှေဟင်္သာဆရာတော်သည် သက်တော် (၈၃)နှစ်၊ သိက္ခာတော် (၆၄)ဝါရှိပြီ ဖြစ်ပါသည်။

၁၃၄၀-၄၁ ခုနှစ် (၁၉၇၉-၈၀)တွင် ရွှေဟင်္သာဆရာတော်သည် ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရက အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ကို ဆက်ကပ်တော်မူခဲ့သည်။ ၁၃၅၁-ခုနှစ်(၁၉၈၆-၉၀)တွင် ရွှေကျင်နိကာယဥက္ကဋ္ဌ သမုတိသာသနာပိုင် တင်မြှောက်ခြင်းကို ခံယူရသည်။ ၁၃၅၄-ခုနှစ် တပေါင်းလပြည့်နေ့ (၁၉၉၂-၉၃)၌ နိုင်ငံတော်အစိုးရက အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဘွဲ့တံဆိပ်တော်ကို ဆက်ကပ်သောကြောင့် အလှူခံ ရရှိတော်မူသည်။

ရွှေဟင်္သာဆရာတော်သည် စစ်ကိုင်း၌ ကျောင်းတိုက်တည်ထောင်ပြီးနောက် နှစ်ပေါင်း (၃၀) ကျော်မျှ ကျောင်းတိုက်တာဝန်ကို ကိုယ်တိုင်ထမ်းဆောင်ခဲ့သည်။ အသက်အရွယ် (၆၀)ကျော်လာသည့်အခါတွင်မူ ကြီးလေးသော ကျောင်းတိုက်တာဝန်များကို အနည်းငယ်လျှော့ပြီး ကိုယ်ရေးတရားကို ပိုမိုကြိုးစားရန် စိတ်ဆန္ဒပြင်းပြလာသည်။ သို့ဖြစ်၍ အရည်အချင်းပြည့်သော တပည့်ကြီးများအား တာဝန်အသီးသီး အပ်နှင်းရန် စီစဉ်သည်။

ရွှေဟင်္သာဆရာတော်သည် တိုက်တာကိစ္စအဝဝတို့ကို တပည့်ကြီးများအား လွှဲအပ်ပြီးနောက် ဝိပဿနာတရားတော်များကို အထူးအားထုတ်တော်မူခဲ့သည်။ ကျမ်းစာများကိုလည်း အမျိုးမျိုးရေးသားခဲ့သည်။ သာသနာရေးကိစ္စအဝဝတို့ကိုလည်း တာဝန်ပြီးဆုံးအောင် ဆောင်ရွက်ခဲ့သည်။ ဒကာ၊ ဒကာမတို့၏ သဒ္ဓါတရားကို ငဲ့ညှာ၍ ချီးမြှောက်လိုသောစေတနာဖြင့် အနယ်နယ်အရပ်ရပ်သို့ ကြွရောက်၍ ကြည်ညိုခံခြင်း၊ ဩဝါဒပေးခြင်း၊ တရားဟောခြင်းကိစ္စရပ်များကိုလည်း ဆောင်ရွက်တော်မူခဲ့သည်။ ယင်းသို့ဆောင်ရွက်တော်မူရင်းပင် ၁၃၅၇- ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် (၁)ရက်၊ တနင်္လာနေ့ညနေ (၄:၃၀)နာရီ အချိန် သက်တော် (၁၀၁)နှစ်၊ (၇)လ၊ (၄)ရက်ရှိစဉ် ပျံလွန်တော်မူခဲ့ပါသည်။

## အခန်း - ၂
## သာသနာရေးဆောင်ရွက်ချက်များ (Missionary works)

မြတ်စွာဘုရား၏ အဆုံးအမဩဝါဒများကို သာသနာဟု ခေါ်သည်။ ထိုအဆုံးအမဩဝါဒများ ကြာရှည်တည်တံ့ပြီး ပြန့်ပွားအောင် ဆောင်ရွက်ရသည့်အရေးသည် သာသနာရေးဖြစ်သည်။ သာသနာဝန်ထမ်း ရှင်ရဟန်းတို့သည် သာသနာတော်၌ ပိဋကတ်စာပေများကို သင်ယူခြင်း၊ ပို့ချခြင်း၊ ဟောပြောခြင်း၊ ရေးသားခြင်း ဟူသောဂန္ထဓုရတာဝန်နှင့် မေတ္တာပွားများခြင်း၊ ဝိပဿနာရှုခြင်း ဟူသော ဝိပဿနာဓုရ တာဝန်နှစ်ရပ်တို့ကို စွမ်းစွမ်းတမံ ဆောင်ရွက်ကြရသည်။ ယင်းတာဝန်နှစ်ရပ်တို့တွင် တစ်ခါ တစ်ရံ၌ တာဝန်တစ်ရပ်ကိုသာ ဆောင်ရွက်ကြသော ရှင်ရဟန်းများလည်း ရှိကြပါသည်။ ပရိယတ္တိတာဝန်ကို ဆောင်ရွက်ခြင်းသည် ဂန္ထဓုရမည်၍၊ ပဋိပတ္တိတာဝန်ကို ထမ်းဆောင်ခြင်းသည် ဝိပဿနာဓုရမည်ပါသည်။ ပရိယတ္တိတာဝန်ကို ပြည့်ပြည့်ဝဝ ထမ်းဆောင်ကြသော ရှင်ရဟန်းတို့သည် ''နေ့ပရိယတ် ညပဋိပတ်'' ကျင့်စဉ်အတိုင်း ကျင့်ကြ၍ ပရိယတ်လည်း တင့်အောင်၊ ပဋိပတ်လည်း ကျင့်ဆောင်တော်မူခဲ့ကြပါသည်။ ရွှေဟင်္သာ ဆရာတော်သည် ယင်းသာသနာ့ တာဝန်နှစ်ရပ်ကို ပြည့်စုံအောင် ဆောင်ရွက် တော်မူခဲ့သော မဟာထေရ်မြတ်တစ်ပါးပင်ဖြစ်သည်။

### ပရိယတ္တိသာသနာပြန့်ပွားအောင် ဆောင်ရွက်ခြင်း

**စွယ်တော်ကျောင်းဘုန်းကြီးဘဝ**

၁၂၈၀ပြည့်နှစ် (၁၉၁၈ ခုနှစ်) တွင် ကျောင်းတော်ရာ ရွှေကျင် ဆရာတော်ဘုရားကြီးကိုယ်တိုင် သံဃာပရိတ်သတ်အလယ်၌ ဩဝါဒ စကား မိန့်ကြားတော်မူပြီး ကျောင်းဘုန်းကြီး ခန့်အပ်လွှာကို ဖတ်ကြားစေ ပါသည်။ ဦးပဏ္ဍိတသီရိကို စွယ်တော်ကျောင်းဘုန်းကြီး ခန့်အပ်၍ ကျောင်း တော်ရာ ရွှေကျင်ဆရာတော်ကြီးက -

''ယနေ့မှစ၍ မောင်ပဏ္ဍိတကို စွယ်တော်ကျောင်းဘုန်းကြီးဟု ခေါ်ဝေါ်ကြရမည်''

ဟု မိန့်တော်မူကာ သာဓုခေါ်စေပြီး အခမ်းအနားကို ရုပ်သိမ်းစေသည်။ ရွှေဟင်္သာတောရတိုက်၌ ကျောင်းဘုန်းကြီး၊ စာချဘုန်းကြီး၊ တိုက်အုပ်ရာထူး ဂုဏ်ထူးဖြင့် ချီးမြှောက်ရာ၌ဖြစ်စေ၊ စံကျောင်းဆရာတော်ဟူ၍ သမုတ်တင်မြှောက်ရာ၌ဖြစ်စေ၊ မြန်မာမင်းများ အစဉ်အလာ ချီးမြှောက်ခန့်အပ်ပုံအတိုင်း ခန့်အပ်မည့်ပုဂ္ဂိုလ်၏ ဂုဏ်ပုဒ်များကို နှုတ်ဖြင့် မိန့်ကြားပြီးလျှင် ခန့်အပ်စာကို ဌာန်ကရိုဏ်းကျနစွာ ပြတ်ပြတ်သားသား ဖတ်စွမ်းနိုင်သော သံဃာတစ်ပါးကို ဖတ်ကြားစေ၍ အခမ်းအနားဖြင့် ချီးမြှောက်မြဲဖြစ်သည်ဟု ရွှေဟင်္သာဆရာတော်က ရွှေဟင်္သာတောရသမိုင်း၌ ရေးသားဖော်ပြခဲ့သည်။

ကျောင်းဘုန်းကြီး ခန့်အပ်သည့် အခမ်းအနား၌ ကျောင်းတော်ရာ ရွှေကျင်ဆရာတော်ကြီး၏ ဂုဏ်ရည်များကို ချီးကျူးဖွဲ့ဆိုထားသည့် ဂါထာလေးပုဒ်၊ မဟာလေးချိုးကြီးတစ်ပုဒ်နှင့် ရှစ်ဆယ်ပေါ်တေးထပ်တစ်ပုဒ်တို့ကို ဦးပဏ္ဍိတသီရိက ရေးသားပူဇော်ခဲ့သည်။ ကျောင်းတော်ရာ ရွှေကျင်ဆရာတော်ကြီးသည် ဦးပဏ္ဍိတသီရိအား စွယ်တော်ကျောင်းဘုန်းကြီးအဖြစ် ခန့်အပ် ချီးမြှောက်တော်မူပြီးနောက် နှစ်စဉ်ကထိန်ပြီးတိုင်း သင်္ကန်းတစ်စုံ ချီးမြှင့်လေ့ရှိသည်။

ဦးပဏ္ဍိတသီရိသည် စွယ်တော်ကျောင်းဘုန်းကြီးဘဝတွင် ဆရာတော်များပေးအပ်သည့် တာဝန်ကို ကျေပွန်အောင် ဆောင်ရွက်ခဲ့သည်။ ကျောင်းတိုက်တာ၏အကျိုးကိုလည်း သယ်ပိုးခဲ့သည်။ ဦးပဏ္ဍိတသီရိ စွယ်တော်ကျောင်းဘုန်းကြီးအဖြစ် ခန့်အပ်ခံရချိန်သည် ၅၀ါပြည့်မြောက် ၆၀ါအရတွင် ဖြစ်ပါသည်။ ထိုနှစ်ဝါအတွင်း၌ စာပေပို့ချရင်း ''အာစေရ ဝဏ္ဏနာပျို့''ကို ရေးသားပြုစုခဲ့သည်။

စွယ်တော်ကျောင်းဘုန်းကြီးဘဝတွင် သဒ္ဒါ၊ သင်္ဂြိုလ်စသော အခြေခံကျမ်းစာများ၊ ပုဒ်စစ်သဒ္ဒါငယ်စသော အထောက်အကူစာများ၊ မာတိကာ၊ ဓာတုကထာ၊ ယမိုက်စသော အဘိဓမ္မာညဝါများ၊ ဝိနည်းပါဠိတော်၊ ကင်္ခါအဋ္ဌကထာ၊ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ စသော အထက်တန်း ကျမ်းစာများကို ပို့ချပေးခဲ့သည်။

ရွှေဟင်္သာဆရာတော်လောင်းလျာ ဦးပဏ္ဍိတသီရိသည် မိမိတစ်ဦး တည်းသဘောဖြင့် မည်သည့်အခါမှ လုပ်လေ့မရှိ။ အများနှင့်တိုင်ပင် ညှိနှိုင်း ပြီးမှသာ ဆောင်ရွက်လေ့ရှိသည်။ ရိုးသားဖြောင့်မတ်ခြင်း၊ မဟုတ်တာ မလုပ်ခြင်း၊ မှန်ကန်သည်ဟုယူဆလျှင် ရဲဝံ့စွာ ပြောဆိုလုပ်ကိုင်လေ့ရှိခြင်း ကြောင့် အများ၏လေးစားမှုကိုခံရသည်။

**လေးမျက်နှာမိကျောင်းရဲကျောင်း**

၁၂၈၅ ခုနှစ် (၁၉၂၃-၁၉၂၄)တွင် လေးမျက်နှာမြို့မှ ဒါယကာ တစ်ဦး ရောက်လာပြီး ဦးပဏ္ဍိတသီရိအား စာတစ်စောင် ဆက်ကပ်သည်။ လေးမျက်နှာမြို့ မိကျောင်းရဲဆရာတော်ကြီးထံမှဖြစ်သည်။ "တို့အသက် ကြီးပြီ၊ ကျောင်းလွှဲချင်ပြီ၊ လေးမျက်နှာသို့ ပြန်လာခဲ့ပါ" ဟုပါရှိသည်။ ဦးပဏ္ဍိတသီရိသည် စာရသောအခါ စံကျောင်းဆရာတော်နှင့် တိုက်အုပ် ဆရာတော်တို့အား အကျိုးအကြောင်း လျှောက်ထားပြီး လေးမျက်နှာမြို့သို့ လိုက်သွားသည်။

မိကျောင်းရဲဆရာတော်ကြီးသည် ဝမ်းမြောက်ဝမ်းသာဖြစ်ပြီး ကျောင်းလွှဲအပ်ရန် အစီအစဉ်များကို ပြုလုပ်သည်။ နေ့ရက် သတ်မှတ်ကာ ကျောင်းအပ်လွှဲပွဲကျင်းပသည်။ ကျောင်းအပ်ပွဲသို့ အရေးပါအရာ ရောက်သူ ဒါယကာ၊ ဒါယိကာမ (၆၀) ကျော် တက်ရောက်ကြသည်။ မိကျောင်းရဲ ဆရာတော်ကြီးက သာသနာထုံးစံ ဝိနည်းကံမြောက် ကိုယ်တိုင်နှုတ်မြွက် ပြောကြားခြင်းဖြင့်လည်းကောင်း၊ စာချုပ်စာတမ်းတွင် လက်မှတ်ရေးထိုး ခြင်းဖြင့်လည်းကောင်း ဦးပဏ္ဍိတသီရိအား လွှဲအပ်သည်။ ဦးပဏ္ဍိတသီရိ သည် မိကျောင်းရဲကျောင်းကို လက်ခံပြီးနောက် ညောင်တုန်းသို့ ပြန်လာ ခဲ့သည်။ မိကျောင်းရဲကျောင်း စာသင်တိုက်ဖြစ်ရေးကိစ္စကို ဖြည်းဖြည်း၌ ဆောင်ရွက်မည်ဟု ရည်ရွယ်ထားတော်မူသည်။

၁၂၈၅ (၁၉၂၃-၁၃၂၄) ခုနှစ်တွင် လေးမျက်နှာမြို့ မိကျောင်းရဲ ကျောင်းကို လက်ခံခဲ့သည်။ စာသင်တိုက်ကလေးတစ်တိုက် ဖြစ်ရစေမည်ဟု ရည်မှန်းခဲ့သည်။ သို့ရာတွင် အကြောင်းမညီညွတ်သေးသဖြင့် ထိုကိစ္စ အကောင်အထည် မဖော်နိုင်။ ထိုစဉ် စစ်ကိုင်းတောင်၌ ရွှေဟင်္သာချောင် တည်ထောင်ပြီး နေထိုင်ခဲ့ရာ ၁-ဝါပင်ရရှိခဲ့သည်။ တစ်နေ့သောအခါတွင်

လေးမျက်နှာမြို့ မိကျောင်းရဲဆရာတော်ကြီးထံမှ စာတစ်စောင် ရောက်လာသည်။

"မောင်ပဏ္ဍိတ ငါအိုပြီ၊ မင်းလာပြီးစောင့်ရှောက်ပါ။ မင်းမစောင့်ရှောက်နိုင်ရင်လဲ စောင့်ရှောက်နိုင်မည့် ပုဂ္ဂိုလ်ကို ငါပေးချင်သည်"

ဟု ဖော်ပြထားသည်။

ထိုစာ ရောက်လာသောအခါ ရွှေဟင်္သာဘုန်းကြီးသည် ကျောင်းကို လွှဲအပ်စဉ်က ပါဝင်သော ဒါယကာ၊ ဒါယိကာမ အချို့ထံ တာဝန်အရ အကြောင်းကြားလိုက်သည်။ ဒါယကာ၊ ဒါယိကာမအားလုံးကပင် ပြန်မပေးရန် လျှောက်ထားကြသည်။ သို့ရာတွင် ရွှေဟင်္သာဘုန်းကြီးသည် စာချုပ်၊ စာတမ်းနှင့်တကွ မိကျောင်းရဲဆရာတော်ကြီးထံ ပြန်လည်ပေးအပ်လိုက်သည်။ စစ်ကိုင်းတောင်ရာသီဥတုသည် ဦးပဏ္ဍိတသီရိ၏ ကျန်းမာရေးအတွက် သဟ္ဗာယဖြစ်သည်။ စစ်ကိုင်းတောင်ရိုး၌ နေရလျှင် ကျန်းမာမည်။ အသက်ရှည်မည်။ ပရိယတ်၊ ပဋိပက်အလုပ်ကို အားထုတ်နိုင်မည်ဟုပင် ယုံကြည်စွဲလမ်းသည်။ ၁၂၈၄ (၁၉၂၃-၁၉၂၄)ခုနှစ်တွင် ပထမဆုံးအကြိမ် စစ်ကိုင်းတောင်ရိုး၌ တစ်လခန့် နေထိုင်ရစဉ်က ကျန်းမာရေးကောင်းလာသည်ကို တွေ့ရသည်။

၁၂၈၆ (၁၉၂၄-၁၉၂၅) ခုနှစ်တွင် ဒုတိယအကြိမ် တစ်လခန့် နေထိုင်စဉ်လည်း ကျန်းမာရေးကောင်းသည်ကိုပင် တွေ့ရသည်။ သို့ဖြစ်၍ ဦးပဏ္ဍိတသီရိသည် စစ်ကိုင်းတောင်ရိုး၌ နေလိုသည့် ဆန္ဒပြင်းပြစွာ ဖြစ်ပေါ်လျက်ရှိသည်။ ဦးပဏ္ဍိတသီရိ စစ်ကိုင်းသို့ ကြွလာသောအခါ အစ်မဝမ်းကွဲတော်သူ သီလရှင်ဆရာလေးမနန္ဒာက ကိန္နရာချောင်တွင် ဦးပဏ္ဍိတသီရိကို တည်းခိုသီတင်းသုံးစေ၍ ပြုစုလုပ်ကျွေးတော်မူသည်။

## ရွှေဟင်္သာချောင်

ရွှေဟင်္သာဆရာတော်သည် မင်းဝံတောင်ရိုးအရှေ့ဖက် ရက္ခမူချောင်၏အနောက်ဘက် မြေကွက်လပ်ကလေးတွင် ၁၂၈၉ ခုနှစ်၊ ကဆုန်လ (၁၉၂၈၊ ဧပြီ-မေ)၌ ကျောင်းကလေးတစ်ဆောင် ဆောက်လုပ်ခဲ့သည်။ ရက္ခမူဆရာတော်ဦးအာစရက ကြည့်ကြပ်စီစဉ်ပေးရာ ကာလတန်ဖိုးငွေ (၇၀၀)ကျပ် ကုန်ကျသည်။ ကျောင်းပြီးသောအခါ ဦးပဏ္ဍိတတို့ ဆရာ

တပည့်ကျောင်းသစ်သို့ ပြောင်းရွှေ့နေထိုင်ကြသည်။ ဦးပဏ္ဍိတသီရိ၏ တပည့်မှာ ရှင်ဓမ္မပိယနှင့် ရှင်ဇိနဝံသတို့ ဖြစ်သည်။ ကျောင်းတိုက်၏ အမည်ကို ရွှေဟင်္သာချောင်ဟု မှည့်ခေါ်သည်။ ညောင်တုန်းမြို့ ရွှေဟင်္သာတောရကို အစွဲပြုမှည့်ခေါ်ခြင်းဖြစ်သည်။

ရွှေဟင်္သာဘုန်းကြီးသည် မိမိမျှော်လင့်သည့်အတိုင်း စစ်ကိုင်း၌ ကျန်းမာရေး၊ ပြည့်စုံလာသဖြင့် စံကျောင်းဆရာတော်အား ဝမ်းသာအားရ စာရေးလျှောက်ကြားခဲ့သည်။ ထိုအခါ စံကျောင်းဆရာတော်ထံမှ အောက်ပါအတိုင်း စာပြန်လာသည်။

စွယ်တော်ကျောင်းဘုန်းကြီးထံမှ ပေးလိုက်သောစာကိုရ၍ ကျန်းမာကြောင်း သိရသဖြင့် ဝမ်းမြောက်၏။ ကျန်းမာခြင်းအကြောင်းမှာ ဥတုကောင်းခြင်းသည်လည်း ကျန်းမာခြင်းအကြောင်းတစ်ခုပင်ဖြစ်သည်။ အစာကြေကျက်ခြင်းသည်လည်း ကျန်းမာခြင်းအကြောင်းတစ်ခုဖြစ်၏။ တရားကို နှလုံးသွင်းနိုင်ခြင်းသည်လည်း ကျန်းမာခြင်းအကြောင်းတစ်ခု ဖြစ်သည်။

ယခုအခါ သာသနာနောက်ပိုင်းသို့ ရောက်နေသောကြောင့်လည်းကောင်း၊ ဥတုများ မကောင်းသောကြောင့်လည်းကောင်း၊ အစာအဟာရများ မကောင်းသောကြောင့်လည်းကောင်း၊ အာရုံငါးပါး ကာမဂုဏ်တရားတွေများသောကြောင့်လည်းကောင်း၊ 'ဘုန်းကြီးများကလူ၊ လူက ဘိလူး အသွင်ထူးရှူးသူ ကြောက်ဖွယ်များလတ္တံ့' ဟူသော ရှေးဟောင်းတို့၏ စကားနှင့် ညီနေသောခေတ်ကြီး ကာလကြီးဖြစ်၍နေသောကြောင့် လူအများကို ကောင်းအောင်အားထုတ်ဖို့ သာသနာပြုဖို့ ခဲယဉ်းသည်။

စွယ်တော်ကျောင်းဘုန်းကြီးသည် ကျိုက္ခမီဆရာတော်များကဲ့သို့သာ အေးအေးနေချင်သော စိတ်တွေအများကြီး ရှိနေ၏။ ထိုကြောင့် -

**ကောသနံ ကေသေယျ၊ ကောစရ မတန္ဒိတော။**

**ကောဒမယ မတ္တာနံ၊ ဝနန္တေရမတော သိယာ။**

တစ်ယောက်တည်း အထီးတည်း နေခြင်းသို့လည်းကောင်း၊ တစ်ယောက်တည်း အထီးတည်းအိပ်ခြင်းသို့လည်းကောင်း၊ ဆည်းကပ်ကုန်ရာ၏။ မပျင်းသည်ဖြစ်၍ တစ်ယောက်တည်းသွားခြင်းသည် ဖြစ်ရာ၏။ ကိုယ့်ကို တစ်ယောက်အထီးတည်း ဆုံးမသည်ဖြစ်၍ မိန်းမသံ၊ ယောကျ်ားသံ ဆိတ်ငြိမ်သော တော၌မွေ့လျော်သည် ဖြစ်ရာ၏။

**ဝိဝါဒပ္ပတ္တော ဒုတီယော၊ ကေနေကော ဝိဝဒိဿတိ။**
**တဿသေ မော‌က္ခကာမဿ၊ ဧကတ္တမှ ပရောစတံ။**

နှစ်ယောက်မြောက် အဖော်ရှိလျှင် ငြင်းခုံခြင်းသို့ ရောက်ရ၏။ တစ်ယောက်ထဲရှိမူ အဘယ်သူနှင့် ငြင်းမည်နည်း။ နိဗ္ဗာန်ကိုလိုလားသော သင့်အား တစ်ယောက်တည်းနေရခြင်း၏အဖြစ်ကို နှစ်သက်ပါလော့။

**ပုရတော မစ္ဆတောဝါပိ၊ အပရောစေ နဝိဇ္ဇတိ။**
**အတိဝ ဖာသု ဘဝတိ၊ ဧကဿ ဝသတော ဝနေ။**

မိမိပတ်ဝန်းကျင် ရှေ့နောက်ဝဲယာ အရပ်မျက်နှာ၌ တခြားတစ်ပါးသောသူ မရှိခဲ့ပါမူ တစ်ယောက်ထီးတည်း နေသော ငါ့အား အလွန်လျှင် ချမ်းသာလှ၏ဟူသောဂါထာကို အခါခါ နှလုံးသွင်း၍ တစ်ယောက်တည်း တစ်ပါးတည်း နေဖို့ကိုသာ အခါခါ စိတ်ညွတ်လျက်ရှိသည်။ ဆရာသမားများ၏ ဆုံးမဩဝါဒအတိုင်း ကျားမြီးဆွဲမိသောသူကဲ့သို့ နေလက်စနှင့်သာ အောင့်၍နေရသည်။ သံဃာတွေအားလုံး ကျန်းမာကြ၏။ စွယ်တော်ကျောင်း ဘုန်းကြီးလည်း ကျန်းမာချမ်းသာစေရန် မေတ္တာပို့ပါ၏ဟု ရေးသားထားပါသည်။

## မော်လမြိုင်ကျွန်းဘုရားကြီးကျောင်း

၁၂၉၃ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၅ ရက် (၁၉၃၁ ဇူလိုင် ၄) နေ့တွင် ညောင်တုန်း ရွှေဟင်္သာတိုက်အုပ်ဆရာတော်ထံမှ စာတစ်စောင် ရောက်လာသည်။ စာအိတ်တွင် 'စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာချောင် ဘုန်းကြီးဦးပဏ္ဍိတ ပုဂ္ဂိုလ်သူမြတ်ထံဟု လိပ်စာတပ်ထားပြီး ညောင်တုန်းမြို့၊ ရွှေဟင်္သာတောရတိုက်အုပ်ဆရာတော် ပို့သည်။ အမြန်ကြည့်၍ ကြေးနန်းပြန်စေလိုသည်' ဟု ဖော်ပြထားသည်။

"မေတ္တာရှေ့ထား မိန့်ကြားသိစေသည်။ ရွှေဟင်္သာချောင်ဘုန်းကြီး အကြောင်းမှာ မော်လမြိုင်ကျွန်း ဘုရားကြီးကျောင်းဆရာတော်မှ ဘုရားကြီးကျောင်းတိုက် စံကျောင်းဆရာတော်အား အပ်နှံလှူဒါန်းလာ၏။ ဘုရားကြီးကျောင်းတိုက်ဒကာများကလည်း အလွန်သဘောတူသည်ဟု အပ်နှံစာတွင်ပါ၏။ အပ်နှံလှူဒါန်းစာရသည့်အတွက် မင်းကိုယ်တိုင်လိုက်သွားပြီး ရှုစမ်းဖို့ရာသင့်သည်ဟု ဆရာအား စံကျောင်းဆရာတော်က စေခိုင်းသည်။

စံကျောင်းဆရာတော်ဘုရား အမိန့်အတိုင်း ဆရာကိုယ်တိုင် လိုက်သွား၍ ဉာဏ်ရှိသရွေ့ ရှုစမ်း၏။ ဘုရားကြီးကျောင်းတိုက်ဒကာများနှင့်လည်း အကြိမ်ကြိမ် တွေ့ခဲ့သည်။ ၎င်းတို့ကလည်း စံကျောင်းဆရာတော်ဘုရားကို အပ်နှံလှူဒါန်းလိုစိတ် အလွန်များ၏။ အလွန်ထက်သန်၏။ သံဃာ၂၅ပါး အတွက် တာဝန်မလေးပါဟု လျှောက်ကြ၏။

ဘုရားကြီးကျောင်းတိုက်ဒကာများနှင့် မော်လမြိုင်ကျွန်းရှိ ရွှေဟင်္သာတောရတိုက် ဒကာများ နှစ်ဦးတွဲစပ်၍ တဖြည်းဖြည်း သာသနာ ပြုပါက မုချကြီးပွားနိုင်မည်ဟု ဆရာ့ဉာဏ်တွင် သဘောသက်ဝင်၏။

မော်လမြိုင်ကျွန်း သာသနာပြုရေးသည် ရွှေဟင်္သာချောင်ဘုန်းကြီး နှင့် သင့်လျော်သည်ဟု စံကျောင်းဆရာတော်ဘုရားနှင့် ဆရာတို့ဉာဏ်တွင် ထင်မြင်၏။ ထိုကြောင့် ဤစာရောက်က အမြန်လာခဲ့စေလို၏။ မည်သည့် ရက်နေ့လာမည်ကို အမြန်သံကြိုးပြန်စေလို၏။ ယခု လာလတ္တံ့ တစ်ဝါတွက်သာသနာပြုစမ်း၍ ရှေ့ကိုကြီးပွားမည်ဟု ရွှေဟင်္သာချောင် ဘုန်းကြီးဉာဏ်နှင့် စံကျောင်းဆရာတော်ဘုရားတို့ဉာဏ်တွင် ထင်မြင်က ဆက်၍ သာသနာပြုရန်သင့်၏။ မထင်မြင်က ပြန်ဆုတ်ဖို့ရာမှာလွယ်၏။ ဆရာကိုယ်တိုင်သွား၍ ရှုစမ်းသိရှိရသလောက် အမှန်သာသနာပြုဖြစ်မည် ဟု ဉာဏ်တွင်သဘောသက်၏။ ကိုယ်တိုင်ရောက်၍ ရှုစမ်းခဲ့သည့်အတွက် သာ၍ပင် ကြီးပွားနိုင်ကြောင်းကို သိရ၏။ ရွှေဟင်္သာချောင် ဘုန်းကြီးကို ချီးမြှောက်လို၍ စံကျောင်းဆရာတော်ဘုရားနှင့် ဆရာတို့ဉာဏ်တွင် ကြံစည်ကြခြင်းဖြစ်၏။ လာဖြစ်အောင်လာစေလို၏ဟု ရေးသားထား ပါသည်။

ရွှေဟင်္သာဘုန်းကြီးသည် တိုက်အုပ်ဆရာတော်ထံမှ စာရောက် သောအခါ လေးစားအပ်သော ဆရာသမားများ၏ အမိန့်ဖြစ်၍ ရွှေဟင်္သာ ချောင်ကလေးကို စွန့်ခွာပြီး ညောင်တုန်းသို့ ချက်ချင်း ထွက်လာခဲ့ရသည်။ ကိုရင်ဇိနဝံသနှင့် ကျောင်းသားလေးကိုလည်း တစ်ပါတည်းခေါ်လာခဲ့သည်။

ညောင်တုန်းသို့ ရောက်သောအခါ စွယ်တော်ကျောင်းမှ တပည့် ဟောင်းများ ဖြစ်ကြသည့် စာချဘုန်းကြီးဦးကေသရ၊ လက်ထောက်စာချ ဦးသုဏ္ဍိတတို့ အပါအဝင် နောက်ပါတပည့် ၁၀ပါးနှင့်အတူ မော်လမြိုင် ကျွန်း ဘုရားကြီးကျောင်းတိုက်သို့ သွားရောက်နေထိုင်ရသည်။

ထိုနှစ်ဝါတွင်း၌ ဘုရားကြီးကျောင်းတိုက်တွင် သံဃာ ၂၅ ပါးခန့် ဝါဆိုရာ စည်စည်ကားကား ဖြစ်လာသည်။ ရွှေဟင်္သာဘုန်းကြီးက စည်းကမ်းတကျ ပြုပြင်အုပ်ချုပ်ပြီး စာပေပို့ချပေး၏။ ဘုရားကြီးကျောင်းတိုက်သည် သံဃာများဖြင့် ကျက်သရေရှိလာ၏။ ကျောင်းတိုက် ကျက်သရေရှိလာသည်နှင့်အမျှ မော်လမြိုင်ကျွန်း ဒါယကာ၊ ဒါယိကာမများက ညွတ်လာကြသည်။ စေတနာသဒ္ဓါတရား ဖြစ်ပွားကာ ဝိုင်းဝန်း အားပေးကြလှူဒါန်းထောက်ပံ့ကြသည်။ ထိုအခြေအနေကိုကြည့်ပြီး ဘုရားကြီးဆရာတော်ကလည်း ကျေနပ်နေ၏။ ကျောင်းဒါယကာ၊ ကျောင်းဒါယိကာမများကလည်း ပျော်ရွှင်နေကြ၏။ သို့ရာတွင် ဘုရားကြီးဆရာတော်၏ တပည့် ဦးဇင်းအချို့ကမူ ကျေနပ်သည့် အပြုအမူကို မပြကြချေ။ ထိုအကြောင်းကို ရွှေဟင်္သာဘုန်းကြီးသည် ရောက်စကပင် သတိပြုမိသည်။

ရွှေဟင်္သာဘုန်းကြီးတို့ ဆရာတပည့်သည် ထိုနှစ်က အစမ်းသဘောဖြင့် ဘုရားကြီးကျောင်းတိုက်တွင် တစ်ဝါတစ်ချီ နေကြည့်ခြင်းဖြစ်သည်။ ဝါကျွတ်သောအခါ ရွှေဟင်္သာဘုန်းကြီးသည် ဦးကေသရတို့ကိုထားခဲ့ပြီး ကျောင်းသားတစ်ယောက်နှင့်အတူ ညောင်တုန်းသို့သွား၍ စံကျောင်းဆရာတော်အား အခြေအနေအရပ်ရပ်ကို လျှောက်ထားသည်။ ထိုနောက်ဆရာတော်များ ခွင့်ပြုချက်ဖြင့် စစ်ကိုင်းသို့ ပြန်လာခဲ့သည်။

ဦးပဏ္ဍိတသီရိ စစ်ကိုင်းသို့ပြန်ရောက်ပြီး မကြာမီ ရွှေဟင်္သာတောရမှ စာချဘုန်းကြီးဦးကေသရ အမှူးရှိသော သံဃာတော်များလည်း ၁၂၉၃ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၅)ရက်နေ့(၉.၁၂.၁၉၃၁)၌ မော်လမြိုင်ကျွန်းမှ ပြန်လည်ထွက်ခွာခဲ့ရာ နတ်တော်လဆန်း (၁)ရက်နေ့တွင် ညောင်တုန်းမြို့သို့ ပြန်လည်ရောက်ရှိလာသည်။ ထိုအခါ စံကျောင်းဆရာတော်က ဘုရားကြီးကျောင်းဆရာတော်ထံ ချက်ချင်း ကြေးနန်းရိုက်ပြီး ကျောင်းတိုက်ကို ပြန်လည် အပ်နှံလိုက်သည်။ ထို့ပြင် အပ်နှင်းစာကိုလည်း ရေးသား၍ ကျောင်းကိုအပ်ပြန်သည်။

ယင်းစာ၌ "တောင်ခြေတောခြေ၌သာ အေးအေးနေလိုစိတ်ရှိသော စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာချောင်ဘုန်းကြီးကိုလည်း မလာချင်မနေရ၊ အတင်းခေါ်ယူပြီးလျှင် ဘုရားကြီးဆရာတော် စိတ်ချမ်းသာစေရန် ရည်သန်၍ ဘုရားကြီးတိုက်၌ တစ်ဝါမျှနေထိုင်ရန်သာ တိုက်တွန်းခဲ့ပါသည်။

အမြဲနေထိုင်ရန် မတိုက်တွန်းခဲ့ပါကြောင်း၊ ယခုလည်း တစ်ဝါစေ့ရောက်ပြီ ဖြစ်၍ ရွှေဟင်္သာချောင်ဘုန်းကြီးနှင့်တကွ တပည့်များ ပြန်လာပြီ ဖြစ်သောကြောင့် တပည့်တော်များ တာဝန်ကျေပွန်ပြီ ဖြစ်ပါကြောင်း တပည့်တော်အား ဆရာတော်ကလှူသော ပစ္စည်းများအားလုံးကို တပည့်တော်က တဖန်ဆရာတော်ကြီးအား ပြန်လှူပါ၏'' ဟု ပါရှိပါသည်။

## ဆဋ္ဌသင်္ဂါယနာ ပဋိဝိသောဓက

၁၃၁၃ ခုနှစ်၊ တပို့တွဲလပြည့်နေ့၌ ရန်ကုန်မြို့ သာသနာ့ရိပ်သာတွင် ကျင်းပခဲ့သော အဂ္ဂမဟာပဏ္ဍိတဆရာတော်ကြီးများ၊ နိုင်ငံတော်သြဝါဒစရိယဆရာတော်ကြီးများနှင့် နိုင်ငံတော်ဝိနည်းမိုရ် ဆရာတော်ကြီးများ အစည်းအဝေးကို ဆဋ္ဌသင်္ဂါယနာပွဲကြီး ကျင်းပရန် ဆုံးဖြတ်အတည်ပြုခဲ့ကြသည်။ ဆဋ္ဌသင်္ဂါယနာတင်၍ -

၁။ ပိဋကတ်ကျမ်းစာများကို မှုကောင်းမှုသန့်ဖြစ်အောင် သုတ်သင်ရန်၊

၂။ ပိဋကတ်စာပေကို ကမ္ဘာအနှံ့ ဖြန့်ဖြူးရန်၊

၃။ ထေရဝါဒဗုဒ္ဓဘာသာနိုင်ငံများ စုပေါင်း၍ သာသနာတော်ကို ချီးမြှောက်ရန် ရည်သန်ကြသည်။

ယင်းပွဲ၌ ပိဋကတ်တော်များကို သုတ်သင်တည်းဖြတ်ရန် ပဋိဝိသောဓက အဖွဲ့ပေါင်း (၁၁၆)ဖွဲ့ရှိသည်။ ထိုအဖွဲ့များတွင် ရွှေဟင်္သာဆရာတော်လည်း ပါဝင်ဆောင်ရွက်ခဲ့ရသည်။

စစ်ကိုင်းမှ ရွှေဟင်္သာဆရာတော်အပါအဝင် ပဋိဝိသောဓကအဖွဲ့သည် ဝိနယမဟာဝဂ္ဂပါဠိကို သုတ်သင်တည်းဖြတ်ရသည်။ ရွှေဟင်္သာတိုက်သစ်သည် စစ်ကိုင်းပဋိဝိသောဓကအဖွဲ့၏ တည်ရာဌာနဖြစ်သည်။ ရွှေဟင်္သာဆရာတော်သည် သုတ္တန်မြန်မာပြန် ပဋိဝိသောဓက အဖွဲ့တွင်လည်း ပါဝင်ဆောင်ရွက်ခဲ့သည်။ ၎င်းအဖွဲ့တွင် မဟာစည်ဆရာတော်၊ အောင်မြေဘုံစံဆရာတော်တို့လည်း ပါဝင်ကြသည်။

၁၃၁၆ ခုနှစ်၊ ကဆုန်လပြည့်နေ့ (၁၇.၅.၁၉၅၅) တွင် ဆဋ္ဌသင်္ဂါယနာပွဲကြီးကို စတင်ဖွင့်လှစ်ခဲ့သည်။ သင်္ဂီတိကာရကမထေရ် ၂၅၀၀ တက်ရောက်ခဲ့သည်။ ပထမသန္နိ ပါတသင်္ဂီကာရက ၂၅၀၀ တွင် ရွှေဟင်္သာ

ဆရာတော်သည် တစ်ပါးအပါအဝင် ဖြစ်သည်။ ထိုစဉ်က စစ်ကိုင်းမှ ရွှေကျင်ဂိုဏ်းဝင် ဆရာတော်များသည် အပရဂေါယာနကျောင်းဆောင်၌ သီတင်းသုံးနေကြရ၏။

ရွှေဟင်္သာဆရာတော်သည် ဒုတိယသန္နိပါတစသော ပွဲများသို့ မကြွနိုင်ခဲ့ပါ။ ၁၃၁၈ ခုနှစ်၊ တပို့တွဲလ (ဖေဖော်ဝါရီ ၁၉၅၇) တွင် ကျင်းပသော ပဉ္စမသန္နိပါတပွဲသို့သာ ကြွရောက်နိုင်ခဲ့သည်။ ပဉ္စမသန္နိပါတပွဲသို့ ကြွရောက်သောအခါက်တွင် မြန်မာပြန် ပဋ္ဌိသောဓက အဖြစ်ဆောင်ရွက်၍ ဥတ္တရကုရုကျောင်းဆောင်၌ သီတင်းသုံးတော်မူခဲ့သည်။

## စစ်ကိုင်းမဟာဂန္ဓာရုံ ဝိနည်းစာပြန်ပွဲ

မဟာဂန္ဓာရုံ ဝိနည်းစာပြန်ပွဲကို ၁၂၇၉ ခုနှစ် (၁၉၁၇-၁၈) တွင် စတင်ကျင်းပခဲ့သည်။ မဟာဂန္ဓာရုံဆရာတော်အရှင်ဥတ္တရက ဦးစီးကျင်းပခြင်း ဖြစ်သည်။ စစ်ကိုင်းတောင်ရိုး ရွှေကျင်ဂိုဏ်းဝင် ကျောင်းများစုပေါင်း ပါဝင်ပြန်ဆိုကြသည်။ ကျောင်းဘုန်းကြီးများက စာပြန်ပုဂ္ဂိုလ်များအား သင်္ကန်းနှင့်အခြားပစ္စည်းများ လှူဒါန်းချီးမြှောက်ကြသည်။ ဝိနည်းစာပြန်ပွဲ ကျင်းပရာဌာနမှာ မဟာဂန္ဓာရုံချောင် ဖြစ်သည်။ ကျင်းပရာကာလက နှစ်စဉ်တန်ဆောင်မုန်းလပြည့်ကျော် (၃)ရက်နေ့မှ (၈)ရက်နေ့အထိ ဖြစ်သည်။

ရွှေဟင်္သာဆရာတော်သည် ၁၂၈၉ ခုနှစ် (၁၉၂၇-၂၈) တွင် စစ်ကိုင်းတောင်ရိုးသို့ ရောက်ရှိနေထိုင်ခဲ့သည့်မှစ၍ ချမ်းအေးဆရာတော်ကြီး ညွှန်ကြားသည့်အတိုင်း မဟာဂန္ဓာရုံ ဝိနည်းစာပြန်ပွဲနှင့် စပ်သည့်တာဝန်အရပ်ရပ်ကို ဆောင်ရွက်ခဲ့သည်။

၁၃၄၁ ခုနှစ် (၁၉၇၇-၇၈)တွင် မဟာဂန္ဓာရုံဝိနည်းစာပြန်ပွဲ၏ သက်တမ်းသည် (၆၀) ပြည့်ပြီး (၆၁) နှစ်အတွင်းသို့ ရောက်ရှိခဲ့သည်။ ဆရာတော်၏သက်တော်မှာလည်း (၈၅)နှစ်အတွင်းသို့ ချင်းနင်း ဝင်ရောက်လာပြီး ကျန်းမာရေးကောင်း၍ သန်မာဖြတ်လတ်မှု ရှိသေးသော်လည်း ပင်ပန်းခံရမည့် အရွယ်မဟုတ်တော့။ ရွှေဟင်္သာဆရာတော်သည် နှစ်(၅၀) တွင်း ကျင်းပခဲ့သမျှ မဟာဂန္ဓာရုံဝိနည်းစာပြန်ပွဲ၌ မပျက်မကွက် ပါဝင်ဆောင်ရွက်ခဲ့ပါသည်။

ဝိနည်းစာပြန်ပွဲကျင်းပရာ မဟာဂန္ဓာရုံချောင်သည် ပုညရှင်စေတီတော်၏ မြောက်ဖက်တောင်ကြားတွင် ရှိသည်။ အသက် (၈၀)ကျော် ဆရာတော်ကြီးတစ်ပါးအဖို့ ပေ (၆၀၀) ကျော်မြင့်မားသည့် ပုညရှင်တောင်ထိပ်ကြီးကို ဖြတ်ကျော်ရန်၊ သို့မဟုတ် ကွေ့ချည်ဆင်းချည်တက်ချည် အလီလီသွားရသည့် တောင်ကြိုတောင်ကြားသို့ ခရီးသွားရာ ခဲယဉ်းပင်ပန်းလှသည်။

သို့ဖြစ်၍ ရွှေဟင်္သာဆရာတော်သည် ၁၃၄၀ ပြည့်နှစ်တွင် ကျင်းပသော ဝိနည်းစာပြန်ပွဲ၌ သံဃာကို လေးစားသောအားဖြင့် သံဃာများထံ ပန်ကြားလွှာတစ်စောင် တင်သွင်းခဲ့သည်။ ဝိနည်းစာပြန်ပွဲအကြို အစည်းအဝေးကို နှစ်စဉ် တော်သလင်းလဆန်း (၈)ရက်နေ့ (၉.၉.၁၉၇၈) တွင် အတိသုဒ္ဓါရုံကျောင်းတိုက်၌ ကျင်းပပြုလုပ်လေ့ရှိသည်။

ရွှေဟင်္သာဆရာတော်၏ ပန်ကြားလွှာကို သံဃာတော်များက လက်ခံကြသော်လည်း စာပြန်ပွဲသို့ တစ်ရက်မျှဖြစ်စေ၊ ကြွရောက်တော်မူရန်နှင့် ပူဇော်ပွဲနေ့တွင် ဩဝါဒရေစက်ချ ချီးမြှောက်တော်မူရန် ပိုင်းဝန်းတောင်းပန်ကြသည်။ ရွှေဟင်္သာဆရာတော်သည် ခန္ဓာကိုယ်မငဲ့ သံဃာကို ငဲ့တော်မူရာ လက်ခံခွင့်ပြုတော်မူသည်။

ဆရာတော်သည် သံဃာတော်များအား ပန်ကြားခြင်းမှ အချို့ကို ဖော်ပြ လိုက်ပါသည်။ ဝိနည်းစာပြန်ပွဲနှင့် ပတ်သက်၍ ရွှေဟင်္သာဆရာတော် ဆောင်ရွက်တော် မူချက်တို့ကို ပီပြင်စွာ သိရှိရပါသည်။ မေတ္တာရှေ့ထား၍ အစည်းအဝေးသို့ ကြွရောက်တော်မူကြသော သံဃာတော်မြတ်တို့အား ပန်ကြားအပ်ပါသည်။

ပန်ကြားလိုသောအကြောင်းမှာ တပည့်တော်သည် စစ်ကိုင်းတောင်ရိုးသို့ရောက်သော ၁၂၈၉ ခုနှစ်မှစ၍ မဟာဂန္ဓာရုံစာပြန်ပွဲကို နှစ်စဉ်တက်ကာ စွမ်းနိုင်သမျှ ကျရောက်သော တာဝန်ကို ရွက်ဆောင်ခဲ့ပါသည်။ အထူးသဖြင့် ဒုတိယကမ္ဘာစစ်ပြီးမှစ၍ (၁၀)နှစ်ခန့် စာပြန်စာရင်းကို ရေးသားရိုက်နှိပ်ခြင်းမှအစ တာဝန်ယူဆောင်ရွက်ခဲ့ပါသည်။ စစ်ကိုင်းသို့ ရောက်သော (၅၁)နှစ်အတွင်း၌ ညောင်တုန်းမြို့ ရွှေဟင်္သာတောရတိုက် ကျေးဇူးရှင်ဆရာတော်များအမိန့်နှင့် မော်လမြိုင်ကျွန်းမြို့၌ တစ်ဝါဆိုရသောနှစ်၊ မလွဲသာ၍ ခရီးသွားရသောနှစ် ဤနှစ်ကြိမ်မျှသာ စာပြန်ပွဲသို့

မရောက်၍ ပျက်ကွက်ခဲ့ပါသည်။ ထိုနှစ်ကြိမ်မှတစ်ပါး မပျက်အောင် သတိပြု၍ ရောက်အောင် တက်ခဲ့ပါသည်။

ယခုချိန်မှာ အသက် (၈၅) နှစ် ရှိပြီးဖြစ်၍ တက်ရောက်လိုသော ဆန္ဒထက်သန်စွာ ရှိသော်လည်း ခွန်အားဗလ ယုတ်လျော့ကာ တောင်ပေါ်သို့ တက်ရန် ဝန်လေးနေပြီ ဖြစ်သောကြောင့် ယခုနှစ်မှအစပြု၍ မဟာဂန္ဓာရုံ စာပြန်ပွဲသို့ ရောက်နိုင်မည်မဟုတ်ကြောင်း သံဃာတော်များ သိရှိတော်မူကြရန် ပန်ကြားအပ်ပါသည်ဟု ရေးသားဖော်ပြထားပါသည်။

## ပဋိယတ္တိသာသနာပြန့်ပွားအောင် ဆောင်ရွက်ခြင်း

နိဗ္ဗာန်ကို မျက်မှောက်ပြု၍ သစ္စာလေးပါးကို သိမြင်သော မဂ်တရား၊ ဖိုလ်တရားသည် ပဋိဝေဓသာသနာမည်၏။ ပဋိပတ္တိသာသနာမည်၏။ ပဋိဝေဓသာသနာကို ရရှိရန် ကျင့်ကြံအားထုတ်အပ်သော လမ်းစဉ်သည် ပဋိပတ္တိသာသနာမည်၏။ ပဋိပတ္တိသာသနာကို နည်းမှန် လမ်းမှန် ကျင့်ကြံအားထုတ်ရန် သင်ကြားအပ်သော ဗုဒ္ဓတရားတော်များသည် ပရိယတ္တိသာသနာမည်၏။ ပဋိဝေဓသာသနာမှာ ယထာဘူတ (ဟုတ်မှန်စွာဖြစ်ခြင်း)၊ အသိဉာဏ်၊ ပဋိပတ္တိသာသနာမှာ ယထာဘူတကျင့်စဉ်၊ ပရိယတ္တိသာသနာမှာ ယထာဘူတသင်တန်းပင် ဖြစ်ပါသည်။

ပရိယတ္တိသင်တန်းကို ယထာဘူတကျအောင် မသင်ကြား၊ မကြည့်ရှု၊ မမှတ်သားသောသူသည် ပဋိပတ်ကျင့်စဉ်ကို ယထာဘူတကျအောင် မကျင့်နိုင်၊ ပဋိပတ်ကျင့်စဉ်ကို ယထာဘူတကျအောင် မကျင့်နိုင်သောသူသည် ပဋိဝေဓအသိဉာဏ်ကြီးကို မရနိုင်။ သာသနာသုံးရပ်တွင် ပရိယတ္တိမှာ ပထမအဆင့်၊ ပဋိပတ္တိမှာ ဒုတိယအဆင့်၊ ပဋိဝေဓမှာ တတိယအဆင့်ဖြစ်သည်။ ပထမအဆင့်ကို လွှတ်၍ ဒုတိယအဆင့်သို့ မရောက်နိုင်၊ ဒုတိယအဆင့်ကိုလွှတ်၍ တတိယအဆင့်ကို မရောက်နိုင်ပါ။

### ကိုယ်တိုင်ကျင့်ကြံ အားထုတ်ခြင်း

ဆရာတော်ဘုရားကြီးသည် သာယာ၊ တိတ်ဆိတ်၊ ငြိမ်းချမ်းသော ကျောင်းကန်ရိပ်တွင် သီတင်းသုံးတော်မူပြီး တပည့်ပရိသတ်အား စာပေပို့ချ ဟောပြောဆုံးမမှု ပရိယတ္တိတာဝန်ကို ဆောင်ရွက်ရင်း တစ်ဖက်မှ နှလုံးသွင်း

တရားကို ရှုမှတ်ဆင်ခြင်ပွားများမှု ပဋိပတ္တိအလုပ်ကို အားထုတ်တော်မူသည်။

ဆရာတော်ဘုရားကြီး၏ နှလုံးသွင်းတရားမှာ သတိပဋ္ဌာန ဘာဝနာတရား ဖြစ်နိုင်ပါသည်။ သတိပဋ္ဌာနဘာဝနာဟူသည် ကာယ၊ ဝေဒနာ၊ စိတ္တ၊ ဓမ္မတို့အပေါ် အသုဘ၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တ အနေအထား ဖြင့် ရှုမြင်တတ်သော ဝိပဿနာသတိကို ဖြစ်ပွားစေခြင်းပင်ဖြစ်သည်။

မြတ်စွာဘုရားသည် သတိပဋ္ဌာန်ဘာဝနာနှင့် စပ်လျဉ်း၍ သတိပဋ္ဌာန်လေးပါး ခွဲခြားဟောတော်မူခဲ့သည်။ ပုထုဇဉ်တို့သည် ဝိပဿနာသတိ မရှိကြသည့်အတွက် ကာယ၊ ဝေဒနာ၊ စိတ္တ၊ ဓမ္မတို့ကို သုဘ၊ သုခ၊ နိစ္စ၊ အတ္တအသွင်လွဲမှားစွာ ရှုမြင်လျက် ရှိကြ၏။ ထိုသို့ လွဲမှားစွာရှုမြင်မှု (ဝိပ္ပလ္လာသ)ကို ပယ်ဖျောက်နိုင်ရန်အတွက် ဝိပဿနာသတိကို ပွားစေရမည် ဖြစ်သည်။

မိမိသန္တာန်၌ ဝိပဿနာသတိ ဖြစ်ပွားတည်ရှိလာသည်နှင့်အမျှ ကာယ၊ ဝေဒနာ၊ စိတ္တ၊ ဓမ္မများနှင့် စပ်လျဉ်း၍ ရှုမြင်လွဲမှားမှု ဝိပ္ပလ္လာသ တရား တစ်စတစ်စ ပပျောက်သွားမည်သာဖြစ်သည်။ အမှားကင်းစင် အမှန်မြင်တတ်သည်လည်း ရင့်သန်ထက်မြက်လာမည်သာ ဖြစ်သည်။

သက်တော် ၉၀ ကျော်သည်အထိ ရွှေဟသ်ာဆရာတော်ဘုရားကြီး သည် သတိပေးဉာဏ်အားထက်မြက်နေသည်မှာ ဝိပဿနာသတိကို ပွားများ စေခြင်းကြောင့်သာ ဖြစ်ပါသည်။ ဆရာတော်ဘုရားကြီးသည် ဗုဒ္ဓမြတ်စွာ ဟောကြားတော်မူအပ်သော မဟာသတိပဋ္ဌာန်သုတ်ကို လက်စွဲပြု၍ နှလုံးသွင်းတရား ရှုပွားတော်မူပါသည်။

## နေ့စဉ်လုပ်ငန်းများ

"ပျင်းပျင်းရိရိ လုံ့လဝီရိယမရှိဘဲ အနှစ်တစ်ရာ အသက်ရှည်ရ ခြင်းသည် မမြတ်၊ ခိုင်မာပြင်းထန် လုံ့လဝီရိယသန်သန်ဖြင့် တစ်ရက်မျှ အသက်ရှည်ရခြင်းက မြတ်သည်" ဟု ဗုဒ္ဓက မိန့်ကြားတော်မူခဲ့သည်။

လောက၌ ထူးချွန်သည့်ပုဂ္ဂိုလ်များသည် အလုပ်ကို မှန်မှန် လုပ်လေ့ရှိသူများသာဖြစ်သည်။ ရွှေဟသ်ာဆရာတော်သည် ကိုယ်တိုင်လည်း အလုပ်လုပ်သည်။ သူများကိုလည်း အလုပ်လုပ်မှုကြိုက်သည်။

ရွှေဟသ်ာဆရာတော်သည် နေ့စဉ်နံနက်(၄)နာရီမထိုးမီ အိပ်ရာမှ ထလေ့ရှိသည်။ မျက်နှာသစ်၍ ကိုယ်လက်သုတ်သင်ပြီး ဘုရားဝတ်ပြုသည်။ ပစ္စဝေက္ခဏာ ဆင်ခြင်၍ မေတ္တာဘာဝနာ ပွားများသည်။ ထို့နောက် အရုဏ်မတက်မီ ကျောင်းအပြင် သမံတလင်းဆင်း၍ စင်္ကြံလျှောက်သည်။ အရုဏ်တက်သောအခါ အာဟာရတစ်မျိုးမျိုး ဘုဉ်းပေးပြီး တရားနှလုံးသွင်းသည်။

နံနက်(၆)နာရီအချိန်ခန့်တွင် ဆွမ်းခံကြွသည်။ ဆွမ်းခံမကြွနိုင်သည့် နေ့များ၌မူ ရွှေဟသ်ာစေတီသို့ သွားရောက်ဝတ်ပြုပြီး ကျောင်းဝန်း၌ တံမြက်လှည်းသည်။ ကျောင်းတိုက်အတွင်း ကျောင်းစဉ် လှည့်လည်ကြည့်ရှုပြီး သတိပေးစရာရှိ ပေးသည်။ ဂိလာနရှိလျှင် အရေးတယူကြည့်ရှုမေးမြန်း၍ လိုအပ်သည်များကို ဆောင်ရွက်ပေးသည်။

ဆွမ်းခံပြန်လာပြီးနောက် နံနက်(၈)နာရီအချိန်တွင် သက်တော်(၈၀) မတိုင်မီ နေ့စဉ် စာတစ်ဝါ ပို့ချသည်။ သက်တော်(၈၀)ကျော်လာသည့် နောက်ပိုင်းတွင်မူ စာမချဘဲ စာကြည့်သည်။ စာရေးသည်။

နံနက်ပိုင်း၌ အဝေးအနီးမှ ဒါယကာ၊ ဒါယိကာမများ လာရောက်ကန်တော့တတ်ကြသည်။ ထိုအခါ ကျန်းမာရေး၊ ကုသိုလ်ရေးနှင့် စပ်သည့် ပဋိသန္ထာရ စကားအနည်း ငယ်ပြောကြားသည်။ လှူဖွယ်ဝတ္ထုများ လှူဒါန်းဆက်ကပ်လျှင် 'ဣဒံမေပုညံ နိဗ္ဗာနဿ ပစ္စယော ဟောတု' ဟု လိုက်ဆိုစေပြီး ရေစက်ချ အမျှဝေသည်။

နံနက်(၁၀)နာရီ အချိန် နေ့ဆွမ်းဘုဉ်းပေးသည်။ ဆွမ်းစားကျောင်း၌ ရွှေဟသ်ာဆရာတော်အတွက် သီးသန့်တစ်ပွဲ ပြင်ပေးထားရသည်။ ရွှေဟသ်ာဆရာတော်သက်တော် (၈၀)ကျော်သောအခါ ဆွမ်းစားကြွရာမှာဖြစ်စေ သီးသန့်တစ်ပါးတည်း ဘုဉ်းပေးလေ့ရှိသည်။

"လူငယ်တွေဟာ လူကြီးနဲ့ အတူစားရရင် မဝ့်မရဲရှိတတ်တယ်။ လူကြီးနဲ့အတူ မစားချင်ဘူး။ တို့ကလည်း လူအိုဆိုတော့ လူငယ်တွေကို အားနာတယ်။ ဒါကြောင့် နှစ်ဦးနှစ်ဖက် ချမ်းသာအောင် သီးခြားစားရတယ်" ဟု ရွှေဟသ်ာဆရာတော်က အမိန့်ရှိလေ့ရှိသည်။

နေ့ဆွမ်းဘုဉ်းပေးပြီးနောက် နာရီဝက်ခန့် အပန်းဖြေ ကျိန်းစက်သည်။ နေ့ ၁၂ နာရီအချိန် ရေချိုးပြီး ကျောင်းရှေ့ပြေးလမ်းတွင် စင်္ကြံ

လျှောက်သည်။ ထိုအချိန်ကား တစ်ကျောင်းတိုက်လုံး အိပ်စက်အနားနေ အပန်းဖြေကြသဖြင့် တိတ်ဆိတ်ငြိမ်သက်နေချိန်ဖြစ်သည်။ ရွှေဟင်္သာ ဆရာတော်သည် စင်္ကြံလျှောက်ရင်း တရားနှလုံးသွင်းသည်။

စင်္ကြံလျှောက်ပြီး သတင်းစာဖတ်သည်။ ထိုအချိန်၌ ရပ်ဝေးမှ ပေးစာများ စာတိုက်မှ ရောက်လာတတ်သည်။ စာဖတ်ပြီး ပြန်စာ ရေးတန် ရေးသည်။ ရပ်ဝေးသို့ စာပေးစရာရှိပေးသည်။ စာရေးစရာမရှိလျှင် ပါဠိ အဋ္ဌကထာဋီကာကျမ်းများကို ကြည့်ရှုသည်။

နေ့ ၂ နာရီအချိန်တွင် သက်တော် ၇၀ မကျော်မီက စာတစ်ဝါ ပို့ချပေးသည်။ ၇၀ ကျော်သည့် နောက်ပိုင်းမှာမူ စာကြည့်စာရေးခြင်းဖြင့် နေ့ပိုင်းအချိန်ကို ကုန်လွန်စေသည်။ ထိုအချိန်၌ အနီးအဝေးမှ ဒါယကာ၊ ဒါယိကာမများ လာရောက်ကန်တော့တတ်ရာ တရားဓမ္မ ဟောပြော ရသည်။

ညပိုင်းတွင် ကျောင်းတိုက်ရှိ စာချဘုန်းကြီးများ အခြားကျောင်း တိုက်တို့မှ ဘုန်းကြီးများ လာရောက်ဆည်းကပ်ကြသည်။ ထိုအချိန်၌ အကြောင်းအားလျော်စွာ ဟောပြောရသည်။ မေးမြန်းသည့် အရာများကို ရှင်းလင်းဖြေဆိုရသည်။ ညနေ ၅ နာရီအချိန် ရွှေဟင်္သာတိုက်သစ်အပြင် မုခ်ဦးအနီးရှိ ရွှေဟင်္သာစေတီသို့ သွားရောက်ဝတ်ပြုသည်။

ညနေ (၆) နာရီ (၃၀) မိနစ်အချိန် ဘုရားဝတ်ပြုရန် ကြေးစည် တီး၍ အချက်ပေးသောအခါ ရွှေဟင်္သာတိုက်သစ် သံဃာများအားလုံး ဇိနာလင်္ကာရ ဘုရားကျောင်းကြီးပေါ်တွင် စုပေါင်းပြီး ဘုရားရှိခိုးကြရ သည်။

ရွှေဟင်္သာဆရာတော်သည် သက်တော် (၇၀)ကျော်ပြီးသည့် နောက်တွင်မူ မိမိသီတင်းသုံးရာကျောင်း၌ပင် ဝတ်ပြုသည်။ ဥပုသ်နေ့များ၌ ကား ဘုရားကျောင်းသို့ သွားရောက်ဝတ်ပြုပြီး သံဃာများအား ဩဝါဒ ပေးသည်။

နေ့စဉ်ဘုရားဝတ်ပြုပြီးနောက် ပရိတ်မေတ္တာဘာဝနာများ ရွတ်ဖတ်ပွားများကာ ကျောင်းတံခါးပိတ်ပြီး ည ၉ နာရီအထိ တရား အားထုတ်သည်။ ည ၉ နာရီအချိန်၌ သတိသမ္ပဇဉ် မပြတ်ဖြစ်စေလျက် ဥဋ္ဌာနသညာကို နှလုံးသွင်းပြီး ကျိန်းစက်သည်။

နှလုံးသွင်းတရား

"ဆရာတော်ဘုရား ဘယ်တရားကိုများ နေ့စဉ် နှလုံးသွင်းလေ့ရှိပါသလဲ" ဟုတစ်ခါက လျှောက်ထားကြည့်ရာ ကာယာနုပဿနာ သတိပဋ္ဌာန်ကို အမြဲနှလုံးသွင်းကြောင်း အမိန့်ရှိပါသည်။

တပည့်ပရိသတ်မွေး၍ စာပေပို့ချပေးနေသည့် စာသင်တိုက်မှ ဆရာတော်များကို ပရိယတ်အလုပ်ဖြင့်သာ အချိန်ကုန်နေကြသည်ဟု အချို့က ထင်မှတ်ကြသည်။ ထိုသို့ထင်မှတ်ကြလျှင် မှားမည်သာဖြစ်သည်။ အသက်အရွယ်အားလျော်စွာ အချိန်ပိုင်း တရားဖြင့် နှလုံးသွင်းတတ်ကြသည်သာ ဖြစ်သည်။ သာသနာတော်ရှည်ကြာ တည်တံ့ပြန့်ပွားရေးအတွက် ပရိယတ်သည် အဓိက ဖြစ်သည်။ ""ပရိယတ္တိယာဋ္ဌိတာယ ပဋိပတ္တိ ပတိဋ္ဌာတိ"" ပရိတ်ယတ်တည်ရှိနေသမျှ ပဋိပတ်တည်နိုင်သည်"" ဟု အတိအလင်း မိန့်ဆိုခဲ့ကြသည်။ ထိုမိန့်ဆိုချက်ကို သာသနာချစ်မြတ်နိုးသူတိုင်း ဦးထိပ်ရွက်ထားကြရမည် ဖြစ်သည်။

သာသနာတော်၌ သဒ္ဓါအခြေခိုင်မမြဲသော ပုဂ္ဂိုလ်များသည် သက်ရွယ်နုနယ် ငယ်ရွယ်စဉ်အခါ ပရိယတ်ကို ရှေ့တန်းတင် ကြိုးစားပြီး ပဋိပတ်ကိုမူ အချိန်ပိုင်းဖြင့်သာ အားထုတ်ကြသည်။ အသက်အရွယ်ကြီးရင့်သည့်အခါ ပရိယတ်ကို လျော့ချပြီး ပဋိပတ်ကိုသာ အချိန်ပြည့်ကြိုးစားကြမြဲ ဖြစ်သည်။ ဤနည်းအတိုင်း ရှေးဆရာတော်ကြီးများ အဆက်ဆက် ကျင့်သုံးဆောင်ရွက်တော်မူခဲ့ကြသောကြောင့် သာသနာတော်ကြီးကို ယနေ့တိုင် တွေ့မြင်နေရခြင်း ဖြစ်ပေသည်။

ရွှေဟင်္သာဆရာတော်သည် ငယ်စဉ်မှစ၍ တိတ်ဆိတ်ငြိမ်သက်မှုကို မြတ်နိုးသည်။ တရားနှလုံးသွင်းမှုတွင် စိတ်ညွတ်သည်။ လယ်တီဆရာတော်ကြီး၏ ဒီပနီကျမ်းကို ကိုရင်ဘဝတွင် စွဲမြဲစွာ ဖတ်ရှုဆင်ခြင်ခဲ့သည်။ ဒီပနီကျမ်းမှရသော သုတမယဉာဏ်သည် တကယ်ရှုမှတ်သောအခါ ဘာဝနာမယအဆင့်သို့ တက်လာသည်။

**ကာယံ ဣမံ သမ္မသထ၊ ပရိဇာနာထ ပုနပ္ပုနံ။**

**ကာယေ သဘာဝံ ဒိသွာန၊ ဒုက္ခဿန္တံ ကရိဿထ။**

ဟူသော ဒေသနာသည် ရွှေဟင်္သာဆရာတော် အထူးသဘောကျလျက် ဦးထိပ်ရွက်ထားသော ဒေသနာလေးတစ်ပုဒ်ဖြစ်သည်။ ဤဒေသနာတော်

အရ ကာယာနုပဿနာ သတိပဋ္ဌာန်ကို အမြဲနှလုံးသွင်းကာ ဆင်ခြင်ပွားများသည်။ အိပ်ခိုက်၊ စားခိုက်၊ စင်္ကြံလျှောက်ခိုက် စသည်၌ပင် ခန္ဓာ၏ ဒုက္ခကို မပြတ်ဉာဏ်ဖြင့် ရှုလေ့ရှိသည်။

"သူတစ်ပါးအပြစ်ကိုပြောခြင်း၊ သူတစ်ပါးအပြစ်ကိုရှာခြင်း၊ သူတစ်ပါး အပြစ်ကိုရှုခြင်းတို့သည် မိမိအလုပ်မဟုတ်၊ မိမိပြုလုပ်ရမည့် အလုပ်ကိစ္စ နှောင့်နှေးကြန့်ကြာခြင်းသာ ဖြစ်သည်ဟု ဆင်ခြင်၍ အချိန်ကုန်ခံပြီး မပြော မလုပ်ဘဲ မိမိကိစ္စကိုသာ မိမိ ဆောင်ရွက်လျက်ရှိသည်။ အချိန်ရှိသမျှ ကုသိုလ်စိတ်ဖြင့်သာ အချိန်ကုန်စေရန်၊ အကုသိုလ်စိတ်တွေ မဝင်နိုင်စေရန် အထူးဂရုပြု၍ ဆင်ခြင်လျက်ရှိသည်။ သေမင်းတည်းဟူသော မီးရထားကြီး ဆိုက်ရောက်လာလျှင် အခကြေးငွေ၊ စာရေးရိက္ခာအပြည့်အစုံနှင့် လိုက်နိုင်အောင်သာလျှင် နေ့စဉ်နှလုံးသွင်းလျက်ရှိသည်" ဟု ရွှေဟင်္သာဆရာတော်က ရေးသားတော်မူသည်။

ခရသင်းပွတ်သစ် ပုလဲနှစ်အသွင် ဖြူစင်သော သီလ၊ တည်ကြည်သော သမာဓိ၊ ကျမ်းဂန်အရပ်ရပ် နှံ့စပ်စုံလင်စွာ ထက်မြက်လှသော သုတမယပညာ၊ ၄င်းပညာကို အခြေခံ၍ လေ့လာပွားများ အားထုတ်ထားသဖြင့် ထူးခြားရင့်သန်သော ဘာဝနာမယဉာဏ် ဇောက်မသွေရှိ၍ နေသော ရွှေဟင်္သာဆရာတော်အဖို့ မင်္ဂပန်း ဖိုလ်ပန်းသည် လက်တကမ်း အလိုမှာပင် ပွင့်လန်းသင်းကြိုင်နေမည်သာ ဖြစ်ပါသည်။

ရှေးရှေးသော မထေရ်ကြီးတို့သည် ပရိယတ္တိဉာဏ် ရင့်သန်၍ မိမိတို့အလိုဆန္ဒ အစ္ဈာသယအားလျော်စွာ ပဋိပတ္တိတို့ကို ထုတ်ယူကြလျက် နှလုံးသွင်း ဆင်ခြင်ပွားများတော်မူကြရာ၊ ပဋိပတ္တိ၌လည်း သိမ်မွေ့နက်နဲသောတရားတို့ကို ရင့်သန်သော အမြင်ဉာဏ်ဖြင့် ထိုးထွင်း၍ သိမြင်တော်မူကြကုန်၏။ မြတ်စွာဘုရား ဟောတော်မူသော တရားတော်၏ ပဋိဘာန် အားလျော်စွာ လေ့လာခြင်း၊ နက်နဲခြင်း၊ သိမ်မွေ့ခြင်း၊ မှန်ကန်ခြင်း၊ တိကျခြင်း ရှိသည်တို့ကို ဉာဏ်ထောက်မီသလောက် သိရှိထင်မြင်သော သဘောရှိသည်။

စာပေပို့ချခြင်း

၁၂၇၄ ခုနှစ်၊ တပို့တွဲလ (၁၉၁၇-၁၈) တွင် စံကျောင်းဆရာတော်

သည် ပန်းတနော်စာပြန်ပွဲသို့ ကြွသွားတော်မူသည်။ ကြွခါနီးတွင် ဦးပဏ္ဍိတသီရိကို ခေါ်ပြီး -

"ဆရာ ပန်းတနော်စာပြန်ပွဲ သွားစရာရှိတယ်၊ လေးငါးရက်လောက်ကြာမယ် ပန်းတနော်သွားနေတုံး စွယ်တော်ကျောင်း သွားနေပြီး စာချရမယ်"

ဟု အမိန့်ရှိသည်။

ဦးပဏ္ဍိတသီရိသည် စွယ်တော်ကျောင်း ဆရာတော်၏အမိန့်အရ နေ့အချိန် စွယ်တော်ကျောင်းသို့ သွားနေပြီး စာပေပို့ချပေးသည်။ ယင်းမှစ၍ ရွှေဟင်္သာဆရာတော်သည် သက်တော်၊ ဝါတော် ကြီးရင့်တော်မူသည့် အချိန်အခါထိ စာပေပို့ချသွားတော်မူခဲ့ပါသည်။

## တရားဟောတော်မူခြင်း

"တရားဓမ္မကို ဟောပြောရမည်။ ထွန်းကားစေရမည်။ သူမြတ်တို့ တံခွန် တရားမွန်ကို မြှင့်တင်ပေးရမည်"

ဟူသော ဗုဒ္ဓ၏ မိန့်မှာကြားချက်အတိုင်း ရွှေဟင်္သာဆရာတော်သည် တရားဓမ္မဟောပြောခြင်း၊ စာပေပို့ချခြင်း၊ ကျမ်းပြုစု ဖြန့်ဝေခြင်းဖြင့် ဗုဒ္ဓတရားတော် ပြန့်ပွားအောင် ဆောင်ရွက်သည်။

မြတ်စွာဘုရားသည် မိမိကိုယ်တော်တိုင် လောကအကျိုး သယ်ပိုးတော်မူခဲ့ပုံတို့ကို အမျိုးမျိုး ဟောပြတော်မူခဲ့သကဲ့သို့ သူတစ်ပါးတို့ကိုလည်း အများအကျိုး သယ်ပိုးရန် တိုက်တွန်း ဟောပြတော်မူခဲ့သည်။ စရိယာ(၃)မျိုး ရှိကြောင်းကို ရတနသုတ်ပရိတ်တော် နိဒါန်း၌ ဖော်ပြထားပါသည်။ ယင်း(၃)မျိုးအနက် ဗုဒ္ဓတ္ထစရိယနေရာ၌ အတ္တတ္ထစရိယ မိမိအကျိုး မိမိသယ်ပိုးခြင်းကို အစားထိုးရမည် ဖြစ်သည်။ ၄င်း(၃)မျိုးကို လူသားတိုင်း အမြဲဆောင်ရွက်ကြရမည် ဖြစ်သည်။

ရွှေဟင်္သာဆရာတော်သည် မိမိ ကိုယ်ကျိုးအတွက် သီလ၊ သမာဓိ လုံခြုံစွာ စောင့်ရှောက်ထိန်းသိမ်း၍ ဝိပဿနာရှုမှု၊ ဉာဏ်ပညာရှိအောင် ဆောင်ရွက်တော်မူခဲ့သည်။ ဉာတတ္ထစရိယအကျိုးကိုလည်း အမျိုးမျိုး သယ်ပိုးတော်မူခဲ့သည်။

## ဂိုဏ်းအကျိုးစီးပွားတိုးတက်အောင် ဆောင်ရွက်ခြင်း

မြန်မာနိုင်ငံ၌ ၁၂၈၂ (၁၉၂၀ - ၂၁) ခုနှစ်မှစ၍ ရွှေကျင်နိကာယ သံဃာအစည်းအဝေးကြီးများ ကျင်းပပြုလုပ်ခဲ့သည်။ ရွှေဟင်္သာဆရာတော် သည် အစည်းအဝေးပွဲကြီးပေါင်း (၆)ပွဲသို့ ကိုယ်တိုင် တက်ရောက်ပြီး အဆိုတင်ခြင်း ပါဝင်ဆွေးနွေးခြင်း၊ ဩဝါဒပေးခြင်းဖြင့် တက်ကြွစွာ ဆောင်ရွက်ခဲ့သည်။ ၁၃၁၄ ခုနှစ် (၁၉၅၂ - ၁၉၅၃) တွင် စစ်ကိုင်းတောင် ဂန္ဓာရုံချောင်၌ ကျင်းပသည့် အဋ္ဌမအကြိမ် ရွှေကျင်နိကာယ သံဃာ အစည်းအဝေးကြီးက ရွှေဟင်္သာဆရာတော်ကို ဂိုဏ်းလုံးဝန်ဆောင် နာယက အဖြစ် တင်မြှောက်ခဲ့သည်။ ရွှေဟင်္သာဆရာတော်သည် ဝန်ဆောင်နာယက ပီသစွာ ရွှေကျင်နိကာယ စည်းလုံးညီညွတ်ရေး၊ ကြီးပွားတိုးတက်ရေးကို ရှေ့တန်းတင် ဆောင်ရွက်သည်။

၁၃၂၅ (၁၉၆၃-၆၄) ခုနှစ် ရွှေကျင်နိကာယသာသနာဝင်ကျမ်း ကြီးကို သမိုင်းတွင်လောက်အောင် ပြုစုရေးသားခြင်းဖြင့် ရွှေကျင်ဂိုဏ်း၏ တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်သည်။ ၁၃၃၈ (၁၉၇၆ - ၇၇)ခုနှစ်တွင် တာဝန်ကြီးတစ်ရပ်ကို ဆောင်ရွက်တော်မူသည်။ ရွှေကျင်ဆရာတော်ကြီး ဖွားမြင်ခဲ့ရာ ဇာတိရွှေကျင်ရွာ၌ ဝိဇာယနအထိမ်းအမှတ် ရွှေကျင်ဗိမာန်တော် ကြီးကို ဦးစီးတည်ဆောက်ခြင်း ဖြစ်သည်။

ရွှေဟင်္သာဆရာတော်သည် ရွှေကျင်နိကာယအလယ် ထင်ရှား တင့်တယ်သည့် ကြယ်ပွင့်ကြီးသဖွယ် ပေါ်လွင်လာသည်။ ရွှေဟင်္သာ ဆရာတော်၏ သီလ၊ သမာဓိ၊ ပညာနှင့် လုပ်ဆောင်ချက်တို့သည် ပိုမို ပီပြင်လာသည်။ ရွှေကျင်နိကာယသံဃာအများစုက ရွှေဟင်္သာဆရာတော် ကို အာရုံပြုလာကြသည်။ ကြီးသူများက မြတ်နိုးပြီး ငယ်သူများက အားကိုးလာကြသည်။

ရွှေဟင်္သာဆရာတော်ဘုရားကြီးသည် ဆရာမြတ်တို့ထံ ရိုကျိုးစွာ နည်းခံ၍ သင်ယူထားသော ပရိယတ္တိပညာရပ်များဖြင့် မိမိ၏ခန္ဓာကိုယ်ကို ဝေဖန်ဆန်းစစ်ကာ ပဋိပတ္တိကျင့်စဉ်များကို ကျင့်ဆောင်တော်မူခဲ့သည်။ ပဋိပတ္တိအမြင်ရှင့်သန်၍ ပရိယတ္တိဉာဏ်များ တောက်ပြောင်လာသောအခါ မိမိ၏ စေတနာ၊ မေတ္တာ၊ ဂါရဝဏ်တို့ဖြင့် တပည့်ဒါယကာ၊ ဒါယိကာမများ ရှင်ရဟန်းများ ကျင့်ဆောင် လိုက်နာနိုင်ကြရန် မဟာသတိပဋ္ဌာန် စသော

ပဋိပတ္တိကျင့်စဉ်ကျမ်းများကို ရေးသား ချီးမြှောက်တော်မူခဲ့သည်။ ဩဝါဒ ကထာများ မြွက်ကြား၍လည်း မြှောက်စားတော်မူခဲ့သည်။

**သာသနာလုံးဆိုင်ရာရွှေကျင်နိကာယ သံဃာအစည်းအဝေး**

၁၂၉၄ (၁၉၃၂) ခုနှစ် ပဌမအကြိမ် သာသနာတော်လုံးဆိုင်ရာ ရွှေကျင်နိကာယ သံဃာအစည်းအဝေးကြီးကို မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံ တိုက်သစ်တွင် ကျင်းပပြုလုပ်ခဲ့သည်။ အစည်းအဝေး ကျင်းပသည့်ရက် များမှာ ဝါဆိုလဆန်း (၅၊၆၊၇)ရက် (၁၉၃၂ ခုနှစ်၊ ဇွန်လ၊ ၈၊၉၊၁၀) ဖြစ်သည်။ ၎င်းအစည်းအဝေးကြီးသို့ မြို့နယ်အစုံမှ ရွှေကျင်နိကာယ သံဃကိုယ်စား လှယ်ပေါင်း (၆၀၀)ကျော် တက်ရောက်ခဲ့သည်။

ညောင်တုန်းရွှေဟင်္သာတောရတိုက် စံကျောင်းဆရာတော်လည်း အစည်းအဝေးကြီးသို့တက်ရောက်ရန် (၁၀)ရက်ခန့် ကြိုတင်ကြွလာပြီး ရွှေဟင်္သာချောင်တွင် သီတင်းသုံးတော်မူသည်။ ထိုစဉ်က ရွှေဟင်္သာချောင်၌ အဆောက်အအုံ ကောင်းကောင်း မရှိသေး။ မနန္ဒာလှူဒါန်းသော တစ်ခန်း၊ သုံးခန်း ဝါးကျောင်းကလေးသာ ရှိသေးသည်။ စံကျောင်းဆရာတော်အား မှန်ကျောင်းဆရာတော်၊ မဟာသီဝဆရာတော်တို့က လာရောက်ဝတ်ဖြည့်ပြီး မိမိတို့ ကျောင်းသို့ ကြွရောက် ကျိန်းစက်တော်မူရန် လျှောက်ထားကြသည်။ စံကျောင်းဆရာတော်က -

"အင်းလေကောင်းပါပြီ။ ဝမ်းမြောက်ပါတယ်။ အကြောင်း ညီညွတ်ရင် ရောက်အောင်လာခဲ့ပါမယ်"

ဟု အမိန့်ရှိလိုက်သည်။

ညနေခင်းအချိန် လမ်းလျှောက်ရင်း မှန်ကျောင်းနှင့် မဟာသီဝ ချောင်သို့ ကြွရောက်ကြည့်ရှုကာ ရွှေဟင်္သာချောင်သို့ပင် ပြန်လည် ကျိန်းစက်တော်မူသည်။ မှန်ကျောင်းဆရာတော်နှင့် မဟာသီဝဆရာတော် တို့သည် စစ်ကိုင်းတောင်ရိုး၌ နာမည်ကျော်ကြား ဘုန်းကြီးသော ဆရာတော် များ ဖြစ်ကြသည်။

ဝါဆိုလဆန်း(၄)ရက် (၇-၆-၁၉၃၂)နေ့တွင် စံကျောင်းဆရာတော် သည် မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ်၌ ကျင်းပသော ပဌမအကြိမ် သာသနာတော်လုံးဆိုင်ရာရွှေကျင်နိကာယ သံဃာ့အစည်းအဝေးကြီးသို့

တက်ရောက်ရန် မန္တလေးသို့ ကြွတော်မူသည်။ ထိုစဉ်က ရွှေဟင်္သာချောင် ဘုန်းကြီးသည် စံကျောင်းဆရာတော်၏ ပစ္ဆသမဏ (နောက်လိုက်ရဟန်း) အဖြစ် အစည်းအဝေးသို့ တက်ရောက်ရသည်။

## သတ္တမအကြိမ် ရွှေကျင်ဂိုဏ်းအစည်းအဝေး

၁၃၀၈ ခုနှစ်က ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးမြို့၌ သတ္တမ အကြိမ် ရွှေကျင်ဂိုဏ်းအစည်းအဝေးကြီး ကျင်းပရန် ပြင်ဆင်လျက်ရှိသည်။ ယင်းအစည်းအဝေးပွဲကို ၁၃၀၈ ခုနှစ်၊ တပေါင်းလဆန်း ၁၂ ရက်မှ ၁၅ ရက်ထိကျင်းပရန် သတ်မှတ်ကြသည်။ ယင်းအစည်းအဝေးပွဲကြီး ကျင်းပရန် လပိုင်းအလို၌ စံကျောင်းဆရာတော်က ရွှေဟင်္သာဆရာတော်ထံ သတိပေး တိုက်တွန်းတော်မူခဲ့သည်။ ယင်းတိုက်တွန်းစာအနက် ``ဂိုဏ်းလုံးကျွတ် အစည်းအဝေးဟာ အရေးပါအရာရောက်သော အစည်းအဝေး မဟုတ်သော် လည်း အသင့်အတင့်တော့ အကျိုးရှိသည်။ ဂိုဏ်းထဲမှာ တစ်ပါးနှင့်တစ်ပါး သိကျွမ်းကြ၍ သန္ဒိဋ္ဌသမ္ဘတ္တ အဆွေခင်ပွန်းဖြစ်ကြရသဖြင့် တစ်ပါးနှင့် တစ်ပါး ပို၍ စိတ်စပ်ခြင်းဖြင့် သံဃသာမဂ္ဂီ ဖြစ်ကြ၏ သံဃသာမဂ္ဂီဖြစ်ကြ သဖြင့် **သုခါသံဃဿ သာမဂ္ဂီ၊ သမဂ္ဂါနံ တပေါသုခေါ** ဟူသော ဒေသနာတော်အရ သံဃာချမ်းသာခြင်းအကျိုးကို ရသင့်သလောက်တော့ ရကြပါလိမ့်မည်ဟု သဘောရ၏။ တပည့်လည်း အစည်းအဝေးကို လိုက်ဖြစ်အောင် လိုက်စေလို၏။

## အဋ္ဌမအကြိမ် ရွှေကျင်ဂိုဏ်းအစည်းအဝေး

သတ္တမအကြိမ်မြောက်အစည်းအဝေးကို တောင်ကြီးတွင် ကျင်း ပပြီး ခြောက်နှစ်အကြာ အဋ္ဌမအကြိမ်မြောက် ရွှေကျင်ဂိုဏ်းအစည်းအဝေးကို ၁၃၁၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၃ မှ ၁၅ (၁၉၅၂ ခုနှစ်၊ မတ် ၈ - ၁၀) ထိ စစ်ကိုင်းတောင်ရိုး မဟာဂန္ဓာရုံချောင်၌ ကျင်းပခဲ့ပါသည်။ ရွှေကျင်နိကာယသံဃာကိုယ်စားလှယ်ပေါင်း(၅၀၀)ကျော် တက်ရောက် ခဲ့ပါသည်။ စံကျောင်းဆရာတော်က အစည်းအဝေးသဘာပတိအဖြစ် ဆောင်ရွက်ပြီး အရံသဘာပတိအဖြစ် ပွဲနိတန်ဆာမြို့ သောဘတိကာရုံ ပင်းတလဲဆရာတော်နှင့် မန္တလေးမြို့ ပတ္တမြားဆရာတော်တို့က ဆောင်ရွက်

ကြသည်။ အစည်းအဝေးအကျိုးဆောင်အဖြစ် မန္တလေးဝိသုဒ္ဓါရုံ အရှင်အာနန္ဒာပဏ္ဍိတနှင့် စစ်ကိုင်းအောင်မြေဘုံစံ အရှင်ဉာနုတ္တရတို့က ဆောင်ရွက်ကြသည်။ အစည်းအဝေးတွင် အရေးကြီးသော ပြဋ္ဌာန်းချက် (၁၀)ချက်ကို ချမှတ်နိုင်ခဲ့သည်။ ပြဋ္ဌာန်းချက်အမှတ် (၆)ဖြင့် ရွှေဟင်္သာဆရာတော်သည် အခြားဆရာတော်ရှစ်ပါးနှင့်အတူ 'ရွှေကျင်နိကာယကမ္မကာရ ဂိုဏ်းလုံးဝန်ဆောင် နာယက' အဖြစ် တင်မြှောက်ခြင်း ခံရသည်။

**နဝမအကြိမ် ရွှေကျင်ဂိုဏ်းအစည်းအဝေး**

၁၃၁၈ (၁၉၅၆) ခုနှစ်၌ နဝမအကြိမ် ရွှေကျင်ဂိုဏ်း အစည်းအဝေးပွဲကြီးကို ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက်အတွင်း ကျင်းပပြုလုပ်ခဲ့ကြသည်။ တပို့တွဲလပြည့်ကျော် (၄)ရက်နေ့မှ (၆)ရက်နေ့အထိ ခမ်းနားသိုက်မြိုက်စွာကျင်းပခဲ့ရာ နိုင်ငံတော်သမ္မတကြီးဒေါက်တာဘဦးကိုယ်တိုင် တက်ရောက် ကြည်ညိုခဲ့သည်။ ပဲခူးအစည်းအဝေးကြီးမတိုင်မီ မန္တလေးဝိသုဒ္ဓါရုံ ရွှေကျင်နိကာယဗဟိုဌာန၌ အစည်းအဝေးကြီးအတွက် အကြိမ်ကြိမ် ဆွေးနွေးပြင်ဆင်လျက်ရှိသည်။

ဂိုဏ်းလုံးဝန်ဆောင်နာယကများဖြစ်သည့် စစ်ကိုင်းရွှေဟင်္သာဆရာတော်နှင့် ဝိသုဒ္ဓါရုံ ဗာရာဏသီဆရာတော်တို့ကိုလည်း ရွှေကျင်သာသနာပိုင် စံကင်းဆရာတော်ကြီးက ပဲခူးသို့ ကြိုတင်စေလွှတ်တော်မူသည်။ အစည်းအဝေးကြီးအတွက် ပဲခူးအဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်နိုင်ရန် ဖြစ်သည်။

ရွှေဟင်္သာဆရာတော်နှင့် ဗာရာဏသီဆရာတော်တို့သည် အစည်းအဝေးကြီးမတိုင်မီ ၇ ရက်ခန့် ကြိုတင်ကာ ပဲခူးသို့ သွားရောက်ကြပြီး အစည်းအဝေးကြီးအတွက် စီမံဆောင်ရွက်ကြသည်။ အစည်းအဝေးသဘာပတိအဖြစ် မန္တလေးမြို့၊ ဝိသုဒ္ဓါရုံ ဗာရာဏသီဆရာတော်၊ ဇယမေဒနီဆရာတော်၊ ပဲခူးကြခတ်ဝိုင်းဆရာတော်တို့က ဆောင်ရွက်တော်မူသည်။ ၎င်းအစည်းအဝေးကြီးက ဂိုဏ်းလုံးဝန်ဆောင်နာယကအဖွဲ့ဝင် (၁၅)ပါးကို ထပ်မံတိုးချဲ့ ဖွဲ့စည်းပေးပြီး ပြဋ္ဌာန်းချက် (၁၃)ချက်တို့ကို ချမှတ်ပေးခဲ့သည်။

**ဒသမအကြိမ် ရွှေကျင်ဂိုဏ်း အစည်းအဝေး**

၁၃၂၅ (၁၉၆၃)ခုနှစ် သာသနာတော်လုံးဆိုင်ရာ ရွှေကျင်ဂိုဏ်း အစည်းအဝေးကြီးများကို မန္တလေးမြို့၌ သုံးကြိမ်တိုင်တိုင် ကျင်းပပြုလုပ်ခဲ့သည့်အတွက် ဒသမအကြိမ် ရွှေကျင်ဂိုဏ်းအစည်းအဝေးပွဲကိုလည်း မန္တလေးမြို့၌ကျင်းပရန် ဆုံးဖြတ်ခဲ့ကြသည်။ ထိုစဉ်က နဝမရွှေကျင်သာသနာပိုင် စံကင်းဆရာတော်ကြီးသည် ရွှေကျင်နိကာယဗဟိုဌာန မန္တလေးဝိသုဒ္ဓါရုံ၌ သီတင်းသုံးတော်မူလျက်၏။ ဆရာတော်ကြီးအများစုက စံကင်းဆရာတော်ကြီးရှေ့မှောက်တွင် အစည်းအဝေးကျင်းပရန် ဆန္ဒပြုကြသည်။

အမရပူရ မဟာဂန္ဓာရုံဆရာတော်၊ စစ်ကိုင်းအောင်မြေသာစည် ဆရာတော်တို့ကလည်း "ခေတ်ကာလအခြေအနေအရ အစည်းအဝေး ဂုဏ်ရှိစေရန်လည်းကောင်း၊ ဂိုဏ်းတိုးတက်ပြောင်မြောက်လာရန်လည်းကောင်း၊ သာသနာ့ဝင်ဘုန်းကြီးများကို လူတို့ပိုမိုအားကိုးလာစေရန်လည်းကောင်း၊ (၁၀)ကြိမ်မြောက် အစည်းအဝေးပွဲကြီးသည် သာမည လုပ်ရိုးလုပ်စဉ် ပြုလုပ်သော အစည်းအဝေးမျိုး မဖြစ်စေသင့်ပါ။ အနာဂတ်ကျောင်းထိုင်ဘုန်းကြီး၊ ကျေးရွာသာသနာပြုဘုန်းကြီးများ လက်ရွေးစင် ပေါ်ပေါက်လာအောင် ရှေးဦးကြိုတင် ပြင်ဆင်ပြီး ရဟန်းတော်တွေ ခပ်များများရှိပြီး ဖြစ်နေရမည့် လုပ်ငန်းစဉ်များက တာဝန်တွေ ပိုကြီးလာပါသည်။ ဖြစ်လောက်စရာ အကြောင်းများစွာလည်း လုံလောက်ပါသည်။ သာသနာအားအသက်လှူ အပ်နှံသူကို ဆရာတော်ကြီး မျက်မှောက်မှာဖြစ်စေ၊ ဆရာတော်ကြီး၏ သဘောတူညီချက်ကို အရယူ၍ဖြစ်စေ ရွေးချယ်ကြပြီး အစည်းအဝေးကိုလည်း ဆရာတော်ကြီး မျက်မှောက်၌သာ ပြုလုပ်သင့်ပါသည်" ဟု အဆိုပြုကြသည်။

ဒသမအကြိမ် ရွှေကျင်ဂိုဏ်းအစည်းအဝေးကို ၁၃၂၅ (၁၉၆၃) ခုနှစ် နတ်တော်လဆန်း (၃)ရက်မှ (၅)ရက်အထိ (၃)ရက်တိုင်တိုင် မန္တလေး မဟာဝိသုဒ္ဓါရုံတိုက်သစ် ရွှေကျင်နိကာယဗဟိုဌာန၌ ကျင်းပပြုလုပ်ခဲ့လေသည်။ သံဃာတော် (၇၀၀)ကျော် တက်ရောက်ကြသည်။ နဝမရွှေကျင်သာသနာပိုင် စံကင်းဆရာတော်ကြီးက သဘာပတိအဖြစ် ဆောင်ရွက်ပြီး မုံရွာကျောက္ကာ မဟာဗောဓိဆရာတော်၊ မင်းကွန်းငွေတောင်တောရ ပတ္တမြားဆရာတော်၊ ကျောင်းကုန်းတိုက်ကျောင်းဆရာတော်တို့က အရံ

သဘာပတိများအဖြစ် ဆောင်ရွက်တော်မူကြ၏။ ပြည်မြို့ ဝိသုဒ္ဓါရုံ ဗာရာဏသီဆရာတော်နှင့် မန္တလေးဝိသုဒ္ဓါရုံ ဇယမေဒနီဆရာတော်တို့က အကျိုးဆောင်အဖြစ် ဆောင်ရွက်ကြသည်။ အစည်းအဝေးကြီးတွင် ပြဋ္ဌာန်းချက် (၁၄)ချက်တို့ကို ချမှတ်နိုင်ခဲ့သည်။

ရွှေဟင်္သာဆရာတော်သည် ဒုသမအကြိမ် ရွှေကျင်ဂိုဏ်း အစည်းအဝေးကြီးသို့ ဂိုဏ်းလုံးဝန်ဆောင်နာယကအဖြစ်ဖြင့် တက်ရောက်ခဲ့သည်။ သို့ရာတွင် အဖျားရောဂါဝင်လာသောကြောင့် နေ့စဉ် အစည်းအဝေးသို့ မကြွရောက်နိုင်ချေ။ အချိန်မီ ရေးသားပြုစု၍ ရိုက်နှိပ်ပြီးသော 'ရွှေကျင်နိကာယသာသနာဝင်ကျမ်း' ကို လှူဒါန်းခဲ့သည်။ အစည်းအဝေးကြီးတွင် ရွှေကျင်နိကာယသာသနာဝင်ကျမ်းကို ဖတ်ရှုကြရသဖြင့် ဆရာတော်ကြီးများမှာ လွန်စွာ နှစ်ထောင်းအားရတော်မူကြ၏။ အစည်းအဝေးကြီးနှင့် ရွှေကျင်သာသနာဝင်မှာ အလွန်လိုက်ဖက်လျက်ရှိသည်။

ရွှေကျင်သာသနာပိုင် စံကင်းဆရာတော်ကြီးကိုယ်တိုင် ရွှေကျင်နိကာယသာသနာဝင်စာအုပ်ကြီး ပေါ်ထွက်လာခြင်းကို သာသနာတော်အတွက် နိမိတ်ကောင်းဟု အစည်းအဝေးတွင် သဘာပတိမိန့်ခွန်း၌ အောက်ပါအတိုင်း ထည့်သွင်း မိန့်ကြားတော်မူခဲ့သည် -

"ဒီတော့ ကိုယ့်သာသနာတော်ကြီး၊ ရွှေကျင်ဂိုဏ်းကြီး မဆုတ်မယုတ်ရအောင် ထွန်းလင်းတောက်ပအောင်လို့ ဘုရားရှင်သာသနာတော်ကြီး မဆုတ်မယုတ်ရအောင် ကြွရောက်လာကြသော အာဂန္တုကအရှင်ဘုရားများလည်း ကိုယ်စိတ်အပင်ပန်းခံပြီးတော့ လာရတဲ့ အကြောင်းကြောင့် သာသနာတော်ကြီး ထွန်းလင်းတောက်ပပါစေ။ ဧည့်သည်ပုဂ္ဂိုလ်များလည်း ကိုယ်စိတ်အပင်ပန်းခံပြီးတော့ ဆောင်ရွက်ကြလို့ ဤကောင်းမှုကြောင့် ဘုရားရှင်သာသနာတော်ကြီး ထွန်းလင်းတောက်ပပါစေ။ ထွန်းလင်းတောက်ပတဲ့ နိမိတ်အရောင်ကိုလည်း ရွှေကျင်နိကာယသာသနာဝင် ဆိုတဲ့ စာအုပ်ကြီးက အပြသားဘဲ၊ သာသနာရောင်တိုးပြီးတော့ လာလိမ့်မယ်။ တိုးသည်ထက်တိုးအောင် ကိုယ်တိုင် ကိုယ်၏ပင်ပန်းခြင်း၊ စိတ်၏ပင်ပန်းခြင်းခံပြီးတော့ ဆောင်ရွက်ရတဲ့ ကုသိုလ်ကံကြောင့် ဘုရားရှင်သာသနာတော်ကြီး ထွန်းလင်းတောက်ပပါစေ။ ရွှေကျင်ဂိုဏ်းသာသနာတော်ကြီး ထွန်းလင်းတောက်ပပါစေလို့ ဆုတောင်းပါတယ်" ဟု ဖော်ပြထားပါသည်။

**ကောဒသမအကြိမ် ရွှေကျင်ဂိုဏ်းအစည်းအဝေး**

ဒသမအကြိမ် ရွှေကျင်ဂိုဏ်းအစည်းအဝေးကြီးကျင်းပပြီးနောက် စည်းဝေးပွဲ မဖြစ်မြောက်ဘဲရှိရာ ၉နှစ်တာမျှ ကြာမြင့်ခဲ့ပြီး ၃နှစ်တစ်ကြိမ် စည်းဝေးရန် ပြဋ္ဌာန်းသတ်မှတ်ထားသော်လည်း အခြေအနေအရပ်ရပ်ကြောင့် စည်းဝေးပွဲတွေ ပြတ်လပ်ခဲ့ရသည်။ ထိုအခါ ရွှေကျင်ဂိုဏ်းဝင် ဂိုဏ်းလုံး ဝန်ဆောင်နာယကတစ်ပါးဖြစ်သော ရွှေဟင်္သာဆရာတော်က ရွှေကျင် ဂိုဏ်းလုံးကျွတ်အစည်းအဝေးကြီး ကျင်းပပြုလုပ်သင့်သည် ဖြစ်ကြောင်း ရွှေကျင်နိကာယဗဟိုဌာနသို့ စာရေးတိုက်တွန်းခဲ့သည်။ ယင်းတိုက်တွန်း ခဲ့သော စာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်။

မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက် ရွှေကျင်ဂိုဏ်းလုံးဆိုင်ရာ ဝန်ဆောင်ဆရာတော်များထံ အကြောင်းကြားပါသည်။

အကြောင်းကြားလိုသည်မှာ ရွှေကျင်ဂိုဏ်းလုံးဆိုင်ရာ အစည်း အဝေးကြီး မပြုလုပ်ရသည်မှာ ၉ နှစ်မျှ ရှိသွားပါပြီ။ ကြာလျှင် ပျက်ပျောက် ကွယ်သွားမည်ကို စိုးရိမ်မိပါသည်။ အစည်းအဝေးကြီးမရှိလျှင် ဂိုဏ်း သံဃာများ စည်းလုံးညီညွတ်မှု၊ အချင်းချင်း ရင်းနှီးစွာ ဆက်ဆံမှု၊ အချင်း ချင်း အတွေ့အကြုံနည်းမှု စသည်တို့ကြောင့် အလိုအလျောက် ညီညွတ်မှု ဝေးကာ ဂိုဏ်း၏အင်အားဆုတ်ယုတ်လျက် ရွှေကျင်ဂိုဏ်း၏ သက်တမ်း တိုဖွယ်ရာတို့ ဖြစ်ပေါ်လာမည်မှာ ဧကန်မလွဲဟု ထင်မြင်မိပါသည်။ သို့ဖြစ်၍ လာလတ္တံ့ဖြစ်သော ၁၃၃၅ (၁၉၇၃) ခုနှစ်၌ အစည်းအဝေးကြီး ပြုလုပ်ရန် သင့်လျော်ပြီဟု ယူဆမိပါသည်။

ဤကိစ္စအတွက် လက်လှမ်းမီရာဌာနတို့မှ ဝန်ဆောင်ပုဂ္ဂိုလ်များ နှင့်တကွ ပင့်လျှောက်သင့်သော ပုဂ္ဂိုလ်များကို ဝိသုဒ္ဓါရုံသို့ပင့်၍ ဆွေးနွေး ကြလျှင် သင့်တော်မည်ထင်ပါသည်။

ရွှေကျင်ဂိုဏ်းလုံးဆိုင်ရာ အစည်းအဝေးကြီး မပျောက်ကွယ်စေရန် တစ်ကြောင်း၊ ရွှေကျင်ဂိုဏ်းဝင် သံဃာတော်များအချင်းချင်း၊ မိဟိတပုဗ္ဗင်္ဂမ ဝမ်းသာရွှင်ပြုံး နှလုံးကြည်သာသောမျက်နှာတို့ဖြင့် တွေ့ဆုံကာ သာရ ဏီယကထာများကို ပြောကြားတော်မူခြင်းဖြင့် ဂိုဏ်းအားပြည့်စေရန် တစ်ကြောင်း ဤအကြောင်းလောက်ကိုသာ ရည်ညွှန်း၍ အစည်းအဝေးကြီး ကို ပြုလုပ်လိုခြင်း ဖြစ်ပါသည်။ သို့ကြောင့် အစည်းအဝေးကြီးကို (၃)ရက်

မျှသာ စည်းဝေးရန်၊ နေ့တစ်နာရီ အချိန်စည်းဝေးရန် ရွှေကျင်ဂိုဏ်း ကျင့်ထုံးကြီးနှင့် ရွှေကျင်ဝံသာနိရက္ခတို့ကို (၃)ရက်ခွဲ၍ ဖတ်သည်ကို နာယူရန်၊ အလှည့်ကျ မထေရ်ကြီးတစ်ပါးနေ့စဉ် ဩဝါဒပေးရန်၊ ထိုနောက် မေတ္တာသုတ်ပရိတ်ကို အညီအညွတ်ရွတ်၍ အစည်းအဝေးရုပ်သိမ်းရန်၊ ညစဉ်တရားပွဲပြုလုပ်ရန် ဤမျှလောက်ကိုသာ ဆောင်ရွက်ခြင်းဖြင့် အေးချမ်းသာယာ ဝမ်းသာစွာ အစည်းအဝေးပွဲကြီး အောင်မြင်ပြီးစီးရန် ဖြစ်ပါသည်။

စံကင်းဆရာတော်ဘုရားကြီးအား သက်တော်ထင်ရှား ရှိတော်မူစဉ်က ဤအစီအစဉ်အတိုင်း လျှောက်ထားဘူးပါသည်။ ဆရာတော်ကြီး ကိုယ်တိုင် နှစ်သက်တော်မူ၍ ဆန္ဒပေးတော်မူပါသည်ဟု ပါရှိပါသည်။

ရွှေဟင်္သာဆရာတော်၏ ပေးစာအရ ပိုက်ကျုံးဆရာတော်၊ အသောကဆရာတော်အမှူးရှိသော ရွှေကျင်နိကာယဗဟိုဌာနမှ ဆရာတော်များသည် ၁၃၃၆ ခုနှစ်၊ သီတင်းကျွန်လဆန်း (၁) ရက် (၁၆.၁၀.၁၉၇၄) နေ့တွင် စည်းဝေးပြီး အကြိုအစည်းအဝေးခေါ်ရန် စီစဉ်ဆောင်ရွက်ကြသည်။

၁၃၃၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း (၁၀)ရက် (၂၆.၁၀.၁၉၇၄) နေ့တွင် မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်၌ အကြိုအစည်းအဝေးကို ကျင်းပ ပြုလုပ်သည်။ မန္တလေး၊ ပြင်ဦးလွင်၊ အမရပူရ၊ စစ်ကိုင်း၊ မင်းကွန်းမှ ရွှေကျင်နိကာယ ဝန်ဆောင်ဆရာတော်များ တက်ရောက်ကြသည်။ ထို အစည်းအဝေးက ဧကာဒသမအကြိမ် ရွှေကျင်ဂိုဏ်းလုံးကျွတ်အစည်းအဝေး ကြီး ကျင်းပရေး အလုပ်အမှုဆောင်အဖွဲ့ကို ဖွဲ့စည်းပေးလိုက်သည်။

ထိုအဖွဲ့က အစည်းအဝေးကြီး ဖြစ်မြောက် အောင်မြင်သည်အထိ ဆောင်ရွက်သွားရန် ဖြစ်သည်။ အစည်းအဝေးကြီး ကျင်းပရာဌာနအဖြစ် ရွှေကျင်နိကာယ ပဲခူးဌာနကို တိုက်တွန်းရာ ပဲခူးဌာနက ဝမ်းမြောက်ဝမ်းသာ လက်ခံဆောင်ရွက်ခဲ့သည်။ ၁၃၃၆ ခုနှစ်မကုန်မီအချိန်မှစ၍ ရွှေကျင်နိကာယ ဗဟိုဌာနနှင့် ပဲခူးဌာနတို့မှ အစည်းအဝေးကြီး ဖြစ်မြောက်အရေးအတွက် အချင်းချင်းဆက်သွယ်ကာ ပြင်ဆင်လျက်ရှိကြ၏။

၁၃၃၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (ဒီဇင်ဘာ၊ ၁၉၇၅) တွင် ဧကာဒသမအကြိမ် ရွှေကျင်ဂိုဏ်းလုံးကျွတ်အစည်းအဝေးကြီးကို ပဲခူးမြို့

ကြခတ်ဝိုင်းကျောင်းတိုက်၌ ကျင်းပခဲ့သည်။ အစည်းအဝေးရက်မှာ တန်ဆောင်မုန်းလပြည့်ကျော် (၅)ရက်မှ (၇)ရက်အထိ (၃)ရက်တိုင်တိုင် ဖြစ်သည်။ သံဃာ (၂၀၀၀) ကျော် အစည်းအဝေးသို့ တက်ရောက်သည်။

ထိုအစည်းအဝေးကြီး၌ သဘာပတိအဖြစ် သက်တော်(၉၀)ကျော် မန္တလေးမြို့ အရှေ့ဝိသုဒ္ဓါရုံဆရာတော်ကြီးက ဆောင်ရွက်တော်မူပြီး အရံ သဘာပတိအဖြစ် သိက္ခာတော် ၅၀ နှင့် ၅၀အထက်ရှိ အစည်းအဝေးကြွလာ ဆရာတော်ကြီး ၈ ပါးတို့က ဆောင်ရွက်တော်မူကြသည်။ အစည်းအဝေး အကျိုးတော်ဆောင်များအဖြစ် မန္တလေးဝိသုဒ္ဓါရုံ ဇယာမေဒနီဆရာတော် အရှင်အဂ္ဂိယပဏ္ဍိတ၊ စည်ရှင်စာချအရှင်အရိယဉာနာဘိဝံသ၊ ပဲခူး ကြခတ်ဝိုင်းဆရာတော်အရှင်ဇောတိပါလတို့က ဆောင်ရွက်ကြသည်။ အကြို ရက်များနှင့် အကြိုအစည်းအဝေးပွဲများ၌ စစ်ကိုင်း ရွှေဟသာ်ဆရာတော်၊ ပြည်မြို့ဝိသုဒ္ဓါရုံဗာရာဏသီဆရာတော်တို့က သြဝါဒစကား မိန့်ကြား တော်မူကြသည်။ ထိုစဉ်က ရွှေဟသာ်ဆရာတော်သည် တန်ဆောင်မုန်း လပြည့်ကျော် (၅) ရက်နေ့ည သြဝါဒခံယူပွဲတွင် တစ်နာရီကြာကြာ တရားမိန့်ကြားခဲ့သည်။

၁၃၃၇ (၁၉၇၅)ခုနှစ် ပဲခူးမြို့၌ ကျင်းပသော ဧကာဒသမအကြိမ် ရွှေကျင်ဂိုဏ်းလုံးကျွတ်အစည်းအဝေးပွဲကြီးက ရွှေကျင်နိကာယဥက္ကဋ္ဌ ဆရာတော်ကြီးများကို တညီတညွတ်တည်း ရွေးချယ်တင်မြှောက်ခဲ့သည်။ သက်တော်(၉၀) သိက္ခာတော် (၇၁) ရှိ မန္တလေးမြို့ အရှေ့ဝိသုဒ္ဓါရုံ ဆရာတော်ကြီးကို 'ရွှေကျင်နိကာယဥက္ကဋ္ဌ မဟာနာယကရွှေကျင် သာသနာပိုင်' အဖြစ်လည်းကောင်း စစ်ကိုင်းရွှေဟသာ်ဆရာတော်၊ အမရပူရ မဟာဂန္ဓာရုံဆရာတော်၊ မန္တလေးဝိသုဒ္ဓါရုံပိုက်ကျိုးဆရာတော်၊ မန္တလေး ဝိသုဒ္ဓါရုံအသောကဆရာတော်တို့ကို 'ရွှေကျင်နိကာယဥပဥက္ကဋ္ဌ မဟာ နာယက တွဲဖက် ရွှေကျင်သာသနာပိုင်' အဖြစ်ဖြင့်လည်းကောင်း ရွေးချယ် တင်မြှောက်ကြသည်။ ရွှေကျင်နိကာယသည် စည်းလုံးညီညွတ်၍ ပိပြား သေဝပ်၏။ နိကာယ ရှေ့ဆောင်မထေရ်ကြီးများ၏ ဆုံးမသြဝါဒကို ရိုသေ လေးစား၏။ သို့ဖြစ်၍ နိကာယဥက္ကဋ္ဌ တင်မြှောက်ရာတွင် အခက်အခဲ တွေ့ရိုးမရှိချေ။

အစည်းအဝေး သဘာပတိဆရာတော်များနှင့် ဝန်ဆောင်နာယက များက ရွေးချယ်ပေးသော နိကာယဥက္ကဋ္ဌဆရာတော်များကိုသာ အမြဲတ် တနိုး ရိုကျိုးလေ့ရှိ၏။

ရွှေဟင်္သာဆရာတော်သည် 'ဥပဥက္ကဋ္ဌတွဲဖက် ရွှေကျင်သာသနာ ပိုင်' လေးပါးတွင် တစ်ပါးအပါအဝင်အဖြစ် ရွေးချယ်တင်မြှောက်ခြင်း ခံရသည်။ ရွှေဟင်္သာဆရာတော်အနေဖြင့် ငြင်းဆန်သေးသော်လည်း အများ ၏ဆန္ဒကိုမူ လိုက်လျောတော်မူရသည်။ အစည်းအဝေးကြီး အောင်မြင် ပြီးဆုံးသည့် မဟ္ဆကသန္နိပါတ အခမ်းအနားနေ့၌ ရွှေကျင်သာသာနပိုင် အရှေ့ဝိသုဒ္ဓါရုံဆရာတော်ကြီးနှင့် ရွှေဟင်္သာဆရာတော်တို့က သဘာပတိ အဖြစ် ဆောင်ရွက်တော်မူကြသည်။ သဘာပတိသြဝါဒကို ရွှေကျင် သာသနာပိုင် ဆရာတော်ကြီးကိုယ်စား တွဲဖက်သာသနာပိုင် ရွှေဟင်္သာ ဆရာတော်က မိန့်ကြားတော်မူသည်။

### ညောင်တုန်းရွှေဟင်္သာတိုက် စိန်ရတုသဘင်

၁၃၃၇ ခုနှစ်၊ တပေါင်းလပြည့်နေ့ (၁၄.၃.၁၉၇၆) တွင် ညောင် တုန်းမြို့ ရွှေဟင်္သာတိုက် ၇၅ နှစ်မြောက် စိန်ရတုသဘင်ကို ရွှေဟင်္သာ တောရတိုက်၌ ခမ်းနားသိုက်မြိုက်စွာ ဆင်ယင်ကျင်းပခဲ့သည်။ ညောင်တုန်း မြို့ ရွှေဟင်္သာတောရသာသနာ့ပါလအသင်း၊ ရန်ကုန်မြို့မှ ရွှေဟင်္သာ သဟာယအသင်း၊ ပဲခူးမြို့မှ ရွှေဟင်္သာသဟာရအသင်းတို့မှ ကြီးမှူး ကျင်းပခြင်းဖြစ်သည်။ ရွှေဟင်္သာတောရ စိန်ရတုသဘင်သို့ အနယ်နယ် အရပ်ရပ်မှ ရွှေဟင်္သာနွယ်ဝင် သံဃာတော် (၅၀၀)ကျော်နှင့် လူထုပရိသတ် (၃၀၀၀)ကျော် တက်ရောက်ကြသည်။ ထိုစိန်ရတုသဘင်၏ အကြီးအကဲ သဘာပတိဆရာတော်မှာ ရွှေဟင်္သာဆရာတော်ဖြစ်၏။ ဆရာတော်သည် ရွှေဟင်္သာနွယ်ဖွား သံဃာတော်များတွင် အရွယ်အားဖြင့်လည်းကောင်း၊ ဂုဏ်အားဖြင့်လည်းကောင်း အကြီးဆုံးဖြစ်၍ ထင်ရှားတော်မူသည်။

ညောင်တုန်းမြို့ ရွှေဟင်္သာတောရတိုက်ကို ၁၂၆၂ ခုနှစ်၊ တပေါင်းလပြည့်နေ့ (၃.၃.၁၉၀၁) တွင် စတင်တည်ထောင်သည်။ ယင်း ကျောင်းတိုက်မှ သာသနာ့အာဇာနည်များ မြောက်များစွာ ပေါ်ထွန်းခဲ့၍ ဆရာတော်အား 'ရွှေဟင်္သာဝံသ စိန်ရတုသံဃာ မဟာသဘာ' က ရွှေ

ဟင်္သာနွယ်၏ အဓိပတိဆရာတော်အဖြစ် တညီတညွတ်တည်း တင်မြှောက်ကြပြီး 'ရွှေဟင်္သာဝံသ သံဃာမဟာနာယကဓိပတိ' ဟူသော အမြင့်ဆုံးဘွဲ့တံဆိပ်ကို ဦးညွတ်ဆက်ကပ်ကြသည်။

## ရွှေကျင်ဗိမာန်တော်ကြီး တည်ဆောက်ခြင်း

ရွှေကျင်နိကာယသမိုင်းတွင် မော်ကွန်းတင်ရမည့် တာဝန်ကြီး ၂ ရပ်ကို ရွှေဟင်္သာဆရာတော်က ထမ်းဆောင်ခဲ့သည်။ ပထမတာဝန်မှာ 'ရွှေကျင်နိကာယသာသနာဝင်ကျမ်း' ကြီးကို ပြုစုရေးသားခြင်း၊ ဒုတိယတာဝန်မှာ 'ပထမရွှေကျင်ဆရာတော်ကြီး၏ ဝိဇာယနဌာနဌ ရွှေကျင်ဗိမာန်တော်ကြီး' ကို ဦးစီးတည်ဆောက်ခြင်း ဖြစ်သည်။ ရွှေဟင်္သာဆရာတော်သည် ရွှေကျင်နိကာယသာသနာဝင်ကျမ်းကြီးကို ပြုစုရေးသားသည့် ၁၃၂၅ (၁၉၆၃) ခုနှစ်ကပင် ရွှေကျင်ဆရာတော်ကြီး၏ ဝိဇယဌာနဌ အထိမ်းအမှတ် တစ်ခုခုထားရန် စိတ်ဝင်စားခဲ့၏။ ထိုစဉ်က အကြောင်းမညီညွတ်သဖြင့် အထမမြောက်ခဲ့။

၁၃၃၇ (၁၉၇၅) ခုနှစ်တွင် ထိုအကြံ ထပ်မံပေါ်လာကာ ရွှေကျင်ဂိုဏ်းဝင်သံဃာများသို့ တရားဝင်အကြောင်းကြားပြီး စီမံဆောင်ရွက်ခဲ့သည်။ သာသနာတော်လုံးဆိုင်ရာ ရွှေကျင်နိကာယဝင် သံဃာတော်အရှင်တို့ထံ အကြောင်းကြားစာ အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်။

ရွှေကျင်နိကာယ သမုဋ္ဌာပက ပထမရွှေကျင်ဆရာတော်ကြီး၏ မီးရှူးသန့်စင် ဖွားမြင်ရာ ဖြစ်တော်မူသော ရတနာသိင်္ခ ရွှေဘိုမြို့တောင်ဘက် လှတောကြီးငါးရွာအဝင် 'ရွှေကျင်ရွာ' ၌ ဆရာတော်ဘုရားကြီး၏ ချက်မြှုပ်ရာမြေကွက်ကို သိမှီလိုက်သူတို့ အဆက်ဆက်ကြောင့် ယနေ့တိုင်မပျောက်မကွယ်မူ၍ ရွှေကျင်ရွာအလယ်၌ အထင်အရှားရှိနေသည်ကို ရွှေကျင်နိကာယသံဃာတော်များ၏ ကံအရှိန်ကြောင့် မတိမ်ကော တွေ့ရှိရသည်ဟုပင် ဆိုသင့်ပါသည်။

အိန္ဒိယ၊ သီရိလင်္ကာနှင့် ယိုးဒယားတိုင်အောင် သာသနာပြု မဟာထေရ်မြတ်အဖြစ်ဖြင့် ထင်ရှားကျော်ကြားတော်မူသော ရွှေကျင်သံဃာတို့၏ ဦးကိုင်ရွှေကျင်မဏ္ဍိုင်ဖြစ်တော်မူသော ရွှေကျင်ဆရာတော်ကြီး၏ မီးရှူးသန့်စင် ဖွားမြင်တော်မူရာ မြေကောင်းမြေမြတ်ပေါ်၌ အထွဋ်ပွတ္တိ

အကျဉ်းချုပ်ကျောက်စာနှင့်တကွ အထိမ်းအမှတ် ကျောက်တိုင်တစ်ဆူ တင့်တယ်လျောက်ပတ်စွာ စိုက်ထူတည်ထောင်မည် ဖြစ်ပါ၍ ရွှေကျင် ဆရာတော်ကြီး၏ အနွယ်အစဉ် ရွှေကျင်သံဃာတော်အရှင်တို့အား ဝမ်းမြောက်တော်မူကြစေရန် အကြောင်းကြားအပ်ပါသည်ဟု ရေးသား ထားပါသည်။

ရွှေဟင်္သာဆရာတော်သည် ရွှေကျင်ဂိုဏ်းဝင် သံဃာတော်များကို အကြောင်းကြားစဉ်က အထိမ်းအမှတ်ကျောက်တိုင်လောက်ကိုသာ ရည်ရွယ် သည်။ သို့ရာတွင် ရွှေကျင်ဂိုဏ်းဝင် သံဃာများနှင့် ဒကာ၊ ဒကာများ၏ ဝိုင်းဝန်း အားပေးမှုကြောင့် ရွှေကျင်ဗိမာန်အဆင့်သို့ တိုးမြှင့် တည်ဆောက် နိုင်ခဲ့သည်။ ရွှေကျင်ရွာသည် စစ်ကိုင်း၊ ရွှေဘိုကားလမ်းမကြီး၏ လက်ျာ ဖက်၊ ရွှေဘိုမြို့မှ (၁၄)မိုင်ခန့်အကွာတွင် လှတောကြီး (၅)ရွာအတွင်း၌ တည်ရှိသည်။ ယင်းရွာတွင် ပထမရွှေကျင်ဆရာတော်ကြီး ဖွားမြင်တော် မူခဲ့သည်။

ရွှေကျင်ရွာတောင်ဖက်ထိပ်ရှိ သာယာပြန့်ပြူးသော ကုန်းမြေ၌ ရွှေကျင်ဆရာတော်ကြီး၏ ဝိဇာယနဌာနအထိမ်းအမှတ် ရွှေကျင်ဗိမာန် တော်ကြီးကို ၁၃၃၈ ခုနှစ်၊ နယုန်လပြည့်ကျော်(၄)ရက် (၁၅-၆-၁၉၇၆) နေ့တွင် စတင်ပန္နက်ချပြီး တည်ဆောက်ရာ ကိုးလဖြင့် ပြီးစီးအောင်မြင်၍ ၁၃၃၈ ခုနှစ်၊ တပေါင်းလပြည့်ကျော်(၈)ရက်(၁၁-၃-၁၉၇၇)နေ့တွင် ခမ်းနားသိုက်မြိုက်စွာ ဖွင့်လှစ်နိုင်ခဲ့သည်။

ရွှေဟင်္သာဆရာတော်ကြီးသည် ရွှေကျင်ဗိမာန်တော်ကြီး ဖြစ် မြောက်အောင် စီမံဆောင်ရွက်ရာ၌ သက်တော်ရွယ်တော်နှင့်မမျှ လုံ့လ ဝီရိယကြီးမားတော်မူလှသည်။ စစ်ကိုင်းမှ မိုင် (၆၀)ခန့် ဝေးကွာသည့် ရွှေကျင်ရွာသို့ အခေါက်ပေါင်းများစွာ ကိုယ်တိုင် ကြွရောက်တော်မူခဲ့သည်။ ရွှေကျင်ဗိမာန်တော်ကြီး ဤမျှမြန်ဆန် ပြီးစီးအောင်မြင်ခဲ့ခြင်းမှာ ရွှေဟင်္သာ ဆရာတော်၏ ထက်သန်ပြင်းပြသည့် လုံ့လဝီရိယကြောင့် ဖြစ်သည်။

ရွှေကျင်ဗိမာန်တော်ကြီး ဖြစ်မြောက်ရေးအတွက် ရွှေဟင်္သာ ဆရာတော်အား အကူအညီပေးရန် ဝန်ဆောင်သံဃာအဖွဲ့ (၃)ဖွဲ့ကို ဖွဲ့စည်း ခဲ့သည်။ လှတောအဖွဲ့၊ စစ်ကိုင်းအဖွဲ့နှင့် မန္တလေးအဖွဲ့တို့ဖြစ်သည်။ အဖွဲ့ (၃)ဖွဲ့လုံးပင် ကျရာတာဝန်ကို အားသွန်ဆောင်ရွက်ကြသည်။ ရွှေကျင်ဗိမာန်

တော်ကြီး ပူဇော်ပွဲသဘင်ကို ကောဒသမ ရွှေကျင်သာသနာပိုင် ဆရာတော်ကြီးနှင့် ဒုတိယရွှေကျင်သာသနာပိုင် ရွှေဟသ်ာဆရာတော်တို့ ကိုယ်တိုင်ဖွင့်လှစ်ပေးတော်မူကြသည်။ အခမ်းအနား၌ ရဟန်းရှင်လူ ပရိသတ်(၃၀၀၀)ကျော်ခန့် တက်ရောက်ကြည်ညိုကြသည်။

ရွှေကျင်ဆရာတော်က ငါးပါးသီလ၊ ပြည်မြို့ ဝိသုဒ္ဓါရုံဗာရာဏသီဆရာတော်ကသြဝါဒကထာ၊ ညောင်တုန်းမြို့ ရွှေဟသ်ာတောရ စတုဗ္ဗစံကျောင်းဆရာတော်က သြဝါဒနှင့်ရေစက်ချ အသီးသီး ချီးမြှင့်တော်မူကြသည်။ ဗိမာန်တော်ကြီးဖွင့်လှစ်ပြီးနောက် ဗိမာန်တော်ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် ရွှေဟသ်ာဆရာတော်နှင့် ဝန်ဆောင်သံဃာအဖွဲ့တို့ ဆွေးနွေးတိုင်ပင်ကြသည်။ ထိုအစည်းအဝေးတွင် ရွှေဟသ်ာဆရာတော်က "ရွှေကျင်ဂဏသမုဋ္ဌာပက ပထမရွှေကျင်ဆရာတော်ဘုရားကြီး၏ အထိမ်းအမှတ်ဗိမာန်တော်သည် -

၁။ ရွှေကျင်ဂိုဏ်းသံဃာ၏ ဦးသျှောင် ပထမရွှေကျင်ဆရာတော်ဘုရားကြီး၏ အထိမ်းအမှတ်ဗိမာန်ဖြစ်ခြင်း၊

၂။ ရွှေကျင်ဂိုဏ်းတစ်ဂိုဏ်းလုံး၏ ကူညီအားပေးထောက်ပံ့ခြင်းဖြင့် တည်ဆောက်အပ်သည်ဖြစ်ခြင်း။

အထက်ပါအကြောင်းအရာတို့ကြောင့် ရွှေကျင်ဂိုဏ်းတစ်ဂိုဏ်းလုံးနှင့်သက်ဆိုင်သော ဗိမာန်တော်ဖြစ်သည်ဟု သဘောသက်ဝင်ပါသည်။ ထို့ကြောင့် ဤဗိမာန်တော်ကို မန္တလေးအဖွဲ့၊ စစ်ကိုင်းအဖွဲ့၊ လှတောအဖွဲ့တို့က ပေါင်းစု၍ ရွှေကျင်ဂိုဏ်းသို့ အပ်နှင်းသင့်သည်ဟု သဘောရပါသည်" စသည်ဖြင့် မိန့်တော်မူသည်။

၁၃၃၉ ခုနှစ်၊ ကဆုန်လဆန်း (၁၄)ရက် (၃၀.၄.၁၉၇၇) နေ့တွင် မန္တလေးမြို့ ရွှေကျင်နိကာယဗဟိုဌာန၌ ဝန်ဆောင်သံဃာအဖွဲ့က ရွှေကျင်ဗိမာန်တော်ကြီးကို ရွှေကျင်ဂိုဏ်းကြီးသို့ လွှဲပြောင်းအပ်နှင်းကာ ကောဒသမရွှေကျင်သာသနာပိုင် ဆရာတော်ကြီးကိုယ်တိုင် လက်ခံတော်မူသည်။

ရွှေကျင်ဗိမာန်တော်နှင့် စပ်လျဉ်း၍ အကြောင်းအရာ အစုံအလင်ကို ရွှေဟသ်ာဆရာတော်ကိုယ်တိုင် မှတ်တမ်းတင်၍ ဗိမာန်တော်သမိုင်းကို ရေးသားပြုစုခဲ့သည်။

**စစ်ကိုင်းရွှေဟင်္သာတိုက်ခွဲများ**

ရွှေဟင်္သာဆရာတော် တည်ထောင်သည့် ကျောင်းတိုက်ပေါင်း (၄)တိုက် ရှိသည်။ စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာတိုက်ဟောင်း၊ ရွှေဟင်္သာတိုက်သစ်၊ သပြေသာရွာရွှေဟင်္သာတိုက်သစ်၊ မေမြို့ရွှေဟင်္သာတိုက်သစ်တို့ ဖြစ်သည်။ ရွှေဟင်္သာဆရာတော်သည် ၁၂၈၉ (၁၉၂၇-၁၉၂၈) ခုနှစ်တွင် စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာတိုက်ဟောင်းကို တည်ထောင်၍ (၁၀)နှစ်ခန့် သီတင်းသုံးတော်မူခဲ့သည်။ ရေတွင်း၊ ရေကန်၊ သိမ်၊ ကျောင်း စသော အဆောက်အုံများပြည့်စုံ၍ သံဃာ (၃၀)ကျော်အထိ လက်ခံကာ စာပေပို့ချပေးခဲ့သည်။

၁၃၀၁ (၁၉၃၉) ခုနှစ်မှစ၍ ပျံလွန်တော်မူသည်အထိ ရွှေဟင်္သာဆရာတော်သည် ကိုယ်တိုင်သီတင်းသုံးလျက် သံဃာတော်များ လက်ခံကာ အုပ်ချုပ်တော်မူသည်။

၁၃၂၀ (၁၉၅၈) ပြည့်နှစ်တွင် စစ်ကိုင်းတိုင်း၊ ဝက်လက်မြို့နယ် သပြေသာရွာကျောင်းကို ရပ်ရွာဒကာ၊ ဒကာမများက ရွှေဟင်္သာဆရာတော်အား လာရောက်အပ်နှံကြသည်။ ရွှေဟင်္သာဆရာတော်က သင့်လျော်သည့် တပည့်ကြီးတစ်ဦးကို စေလွှတ်၍ သပြေသာရွာ၌ သာသနာပြုစေတော်မူသည်။ ကျောင်းအမည်ကို သပြေသာရွာရွှေဟင်္သာကျောင်းဟု တွင်စေသည်။ သပြေသာရွာရွှေဟင်္သာကျောင်းသည် ကျောင်းကန် အဆောက်အအုံများဖြင့် စည်ကားတိုးတက်လျက်ရှိသည်။

၁၃၃၁ (၁၉၆၉ - ၇၀) ခုနှစ်တွင် မေမြို့ နန်းမြိုင်လမ်း၌ ရွှေဟင်္သာတိုက်သစ် တည်ထောင်၍ နွေရာသီအချိန် ရွှေဟင်္သာဆရာတော် သီတင်းသုံးတော်မူလေ့ ရှိသည်။ မေမြို့ ရွှေဟင်္သာကျောင်း၌ တပည့်ကြီးဖြစ်သူ ဦးဝါစကကို အုပ်ချုပ်နေထိုင်စေသည်။ ဆရာတော်သည် ရွှေဟင်္သာကျောင်းတိုက်များသို့ ရံခါကိုယ်တိုင်ကြွ၍လည်းကောင်း၊ ရံခါစာရေး၍လည်းကောင်း မကြာခဏ ဩဝါဒပေးလေ့ရှိသည်။

**ကျောင်းစည်းကမ်းများ**

ရွှေဟင်္သာဆရာတော်သည် ဖော်ပြပါ ကျောင်းတိုက်၌ သီတင်းသုံးနေထိုင်တော်မူကြသော သံဃာများ လိုက်နာကြရန် ဩဝါဒကထာများကို

အမျိုးမျိုး ရေးသားပေးခဲ့ရာ ၁၃၃၁ ခုနှစ်၊ ပြာသိုလဆန်း (၁)ရက်နေ့ (၈.၁.၁၉၇၀) တွင် ရေးသားပေးသော ဩဝါဒအချို့ကို ဖော်ပြထားပါသည်။

"ရွှေဟင်္သာတိုက်သစ်သည် မြေဧက အကျယ်အဝန်းအားဖြင့် ၁၂ ဧကနှင့် ဒသမ ၆၀ ရှိသော်လည်း ယနေ့တိုင် အာရာမ် ခွဲခြားခြင်းမရှိပါ၊ ဝါဆိုခွဲခြားခြင်းမရှိဘဲ၊ ကထိန်ခွဲ၍မခံကြဘဲ၊ ဆွမ်းစားကျောင်းဘုရား မခွဲကြဘဲ တရာမ်တည်းအဆက်ဆက်သော သံဃာများသည်လည်း စည်းလုံးညီညွတ်စွာ နေကြရမည်။ ရွှေဟင်္သာတိုက်သစ်၌ နေသမျှကာလ ပတ်လုံး အင်္ဂရတ်ထိုးခြင်း၊ ဗေဒင်ဟောခြင်း၊ ဆေးကုခြင်း၊ နတ်ဂိုဏ်း၊ ဝိဇ္ဇာဂိုဏ်း စသည်ဝင်ခြင်း၊ ကူးသန်းရောင်းဝယ်ခြင်း၊ ငွေတိုးပေးခြင်း စသော မိစ္ဆာဇီဝအမှုတို့ကို ရှောင်ကြဉ်၍ ရှင်ရောလူပါ ကြည်ညိုဖွယ်ရှိအောင် ရဟန်းကျင့်ဝတ်ကို စောင့်စည်းထိန်းသိမ်း၍သာ နေကြရမည်" ဟုပါရှိပါသည်။

အခြားကျောင်းတိုက်များ၌ နေထိုင်ကြသော ရွှေဟင်္သာသံဃာများ လိုက်နာရန် စည်းမျဉ်းများလည်း မူရင်းတိုက်မှ စည်းမျဉ်းနှင့် အတူတူပင်ဖြစ်ပါသည်။

## ကျောင်းတိုက်ကို လွှဲအပ်ခြင်း

ရွှေဟင်္သာဆရာတော်သည် သာသနာပြုကျောင်းတိုက်ကြီး တစ်တိုက်ဖြစ်အောင် တည်ထောင်ခဲ့ပြီး စီးပွားတိုးတက်အောင် ဆောင်ရွက်တော်မူခဲ့သည်။ သက်တော်ကြီးရင့်တော်မူသောအခါ ကျောင်းတိုက်ကို အရှည်ခိုင်ခံ့အောင် ဆက်လက် ထိန်းသိမ်းနိုင်မည့် သံဃာများအား နှုတ်ဖြင့်ရော စာဖြင့်ပါ လွှဲအပ်တော်မူခဲ့သည်။ စာဖြင့်လွှဲအပ်မှုတို့ကို ရေးသားဖော်ပြလိုပါသည်။

"မြန်မာသက္ကရာဇ် ၁၃၄၀ ပြည့်နှစ်၊ တော်သလင်းလပြည့်ကျော် (၅)ရက်နေ့ (၂၁.၉.၁၉၇၈)၌ စစ်ကိုင်းမြို့ စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာတိုက်သစ်နှင့်တကွ ပြန့်ပွားသော မေမြို့ကျောင်း၊ သပြေသာရွာကျောင်း၊ စစ်ကိုင်းတောင်ရိုးရှိ မူလရွှေဟင်္သာချောင်တို့၏ သာသနာရေးသည် အဓွန့်ရှည်စွာတည်၍ စည်ပင်ထွန်းကားရေးကို ရှေ့ရှုလျက် တပည့်ကြီးများနှင့်

တိုင်ပင်ဆွေးနွေးရာ တပည့်ကြီးများသည်လည်း ဝမ်းမြောက်ဝမ်းသာ သဘောတူညီကြသည်။ ရွှေဟင်္သာဆရာတော်သည် အထက်၌ ဖော်ပြအပ်သော ကျောင်းတိုက်တို့ကို ထိန်းသိမ်းစောင့်ရှောက်နိုင်စေရန် ရွှေဟင်္သာတောရကျောင်းတိုက်သို့ လွှဲအပ်ပါသည်။

ထို့ပြင် တိုက်သစ်အရှေ့မြောက် အောင်မြေသာစည်ကျောင်းတိုက် တံတိုင်းအထိ (၃.၃၁ဧက) ရှိမြေကွက်သည် တိုက်သစ်မှ ပိုင်သော မြေကွက်များ ဖြစ်သည်။ ယင်းမြေကွက်တို့သည်လည်း ညောင်တုန်းမြို့ ရွှေဟင်္သာတောရကျောင်းတိုက်သို့ ထိန်းသိမ်းစောင့်ရှောက်ရန် လွှဲအပ်ပါသည်" ဟု ဖော်ပြထားပါသည်။

## သံဃာအတွင်း ဆောင်ရွက်ခြင်း

**ဝိနိစ္ဆယဖြေရှင်းချက်များ**

ရွှေဟင်္သာဆရာတော်သည် ကျောင်းတိုက်များ တည်ထောင်၍ ဩဝါဒပေးကာ အုပ်ချုပ်တော်မူခြင်း၊ အခမ်းအနား အသီးသီး ဘွဲ့နှင်းသဘင် အသွယ်သွယ်တို့၌ ဩဝါဒကထာမြွက်ကြား၍ သာသနာရေးကိစ္စများ ဆောင်ရွက်တော်မူသကဲ့သို့ မိမိထံသို့ အနယ်နယ်အရပ်ရပ်မှ မေးလျှောက်သော အမေးပုစ္ဆာများကို ပြန်လည် ဖြေကြားပေးခြင်းဖြင့်လည်း သာသနာရေးကိစ္စရပ်များကို ဆောင်ရွက်တော်မူခဲ့သည်။ မြတ်ဗုဒ္ဓက -

"ဝိနည်း၌ ကျွမ်းကျင်သောပုဂ္ဂိုလ်သည် မိမိ၏ သီလကိုလုံခြုံအောင် စောင့်ထိန်းတတ်သည်။ ဝိနည်းအရာတွင် သံသယဝင်သူတို့၏ ကယ်တင်ရှင်ဖြစ်သည်။ သံဃာအလယ်တွင် ရဲဝံ့စွာ ပြောဆိုဆုံးဖြတ်နိုင်သည်။ ဝိနည်းသွေဖည်သူများကို ပိုင်နိုင်စွာ နှိပ်ကွပ်နိုင်သည်။ သာသနာတော်တည်တံ့အောင် ကျင့်ဆောင် အားထုတ်နိုင်သူဖြစ်သည်"

ဟု မိန့်ကြားတော်မူခဲ့သည်။

ရွှေဟင်္သာဆရာတော်သည် ဝိနည်းအရာတွင် ကျွမ်းကျင်သော ဆရာတော်ကြီးတစ်ပါးဖြစ်၍ မြတ်ဗုဒ္ဓမိန့်ကြားတော်မူခဲ့သည့် အရည်အသွေးများနှင့် ပြည့်စုံသည်။ ဆရာတော်၏ အရည်အသွေးကိုသိသော ပုဂ္ဂိုလ်များက ဝိနည်းနှင့်စပ်၍ အားကိုးကြသည်။ မိမိတို့ မရှင်းလင်းသည့်အရာ၊ သံသယရှိသည့်အရာများကို မေးလျှောက်ကြသည်။ ဆရာတော်ကလည်း

မေးလျှောက်သူတို့ ကျေနပ်လောက်အောင် ကျမ်းဂန် အထောက်အထားဖြင့် ဖြေရှင်း ဖြေကြားတော်မူသည်။

ထားဝယ်မြို့ ဇေယျဝတီကျောင်းတိုက် ဓမ္မာရုံတိုက်ကြပ် ဆရာတော်ဦးဝီရိယ သံဃာအမွေဖြင့် ကျောင်းဆောက်လုပ်ရန်၊ အုတ်၊ ဘိလပ်မြေ၊ သစ်၊ သံ စသည်များကို ဝယ်ယူစုဆောင်းပြီး ဒကာ၊ ဒကာမ များက ငှင်းပစ္စည်းများဖြင့် ပြန်ဆောက်သော ကျောင်းသည် ဘုန်းကြီးများ သီတင်းသုံးနေထိုင်ရန် လျှောက်ထားခဲ့သည်။ ယင်းလျှောက်ထားချက်ကို ရွှေဟင်္သာဆရာတော်က ဝိနည်းပါဠိ၊ အဋ္ဌကထာ၊ ဋီကာတို့ကို အကိုး အကားပြု၍ သံဃာ့ငွေဖြင့် ဝယ်ယူထားသော ပစ္စည်းအားစွန့်၍ ဒကာက အပ်စပ်အောင်ပြုပြီး ပြန်လှူဒါန်းပါက ရဟန်းတော်များ အာပတ်မလွတ် ကြောင်း အကျယ်တဝင့် ဖြေဆိုထားခဲ့သည်။

သတ်သတ်လွတ်စားခြင်းကို အချို့က အထင်ကြီးကြသည်။ မွန်မြတ်သည့်အကျင့်ဟု သတ်မှတ်ကြသည်။ သတ်သတ်လွတ်စားသူကို ချီးကျူး၍ မစားသူကို ကဲ့ရဲ့အပြစ်တင်လိုကြသည်။ သတ်သတ်လွတ် စားခြင်း၊ မစားခြင်းနှင့်စပ်၍ အမြင်မှန်ဖို့လိုသည်။ သတ်သတ်လွတ်စားလျှင် ကုသိုလ်ရပြီး မစားလျှင် အကုသိုလ်ဖြစ်သည်ဟု တထစ်ချမမှတ်သား သင့်ပေ။

မန္တလေးမြို့ ဓာတ်နန်းရပ်၊ လှခင်အင်ဆန်းပုံနှိပ်တိုက်ပိုင်ရှင် ဒေါ်လှခင်က သတ်သတ်လွတ်စားခြင်း၊ မစားခြင်းနှင့်ပတ်သတ်၍ ရွှေဟင်္သာ ဆရာတော်ထံ မေးမြန်းလျှောက်ထားဖူးသည်။ ဆရာတော်က မေတ္တာ ကရုဏာ ရှေ့ထား၍ သာဓကအမျိုးအမျိုးဖြင့် ဖြေကြားတော်မူခဲ့သည်။ သတ်သတ်လွတ်စားခြင်းကို မြတ်စွာဘုရားသည် အားပေးချီးမွမ်းခြင်းလည်း မရှိ။ အပြစ်ဟောပြောခြင်းလည်းမရှိ မိမိတို့၌ သင့်တင့်မျှတစွာ အစာ အဟာရသုံးဆောင်ဖို့ကိုသာ ဟောကြားတော်မူခဲ့ပါသည်။

## ဩဝါဒကထာ မြွက်ကြားတော်မူခြင်း

၁၃၃၂ ခုနှစ်၊ တပေါင်းလပြည့်နေ့ (၁၁.၃.၁၉၇၀) ညောင်တုန်း မြို့၊ ရွှေဟင်္သာတောရတိုက် ဝိနည်းစာပြန်ပွဲ၌ ရွှေဟင်္သာဆရာတော်သည် ဩဝါဒကထာ မိန့်ကြားတော်မူသည်။ ယင်းဩဝါဒ၌ ဆရာနှင့် ဒကာ

ကျွန်းကိုင်းမှီ၊ ကိုင်းကျွန်းမှီ အမှီသဟဲပြု၍ သာသနာတော်ကို သန့်ရှင်းတည်တံ့ပြန့်ပွားအောင် လုပ်ဆောင်ကြဖို့ အထူး တိုက်တွန်းထားသည်ကို တွေ့ရပါသည်။

၁၃၃၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၅ ရက်မှ ၇ ရက်နေ့ (၂၂-၂၄-၁၁-၁၉၇၅)တွင် ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက် ဇကာဒသမ အကြိမ် ရွှေကျင်နိကာယသန္နိပါတကို ကျင်းပပြုလုပ်သည်။ တန်ဆောင်မုန်းလပြည့်ကျော် ၅ ရက်နေ့ (၂၂-၁၁-၁၉၇၅) ည ဩဝါဒခံယူပွဲ၌ ရွှေဟင်္သာဆရာတော်၏ ဩဝါဒကို ချီးမြှောက်တော်မူသည်။

စစ်ကိုင်းတောင်ရိုး ဝိနည်းစာပြန်ပွဲ၌ ရွှေဟင်္သာဆရာတော်သည် ဩဝါဒကထာ ရေးသာချီးမြှောက်တော်မူသည်။ ယင်းဩဝါဒကထာ၌ ရှေးမင်းကောင်းမင်းမြတ်များနှင့် သာသနာ့အာဇာနည်တို့ အတူလက်တွဲ၍ သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားအောင် ဆောင်ရွက်ကြပုံတို့ကို ဖော်ပြထားသည်။ စွမ်းအားရှိသူတို့သည် အများအကျိုးကို ဆောင်ရွက်ရန်လည်း သုမေဓာရှင်ရသေ့၏ ထုံးကိုသာဓကဆောင်၍ တိုက်တွန်းထားသည်။ သုမေဓာရှင်ရသေ့သည် -

**"ကိံမေ ဧကေန တိဏ္ဏေန၊ ပုရိသေန ထာမဒဿိနာ။**
**သဗ္ဗညုတံ ပါပုဏိတွာ၊ သန္တာရေဿံ သဒေဝကံ"**

"အားအစွမ်းကိုမြင်သော သားယောက်ျားမြတ်ဖြစ်လျက် တစ်ယောက်ထီးတည်း ကူးမြောက်သဖြင့် ငါအား အဘယ်အကျိုးရှိအံ့နည်း။ ငါသုမေဓာသည် ဉေယျဉဿုံ အလုံးစုံကို အကုန်သိမြင်သော ဘုရားရှင်အဖြစ်သို့ရောက်ပြီး၍ နတ်၊ ဗြဟ္မာနှင့်တကွ သတ္တလောကကို နိဗ္ဗာန်တော်ကြီးသို့ အရိယာမဂ္ဂင်လမ်းကြောင်းထွင်၍ တင်ပို့ဆောင်ပေအံ့သတည်း"

၁၃၄၁ ခုနှစ်၊ နယုန်လဆန်း (၁၅)ရက်၊ စနေနေ့(၉-၆-၁၉၇၉)၌ ရန်ကုန်မြို့ ကမ္ဘာအေး မဟာပါသာဏလိုဏ်ဂူတော်ကြီးအတွင်း အဘိဓေယျ မဟာရဋ္ဌဂုရုနှင့် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော် ဆက်ကပ်သော အခမ်းအနား၌ ရွှေဟင်္သာဆရာတော်သည် ဩဝါဒကထာ မြွက်ကြားတော်မူသည်။ ယင်းသို့ဩွန်ကြားရာ၌ ရှင်မဟာကဿပ စသော ရဟန်းတော်မထေရ်၊ အဇာတသတ်မင်းတို့ လက်တွဲ၍ သာသနာပြုတော်မူခဲ့သည့် သမိုင်းကြောင်းတို့ကို ရှေးဦးစွာဖော်ပြ၍ မျက်မှောက်ခေတ်သံဃာနှင့် ဒကာများ

လည်း တွဲဖက်ဆောင်ရွက်၍ သာသနာပြုကြရန် အထူးတိုက်တွန်းထားသည်။

၁၇.၁၂.၁၉၉၇ နေ့၌ ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်စိန်လွင် လျှောက်ထား၍ စစ်ကိုင်းရွှေဟင်္သာဆရာတော်က သာသနာတော်သန့်ရှင်းရေးအကြောင်းများကို သြဝါဒကထာ မြွက်ကြားတော်မူခဲ့သည်။ ယင်းသြဝါဒ၌ ရွှေကျင်ဂိုဏ်း အကြောင်းကို ဖော်ပြထားပါသည်။

၁၃၄၂ ခုနှစ်၊ နယုန်လဆန်း (၁၁)ရက် (၂၄.၅.၁၉၈၀) စနေနေ့တွင် ရန်ကုန်မြို့၊ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ ပထမအကြိမ် ပထမနေ့ သာသနာတော်တည့်တံ့ပြန့်ပွားရေး ဂိုဏ်းပေါင်းစုံ သံဃာအစည်းအဝေးကြီး၌ ရွှေဟင်္သာဆရာတော် သြဝါဒကထာ မြွက်ကြားတော်မူသည်။ ယင်းသြဝါဒကထာ၌ ရှင်အာနန္ဒာမထေရ်က မိစ္ဆာအယူရှိသော အိမ်ရှင်အမျိုးသားတစ်ယောက်အား ရာဂ၊ ဒေါသ၊ မောဟ ငြိမ်းအေးရာ ပင့်ဆောင်မှုလမ်းစဉ်များ ဟောကြားပုံကို သာဓကဆောင်၍ သြဝါဒကို မိန့်ကြားတော်မူသည်။ ယင်းသြဝါဒ၏နိဂုံး၌ -

"တပည့်တော်၏ ကျေးဇူးရှင်ဖြစ်တော်မူသော မြတ်စွာဘုရား၏ ဓမ္မဝိနယ ပိဋကတ်တော်လာ သြဝါဒကထာတို့ကို ရိုသေလေးစားစွာ သတိပြု၍ လိုက်နာကြပါလျှင် တပည့်တော်တို့၏ သာသနာတော်သည် အမြဲတမ်း သန့်ရှင်းစင်ကြယ် တောက်လင်းနေမည်ကိုလည်း အရှင်ဘုရားများ သိတော်မူပြီး ဖြစ်ပါသည်။ ရာဂ၊ ဒေါသ၊ မောဟတို့ကို မပြတ်သတိပြုကာ ၎င်းတို့ကို မိမိတို့၏ အတွင်းရန်သူအစစ်ဖြစ်ကြကုန်သော ထိုရာဂ၊ ဒေါသ၊ မောဟတို့ကြောင့် ဖြစ်သော အဓိကရဏ်းတို့ကို မဖြစ်စေမူ၍ ထိန်းသိမ်းစောင့်ရှောက်ကြတော်မူသောအားဖြင့် သာသနာတော်ကို သန့်ရှင်းတောက်ပစေလျက် ပြန့်ပွားစည်ပင်အောင် အရှင်ဘုရားတို့က နည်းလမ်း ညွှန်ပြတော်မူကြပြီးလျှင် ဆောင်ရွက်တော်မူကြပါစေသတည်း" ဟု ဖော်ပြထားသည်ကို တွေ့ရပါသည်။

ရွှေဟင်္သာဆရာတော်သည် အကြောင်းအားလျော်စွာ သြဝါဒကထာအမျိုးမျိုး မြွက်ကြားလျက်ရှိသည်။ ၁၃၄၃ ခုနှစ်၊ နယုန်လဆန်း ၉ရက် ကမ္ဘာအေး မဟာပါသာဏလိုဏ်ဂူတွင် ကျင်းပသော ဂိုဏ်းပေါင်းစုံ

သံဃာအစည်းအဝေးပွဲကြီး၌ အမွေနှစ်မျိုးနှင့် ပတ်သက်၍ မြတ်စွာဘုရား၏ ဓမ္မဒါယာဒသုတ်တော်ကို အခြေခံ၍ မြွက်ကြားတော်မူခဲ့သည်။

ယင်းအမွေနှစ်မျိုးတို့တွင် မြတ်စွာဘုရားသည် **ဓမ္မဒါယာဒါ မေ ဘိက္ခဝေ ဘဝထ၊ မာအာမိသဒါယာဒါ** 'ရဟန်းတို့ ငါဘုရား၏ ဓမ္မအမွေ၊ အာမိသ အမွေနှစ်မျိုးတို့တွင် အသင်ရဟန်းတို့သည် ဓမ္မအမွေခံတို့သာ ဖြစ်ကြပါစေ။ အာမိသအမွေခံ မဖြစ်ကြပါစေနှင့်' ဟု မိန့်တော်မူသည်။

မြတ်စွာဘုရား၏ သားတော်ဖြစ်သော သံဃာတော်များသည် မလွဲမရှောင်သာ ခန္ဓာကိုယ်မျှတရုံ ရဟန်းတရား ပွားများအားထုတ်နိုင်ရုံသာ အာမိသအမွေကို ခံယူရမည်ဖြစ်သည်။ ပစ္စည်းလေးပါး၌ တပ်မက်သော တဏှာကင်းစေလျက် ပစ္စည်းလေးပါးနှင့် ပတ်သက်သော အဓိကရိုဏ်းများမှ ကင်းကွာကြကုန်လျက် ဓူရနှစ်ပါးကို ပွားများအားထုတ်ကြ။ မြတ်စွာဘုရား၏ မဟာကရုဏာတော်နှင့် ယှဉ်သောဆန္ဒတော်အတိုင်း ဓမ္မအမွေခံတော်မူကြပါစေဟူ၍ ဆုတောင်းကာ နိဂုံးချုပ်လိုက်ပါသတည်းဟု ရေးသားဖော်ပြထားပါသည်။

## ဒကာ၊ ဒကာမများအတွင်း ဆောင်ရွက်ခြင်း

**သာသနာ ၂၅၀၀ ပြည့်ပွဲ**

၁၃၁၈ (၁၉၅၆)ခုနှစ် နယုန်လရာသီဖြစ်၏။ ရှမ်းပြည်တောင်ပိုင်း ညောင်ရွှေမြို့၌ သာသနာတော် ၂၅၀၀ ပြည့်ပွဲကို ခမ်းနားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။ ထိုပွဲနှင့်အတူ ၂၅ နှစ်မြောက် ညောင်ရွှေစာပြန်ပွဲနှင့် ဖောင်တော်ဦး ကျောင်းတော်ကြီးတင်လျှုပွဲကိုပါ ပူးတွဲပြုလုပ်ခဲ့သည်။ မြန်မာနိုင်ငံတွင် ပထမဆုံးသမ္မတကြီးအဖြစ်တင်မြှောက်ခံရပြီး လူမျိုးစုလွှတ်တော်နာယကကြီးဖြစ်သူ ညောင်ရွှေစော်ဘွားကြီးစပ်ရွှေသိုက် ဦးဆောင်၍ အဆိုပါပွဲတော်ကြီးကို ကျင်းပခြင်းဖြစ်သည်။

ပွဲတော်ကြီးသို့ မြန်မာပြည်မှ စံကင်းဆရာတော်၊ မစိုးရိမ်ဆရာတော်တို့အပါအဝင် ထင်ရှားကျော်ကြားသော ဆရာတော် (၃၅)ပါးတို့ကို ပင့်သည်။ သံဃာ (၃၅)ပါးတွင် ရွှေဟင်္သာဆရာတော်လည်း တစ်ပါးအပါအဝင်ဖြစ်သည်။ ရွှေဟင်္သာဆရာတော်သည် ထိုစဉ်က ကိုယ်တွေ့မျက်မြင် ညောင်ရွှေခရီးစဉ်ကို ပြည့်ပြည့်စုံစုံ မှတ်တမ်းတင်ခဲ့သည်။

**သဇိဝရုပ်ထုတော်**

နတ်တော်လဆန်း (၇)ရက်နေ့သည် ရွှေဟသ်ာဆရာတော်၏ မွေးနေ့ဖြစ်သည်။ ဆရာတော်သည် မွေးနေ့ရောက်တိုင်း ကုသိုလ်အထူး ဆည်းပူးတော်မူလေ့ရှိသည်။ တပည့် ဒကာ၊ ဒကာမများလည်း မွေးနေ့တွင် သက်တော်ရှည်ပူဇော်ပွဲ ဆင်နွှဲကျင်းပပြီး သက်တော်ရှည်အောင် ဆုတောင်း မေတ္တာပို့သလျက်ရှိသည်။

၁၃၄၀ (၁၉၇၈ - ၇၉) ခုနှစ်တွင် ဆရာတော်သည် သက်တော် (၈၆)နှစ်သို့ ရောက်တော်မူသည်။ ထိုနှစ်မွေးနေ့ ကုသိုလ်ပွဲနှင့် ပူးတွဲ၍ ဆရာတော်၏ ရုပ်ပုံတော် ဖွင့်လှစ်ပူဇော်ပွဲကို တပည့် ဒကာ၊ ဒကာမများက ခမ်းနားသိုက်မြိုက်စွာ ကျင်းပကြသည်။ ဆရာတော်ကိုကြည်ညိုသူ တပည့် ဒကာ၊ ဒကာမများက ဆရာတော် သက်တော် ထင်ရှားရှိစဉ်မှပင် 'သဇိဝ ရုပ်ပုံတော်' ထုလုပ်ပူဇော်ထားခြင်းဖြစ်သည်

၁၃၃၉ (၁၉၇၇) ခုနှစ်တွင် ပန်းပုဆရာနှင့်တိုင်ပင်ပြီး ရုပ်ထုတော် ထုလုပ်စေသည်။ မုံရွာမြို့ ပန်းပုဆရာရှုမဝဦးသန်းက သက်တော်(၈၀)ကျော် အရွယ်ခန့်ညား ထယ်ဝါစွာ တင်ပလ္လင်ခွေ ထိုင်နေဟန်ပုံကို သက်ဝင်ပီပြင် အောင် လက်စွမ်းပြ ထုလုပ်ပေးသည်။ ၁၃၄၀ ပြည့်နှစ် နတ်တော်လဆန်း ၈ရက်နေ့ (၇-၁၂-၁၉၇၈)တွင် အခမ်းအနားဖြင့် ဖွင့်လှစ်ပူဇော်ခဲ့သည်။ ယင်းအခမ်းအနားသို့ သံဃာတော် (၁၀၀)ကျော်နှင့် သီလရှင် (၁၀၀၀) ကျော် တက်ရောက်ကြည်ညိုသည်။ ရွှေဟသ်ာဆရာတော်မှ ရေစက်ချ ချီးမြှင့်တော်မူပါသည်။

**ခရီးကြွ၍ ချီးမြှောက်တော်မူခြင်း**

မြတ်စွာဘုရားသည် ပထမ ဝါကျွတ်တော်မူပြီးနောက် ရဟန္တာ ဖြစ်ကြသော ၆၁ ပါးသော ရဟန်းတို့ကို -

**စရထ ဘိက္ခဝေ စာရိကံ ဗဟုဇနဟိတာယ ဗဟုဇနသုခါယ လောကာနု ကမ္ပာယ အတ္ထာယ ဟိတာယ သုခါယ ဒေဝမနုဿာနံ**

"ရဟန်းတို့၊ သင်တို့သည် များစွာသောလူတို့၏ အစီးအပွား အလို့ငှာ များစွာသော လူတို့၏ ချမ်းသာဖို့ရာ၊ လောကကိုစောင့်ရှောက် ရန်နှင့် နတ်လူတို့၏အကျိုးစီးပွား ချမ်းသာရန် အလို့ငှာ ခရီးထွက်ကြ"

ဒေသထ ဘိက္ခဝေ ဓမ္မံ အာဒိကလျာဏံ မဇ္ဈေကလျာဏံ ပရိယောသာန ကလျာဏံ သာတ္ထံ သဗျဉ္ဇနံ ကေဝလပရိပုဏ္ဏံ ပရိသုဒ္ဓံ ဗြဟ္မစရိယံ ပကာသေထ

"ရဟန်းတို့၊ သင်တို့သည် အစ၊ အလယ်၊ အဆုံး ကောင်းခြင်း ဂုဏ်နှင့် ပြည့်စုံ၍ အနက်အဓိပ္ပာယ်နှင့်တကွ အလုံးစုံစင်ကြယ် ပြည့်စုံသော တရားကို ဟောပြောကြ၊ မြတ်သောအကျင့်ကိုထင်ရှားပြကြ" ဟု ဟောတော်မူခဲ့ပါသည်။

ရွှေဟသ်ာဆရာတော်သည် မြတ်စွာဘုရား၏ စကားတော်အတိုင်း အနယ်နယ်၊ အရပ်ရပ်သို့ ကြွချီတော်မူ၍ လူများစွာကို ချီးမြှောက်သောအားဖြင့် အပူဇော်ခံခြင်း၊ ဩဝါဒပေးခြင်း စသည်တို့ကို ဆောင်ရွက်တော်မူခဲ့ပါသည်။ ဆရာတော်သည် ထူးထူးခြားခြား ခရီးဒေသစာရီ ကြွချီတော်မူရာ၌ မှတ်မှတ်ရရ မှတ်တမ်းတင် ရေးသားထားလေ့ရှိပါသည်။ ယင်းမှတ်တမ်းများကို ခရီးသွားမှတ်တမ်းများအဖြစ် စာအုပ်များ ထုတ်ဝေခဲ့ပါသည်။

ရွှေဟသ်ာဆရာတော်သည် ညောင်ရွှေမြို့ ၂၅ ကြိမ်မြောက် စာပြန်ပွဲကြီး၏ အောင်ပွဲဆုနှင်းသဘင်၊ သာသနာတော်နှစ် ၂၅၀၀ ပြည့် အထိမ်းအမှတ် ညောင်ရွှေမြို့ အင်းလေးအင်းအတွင်း ဖောင်တော်ဦး ရုပ်ပွားတော်များ ကိန်းဝပ်တော်မူရန် ကျောင်းတော်ကြီး အသစ်မွမ်းမံ ဆောက်လုပ်လှူဒါန်းခြင်းပွဲသဘင်သို့ နယုန်လပြည့် နံနက်မှစ၍ နယုန်လပြည့်ကျော် ၈ ရက်နေ့ (၂၃ ဇွန် - ၁ ဇူလိုင် ၁၉၅၆) အထိ ရှမ်းပြည်တောင်ပိုင်း ညောင်ရွှေနယ်တဝိုက်သို့ ကြွရောက်ချီးမြှောက်တော်မူခဲ့သည်။

ရွှေဟသ်ာဆရာတော်သည် ၁၃၄၆ (၁၉၈၄) ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၁ ရက်နေ့မှစ၍ တန်ဆောင်မုန်းလပြည့်ကျော် ၁၁ ရက်နေ့အထိ စစ်ကိုင်းမှ ရန်ကုန်၊ ရန်ကုန်မှ ဗုဒ္ဓဂါယာ သံဝေဇနိယ လေးဌာနသို့ ဘုရားဖူးကြွရောက်တော် မူခဲ့ပါသည်။ ၎င်းကိစ္စသည် မိမိ၏သံဝေဂဉာဏ် ရင့်သန်ဖို့ရန်နှင့် သဒ္ဓါစိတ်များ တိုးပွားစေရန် ကိစ္စများလည်းဖြစ်သည်။ ဒကာ၊ ဒကာမတို့၏ လျှောက်ထားမှုကို သနားငဲ့ညာသောအားဖြင့် ကြွတော်မူခြင်း ဖြစ်သည်။

ရွှေဟင်္သာဆရာတော်သည် ၁၃၄၈ ခုနှစ်၊ တပို့တွဲလဆန်း (၂)ရက်နေ့မှစ၍ တပေါင်းလပြည့်ကျော် (၅) ရက်နေ့တိုင်အောင် တစ်လခွဲကျော်တွင် ဗန်ကောက်မြို့သို့လည်းကောင်း၊ ရန်ကုန် - ညောင်တုန်း စသည်တို့ကို ဒေသစာရီ ကြွချီတော်မူခဲ့ပါသည်။

၁၃၄၉ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၉ ရက်မှ တပေါင်းလဆုပ် ၇ရက်နေ့အထိ မိမိဇာတိနယ်ဖြစ်သော လေးမျက်နှာမြို့သို့ ကြွချီတော်မူခဲ့သည်။ ၁၃၅၁ ခုနှစ်၊ ပြာသိုလမှ တပို့တွဲလပြည့်တိုင်အောင် ဗန်ကောက်၊ စင်ကာပူ၊ မလေးရှား၊ ပီနန် စသည်တို့ကို ခရီးရှည်ကြွတော်မူခဲ့သည်။

၁၃၅၄ ခုနှစ်၊ နယုန်လဆန်း ၅ ရက်နေ့မှစ၍ ဝါခေါင်လဆန်း ၁၅ ရက်နေ့ထိ သက်တော် ၉၉ နှစ်အရွယ်တွင် စင်ကာပူ၊ အမေရိကန်နိုင်ငံများသို့ နောက်ဆုံးခရီးအဖြစ် ဝေးဝေးလံလံ ကြွတော်မူခဲ့ပါသည်။ ရွှေဟင်္သာဆရာတော်သည် အထက်ဖော်ပြပါ ခရီးစဉ်များကို နှောင်းလူတို့ လွယ်ကူစွာ လေ့လာနိုင်ရန်လည်းကောင်း၊ ဆရာတော်ဘုရား၏ မေတ္တာကရုဏာစိတ်များ ပေါ်လွင်စေ၍ ဒကာ၊ ဒကာမတို့အား ချီးမြှောက်သောစိတ်များပြည့်ဝစွာ ရှိကြောင်းသိစေရန်လည်းကောင်း ရေးသားတော်မူသည်ဟု ယူဆဖွယ်ရပါသည်။

ရွှေဟင်္သာဆရာတော်သည် ဒေသအသီးသီးသို့ ကြွချီတော်မူ၍ သာသနာပြုတော်မူခြင်း၊ ကျောင်းတိုက်ခွဲများတည်ထောင်၍ သာသနာပြုတော်မူခြင်း၊ ကျမ်းစာအုပ်များ ရေးသား၍ သာသနာပြုတော်မူခြင်းတို့အပြင် အခမ်းအနားအသီးသီး၌ ဩဝါဒကထာ မြွက်ကြား၍ သာသနာပြုတော်မူခဲ့သည်။ မိမိကိုယ်တိုင် မတက်ရောက်နိုင်သော အခမ်းအနားများသို့ ဩဝါဒကထာများ ရေးသားပို့ပေးခြင်းတို့ဖြင့် သာသနာပြုတော်မူခဲ့ပါသည်။

ရွှေဟင်္သာဆရာတော်သည် မန္တလေးမြို့ မဟာမြိုင်ကျောင်းတိုက် ရှင်သုဓမ္မာနန္ဒာလင်္ကာရ၏ ဥပသမ္ပကမ်ဆောင် ရဟန်းခံပွဲ၌ တရားဟော ချီးမြှောက်တော်မူသည်။ ယင်းတရားတော်သည် ပရိယတ္တိသာသနာနှင့် ပဋိပတ္တိသာသနာ နှစ်မျိုးတွင် ပရိယတ္တိသာသနာသည် ပဓာနဖြစ်ကြောင်း ကုသိုလ်ပြုသည့်အခါ နိဗ္ဗာန်ကို ဆုတောင်း၍ ပြုလုပ်ကြရန် တိုက်တွန်းထားသော အကြောင်းအရာများ ပါရှိပါသည်။ နိဗ္ဗာန်ကို တောင့်တ၍ ကုသိုလ်ပြုရန် တိုက်တွန်းရာ၌ -

**သိဝံ ပဗ္ဗေထ ဘိက္ခဝေ၊ သိဝံ ပဗ္ဗေတွာန ဒါနံ ဒါတဗ္ဗံ၊ သီလံ ရက္ခိတဗ္ဗံ၊ ဘာဝနာ ဘာဝေတဗ္ဗာ**

''ရဟန်းတို့၊ နိဗ္ဗာန်ကို တောင့်တကြကုန်လော့။ နိဗ္ဗာန်ကို တောင့်တ၍ အလှူကိုပေးလှူပါ။ နိဗ္ဗာန်ကို တောင့်တ၍ သီလကိုစောင့်ပါ။ နိဗ္ဗာန်ကို တောင့်တ၍ ဘာဝနာကို ပွားများပါ'' ဟူသော စကားတော်ကို သာဓက ဆောင်ပြတော်မူသည်။

## အခန်း - ၃
## ပြုစုခဲ့သောကျမ်းများ (Literary Works)

စာတတ်တိုင်းကျမ်းပြုပုဂ္ဂိုလ်မဖြစ် အကြောင်းကား မိမိနားလည်သည့် အကြောင်းအရာတစ်မျိုးမျိုးကို သူတစ်ပါးနားလည်အောင် ရေးသားနိုင်မှုမှာ လွယ်ကူသော အလုပ်မဟုတ်သည့်အပြင် လေ့ကျင့်ယူရသည့် ပညာရပ်မျိုးဖြစ်သောကြောင့် ဖြစ်ပါသည်။

စာတစ်စောင်ပေတဖွဲ့ဖြစ်အောင် ပြုစုလိုလျှင် ဝါသနာ၊ လုံ့လ၊ စွမ်းရည် သုံးချက်ညီရသည်။ စာရေးဝါသနာပါရုံနှင့် စာတစ်စောင်ပေတစ်ဖွဲ့ ဖြစ်မလာ၊ ဝါသနာ အလျောက်ကြိုးစားခြင်း၊ ရေးသားလိုသည့် အကြောင်းရပ်ကို တတ်မြောက်မှု စွမ်းရည်ရှိခြင်းတို့လည်း လိုအပ်ပေသည်။

ရွှေဟင်္သာဆရာတော်ဘုရားကြီးသည် ငယ်စဉ်မှစ၍ စာရေးစာဖတ် ဝါသနာကြီးခဲ့သည်။ ဝါသနာအလျောက် ဖြစ်မြောက်အောင်လည်း ကြိုးစားခဲ့သည်။ စာပေအရည်အချင်းရှိအောင်လည်း လေ့ကျင့်သင်ယူခဲ့သည်။ ဝါသနာ၊ လုံ့လ၊ စွမ်းရည် သုံးချက်ညီသောကြောင့် ယနေ့တွင် 'ကျမ်းပြုအကျော်ဆရာတော်တစ်ပါး' အဖြစ် ထင်ပေါ်ကျော်ကြားခဲ့သည်။

ရွှေဟင်္သာဆရာတော်သည် စာပေရေးသားရာ၌ လယ်တီဆရာတော်ကြီး ရေးနည်းရေးဟန်ကို အတုယူခဲ့သည်။ ဦးပဏ္ဍိတသီရိသည် စာပေများကို ဖတ်ရှုလေ့လာရင်း သတင်းစာဂျာနယ်နှင့် မဂ္ဂဇင်းများ၌ ပြုပြင်ရေး ဆောင်းပါးများကို ရေးသာခဲ့သည်။ စာရေးရာ၌ ကလောင်အမည်သီးသန့်မထား ဦးပဏ္ဍိတဟူသော အမည်အရင်းကိုပင် အသုံးပြုသည်။ မြန်မာ့အလင်း၌ ဦးပဏ္ဍိတသီရိ၏ ဝိနည်းအကြောင်း ဆောင်းပါးများ အပတ်စဉ်မပြတ်ပါလေ့ရှိသည်။

သူရိယမဂ္ဂဇင်းနှင့် သူရိယသတင်းစာတို့၌လည်း ပညာပေးဆောင်းပါးများကို မကြာခဏ ရေးသားခဲ့သည်။ ထိုအချိန်က မြန်မာဝတ္ထုနှင့် ရုပ်ရှင်တို့ ပေါ်ပေါက်စ အချိန်ဖြစ်၏။ အများအားဖြင့် မြန်မာဝတ္ထုနှင့်

ရုပ်ရှင်တို့သည် သိင်္ဂါရ ရသကို အသားပေးလေ့ရှိကြ၏။ လူရွယ်တို့၏ ကာမစိတ်ကို မြှောက်ထိုးပင့်ကော် လုပ်နေသလိုရှိသည်။

ထိုအကြောင်းနှင့်စပ်၍ ဦးပဏ္ဍိတသိရီသည် သူရိယသတင်းစာ၌ ဆောင်းပါးတစ်ပုဒ် ရေးသားခဲ့သည်။ ဝတ္ထုနှင့် ရုပ်ရှင်များကြောင့် လူငယ် လူရွယ်တွင် အကျင့်ပျက်ပြီး ဒုစရိုက်သမားလေးတွေ ဖြစ်သွားနိုင်ကြောင်း ရေးသားဖော်ပြခဲ့သည်။

ယခင်က မြန်မာပိုင် ပိဋကတ်ပုံနှိပ်တိုက်များသည် သင်ပုန်းကြီးနှင့် ငါးစောင်တွဲ၊ ဆယ်စောင်တွဲတို့ကို ရိုက်နှိပ်ဖြန့်ဖြူးလေ့မရှိ။ အထက်တန်း ကျမ်းစာကြီးများကို ရိုက်နှိပ်ဖြန့်ဖြူးကြသည်။ စီးပွားရေးအကွက်မြင်သည့် မဟာမေဒင်ကုလားပုံနှိပ်တိုက်များက အရင်းနည်းနည်းဖြင့် အမြတ်များများ ရမည့် သင်ပုန်းကြီးနှင့် ငါးစောင်တွဲ၊ ဆယ်စောင်တွဲတို့ကို ရိုက်နှိပ်၍ မြန်မာလူမျိုးတို့အား ကော်မရှင်ပေးကာ နယ်အနှံ့ ဖြန့်ဖြူးရောင်းချခဲ့သည်။ ထိုအကြောင်းနှင့်စပ်၍ ဆရာတော်သည် သူရိယသတင်းစာသို့ ဆောင်းပါး တစ်ပုဒ် ပေးပို့ခဲ့သည်။

ထိုဆောင်းပါးပါလာပြီးနောက် ''ဦးပဏ္ဍိတ ဉာဏ်ရှိလှ၏'' ဟူသော ခေါင်းစီးဖြင့် ဆောင်းပါးတစ်ပုဒ် သူရိယသတင်းစာ၌ ပါလာ ပြန်၏။ ဆောင်းပါးရှင်မှာ ပညာဝန်ထောက် ဝဏ္ဏကျော်ထင်ဦးဘိုးစိန် ဖြစ်သည်။ ဦးဘိုးစိန်သည် ဦးပဏ္ဍိတသိရီ၏ ဆောင်းပါးကို သဘော ကျသဖြင့် ထောက်ခံကြိုဆိုကြောင်း ရေးသားခဲ့လေသည်။

ဦးပဏ္ဍိတသိရီသည် မန္တလေး၌ စာလိုက်နေစဉ်ကလည်း မြန်မာ့ ဗျူဟာဂျာနယ်၌ ဝတ္ထုတိုတစ်ပုဒ်ရေးဖူးသည်။ ဇာတ်လမ်း၏ အဓိက ဦးတည်ချက်မှာ နိုင်ငံခြားပညာတော်သင်လူငယ်တစ်ဦးသည် နိုင်ငံခြားမှ ပြန်လာပြီးနောက် ပစ္စည်းမျိုးစုံ တီထွင်လုပ်ကိုင်ပုံ၊ အလုပ်ကြိုးစားပုံ၊ အလုပ်ကြိုးစားသဖြင့် စီးပွားရေးအောင်မြင်ပုံကို ရေးသားထားသည်။

ဦးပဏ္ဍိတသိရီသည် စာရေးစာဖတ် ဝါသနာကြီးသည်၊ စာပေကို မြတ်နိုးသည်။ ရဟန်းဖြစ်စမှစ၍ သတင်းစာ၊ ဂျာနယ်နှင့် မဂ္ဂဇင်းများတွင် မောင်းသတင်းနှင့် သတင်းအတိုအထွာများ၊ တေးထပ်၊ ဒွေးချိုး၊ လေးချိုး စသော ကဗျာများ၊ ဝတ္ထုတိုများ၊ ဆောင်းပါးများ စသည်ဖြင့် စာပေမျိုးစုံ ပုဒ်ရေပေါင်းတစ်ရာကျော် နှစ်ရာနီးပါး ရေးသားခဲ့သည်။

ရွှေဟင်္သာဆရာတော်ဘုရားကြီးသည် မဂ္ဂဇင်း၊ ဂျာနယ်အသီးသီး၌ ဝါသနာအလျောက် ဖြစ်စေချင်သော စိတ်ဆန္ဒဖြင့် ပြုပြင်ရေးဆောင်းပါးများ အမျိုးမျိုး ရေးသားခဲ့သကဲ့သို့ ခိုင်ခံ့သော စာပေများကိုလည်း ရေးသားတော်မူခဲ့သည်။ ယင်းသို့ရေးသားရာ၌ စာပေများ အမျိုးစုံလှသည်။ ကျမ်းကြီး၊ ကျမ်းငယ်၊ သမိုင်းဝင်မှတ်တမ်းများ၊ အတ္ထုပ္ပတ္တိများ၊ ဝိပဿနာစာအုပ်များ၊ ခရီးသွားစာပေများ၊ ဩဝါဒကထာများ၊ ပဒေသာဆုံးမစာများကို ရေးသားခဲ့သည်။

ရွှေဟင်္သာဆရာတော်သည် ပျံလွန်တော်မူခါနီးထိ စာပေများ ရေးသားတော်မူခဲ့ရာ စာအုပ်ပေါင်း (၄၃) အုပ် ပုံနှိပ်စာအုပ်အဖြစ်သို့ ရောက်ခဲ့ပါသည်။ ယင်းစာအုပ်တို့၏ အကြောင်းများကို လေ့လာသုံးသပ်သွားမည်ဖြစ်ပါသည်။

## သမိုင်းနှင့် ထေရုပ္ပတ္တိများ

### ဘုန်းတော်ပွင့် ထေရုပ္ပတ္တိ

ရွှေဟင်္သာဆရာတော်လောင်းလျာ ဦးပဏ္ဍိတသီရိသည် ၁၂၈၇ (၁၉၂၅) ခုနှစ်တွင် **ဘုန်းတော်ပွင့် ထေရုပ္ပဝတ္တိကျမ်း** ကိုရေးသားတော်မူသည်။ ယင်းနှစ် နတ်တော်လ(နိုဝင်ဘာလ သို့မဟုတ် ဒီဇင်ဘာလ) ၌ အပြီးရေးသားခဲ့သည်။

ညောင်တုန်းမြို့ ရွှေဟင်္သာတောရ သီရိမဟာမင်္ဂလာရာမတိုက်မှ ရှင်ပဏ္ဍိတ မည်သောရဟန်းတော်သည် မိမိအား ရဟန်းသိက္ခာဝါတော် အရွယ်အငယ်မျှစဉ် ဖြစ်လျက် 'ဒုတိယစာချဘုန်းကြီး စွယ်တော်ကျောင်းဘုန်းကြီး' ဟူသော အမည်အားဖြင့်လည်းကောင်း သနားချီးမြှင့်တော်မူသော ဂုဏ်ကျေးဇူးတို့ကို ကျေးဇူးတုံ့ပြန် မဆပ်နိုင်ဘဲ ကြီးခိုင်မြင့်မြတ်တော်မူသော ဂုဏ်ကျေးဇူးတို့ကို ချီးကျူးထုတ်ဖော်ပူဇော်သောအားဖြင့် ပါဠိကဗျာ၊ ဆန်းဂါထာတို့ဖြင့် ကျမ်းလာအမည်ဖွဲ့သီစီကုံး၍ ဘုန်းတော်နှင့် ထေရုပ္ပတ္တိဟူသောကျမ်းကို မိမိ၏ ဉာဏ်စွမ်းအလျောက် စီစဉ်ရေးသား၍ ပူဇော်ကန်တော့ရသည်။

ကျမ်း၌ပါသော ပါဠိကဗျာ ဆန်းဂါထာတို့သည် သာမာန် ဂါထာဆန်းဖြစ်ကာမျှမဟုတ် သဒ္ဒါနည်း၊ ဆန်းနည်း၊ အလင်္ကာနည်းတို့ဖြင့်

သိပ်သည်းကျစ်လစ် အနှစ်သာရနှင့် ပြည့်စုံရကား အားပါးတရ ဝဝနှစ်ခြိုက် ကြည်ညိုထိုက်သော အဖွင့်ဗန္ဓမျိုး ဖြစ်၍ ရှင်ပဏ္ဍိတ၏ဉာဏ်စွမ်းကိုလည်း အံ့မခန်း ကြည်ညိုထိုက်လှပေသည်။

ရွှေဟသ်ာဆရာတော်သည် ဘုန်းတော်ပွင့် ထေရုပ္ပတ္တိကျမ်း ရေးသားရာ၌ ရေးသားပုံနှင့် မိမိ၏ဆန္ဒကိုလည်း အောက်ပါအတိုင်း ဖော်ပြထားသည်။

'မွေးကြူပျံ့ဝဲ၊ ကွန့်မြူးဆဲရှိကုန်သော ဂုဏ်တော်အရပ်ရပ်ကို တရစပ် ပြောဆို ရေးသားစေကာမူ အရာထောင်သော အစုအပုံတွင် တစ်ပုံတွင်လျှင် ကုန်ဖွယ်ရာမရှိသော်လည်း အကျဉ်းအမြွက်အားဖြင့် ဂုဏ်တော်တို့ကို ဖွင့်ပြ၍ ပဋိသန္ဓေ နေတော်မူသည်မှစ၍ ပျံလွန်တော်မူသည့်တိုင်အောင် အတ္ထုပ္ပတ္တိချုပ်ကို ရေးသားပေအံ့။

ယင်းသို့ရေးသားခြင်းဖြင့်လည်း ကျေးဇူးရှင် ဆရာတော်ဘုရားကြီးအား မြတ်နိုးကော်ရော်ပူဇော်ခြင်းကိစ္စ ပြီးမြောက်သည်လည်းတစ်ရပ် နောက်သားနောင်လာ တပည့်အစဉ်အဆက်သည်လည်း ချီးကျူးဝမ်းသာ ကြည်အင်ရွှဲဆရာတော်ဘုရားကြီး၏နည်းကိုယူ၍ အားသဲကြရန်လည်း တစ်ရပ်ဖြစ်ပေကြောင်းဟု ရေးသားထားသည်။

ရွှေဟသ်ာဆရာတော်သည် ဘုန်းတော်ပွင့် ထေရုပ္ပတ္တိကျမ်း ရေးသားရာ 'သက္ကရာဇ် ၁၂၇၈ ခုနှစ်၊ နတ်တော်လဆန်း (၈)ရက် တနင်္ဂနွေနေ့ပြီး၏' ဟုကျမ်း၏နိဂုံး၌ ကျမ်းပြီးချိန်ကို ဖော်ပြထားကာ ကျမ်းပြုသူနာမည်ကိုလည်း 'ဦးပဏ္ဍိတ စွယ်တော်ကျောင်း ဘုန်းကြီး ရွှေဟသ်ာတောရတိုက် ညောင်တုန်းမြို့' ဟု ဖော်ပြထားသည်။ ကျမ်း၏ နိဂုံး၌ ကျမ်းပြုရသောကောင်းမှုကို ပါဠိဂါထာဖြင့် ဆုတောင်းထားသည်။

**ဣဒံ့ပုညံ ဝဟံ ဟောတု၊ အစ္စယန္တ္တ နိဗ္ဗုတိ။**

**ဂရုနဉ္စဝ ဉာတိနံ၊ ဟောန္တု သုခန္တု နိဗ္ဗုတာ**

ဤဘုန်းတော်ဖွင့် ထေရုပ္ပတ္တိကျမ်းကို ပြုစုရသောကောင်းမှုသည် ငြိမ်းအေးသော နိဗ္ဗာန်သို့ ရောက်ရာရောက်ကြောင်း ဖြစ်ပါစေသတည်း။ ဆရာတို့အား လည်းကောင်း၊ ဆွေမျိုးတို့အားလည်းကောင်း ငြိမ်းအေး၍ ချမ်းမြေ့ကြပါစေကုန်သတည်း။

**ထွင့်ခေါင်ဆရာတော်အကြောင်း**

ရွှေဟသ်ာဆရာတော်သည် **ပထမထွင့်ခေါင် ဆရာတော်ဘုရားကြီး အကြောင်း** သမိုင်းဝင် အတ္ထုပ္ပတ္တိစာအုပ်ကို ၁၂၉၃ ခုနှစ်တွင် ပြုစုရေးသား ခဲ့သည်။

ရွှေဟသ်ာဆရာတော်သည် စစ်ကိုင်းမြို့သို့ရောက်သည့်အချိန်မှစ၍ စေတီပြို၊ ကျောင်းပြို၊ ကျောင်းပျက်များရှိရာသို့သွား၍ ဥပုသ်နေ့တိုင်း အချိန်ရသမျှ လေ့လာခဲ့သည်။ အသက်ကြီးရွယ်ကြီး ဆရာတော်ကြီးများထံ ချဉ်းကပ်၍ ရှေးဟောင်းနှောင်းဖြစ်များကို မေးမြန်းစုံစမ်းသည်။ လေ့လာ မှတ်သားသည်။ ခနော်ခနဲ့ ယိုင်ရွဲ့နေသော စာတိုက်ကြို စာတိုက်ကြား များတွင် စာအိုပေမင်းများကို ရှာဖွေသည်။ လေ့လာ ကြည့်ရှုသည်။ ငှားရမ်း ရေးယူသည်။

ရွှေဟသ်ာဆရာတော်ဘုရားကြီးသည် စစ်ကိုင်းတောင်ရိုးတွင် မိမိလေ့လာ ရရှိသမျှ အကြောင်းအရာများကို စုပေါင်း၍ 'ပဌမထွင့်ခေါင် ဆရာတော်ဘုရားကြီး အကြောင်း' အမည်ရှိ သမိုင်းဝင်အတ္ထုပ္ပတ္တိကျမ်း တစ်စောင်ကို ပြုစုခဲ့သည်။ ထွင့်ခေါင်ဆရာတော် အတ္ထုပ္ပတ္တိကျမ်းတွင် ပဌမထွင့်ခေါင် ဆရာတော်ဘုရားကြီး အကြောင်းမျှသာမက စစ်ကိုင်း၊ မင်းဝံတောင်တရိုးတွင် ရှေးကျထင်ရှားသော စေတီပုထိုးများအကြောင်း၊ ၎င်းဆရာတော်ကြီးများ တောရဆောက်တည် ကျင့်သုံးနေထိုင်ခဲ့ရာ ချောင် များအကြောင်းကိုပါ ထည့်သွင်း ရေးသားထားသည်။

ရွှေဟသ်ာဆရာတော်သည် ပထမထွင့်ခေါင်ဆရာတော်ဘုရားကြီး အကြောင်း ရေးသားရာ၌ ပထမပိုင်း၊ ဒုတိယပိုင်းနှင့် တတိယပိုင်း ဟူ၍ အပိုင်းသုံးပိုင်းခွဲ၍ ရေးသားတော်မူသည်။ ပထမပိုင်းတွင် ထွင့်ခေါင် ဆရာတော်၏ ဘဝဖြစ်စဉ် အပြည့်အစုံ ရေးသားတော်မူသည်။ ဒုတိယပိုင်း တွင် ထွင့်ခေါင်ဆရာတော်ဘုရားကြီး အကြောင်းနှင့်စပ်၍ ဆက်နွယ်သော သိထိုက်သော အခြားအကြောင်းအချက်တို့ရှိသောကြောင့် သီးသန့်ဖော်ပြပြီး တောင်ဖီလာဆရာတော်၊ စီးတောရဆရာတော် စသည်တို့၏ အကြောင်း များပါ ရေးသားတော်မူသည်။

တတိယပိုင်းတွင် ထွင့်ခေါင်ဆရာတော်ဘုရားကြီး၏ ကမ္မဋ္ဌာန်း အလင်္ကာ (၁၀၁)ပုဒ်၊ ညောင်ပင်သာဆရာကြီး ဦးပုည၏ အတ္ထုပ္ပတ္တိ

အကျဉ်း၊ စစ်ကိုင်းမြို့ရာဇဝင်နှင့် စစ်ကိုင်းမြို့ စေတီတော်များသမိုင်း အကျဉ်းချုပ်တို့ကို ရေးသားဖော်ပြထားပါသည်။

ရွှေဟင်္သာဆရာတော်သည် ထွင့်ခေါင်ဆရာတော်ကြီး၏ အကြောင်းကိုရေးရာ၌ ထွင့်ခေါင်ဆရာတော်အပေါ်၌ ရှုမြင်သော စိတ်ထားနှင့် ရှာဖွေရေးသားပုံများကို ကျမ်း၏အချီနိဒါန်း၌ အောက်ပါအတိုင်း ဖော်ပြထားသည်။

ထွင့်ခေါင်ဆရာတော်ဘုရားကြီးသည် အရိယာပုဂ္ဂိုလ်မြတ်ကြီး ဖြစ်သည်ဟု တပ်အပ်မပြောနိုင်သော်လည်း ဝိပဿနာကမ္မဋ္ဌာန ယောဂီ အစစ်ကြီး ဖြစ်တော်မူသည်ကား မှန်ကန်ပေသည်။ ထိုမှတစ်ပါးလည်း အရှင်ခေမာကဲ့သို့သော ယောဂီမထေရ်မြတ်တွေ ထင်ရှားရှိပါက အရိယာ မြတ်တွေလည်း ရှိနိုင်ကြောင်းကို လက်ရုံးတန်းကာ ပြောဆိုနိုင်ကြစေရန် ထွင့်ခေါင်ဆရာတော်ဘုရားကြီးအကြောင်း စာအုပ်မျိုးကို ဖတ်ရှုကြားနာ သင့်ကြပေသည်။

ဤစာအုပ်ငယ်၌ ထွင့်ခေါင်ဆရာတော်ဘုရားကြီး၏အကြောင်း အတ္ထုပ္ပတ္တိမျှကိုသာ ဖော်ပြသည်မဟုတ်။ အခြားမထေရ်မြတ်တို့၏ အကြောင်းနှင့်တကွ စစ်ကိုင်းစေတီသမိုင်းချုပ် စသည့်တို့ကိုလည်း နောက် ပိုင်း၌ ထည့်သွင်းဖော်ပြထားပေသေးသည်။

ပထမထွင့်ခေါင်ဆရာတော်ဘုရားကြီးအကြောင်းရေးရာ၌ ထင်မြင် ချက်မျှလောက်ဖြင့်၊ သို့မဟုတ် ဂုဏ်အနည်းငယ် ပိုမိုချဲ့ထွင်တန်ဆာဆင် မှုဖြင့် ရေးသားခြင်းမဟုတ်။ သေချာခိုင်မြဲ ဟုတ်မှန်လောက်သော အကြောင်းအရာတို့ကိုသာ ထည့်သွင်း စီစဉ် ရေးသားထားခြင်း ဖြစ်သော ကြောင့် လေးစားမှတ်သားကြစေလိုကြောင်း ရေးသားထားပါသည်။

ရွှေဟင်္သာဆရာတော်သည် ထွင့်ခေါင်ဆရာတော်အကြောင်းကို ရေးသားရာ၌ ခိုင်ခံ့တိကျမှု ဖြစ်စေရန် ပညာရှင်များထံ ချဉ်းကပ်၍ တိကျစွာ ရေးသားခဲ့ပုံကိုလည်း ကျမ်း၏နိဂုံး၌ အောက်ပါအတိုင်း ဖော်ပြထားသည်။

ပထမထွင့်ခေါင်ဆရာတော်ဘုရားကြီး၏ မင်းရေးမင်းခွင်သာပုံ အစရှိသော အကြောင်းအရာတို့သည် သီပေါမင်းဆက်ကပ်သော **သဒ္ဓမ္မာ ဘိပဏ္ဍိတ မဟာဓမ္မရာဇဂုရု** **သာသနာပြုတံဆိပ်တော်** တစ်ကျိပ်နှစ်ပါး ဆရာတော်များ ချီးမြှောက်သော **သဒ္ဓမ္မာဘိဓဇပဝရာလင်္ကာရ** တံဆိပ်တော်

အားဖြင့် နှစ်တန်ရရှိတော်မူသော သက္ကရာဇ် ၁၂၁၁ ခုဖွား သက်တော်(၈၀) သက္ကရာဇ် ၁၂၉၈-ခုနှစ်၌ ပျံလွန်တော်မူသော မန္တလေးမြို့ အနောက်ပြင် ငါးဆူတိုက် တစ်ကျိပ်နှစ်ပါး သာသနာပြု ငါးဆူဆရာတော်ကြီး အရှင်သဒ္ဓမ္မထံမှငင်း၊ သက္ကရာဇ် ၁၂၃၀ ပြည့်ဖွား သက်တော် (၈၅)နှစ်၊ သက္ကရာဇ် ၁၃၁၅ ခုနှစ် ပျံလွန်တော်မူသော စစ်ကိုင်းတောင်ရိုးကြွယ်လူး တောရဆရာတော်ကြီး အရှင်ဒီပထံမှလည်းကောင်း ကြားနာမှတ်သားရသည်တို့ကိုဖော်ပြခြင်း ဖြစ်ပါသည်။ ယုံကြည်လောက်သောဌာန၊ ယုံကြည်လောက်သော ပုဂ္ဂိုလ်တို့ထံမှ ကြားသိရသမျှ စာဟောင်းပေဟောင်းတို့၌ တွေ့မြင်ဖတ်ရှု မှတ်သားရသမျှတို့ကို နောင်သားနောက်လူတို့ အကျိုးအလို့ငှာရည်ညွှန်း၍ စုဆောင်းရေးသားခြင်း ဖြစ်သည်။

ထွင့်ခေါင်ဆရာတော်ဘုရားကြီးအကြောင်းကို ရေးသားသော အခါ ပထမထွင့်ခေါင်ဆရာတော်ဘုရားကြီး၏ မြေးတော်ဖြစ်သော တတိယမြောက် ထွင့်ခေါင်ဆရာတော်လေး သက်တော်ထင်ရှား ရှိပါသေးသည်။ တတိယထွင့်ခေါင်ဆရာတော်ကို အများက ဆရာတော်လေးဟု ခေါ်ကြသည်။ တတိယထွင့်ခေါင်ဆရာတော်လေးကို မေးမြန်းလျှောက်ထား၍ ဆရာတော် အမိန့်ရှိသမျှနှင့် ထွင့်ခေါင်ခမ္မိကချောင်ရှိ ကျောက်စာများကိုမှတည်၍ ရေးခြင်းဖြစ်သည်။

၁၂၉၃ ခုနှစ်၊ နယုန်လဆန်း (၁၅)ရက်နေ့တွင် ပဌမထွင့်ခေါင်ဆရာတော်ဘုရားကြီးအကြောင်း စာအုပ်ကို ရေးသားပြုစု၍ ပြီးစီးရာ ၁၂၉၃ ခုနှစ်တွင် တစ်ကြိမ်၊ ၁၃၀၀ ပြည့်နှစ်တွင် တစ်ကြိမ်၊ ၁၃၃၉ ခုနှစ်တွင် တစ်ကြိမ် (၃)ကြိမ်တိတိ ဓမ္မဒါနအဖြစ် ပုံနှိပ်ဖြန့်ဝေခဲ့လေသည်။

**အာစေရဝဏ္ဏနာပျို့**

ရွှေဟင်္သာဆရာတော် ဦးပဏ္ဍိတသီရိသည် ၅-ဝါပြည့်မြောက် ၆-ဝါ အရောက်တွင် ညောင်တုန်းမြို့ ရွှေဟင်္သာတိုက်၌ စွယ်တော်ကျောင်း ဘုန်းကြီးအဖြစ် ခန့်အပ်ခံရသည်။ ထိုနှစ်ဝါတွင်း၌ စာပေပို့ချရင်း "အာစေရဝဏ္ဏနာပျို့" ကို ရေးသား ပြုစုခဲ့သည်။

စံကျောင်းဆရာတော်နှင့် တိုက်အုပ်ဆရာတော်တို့၏ သီလ၊သမာဓိ၊ ပညာဂုဏ်များအပြင် တပည့်များအပေါ် မေတ္တာ၊ ကရုဏာ ကြီးမားတော်မူ

ကြပုံ၊ လုံ့လ၊ ဝီရိယ ထက်သန်စွာ သာသနာပြုတော်မူကြပုံအလုံးစုံကို အာစေရဝဏ္ဏနာပျို့တွင် ပီပီပြင်ပြင် ဖွဲ့ဆိုထားသည်။ ဆရာသမားတို့၏ ကျေးဇူးကားကြီးမားလှ၏။ မြင့်မိုရ်တောင်ကြီးနှင့် နှိုင်းယှဉ်၍ပင် အကြည့် ခံ၏။ ဤမျှကြီးမားသော ဆရာ့ကျေးဇူးကို တပည့် အလိမ္မာတို့သည် ရှာကြံဆပ်ကြသည်။ ဆပ်သော်လည်း ဆရာ့ကျေးဇူးကား မကုန်နိုင်ပေ။

ဦးပဏ္ဍိတသိရီသည် စံကျောင်းဆရာတော်နှင့် တိုက်အုပ် ဆရာတော် ၂-ပါးကို မိဘအလား အလွန်အားထားခဲ့သည်။ အထူးသဖြင့် မကျန်းမမာ ဖြစ်သောအခါ ပိုပြီးအားကိုးသည်။ 'အပြင်းအထန်မကျန်းမမာ ဖြစ်ခဲ့လျှင် ဆရာတော် ၂-ပါး၏အနီး၌သာဖြစ်ရပါစေ' ဟုပင် တောင့်တ ဖူးခဲ့သည်။ ဆရာတော် ၂-ပါး၏ ကျေးဇူးကို မိမိသိရှိကြည်ညိုရသလို အများတကာကိုလည်း သိရှိကြည်ညိုစေချင်သည်။ ဤရည်ရွယ်ချက်ဖြင့် အာစေရဝဏ္ဏနာပျို့ကဗျာကို စီကုံးရေးသားခြင်းဖြစ်သည်။

ရေးသားပြီးနောက် ဆရာတော် ၂-ပါးထံ ဆက်ကပ်ပြသရာ အရေးအသား ကောင်းမွန်ကြောင်း ချီးမွမ်းစကား မြွက်ကြားတော်မူကြ သည်။ တိုက်အုပ်ဆရာတော်က စာမူကို တောင်းယူပြီး သိမ်းဆည်း ထားသည်။ စာပုံမနှိပ်ဖြစ်၍ လက်ရေးမူတွင်ပင် ပျောက်ဆုံးသွား၏

## ရွှေဟင်္သာတောရသမိုင်း

ရွှေဟင်္သာဆရာတော်သည် မိမိဘဝ ကြီးပွားတိုးတက်ခဲ့ရာ ဖြစ် သော ရွှေဟင်္သာတောရ၏ တိုးတက်ဖွံ့ဖြိုးမှုအစဉ်များ နှောင်းလူတို့ အတုယူကျင့်ဆောင်နိုင်စေရန် လည်းကောင်း၊ ကျေးဇူးတစ်ဖန်တုံ့ဆပ်သော အနေအားဖြင့်လည်းကောင်း၊ ရွှေဟင်္သာတောရသမိုင်းကျမ်းကို ရေးသား တော်မူခဲ့သည်။ ရွှေဟင်္သာဆရာတော်သည် အဋ္ဌုပ္ပတ္တိစာပေ ရှိသင့် ကြောင်းနှင့် ရွှေဟင်္သာတောရသမိုင်း ရေးသားရခြင်း အကြောင်းကို ကျမ်း၏ နိဒါန်း၌ အောက်ပါအတိုင်း ဖော်ပြထားပါသည်။

ဗုဒ္ဓမြတ်စွာ သာသနာတော်အတွင်း၌ သာသနာသုံးရပ်ကို သဒ္ဓါ၊ ဝီရိယ၊ ပညာ ပြဋ္ဌာန်း၍ ကြိုးပမ်းဆောင်ရွက်ပြီး ဆောင်ရွက်ဆဲ ဖြစ်တော် မူကြကုန်သော ရဟန်းမြတ် သူတော်ကောင်းတို့၏ ဆောင်ရွက်တော်မူကြ ဟန် အချင်းအရာများကိုလည်းကောင်း၊ ထိုအရှင်မြတ်တို့ သီတင်းသုံးတော်

မူရာ စည်ပင်ကြီးပွားပြီး ကြီးပွားလျက် တည်နေဆဲ ကျောင်းတိုက်များ၏ အချင်းအရာ အတ္ထုပ္ပတ္တိကိုလည်းကောင်း ဟုတ်တိုင်းမှန်စွာ အက္ခရာတင်၍ ထင်ရှားစွာ ရေးသားသင့်ကြသည်။ အချို့သော ကျောင်းတိုက်နှင့် ရဟန်းတော်မြတ်တို့၏ တည်ထောင်စဉ်၊ ဆောင်စဉ်တို့သည် ရှိကြပါ၏။ ရှိသင့်သလောက် မရှိခြင်းကြောင့် အလွန်သိသင့်သိထိုက်သော ကျောင်းတိုက်များ၊ မထေရ်မြတ်များ၏အကြောင်းတို့ကို မသိကြရသည်မှာ ဝမ်းနည်းဖွယ်ရာ ဖြစ်သည်။

ညောင်တုန်းမြို့ ရွှေဟင်္သာတောရတိုက်သည် မြန်မာပြည်သာသနာဝင်တွင် ထင်ရှားသော ကျောင်းတိုက်တစ်တိုက်ဖြစ်လျက် နှစ်ပေါင်း(၅၀)ကျော်(၆၀)နီးပါးတိုင်တိုင် ယနေ့အထိတိုင် ခိုင်မြဲတည်တံ့၍ စည်ပင်ကြီးပွားနေသော ကျောင်းဖြစ်ပါသည်။

ရှေးဦးစွာ ရွှေဟင်္သာတောရကျောင်းကို တည်ထောင်တော်မူသော ကျောင်းတော်ရာဆရာတော်ဘုရားကြီးမှစ၍ ယခုထင်ရှားရှိတော်မူကြသော ဆရာတော်များအပါအဝင် ဆရာစဉ်တို့၏ကျင့်စဉ်ဖြစ်သော ရွှေဟင်္သာတောရသမိုင်းကို သူတော်ကောင်း ကလျာရှင်တိုင်း လူတိုင်းတို့၏အကျိုးငှာ မိမိသိရှိမှတ်သားမိသမျှ တိတိကျကျ ရေးသားရခြင်းပင် ဖြစ်ပေသတည်းဟု ရေးသားထားပါသည်။

ဆရာတော်သည် ရွှေဟင်္သာတောရသမိုင်းကို ရေးရာ၌ ရှေးဦးစွာ တည်ထောင်ကြသော ဘုန်းတော်ကြီး ဦးသီလ၊ ဆရာတော်ကြီး၊ တောရဂိုဏ်းနှင့် ရွှေကျင်ဂိုဏ်းစသည်တို့စ၍ ရွှေဟင်္သာတောရ အဆင့်ဆင့် တိုးတက်လာပုံ၊ ဆရာတော်တို့၏ မထေရ်စဉ်ကို အသေးစိတ် ရေးသား ဖော်ပြတော်မူသည်။ နိဂုံး၌ ပါဠိမြန်မာ တစ်ဂါထာဖြင့် အောက်ပါအတိုင်း နိဂုံးချုပ်ထားပါသည်။

**သိက္ခိတံ သုစိရံ ဌာတု၊ သေက္ခာ ပါလေန္တု သာသနံ။**
**ရွှေဟင်္သာ ဝိဇ္ဇာလယံဘာတု၊ ယာဝ ဒိဗ္ဗတိ သာသနံ။**

ရှင်ရဟန်း သူတော်ကောင်းတို့ ကျင့်ကြံအားထုတ်သော သာသနာတော်မြတ်သည် အလွန်ကြာမြင့်စွာ တည်မြဲပါစေသတည်း။ ရှင်ရဟန်းတို့သည် သူတော်ကောင်းတရားတို့ကို ကြာမြင့်စွာစောင့်ရှောက်နိုင်ကြပါစေ။ မြတ်စွာဘုရားသာသနာ ထွန်းလင်းသမျှ ကာလပတ်လုံး ရွှေဟင်္သာတောရ

ပါဠိတက္ကသိုလ်ကျောင်းတိုက်ကြီးသည် နေလသဖွယ် ထွန်းလင်း၍ တည်မြဲပါစေသတည်းဟု ဖော်ပြထားပါသည်။

**ရွှေကျင်နိကာယသာသနာဝင် (၁၃၂၅ ကျယ်၊ ၁၃၂၆ ကျဉ်း)**

ရွှေဟင်္သာဆရာတော်သည် ရွှေကျင်နိကာယသာသနာဝင်ကျမ်းကို ၁၃၂၄ ခုနှစ်တွင် စတင်ရေးသားပြုစုခဲ့သည်။

ရွှေကျင်နိကာယသာသနာဝင်ကျမ်းမှာ စာမျက်နှာ ၅၁၉ မျက်နှာရှိသည့် ကျမ်းကြီးတစ်စောင်ဖြစ်သည်။ ပထမပိုင်း၊ ဒုတိယပိုင်းဟု (၂)ပိုင်းခွဲရေးပြီး ပထမပိုင်းတွင် မဇ္ဈိမဒေသ သထုံ၊ ပုဂံ၊ ပုခန်းကြီး၊ ဒီပဲယင်း၊ ရွှေဘိုသာသနာဝင်တို့ကို ဖော်ပြထားသည်။

ဒုတိယပိုင်းတွင် ရွှေကျင်ဆရာတော်၊ မဟာဝိသုဒ္ဓါရာမ ဆရာတော်စသော ရွှေကျင်ဂိုဏ်းတွင် နေအသွင် လအလား ဆရာတော်ကြီး အပါး (၃၀)တို့၏ ထေရုပ္ပတ္တိအကျဉ်းနှင့် ဩဝါဒတိုကလေးများကို ထည့်သွင်းထားသည်။ ရွှေဟင်္သာဆရာတော်သည် ရွှေကျင်နိကာယ သာသနာဝင်ကျမ်းကြီးကို တစ်နှစ်အတွင်း ရေးသားခဲ့ရာ ဆရာတော်၏ လုံ့လဝီရိယကို အံ့ဩချီးမွမ်းကြသည်။

ရွှေဟင်္သာဆရာတော်သည် ရွှေကျင်နိကာယ သာသနာဝင်ကျမ်းကို ရေးသားခြင်း၏ ရည်ရွယ်ချက်များကို တိကျမှန်ကန်မှုရှိစေရန် အောက်ပါအတိုင်း ရေးသားတော်မူခဲ့သည်။

ရွှေကျင်နိကာယသာသနာဝင်၌ တိတိကျကျမှန်ကန်သော ဆရာအစဉ် သာသနာဝင်သာလျှင် ဖြစ်စေမည်ဟူသော နှလုံးသွင်းဖြင့် ဆရာမှန်တပည့်မှန် အဆက်အနွယ်ကိုသာ ထုတ်ဖော်ရေးသား၍ ယနေ့တိုင် ရွှေကျင်ဂိုဏ်းကြီးကို ကြီးမှူးအုပ်ထိန်းစောင့်ရှောက်တော်မူကြသော ရွှေကျင်နိကာယ သံဃာ့ဉသျှောင်ဆရာတော်ဘုရားကြီးများတိုင်အောင် ရေးသားဖော်ပြခြင်း ဖြစ်ပေသည်။

ရွှေဟင်္သာဆရာတော်သည် ရွှေကျင်နိကာယသာသနာဝင်ကျမ်းကို ရေးသားရာ၌ ရွှေကျင်နိကာယဂိုဏ်းဝင် ပုဂ္ဂိုလ်များနှင့် သာသနာ့ဝန်ထမ်းရှင်ရဟန်းတို့အား တိုက်တွန်း၍ နိဂုံးချုပ်ထားသည်ကို ကျမ်း၏နိဂုံး၌ကိုယ်တိုင်ပင် ဖော်ပြထားတော်မူသည်။

''ရွှေကျင်ဂိုဏ်းသံဃာဆိုရုံမျှဖြင့် ရွှေကျင်အမည်ခံရုံမျှနှင့် ကောင်းသော ရွှေကျင်သံဃာဖြစ်လေသလားဟု ဆိုဖွယ်ရှိ၏။ မြတ်စွာဘုရားသက်တော်ထင်ရှား ရှိတော်မူစဉ်ကပင် သာဝတ္ထိ၊ ရာဇဂြိုလ်စသည်တို့၌ ဆဗ္ဗဂ္ဂီအဖွဲ့ဝင်ရဟန်းတွေ ရှိနေသေးသည်ဖြစ်၍ များလာလျှင် ဘယ်အရာမဆို အရောအနှော အဖျင်းအမှော် ပါဝင်လာမြဲ ဖြစ်သကဲ့သို့ ရွှေကျင်ဂိုဏ်းထင်ရှားကြည်ညိုသူများ သံဃာတွေလည်း ပွားများလာခဲ့သည် ဖြစ်ရာ၊ အချို့အနည်းငယ်သော ပုဂ္ဂိုလ်တို့သည် ကျောင်းကန် စသော ပစ္စည်းကို အကြောင်းပြု၍ ရွှေကျင်ဖြစ်လာသူတို့လည်း ရှိကောင်းရှိကြပေမည်။ ပကတိအားဖြင့် သဒ္ဓါတရားနည်း၍ ဘုရားပညတ်တော်နှင့် တကွ ဂိုဏ်းစည်းမျဉ်း၊ ဆရာသမားများဆုံးမ ဩဝါဒတို့ကို မလိုက်နာဘဲနေသော ပုဂ္ဂိုလ်အချို့လည်း ရှိပေလိမ့်မည်။ အချို့မှာလည်း ဌာနအားဖြင့် ဆရာသမားများနှင့်ဝေးကွာလွန်းပြီး သဒ္ဓါတရားရှိကြကုန်လျက် နည်းနိကာယ ဩဝါဒများ ကောင်းကောင်း မရကြမူ၍ နေကြရသော ပုဂ္ဂိုလ်တို့လည်း ရှိကောင်းရှိပေမည်။ သို့ရာတွင် များသောအားဖြင့်မူကား အကြည်ညိုခံနိုင်လောက်အောင် ရဟန်းကောင်းဖြစ်သော ရွှေကျင်သံဃာတို့သာလျှင် ဖြစ်ကြကုန်သည်။

အဘယာရာမဆရာတော်၊ အတိသုဒ္ဓါရုံဆရာတော်၊ တွံ့တေးဆရာတော်အရှင်ဦးနာဂ စသော ပုဂ္ဂိုလ်ကြီးများသည် ရွှေကျင်စည်းမျဉ်းကောင်းသည်ကို ကျေနပ်နှစ်သက်၍ ရွှေကျင်အဖြစ်သို့ ရောက်တော်မူလာကြသည်ဖြစ်ရာ ပစ္စည်းနှင့် ဒကာမျက်နှာကို မငဲ့ကြမူ၍ ကိုယ်တိုင် အတိအကျလိုက်နာ၍ တပည့်များကိုလည်း လိုက်နာတော်မူစေကြသဖြင့် ရွှေကျင်ဂိုဏ်း၌ အကြီးအချုပ် ဥက္ကဋ္ဌမဟာနာယကကြီးတွေ ဖြစ်လာတော်မူသွားကြသည်။

သို့ဖြစ်၍ တပည့်တော်တို့သည် မိမိကြောင့် မိမိတို့၏မှီရာ မြတ်စွာဘုရားသာသနာတော်ကြီးနှင့်တကွ ရွှေကျင်ဂိုဏ်းကြီးဂုဏ်ကို မထိခိုက်၊ မညှိုးနွမ်းစေမူ၍ မိမိတို့ကြောင့် ကောင်းသော ရွှေကျင်ဂိုဏ်းဂုဏ်ကို ခိုင်မြဲစေလျက် မိမိတို့သည်လည်း ကောင်းသော ရွှေကျင်ဂိုဏ်းသံဃာများ ဖြစ်တော်မူကြရအောင် သတိဆောင်တော်မူကြရန် လျှောက်ထားခြင်းဖြင့် ရွှေကျင်နိကာယသာသနာဝင်ကို နိဂုံးချုပ်ပါတော့မည်'' ဟု ရေးသားထားပါသည်။

**စံကျောင်းဆရာတော်ဘုရား၏ ကျမ်းစာများ**

ရွှေဟင်္သာဆရာတော်သည် တပည့်ဒကာ ဒကာမများ၊ ရှင်ရဟန်းများ အသိဉာဏ်ပညာတိုးပွား၍ လိမ္မာယဉ်ကျေးစေပြီး ဘာသာ၊ သာသနာအကျိုးကို စွမ်းစွမ်းတမံ ထမ်းရွက်နိုင်ရန် ရည်ရွယ်တော်မူ၍ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာတို့မှ ထုတ်နုတ်၍ နီတိကျမ်း အသွယ်သွယ်တို့မှ ထုတ်ဆောင်၍လည်းကောင်း ဆုံးမစာအမျိုးမျိုး၊ လမ်းညွှန်မှု အသွယ်သွယ်တို့ကို ရေးသားတော်မူခဲ့သည်။

ထို့အတူပင် မိမိ၏ ကျေးဇူးရှင် စံကျောင်းဆရာတော်ဘုရားကြီး၏ ကျမ်းစာများအကြောင်းကိုလည်း နှောင်းလူတို့လွယ်လင့်တကူ လေ့လာသိရှိနိုင်ရန် အညွှန်းကျမ်းအဖြစ် မှတ်တမ်းတင် ရေးသားထားတော်မူခဲ့သည်။

ကျေးဇူးရှင် စံကျောင်းဆရာတော်ဘုရား၏ ကျမ်းစာများအကြောင်း ရေးရန်ကိုမူကား ဤစာရေးသော ဘုန်းကြီးကို လျှောက်ထားသည်ဖြစ်၍ ဆရာတော်ဘုရား ရေးသားတော်မူသောကျမ်းစာများကို သိရှိရသလောက် မိမိစွမ်းသမျှ ရေးသားလိုက်ရခြင်း ဖြစ်သည်။

လက်ရေးစာမူ ရေးပြီးသောအခါ စာမူကို တွေ့မြင်ကြသော ဆရာတော်အချို့နှင့် လူပုဂ္ဂိုလ်အချို့က ဤစာသည် သမိုင်းဝင် မှတ်တမ်းတင်ထားသောစာ ဖြစ်သောကြောင့် စာအုပ်ငယ်အဖြစ် ပြုလုပ်ထားသင့်ကြောင်း အကြံပေးကြသဖြင့် စာအုပ်အဖြစ် ရိုက်လိုက်ခြင်း ဖြစ်ပါသည်ဟု ရေးသားထားပါသည်။

ရွှေဟင်္သာဆရာတော်သည် ကျေးဇူးရှင် စံကျောင်းဆရာတော်ဘုရား၏ ကျမ်းစာစာအုပ်ကို ရေးသားရာ၌ အပိုင်းနှစ်ပိုင်းခွဲ၍ ရေးသားတော်မူသည်။ ပထမပိုင်းသည် မောင်ဉာဏ်မှ စံကျောင်းဆရာတော်ဟူသော စံကျောင်းဆရာတော်၏ ထေရုပ္ပတ္တိအကျဉ်းပင် ဖြစ်သည်။ ဒုတိယပိုင်းတွင် စံကျောင်းဆရာတော်ဘုရား၏ ကျမ်းစာအုပ်များကို တစ်အုပ်ချင်းအကြောင်းအကျဉ်းမျှ ညွှန်ပြရေးသားတော်မူသည်။ စံကျောင်းဆရာတော် ရေးသားခဲ့သော ကျမ်းမှာ (၂၂)ကျမ်း ပါရှိသည်။

ရွှေဟင်္သာဆရာတော်သည် ဖော်ပြပါကျမ်းများ၏ အနှစ်ချုပ်နှင့် ထုတ်ဝေသောခုနှစ် ရိုက်နှိပ်သော ပုံနှိပ်တိုက်များကို ဖော်ပြခြင်းဖြင့် မှတ်တမ်းတင်တော်မူသည်။ ကျမ်း၏ နိဂုံးပိုင်း၌ စံကျောင်းဆရာတော်၏

သာသနာ့တာဝန် ထမ်းဆောင်ပုံကို အရိပ်အမြွက်မျှပြ၍ အောက်ပါအတိုင်း နိဂုံးချုပ် ပြတော်မူသည်။

ကျေးဇူးရှင်စံကျောင်းဆရာတော်ဘုရားသည် ရဟန်းသိက္ခာ(၈)ဝါ အရ သက္ကရာဇ် ၁၂၆၂ (၁၉၀၀) ခုနှစ် ညောင်တုန်းမြို့ ရွှေဟင်္သာတောရ သီရိမဟာမင်္ဂလာရာမတိုက် စံကျောင်းတိုက်အုပ်အဖြစ်မှစ၍ ကျေးဇူးရှင် စံကျောင်းဆရာတော်ဘုရားကြီး ချီးမြှောက်တော်မူသော စံကျောင်း ဆရာတော် ဟူသောဘွဲ့အမည်ကို ခံယူရလျက် သက္ကရာဇ် ၁၃၀၉ ခုနှစ် ပျံလွန်တော်မူသည့်တိုင်အောင် ရွှေဟင်္သာတောရတိုက်ကြီး၏ တည်တံ့မှု တိုးတက်စည်ပင်မှု ကိစ္စအရပ်ရပ်တို့ကို ဆောင်ရွက်တော်မူခြင်း တပည့် သံဃာများအား စာပေပို့ချတော်မူခြင်းဟူသော ပရိယတ္တိတာဝန်များကို အားသွန်ခွန်စိုက် ဆောင်ရွက်တော်မူသည့်အပြင် အခါကာလ အားလျော်စွာ ရေးသားသင့်သော ကျမ်းစာတို့ကို ရေးသားတော်မူခြင်းဖြင့် ဘုရားရှင်၏ သာသနာ့တာဝန်ကို ဆောင်ရွက်တော်မူခဲ့ရာ ရဟန်းရှင်လူတို့၌ ကျေးဇူး များသော ကျမ်းပေါင်း (၂၀) ကျော်တို့ကိုလည်း ပြုစုရေးသားတော်မူခြင်း ဖြစ်ပါသည်ဟု ဖော်ပြထားသည်။

ရွှေဟင်္သာဆရာတော်သည် စံကျောင်းဆရာတော်၏ ကျမ်းစာများ အကြောင်း နိဒါန်းပိုင်း၌ ရေးသားခဲ့သကဲ့သို့ ကျမ်းပြီးရာ ခုနှစ်သက္ကရာဇ်ကို လည်း ကျမ်း၏နိဂုံးပိုင်း၌ ၁၃၃၃ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၄ ရက် (၃၊ အောက်တိုဘာ၊ ၁၉၇၁ ခုနှစ်) ဟု သမိုင်းတန်ဖိုး သိရှိသော အရှင်မြတ် ပီပီ မှတ်တမ်းပြု ရေးသားထားပါသည်။ ယင်းကျမ်းသည် ကျေးဇူးတရား သိမှုကို ဖော်ကျူးသောကျမ်းဖြစ်သည်ဟု သုံးသပ်ထားပါသည်။

ညောင်တုန်းမြို့၏ ထင်ရှားကျော်ကြားခြင်း (၂)ရပ်

ရွှေဟင်္သာဆရာတော်သည် ညောင်တုန်းမြို့၏ ထင်ရှားကျော်ကြား ခြင်းအကြောင်းစာတမ်းကို ရေးသားတော်မူခဲ့ပါသည်။ ထင်ရှားကျော်ကြား ခြင်း အကြောင်းမှာ -

၁။ ကူးသန်းရောင်းဝယ်ရေး၌ စည်ကားဖြစ်ထွန်း၍ ထင်ရှား ကျော်ကြားခြင်း၊

၂။ ရွှေဟင်္သာတောရတိုက်ကြီး ထင်ရှားကျော်ကြားခြင်းတို့ဖြစ်သည်။

ညောင်တုန်းမြို့၏ ကူးသန်းရောင်းဝယ်ရေး၌ စည်ကားဖြစ်ထွန်းမှုကို သက္ကရာဇ် ၁၂၅၀(၁၈၈၈) ခုနှစ်ဝန်းကျင်လောက်မှစ၍ မျက်မှောက်ခေတ်အထိ ရေလမ်း၊ ကုန်းလမ်းတို့ဖြင့်သာ သွားလာနေမှု၊ ကူးသန်းရောင်းဝယ်မှုများကို ဖော်ပြထားသည်။

ရွှေဟင်္သာတောရကျောင်းတိုက်၏ ထင်ရှားကျော်ကြားမှုကို ၁၂၇၂ ခုနှစ်၊ တပေါင်းလပြည့်နေ့ (၁၊ မတ်လ၊ ၁၉၁၀ ခုနှစ်) မှစ၍ ဘုန်းတော်ကြီး ဦးသီလ၊ ရန်ကုန်မြို့ ရွှေကျောင်းတိုက်၊ ကျောင်းတော်ရာဆရာတော်ကြီးများ တိုင်ပင်နှီးနှော၍ ရွှေဟင်္သာတောရတိုက် တည်ဆောက်ခဲ့သည်မှစပြီး ယင်းကျောင်းတိုက်မှ သာသနာ့အာဇာနည်များ အသီးသီးပေါ်ပေါက်မှုများကို ဖော်ပြထားသည်။

ရွှေဟင်္သာတိုက်ကြီးကို အကြောင်းပြု၍ ရွှေဟင်္သာတောရတိုက်ကြီး၏ တည်ရာဖြစ်သော ညောင်တုန်းမြို့သည်လည်း ထင်ရှားကျော်ကြားခြင်း တစ်ပါးဖြစ်သည်။

ညောင်တုန်းမြို့ ရွှေဟင်္သာတောရတိုက်ဟူ၍ မြို့အမည်နှင့်တွဲကာ ထင်ရှားကျော်ကြားခြင်းဖြစ်သည်ဟု ဆိုလိုသည်။ မိမိတို့၏ ဘိုးဘွားမိဘဖြစ်ကြသော ညောင်တုန်းမြို့သူမြို့သားတို့သည် ရွှေဟင်္သာတောရတိုက်ကိုအကြောင်းပြု၍ သာသနာတော်ဖက်၌ ညောင်တုန်းမြို့၏ ဂုဏ်သတင်းသည် ထင်ရှားကျော်ကြားခြင်းကို သိရှိကြကုန်သည်ဖြစ်၍ ဝမ်းမြောက်ဝမ်းသာ ဂုဏ်ယူနိုင်ကြပါစေသတည်းဟု ရွှေဟင်္သာဆရာတော်က ဆန္ဒပြု၍ ချုပ်ထားပါသည်။

ညောင်တုန်းမြို့၏ ထင်ရှားကျော်ကြားခြင်း (၂)ရပ်စာတမ်းနှင့်အတူ စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာတိုက်သစ်ကျောင်းတိုက် သာသနာစောင့်ရှောက်ရေး ဝေယျာဝစ္စအဖွဲ့ ဖွဲ့စည်းပုံ စည်းမျဉ်းဥပဒေကိုလည်း ပူးတွဲ ရိုက်နှိပ်ထားသည်။

### ရွှေကျင်ဗိမာန်တော်သမိုင်း

ရွှေဟင်္သာဆရာတော်သည် အထိမ်းအမှတ် ဗိမာန်တော် တည်ဆောက်ပူဇော်မှု ပြုလုပ်ရကြောင်းကို ရွှေကျင်ဆရာတော်၏ ထေရုပ္ပတ္တိအကျဉ်း ရေးသားဖော်ပြပြီး၍ ဤမျှလောက် ဂုဏ်တော် ကျေးဇူးတော်တို့နှင့်

တင်းတင်းကြီး ပြည့်ဝတော်မူသော ကျေးဇူးတော်ရှင် ဂဏသမုဒ္ဒါပက ရွှေကျင်ဆရာတော်ဘုရားကြီး၏ ဂုဏ်တော်တို့ကို အာရုံပြု၍ ကျေးဇူးတော်ကို ပြည့်စုံအောင်ဆပ်ခြင်းငှာ မစွမ်းနိုင်သော်လည်း စွမ်းနိုင်သမျှ ကာလ ဒေသအလျောက် ရွှေကျင်ဆရာတော်ဘုရားကြီး ဖွားမြင်တော်မူရာ ရွှေကျင်ရွာ အထိမ်းအမှတ်ဗိမာန်တော်ကို တည်ဆောက်ပူဇော်မှုကို ပြုရခြင်း ဖြစ်ပါသည်ဟူ၍ ထုတ်ဖော်ဆောင်ဖော်ပြ ရေးသားခြင်းဖြင့် နိဂုံးချုပ်လိုက်ပါသည်ဟု ရေးသား ဖော်ပြခဲ့ပါသည်။

ရွှေဟင်္သာဆရာတော်သည် ယင်းကျမ်း၏နိဂုံးကို ပါဠိမြန်မာ နှစ်ဂါထာတို့ဖြင့် ချုပ်ထားသည်ကိုလည်း တွေ့ရပါသည်။

**ထေရဿ ရွှေကျင်နာမေန၊ ပါကဋဿ မဟီတလေ။**

**ပုညဗိလေန နိဋ္ဌိတံ၊ ဝိမာန ပုန မာပိတံ။**

**ယာဝတာ သတ္တုသာသနံ၊ လောကေ ဒိဗ္ဗတိ သာစုကံ။**

**တာဝ တိတုဋ္ဌ ဝိမာနံ၊ ရွှေကျင်ဝံသ သုဒီပကံ။**

ကမ္ဘာမြေပြင်၌ ရွှေကျင်အမည်ဖြင့် ထင်ရှားသော ရွှေကျင်ဆရာတော်ဘုရားကြီး၏ ဘုန်းတော်ကံကြောင့် တင့်တယ်စွာ တည်ဆောက်အပ်သော ပထမရွှေကျင်ဆရာတော်ဘုရားကြီး အထိမ်းအမှတ် ဗိမာန်တော်သည် သက္ကရာဇ် ၁၃၄၄ ခုနှစ် တပေါင်းလပြည့်ကျော် ၁၂ ရက်တွင် ဒုတိယအကြိမ် ဖွင့်ပွဲကျင်းပ၍ ပြီးစီးအောင်မြင်ခဲ့သည်။

လူ့လောက၌ မြတ်စွာဘုရား၏သာသနာတော် ကောင်းမွန်ရှင်းသန့်စွာ ထွန်းလင်းတောက်ပ တည်ရှိနေသမျှ ကာလပတ်လုံးသည် ဤအထိမ်းအမှတ် ဗိမာန်တော်မြတ်သည် မပျက်မယွင်းဘဲ ရွှေကျင်ဂိုဏ်းကို ထင်ရှားပြလျက် ကျောက်တောင်ပမာ ခိုင်မြဲ တည်ရှိပါစေသတည်း။

စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာဆရာတော် ရှင်ပဏ္ဍိတမထေရ်ဦးဆောင်၍ တည်ထား ပူဇော်အပ်သော ရွှေကျင်ဂဏသမုဒ္ဒါပက ပထမရွှေကျင်ဆရာတော် ဘုရားကြီး၏ အထိမ်းအမှတ်ဗိမာန်တော်သည် စစ်ကိုင်းတောင်ရိုး အောင်မြေဘုံစံဆရာတော်အရှင်စဏ္ဍာဓောတိ ကြီးကြပ်ဆောင်ရွက်ခြင်း၊ လှတော၊ စစ်ကိုင်း၊ မန္တလေးသံဃာအဖွဲ့တို့ ဆောင်ရွက်ခြင်း၊ နိုင်ငံတော်ထက်အောက်ရှိ ရွှေကျင်နိကာယ ဆရာတော်၊ သံဃာတော်တို့ ကူညီအားပေးခြင်း၊ ဒကာ ဒကာမတို့ လှူဒါန်းခြင်းတို့ကြောင့် ပထမအကြိမ်

၁၃၃၈ ခုနှစ်၌ ပြီးစီး၍ ဒုတိယအကြိမ်တိုးချဲ့တည်ဆောက်ရာ ၁၃၄၄ ခုနှစ်၌ တင့်တယ်ခမ်းနားစွာ အောင်မြင်ပြီးစီးပါသည်။

## နိတိဆုံးမစာများ

**ပဒေသာဆုံးမစာ (၁၃၀၅)**

ရွှေဟသ်ာဆရာတော်သည် မိမိကျောင်းတိုက်သို့ လာရောက်ကြသူများအား ဆုံးမဩဝါဒပေးရာတွင် ကဗျာလင်္ကာတို့ဖြင့် မှတ်သားရလွယ်ကူစေရန် ဆုံးမဘိသကဲ့သို့ မိမိကျောင်းတိုက်ဘေးမှ သွားလာကြသော ပုဂ္ဂိုလ်တို့အား မိမိကျောင်းတိုက်၏ အုတ်တံတိုင်းကို ကြည့်ရှုသည့်အခါ မိမိကိုယ်တိုင် ဆုံးမဩဝါဒ စကားပြောကြားနေဘိသကဲ့သို့ ဖြစ်နေစေရန် အုတ်တံတိုင်းတို့၌ ဆုံးမစာသံပေါက်လင်္ကာများကို ရေးသားထားပါသည်။

ပဒေသာဆုံးမစာဟူသည်မှာ စစ်ကိုင်းတောင်ရိုး ရွှေဟသ်ာတိုက်သစ်၌ ကျောင်းသားငယ်များ နေ့စဉ် ရွတ်ဆိုကြရသောစာများနှင့် ရွှေဟသ်ာတိုက်သစ် မြောက်ဖက်တံတိုင်း၌တံတိုင်းပြုလုပ်စဉ် ၁၃၀၅ ခုနှစ် တံတိုင်းပေါ်တွင် အင်္ဂတေဖြင့် ရေးသားအပ်သော ဆုံးမစာမျိုးစုံ သံပေါက်လင်္ကာများဖြစ်သည်။

ယင်းဆုံးမစာများသည် နှစ်ကာလ ကြာညောင်းသဖြင့် အင်္ဂတေကွာသည့်နေရာ၌ကွာ၍ ရေညှိတက်သည့်နေရာ၌ ရေညှိတက်သဖြင့် ဆုံးမစာအချို့က ပျက်နေသည်ကို မြင်ကြရသော ပုဂ္ဂိုလ်အချို့က အဖိုးတန်သော ဆုံးမစာကလေးများ ပပျောက်သွားမည်ကို စိုးရိမ်ကြောင့်ကြသဖြင့်၊ ဤဆုံးမစာများကို သုတေသီပုဂ္ဂိုလ်များ ကျေးဇူးရရှိနိုင်စေရန် စာအုပ်ကလေးအဖြစ် ပြုလုပ်သင့်ပါသည်ဟု သတိပေး တိုက်တွန်းကြသည်။ ယင်းသို့ သတိပေး တိုက်တွန်းခြင်းသည် ကောင်းမြတ်မှန်ကန်သော သတိပေး တိုက်တွန်းခြင်းဖြစ်သည်ဟု ဆင်ခြင်ဝမ်းမြောက်ကာ မူလလက်ရေးစာမူနှင့် တံတိုင်းမှ စာများကို ညှိနှိုင်းကူးယူစေလျက် စာအုပ်ပြုလုပ်၍ ဓမ္မဒါန ပြုလိုက်ခြင်း ဖြစ်ပါသည်။ ဈေးဝယ်သော ပုဂ္ဂိုလ်သည် ကုန်မျိုးစုံရောင်းသော ဆိုင်ကြီး၌ မိမိဝယ်ယူလိုသော ပစ္စည်းကို တန်ဖိုးပေး၍ ဝယ်ယူသကဲ့သို့ ဤပဒေသာစာတည်းဟူသော ဈေးဆိုင်၌လည်း မိမိတို့အလိုရှိသော နှစ်သက်ရာတည်းဟူသော ဆုံးမစာတို့ကို မိမိ၏အသိအမြင်ဉာဏ်တည်း

ဟူသော အဖိုးအခဖြင့် ဝယ်ယူကြကုန်ရာသတည်းဟု ရွှေဟင်္သာဆရာတော်က ကျမ်းဦးအစ၌ အကြောင်းအရာများကို ပြဆိုတိုက်တွန်းထားပါသည်။

ရွှေဟင်္သာဆရာတော်သည် ပဒေသာဆုံးမစာများကို ရေးရာ၌ ပညာရေး၊ ဝီရိယ၊ မှန်မှန်ပြော အကြောင်းတို့ကို ရေးရာ၌(၈)လုံးဖွဲ့ကဗျာတို့ဖြင့် (၁၃)ပုဒ် ရေးသားထားသည်။ အုတ်တံတိုင်းပေါ်၌ သုတေသီခရီးသွားများအား ရည်ရွယ်၍ ရေးသားထားသော ဆုံးမစာများတို့ကား သံပေါက်လင်္ကာများဖြင့် (၂၉၈)ပုဒ်ရှိသည်။ ယင်းကျမ်း၏အဆုံး၌ ၁၃၄၀ ပြည့်နှစ် တော်သလင်းလပြည့်ကျော် (၇)ရက် စနေနေ့တွင် ပြီးသည်ဟု ဖော်ပြထားသည်။

ပဒေသာဆုံးမစာ၏ အစ၌ 'ကောင်းဆိုးနှစ်ဝ ခွဲခြမ်းပြ၊ ဗုဒ္ဓသာသနာ၊ ချမ်းသာနှစ်ဝ၊ လမ်းညွှန်ပြ၊ ဗုဒ္ဓသာသနာ၊ စိတ်သန့်စင်မှ၊ ရုပ်စဉ်ရ၊ မုချကေန်သာ' ဟု ရေးသားထားသည်။ ယင်းအကျဉ်းကိုပင် ဘုန်းတော်ကြီးတစ်ပါးက စာအုပ်ငယ်ကလေးအဖြစ် ရိုက်ထားသင့်ကြောင်း အကြံပေးခြင်းကြောင့် စာအုပ်ကလေး ပြုလုပ်လိုက်ခြင်းဖြစ်သည်။ နောက်တဖန် ဘုန်းကြီးတစ်ပါးကလည်း လူမင်း၊ နတ်မင်းဦးညွှတ်ခြင်းကို အနည်းငယ်ပြင်ဆင်၍ စာအုပ်ငယ်ကလေးအဖြစ်ရိုက်က သာ၍ကောင်းမည်ဟု ထင်မြင်ကြောင်း အကြံပေးပြန်သည်။ ထို့ကြောင့် အသင့်အတင့်ပြုပြင်ဖြည့်စွက်၍ ဒုတိယအကြိမ် စာအုပ်ငယ်အဖြစ် ရေးသားလိုက်ရခြင်းဖြစ်ပေသည်။

ရွှေဟင်္သာဆရာတော်သည် လူမင်း၊ နတ်မင်းဦးညွှတ်ခြင်း ကျမ်းကို ရေးသားရာ၌ မြတ်စွာဘုရား၏ ဂုဏ်တော်တို့ကို မှန်းဆ၍ ရှိခိုးကာ ကောင်းကျိုးများစွာ ရရှိနိုင်ကြောင်းကို အောက်ပါအတိုင်း ရေးဦးစွာ ဖော်ပြသည်။

**တိဋ္ဌန္တေ နိဗ္ဗုတေ စာပိ၊ သမေ စိတ္တေ သမံ ဖလံ။**

သက်တော်ထင်ရှား မြတ်စွာဘုရား၌လည်းကောင်း ပရိနိဗ္ဗာန်စံဝင်တော်မူပြီးသော မြတ်စွာဘုရား၌လည်းကောင်း ကြည်ညိုသော သဒ္ဓါစိတ်စေတနာခြင်း တူလျှင်တူသော အကျိုးရှိသည်ဟူသော ဒေသနာတော်သည် သက်တော်ထင်ရှားမရှိသော မြတ်စွာဘုရား၏ ဂုဏ်တော်ကို အာရုံပြု၍ ရှိခိုးခြင်းသည် အကျိုးမဲ့ အချည်းနှီး မဖြစ်သည့်ပြင် စိတ်ထားတူလျှင်

တူညီသောအကျိုးကို ရသည်ဟူသော အဓိပ္ပာယ်ကို ညွှန်ပြသော ဒေသနာ တော်ဖြစ်သည်။

ကျမ်း၏နိဂုံး၌ -

ကျင့်ဝတ်ပြည့်ကြား သံဃာအား နတ်ပင့်ဦးညွှတ်ရာ

ကျင့်ဝတ်ပြည့်ကြား ရှင်လူအား လူသာဦးညွှတ်ရာ

လူမင်း နတ်မင်း ဦးညွှတ်ခြင်း လက်ငင်းခံထိုက်ပါ။

စသည်ဖြင့် သံပေါက်လင်္ကာ(၁၃)ပုဒ်တို့ဖြင့် နိဂုံးချုပ်ထားသည်ကို တွေ့ရပါသည်။

## ယုဝေါဝါဒဆုံးမစာ

ရွှေဟင်္သာဆရာတော်၏ ကျမ်းစာများသည် လူငယ်လူရွယ်တို့၏ အကျင့်စာရိတ္တကို ကောင်းမွန်စေပြီး အတွေးအခေါ်ကို မှန်ကန်စေသည်။ လူကြီးလူကောင်း တစ်ယောက် ဖြစ်လာစေသည်။ ယုဝေါဝါဒဆုံးမစာ သည် လူငယ်အကျိုးပြု စာပေတစ်ရပ်ပင်ဖြစ်သည်။ ၁၉၆၄ ခုနှစ် ရန်ကုန်မြို့ ဟံသာဝတီပုံနှိပ်တိုက်မှ ပုံနှိပ်ဖြန့်ချိသည်။ (၈)လုံးဖွဲ့ကဗျာ ၁၂ပုဒ်ကို ဂါထာ အနေထား၍ အဖွင့်ကို မြန်မာစကားပြေဖြင့် ရေးသားထားသည်။ ခေတ်မီသော ဥပမာ၊ ဥပမေယျတို့ဖြင့် တန်ဆာဆင်၍ ရေးသားထားသဖြင့် ဖတ်ရှုရသူ လူငယ်များအတွက် သဘောပေါက် နားလည်လွယ်သည်။ စိတ်ဝင်စားဖွယ်လည်း ဖြစ်သည်။

ထို့ကြောင့် ရွှေဟင်္သာဆရာတော်က ယုဝေါဝါဒ ဆုံးမစာနိဒါန်း၌ "ဒါန၊ သီလ၊ သမထ၊ ဝိပဿနာ၊ ပါရမီကောင်းမှုတို့ကို အားထုတ် နိုင်ကြောင်းမှာ အတတ်ပညာနှင့် ဥစ္စာပစ္စည်း အထိုက်အလျောက် ပြည့်စုံ ရေးပင် ဖြစ်၏။ ယင်းအတတ်ပညာနှင့် ဥစ္စာပစ္စည်းများ ရရှိကြောင်းမှာ ဆရာမိဘတို့၏ အဆုံးအမ ဩဝါဒကို လိုက်နာခြင်းပင် ဖြစ်သောကြောင့် မြန်မာတိုင်းရင်းသား လူငယ်လူရွယ်များသည် ဤယုဝေါဝါဒ ဆုံးမစာကို ဖတ်ရှုလေ့လာ လိုက်နာကြသဖြင့် ဤဘဝက စ၍ ချမ်းသာသုခကို ရပါစေ ဟူသော မေတ္တာ၊ ဂရုဏာနှင့်ယှဉ်သော နှလုံးသွင်း စိတ်ထားဖြင့် ယုဝေါ ဝါဒဆုံးမစာကို ရေးသားခြင်း ဖြစ်ပေသည်ဟု ယုဝေါဝါဒ ဆုံးမစာ ရေးသားခြင်းအကြောင်းကို ဖော်ပြထားပါသည်။

ယင်းယုဝေါဝါဒ ဆုံးမစာစာအုပ်၌ မာတိကာစီရာတွင် စာကိုယ်၌ ပါသော ကဗျာ(၃)ပုဒ်ကိုပင် စီစဉ်ထားသည်။ ဟံသာဝတီပုံနှိပ်တိုက်မှ အယ်ဒီတာများက ဩဝါဒ၊ သို့မဟုတ် ဆုံးမစာ အကြောင်းများကို ပုဂံခေတ်မှစ၍ ဤယုဝေါဝါဒဆုံးမစာအထိ ဆုံးမစာများ အမျိုးမျိုး ပေါ်ပေါက်လာပုံကို သမိုင်းကြောင်းနှင့်တကွ နမူနာများ ထုတ်ပြ၍ အချီး နိဒါန်းအဖြစ် ရေးသားထားသည်။ ထိုမှ ရွှေဟင်္သာဆရာတော် ရေးသားသော ယုဝေါဝါဒ ဆုံးမစာကို တင်ပြထားပါသည်။

ရွှေဟင်္သာဆရာတော်၏ ယုဝေါဝါဒဆုံးမစာကို -

ခပ်သိမ်းများလှ၊ ရှိနေတွင်၊
ပညာဓဝ ခနဘုရင်၊
ယူ၍မခန်း၊ သုံးမခန်းပင်၊
တန်ဖိုးမှတ် မပြတ်အပ်သည်ပင်။

ဟူသော ကဗျာဖြင့်စ၍ -

သုတ္တန် ပိဋက နီတိစသည်၊
ထိုထိုကျမ်းမှ ထုတ်ပြ၍တည်၊
မြန်မာလေ့ စီ၍ကြံစည်၊
လူငယ်များ ကြီးပွားစေအံ့ရည်။

ဟူသော ကဗျာဖြင့် အဆုံးသတ်၍ ရေးသားထားပါသည်။

ထို့ကြောင့် သာယာချမ်းမြေ့စွာ သဘာဝအတွင်း၌ နေနိုင်ကြရလေ အောင် (၁၃)အမှတ်ပါ ဂါထာတိုင်အောင် ရေးသားညွှန်ပြခဲ့သော ဆုံးမ ဩဝါဒတို့ကို လေးလေးစားစား လိုက်နာကြပါဟု ထပ်မံ၍ သတိပေး တိုက်တွန်းလိုက်ရပေတည်းဟုလည်း ရွှေဟင်္သာဆရာတော်က ကရုဏာ ကြီးစွာ တိုက်တွန်းထားပါသည်။

**လူ့မင်း၊ နတ်မင်းဦးညွတ်ခြင်း**

ရွှေဟင်္သာဆရာတော်သည် ရှိခိုးထိုက်ခြင်းအမျိုးမျိုး၊ ရှိခိုးထိုက်ခြင်း ဂုဏ်အသွယ်သွယ်တို့ကို ဖော်ပြသော **လူ့မင်း၊ နတ်မင်းဦးညွတ်ခြင်း**ကျမ်း ကို ရေးသားတော်မူခဲ့သည်။ ကောသလမင်းကြီးက မြတ်စွာဘုရားအား အဘယ်ကြောင့် ကြည်ညိုမြတ်နိုးရခြင်း ဖြစ်သည်။ မြတ်စွာဘုရား၏

တရားတော်၌ မြတ်စွာဘုရား၏ တပည့်သာဝက သံဃာတော်များကို လည်းကောင်း၊ သီလကျင့်ဝတ်နှင့် ပြည့်စုံသော ကောင်းသောအသက်မွေးမှုဖြင့် သားမယားတို့ကို ရှာဖွေကျွေးမွေးသော သူတော်ကောင်းတို့အား လည်းကောင်း ရှိခိုးကန်တော့ပုံ ဖော်ပြလျက် အမေကျော် ဒွေးတော်ကို လွမ်းသကဲ့သို့ နတ်၊ ဝိဇ္ဇာတို့၏ အမအစကို မျှော်လင့်မနေကြဘဲ မိမိတို့၏ ကံ၊ ဉာဏ်၊ ဝီရိယကိုသာ အားကိုးလုပ်ကိုင်ကြဖို့ သတိပေး ညွှန်ကြားထားသည်။

ရွှေဟင်္သာဆရာတော်သည် လူမင်း၊ နတ်မင်းဦးညွှတ်ခြင်း ကျမ်းဖြစ်ပေါ်လာပုံကို ကျမ်းဦးအစ၌ ကိုယ်တိုင်ပင် အောက်ပါအတိုင်း ရေးသားထားတော်မူခဲ့သည်။

လူမင်း၊ နတ်မင်းဦးညွှတ်ခြင်းကို ပထမအကြိမ် ရေးစဉ်က စာအုပ်အဖြစ်ရိုက်ရန် မရည်ရွယ်မူ၍ သံဃာတော်များ လူကျင့်ဝတ်များနှင့် ပြည့်စုံသော လူဒကာ၊ ဒကာမများသည် မိမိတို့ကိုယ်ကို မိမိတို့ အထင်အမြင်မသေးသင့်ကြ နတ်မင်းတို့၏ ဦးညွှတ်၍ရှိခိုးခြင်းကို ခံယူထိုက်သော ပုဂ္ဂိုလ်များဖြစ်သည်ကို သိရှိရုံမျှသာ နီးစပ်သောလူများ၊ ရှင်များအား ရည်ညွှန်း၍ အကျဉ်းမျှရေးသားထားခြင်း ဖြစ်သည်။

## တရားစာများ

### ဥပုသ်သည်လက်စွဲကျမ်း

ရွှေဟင်္သာဆရာတော်သည် ဥပုသ်သည်လက်စွဲကျမ်းကိုလည်း ပြုစုခဲ့သည်။ ညောင်တုန်းမြို့ ရွှေဟင်္သာတောရတိုက်၌ ဥပုသ်ဇရပ်များရှိသည်။ ဝါတွင်း၊ ဝါပတ်ဥပုသ်နေ့များ၌ ဥပုသ်သည်များ လာရောက်ကာ ဥပုသ်စောင့်ကြသည်။ အချို့ ဒကာ၊ ဒကာမများက ဥပုသ်ရက်ရှည် စောင့်လေ့ရှိသည်။

တစ်နေ့တွင် စံကျောင်းဆရာတော်သည် ဥပုသ်သည်များ လေ့လာဖတ်ရှုရန် လက်စွဲစာအုပ်တစ်အုပ်ရေးလျှင် ကောင်းမည်ဟု အကြံဖြစ်သည်။ သို့ရာတွင် အလုပ်တာဝန်များကြောင့် ကိုယ်တိုင် မရေးဖြစ်ချေ။ နောင်တွင် အရည်အချင်းလည်းရှိ၊ ဝါသနာလည်းပါသော စွယ်တော်ကျောင်းဆရာတော်ကို -

"မောင်ပဏ္ဍိတ ဥပုသ်စောင့်တဲ့လူတွေ ကန်တော့တတ်အောင် သီလဆောက်တည်တတ်အောင် ဥပုသ်သည်များအတွက် စာအုပ်လေး တစ်အုပ် ရေးစမ်းပါ"

ဟုတိုက်တွန်းသည်။

ဦးပဏ္ဍိတသီရိသည် စံကျောင်းဆရာတော်၏ အမိန့်အရ ၁၂၈၆ ခုနှစ်တွင် 'ဥပုသ်သည်လက်စွဲ' အမည်ဖြင့် ကျမ်းငယ်တစ်စောင် ရေးသား ပြုစုခဲ့သည်။ ၎င်းကာလ ကန်တော့ခန်းမှစ၍ ဥပုသ်သီလနှင့်စပ်ကာ သိမှတ် ဖွယ်ရာအဖြာဖြာကို တိုတိုကျဉ်းကျဉ်း ရှင်းလင်းရေးသားထားသည်။

ဂရုဓမ္မဝတ္ထု

ရွှေဟင်္သာဆရာတော်သည် လူသားတိုင်း ခါးဝတ်ပုဆိုးပမာ စောင့် ထိန်းလိုက်နာရမည့် ဂရုဓမ္မခေါ် ငါးပါးသီလအကြောင်းကို ငါးပါးသီလ အကျိုးပြ ဂရုဓမ္မဝတ္ထုဟု ရေးသားတော်မူခဲ့သည်။ ဝတ္ထုသည် ပစ္စုပ္ပန် အတိတ်ဟု (၂)မျိုးရှိသည်။ (၂)မျိုးလုံးကို ရှေ့ပိုင်း၊ နောက်ပိုင်း(၂)ပိုင်းခွဲ၍ ရေးသားတော်မူသည်။ ဇာတ်ဝတ္ထုတို့၏သဘာဝအတိုင်း ပစ္စုပ္ပန်အတိတ်နှင့် ဇာတ်သိမ်းပိုင်းဟု (၃)ပိုင်း ရေးသားလေ့ရှိရာ ဂရုဓမ္မဝတ္ထုတွင်လည်း ပစ္စုပ္ပန် အတိတ်နှင့် ဇာတ်ပေါင်းခန်းတို့ ပြည့်ပြည့်စုံစုံ ပါရှိပါသည်။ ပစ္စုပ္ပန်ဝတ္ထု သည် ရဟန်းတော်တစ်ပါး ဟင်္သာငှက် ပစ်ခတ်သောကြောင့်ပင် ဖြစ်သည်။

ဟင်္သာငှက်ပစ်သောရဟန်းကို အကြောင်းပြု၍ ဓနဥ္စယ ကောရဗျ မင်းမှစ၍ ပြည့်တန်ဆာမအထိ (၁၁)ဦးတို့ ဂရုဓမ္မသီလ ကျင့်သုံးမှုကို ဖော်ပြသော ဂရုဓမ္မဝတ္ထုကို အတိတ်ဆောင်၍ ဟောတော်မူသည်။ ဂရုဓမ္မတရား ဟူသည် ငါးပါးသီလပင်ဖြစ်သည်။ ငါးပါးသီလသည် အလေးအမြတ်ပြု၍ ထိန်းသိမ်းစောင့်ရှောက်သော သီလဖြစ်သောကြောင့် ဂရုဓမ္မတရားဟု အမည် ထင်ရှားသည်။

ပစ္စုပ္ပန်ဝတ္ထုနှင့် အတိတ်တို့ ဆက်စပ်ပြသောအခါ ပြည့်တန်ဆာမ သည် ဥပ္ပလဝဏ္ဏာထေရီရဟန္တာမ၊ တံခါးမှူးသည် အရှင်ပုဏ္ဏထေရ်၊ မြေတိုင်း အမတ်သည် ရဟန္တာအရှင်ကစ္စည်းမထေရ်၊ တင်းချင့်အမတ်သည် ရဟန္တာ အရှင်မောဂ္ဂလ္လာန်ထေရ် သူဌေးကြီးသည် ရဟန္တာအရှင်သာရိပုတ္တရာထေရ်၊ ရထားမှူးသည် ရဟန္တာအရှင်အနုရုဒ္ဓါထေရ်၊ ပုရောဟိတ်သည် ရဟန္တာ

အရှင်မဟာကဿပထေရ်၊ အိမ်ရှေ့မင်းသည် ရဟန္တာအရှင်အာနန္ဒာမထေရ်၊ မိဖုရားကြီးသည် ယသောဓရာထေရီရဟန္တာမ၊ မယ်တော်ကြီးသည် မယ်တော်မာယာဒေဝီ၊ ခနဥ္စယကောရဗျမင်းသည် ငါဘုရားပင်တည်းဟု ဇာတ်တော်ပေါင်း၍ ဟောပြတော်မူသော တရားတော် ဆုံးသတ်တော်မူလေတည်း။

သီလ၏ ပစ္စုပ္ပန်၊ တမလွန် နှစ်တန်သော ကာလနှစ်ဘဝနှင့်သက်ဆိုင်သောအကျိုး သောတာပတ္တိ သံယုတ်ပါဠိတော်၌များစွာ ဟောကြားတော်မူသော အရိယကန္တ ငါးပါးသီလ တည်လျှင် သောတာပန်ဖြစ်နိုင်သောအကျိုး သောတာပန် မဖြစ်စေဦးတော့ အပါယ်ဘေးမှ လွတ်ကင်းသောအကျိုးတို့ကိုလည်းကောင်း၊ အဗ္ဘခါဒက တိဿထေရ်ကဲ့သို့ ဥပါသကာတစ်ယောက်၏ ကျောပေါ်မှေး၍ လိုက်သွားရင်း ဖြူစင်သော မိမိသီလကို ဆင်ခြင်မိ၍ ပီတိဖြစ်ရာ အဆက်ဆက် ပွားများသဖြင့် အာသဝေါကင်းကွာ ရဟန္တာဖြစ်သောအကျိုး စသည်ဖြင့် အမြွက်မျှသော သီလအကျိုးတို့ကို ထက်သန်သောသဒ္ဓါဖြင့် ယုံကြည်စွာနှလုံးသွင်း၍ ငါးပါးသီလမှစ၍ မိမိတို့ဆိုင်ရာသီလကို လေးလေးစားစား ထိန်းသိမ်းစောင့်ရှောက်နိုင်ကြပါစေသတည်း။

သီလသည် မရဖူးသေးသော လောကီ၊ လောကုတ္တရာ ဂုဏ်ကျေးဇူးတို့ကိုရခြင်း၏ အရင်းမူလဖြစ်သည်။ ပစ္စုပ္ပန်၊ သံသရာအဖြစ်ဒေါသတို့ကို ပယ်သတ်ရာ လက်နက်ကောင်း ဖြစ်ပေတည်းဟူသော အမြွက်မျှသော သီလ၏အကျိုးကျေးဇူးကို မှတ်သားကြကုန်ရာသည်ဟူ၍ တိုက်တွန်းခြင်းဖြင့် ဤနောက်ဆက်တွဲ သီလ၏အကျိုးတရားများပြ၍ ဤစာတမ်းကို နိဂုံးချုပ်ထားပေသည်။

### သာသနာရေးတရားတော်

ရွှေဟင်္သာဆရာတော်သည် ဟောပြောပြီးသော တရားတော်များကို ပြန်လည် မွမ်းမံပြင်ဆင်၍ ကျမ်းတစ်စောင်အဖြစ် ပြုစုပေးလေ့ရှိသည်။ ယင်းတို့အနက် **သာသနာရေးတရားတော်** သည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။

ယင်းတရားတော်ကို ဆရာတော်ကြီး ၁၃၄၄ (၁၉၈၂)ခုနှစ် တပေါင်းလအတွင်း ရန်ကုန်သို့ ခေတ္တကြွရောက်စဉ် ဒကာဦးသန်း၏

ဆွမ်းကျွေးအလှူ၌ အနုမောဒနာတရားအဖြစ် ဟောကြားတော်မူခြင်း ဖြစ်ပါသည်။ ဝိပဿနာ ပဋိပတ်ထွန်းကားနေသော ယခုကာလ၌ အချို့သော ပုဂ္ဂိုလ်များက ပရိယတ္တိသာသနာကို ထိပါးပုတ်ခတ်၍ ဟောပြော ညွှန်ကြားလျက် ရှိကြသဖြင့် မသိနားမလည်၍ ဟောပြောခြင်း၊ လက်ခံ မှတ်ယူခြင်းဖြစ်စေ သိနားလည်လျက်နှင့် အယူအဆ မှားယွင်း၍ ဟောပြော မှတ်ယူခြင်းဖြစ်စေ သာသနာတော်အတွက် အန္တရာယ်ကြီးမားလှသည်ကို သိမြင်တော်မူသဖြင့် ပရိယတ်၊ ပဋိပတ် သာသနာ(၂)ရပ်စလုံးကို အားပေး ချီးမြှောက် ကျင့်ကြံ အားထုတ်ကြသော ရဟန်းရှင်၊ လူ သာသနာ ပုဂ္ဂိုလ် အပေါင်းတို့အား တစ်ဖက်စွန်း လမ်းမှားသို့ မရောက်စေဘဲ မဇ္ဈိမပဋိပဒါ လမ်းမှန်သို့ ရောက်စေခြင်းငှာ အထောက်အထားစုံလင်စွာဖြင့် သတိပေး ဟောကြားအပ်သော တရားတော်ဖြစ်ပါသည်။

ပရိယတ္တိသာသနာတော်မှ ပဋိပတ္တိသာသနာတော်သို့ တက်လှမ်း၍ ပဋိဝေဓသာသနာတော်ကို ထိုးထွင်းသိပြီး သံသရာမှ လွတ်မြောက်၍ ငြိမ်းအေးသော ဘဝရရှိသွားကြပုံကိုလည်း လောကီရတနာနှင့် ဆင်းရဲမှု၊ လောကုတ္တရာရတနာ၏ ငြိမ်းအေးခြင်း၊ တဏှာငြိမ်းမှ ဘဝသိမ်းမည့် အကြောင်းများကိုလည်း ဟောကြားထားသည်။ တရားတော်၌ သာသနာ အစွန့်ရှည်ကြောင်းနှင့် သာသနာတော် မကွယ်နိုင်ကြောင်းလမ်းစဉ်များ ပုညကြိယာ(၁၀)ပါးကိုလည်း ညွှန်ပြထားသည်။ နိဗ္ဗာန်ကိုလည်း ရည်မှန်း ကြ၍ ကောင်းမှုကုသိုလ် ပြုလုပ်တိုက်တွန်းမှုဖြင့် တရားတော်ကို နိဂုံးချုပ် ထားသည်။

ထို့ကြောင့် သာသနာရေးတရားတော်သည် သာသနာတော် တည်တံ့ပြန့်ပွားခြင်း၏ ပဓာနဖြစ်ကြောင်းများကို ဖော်ပြရုံမျှသာမက ဘဝ ငြိမ်းအေးမှု လမ်းစဉ်ကိုလည်း ညွှန်ပြထားသော တရားတော်ဖြစ်ပါသည်။

**အမတဂါမိနီတရားတော်**

ရွှေဟသ်ာဆရာတော်သည် ယောဂီများဝိပဿနာကျင့်သုံး၍ နိဗ္ဗာန်သို့ လျင်မြန်စွာ ရောက်စေနိုင်ကြောင်းဖြစ်သော ကျင့်စဉ်တို့ကို ဖော်ပြသည့် အမတဂါမိနီတရားတော်ကျမ်းကိုလည်း ရေးသားတော်မူခဲ့ သည်။ ယင်းကျမ်းသည် ဝိပဿနာလုပ်ငန်း သီးသန့်အတွက် ရေးသား

ထားခြင်း ဖြစ်သည်။ အန္တပုထုဇဉ်နှင့် ကလျာဏ ပုထုဇဉ်အကြောင်း နာမရူပပရိစ္ဆေဒဉာဏ် (နာမ်၊ ရုပ်ကို ပိုင်းခြားသိသောဉာဏ်) ပရိညာဉာဏ် (ရုပ်၊ နာမ်အစဉ်ဖြစ်ပျက်မှုကို သိသောဉာဏ်)နှင့် နိဗ္ဗာန်ချမ်းသာအကြောင်း တို့ကို တိုတိုကျဉ်းကျဉ်းနှင့် လိုရင်းကို ဖော်ပြထားသည်။

ကျမ်းရေးသားပုံနှင့် ရည်ရွယ်ချက်ကို ရွှေဟင်္သာဆရာတော်သည် ကျမ်းဦးအစနိဒါန်း၌ "အသင်ယောဂီတို့အား အသက်ရှည်သမျှ ကောင်းမြတ်သော အသက်ရှည်ခြင်း ဖြစ်စေခြင်းငှာလည်းကောင်း၊ သေမင်းမမြင်ရာ သေမင်းနိုင်ငံမှ လွတ်မြောက်စေခြင်းငှာ လည်းကောင်း ဇာတ်နိပါတ် ရာဇဝင်ဝတ္ထုပုံဖြင့် သိုင်းဝိုင်းဝေဆာစွာ အကျယ်မချဲ့မူ၍ ပရမတ္ထအစစ် ဝိပဿနာအနှစ် တရားသက်သက်ဖြစ်စေသော အမတဂါမိနီတရားတော်ကို ကျမ်းဂန်တို့ဖြင့် မလွှဲစေမူ၍ မိမိသဘော ထင်မြင်သောအတိုင်း ရေးသားခြင်းဖြစ်သည်ဟု ဖော်ပြရေးသားထားပါသည်။

## အဖွင့်ကျမ်း

### မေတ္တာသုတ်မြန်မာဋီကာ

ရွှေဟင်္သာဆရာတော်သည် မေတ္တာသုတ်မြန်မာဋီကာကျမ်းကို စစ်အတွင်း၌ ရေးသားခဲ့သည်။ ၁၃၀၄ ခုနှစ်တွင် မြန်မာပြည်၌ ဒုတိယကမ္ဘာစစ်မီးကြီး ကူးစက်တောက်လောင်လျက်ရှိ၏။ စစ်ဖြစ်ရခြင်း၌ အကြောင်းများစွာရှိသော်လည်း မေတ္တာတရားခေါင်းပါးခြင်းမှာ အဓိက အကြောင်းဖြစ်သည်။ ထိုအချက်ကို သတိပြုမိသော ရွှေဟင်္သာဆရာတော်က လူသားအချင်းချင်း မေတ္တာထားတတ်ရန် မေတ္တာသုတ်မြန်မာဋီကာဖြင့် လမ်းညွှန်ပြခဲ့သည်။

မြန်မာပြည်တွင်း၌ ဗုဒ္ဓဘာသာလူမျိုးမှန်က ပရိတ်ကြီးပါဠိတော် (၁၁) သုတ် အပါအဝင်ဖြစ်သော ခုဒ္ဒကနိကာယ်လာ မေတ္တာသုတ်ဒေသနာတော်ကို အာဂုံနှုတ်တက် အရကျက်၍ ဆောင်ရွက်ရွတ်ဖတ်သရဇ္ဈာယ်တတ်ကြသူတို့ များကုန်၏။ ရဟန်းကျောင်းထွက် ဖြစ်လျှင်ကား ကျောင်းသားအရွယ် ငယ်စဉ်ကပင် အာဂုံရကြ၏။ ငယ်ရွယ်စဉ်ကာလ မကျက်မဆောင်ကြရဖူးသေးသော သူတို့သည်လည်း မိန်းမ၊ ယောကျ်ားမဟူ မည်သူမဆို မေတ္တာသုတ်ပရိတ်တော်ကို ကျက်မှတ်ခွင့်ရသောအချိန်၌ ကျက်မှတ်၍

ရွတ်ဖတ်သရဇ္ဈာယ် လေ့ရှိကြကုန်၏။ အလှူအတန်းစသော မင်္ဂလာကမ္မကိစ္စကြီးငယ်ဟူသမျှတို့၌လည်း သံဃာတော်များသည် မေတ္တသုတ်ကို ပဓာနထား သရဇ္ဈာယ်ကြကုန်၏။ ဗုဒ္ဓသာသနာတော်၌ မေတ္တသုတ် ပရိတ်တော်နယ်သည် အကျယ်ပြန့်ဆုံး၊ အရာရောက်ဆုံး အသုံးအများဆုံး ဖြစ်သည်မှာ အဘယ့်ကြောင့်လေနည်းဟု ဆင်ခြင်ထိုက်၏။

မြတ်စွာဘုရားသည် ပုထုဇဉ်ရဟန်းတော် ၅၀၀-ပါးတို့အား ဤသုတ္တန်ကို ဟောကြားတော်မူစဉ်က အကျိုးကျေးဇူး(၃)မျိုးဖြစ်စေခြင်းငှာ ရည်ညွှန်း၍ ဟောတော်မူသည်။ ကျေးဇူးရှင်(၃)မျိုးသည်ကား -

၁။ ရဟန်းတို့အား ခြောက်လှန့်သော ဘုမ္မစိုးနတ်တို့၏ ဘေးအန္တရာယ်ကိုပယ်ပျောက်စေခြင်းအကျိုး၊

၂။ ဘေးဆီးရန်ကာ အရံအတားဖြစ်စေခြင်း အကျိုး၊

၃။ ဝိပဿနာ၏ အခြေဖြစ်သော မေတ္တာပါဒကဈာန်အားဖြင့် အရဟတ္တဖိုလ်တိုင်အောင်သော ကမ္မဋ္ဌာန်းတရားဖြစ်စေခြင်း အကျိုး။

ဟူ၍ အကျိုးကျေးဇူး(၃)မျိုးတို့ဖြစ်ကုန်၏။ ထို့ကြောင့် မေတ္တသုတ် ပရိတ်တော်၌ တွေ့ကြုံဆဲ ဘေးရန်ကို ပျောက်ကင်းသန့်ရှင်းစေသောဂုဏ်၊ မရောက်သေးသော ဘေးအန္တရာယ်တို့ကို ကာကွယ် တားဆီးနိုင်သောဂုဏ်၊ မေတ္တာပါဒကဈာန်ကို ရစေနိုင်သောဂုဏ်၊ အရဟတ္တဖိုလ်တိုင်အောင်သော လောကုတ္တရာတရားထူးကို ရစေနိုင်သောဂုဏ်တို့သည် ထင်ရှားစွာ ရှိပါကုန်၏ဟူ၍ သတိချပ်ကာ သိရှိမှတ်သားအပ်၏။

ဤမျှ အဖိုးအနဃ္ဃထိုက်တန်၍ ကောင်းမြတ်သော ကျေးဇူးတို့ကို ဖြစ်ထွန်းစေသည့် မေတ္တာသုတ် ဖြစ်ပေသည်တကားဟု သိရှိတော်မူကြကုန်သော ရှေးဆရာမြတ်တို့သည် ဗုဒ္ဓဘာသာဆိုင်ရာ မင်္ဂလာကမ္မကိစ္စကြီးငယ်ဟူသမျှတို့၌ မေတ္တသုတ်လမ်း ဖုံအောင် ဦးဆောင်ရှေ့သွားပြု၍ ရွတ်ဖတ်သရဇ္ဈာယ်နယ်ကျယ်စွာ အသုံးပြုတော်မူကြကုန်၏။ သို့ဖြစ်၍လည်း ဒိဋ္ဌာနုဂတိအားဖြင့် ရှေးဆရာမြတ်တို့၏ ဉာဏ်အမြင်နှင့် တီထွင်လမ်းခင်းထားသည်ကို နောက်နောက်သော တပည့်သားမြေးတို့သည်လည်း ဖြောင့်တန်းစွာလိုက်လျက် အာဂုံ နှုတ်တက်ဆောင်ရွက် ရွတ်ဖတ်သရဇ္ဈာယ်ကြခြင်း ဖြစ်ပေသည်။

ဤမေတ္တာသုတ်၌ ဟောတော်မူသော အကျိုးကျေးဇူး၊ ထိုကျေးဇူးကိုရစေရန် လိုက်နာအားထုတ်အပ်သောအရာတို့သည် ဘာသာတိုင်းနှင့်သက်ဆိုင်ကုန်၏။ ဘာသာတိုင်း လိုလားအပ်သောအရာတို့ ဖြစ်ကုန်၏။ မေတ္တာဆိုသည်မှာလည်း မည်သည့် ဘာသာမဆိုရှိ၏။ 'မိတ္တေဘဝါ မေတ္တာ' မိတ္တေ-မိတ်ဆွေကောင်း လက္ခဏာနှင့် ပြည့်စုံသော မိတ်ဆွေ၌ ဘဝါ-ဖြစ်သောမေတ္တာသည် မေတ္တာ မိတ်ဆွေကောင်း၌ ဖြစ်သော မေတ္တာ၊ ဤဝစနတ္ထအရ ဆိုလျှင်လည်း ဘယ်ဘာသာဝင်ဖြစ်စေ မိတ်ဆွေရှိကြသည်ချည်းဖြစ်၏။ မိဘ၊ သားချင်း၊ ဆွေမျိုးတို့သည်လည်း မိကောင်းအင်္ဂါနှင့်ညီညွတ်ပြည့်စုံလျှင် မိတ်ဆွေပင် ဖြစ်ကုန်၏။

သို့ဖြစ်သောကြောင့် မေတ္တာသည် ဘာသာမရွေး၊ လူမျိုးမရွေး၊ ကျား၊ မ ကြီးငယ်မရွေး သတ္တဝါတိုင်းနှင့် သင့်လျော် လိုက်လျောသောတရားဖြစ်ရာ ထိုမေတ္တာ၏ အကျိုးကျေးဇူးကို အရဟတ္တဖိုလ် နိဗ္ဗာန်အထိ ညွှန်ပြဟောကြားအပ်သော မေတ္တာသုတ်သည်လည်း သတ္တဝါတိုင်း ဘာသာတိုင်းနှင့် လျောက်ပတ်တော်တန်သော သုတ္တန် ဖြစ်သည်ကို သိသင့်သိထိုက်အပ်ပေသည်။ ရွှေဟင်္သာဆရာတော်သည် မေတ္တာသုတ် မြန်မာဋီကာကျမ်းပြုစုပုံကို ကိုယ်တိုင်ပင် ခွဲခြားပြတော်မူသည်။

(က) ပုဒ်၊ ပါဠိ၊ အက္ခရာ မှန်ကန်ကျနသော မေတ္တာသုတ်ပါဠိတော်၊
(ခ) ၄င်းပါဠိတော်ပါ မြန်မာဘာသာအနက်၊
(ဂ) မေတ္တာသုတ်၌ ဘုရားရှင် ဟောတော်မူလိုရင်းဖြစ်သော ကောင်းကျိုးကျေးဇူး (၃)မျိုး၊
(ဃ) ထို(၃)မျိုးကိုရစေရန် လိုက်နာ အားထုတ်အပ်သော ကျင့်ဝတ်(၁၅)ပါး၊
(င) ထို့ပြင် ပါဒကချာန် ရစေရန် မေတ္တာပွားနည်း၊
(စ) မေတ္တာဈာန်ကို အခြေခံပြု၍ အရဟတ္တဖိုလ်သို့ရောက်သည်တိုင်အောင် အဋ္ဌကထာများနှင့်ညီစေ၍ သေချာစွာ မြန်မာဘာသာစကားပြေဖြင့် အဓိပ္ပာယ် ရှင်းလင်းစွာရေးသားပါသည်။

ရွှေဟင်္သာဆရာတော်သည် မေတ္တာသုတ်မြန်မာဋီကာကျမ်းရေးသားခြင်း၏ ရည်ရွယ်ချက်နှင့် အကြောင်းကိုလည်း အောက်ပါအတိုင်း

ဖော်ပြထားသည်ကို တွေ့ရပါသည်။ ဗုဒ္ဓဘာသာဝင်မှစ၍ မေတ္တာနှင့် ယှဉ်သောစိတ်ဓာတ်သည် တစ်စတစ်စအားကြီးကြ၍ ကိုယ်၊ နှုတ်၊ စိတ် သုံးပါးလုံး နူးညံ့သိမ်မွေ့ယဉ်ကျေးလျက် ရှေး ၁၉၁၄-၁၈ ခုနှစ်တို့၌ ဖြစ်ခဲ့ ဖူးသော ပထမကမ္ဘာစစ်မျိုး၊ ၁၉၃၉-၄၅ ခုနှစ်တို့၌ ဖြစ်ခဲ့ဘူးသော ဒုတိယ ကမ္ဘာစစ်မျိုးသည်လည်း နောက်နောင်ကာလ မဖြစ်နိုင်ကြမူ၍ သတ္တဝါ များသည် ဤဘဝမှ နိဗ္ဗာန်ရသည်အထိ ကိုယ်၏ချမ်းသာခြင်း စိတ်၏ ချမ်းသာခြင်းတို့ကို ရတန်သမျှ ရကြလိမ့်မည်ဟု ယုံကြည်ခြင်းဖြင့် ဒုတိယ ကမ္ဘာစစ်အတွင်းက မေတ္တသုတ်မြန်မာဋီကာကို ရေးသားခြင်းဖြစ်သည်။

ရွှေဟင်္သာဆရာတော်သည် မေတ္တသုတ်မြန်မာဋီကာကျမ်းကို ရေးသားရာတွင် -

၁။ မေတ္တသုတ် ပရိတ်ပျိုး၊
၂။ မေတ္တသုတ် ပါဠိတော်၊
၃။ မေတ္တသုတ် ပါဠိတော်မြန်မာပြန်၊
၄။ မေတ္တသုတ်ရွတ်ဖတ်သရဇ္ဈာယ်ရသော ကောင်းကျိုးကျေးဇူး၊
၅။ မေတ္တသုတ် မြန်မာဋီကာ၊
၆။ မေတ္တသုတ် ဂါထာများအဖွင့်၊
၇။ မေတ္တသုတ် နိဂုံးချုပ်မိန့်ခွန်းတော်နှင့်၊
၈။ မေတ္တသုတ် ပထနာများဖြင့် အခန်းအသီးသီးခွဲခြား၍ ရေးသားတော်မူသည်။

မေတ္တသုတ်မြန်မာဋီကာကို ရွတ်ဖတ်သုံးစွဲသူတို့ ရရှိစေနိုင်ရန် ဆုတောင်းပြုထားသည်ကိုလည်း တွေ့ရသည်။ လောကီလောကုတ္တရာ နှစ်ဖြာသော မိမိ၏အကျိုးစီးပွားကို လိုလားသောပုဂ္ဂိုလ်သည် လူမျိုးဘာသာ၊ ကျားမကြီးငယ်မရွေး စိတ်ကောင်းမွေး၍ မသေဆေးနည်း ရသတည်းဟု အားကြီးသောဝမ်းမြောက်ခြင်းဖြင့် ကျက်မှတ်၊ ကြည့်ရှု၊ ရွတ်ဖတ် သရဇ္ဈာယ်ကြ၍ မေတ္တသုတ်အရသာကို သုံးစွဲ ခံစားနိုင်ကြပါစေသတည်း။

မေတ္တသုတ်၌ ကာမရာဂနုသယကို ပယ်သော အနာဂါမ် တိုင်ရုံသာ ဟောတော်မူသော်လည်း မေတ္တသုတ်ဒေသနာတော်ကို ရှေးဦးစွာ ကြားနာမှတ်ယူ အားထုတ်တော်မူကြကုန်သော ရဟန်းတော် ၅၀၀ တို့သည်ကား ဘုရားသခင် စတင်ဟောတော်မူသော မေတ္တသုတ်နည်းလမ်း

ဖြင့်သာလျှင် အာသဝေါကင်းကွာ ရဟန္တာအဖြစ်သို့ချည်း ရောက်ရှိတော်မူကြလေကုန်ပြီ။ ဤမေတ္တသုတ်မြန်မာဋီကာကို ကြည့်ရှုကြကုန်သော ပုဂ္ဂိုလ်တို့သည်လည်း အာသဝေါကင်းပြီး ဒုက္ခဇာတ်သိမ်းသည့်တိုင်အောင် ကောင်းကျိုးကျေးဇူးတို့ကို ရရှိကြစေကုန်သတည်း။

ရွှေဟင်္သာဆရာတော်သည် စစ်အတွင်း၌ ရေးသားအပ်သော မေတ္တသုတ်မြန်မာဋီကာကျမ်း၏ နိဂုံး၌ မိမိအတွက်လည်းကောင်း၊ သတ္တဝါအားလုံးတို့ အတွက်လည်းကောင်း ပါဠိ မြန်မာ နှစ်ဘာသာဖြင့် ဆုတောင်းထားသည်ကိုလည်း တွေ့ရသည်။

၁။ ဣဒံမေ ပုညံ နိဗ္ဗာနဿ ပစ္စယော ဟောတု။

၂။ ဣမိနာ ဝိဟေတုကက္ကဋ္ဌ မဟာပုညံ တေဇေန အယမ္ပိ မဟာယုဒ္ဓေါခိပ္ပမေဝ နိဗ္ဗာယိတွာ သဗ္ဗေ သတ္တာ သုခိတာ ဘဝန္တုတိ။

၁။ ငါ၏ မေတ္တသုတ်မြန်မာဋီကာကျမ်းကို ရေးသားရသော ဤကောင်းမှုကံသည် ဒုက္ခခပ်သိမ်း အေးငြိမ်းချမ်းသာခြင်း၏ (နိဗ္ဗာန်၏)အကြောင်း ဖြစ်ပါစေသတည်း။

၂။ မေတ္တသုတ် မြန်မာဋီကာကျမ်းကို ပြုစုရသော ကောင်းမှုကြောင့် ယခုဖြစ်ဆဲဖြစ်သော ဒုတိယကမ္ဘာစစ်ကြီးသည် လျှင်မြန်စွာသာလျှင် ငြိမ်းအေးပြီးစီး၍ အလုံးစုံသော သတ္တဝါတို့သည် ကိုယ်ရောစိတ်ပါ ချမ်းသာခြင်းသို့ ရောက်ကြသည် ဖြစ်ပါစေ။

ဤစာကို ဒုတိယကမ္ဘာစစ်အတွင်းက စစ်ဘေးအန္တရာယ် တွေ့ထူပြောနေစဉ်အခါ၌ ရေးသားသည်ဖြစ်၍ အထက်ပါ ဆုတောင်းကို ပြုခြင်း ဖြစ်ပါသည်။

"မြန်မာသက္ကရာဇ် ၁၃၀၄ ခုနှစ်၊ သီတင်းကျွတ်လ (၁၉၄၂ ခုနှစ်၊ အောက်တိုဘာလ) အတွင်း၌ အကြမ်းရေးသားပြီးစီး၍ ၁၃၀၄ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၂ ရက်(၁၅၊ ဇွန်လ၊ ၁၉၄၇) ကြာသပတေးနေ့၌ ငါးကြိမ်မြောက် ပြင်ဆင်၍ အလုံးစုံ ပြီးမြောက်ခြင်းသို့ ရောက်သည်" ဟု ကျမ်း၏နိဂုံး၌ ဆရာတော်ကိုယ်တိုင် ဖော်ပြထားသည်ကို တွေ့ရပါသည်။

**မင်္ဂလသုတ်လက်စွဲ (၁၃၀၉)**

ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးသွားပြီးနောက် ၁၃၀၉ ခုနှစ်တွင် မြန်မာပြည် လွတ်လပ်ရေး ရသည်။ စစ်အတွင်းက ယိုယွင်း ပျက်စီးသွားသောအိုးအိမ်တို့ကို အသစ်ထူထောင်ကြရသည်။ ယိမ်းယိုင်သွားသော အကျင့်စာရိတ္တတို့ကို ပြန်လည် တည့်မတ်ပေးကြရသည်။

မြန်မာနိုင်ငံ၌ မင်္ဂလာတရားတော်နှင့်များများ ပြည့်စုံသောရေးခေတ်က လူများသည် ယခုခေတ်ထက် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာမှုကို ရရှိကြသည်။ ရောဂါ၊ ဝေဒနာ နည်းပါးကြသည်။ ကင်းရှင်းကြသည်။ အသက်ရှည်ကြသည်။ အသက်အရွယ်ကြီးရင့်အိုမင်း၍ သေဆုံးသူတို့ကို တစ်ခါတစ်ရံမှ တွေ့ကြရသည်။ လူဆိုး၊ သူခိုး ဘေးအန္တရာယ်တို့မှ ကင်းလွတ်ကြ၍ အိမ်တံခါးများကို မပိတ်ဘဲ အိပ်နေနိုင်ကြသည်။ ငယ်သူက ကြီးသူတို့ကို ရိုသေလေးစား၍ ကြီးသူက ငယ်သူကို ညှာတာငဲ့ကွက်ကြသည်။ အခွင့်အရေး ပေးသင့်သလောက် ပေးကြသည်။ မိမိတို့အိမ်သို့ ဧည့်သည် ရောက်လာလျှင် တာဝန်မလေးကြဘဲ တစ်နှစ်ကိုးလ ကျွေးမွေးနိုင်ကြသည်။ သီတင်းသီလ မှန်မှန်ဆောက်တည်နိုင်ကြသည်။ အသင်းအပင်းမဖွဲ့ရဘဲ ညီညွတ်ကြသည်။ စည်းလုံး စုပေါင်း၍ ရပ်ရွာကျေးဇူး၊ ရပ်ရွာကိစ္စနှင့်တကွ ကောင်းမှုကုသိုလ်ရေးကိုလည်း ပြုလုပ်နိုင်ကြသည်။

ဤသို့စသော လက်ငင်းကောင်းကျိုး ကျေးဇူးချမ်းသာတို့သည် မင်္ဂလာတရားတော်ကို လိုက်နာကြသောကြောင့်ပင် ရရှိကြသည်။ အမှန်အားဖြင့် ဤမျှသာမဟုတ် သံသရာကောင်းကျိုးနှင့်တကွ မဂ်ဖိုလ်နိဗ္ဗာန်တိုင်အောင်သော ကောင်းကျိုးချမ်းသာကိုလည်း ပေးတတ်ရစေတတ်သော ချမ်းသာကြီးပွားကြောင်း မင်္ဂလာတရားတော် ဖြစ်သည်ကို တထစ်ချယုံကြည်အားကိုး မြတ်နိုးကြရသည်။ မင်္ဂလသုတ် ဆိုသည်မှာ ကျောင်းသားလူငယ်၊ လူမမယ်တို့ သင်အံရသောစာမျှသာဖြစ်သည်ဟု အထင်အမြင်သေး၍ မထီလေးစားမပြုရ။ လူငယ်လူရွယ်မှစ၍ လူကြီးများတိုင်အောင် လေ့လာလိုက်နာသင့်သော အထက်တန်းစား အဖိုးတန် စာပေဖြစ်သည်။ သို့ဖြစ်၍ (၃၈)ဖြာသော မင်္ဂလာတရားတော်တို့အနက် မိမိတို့နှင့် သက်ဆိုင်ရာ မင်္ဂလာတို့ကို အခါအားလျော်စွာ လိုက်နာအားထုတ်နိုင်ကြစေသတည်းဟု ရွှေဟင်္သာဆရာတော်က ဆန္ဒပြုထားသည်။

မင်္ဂလာသုတ္တံသည် ကြီးပွားချမ်းသာကြောင်းအနက်ရှိသည်။ မကောင်းကြောင်းနှင့် မကောင်းကျိုးကို သုတ်သင် ရှင်းလင်း ဖြတ်တောက်တတ်သော အဓိပ္ပာယ်လည်းရှိသည်။ ထို့ကြောင့် လူတို့သည် ကြီးပွားချမ်းသာကြောင်းမကောင်းမှု၊ ကောင်းမှု ကင်းရှင်းကြောင်းဖြစ်သော မင်္ဂလာကို ကြံစည်ကြ၊ ရှာဖွေကြ၊ မေးမြန်းကြ၊ ဆွေးနွေးကြသော်လည်း တထစ်ချအားဖြင့်ဆုံးဖြတ်၍ လက်ခံနိုင်သောမင်္ဂလာအစစ်ကို မတွေ့ရှိကြဘဲ၊ အချို့ကကောင်းသောအမြင်အာရုံသည် မင်္ဂလာဟူ၍လည်းကောင်း၊ အချို့ကကောင်းသော အကြားအာရုံသည် မင်္ဂလာဟူ၍လည်းကောင်း၊ အချို့ကကောင်းသော အနံ့အာရုံ၊ ကောင်းသော အတွေ့အာရုံသည် မင်္ဂလာဟူ၍လည်းကောင်း မိမိတို့နှစ်သက်ရာကို လက်ခံနိုင်သော အဆုံးအဖြတ်အရမင်္ဂလာ မဖြစ်မူကြ၍ ထိုဝါဒတို့သည် မခိုင်မြဲပဲ ပျောက်ကွယ် တိမ်ကော၍သွားကြကုန်၏။

မင်္ဂလာကို လူတွေက ရှာဖွေကြ၊ ကြံစည်ကြ၊ ဆွေးနွေးကြ၊ မေးမြန်းကြသည်ကို လူတို့၏ အစောင့်အရှောက်ဖြစ်သော နတ်များက ကြား၍ဆက်ကာဆက်ကာ ကြံစည် ဆွေးနွေး ကြကုန်၏။ အစောင့်အရှောက်နတ်များမှ အဆင့်ဆင့်အားဖြင့် ဘုမ္မဋ္ဌနတ်၊ အာကာသဋ္ဌနတ်၊ စတုမဟာရာဇ်နတ်၊ တာဝတိံသာနတ်နှင့်တကွ ဘုံရှိနတ်တို့သည်လည်းကောင်း အကနိဋ္ဌတိုင်အောင် ဗြဟ္မာတို့မှတစ်ပါးမင်္ဂလာကို ဆွေးနွေးကြံစည်ကြကုန်သောလူ၊ နတ်၊ ဗြဟ္မာတို့သည် ဒိဋ္ဌမင်္ဂလိကဝါဒသမား၊ သုတမင်္ဂလိက ဝါဒသမား၊ မုတမင်္ဂလိက ဝါဒသမားဟူ၍ သုံးစုကွဲလျက်သည်သာ မင်္ဂလာဟူ၍ဟုတ်မှန်တိုင်း ဆုံးဖြတ်ခြင်းငှာ မတတ်နိုင်ကြ၍ မင်္ဂလာစကား ပြီးဆုံးခြင်းသို့မရောက်ဘဲ ၁၂ နှစ်ကြာခဲ့သည်။ လူတို့၏ အကြံကိုသိသော သုဒ္ဓါဝါသဗြဟ္မာတို့သည် ၁၂ နှစ်လွန်လျှင်မြတ်စွာဘုရားသည် မင်္ဂလာတရားတော်ကိုဟောကြားတော်မူလိမ့်မည်ဟူ၍ လူပြည်သို့ လှည့်လည်၍ ကြွေးကြော်ကြကုန်၏။ ထို့ကြောင့် ၁၂ နှစ်တိုင်တိုင် မင်္ဂလာတရားတော်ဟူသည်ကားဘယ်ဟာလည်းဟူ၍ အစုစု ဝိုင်းဖွဲ့၍ ကြံစည်ကြ၊ ဆွေးနွေးကြ၊ ပြောဆိုကြသည်ကို 'မင်္ဂလာ ကောလာဟလ' ဟု ဆိုလေသည်။

ယင်းတို့လျှင် လူတို့သည်လည်းကောင်း၊ နတ်တို့သည်လည်းကောင်း၊ လောကကြီးပွား ချမ်းသာခြင်းကို လိုလားတောင့်တကြ၍

ချမ်းသာကြီးပွားကြောင်း မင်္ဂလာကိုရှာဖွေကြ၊ ကြံစည်ကြသော်လည်း မင်္ဂလာစစ်၊ မင်္ဂလာမှန်ကို မရကြသဖြင့် တာဝတိံသာ နတ်တို့သည် စည်းဝေးတိုင်ပင်၍ နတ်တို့၏ဘုရင် သိကြားမင်းအား မင်္ဂလာတရားကို မေးမြန်းရန် ဆုံးဖြတ်ကြရန် သိကြားမင်းထံစုဝေးသွားလျက် မေးမြန်းကြရာ ဉာဏ်ရှိသော သိကြားမင်းသည် မိမိဖြေဆိုခြင်းငှာ မစွမ်းနိုင်သော်လည်း ဉာဏ်ရှိသောကြောင့် အချင်းနတ်တို့ ဤမင်္ဂလာစကားသည်ဘယ်ကစ၍ ဖြစ်ပေါ်သနည်းဟုမေး၏။ လူ့ပြည်ကစ၍ ဖြစ်ပေါ်လာပါသည်ဟု ဖြေကြ၏။ ယခုအခါ မြတ်စွာဘုရားကော အဘယ်မှာ သီတင်းသုံးတော်မူပါသနည်း လူ့ပြည်မှာ သီတင်းသုံးတော်မူပါသည်။

သို့ဖြစ်လျှင် မြတ်စွာဘုရားကို မေးလျှောက်ကြရဲ့လား။ မမေးကြဘူးသေးပါ။ အချင်းနတ်တို့ အဘယ့်ကြောင့် မီးတောက်ကို ပစ်၍ ပိုးမြည်မြူးကို မီးရအောင် မှုတ်နေကြသနည်း။ ကဲလာကြ ငါ့အမေးအလျောက်နှင့် ဘုရားသခင်ထံတော်သို့သွား၍ မင်္ဂလာအစစ် ကြီးပွားချမ်းသာကြောင်းဖြစ်သော တရားကို လျှောက်ထားကြလေဟုမှာထား၍ တစ်ယောက်သော နတ်သားကို သိကြားမင်းကိုယ်စား ရွေးချယ်စေလွှတ်လျှောက်ထားသောအခါမှ မြတ်စွာဘုရားက သတ္တလောကဖြစ်သော ကမ္ဘာလောကကြီး၏ ချမ်းသာကြောင်း၊ ကြီးပွားကြောင်းတရား ၃၈-ပါးသော မင်္ဂလာတရားကို 'အသေဝနာစ ဗာလာနံ' မှစ၍ နတ်သားအား ဟောကြားတော်မူလိုက်၏။

နတ်သား တစ်ယောက်သာလျှင် မေးလျှောက်သော်လည်း နတ်ဗြဟ္မာများစွာပင် မြတ်စွာဘုရား၏အဖြေစကား မင်္ဂလာတရားတော်ကို ကြားနာလျက် ရှိကုန်၏။ နံနက်မိုးသောက်သောအခါ အရှင်အာနန္ဒာအား နတ်သားကို ဟောကြားတော်မူသည့်အတိုင်း တဖန်ဟောကြားတော်မူလေသည်။ ပဌမသင်္ဂါယနာတင်သောအခါ၌ သုတ္တန်ပိဋကတ်တော်များကို အရှင်အာနန္ဒာဖြေဆိုရာ၌ မင်္ဂလသုတ္တန်သည်လည်း ပါဝင်၍ ပဋိသမ္ဘိဒါပတ္တရဟန္တာမြတ် ငါးရာလုံး စုပေါင်းသရဇ္ဈာယ် မှတ်တမ်းတင်တော်မူခဲ့ကြသော မင်္ဂလသုတ္တန် ဖြစ်လေသည်။

ရွှေဟင်္သာဆရာတော်သည် မင်္ဂလသုတ်လက်စွဲကျမ်းကို ရေးသားရာ၌ ၃၈-ဖြာသော မင်္ဂလာတို့ကို တစ်ပါးစီ၊ တစ်ပါးစီ အသီးသီးဖွင့်ဆို၍

ဥပမာများထုတ်ဆောင်ကာ အမျိုးမျိုး ရေးသားတော်မူခဲ့သည်။ ယင်းသို့ ရေးသားရာတွင် မင်္ဂလသုတ်လက်စွဲကျမ်းဝယ် မင်္ဂလာတစ်ပါးစီကို ရှေးဦးစွာ ဖွင့်ဆိုပြီး မင်္ဂလသုတ်ပါဠိတော်နိဿျ၊ မြန်မာပြန်တို့ဖြင့်ခြုံကာ ရေးသား တော်မူသည်။ မင်္ဂလသုတ်လက်စွဲကျမ်း၏ နိဂုံး၌ ပါဠိ၊ မြန်မာ နှစ်ဘာသာ တို့ဖြင့် ဆုတောင်းထားသည်ကိုလည်း အောက်ပါအတိုင်း တွေ့ရသည်။

**ပုညံ မိဒံ သမင်္ဂလံ**
**ခဏ္ဍိ နေယျဂ္ဂ ပစ္စယော**
**ကပ္ပေသိတောပိ သောဇနော**
**မင်္ဂလော ဟောတု မင်္ဂလော**

(ငါ၏ မင်္ဂလာနှင့်တကွဖြစ်သော မင်္ဂလသုတ်လက်စွဲကျမ်းကို ရေးသားရသော ဤကောင်းမှု စေတနာသည် မြတ်သော အလှူကို ခံထိုက် သော ရဟန္တာအရှင်မြတ် ဖြစ်ပါစေသတည်း။ ကမ္ဘာပေါ်၌ တည်မှီ၍ နေသောလူအပေါင်းသည်လည်း မကောင်းမှုကို ဖြတ်တောက်နိုင်ပါစေ သတည်း၊ ကြီးပွားချမ်းသာခြင်းသည်လည်း ဖြစ်ပါစေသတည်း)

မင်္ဂလသုတ်တော်သည် ရှေးဆရာတော်များ ရေးသားထားတော် မူသော မင်္ဂလသုတ်ပရိတ် ၂-ဂါထာ ပထမသင်္ဂါယနာတင် မဟာထေရ် မြတ်တို့ မင်္ဂလသုတ်နိဒါန်းပျိုးပုံကို ဖော်ပြထားသော စကားပြေ၊ နတ်သားက မင်္ဂလသုတ်ဟောရန် မြတ်စွာဘုရားအား လျှောက်ထားပုံတစ်ဂါထာ။ မြတ်စွာဘုရားက ၃၈-ဖြာမင်္ဂလာကို ဟောပြသော ၁၁-ဂါထာတို့ဖြင့် မွမ်းမံထားသော သုတ်တော်ဖြစ်သည်။ လူမိုက်မပေါင်းခြင်း၊ ပညာရှိကို ပေါင်းသင်းခြင်း၊ ပူဇော်ထိုက်သူကို ပူဇော်ခြင်းမှစ၍ ပါရှိပါသည်။ ရဟန္တာ၊ ပုဂ္ဂိုလ်တို့သည် ကြောက်ရွံ့ ထိတ်လန့်မှုဘေးမရှိခြင်း ၃၈-ပါးသော မင်္ဂလာ တို့ကို အဆင့်ဆင့် ဖော်ပြထားပါသည်။

## ပရာဘဝသုတ်မြန်မာဋီကာ

ရွှေဟင်္သာဆရာတော်သည် ညွှန်ကြားသည့်အတိုင်း လိုက်နာ ဆောင်ရွက်သူတိုင်းကြီးပွားကြောင်း မင်္ဂလသုတ်လက်စွဲကျမ်းကို ရေးသား ပြီးနောက် ပျက်စီးရာပျက်စီးကြောင်းကို ညွှန်ပြသော **ပရာဘဝသုတ်မြန်မာ ဋီကာကျမ်း** ကိုလည်း ရေးသားတော်မူခဲ့သည်။ ယင်းကျမ်း၏ နိဒါန်းပိုင်း

တွင် ပရာဘဝသုတ်ဖြစ်ပေါ်လာပုံနှင့် ပရာဘဝသုတ် မြန်မာဋီကာကျမ်း ရေးသားရခြင်းအကြောင်းအရာကို နှစ်မျိုးခွဲ၍ ရေးသားထားသည်ကို တွေ့ရပါသည်။

မင်္ဂလသုတ်ကို မြတ်စွာဘုရားထံတော်မှောက်မှာ ကြားနာကြရပြီးသော နတ်တို့သည် ဤသို့သော အကြံတစ်ရပ် ဖြစ်ပေါ်ကြပြန်သည်။ မြတ်စွာဘုရားသည် မင်္ဂလသုတ္တဒေသနာတော်ဖြင့် သတ္တဝါတို့၏ ချမ်းသာကြီးပွားကြောင်းကိုသာ ဟောကြားညွှန်ပြတော်မူသည်။ ပျက်စီးဆုတ်ယုတ်ကြောင်းတို့ကိုကား မင်္ဂလသုတ္တန်၌ ဟောကြားတော်မမူပေ။ သတ္တဝါတို့သည် ပျက်စီးဆုတ်ယုတ်ကြောင်းများကိုလည်း သိကောင်းသည်ပင်ဖြစ်သည်။

သို့မှသာ ရှောင်ကြဉ်နိုင်ကြ၍ ချမ်းသာကြီးပွားရာသည်ဟု အကြံဖြစ်ပေါ်ကြသည်နှင့် မြတ်စွာဘုရားအား မေးလျှောက်ကြမည်ဟု သဘောတူညီကြသည်ဖြစ်၍ မင်္ဂလသုတ္တန် ဟောကြားတော်မူသောနေ့မှ နောက်တစ်နေ့ စကြာဝဠာတိုက် တစ်သောင်းမှ ပရာဘဝသုတ္တန်ကို နာခံမှတ်ယူကြသောနတ်တို့သည် အမြီးဖျားခန့်သောအရပ်ကလေး၌ ဆယ်ယောက်တစ်ခု၊ နှစ်ဆယ်တစ်ခုမှစ၍ ခုနှစ်ဆယ်တစ်ခု အထိသေးငယ်သိမ်မွေ့သော ကိုယ်ကိုဖန်ဆင်းကြ၍ မြတ်စွာဘုရား၏ ပတ်ဝန်းကျင်အရပ်၌ ဝိုင်းရံစောင့်စားကာ နေကြကုန်၏။

ထို့နောက် သိကြားမင်းက မိမိကိုယ်စား စေလွှတ် လျှောက်ထားစေသော နတ်သားသည် မြတ်စွာဘုရား အနီးသို့ချဉ်းကပ်၍ သတ္တဝါတို့၏ ပျက်စီးဆုတ်ယုတ်ကြောင်းတရားများကို ဟောကြား မိန့်မြွက်တော်မူပါမည့်အကြောင်းတောင်းပန်ကာ မေးလျှောက်သောကြောင့် နတ်သားမေးလျှောက်တိုင်းသော ပုစ္ဆာ၏အခြားမဲ့၌ မြတ်စွာဘုရားသည် ပရာဘဝသုတ္တန်ဟူ၍ အဖြေဝိသဇ္ဇနာ ဒေသနာတော် မိန့်ကြား ဖြေဆိုတော်မူခြင်းဖြင့် ပရာဘဝသုတ္တန်ဟူ၍ ထင်ရှားပေါ်ပေါက်ဖြစ်ထွန်းခဲ့ပေသည်ဟု ရွှေဟင်္သာဆရာတော်က ရေးသားခဲ့သည်။

လူတို့၏ လောကကြီးသည် တစ်စတစ်စဖြင့် လူ့ဝိနည်း၊ လူ့စည်းစိမ်ဖြစ်သော လူ့ကျင့်ဝတ်၊ လူ့စာရိတ္တများ မေးမှိန် တိမ်ကောအားသေလာခဲ့သောကြောင့် လူတို့သည်လည်း အကယ်စင်စစ် ကိုယ်စိတ်အစုံ

ကုံလုံပြည့်ဝအောင် ချမ်းသာသော လူ့ချမ်းသာတို့မှ တဖြည်းဖြည်း မသိမသာကလေး ဆုတ်ယုတ် ပျောက်ကွယ်လာကြသည်ကို အထိုက်အလျောက် အသိဉာဏ်၊ အမြော်အမြင်နှင့် ဗဟုသုတရှိသူမှသာ ရိပ်စားမိခဲ့ကြလေသည်။

၁၉၁၄-၁၈ ခုနှစ်တို့၌ဖြစ်သော ပထမကမ္ဘာစစ်ကြီး အပြီးတွင် ထိုစစ်ဖြစ်ပွားရာ ဥရောပနယ်ပယ်တစ်ခွင်၌ လူ့စည်းစိမ်၊ လူ့စာရိတ္တတို့သည် ခပ်တွင်တွင် ယုတ်လျော့ ပျက်စီးခဲ့လေပြီ။ အာရှတိုက်နယ်ပယ်၌ လှိုင်းဂယက် ရိုက်ရုံမျှ ရိုက်၍ သိသိသာသာကလေး ယုတ်လျော့စ ပြုလာပေသည်။

၁၉၃၉-၄၅ ခုနှစ်တို့၌ ဖြစ်သော ဒုတိယကမ္ဘာစစ်ကြီး အပြီး၌ကား ဥရောပနှင့် အာရှကမ္ဘာ့စစ်တလင်း မြေပြင်အဖြစ်ခံကြရသော နိုင်ငံတို့နှင့်တကွ နီးစပ်ရာနိုင်ငံတို့၌ လူ့ကျင့်ဝတ်တရား၊ လူ့ဝိနည်းများသည် ဒလဟောကျဆင်းကာ ပျက်စီးကြလေတော့သည်။ မြန်မာနိုင်ငံသည်လည်း စစ်တလင်းအဖြစ်နှင့် အပြန်အလှန် နှစ်ကြိမ်နှစ်ဖန် ခံခဲ့ရသောကြောင့် ရှင်ရော လူပါ စာရိတ္တဗလ လျော့ကျပျက်ပြားလိုက်သည်မှာ စဉ်းစားသူတိုင်း ဝမ်းနည်းဖွယ်ကြီးအဖြစ်ဖြင့် ဉာဏ်၌ တွေ့ရှိထင်မြင်ကြလောက်အောင် ရှိပေတော့သည်။ ယနေ့တိုင်အောင်လည်း ရပ်တန့်တိုးတက် ကောင်းမွန်လာသည် မရှိသေးဘဲ ပျက်စီးဆုတ်ယုတ်ဆဲပင် ရှိသေးသည်။

လူ့လောက ပြုပြင်ရေးတွင် ပရာဘဝသုတ္တန်သည် မင်္ဂလသုတ်ကို ဟောတော်မူပြီး နောက်တစ်နေ့၌ ဟောကြားဖြေဆိုသော နီတိဒေသနာတစ်ရပ်ဖြစ်၍ ပျက်စီးကြောင်း ပရာဘဝ သဘောတရားများကို လူတို့သိရှိကြလျှင် ပျက်စီးကြောင်းဖြစ်၍ မလိုလား၊ မနှစ်သက်ဘဲ ရှောင်ကြဉ်ကြပေလိမ့်မည်။ ပျက်စီးဆုတ်ယုတ်ကြောင်းတို့ကို ရှောင်ကြဉ်ပါကလည်း ကြီးပွားကြောင်းမင်္ဂလာ ကောင်းမွန်သော စာရိတ္တဘက်သို့ သက်ဝင်ကူးပြောင်းကြသောအားဖြင့် လူ့လောကကြီးသည် သာယာအေးချမ်း၍ လူတိုင်းလူတိုင်း ကိုယ်ရောစိတ်ပါ လူ့ချမ်းသာကို အပြည့်အစုံ ရရှိကြပေရာသည်ဟု ဆက်လက် ကြံစည်တွေးမြင်သည်နှင့် ပရာဘဝသုတ္တန်ကိုလည်း မင်္ဂလသုတ္တန်ကဲ့သို့ အဓိပ္ပာယ်အဖွင့် ရေးသားခြင်းဖြင့် လူ့လောကကြီး၏ စာရိတ္တကောင်းမွန်ရေးကို အားပေးပါရန် တိုက်တွန်း လျှောက်ထား

သောကြောင့် "ပရာဘဝ သုတ္တန်မြန်မာဋီကာ" ကို ဖြစ်ပေါ်စေခဲ့ရလေသည်။

ရွှေဟင်္သာဆရာတော်သည် ပရာဘဝသုတ်မြန်မာဋီကာကျမ်း ဖြစ်ပေါ်လာပုံ အကြောင်းကိုဖော်ပြပြီးနောက် ပရာဘဝသုတ်မြန်မာဋီကာ ကျမ်းကို ရေးသားရခြင်းကြောင့် ဖြစ်ပေါ်လာသောစိတ်၏ ခံစားမှုကိုလည်း ညွှန်ပြတော်မူခဲ့သည်။

မိမိတို့သည် ပုထုဇဉ်ဖြစ်သော်ဟု ဆင်ခြင်ဉာဏ်မဲ့၍ ဆင်ခြင်စိစစ်တတ်သော ဝိစာရဉာဏ်ကို အသုံးမပြုဘဲ ပျက်စီးဆုတ်ယုတ်ကြောင်းကို ကြီးပွားကြောင်းအနေဖြင့် မထင်မှတ်ကြမူ၍ ကြီးပွားချမ်းသာကြောင်းကိုလည်း ပျက်စီးဆုတ်ယုတ်ကြောင်းအနေဖြင့် ဉာဏ်မြင်လွဲကာ မစွဲမလမ်း မယူဆကြမူ၍ မင်္ဂလာတရား၊ နီတိစကားများကို ကြီးပွားချမ်းသာကြောင်း အစစ်ဟု တထစ်ချ မှတ်ယူလိုက်နာလျက် ပျက်စီးကြောင်း ပရာဘဝ သဘောတရားများကို ပျက်စီးဆုတ်ယုတ်ကြောင်းသာလျှင် အမှန်ဖြစ်ပေသည်ဟု ဉာဏ်နှင့်ဆင်ခြင်ကာ ရှောင်ရှားကြ၍ လူ့လောကကြီးအတွင်း၌ လူချမ်းသာစစ်ကို အပြည့်အစုံ ခံစားနိုင်ကြစေသတည်း။

ကြီးပွားချမ်းသာခြင်းလိုလားတောင့်တကြသောသူတို့သည် ကျန် ပရာဘဝသုတ္တန်ကို အဖန်ဖန်ကြည့်ရှုမှတ်သား၍ ပျက်ပြားဆုတ်ယုတ်ကြောင်းတို့ကို မိမိသန္တာန်၌ မကိန်းအောင်းစေဘဲ ကောင်းကောင်းကြီး ဖောင်းနှင်ပယ်ထုတ်နိုင်သောအားဖြင့် ယခုပစ္စုပ္ပန်ဘဝ ယခုနေ့ရက်ကစ၍ လက်ငင်းကြီးပွားချမ်းသာကြပါစေ ဟူသော 'မနောဏီမိ' စိတ်မြတ် ရှိသည့်အားလျော်စွာ ဤစာကို ဖတ်ရှုနာကြားရသောသူတို့က လိုက်နာကြပါလျှင် ဤစာကို ရေးသားရကျိုး အချိန်ကုန်ရကျိုးရှိပေပြီဟု အားရကျေနပ်ရပေတော့မည်။

ရွှေဟင်္သာဆရာတော်သည် ကျမ်းဦးအစ၌ လူသားတို့အားချမ်းသာကြီးပွားစေလိုသော ဆန္ဒများဖြင့် ရည်ရွယ်ခဲ့သကဲ့သို့ ကျမ်းဝင်နိဂုံး၌လည်း ပါဠိမြန်မာ နှစ်ဘာသာတို့ဖြင့် ဆုတောင်းထားသည်ကိုလည်း တွေ့ရပါသည်။

**သဘာဝန္တ မိဒံ ပုညံ**

**သန္တာဘဝဿ ပစ္စယော**

ပရာဘဝဂထာ နာနာ
ဖနာ ဟောန္တု ဘ၀ံ ဂထာ

(ငါ၏ ကြီးပွားကြောင်းနှင့်တကွဖြစ်သော ပရာဘ၀သုတ္တန် မြန်မာ ဋီကာကို စီရင်ရေးသားရသော ဤကောင်းမှုသည် အေးမြသာယာဖြစ်သော နိဗ္ဗာန်၏ရောက်ကြောင်းဖြစ်ပါစေသတည်း။ အဝိဇ္ဇာ အမှောင်ပိတ်လှောင်၍ ဉာဏ်ရောင်မလင်းဘဲ ရှိကြကုန်သော ကမ္ဘာသူကမ္ဘာသားလူအများတို့ လည်း ဉာဏ်ရောင်ထွန်းလင်း၍ လက်ငင်းကြီးပွားချမ်းသာခြင်းသို့ ရောက်ကြပါစေကုန်သတည်း)

ရွှေဟင်္သာဆရာတော်ဘုရားကြီးသည် ပရာဘ၀သုတ္တန် မြန်မာ ဋီကာကျမ်းပြီးချိန်ကိုလည်း ကျမ်း၏နိဂုံး၌ ၁၃၁၃ ခုနှစ်၊ တော်သလင်း လဆန်း(၇)ရက် သောကြာနေ့ ရေးသားပြီးစီးသည်ဟု ဖော်ပြခဲ့ပါသည်။

ရွှေဟင်္သာဆရာတော်သည် ပရာဘ၀သုတ္တန် မြန်မာဋီကာကျမ်းကို ရေးသားရာ၌ ပရာဘ၀သုတ်ပါဠိတော် မြန်မာပြန်ပါဠိတော်ကိုအခြေခံ၍ အဋ္ဌကထာ၊ ဋီကာ အဖွင့်ကျမ်းများနှင့်အတူ ဥပမာ၊ ဥပမေယျများဖြင့် တန်ဆာဆင်၍ ဖွဲ့စည်း ရေးသားတော်မူခဲ့သည်။ ပရာဘ၀သုတ်ပါဠိတော် သည် ခုဒ္ဒကနိကာယ်၊ သုတ္တနိပါတပါဠိ ဥရာဝဂ္ဂ၌ ၆ သုတ်မြောက်အဖြစ် ပါရှိပါသည်။ ယင်းသုတ်တော်၌ ပရာဘ၀သုတ် ဖြစ်ပေါ်လာပုံ၊ နတ်သား လျှောက်ထားပုံအကြောင်းတို့ကို သင်္ဂါယနာတင်မထေရ်တို့က သုတ်တော်၏ အစ၌ စကားပြေဖြင့် ဖော်ပြထားသည်။ ယင်းနောက် နတ်သားက မေး၍ မြတ်စွာဘုရား ဖြေတော်မူပုံကို ဂါထာတို့ဖြင့် ဖော်ပြထားကြသည်။ ယင်းသို့ ဖော်ပြရာ၌ နတ်သားမေးသောဂါထာများမှာ ၁၂ ဂါထာမျှရှိပြီး မြတ်စွာ ဘုရားဖြေသောဂါထာများမှာ ၁၃ ဂါထာပါသည်ဟု ရေးသားထားပါသည်။

**ခန္ဓသုတ်မြန်မာဋီကာ**

မေတ္တာသုတ်မြန်မာဋီကာသည် ဒုတိယကမ္ဘာစစ်အတွင်းက ရေးသားထား၍ စစ်ပြီးသောအချိန်၌ စာအုပ်အဖြစ်ရိုက်နှိပ်ထုတ်ဝေခဲ့ရာ အကြိမ်ပေါင်း လေးကြိမ်ကျော် ထုတ်ဝေခဲ့ပြီး ဖြစ်ပါသည်။

မေတ္တာသုတ်မြန်မာဋီကာကို အကြိမ်များစွာ ထုတ်ဝေခဲ့ဖူးရာ မေတ္တာသုတ်နှင့် မေတ္တာသဘောချင်းတူသော ခန္ဓသုတ်ကိုလည်း ဆက်လက်

ထုတ်ဝေရမှုကား ဆီလျော်သင့်မြတ်၍ ဓမ္မမာမက ပုဂ္ဂိုလ်တို့၌လည်း ကျေးဇူးပိုမိုရရှိပေရ၏ဟု နှလုံးသွင်းရှိသည့်အားလျော်စွာ ခန္ဓသုတ်မြန်မာဋီကာကိုပါ ရေးသားလိုက်ရပေသည်ဟု ဆရာတော်က ခန္ဓသုတ်မြန်မာဋီကာကျမ်းရေးသားရခြင်းကို ဖော်ပြထားပါသည်။

ဆရာတော်သည် ခန္ဓသုတ်ဟုအမည်တပ်ခဲ့ရခြင်း၏ အကြောင်းရင်းကို ရှင်းလင်းဖွင့်ဆိုခဲ့ပါသည်။ ခန္ဓသုတ်မှာမူကား မေတ္တာပွားသောသုတ်ဖြစ်သော်လည်း မေတ္တာသုတ် စသည်ဖြင့် အမည်မတပ်မူ၍ ခန္ဓသုတ်ဟူ၍ အမည်တပ်ခဲ့ပေသည်။ ခန္ဓသုတ်ကို မြတ်စွာဘုရားသည်ကိုယ်တော်တိုင် ဟောကြားတော်မူခဲ့သည်ဖြစ်ရာ အခါတစ်ပါး၌ ရဟန်းတစ်ပါးကို မြွေကိုက်၍ ပျံလွန်တော်မူကြောင်းကို မြတ်စွာဘုရားအား လျှောက်ကြားသောအခါ ဇရာ၊ ဗျာဓိ၊ မရဏတို့သည် နှိပ်စက်အပ်သော ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရဝိညာဏ်တို့၏ စုပေါင်းရာ ဖြစ်သော ခန္ဓာကိုယ်ကို အကြောင်းပြု၍ အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်အစရှိသော ရုပ်ခန္ဓာအပေါင်းကို ဟောတော်မူသော သုတ်ဖြစ်သောကြောင့် ခန္ဓသုတ်ဟူ၍ ညွှန်းဆိုရမည်ဟု ရေးသားထားသည်။

ရွှေဟင်္သာဆရာတော်သည် ခန္ဓသုတ်၌ပါသော ခန္ဓာခေါ်ပုံအကြောင်းကို သဒ္ဒါကျမ်းများမှ ထုတ်နုတ်ရှင်းလင်းဖွင့်ပြတော်မူသည်။ "ဓာတိ ဇရာ မရဏာဒီဟိ သံသာရဒုက္ခေဟိ ခဇ္ဇတီတိ ခန္ဓော" (ပဋိသန္ဓေနေခြင်း၊ အိုခြင်း၊ သေခြင်း အစရှိသော သံသရာဆင်းရဲတို့သည် ကိုက်စားနှိပ်စက်အပ်သောကြောင့် ခန္ဓမည်သည်။ တနည်း ရာသဋ္ဌေန ခန္ဓော အစုအပေါင်းဟူသော အဓိပ္ပာယ်ကြောင့် ခန္ဓာမည်သည်။) ယင်းသည် ရူပသိဒ္ဓိဆရာပြလိုသော ခန္ဓသဒ္ဒါ၏ အဓိပ္ပာယ်ပင်ဖြစ်သည်။

တံ သာမိ ခါဒနန္တိ ဝုစ္စတိ (ညှဉ်းဆဲခြင်းကိုလည်း စားခြင်းဟူ၍ ပြောဆိုအပ်၏) ဟု သဒ္ဒနီတိဆရာဖွင့်ပြသောကြောင့် ဓာတိစသည်ဖြင့် ခဲစားခြင်းကိုလည်း စားခြင်းဟူသည် ဓာတိစသော ဘေးတို့ဖြင့် ညှဉ်းဆဲခြင်းပင် ဖြစ်ပါသည်။ ထို့ကြောင့် ခန္ဓသဒ္ဒါသည် ခဲစားခြင်း၊ အစုအပေါင်း၊ ညှဉ်းဆဲခြင်းဟူသော အဓိပ္ပာယ်များ ပေါ်ထွက်လာပါသည်။ ယင်းခန္ဓာကိုယ်ကို အကြောင်းပြု၍ ဟောသောသုတ် ဖြစ်သောကြောင့်လည်း ခန္ဓသုတ်ဟု ခေါ်ပါသည်။

မြတ်စွာဘုရားသည် မေတ္တသုတ်ကို အကြောင်းတစ်ပါးဖြင့် ဟောကြားတော်မူသည်။ ခန္ဓသုတ်ကိုလည်း အကြောင်းတစ်ပါးဖြင့် ဟောတော်မူသည်။ ထိုသို့ပင် အကြောင်းတစ်ပါးစီ တစ်မျိုးစီဖြင့် ဟောတော်မူသောသုတ်တို့ဖြစ်သော်လည်း ပရိတ်ကြီးဟူ၍ အမည်တပ်သောသုတ်တို့ကို စီစဉ်စုပေါင်းတော်မူကြသော ရှေးဆရာတို့သည် မေတ္တာပွားများခြင်းသဘော အားဖြင့် တူညီသောသုတ်တို့ဖြစ်၍ မေတ္တာသုတ်၏ အခြားမဲ့၌ ခန္ဓသုတ်ကို ထည့်သွင်းကာ စီစဉ်တော်မူခဲ့ကြသည်။ ယင်းသို့ စီစဉ်ရာတွင်လည်း မေတ္တာသုတ်၌ မေတ္တာမပွားမီ ကျင့်ဝတ်(၁၅)ပါးနှင့် ပြည့်စုံစေပြီး မေတ္တာ ပွားများစေပြီးသကဲ့သို့ ဤခန္ဓသုတ်၌လည်း မေတ္တာမပွားမီ ကျင့်ဝတ် (၁၅)ပါးကို ပြည့်စုံစေလိုသော နှလုံးသွင်းရှိတော်မူကြဟန် တူပါသည်။

မေတ္တာမပွားမီ ရှေးဦးစွာ ပြုကျင့်လိုက်နာအပ်သော ကျင့်ဝတ် (၁၅)ပါးနှင့် ပြည့်စုံပြီးသော ရဟန်းတော်၏ မေတ္တာသည် သာလွန်၍ တန်ခိုးထက်မြက် စူးရှမည်ဖြစ်သောကြောင့် မေတ္တာသုတ်၌ ညွှန်ကြားတော် မူသော ရှေးဦးကျင့်ဝတ်(၁၅)ပါးတို့ကို လိုက်နာကျင့်အပ်သည်။

ယင်းသို့လျှင် ရှေးဦးစွာ ပြုကျင့်လိုက်နာအပ်သော ကျင့်ဝတ်တို့နှင့် ထိုက်သည့်အားလျော်စွာ ပြည့်စုံစေပြီးမှ ခန္ဓသုတ်ကို ဝိရူပက္ခနဂါးမျိုးတို့၌ စိတ်အာ ရုံညွတ်၍ ရွတ်ဖတ်သရဇ္ဈာယ်သော ပုဂ္ဂိုလ်အား အဆိပ်ဘေးစသော အန္တရာယ်တို့မှ စင်စစ် လွတ်ကင်း၍ ချမ်းသာခြင်းကို ရရှိမည်ဟု နှလုံးသွင်း ကြပေသည်။ ယင်းသည် ရှေးဟောင်းဆရာတော်က မေတ္တာသုတ်၏ အခြားမဲ့၌ ခန္ဓသုတ်ကို စီစဉ်ခဲ့ကြသော ရှေးဆရာတော်တို့၏ ရည်ရွယ် ချက်ကို မှန်းဆကာ တင်ပြထားခြင်းပင် ဖြစ်ဟန်ရှိသည်။

ခန္ဓသုတ်ကို သင်္ဂါယနာတင်သော မထေရ်မြတ်တို့သည် အကြောင်းအားလျော်စွာ သုံးဌာန၌ ထည့်သွင်းတော်မူခဲ့ကြသည်။ သုံးဌာန ဟူသည် ဝိနယပိဋက၊ စူဠဝဂ္ဂ၊ ခုဒ္ဒကက္ခန္ဓက ပါဠိတော်၌လည်းကောင်း အင်္ဂုတ္တရပါဠိတော် စတုက္ကနိပါတ်၌လည်းကောင်း၊ ဒုကနိပါတ် ခန္ဓဇာတ် ပါဠိတော် အဋ္ဌကထာ၌လည်းကောင်း ထည့်သွင်းတော်မူခဲ့ကြသည်။ ယင်း သုံးဌာနစွဲ၌ ဟောတော်မူရာတွင် ဝိနယပိဋကနှင့် အင်္ဂုတ္တရနိကာယ်၌ ဟောတော်မူသည်မှာ ရဟန်းတစ်ပါးမြွေကိုက်၍ ပျံလွန်တော်မူကြောင်းကို မြတ်စွာဘုရားအား လျှောက်ထားကြရာ ရဟန်းတို့ အကယ်၍ ဤရဟန်း

သည် ဝိရူပက္ခ အစရှိသော မြွေမျိုးတို့ကို မေတ္တာပွားများပါမူကား မြွေကိုက်ခံရမည်မဟုတ်။ မေတ္တာမပွားသောကြောင့်သာ မြွေကိုက်ခံရသည်။ သို့ဖြစ်၍ အသင်ရဟန်းတို့သည် မြွေစသော အန္တရာယ်တို့မှ ကင်းလွတ်ကြစေရန် ဝိရူပက္ခ အစရှိသော မြွေမျိုးတို့ကို မေတ္တာပွားကြကုန်လော့ ဟူ၍ပစ္စုပ္ပန်အကြောင်းသာလျှင် ဟောတော်မူသည်ဟု ဖော်ပြထားပါသည်။

ခုဒ္ဒကနိပါတ်ခန္ဓဇာတ်၌ အတိတ်ဝတ္ထုကိုဆောင်၍ အဋ္ဌကထာဆရာပြတော်မူသည်။ ရှေးအခါက ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း ထီးနန်းစိုးစံ၍ တိုင်းပြည်အုပ်ချုပ် မင်းပြုလုပ်စဉ်အခါ၌ ဘုရားအလောင်းတော်သည် ကာသိတိုင်းဝယ် ဗြာဟ္မဏမျိုးနွယ်၌ ဖွားမြင်၍ အရွယ်ရောက်လျှင် ကာမဂုဏ်တို့ကိုပယ်၍ ရသေ့ရဟန်းပြုကာ သမထတရားကို အားထုတ်လျက် ဟိမဝန္တာ၏ မြစ်ကွေ့တစ်ခုအနီး၌ ရသေ့တို့အား လျောက်ပတ်သော သင်္ခမ်းကျောင်းကို စီစဉ်၍နေလေသည်။ အဘိညာဉ်သမာပါတ်တို့နှင့်လည်း ပြည့်စုံသည်။

တပည့်ရသေ့အပေါင်း အခြံအရံလည်း ရှိသည်။ မြွေစသော အဆိပ်ရှိသည့် သတ္တဝါတို့သည် ရသေ့များအား အန္တရာယ်ပြုကြသည်။ ရသေ့တို့ သေဆုံးကြသည်။ သို့ဖြစ်၍ တပည့်ရသေ့တို့သည် ဆရာရသေ့အား ထိုအကြောင်းကို ပြောကြားကြသည်။ ဘုရားအလောင်း ဆရာရသေ့သည် တပည့်ရသေ့တို့ကို စည်းဝေးစေပြီး အောက်ပါအတိုင်း ဩဝါဒပေးသည်-

တပည့်အပေါင်းတို့ သင်တို့သည် အကယ်၍ မြွေလေးမျိုးတို့ကို မေတ္တာပွားများကြကုန်သည်ဖြစ်မူ သင်တို့ကို မြွေတို့ကိုက်ခဲ့ကြမည်မဟုတ်။ ထို့ကြောင့် ဤနေ့မှစ၍ မြွေလေးမျိုးတို့ကို ဤသို့မေတ္တာပွားကြလေဟု ဩဝါဒပေးကာ ဝိရူပက္ခေဟိ မေ မေတ္တံ အစရှိသော ခန္ဓသုတ်ကို သင်ကြားပေးခဲ့လေသည်ဟု ဆရာတော်က ရေးသားထားပါသည်။

ခန္ဓသုတ်ပရိတ်တော် တန်ခိုးနှင့် အာနိသင်တို့ကို ဖော်ပြခြင်း၌ ရှေးဆရာတို့သည် သဗ္ဗာသီဝိသဇာတီနံ အစရှိသော နိဂုံးဂါထာတို့ကို ထည့်သွင်းရေးသားတော်မူခဲ့ကြသည်။ ရှေးဆရာတို့သည် ခန္ဓသုတ်၏ အကျိုးကျေးဇူးကိုပြ၍ ခန္ဓသုတ်ကို ရွတ်ဆိုကြရာ တိုက်တွန်းတော်မူခြင်း ဖြစ်သည်။ မည်သည့်အလုပ်ကိစ္စ၌မဆို အကျိုးကိုမမြင် အကျိုးကိုမသိကြမူ ထိုအလုပ်ကိစ္စမူ ပြုလုပ်ဆောင်ရွက်လိုသော ဆန္ဒရှိကြမည် မဟုတ်သည်ကို

ဆင်ခြင်တော်မူကြသည်ဖြစ်၍ ခန္ဓသုတ်သည် ဤသို့သော တန်ခိုးရှိ၍ ဤသို့သော အကျိုးကျေးဇူးရှိပေသည်ဟု ညွှန်ပြတော်မူခြင်း ဖြစ်သည်။ ယခုကဲ့သို့ အကျိုးကျေးဇူးရှိသည်ကို သိရှိကြရသဖြင့် ခန္ဓသုတ်ပရိတ်တော်ကို ယုံယုံကြည်ကြည်၊ လေးလေးစားစား စိတ်၌ထား၍ ကျက်မှတ်ပွားများနိုင်ကြကုန်ရာသည်။

ဤခန္ဓသုတ်ပရိတ်တော်သည် သာမန်တန်ခိုးအာနိသင်ရှိသည်မဟုတ်၊ လူတို့က မိမိတို့ထက် တန်ခိုးဣဒ္ဓိပါတ်ရှိသည်ဟု ယုံကြည်ကြသောနတ်တို့၏ နတ်ဆေးဝါး၊ နတ်မန္တန်တို့သည် လျင်မြန်သော အဆိပ်ရှိသော ထက်မြက်ကြမ်းတမ်းသော အဆိပ်ရှိသော အားလုံးသော သတ္တဝါတို့၏ အဆိပ်တို့ကို ခဏချင်း လျော့ကျပျောက်ကင်းစေသကဲ့သို့ မြတ်စွာဘုရားဟောကြားညွှန်ပြတော်မူသော ခန္ဓသုတ်ပရိတ်တော်ကို ရွတ်ဖတ်သောသူတို့သည် ခပ်သိမ်းသော သတ္တဝါတို့၏ လျင်မြန်သောအဆိပ် ကြမ်းတမ်းသောအဆိပ်တို့သည် တစ်ခဏခြင်း လျော့ကျ ပျောက်ကင်းစေသည်။ ထို့ပြင် အဆိပ်မှတပါး ခပ်သိမ်းသော သစ်ကျားစသော အန္တရာယ်ဟူသမျှတို့မှလည်းကောင်း ဘေးကင်းပ ပျောက်စေသည်။ ဤသို့စသော တန်ခိုးအာနိသင်ရှိ၍ အကျိုးကျေးဇူးများသော ခန္ဓသုတ်ပရိတ်တော်ကို ယုံကြည်လေးစားမြတ်နိုးသော စိတ်ထားဖြင့် ရွတ်ဆိုပွားများကြပါကုန်ဟု ရွှေဟင်္သာဆရာတော်က တိုက်တွန်းတော်မူထားသည်။

## မဟာသတိပဋ္ဌာန်တရားတော်(၁၃၃၂)

ရွှေကျင်ဆရာတော်သည် မဟာသတိပဋ္ဌာန်တရားတော်ကို သမထဝိပဿနာ လိုက်စားကြသော ယောဂီပုဂ္ဂိုလ်တို့အတွက် မိမိတို့၏ စရိုက်အားလျော်စွာကျင့်သုံးနိုင်ရန် နည်းအသွယ်သွယ် ဥပမာအမျိုးမျိုးတို့ဖြင့် တန်ဆာဆင်၍ ကျယ်ဝန်းပြည့်စုံစွာရေးသားတော်မူခဲ့သည်။ မဟာသတိပဋ္ဌာန်သည် နိဗ္ဗာန်သို့ ရောက်ကြောင်းတစ်ခုတည်းသော လမ်းစဉ်ပင်ဖြစ်သည်။ ပါဠိတော်၌ မဟာသတိ ပဋ္ဌာန်ကျင့်ကြံအားထုတ်သူသည် -

၁။ သတ္တဝိသုဒ္ဓိ = သတ္တဝါများ ရာဂအညစ်အကြေးစသည် မှစင်ကြယ်ခြင်း၊

၂။ သောကသမတိက္ကမ = စိုးရိမ်မှု လွန်မြောက်ခြင်း၊

၃။ ပရိဒေဝသမတိက္ကမ = ငိုကြွေးမှုလွန်မြောက်ခြင်း၊
၄။ ဒုက္ခအတ္ထင်္ဂမ = ကိုယ်ဆင်းရဲမှုလွန်မြောက်ခြင်း၊
၅။ ဒေါမနဿအတ္ထင်္ဂမ = စိတ်ဆင်းရဲမှုလွန်မြောက်ခြင်း၊
၆။ ဉာယအဓိဂမ = အရိယာမဂ်ကို ထိုးထွင်းသိမြင်ခြင်း၊
၇။ နိဗ္ဗာနသစ္ဆိကိရိယ = နိဗ္ဗာန်ကိုမျက်မှောက်ပြုခြင်း

စသောအကျိုးများကို ရရှိပါသည်။ ယင်းအကျိုးများကိုရရှိစေရန် ကျင့်နည်းများညွှန်ပြရာ၌ အကျဉ်းအားဖြင့် (၄)မျိုးရှိပါသည်။

၁။ ကာယာနုပဿနာသတိပဋ္ဌာန်၊
၂။ ဝေဒနာနုပဿနာသတိပဋ္ဌာန်၊
၃။ စိတ္တာနုပဿနာသတိပဋ္ဌာန်နှင့်
၄။ ဓမ္မာနုပဿနာသတိပဋ္ဌာန်တို့ ဖြစ်ပါသည်။

ကာယာနုပဿနာသတိပဋ္ဌာန်စာအုပ်၏ နိဂုံး၌ ပါဠိ၊ မြန်မာ(၂) ဂါထာတို့ဖြင့် နိဂုံးချုပ်ရေး၍ မိမိအတွက် ဆုတောင်းမှုနှင့် သူတစ်ပါးအတွက် ဆုတောင်းမှု(၂)မျိုးကို ဖော်ညွှန်းထားပါသည်။

**စိတ္တံ ကာယာနုပဿနာ၊ ကမ္မဋ္ဌာနံ မယာ ကတံ။**
**ပါပေယျံ တေန ပုညေန၊ အဂ္ဂဖလမနုတ္တရံ။**
**သာဓူနံ ပဋ္ဌယော ဟောတု၊ ကမ္မဋ္ဌာနမိဒံ ဝရံ။**
**သဗ္ဗေ ပိ သုခိတာ ဟောန္တု၊ ပုညတေဇေန ဇန္တဝေါ။**

(ငါသည် ရေးသားစီရင်အပ်သော ကာယာနုပဿနာ ကမ္မဋ္ဌာန်းတရားစာ ပြီးစီးအောင်မြင်ခဲ့သည်။ ထိုကောင်းမှုကြောင့် မိမိထက် လွန်မြတ်သော တရားမရှိသော အရဟတ္တဖိုလ်သို့ ရောက်ရစေလို၏။ မြတ်သော ဤကမ္မဋ္ဌာန်းတရားစာသည် သူတော်ကောင်းတို့ တရားဟုတ်ကြောင်း အထောက်အပံ့ဖြစ်ပါစေသတည်း။ ဤကောင်းမှုကြောင့် အလုံးစုံသော သတ္တဝါတို့သည် ကိုယ်ရောစိတ်ပါ ချမ်းသာခြင်း ဖြစ်ကြပါစေကုန်သတည်း။) ကာယာနုပဿနာကမ္မဋ္ဌာန်းကျမ်းသည် မြန်မာသက္ကရာဇ် ၁၃၃၂ ခုနှစ်၊ ပြာသိုလဆန်း (၁၂)ရက် ကြာသပတေးနေ့တွင် ပြီးစီးတော်မူခဲ့သည်။

ရွှေဟင်္သာဆရာတော်သည် ကာယာနုပဿနာကျမ်းကို ရေးသားပြီးနောက် ဝေဒနာနုပဿနာကျမ်း ရေးသားလိုသောစိတ်ဆန္ဒများ ဖြစ်ပေါ်လာပုံကို ကျမ်းအစ၌ အောက်ပါအတိုင်း ရေးသားခဲ့သည်။

ကာယာနုပဿနာကျမ်းကို နှစ်သက်မြတ်နိုးစွာ ကြည့်ရှုလေ့လာကြကုန်သော ယောဂီပုဂ္ဂိုလ်တို့သည် မြတ်စွာဘုရား၏ တရားအမွေခံ ဘုရားရှင်၏ တပည့်သာဝက စာရင်းဝင်ဖြစ်ကြကုန်သည်ဟု ဆိုထိုက်သည်။ ယင်းသို့သော ဘုရားရှင် သာဝကများကို အာရုံပြု၍ ဘုန်းကြီးသန္တာန်၌ သဒ္ဓါ၊ စေတနာများတိုးတက်ဖြစ်ထွန်းရာ ဓမ္မဒါယာဒစာရင်းဝင် ဘုရားရှင် သာဝက၊ ယောဂီပုဂ္ဂိုလ်တို့အား အဘယ်တရားဖြင့် ဆက်လက်၍ ချီးမြှောက်သင့်ပါသနည်းဟု ဆင်ခြင်မိရာ မြတ်စွာဘုရားသည် ကာယာနုပဿနာ ဒေသနာတော်ကို ဟောတော်မူပြီး၌ ဝေဒနာနုပဿနာကို ဟောတော်မူသည် ဖြစ်သောကြောင့် မြတ်စွာဘုရား၏နည်းကိုမှီကာ ဘုန်းကြီးလည်း ကာယာနုပဿနာကျမ်းနောက်၌ ဝေဒနာနုပဿနာကျမ်းကို ရေးသားရမူ သင့်လျော်ကောင်းမွန်၏ဟု ယုံကြည်၍ ဝေဒနာနုပဿနာကမ္မဋ္ဌာန်းကျမ်းကို ရေးသားခဲ့ခြင်းဖြစ်ပါသည်။

ရွှေဟသ်ာဆရာတော်သည် ဝေဒနာနုပဿနာကျမ်း၌ ဝေဒနာနုပဿနာကိုကြည့်ရှုသော ယောဂီတို့သည် ကာယာနုပဿနာကို ကြည့်ရှုလေ့လာသော ဉာဏ်အရှိန်ကိုယူ၍ ရန် သိမ်မွေ့သော ဝေဒနာနုပဿနာကို ကြည့်ရှုလေ့လာပွားများ ကြစေလိုကြောင်းကို မှာကြားထားတော်မူခဲ့သည်။ ဝေဒနာနုပဿနာကျမ်းတွင် ပါဠိ - မြန်မာ တစ်ဂါထာဖြင့် နိဂုံးချုပ်ထားရာ၌ တိုက်တွန်းမှုကို ဖော်ကျူးထားကြောင်း တွေ့ရပါသည်။

**ကထံ မယာ ကမ္မဋ္ဌာနံ၊ ဝေဒနာနံ နုပဿနာ**

**သာဓဝေါ သမ္မာ ဒိက္ခန္တု၊ ဝဍ္ဎေန္တာ ဝေဒနာက္ခယံ။**

(ဝေဒနာကို အဖန်ဖန်ပွားများရှုကြည့်ကြောင်း ဖြစ်သော ကမ္မဋ္ဌာန်းကျမ်းကို ငါသည် ရေးသားအပ်ပြီး ဝေဒနာတိုက်ငြိမ်းအေးကုန်ဆုံးရာဖြစ်သော နိဗ္ဗာန်ကို လိုလားတောင့်တကြ၍ သူတော်ကောင်းတို့သည် ကောင်းစွာလေ့လာကြည့်ရှုကြကုန်လော့)

တိုက်တွန်းမှု၏အဆုံး၌ ကျမ်းပြီးချိန်ကို မြန်မာသက္ကရာဇ် ၁၃၆၆ ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် (၅)ရက် ဗုဒ္ဓဟူးနေ့ ပြီးသည်ဟု ဖော်ပြထားသည်။

ကာယာနုပဿနာ၊ ဝေဒနာနုပဿနာကျမ်းငယ်တို့ကိုရေးသားရိုက်နှိပ်ပြီးနောက် စိတ္တာနုပဿနာနှင့် ဓမ္မာနုပဿနာတို့ကို ဆက်လက်

ရေးရန် မိမိကိုယ်ကပင် ဆန္ဒပြုလျက်ရှိသည်။ မိမိကိုယ်တိုင်ပင် ဆက်လက် ရေးသားလိုရင်းဆန္ဒ ရှိခဲ့သည်တစ်ကြောင်း၊ ဦးကြည်ညွှန့်က တိုက်တွန်း သည်တစ်ကြောင်းကြောင့် စိတ္တာနုပဿနာကျမ်းငယ်ကို ခပ်ကျဉ်းကျဉ်း ရေးသား၍ မန္တလေးသာသနာရေးဦးစီးမှတဆင့် ဦးကြည်ညွှန့်ထံပို့ စေလိုက်သည်။ မရောက်ဘဲ ပျောက်ဆုံးသွားသည်ဟုသိရပါသည်။

စိတ္တာနုပဿနာကျမ်း ပထမစာမူ ပျောက်သွားခြင်းကို ဘုန်းကြီး သည် တစ်နည်းအားဖြင့် ဝမ်းသာမိသည်။ အကြောင်းမှာ ယင်းစာမူကို ခပ်သုတ်သုတ်ရေးလိုက်ရသည်ဖြစ်၍ စာသားလည်းကျဉ်းသည်။ စာသား ကျဉ်းသဖြင့် ပြည့်စုံသင့်သလောက် ပြည့်စုံခြင်းမရှိသောကြောင့် မိမိ ကိုယ်တိုင်ကပင် ကျေနပ်မှုမရှိချေ။ ထို့ထက်ပြည့်စုံစွာထပ်မံ၍ ရေးလိုသော ဆန္ဒဖြစ်ပေါ်ခဲ့သောကြောင့် ဒုတိယအကြိမ် ရေးသားခဲ့ခြင်းဖြစ်သည်။

ရွှေဟင်္သာဆရာတော်သည် စိတ္တာနုပဿနာကျမ်း၏ အဓိပ္ပာယ်ကို လွယ်ကူရှင်းလင်းစွာ သိရှိနိုင်ရန် အောက်ပါအတိုင်း ဖွင့်ဆိုပြတော်မူခဲ့ သည်။ စိတ္တာနုပဿနာ ဟူသည်မှာ စိတ်ကိုအလစ်မပေးဘဲ အဖန်ဖန် အထပ်ထပ်၊ အစဉ်မပြတ် ထိန်းကျောင်းနေခြင်းပင် ဖြစ်သည်။ နွား ကျောင်းသားသည် နွားများကို မပြတ်ကြည့်ရှု ထိန်းကျောင်းသကဲ့သို့ ထို့ အတူ မိမိ၏စိတ်ကို ယခုငါ့သန္တာန်၌ အဘယ်စိတ်မျိုး ဖြစ်နေသည်ဟု အလစ်မပေးဘဲ သိရှိကာ ထိန်းကျောင်းနေခြင်းပင် ဖြစ်သည်။

စိတ္တာနုပဿနာသတိပဋ္ဌာန်တရားသည် သတ္တဝါတို့ သန္တာန်၌ ကိလေသာ အယုတ်တရားတို့မှ လွတ်ကင်း၍ သန့်ရှင်းဖြူစင်သော အရိယာ စိတ် ဖြစ်သည်မဟုတ်။ သောကဖြစ်နေသော သတ္တဝါတို့၌ ယင်းသောကမှ လွတ်မြောက်စေသည်။ ပရိဒေဝမီးတောက်လောင်နေသော သတ္တဝါတို့၌ ယင်းပရိဒေဝမီးကိုလည်း ငြိမ်းစေသည်။ ကိုယ်၏ဆင်းရဲခြင်း၊ စိတ်၏ ဆင်းရဲခြင်းဖြစ်နေသော သတ္တဝါတို့၏ ဒုက္ခဒေါမနဿတို့ကို ချုပ်ပျောက် ကင်းလွတ်စေသည်။ ထို့မျှမဟုတ် စိတ္တာနုပဿနာကို ပွားများလေ့လာ သောပုဂ္ဂိုလ်သည် ဉာယဟုဆိုအပ်သော အရိယာမဂ္ဂင်ရှစ်ပါးတရားကို ရသောအကျိုးကိုလည်းရှိ၏။ ဝါဒဟုဆိုအပ်သော တဏှာမှ ကင်းလွတ်ခြင်း ကြောင့်နိဗ္ဗာန်ဟူ၍ အမည်ထူးကိုရရှိသော သေခြင်းကင်းငြိမ်းရာ အမတ အငြိမ်းတရားကိုလည်း မျက်မှောက်ထင်ထင်ရရှိခြင်း အကျိုးရှိပေသည်။

ဤသို့ များပြားကောင်းမြတ်လှသော အကျိုးထူးကိုရစေတတ်သော စိတ္တာနုပဿနာ သတိပဋ္ဌာန်တရားတော်ကို ပွားများအားထုတ်အပ်ပေသည်။ ပွားများအားထုတ်နိုင်ကြပါစေကုန်သတည်း။

ရွှေဟသာ်ဆရာတော်သည် စိတ္တာနုပဿနာသတိပဋ္ဌာန်ကျမ်းကို ကျမ်းဦးအစ၌ ပါဠိဂါထာဖြင့် ဘုရားရှင်အားရှိခိုးပြီး ကျမ်းနိဂုံးဂါထာဖြင့် နိဗ္ဗာန်သို့ရောက်ပါစေ။ ကောင်းမှု၏ အဖို့ဘာဂတို့လည်း သတ္တဝါ အားလုံးရကြပါစေဟု ဆန္ဒပြုထားသည်ကို တွေ့ရပါသည်။

**စိတ္တံ စိတ္တံ ဓမ္မိသာရံ၊ စိတ္တံ စိတ္တံ သီရိန္ဒရံ**

**စိတ္တံ စိတ္တံ သုဒေသကံ၊ စိတ္တံ စိတ္တံ နုပဿနံ။**

(အာရုံအမျိုးမျိုးကို အမြဲမပြတ်ကြံစည်တတ်သော စိတ်သဘော တရားကို အစိုးရတော်သော ဆန်းကျယ်သော ပန်းချီကားသဖွယ် သပ္ပာယ် တင့်တယ်တော်မူသော ရူပကရှိသည်ဖြစ်၍ နွားရိုင်းသဖွယ် ကြမ်းတမ်းသော စိတ်ကို အမျိုးမျိုးခွဲခြားဝေဖန်၍ စိတ္တာနုပဿနာတရားတော်ကို ဆန်းဆန်း ကျယ်ကျယ် ဟောကြားတတ်သော မြတ်စွာဘုရားကို လေးစားမြတ်နိုး ရှိခိုးပါ၏)

**ကထံ စိတ္တာနုပဿနံ၊ သာဓုကံ ဗုဒ္ဓ ဒေသိတံ။**

**သကာယံ မြန်မာ့ ဘာသာယ၊ စိတ္တံ ဂုဏော သယံ။**

**ပုညမိဒံ မယာကတံ၊နိဗ္ဗာန ပစ္စယော ဘဝ။**

**ဘာဂံ ပုညသ သဗ္ဗေသံ၊ သတ္တာနံ ဟောတု သမကံ။**

(မြတ်စွာဘုရားကိုယ်တိုင် ကောင်းစွာဟောကြားအပ်သော ဆန်းကြယ်သည်ထက် ဆန်းကြယ်သော ဂုဏ်တို့၏ တည်နေရာဖြစ်သော စိတ္တာနုပဿနာသတိပဋ္ဌာန်တရားကို ကိုယ်တိုင်ဥစ္စာဖြစ်သော မြန်မာ ဘာသာဖြင့် ငါသည် ရေးသားပြီးပြီ)

(ငါသည် ရေးသားအပ်သော ဤဓမ္မဒါနကောင်းမှုသည် နိဗ္ဗာန်သို့ ရောက်ကြောင်း အထောက်အပံ့ ဖြစ်ပါစေသတည်း။ ဓမ္မဒါနကောင်းမှု၏ ညီမျှသောအဖို့သည် လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါအားလုံးတို့အား ရကြပါစေ သတည်း)

စိတ္တာနုပဿနာကျမ်း နိဒါန်းအမှာစာကို ရွှေဟသာ်ဆရာတော် ကိုယ်တိုင် ရေးသားတော်မူသည့်အပြင် ဦးထွန်းလှိုင်(ဝိနယပါရဂူ)ကလည်း

နိဒါန်းပိုင်းကို စာမျက်နှာ (၂၀)ထိအောင် သတိပဋ္ဌာန်တရားပွားများသင့်ပုံ၊ သတိပဋ္ဌာန်၏အဓိပ္ပာယ်၊ စိတ်၏သဘောတရားစသည်တို့နှင့် ကျမ်းပြု ဆရာတော်၏ အတ္ထုပ္ပတ္တိတို့ကို ခြုံရုံသိုင်းဝိုင်း ရေးသားထားသည်ကို တွေ့ရ ပါသည်။ ရွှေဟင်္သာဆရာတော်သည် စိတ္တာနုပဿနာ ပြီးစီးချိန်ကို ကျမ်း နိဂုံး၌ ၁၃၄၃ ခုနှစ်၊ နယုန်လပြည့်ကျော်(၇)ရက် နံနက် (၈း၀၀) နာရီတွင် ပြီးစီးသည်ဟု ဖော်ပြထားသည်။

ဆရာတော်သည် သတိပဋ္ဌာန်တရားတော်၏ နောက်ဆုံးအပိုင်း ဖြစ်သည့် ဓမ္မာနုပဿနာ တရားတော်ကိုလည်း ရေးသားခဲ့သည်။ ဆရာတော်ကိုယ်တိုင် ကျမ်း၏အမှာစာကို ရေးသားသကဲ့သို့ ဝိသုဒ္ဓါရုံ ရေဦးကျောင်းတိုက်ဆရာတော် အရှင်ဣဿရိယာဘိဝံသနှင့် မဟာ သုဗောဓာရုံဆရာတော် အရှင်နန္ဒမာလာဘိဝံသတို့ကလည်း ကျမ်း၏အမှာစာ များကို ရေးသားခဲ့ကြသည်။

အရှင်ဣဿရိယာဘိဝံသရေးသော အမှာစာတွင် ကျမ်းပြုပုဂ္ဂိုလ် အခြေအနေနှင့် ကျမ်းစာ၏အရည်အချင်းဟု နှစ်ပိုင်းခွဲ၍ ရေးသားထား ပါသည်။ ကျမ်းစာ၏ အရည်အချင်းမှာ ဓမ္မာနုပဿနာတရားတော်သည် လေးနက်၍ တရားသဘောသက်သက်တို့သာလျှင် ဖြစ်သောကြောင့် လေးနက်သောကျမ်းစာဖြစ်သည်ဟု ဆိုရပါမည်။ ကျမ်းပြုဆရာတော်၏ အခြေအနေကို ၄င်းကျမ်းစာ၏ အရည်အချင်းကိုလည်းကောင်း ကြိုတင်သိရှိ ကြပြီးလျှင် ဓမ္မာနုပဿနာ သတိပဋ္ဌာန်တရားတော်ကို ဉာဏ်စိုက်၍ ကြည့်ရှုမှတ်သားလေ့လာပွားများအားထုတ်ကြသည်ဖြစ်၍ နိရောဓသစ္စာကို ကိုယ်တိုင် မျက်မှောက်ပြုနိုင်ကြပါစေဟူ၍ ပတ္ထနာပြုရပါသတည်းဟု ရေးသားထားပါသည်။

အရှင်နန္ဒမာလာဘိဝံသရေးသောအမှာစာ၌ စိတ်၏ သဘော သဘာဝများနှင့် ကျမ်းပြုဆရာတော်၏ သတိပဋ္ဌာန်အလုပ်အားထုတ်ခြင်းဖြင့် ရရှိသော ကောင်းကျိုးများကိုဖော်ပြလျက် ကျမ်းကိုဖတ်ရှုရန် တိုက်တွန်းမှု ဖြင့် နိဂုံးချုပ်ထားသည်ကို တွေ့ရပါသည်။ ဆရာတော်၏ သတိပဋ္ဌာန် ပွားများခြင်းကြောင့် ရရှိမှုနှင့် တိုက်တွန်းမှုများကို ဖော်ပြထားပါသည်။

ဆရာတော်ဘုရားကြီးသည် သက်တော်(၉၀)ကျော်စတွင် ဤဓမ္မာ နုပဿနာကျမ်းကို ကိုယ်တိုင်လက်ရေးဖြင့် ရေးသားပြုစုတော်မူပါသည်။

ဆရာတော်၏လက်ရေးသည် မျဉ်းလွန်ဖြောင့်မတ်၍ လှပသေသပ်မှုရှိသည်ကိုတွေ့ရှိရပါသည်။ သက်တော်(၉၀)နှင့် (၆)လတွင် ဓမ္မာနုပဿနာကျမ်းကို နိဂုံးချုပ်ရေးသားတော်မူခဲ့သည်။

အသက်ကြီးရင့်သည့်အရွယ်တွင် ကိုယ်တိုင် လက်ရေးဖြင့် ကျမ်းတစ်စောင် ရေးသားပြုစုနိုင်ခြင်း၊ မျက်စိမမှုန် လက်မတုန်ခြင်း၊ ကျမ်းပြုနိုင်လောက်အောင် သတိအားဉာဏ်အား ထက်မြက်ခြင်းတို့မှာ အတိတ်ဘဝတွင် ဆည်းပူးခဲ့သည့် သီလပါရမီထူးနှင့် မျက်မှောက်ဘဝတွင် ဆင်ခြင်ရှုမှတ်ပွားများအပ်သည့် ဝိပဿနာ သတိပညာတို့၏ စွမ်းရည်ကြောင့်သာဖြစ်ပါသည်။ မိမိတို့၏ ကာယ၊ ဝေဒနာ၊ စိတ္တ၊ ဓမ္မများနှင့် စပ်၍ ရှုမြင်မှန်ကန် သတိအား၊ ဉာဏ်အား ရင့်သန်ထက်မြက်စေလိုသည့် သူတော်စင်များသည် ရွှေဟင်္သာဆရာတော်ဘုရားကြီး၏ အနုပဿနာကျမ်းများကို လေ့လာဖတ်ရှု၍ ဝိပဿနာကိုဖြစ်ပွားစေပါဟု တိုက်တွန်းလိုပါသည်။

လေးနက်သော ဓမ္မာနုပဿနာ တရားတော်ကို ရွှေဟင်္သာဆရာတော်သည် စာဖတ်သူတို့နားလည်သဘောပေါက်အောင် စွမ်းနိုင်သမျှရေးသားတော်မူထားသည်ကို တွေ့ရပါသည်။

ဆရာတော်သည်အမှာစာရေးရာတွင် တိုက်တွန်းဆုတောင်းမှုများပြုခြင်းဖြင့် နိဂုံးချုပ်ထားသည်ကို တွေ့ရှိရပါသည်။

သတိပဋ္ဌာန်တရားတော်ကို လေ့လာအားထုတ်ကြကုန်သော ရဟန်းရှင်လူတို့သည် ကိလေသာအညစ်အကြေးတို့မှ စင်ကြယ်သန့်ရှင်းခြင်းအကျိုး၊ သောက ပရိဒေဝတို့မှ လွတ်မြောက်ခြင်းအကျိုး၊ ဒုက္ခဒေါမနဿတို့၏ ချုပ်ငြိမ်းကင်းပျောက်ခြင်းအကျိုး၊ အရိယာမဂ္ဂင်တရားကို ရရှိခြင်းအကျိုး၊ အပူငြိမ်းအေးသောနိဗ္ဗာန်ကို ကိုယ်တွေ့ဉာဏ်မြင်ရရှိခြင်းအကျိုး၊ ဤအကျိုးကျေးဇူးတို့ကို အမှန်ပင်ရရှိကြပေလိမ့်မည်ဟု ယုံကြည်သောသဒ္ဓါတရားဖြင့် လေးမျိုးသော သတိပဋ္ဌာန်တရားတို့တွင် မိမိတို့ ဆန္ဒရှိရာ မိမိတို့ဝါသနာနှင့် သင့်လျော်ရာ သတိပဋ္ဌာန်တရားတော်ကို ပွားများအားထုတ်ကြပါစေကုန်သတည်း။ ပွားများသည့်အားလျော်စွာ နိဗ္ဗာန်တိုင်အောင် ကောင်းကျိုးကျေးဇူးတို့ကိုလည်း အသီးသီးရရှိကြပါစေကုန်သတည်း။

ရွှေဟင်္သာဆရာတော်သည် ဓမ္မာနုပဿနာ သတိပဋ္ဌာန်တရားတော်၌ ရှေးဦးစွာရှိခိုးခြင်းပဏာမ၊ ဝန်ခံခြင်း ပဋိညာဉ်တို့ကို ပါဠိ -

မြန်မာ နှစ်ဂါထာတို့ဖြင့် ရေးသားတော်မူခဲ့သည်။

၁။ နမာမိ သတိပဋ္ဌာနံ
ဝရံ နိဗ္ဗာနပါပကံ
သုဒေသိတံ သဗ္ဗုဒ္ဓေန
သောကာဒိသမတိက္ကမံ။

၂။ တိဏ္ဏံ ခေါ နုပဿနာနံ
အတ္ထော မယာ သုဒဿိတော
ဓမ္မာနုပဿနာပိ
ဒါနိ အတ္တံ သုဒဿိတံ။

(ငါသည် နိဗ္ဗာန်သို့ ပို့ဆောင်တတ်သော သောကအစရှိသော အပူမီးတို့ကို လွန်မြောက်စေတတ်သော မြတ်စွာဘုရားသည် ကောင်းစွာ ဟောကြားတော်အပ်သော ကောင်းမြတ်လှသော သတိပဋ္ဌာန်တရားတော်ကို ရှိခိုးပါ၏။ ငါသည် ကာယနုပဿနာ၊ ဝေဒနာနုပဿနာ၊ စိတ္တာနုပဿနာ ဟုဆိုအပ်သော (၃)ပါးသော နုပဿနာတရားတော်တို့၏ အနက်အဓိပ္ပာယ် ကို ကောင်းစွာရေးသားပြဆိုပြီးလေ၏။ ယခုအခါ၌ ငါသည် ဓမ္မာနုပဿနာ သတိပဋ္ဌာန်တရားတော်၏ အနက်အဓိပ္ပာယ်ကိုလည်း စွမ်းနိုင်သမျှ သိခွင့် ရအောင် ဖော်ပြရေးသားပေတော့သည်)

ရွှေဟင်္သာဆရာတော်သည် ဓမ္မာနုပဿနာသတိပဋ္ဌာန်တရားတော် ၏နိဂုံးကို ပါဠိ၊ မြန်မာ (၃)ဂါထာဖြင့် နိဂုံးချုပ်ထားသည်။

၁။ ဓမ္မာနုပဿနာ သတိ၊ ပဋ္ဌာန ပဥ္စပဗ္ဗကံ။
ဒုက္ခက္ခယဿ သုမဂ္ဂံ၊ ယထာဗလံ သုဝဏ္ဏိတံ။

၂။ အနေန ဓမ္မဒါနေန၊ တဏှာယ စ ဒုက္ခဿ စ။
နိရောဓံ သီဃံ ပပ္ပေါမိ၊ သုသုခံ ဗုဒ္ဓထောမိတံ။

၃။ ဣမဿ ပုညကမ္မဿ၊ အာနုဘာဝေန သာဓဝေါ·။
သုခိတာ မုဒိတာ ဟောန္တု၊ ဇာနန္တု ဓမ္မမုတ္တမံ။

(ငါသည် ဒုက္ခတို့၏ ကုန်ဆုံးရာဖြစ်သော နိဗ္ဗာန်၏သွားရာ သွားကြောင်း လမ်းကောင်းဖြစ်သော ငါးပိုင်း ငါးကဏ္ဍရှိသည့် ဓမ္မာ နုပဿနာ သတိပဋ္ဌာန်တရားတော်ကို စွမ်းအားရှိသလောက် ကောင်းစွာ ဖွင့်ဆိုရေးသားပြီးပြီ။

ဤကောင်းမှုစေတနာကြောင့် တဏှာဒုက္ခတို့၏ ချုပ်ငြိမ်းရာ နိဗ္ဗာန်သို့ လျင်မြန်စွာဆိုက်ရောက်ရပါလို၏။ ဤကောင်းမှု၏ အာနုဘော်ကြောင့် ရှင်လူအပေါင်း၊ သူတော်ကောင်းတို့သည် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းရှိကြကုန်သည် ကြည်သာရွှင်လန်းဝမ်းသာခြင်း ရှိကြကုန်သည် ရှိကြပါစေ။ မြတ်သော မဟာသတိပဋ္ဌာန်တရားတော်ကို ဉာဏ်၌ ကိုယ်တိုင်သိမြင်ကြပါစေ)

ဓမ္မနုပဿနာကျမ်းသည် ၁၃၄၆ ခုနှစ်၊ ကဆုန်လပြည့်ကျော် (၁၀)ရက် ကြာသာပတေးနေ့၌ ပြီးစီးကြောင်း ကျမ်း၏နိဂုံး၌ ဖော်ပြထားပါသည်။ ယင်းနုပဿနာကျမ်းကို တစ်အုပ်စီ၊ တစ်အုပ်စီ ထုတ်ဝေခဲ့ရာ ၁၃၃၅ ခုနှစ်တွင် တပေါင်းတည်းပြု၍ တစ်အုပ်တည်း ထုတ်ဝေခဲ့ပါသည်။

## ဘာသာပြန်ကျမ်းများ

**ဝိနယမဟာဝဂ္ဂပါဠိတော် မြန်မာပြန်**

ရွှေဟင်္သာဆရာတော်သည် သာသနာဝင်ကျမ်း၊ ရာဇဝင်ကျမ်း၊ ဘာသာပြန်ကျမ်းစသည်ဖြင့် အမျိုးမျိုးရေးသားခဲ့ရာ သက္ကတဘာသာမှ ပါဠိ မြန်မာ နှစ်ဘာသာသို့ ပြန်ဆိုခဲ့သော စာဏကျနီတိကျမ်းရှိသကဲ့သို့ ပါဠိဘာသာမှ မြန်မာဘာသာသို့ သင့်လျော်အောင် ပြန်ဆိုထားသော ဝိနယမဟာဝဂ္ဂပါဠိတော် မြန်မာပြန်ကျမ်းသည်လည်းရှိ၏။ ယင်းကျမ်းသည် ဝိနည်း ၅ ကျမ်းရှိသည့်အနက် တတိယမြောက်ကျမ်းပင်ဖြစ်သည်။

အကွပ်မရှိသောကြမ်းသည် ပရမ်းပတာဖြစ်တတ်၍ အထိန်းမရှိသော ချည်ခင်သည် အသုံးမဝင်ဘဲ ရှုပ်ထွေးတတ်သော ချည်ထွေးဖြစ်တတ်သကဲ့သို့ လူတို့၌လည်း ထိန်းသိမ်းကြောင်းဥပဒေမရှိက လူရိုင်း၊ လူနပ်၊ လူပျက်တို့သာလျှင် ဖြစ်တတ်၍ ထိန်းသိမ်းကြောင်းဖြစ်သော ဥပဒေတို့ ရှိလေမှသာ ယဉ်ကျေးလိမ္မာ၍ အဖိုးတန်သော လူအဖြစ်သို့ ရောက်ကြရသည်။

သတ္တဝါတို့အား ယဉ်ကျေးလိမ္မာစေလျက် လူ၊ နတ်၊ နိဗ္ဗာန် ၃-တန်တို့ကို ရယူစေ၍ ချမ်းသာစေလိုသော မြတ်စွာဘုရားသည် ချမ်းသာကြောင်းဖြစ်သော သာသနာတော်ကို တည်ထောင်လိုသော၊ ကမ္ဘာအနှံ့

ပြန့်နှံ့စေလိုသဖြင့် ပဋ္ဌဝဂ္ဂီရဟန်းတော်တို့နှင့်တကွ ၆ ကျိပ်သော ရဟန္တာတို့ကို ထိုထိုသော အရပ်ဒေသတို့ကို သာသနာပြု တရားဟောစေလွှတ်တော်မူ၍ သာသနာ့ဘောင်သို့ ယုံကြည်သက်ဝင်လာကြသော အသီးသီးသော အမျိုးကောင်းသားတို့အား သာမဏေပြုနည်း၊ ရဟန်းပြုနည်း၊ ဥပဇ္ဈာယ်ဆရာ၊ နိဿရည်းဆရာတို့ကို အမှီပြု၍ နေနည်း၊ ဝတ်နိဗုဒ်ပြနည်း၊ ဥပုသ်ပဝါရဏာ ပြုနည်း၊ သိမ်သမုတ်နည်း၊ ဝါဆိုဝါကပ်နည်း၊ ကထိန်ခင်းနည်း စသော ရဟန်းကျင့်ဝတ်တို့ကို ဥဒ္ဒကနိကာယ်ဝင်ဝိနယပိဋကမှ သင်္ဂါယနာတင်မထေရ်တို့က မှတ်တမ်းပြုတော်မူခဲ့ကြသည်။

မဟာဝဂ္ဂပါဠိတော်သည် သာမဏေအဖြစ် ချီးမြှောက်တင်ပေးသည်မှစ၍ ရဟန်းတော်တို့၌ အရေးတကြီး မပြတ်တွေ့ကြုံ ကျင့်သုံးဆောင်ရွက်ကြရသော ဥပဒေကျင့်ဝတ်တို့ကို အမျိုးမျိုး စိတ်ဖြာခွဲဖြာ၍ အဆန်းတကျယ် ဟောကြားထားသော ပါဠိတော်ကြီး ဖြစ်သည်။ ရွှေဟင်္သာဆရာတော်သည် ယင်းပါဠိတော်ကြီးကို မြန်မာပြန်ဆိုရခြင်းအကြောင်းကို နိဒါန်း၌လည်းကောင်း၊ ဝန်ခံမှု ပဋိညာဏ်ပြုခြင်း၌လည်းကောင်း အောက်ပါအတိုင်း ဖော်ပြထားပါသည်။ အခြေခံသီလနှင့် ပြည့်စုံသဖြင့် သမာဓိ အားကောင်းနိုင်သည်။ သမာဓိဖြင့် ထုံအပ်သော ဝိပဿနာသည်လည်း အားကောင်းနိုင်သည်။ ဝိပဿနာလောကီပညာမှ လောကုတ္တရာမဂ်ဖိုလ်ပညာသို့ ရောက်တော်မူနိုင်ကြပါပေသည်ဟု ရဟန်းတော်တို့အား သဒ္ဓါပြဋ္ဌာန်းထားသော ကုသိုလ်စေတနာတွေ ဖြိုးဝေတိုးတက်၍ လေးလေးနက်နက် ကြည်ညိုမြတ်နိုး ကိုးကွယ်ဆည်းကပ်ရာ တရားစာပေနာယူလိုက်နာကျင့်သုံးကြရသဖြင့် သုံးတန်သောလူ၊ နတ်၊ နိဗ္ဗာန်သို့ ရရှိကြပါစေဟူသော မနသိကာရ၊ သမ္မာဆန္ဒ၊ ပရဟိတ စေတနာဖြင့် ဤဝိနယမဟာဝဂ္ဂပါဠိတော်ကြီးကို မြန်မာဘာသာသို့ ပြန်ဆိုရေးသားခြင်းဖြစ်ပေသတည်းဟု ရေးသားထားသည်။

ရွှေဟင်္သာဆရာတော်သည် မဟာဝဂ္ဂပါဠိတော် ဘာသာပြန်နိဂုံး၌ ကျမ်းပြီးချိန်ကို မြန်မာဘာသာဖြင့်ပင် မှတ်တမ်းပြု ရေးသားတော်မူသည်။ စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာတိုက်သစ်မှ ပဓာနမဟာနာယကဖြစ်တော်မူသော ဘုန်းတော်ကြီး အရှင်ပဏ္ဍိတထေရ်သည် ဝိနယမဟာဝဂ္ဂပါဠိတော် မြန်မာဘာသာ ပြန်ဆိုခြင်းမှ မှတ်ချက် အဓိပ္ပာယ်ဖော်ပြရာတို့၌ မှက်ချက်

အခိပ္ပာယ် ရေးသားခြင်းတို့ဖြင့် ပြန်ဆိုရေးသားတော်မူခဲ့ရာ သာသနာနှစ် ၂၅၀၄ ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၂၂ ခုနှစ်၊ တော်သလင်းလဆန်း (၁၂)ရက် ကြာသပတေးနေ့၌ အလုံးစုံပြီးဆုံးခြင်းသို့ ရောက်သည်။

ရွှေဟသ်ာဆရာတော်သည် မဟာဝဂ္ဂပါဠိတော်မြန်မာပြန်နိဂုံး၌ မြန်မာပြန်ဆိုရခြင်းဖြင့် ဆုတောင်းမှုကို ပြုထားသည်ကိုလည်း တွေ့ရသည်။

ငါသည် ဤဝိနယမဟာဝဂ္ဂပါဠိတော်ကို မှတ်ချက်အခိပ္ပာယ်နှင့်တကွ မြန်မာဘာသာပြန်ဆိုရေးသားရသော ကောင်းမှုကံ စေတနာ မြောက်မြားစွာတို့ကြောင့် ဒုတိယဘဝမှစ၍ တုတိသာနတ်ပြည်၌ တရားတော်ကို မြတ်နိုးနှစ်သက်သော ပညာရှိတန်ခိုးကြီး နတ်သူတော်ကောင်း ဖြစ်ရ၍ ပညာရှိသော သူတော်ကောင်း ယောကျာ်းမြတ်ဖြစ်၍ ဘုရားရှင်၏ တရားတော်ကို ကြားနာရသည်အခဆုံး၌ ပဋိသမ္ဘိပါ ပစ္စဆဠဘိညာရဟန္တာ အဖြစ်သို့ရောက်၍ မဟာအသင်္ခတဓာတ်နိဗ္ဗာန်သို့ ရောက်ရပါလို၏ဟု ရေးသားထားသည်ကို တွေ့ရပါသည်။

ရွှေဟသ်ာဆရာတော်သည် မြန်မာပြန်ဆိုရသော ဝိနယမဟာဝဂ္ဂ ပါဠိတော် မြန်မာပြန်ကျမ်း၌ ရန်ကုန်မြို့ရွှေဟသ်ာတောရသီရိမင်္ဂလစ်ကျောင်း တိုက်ဆရာတော် အရှင်ရာဇန္ဒာဘိဝံသက ၁၅ မျက်နှာရှိသော နိဒါန်းကို လည်းကောင်း၊ ဦးသောင်းလွင်က ၂ မျက်နှာရှိသော မိတ်ဆက်အမှာစာကို လည်းကောင်း၊ ရွှေဟသ်ာဆရာတော်ကလည်း နိဒါန်းအမှာစာ ၂ မျက်နှာကို လည်းကောင်း ရေး၍ကျမ်းဖွဲ့စည်းထားသည်။ ယင်းနောက် မဟာဝဂ္ဂ ပါဠိတော် မြန်မာပြန်မှတ်ချက်များရေး၍ နိဂုံး၌ ဆုတောင်းမှုများဖြင့် မွမ်းမံ ကာကျမ်းကို ပုံနှိပ်ထုတ်ဝေထားပါသည်။

## စာဏကျနီတိ ပါဠိ မြန်မာပြန်

ရွှေဟသ်ာဆရာတော်သည် ၁၂၉၅ ခုနှစ်တွင် စာဏကျနီတိနိသျ ကျမ်းကို ရေးသားတော်မူ၍ ၁၃၁၇ ခုနှစ်တွင် ရန်ကုန်မြို့ ဟံသာဝတီ ပိဋကတ်ပုံနှိပ်တိုက်မှ ရိုက်နှိပ်ဖြန့်ဝေခဲ့သည်။ ရွှေဟသ်ာဆရာတော်သည် တပည့် ပရိသတ်များအား စာပေပို့ချပေးရင်း အတိသုဒ္ဓါရုံဆရာတော်ကြီးထံ သက္ကတဘာသာကို လေ့လာသင်ယူခဲ့သည်။ အတိသုဒ္ဓါရုံဆရာတော်ကြီး သည် စာဏကျနီတိဋီကာနှင့် တွဲဖက်ပြီး ပို့ချပေးသည်။ ရွှေဟသ်ာ

ဘုန်းကြီးက စာဆိုရသည်။ ရွှေဟင်္သာဘုန်းကြီးသည် စာဆိုဖြစ်၍ သူများ ထက် ပိုပြီးကြိုးစားရသည်။ အတိသုဒ္ဓါရုံဆရာတော်ကြီး ပို့ချပေးသည့် အနက်များကို နေ့စဉ်ရေးမှတ်ရသည်။

စာဏကျနီတိဂါထာများကို သက္ကတဘာသာမှ ပါဠိဘာသာသို့ ပြန်ဆိုရေးသားပြီး နိဿျအနက်များကို ချောပြေအောင် ပြင်ဆင်ရေးသား သည်။ ကျက်လွယ်၊ မှတ်လွယ်ရှိစေရန် မြန်မာကဗျာများကိုလည်း စီကုံး ထည့်သွင်းသည်။ သို့ဖြင့် စာဏကျနီတိနိဿျကျမ်းတစ်စောင်ဖြစ်လာသည်။ စာဏကျနီတိနိဿျကို စာတက်ရင်း ရေးသားလာရာ ၁၂၉၅ ခုနှစ်၊ တပေါင်း လဆန်း(၇)ရက်တွင် ပြီးသည်။ ၁၃၁၇ ခုနှစ်တွင် ရန်ကုန်မြို့ ဟံသာဝတီ ပုံနှိပ်တိုက်မှ ရိုက်နှိပ်ဖြန့်ဝေခဲ့သည်။

ရွှေဟင်္သာဆရာတော်သည် စာဏကျနီတိနိဿျသစ် ပေါ်ပေါက် လာရခြင်းအကြောင်းကို ကိုယ်တိုင်ပင် စာဏကျနီတိပါဠိမြန်မာကျမ်း၏ ကျမ်းဦးအစနိဒါန်း၌ အောက်ပါအတိုင်း ရေးသားထားသည်။

"စာဏကျပဏ္ဍိတ်မည်သော ပညာရှိကြီးသည် လူအပေါင်းတို့၏ အကျိုးကျေးဇူးအလို့ငှာ သက္ကတဘာသာဖြင့် စာဏကျနီတိမည်သော ကျမ်းငယ်ကလေး တစ်ရာ့ တစ်ဆယ်မျှသော ဂါထာတို့ဖြင့် ဖွဲ့သီ၍ စီရင် ရေးသားခဲ့၏။ ထိုကျမ်းကလေးသည် သေးငယ်သလောက် အဆီအသား ပါ၍ များစွာသော ပညာရှိကြီးများ၏ ချီးကျူးထောမနာပြုခြင်းကိုခံရလျှက် လူတို့၌ ကျေးဇူးဥပကာရလည်း များလှစွာ၏။ စာဏကျနီတိကျမ်းသည် လူကြီးများသာလျှင် ကြည့်ရှု ကျက်မှတ် ဆောင်ထားအပ်သည့်အလျောက် သက္ကတစာပေကို လေ့လာကြသော လူမျိုးမှန်သမျှသည် စာဏကျနီတိကျမ်း ကို ကြည့်ရှုသင်ကြားခြင်းဖြင့် ခေတ်ကာလ အားလျော်စွာ စက္ကူ စာအုပ် အဖြစ်၌ ၁၉၂၆ ခုနှစ် အတွင်းတွင် ငါးကြိမ်တိုင်အောင် အုပ်ရေပေါင်း များစွာ ပုံနှိပ်ခဲ့ရလေပြီ။

ထိုသက္ကတဘာသာဖြင့် အကြိမ်များစွာ ပုံနှိပ်ခဲ့ရသော်လည်း မြန်မာဘာသာသို့ ကျနစွာပြန်၍ ပုံနှိပ်ဝေငှသုံးစွဲကြရသည်ဟူ၍ကား ထင်ထင်ရှားရှားမရှိခဲ့သေးပေ။ သက္ကတကိုလေ့လာသော မြန်မာဟူက စာဏကျနီတိကို ကျော်လွန်လာခဲ့သည်ဟူ၍ကား မရှိသလောက်ပင်ဖြစ်၏။ စာဏကျနီတိကို လေ့လာမိသူတို့သည် စာဏကျနီတိ၏ဂုဏ်ကို ပြောကြား

၍ မြန်မာတိုင်း၌ ပြန့်ပွားလျက် သိမှတ်စေလိုသော သမာဆန္ဒ ပေါ်ပေါက် တတ်သည်သာ များကုန်၏။ အချို့လည်း မြန်မာသို့ ပြန်ဆိုပြီးလျှင် လက်ရှိ ဖြစ်ကုန်၏။ သို့ရာတွင် ပုံနှိပ်ထုတ်ဝေသောအဖြစ်သို့ မရောက်ကြဘဲ နှစ်ဦး သုံးဦးမျှသာစာအုပ်ပြု၍ ရိုက်ထုတ်ဖြန့်ဖြူးကြကုန်၏။

စာအုပ်အဖြစ်သို့ရောက်ရှိ၍ ထွက်ပေါ်လာသော စာဏကျနီတိ တို့တွင် အချို့ကား သက္ကတသဒ္ဒါရေးကို အလေးမမူဘဲ မြန်မာအနက် ပြန်ဆိုထားခြင်းကြောင့် ပညာရှိများအသုံးနည်းပါး၍ မြုပ်ကွယ်သွားရ၏။ အချို့ စာဏကျနီတိကား စာဏကျနီတိစာသားအစစ်သည် ပျောက်ကွယ်လု ခမန်း ဖုံးလွှမ်းခဲ့ထွင်ရေးသားခြင်းကြောင့် ကျမ်းရင်း တိမ်မြုပ်မှေးမှိန် ခဲ့ရသည်။

ထိုသို့သော အကြောင်းတို့ကြောင့် စာဏကျပညာရှိကြီးရင် ရေးသားအပ်သော စာသားပင်ရင်းအတိုင်းကိုသာ မြန်မာတို့ ကြည့်ရှု သိမှတ်စေလိုသောဆန္ဒဖြင့် သက္ကတကို မာဂဓပါဠိသို့ ပြောင်းလဲ၍ ယင်း မာဂဓပါဠိဂါထာကို မြန်မာအနက် ရေးသားလျက် ကျက်မှတ်ဆောင် ထားလိုသူတို့အတွက် လွယ်ကူစေရန် မြန်မာသက်သက်ဖြစ်သော အလင်္ကာ ပိုဒ်ကလေးများ ထည့်သွင်းကာ အသစ်ဖြစ်သော စာဏကျနီတိပါဠိ နိဿယကို ပေါ်ပေါက်စေရခြင်းပင် ဖြစ်လေသည်။

ရွှေဟသ်ာဆရာတော်သည် စာဏကျနီတိကို ပါဠိ-မြန်မာရေးသား ရာ၌ မူရင်းရှိသော သက္ကတကဗျာများကို တိတိကျကျသိရှိနိုင်ရန် စေတနာ ပြည့်ဝစွာ ရေးသားခဲ့ကြောင်း စာဏကျနီတိ ပါဠိမြန်မာစာအုပ်ကို လေ့လာ ကြည့်က ပေါ်ပေါ်ထင်ထင် သိမြင်နိုင်ပါသည်။ ယင်းစာဏကျနီတိသည် ဂါထာပေါင်း ၁၁၀ ရှိသည်။ ကျမ်း၏နိဒါန်း၌ စာဏကျနီတိကျမ်း၏ ဂုဏ်ရည်နှင့်စာဏကျနီတိကျမ်းကို လိုက်စားသူတို့ရရှိနိုင်သော ဂုဏ်ကျေးဇူး များကိုဖော်ပြလျက် အထူးထူးသောကျမ်းတို့မှထုတ်၍ စာဏကျနီတိ ပြုစု မည်ဟု ဝန်ခံထားသော ဂါထာနှစ်ပုဒ်ကို ကောက်နုတ်ဖော်ပြလိုပါသည်။

**၁။ နာနာသတ္ထော ဒ္ဓတံ ဝက္ခေ၊**
**ရာဇ နီတိ သမုစ္စယံ၊**
**သဗ္ဗ ဗီဇ မိဒံ သတ္တံ၊**
**စာဏကျံ သာရသင်္ဂဟံ။**

(စာဏကျဆရာဝါသည် အထူးထူးသောကျမ်းဂန်တို့မှ ထုတ်အပ်သော တိုင်းပြည်အရှင် ဘုရင်မင်းမြတ်တို့ကို ဆုံးမစာ ဆုံးမကြောင်းဟူသော ကျမ်းတို့၏ ပေါင်းစုရာဖြစ်သော အလုံးစုံသော ကျမ်းတို့၏ အကြောင်းရင်း အမှန်အစလည်း ဖြစ်သော အနှစ်သာရကို ကောင်းစွာယူခြင်းရှိသော စာဏကျကျမ်းကို မိန့်ဆိုပေအံ့)

၂။ မူလသုတ္တံ ဝက္ခာမိ၊
စာဏကျေန ယထောဒိတံ၊
ယဿ ဝိညာန မတ္တေန၊
မူဠော ဘဝတိ ပဏ္ဍိတော။

(စာဏကျဆရာသည် အကြင်အခြင်းအရာအားဖြင့် ပြဆိုအပ်သော ဉာဏ်၏အကြောင်းရင်းကို ပြတတ်သော ကျမ်းကို အပြားအားဖြင့် ဆိုပေအံ့။ ယင်းဉာဏ်၏ အကြောင်းရင်းဖြစ်သော ကျမ်းကိုသိကာမျှဖြင့် လူမိုက်သည် ပညာရှိသည် ဖြစ်တတ်၏။) ဟူ၍ ဖြစ်ပါသည်။

ရွှေဟင်္သာဆရာတော်သည် စာဏကျနီတိ ပါဠိမြန်မာ ကျမ်းနိဂုံး ချုပ်ရာတွင် ကဗျာလင်္ကာဖြင့် နိဂုံးချုပ်ထားကြောင်း အောက်ပါအတိုင်း တွေ့ရသည်။

"တရာတဆယ်၊ ဂါထာသွယ်၍၊ ကျမ်းငယ်နီတိ၊ ဆီအတိကို၊ ပဏ္ဍိဘွဲ့ရ၊ စာဏကျသည်၊ ဗန္ဓစီကုံး၊ကျမ်းအလုံး၏၊ နိဂုံးဆိုက်ရောက်၊ တံခွန် ဆောက်သည်၊ ပြီးမြောက်ဆုံးခဏ်း ဤတွင်တည်း" ဟုရေးသား ထားသည်။

## စာသင်သားသုံးကျမ်းများ

### ဟိ၊ စ၊ ပန နိပါတ္တဒီပနီကျမ်း

ဦးပဏ္ဍိတသီရိသည် ၁၂၈၄ ခုနှစ်တွင် ကာ်ဒါအဋ္ဌကထာကို ပို့ချရင်း 'ဟိ၊ စ၊ ပန နိပါတ္တဒီပနီ' အမည်ရှိ ကျမ်းတစ်စောင်ကို ရေးသား ပြုစုခဲ့လေသည်။

ပါဠိဘာသာကို လေ့လာသူတိုင်း ဟိ၊ စ၊ ပန စသော နိပါတ်ပုဒ် ကလေးများကို ဝါကျများ၌တွေ့ကြရသည်။ ဝါကျတစ်ခုနှင့် တစ်ခု ဆက်နွယ်ရာတွင် နိပါတ်ကလေးများကို ရှေ့ဆောင်လမ်းညွှန်သဖွယ် အသုံး

ပြုကြရသည်။ တောအုပ်ကြီးအတွင်းသို့ ဝင်သောသူသည် မျက်စိလည်လမ်းများတတ်သည်။ သစ်ခက်ချိုးများကို လမ်းတလျှောက်ချပြီး ပြန်လမ်းကို မှတ်သားသွားရသည်။ ထို့အတူ ကျမ်းတစ်စောင် သင်ယူရာဝယ် မျက်စိမလည်စေရန် နိပါတ်ပုဒ်တည်းဟူသော သစ်ခက်ချိုးများကို ချပြရသည်။

နိပါတ်ပုဒ်သည် အရေအတွက်များသည့်အပြင် တစ်ပုဒ်တစ်ပုဒ်၏ အနက်ကလည်း များလှပေသည်။ အနက်များသောကြောင့် မှတ်ရခက်သည်။ မှတ်ရလွယ်ကူစေရန် ဦးပဏ္ဍိတသီရိသည် 'ဟိ၊ စ၊ ပန နိပါတ္တဒီပနီ' ကျမ်းကို သုဓမ္မာဝတီပုံနှိပ်တိုက်တွင် ရိုက်နှိပ်ဖြန့်ချိခဲ့ပါသည်။

## မြန်မာအလင်္ကာကျမ်း

ရွှေဟင်္သာဆရာတော်လောင်းလျာဦးပဏ္ဍိတသီရိသည် ၁၂၈၈ ခုနှစ်တွင် ဘင်္ဂါလီရဟန်း ၂ ပါးကို ပညာသင်ပေးရင်း စာပေပို့ချရင်း ကာဗျတန်ဆာခေါ် မြန်မာအလင်္ကာကျမ်းကို စတင်ရေးသားခဲ့သည်။ သူရိယသတင်းစာသို့လည်း ဆောင်းပါးများကို ရေးသားပေးပို့သည်။ ဆောင်းပါးများမှာ စာပေရေးသားရာ၌ စာကောင်းဖြစ်အောင် ရေးသားခြင်းအကြောင်း အခန်းဆက်ဆောင်းပါးရှည် ဖြစ်သည်။ ရေးသားဆဲဖြစ်သည့် ကာဗျတန်ဆာခေါ် မြန်မာအလင်္ကာကျမ်းစာမူမှ ဆောင်းပါးအဖြစ် သင့်လျော်မည့် အချက်များကို ရွေးထုတ်ရေးသားခြင်းဖြစ်သည်။ ဦးပဏ္ဍိတသီရိ ဆောင်းပါးများသည် သူရိယသတင်းစာ၌ နတ်ကြီးသုံးပါး စကားပြောခန်းနှင့် တစ်လှည့်စီ ပါလေ့ရှိသည်။

ရွှေဟင်္သာဆရာတော်က ဝါသနာအလျောက် စာရေးသားခြင်းအကြောင်း အမိန့်ရှိသော်လည်း ဝါသနာထက် အများအကျိုး ဆောင်ရွက်လိုသည့်ဆန္ဒက ဦးဆောင်လျက်ရှိကြောင်း သိသာလှသည်။ မြန်မာလူမျိုးများ သူ့ကျွန်ဖြစ်နေရချိန်တွင် မြန်မာစာလည်းသေးသိမ်၊ မေးမှိန်ကာ မျက်နှာငယ်ခဲ့ရသည်။ ထိုအချိန်၌ မြန်မာစာမြှင့်တင်ရေးကို ကြိုးပမ်းခဲ့ကြသည်။ ရွှေဟင်္သာဆရာတော်သည် မြန်မာစာတိုးတက်မြှင့်မားရေးအတွက် မြန်မာအလင်္ကာကျမ်းကို ရေးသားပြုစုခဲ့သည်။

ရွှေဟင်္သာဆရာတော်သည် ညောင်တုန်းမြို့မှ စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာချောင်၌ ကြွရောက်သီတင်းသုံးတော်မူသည်။ ကျန်းမာရေး

ကောင်းလာသဖြင့် စာပေလေ့လာရန်လည်း စိတ်ဆန္ဒပြင်းပြလာသည်။ ထိုစဉ်က ရွှေဟင်္သာချောင်၌ ကိုရင်တစ်ပါး ကျောင်းသားတစ်ယောက်မျှသာ ရှိ၍ ပရိသတ် တာဝန် နည်းသည်။ သို့ဖြစ်၍ အချိန်ရှိသမျှ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာတို့ကို စုံလင်နှံ့စပ်အထပ်ထပ် ကြည့်ရှုလေ့လာခွင့်ရခဲ့သည်။

ရေးလက်စဖြစ်သော မြန်မာအလင်္ကာကျမ်းကိုလည်း ဆက်လက်ရေးသားရာ ၁၂၉၀ ပြည့်နှစ်၊ နတ်တော်လတွင် အပြီးသတ်နိုင်ခဲ့သည်။ ၁၂၉၁ ခုနှစ်တွင် ရန်ကုန်မြို့၊ ဖရေဇာလမ်း၊ သူရိယသတင်းစာတိုက်မှ ပထမအကြိမ်ပုံနှိပ်ထုတ်ဝေခဲ့သည်။ ရွှေဟင်္သာဘုန်းကြီးသည် ကာဗျတန်ဆာကျမ်းကို ပြုစုရေးသားရာ၌ သုဗောဓာ လင်္ကာရကျမ်းကို အဖြူထည်ထား၍ ပျို့အစောင်စောင်မှ ကဗျာလင်္ကာများ ကိုယ်တိုင်ရေးကဗျာလင်္ကာများဖြင့် မွမ်းမံချယ်လှယ်ထားသည်။ ကာဗျတန်ဆာကျမ်း ထွက်ပေါ်လာသောအခါ ညောင်တုန်းမြို့ ရွှေဟင်္သာတောရစံကျောင်းဆရာတော် ကထင်မြင်ချက်နှင့် အကြံပေးချက်များပါဝင်သော စာများကို အခါအားလျော်စွာ ပေးပို့ခဲ့သည်။

"ရွှေဟင်္သာဘုန်းကြီးရေးသားသော ကာဗျတန်ဆာသည် ရဟန်း၊ ရှင်လူခပ်သိမ်းတို့ပင် ကြည့်ရှုအသုံးချသင့်သော စာအုပ်ဟူ၍ ဆရာသဘောရ၏။ ထိုစကားမှန်၏။ ပါဠိဘာသာကို မတတ်သောသူတို့ပင်လျှင် အသုံးပြုနိုင်စိမ့်သောငှာ မြန်မာဘာသာဖြင့် စီရင်ထားခြင်းကြောင့် ပါဠိဘာသာ မတတ်သောသူတို့ပင် အသုံးပြုနိုင်ရကား များစွာအဖိုးထိုက်၏။ ပါဠိဘာသာ တတ်သူများသည်လည်း ပါဠိဘာသာဖြင့်ရေးသော ဋီကာတို့မှာ လွန်စွာခက်ခဲသဖြင့် သိဖို့ရန်ခဲယဉ်း၍ မြန်မာဘာသာဖြင့် ရေးသားအပ်သော ကာဗျတန်ဆာကျမ်းကိုကြည့်က အဓိပ္ပာယ်ကို လွယ်ကူစွာ သိနိုင်ရကား များစွာအဖိုးထိုက်လိမ့်မည်ဟု သဘောရ၏"

"ကာဗျတန်ဆာကို နောက်ထပ်ပုံနှိပ်သည့်အခါကျလျှင် ယခုထက် အသုံးပြုကြလိမ့်မည် ထင်၏။ ၎င်းကာဗျတန်ဆာဟူသောအမည်က လူများ ဉာဏ်ထဲမှ အဓိပ္ပာယ်ပေါ်ပုံမရဘူး။ ကဗျာရေးနည်းမျိုးစုံဟု နာမည် ပြင်လိုက်လျှင် ကောင်းမည် သဘောရ၏။ ပျို့များမှ ပြယုဂ်များကို များနိုင်သမျှ များများထုတ်ရန်သင့်၏" ဟု ရေးသားထားသည်။

ရွှေဟင်္သာဆရာတော်သည် မြန်မာအလင်္ကာကျမ်းကို ရေးသားရာ၌ ကျမ်း၏ အစနှင့်အဆုံးတို့၌ ကဗျာ အလင်္ကာတို့ဖြင့်စပြီး နိဂုံးချုပ်ထား

သည်ကို တွေ့ရသည်။ ကျမ်း၏နိဒါန်းပိုင်း၌ ကျမ်းပြုစုရခြင်း၏ ရည်ရွယ်ချက်သဘောထားများကို ကိုယ်တိုင်ပင် အောက်ပါအတိုင်း ရေးသားခဲ့သည်။

မြန်မာဘာသာသက်သက်အားဖြင့် အလင်္ကာကျမ်းဟူ၍ မြန်မာလူမျိုးတို့၌ ထင်ရှားစွာမရှိခဲ့သေးသောကြောင့် မာဂဓ၊ သက္ကတဘာသာတို့၌ မကျွမ်းကျင်မတတ် မြောက်ကြကုန်သော မြန်မာအမျိုးသား၊ အမျိုးသမီး၊ ရှင်လူများတို့သည် စကား အပြောအဟော၊ စာပေအစီအကုံး အရေးအသား၊ အဖွဲ့အဆိုတို့၌ လင်္ကာဒေါသလွတ်အောင်၊ သဒ္ဒါလင်္ကာရ၊ အတ္ထလင်္ကာရပါရှိအောင် အဖွဲ့အဆို စာသား၊ စကားသားတို့၌ ကြားနာရသူတို့ နှစ်သက်မြတ်နိုးလောက်သော အနှစ်အသား အရသာပေါ်ထွက်အောင် စည်းကျနည်းကျ ရေးသားပြောဆိုနိုင်ရန် ခဲယဉ်းလျက် ရှိနေကြသည်။

စာရေးတတ်သူ ကဝိတစ်ဆူအဖြစ်သို့ ရောက်သင့်လျက် မရောက်ကြရသောသူအပေါင်း အမြောက်အမြားရှိနေကြသည့်အပြင် မာဂဓဘာသာ အလင်္ကာကျမ်းကို သင်ကြားတော်မူကြကုန်သော သုဇန စာသင်သားသံဃာတော်များမှာလည်း မာဂဓဘာသာ၌ များစွာမကျွမ်းကျင်သေးသော အချိန်၌ အလင်္ကာကျမ်းသဘောကိုလည်း ရုတ်တရက် နပ်နပ်နှော်နှော် (ကျွမ်းကျွမ်းကျင်ကျင်) သိရှိနားလည်ခြင်းမရှိကြသေးမီ ဘာသန္တရ၊ မာဂဓစာဖြစ်သောကြောင့် အပင်ပန်းခံလျက် အာဂုံနှုတ်တက် ဆောင်ရွက်ကြပ်မတ်ကြရကုန်၏။

သို့ပြင် အပန်းတကြီး ကြပ်မတ်တော်မူကြပါလျက် အထက်အဆိုပါအတိုင်း သဘောမသက်ဝင်နိုင်ကြသည်မှာလည်း ထင်ရှားစွာဖြစ်သောကြောင့် မာဂဓ၊ သက္ကတဘာသာ တတ်မတတ် မြန်မာအမျိုးသားမှန်သမျှ ရဟန်းရှင်လူ မည်သူမဆို မိမိတို့ဘာသာစာနှင့် သာလျှင်လွယ်လွယ်ကူကူ လေ့လာသင်ကြားခြင်းဖြင့် အလင်္ကာကျမ်း အတတ်ကိုကောင်းစွာ တတ်ကျွမ်းနားလည်ကြကုန်၍ ပညာလက်ရှိကဝိအပါအဝင်ဖြစ်သော မြန်မာအမျိုးသား၊ အမျိုးသမီး မြောက်မြားစွာ ပေါ်ထွက်လျက်ကောင်းမြတ်ကျော်စောသော သတင်းသည်လည်း ကမ္ဘာတွင်း၌ အနှံ့အပြားသင်းကြိုင် ပျံ့မွှေးစေလိုသော ဆန္ဒကောင်း ရှေ့သွားဖြင့် ဤမြန်မာအလင်္ကာကျမ်းကို ရေးသားစေခြင်းဖြစ်သည်ဟု ဖော်ပြထားသည်။

ရွှေဟင်္သာဆရာတော်သည် ဒုတိယအကြိမ် တည်းဖြတ် ရေးသားရာ၌ ကျမ်းပြုစုသူနှင့် ကျမ်းပြီးချိန်ကို မြန်မာအလင်္ကာကျမ်း၏ နိဂုံး၌ အောက်ပါအတိုင်း ဖော်ပြထားသည်။

"သာသနာလင်္ကာရ သဒ္ဓမ္မာဘိဝံသ ကဝိဓဇမဟာဓမ္မရာဇာဓိရာဇာဂုရုဠ ဟူသော မင်းလိုတံဆိပ်တော်ရ ရန်ကုန်မြို့ ကျောင်းတော်ရာ ရွှေကျင်ဆရာတော်ဘုရားကြီး၏ သတ္တိဝိဟာရိက တပည့်၊ ညောင်တုန်းမြို့ ရွှေဟင်္သာတောရ အဂ္ဂမဟာပဏ္ဍိတအန္တေဝါသိက တပည့်ရင်းဖြစ်သော စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာတိုက်သစ်ဆရာတော် အရှင်ပဏ္ဍိတထေရ်သည် မြန်မာသက္ကရာဇ် ၁၂၆၀ ပြည့်နှစ်၊ နတ်တော်လဆုတ် (၉) ရက် ဗုဒ္ဓဟူးနေ့ နံနက် ၁၀း၀၀ နာရီအချိန်တွင် ပထမအကြိမ် စီရင်ရေးသားပြီး၍ စာအုပ်အဖြစ်ထုတ်ဝေပြီးနောက် ၁၃၁၇ ခုနှစ် နယုန်လဆန်း (၈)ရက် တနင်္ဂနွေနေ့၌ ထပ်မံဖြည့်သွင်း ပြုပြင်ရေးသားအပ်သော မြန်မာအလင်္ကာကျမ်းသည် နိဂုံးကမ္ပတ် အပြီးသတ်တည်း" ဟူ၍ ရေးသားထားပါသည်။

## ခရီးသွားစာပေ

ရွှေဟင်္သာဆရာတော်သည် နက်နဲသော ဘာရားဓမ္မနှင့် ပတ်သက်သည့်စာအုပ်များ ဆောင်ရွက်နိုင်ရန် လွယ်ကူစွာဖော်ပြထားသော နီတိစာပေများ၊ ဆုံးမဩဝါဒများ ရေးသားတော်မူသည့်အပြင် ခရီးသွားစာပေများလည်း ရေးသားတော်မူခဲ့သည်။ ခရီးသွားစာပေဟူသည် မိမိကိုယ်တိုင် ခရီးသွားခြင်းအကြောင်း ဖြစ်စေ၊ သူတစ်ပါး ခရီးသွားခြင်းအကြောင်းကိုဖြစ်စေ၊ ခရီးသွားခြင်းကြောင့် အကြားအမြင် ဗဟုသုတတိုးပွားစေခြင်းငှာလည်းကောင်း၊ သမိုင်းမှတ်တမ်းအလို့ငှာလည်းကောင်း၊ ရသစာပေအလို့ငှာလည်းကောင်း ရေးသားဖွဲ့ဆိုသောစာကို ဆိုလိုပါသည်။ ခရီးသွားစာပေကို ရေးဖွဲ့ရာ၌ စကားပြေအဖွဲ့၊ အလင်္ကာသွားစကားပြေအဖွဲ့နှင့် ကဗျာလင်္ကာအဖွဲ့ ဟူ၍ သုံးမျိုးခွဲခြားနိုင်ပါသည်။

သမိုင်းဝင်အလို့ငှာ ခရီးသွားစာပေကို ရေးသားကြသောအခါ အများအားဖြင့် စကားပြေအဖွဲ့ဖြင့် ရေးသားကြပါသည်။ ရသစာပေအတွက် ရေ သားကြသောအခါ လင်္ကာသွားစကားပြေဖြင့်ဖြစ်စေ၊ ကဗျာလင်္ကာဖြင့်ဖြစ်စေ ဖွဲ့ဆိုကြပါသည်။ ရှေးခေတ် ခရီးသွားစာပေများကို မှတ်တမ်းပြုထား

သည့် ရှင်ဒိသာပါမောက္ခကျောက်စာ၊ တရုတ်သံရောက်မော်ကွန်း၊ ဘင်္ဂလား သွားစာတမ်း၊ ကလျာဏီကျောက်စာ စသည်တို့ကို လေ့လာကြည့်ပါက သိရှိနိုင်ပါသည်။

ရွှေဟင်္သာဆရာတော်၏ ခရီးသွားမှတ်တမ်းများကို လေ့လာ ကြည့်လျှင် စကားပြေဖြင့် မှတ်တမ်းပြုထားသည်ကိုတွေ့ရပါသည်။ ဆရာတော်၏ ခရီးသွားစာပေများမှာ -

၁။ ညောင်ရွှေခရီးသွားမှတ်တမ်း၊

၂။ ဗုဒ္ဓဂါယာခရီးသွားမှတ်တမ်း၊

၃။ ထိုင်းနိုင်ငံခရီးသွားမှတ်တမ်း၊

၄။ လေးမျက်နှာမြို့ခရီးသွားမှတ်တမ်း၊

၅။ စင်္ကာပူခရီးသွားမှတ်တမ်း၊

၆။ အမေရိကန်ခရီးသွားမှတ်တမ်း တို့ဖြစ်ပါသည်။

**ညောင်ရွှေခရီးသွားမှတ်တမ်း**

ညောင်ရွှေသွားမှတ်တမ်းသည် ၁၃၁၈ ခုနှစ် မြန်မာနိုင်ငံ၌ ပထမဆုံး သမ္မတဖြစ်သည့် ညောင်ရွှေစော်ဘွားကြီးစပ်ရွှေသိုက် အမှုးရှိသော ညောင်ရွှေမြို့နယ် ဒကာ၊ ဒကာမအပေါင်းတို့ကပင့်၍ ညောင်ရွှေမြို့သို့ ကြွရောက်ရခြင်းဖြစ်သည်။ ပြည်မမှ ဆရာတော်ကြီး (၃၅)ပါးပင့်ရာ ရွှေဟင်္သာဆရာတော်ဘုရားကြီးလည်းပါဝင်သည်။ ညောင်ရွှေမြို့ ၂၅ ကြိမ် မြောက် စာတော်ပြန် ဆုနှင်းသဘင်ပွဲ၊ သာသနာတော်နှစ် (၂၅၀၀)ပြည့် အထိမ်းအမှတ်ပွဲနှင့် ဖောင်တော်ဦးကျောင်းတင်ပွဲ (၃)ပွဲအတွက် ပင့်ကြခြင်း ဖြစ်သည်။

၁၃၁၈ ခုနှစ်၊ နယုန်လပြည့်နေ့မှ လပြည့်ကျော် (၇)ရက်အထိ ၁-ပတ်ကြာ ခရီးဖြစ်သည်။ ၁-ပတ်ကြာခရီးမျှဖြစ်သော်လည်း မှတ်တမ်း တင်ထားပုံမှာ စုံလင်ပါသည်။ယင်းမှတ်တမ်း၌ ပွဲ(၃)ပွဲအတွက် ပြည်မမှ ပင့်သော ဆရာတော်(၃၅)ပါးဘွဲ့တော်များ၊ ပွဲ(၃)ပွဲ၊ စာတော်ပြန်ပွဲ၊ စာအောင်စာရင်းထွက်ပုံ၊ ဆုနှင်းသဘင်ကျင်းပပုံ၊ ဖောင်တော်ဦး ဘုရားသို့ ကြွတော်မူပုံ၊ ပေါခုံကျောင်း၊ ပရိတ်တော်တန်ခိုးတော် စသည်အကြောင်း များကို ပြည့်ပြည့်စုံစုံ မှတ်တမ်းပြုထားပါသည်။

ဗုဒ္ဓဂါယာသို့ ခရီးသွားမှတ်တမ်း

ဆရာတော်၏ ခရီးသွားမှတ်တမ်းတို့တွင် ဒုတိယခရီးသွား မှတ်တမ်းသည် ဗုဒ္ဓဂါယာ ခရီးသွား မှတ်တမ်းဖြစ်သည်။ သာသနာရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကြည်ညွှန့် စီစဉ်ပေးချက်အရ အိန္ဒိယနိုင်ငံ ကာလကတ္တား သူဌေးကြီး ပြာရိယားအားလုံး တာဝန်ယူပင့်ဆောင်သော ကြောင့် နောက်ပါရဟန်းတစ်ပါးနှင့်အတူ ကြွရသည့် သီးခြားဗုဒ္ဓဂါယာ ဘုရားဖူးခရီးဖြစ်သည်။ (၃၁)ရက်ကြာခရီးဖြစ်၍ ထိုခရီးသွားမှတ်တမ်းကို ၁၃၄၇ ခုနှစ်(၁၉၈၅ ခုနှစ်) စာအုပ်အဖြစ် ထုတ်ဝေခဲ့သည်။ နိဒါန်း အပါအဝင် စာမျက်နှာ (၈၀)ပါရှိသည်။

ဗုဒ္ဓဂါယာမှတ်တမ်း၌ ရှေးဦးစွာ သံဝေဇနီယလေးဌာနကို ဖော်ပြ သည်။ သံဝေဇနီယလေးဌာနမှာ မြတ်စွာဘုရားဖွားမြင်တော်မူခဲ့သော လုမ္ဗိနီ အင်ကြင်းတော၊ သစ္စာလေးပါးသိဖြစ်သော မဟာဗောဓိပင်၊ ဓမ္မစကြာ တရားဦးဟောသော မိဂဒါဝုန်တော၊ ပရိနိဗ္ဗာန်စံတော်မူရာဖြစ်သော ကုသိနာရုံမြို့အနီးရှိ အင်ကြင်းတောတို့ဖြစ်သည်။ မြန်မာနိုင်ငံမှ ဘုရားဖူးများ ဖြစ်ကြသော ရှင်ဥတ္တရာဇီဝမထေရ် ရွှေကျင်ဆရာတော်ဘုရား၊ မဟာ ဝိသုဒ္ဓါရာမဆရာတော်စသည့်တို့ ဗုဒ္ဓဂါယာသို့ ကြွတော်မူပုံများကိုလည်း ဖော်ပြထားသည်။ ကိုယ်တိုင် ဗုဒ္ဓဂါယာသို့ ကြွချီတော်မူပုံနှင့် သံဝေဇနီယ လေးဌာန စသည်တို့၌ သံဝေဂဉာဏ် ဖြစ်ပွား၍ ပါဠိဂါထာများ စီကုံး ရွတ်ဆိုကာ သံဝေဂယူခဲ့ကြောင်းများကို ဖော်ပြထားသည်။

မှတ်တမ်း၏နိဂုံး၌ ရွှေဟင်္သာဆရာတော်က အောက်ပါအတိုင်း မိမိရရှိသောကုသိုလ်များကို အမျှအတန်းပေးဝေ၍ ခရီးအစအဆုံးကြာရှည် သောရက်များကို မှတ်တမ်းပြုကာရေးသားတော်မူခဲ့သည်။ အသွားအပြန် အပါအဝင် ရက်ပေါင်း(၃၁)ရက်ကြာသည်။

ကာလကတ္တားဗုဒ္ဓဂါယာ၊ မဟာဗောဓိ၊ ရာဇဂြိုလ်၊ ဗာရာဏသီ၊ မိဂဒါဝုန်တောတို့၌ ဗုဒ္ဓပွင့်တော်မူရာ မဟာဗောဓိမှအစပြု၍ မြတ်စွာ ဘုရား၏ အရဟံ အစရှိသော ဂုဏ်တော်ကျေးဇူးတော်တို့ကို အာရုံပြု၍ ဆိုင်ရာဆိုင်ရာ ဘုရားရှိခိုး ဂါထာတို့ဖြင့်လည်းကောင်း ရှိခိုးဖူးမြော် ပူဇော်ခဲ့ရသော မဟာကုသိုလ်ကံကောင်းမှုတို့၏ အဖို့ဘာဂကို အမျှဝေပေး ပါ၏။ ဝမ်းမြောက်ဝမ်းသာဓုခေါ်ကာ ကုသိုလ်ယူကြစေကုန်သတည်း။

ရွှေဟင်္သာဆရာတော်သည် သံဝေဇနိယလေးဌာန ဘုရားရှိခိုး ဂါထာတို့ကို ရေးသားရာ၌ ပါဠိနိဿယဖြင့် ၇ ဂါထာမျှ ရေးသားခဲ့သည်။ ပထမဂါထာသည် မြတ်စွာဘုရား ဖွားတော်မူရာ၌ရှိခိုးခြင်း၊ ဒုတိယ ဂါထာသည် ဘုရားအဖြစ်သို့ ရောက်တော်မူရာ ဗောဓိပင်နေရာ၌ မြတ်စွာ ဘုရားကို ရှိခိုးခြင်း၊ တတိယဂါထာသည် မိဂဒါဝုန်တော၌ မြတ်စွာဘုရား ဟောတော်မူသော ဓမ္မစကြာတရားတော်ကို ဘုရားဟောတော်မူခဲ့သော အကြောင်း အောက်မေ့မှန်းဆ၍ မြတ်စွာဘုရားကို ရှိခိုးခြင်း၊ စတုတ္ထ ဂါထာသည် ဇေတဝန်ကျောင်းတော်နေရာ၌ရပ်၍ မြတ်စွာဘုရားကိုရှိခိုးခြင်း၊ ပဉ္စမဂါထာသည် ကုသိနာရုံပြည်၌ ပရိနိဗ္ဗာန်စံတော်မူပြီးသော မြတ်စွာ ဘုရားကိုရှိခိုးခြင်း၊ ဆဋ္ဌမဂါထာသည်လည်း ပရိနိဗ္ဗာန်စံပြီးသော မြတ်စွာ ဘုရားကိုပင် ရှိခိုးခြင်းနှင့် သတ္တမဂါထာသည် ဒုက္ခအားလုံးတို့မှ လွတ် မြောက်၍ သင်္ခါရတို့မှ ပြတ်ကင်းတော်မူသော မြတ်စွာဘုရားကို ရှိခိုးခြင်း တို့ကို ဖော်ပြထားပါသည်။

**၁၃၄၈ ခုနှစ် ခရီးသွားမှတ်တမ်း**

ရွှေဟင်္သာဆရာတော်သည် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့သို့ အဓိက ထား၍ မြန်မာပြည်၌လည်းကြွချီခဲ့သော ခရီးသွားမှတ်တမ်းကို ၁၃၄၈ ခုနှစ် ခရီးသွားမှတ်တမ်းဟု အမည်တပ်၍ ရေးသားတော်မူခဲ့ပါသည်။ ယင်း မှတ်တမ်း၌နိဒါန်းကို ဆရာတော်ကြီးကိုယ်တိုင် အောက်ပါအတိုင်း ခရီးသွား မှတ်တမ်းရေးသားရခြင်းအကြောင်းကို ရေးသားတော်မူခဲ့ပါသည်။

ရွှေဟင်္သာဆရာတော်သည် ငယ်ရွယ်စဉ်ကစ၍ ဝါသနာ အလျောက် မှတ်သားရေးသားခဲ့သည်။ စွမ်းအားရှိသမျှဖြင့် ကျမ်းစာများကို ရေးသားခဲ့သည်။ ကျမ်းစာအုပ်အဖြစ်ဖြင့် ရေးသားခြင်း၊ ထုတ်ဝေခြင်း မရှိသည့်တိုင် ခရီးသွားသည့်အခါတို့၌ ရေးသား မှတ်သားလေ့ရှိသည်။

ယခု ၁၃၄၈ ခုနှစ်၌ ယိုးဒယားနိုင်ငံ၊ ဘန်ကောက်မြို့သို့ ရှေးရှု၍ သွားခြင်း ဖြစ်သောကြောင့် သတိပြု၍ ခရီးသွားမှတ်တမ်းကို ရေးခြင်း ဖြစ်သည်။ ရည်ရွယ်ချက်မှာ ဤခရီးသွားမှတ်တမ်းကို တွေ့မြင်ဖတ်ရှု ကြရသောပုဂ္ဂိုလ်တို့သည် မိမိတို့တွေ့မြင်သိရှိခဲ့သော ဗဟုသုတတို့ကို စာအနေဖြင့် မျက်မြင်ကိုယ်တွေ့မြင်ရဘိသကဲ့သို့ သိရှိကြပါစေ၊ ကုသိုလ်

ပွားသင့်သလောက် ပွားကြပါစေဟူသော ရည်ရွယ်ချက်ခြင်းလည်း အမှန်ပင် ရှိလေသည်။

ယင်းမှတ်တမ်း၏နိဒါန်း၌ ဘန်ကောက်ခရီးသည် ပဓာနဖြစ်သော်လည်း ၁၃၄၈ ခုနှစ်၊ တပို့တွဲလဆန်း(၂)ရက်နေ့မှစ၍ တပေါင်းလပြည့်ကျော် (၂)ရက်နေ့တိုင်အောင် တစ်လခွဲကျော်ကျော်တွင် ဘန်ကောက်မြို့၌ အချိန်ကာလအနည်းငယ်မျှသာနေခဲ့၍ မြန်မာနိုင်ငံအတွင်း၌သာ ခရီးသွားမှု အချိန်ကာလကြာသည်ဖြစ်သောကြောင့် ဘန်ကောက်ခရီးသွားမှတ်တမ်းဟု အမည်မတပ်မူ၍ သာမညအားဖြင့် ၁၃၄၈ ခုနှစ် ခရီးသွားမှတ်တမ်းဟူ၍ သာလျှင် အမည်တပ်လိုက်ပေသည်။

ရွှေဟင်္သာဆရာတော် ယင်းခရီးသွားမှတ်တမ်း၌ ပါဠိ၊ မြန်မာ ၂-ဂါထာတို့ဖြင့် ရှိခိုးပဏာမကို ဖော်ပြထားပါသည်။

ဝေဠုရိယမယံ ဗိမ္ဗံ၊ သမ္ဗုဒ္ဓ ပဋိရူပကံ။
ဘန်ကောက်နဂရေ ပတိဋ္ဌံ ရတနဋ္ဌံ နမာမဟံ။
တေသု တေသုစ ဌာနေသု စေတျာနိ စ ဗိမ္ဗာနိ စ
ဗုဒ္ဓဂုဏေ သရိတွာန သက္ကစ္စံ သံ နမာမဟံ။

(ကျွန်ုပ်သည် ယိုးဒယားပြည်၊ ဘန်ကောက်မြို့၌ သီတင်းသုံး တည်နေတော်မူသော အဖိုးများစွာတန်သည့် ကျောက်မျက်ရတနာဖြင့် ပြုလုပ်ထားသော ရုပ်ပွားဆင်းတုတော်ကို (မြဘုရား)အလွန်မြတ်နိုးစွာ ရှိခိုးကန်တော့ပါ၏။ ဘန်ကောက်မြို့ နေရာဌာနအသီးသီး၌ တည်ရှိကြသော ဘုရား၊ ရွှေဘုရားစသော စေတီ၊ ရုပ်ပွား ဆင်းတုတော်တို့ကိုလည်း မြတ်စွာဘုရား၏ ဂုဏ်တော်ကို အောက်မေ့ ဆင်ခြင်၍ ကောင်းမွန်ကြည်ညို ရိုသေလေးမြတ်စွာ ရှိခိုးကန်တော့ပါ၏) ဟု ရေးသားထားပါသည်။

ရွှေဟင်္သာဆရာတော်သည် ဤခရီးသွားမှတ်တမ်း၌ ဘန်ကောက်မြို့သို့မကြွမီ ရန်ကုန်မြို့၌သီတင်းသုံးတော်မူခန်း၊ မအူပင်မြို့သို့ သိမ်သမုတ်ကြွတော်မူခန်း၊ ဘန်ကောက်မြို့သို့ ဘုရားဖူးကြွတော်မူခန်း၊ ယင်းမှ အပြန် စစ်ကိုင်းတောင်ရိုးသို့ မကြွမီ ရန်ကုန်မြို့၌ နားနေတော်မူခန်း၊ ဆရာတော်၏ ကျန်းမာသက်ရှည်ရေး၊ ပစ္စည်းလေးပါးအရေးတို့နှင့်ပတ်သက်၍ တရားနှလုံးသွင်းခန်း၊ ညောင်တုန်းမြို့ ရွှေဟင်္သာတောရတိုက် ဝိနည်းစာပြန်ပွဲသို့ ကြွတော်မူခန်း စသည်တို့ကို ပြည့်ပြည့်စုံစုံမှတ်တမ်းပြု ဖော်ပြထားပါသည်။

**လေးမျက်နှာမြို့သို့သွားသော ခရီးသွားမှတ်တမ်း**

ရွှေဟင်္သာဆရာတော်သည် လေးမျက်နှာမြို့ ခရီးသွားမှတ်တမ်းကို ၁၃၄၉ ခုနှစ်တွင် ရေးသားတော်မူခဲ့သည်။ မိမိမွေးဖွားရာ ဇာတိကို မမေ့ အပ်ကြောင်း ဗုဒ္ဓမြတ်စွာဘုရား၏ သာသနာတော်လာရိုးစဉ်နှင့်အညီ ကျေးဇူး တော်ရှင် စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာတိုက်သစ် ဆရာတော်ဘုရားကြီး ရှင်ပဏ္ဍိတမထေရ်မြတ်သည် မိမိမွေးဖွားရာ ဖြစ်သော လေးမျက်နှာမြို့ကို အစဉ်အမြဲသတိစွဲလျက် အကျိုးထုတ်ဖော် မျှော်တွေးခေါ်တော်မူသည့်အတိုင်း လေးမျက်နှာမြို့အတွင်းရှိ သာသနာ့ဝန်ထမ်း ရဟန်း သံဃာတော်များနှင့် သက်ရွယ်တော်ကြီး မထေရ်ကြီးများအပါအဝင် (၁၃၀)ကျော်တို့ကို မိမိ ရရှိသော ခမ္ဘိယလဒ္ဓ သင်္ကန်းအစရှိသည့်ပစ္စည်း၊ ဝတ္ထုအစုစုတို့ဖြင့် ချီးမြှင့် လိုသည့်ဆန္ဒတော် ပေါ်ပေါက်လာသည့်အတွက် လေးမျက်နှာမြို့သွား ခရီးသွားမှတ်တမ်းကို ရေးသားခဲ့ပါသည်။

ရွှေဟင်္သာဆရာတော်သည် လေးမျက်နှာမြို့သို့ သွားရခြင်း အကြောင်းကို ကျမ်းအဦးအစ၌ အောက်ပါအတိုင်း ဖော်ပြထားပါသည်။

လေးမျက်နှာမြို့သည် ဧရာဝတီတိုင်း၊ ငါးဝန်မြစ် အနောက်ဘက် ကမ်း၌ တည်ရှိသော တောမြို့ကလေးပင်ဖြစ်သည်။ ရွှေဟင်္သာဆရာတော် သည် လေးမျက်နှာမြို့ အလယ်ရပ်၌ မွေးဖွားသောဆရာတော်ဖြစ်၍ မိမိ ဇာတိအရပ်ဒေသကို မမေ့မလျော့၊ မိမိမြို့၏ ဂုဏ်ကျေးဇူးကိုသတိရလျက် အဝိဉာဏက သက်မဲ့မြို့ပင်ဖြစ်သော်လည်း ကျေးဇူးတုန့်ပြန်လိုသော ဆန္ဒဖြင့် ယခင်ကသုံးကြိမ်တိုင်တိုင် လေးမျက်နှာသို့သွား၍ မြို့ပေါ်နှင့်နယ်၌ သီတင်း သုံးတော်မူကြသော သံဃာတော် ၁၁၀တို့အား ဖိတ်ကြား၍ ဆွမ်းကပ်ခြင်း၊ သင်္ကန်းအစရှိသော ဒါတဗ္ဗပစ္စည်းတို့ကိုလှူဒါန်းခြင်းတို့ကိုပြုခဲ့ပါ၏။ ယခု အခါ သက်တော် ၉၅ နှစ်ရှိပြီဖြစ်၍ နောက်တစ်ကြိမ် သွားကောင်းမှသွားနိုင် မည်။ ယခုသွားနိုင်စဉ်အခါ၌ သွားရောက်၍ မြို့ရောနယ်ပါ သံဃာတော်တို့ အား ပင့်ဖိတ်၍ ကျွေးမွေးလှူဒါန်းလိုသောဆန္ဒဖြင့် သွားရောက်ရခြင်း ဖြစ်ပေသည်။

ရွှေဟင်္သာဆရာတော်သည် လေးမျက်နှာမြို့ ခရီးသွားမှတ်တမ်း နိဂုံးတွင် "စစ်ကိုင်းနှင့် မန္တလေးမှ လာကြိုကြသည်။ စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာတိုက်သစ်သို့ နံနက် ၄း၀၀ နာရီအချိန် ကောင်းစွာပြန်ရောက်

ကြသည်ဖြစ်၍ လေးမျက်နှာမြို့သို့ သွားသော ခရီးစဉ်သည် ၁၃၄၉ ခုနှစ်၊ တပေါင်းလပြည့်ကျော် (၇)ရက်နေ့၌ ကျန်းမာစွာ အောင်မြင် ပြီးဆုံးပါသတည်း'' ဟုဖော်ပြထားပါသည်။

နောက်ဆက်တွဲ နိဂုံး၌လည်း ''အသီးသီးသော ဆရာတော်၊ သံဃာတော်၊ ဒါယကာ၊ ဒါယိကာမတို့၏ စေတနာသဒ္ဓါအားဖြင့် ဆိုင်ရာဆိုင်ရာတို့မှ အားသွန်ခွန်စိုက်ဆောင်ရွက်ကြသောကြောင့် ရွှေဟင်္သာဆရာတော်သည် တစ်လပတ်လုံး လမ်းခရီးတစ်လျှောက်၌ လည်းကောင်း၊ စစ်ကိုင်းသို့ ပြန်ရောက်ပြီး ယနေ့အထိ လည်းကောင်း၊ ကျန်းမာစွာရှိသဖြင့် ထိုထိုသံဃာတော်၊ ဆရာတော်တို့နှင့် ဒါယကာ၊ ဒါယိကာမတို့အား မေတ္တာပို့ရပါသည်'' ဟု မိမိ၏ မေတ္တာစိတ်ဖြန့်ချိကြောင်းကို ဖော်ပြထားပါသည်။

### စင်္ကာပူခရီးသွားမှတ်တမ်း(၁၃၅၁)

ရွှေဟင်္သာဆရာတော်သည် ၁၃၅၁ ခုနှစ်၌ ဘန်ကောက်၊ စင်္ကာပူ၊ မလေးရှား၊ ပီနန်တို့သို့ သွားရောက်ခဲ့သောခရီးစဉ်ကို စင်္ကာပူ ခရီးသွားမှတ်တမ်းအဖြစ်ဖြင့် ရေးသားတော်မူခဲ့ပါသည်။ ယင်းနိုင်ငံသို့ ကြွရောက်တော်မူရခြင်း အကြောင်းရင်းများကို ရွှေဟင်္သာဆရာတော်သည် ကျမ်းဦးအစ၌ အောက်ပါအတိုင်း ဖော်ပြထားပါသည်။

စင်္ကာပူမြို့၌ ထေရဝါဒ မြန်မာဗုဒ္ဓဘာသာ အစဉ်အလာပြုလုပ်ကြမြဲကို မပျက်စေဘဲ စင်္ကာပူ၌နေကြကုန်သော မြန်မာ တရုတ် ဗုဒ္ဓဘာသာဝင်တို့က ရှေ့ဆောင်ကြ၍ ထေရဝါဒမြန်မာဗုဒ္ဓဘာသာတို့၏ အလေ့သဘောအတိုင်း ဝါကျွတ်ပွဲ၊ ကထိန်ပွဲ၊ အမျိုးသားယဉ်ကျေးမှုပြပွဲ၊ ဘုရားကျောင်းဆောက်လုပ်ရန် ပန္နက်တင်ပွဲ၊ ဆရာပင့်ပွဲ စသည်တို့ကို ဆောင်ရွက်ကြသောစာများကိုလည်းကောင်း၊ သုံးလတစ်ကြိမ် အင်္ဂလိပ်-တရုတ် နှစ်ဘာသာဖြင့် ထုတ်ဝေသော စာစောင်တို့ကိုလည်းကောင်း၊ အလွန်ကြည်ညိုဖွယ်ကောင်းလှသော စကျင်ကျောက်ဖြင့် ထုအပ်သောအမြင့် ဉာဏ်တော် (၁၀)ပေကျော်ရှိသော ကျောက်ဆင်းတုရုပ်ပွားတော်ကြီးဓာတ်ပုံကိုလည်းကောင်း ဒေါ်ချိုချိုလှိုင်ထံမှတဆင့် ကြည့်ရှုကြရသောကြောင့် ကိုယ်တိုင်ပင် သွားရောက်၍ ရုပ်ပွားတော်ကြီးကို ကြည်ညိုပူဇော်လိုသော ဆန္ဒစွမ်းနိုင်သမျှအားပေးချီးမြှောက်လိုသောဆန္ဒ ဖြစ်ပေါ်ကာ ဒေါ်ချိုချိုလှိုင်ထံသို့ အကြောင်း

ကြားလိုက်ခြင်းကြောင့် စက်ာပူမှ ဦးတင်ထွန်းက လိုလိုချင်ချင် ဝမ်းမြောက် ဝမ်းသာပင့်လျှောက်ခြင်းကြောင့် ဘန်ကောက်၊ စက်ာပူ၊ မလေးရှား၊ ပီနန်သို့ ခရီးရှည် ထွက်ခဲ့ခြင်းပင်ဖြစ်လေသည်။

ရွှေဟင်္သာဆရာတော်သည် မိမိရရှိသောပစ္စည်းများကို ရောက်ရာ ဒေသရှိ ရဟန်းသံဃာတော်တို့အား လှူဒါန်း စွန့်ကြဲဘိသကဲ့သို့ နိုင်ငံအသီး သီးမှပါလာသော ပစ္စည်းများကိုလည်း မိမိသီတင်းသုံးရာ ရွှေဟင်္သာ တိုက်သစ်ရှိ တိုက်အုပ်ဆရာတော်မှအစ သာမဏေငယ်အဆုံး အားလုံး အမှတ်တရအဖြစ် မြတ်မြတ်နိုးနိုး လှူဒါန်းလေ့ရှိကြောင်းကိုလည်း ကျမ်း၏ နိဂုံး၌ အောက်ပါအတိုင်း ဖော်ပြထားပါသည်။

"၁၃၅၁ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁-ရက်နေ့၌ စက်ာပူမှ ယူဆောင်လာသော မှတ်ဆိတ်ရိတ်နှင့် ခေါင်းရိတ်ဓားများ၊ ခါးပိုက်ဆောင် နာရီများ၊ ဖောင်တိန်နှင့် ဘောလ်ပင်များ စသောပစ္စည်းများကို တိုက်အုပ် ဆရာတော်မှစ၍ တိုက်ကြပ်ဘုန်းကြီး၊ စာချဘုန်းကြီးများ၊ စာတော်သော ရဟန်းသာမဏေနှင့် စာမေးပွဲ အောင်မြင်ကြသော ရဟန်းသာမဏေတို့အား အသီးသီးတစ်စုံစီ လှူဒါန်းပါသည်။ ထိုမှတစ်ပါး အနီးအနား ပတ်ဝန်းကျင် ၌ သီတင်းသုံးတော်မူကြကုန်သော ဘုန်းတော်ကြီးများအားလည်း ထိုက်သည့် အားလျော်စွာ အသီးသီးလှူရပါသည်။ ခရီးသွားစဉ် ဒါယကာ၊ ဒါယိကာမ တို့က လှူလိုက်သော ပစ္စည်းတို့ကိုလည်း ကျောင်းတိုက်အတွင်းရှိ သံဃာ များအား စာရေးတံမဲချ၍ လှူလိုက်ပါပြီ သာဓု သာဓု သာဓု ခေါ်ကြပါ ကုန်လော့၊ ခေါ်ကြပါကုန်လော့" ဟု ရေးသားထားပါသည်။

မြန်မာသက္ကရာဇ် ၁၃၅၀ ပြည့်နှစ်၊ ပြာသိုလဆန်း (၁၀)ရက်နေ့ စစ်ကိုင်းတောင်ရိုး၊ ရွှေဟင်္သာတိုက်သစ်မှ အစပြု၍ ခရီးရှည်ထွက်ခဲ့သည်မှာ ၁၃၅၁ ခုနှစ် တပို့တွဲလပြည့်နေ့၌ စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာတိုက်သစ်သို့ ကောင်းမွန်ကျန်းမာစွာ ပြန်ရောက်လေသည်။

ရွှေဟင်္သာဆရာတော်သည် သက်တော်(၉၇)နှစ်၌ တိုင်းတစ်ပါးသို့ ခရီးထွက်သော ခရီးသွားမှတ်တမ်းသည် ဤတွင်ပြီးဆုံးပါပြီဟု ရေးသား ဖော်ပြထားပါသည်။ ရွှေဟင်္သာဆရာတော်သည် မိမိအား အစစအရာရာ ကူညီဆောင်ရွက်ပြုစုပေးရသော "စက်ာပူမှ ဦးတင်ထွန်း+ဒေါ်ခင်သန်းအေး၊ ရန်ကုန်မြို့မှ ဒေါ်ချိန်ကင်း သမီး ဒေါ်ချိုချိုလှိုင်၊ ရန်ကုန်မှ ဒေါ်ခင်ဝင်း

တို့သည် ကျန်းမာချမ်းသာ၍ အသက်ရှည်ကာ သူတော်ကောင်းဟရားကို ပွားများနိုင်ကြပါစေ" ဟုဖော်ပြထားပါသည်။

**အမေရိကန်ခရီးသွားမှတ်တမ်း(၁၃၉၄)**

ရွှေဟင်္သာဆရာတော်သည် သက်တော်(၉၉)နှစ်အရွယ်သို့ ရောက်သောအခါ အမေရိကန်နိုင်ငံသို့ ခရီးဒေသစာရီကြွချီတော်မူခဲ့သည်။ ယင်းခရီးစဉ်ကို မှတ်တမ်းတင်သည့်အနေဖြင့် အမေရိကန်ခရီးသွားမှတ်တမ်းအဖြစ် ရေးသားတော်မူခဲ့သည်။ ယင်းမှတ်တမ်း၌ နိဒါန်းပိုင်းတွင် ခရီးသွားမှတ်တမ်းရေးသားရခြင်းအကြောင်းကို ဖော်ပြထားသည်။

ဝါသနာအလျောက် မှတ်မှတ်ရရ ခရီးသွားမှတ်တမ်း(၅)စောင် ရေးခဲ့ဖူးပါပြီ။ ယခုအမေရိကန်သို့ သွားသော အချိန်အရွယ်မှာမူကား သက်တော်(၉၉)နှစ်သို့ရောက်နေပြီဖြစ်၍ ပင်ကိုယ်ဝါသနာနှင့် စိတ်ဆန္ဒရှိသော်လည်း ယခင်ကဲ့သို့ရေးနိုင်တော့ မည်မဟုတ်ပေ။ အကြောင်းမှာ အပူအအေး၊ နံနက်ညနေ၊ အချိန်အခါ အားလျော်စွာ လက်မသွက်တော့ပေ။ ရံဖန် လက်တုန်နေသည်။ ရံခါစာလုံးများ မညီမညွတ် တောင်ထိုးမြောက်ထိုးဖြစ်နေသည်။ သို့ကြောင့် ကျန်အကြိမ်၌ မှတ်တမ်းတစ်စောင်ဖြစ်ရုံမျှသာ ရေးသားနိုင်လိမ့်မည်ဟု ယုံကြည်ကြသည်။

ဤသို့စိတ်ဆန္ဒရှိသလောက် ရေးသား မဖော်ပြနိုင်သော်ငြားလည်း ကြွရောက်ခဲ့ရာ မြန်မာဘုန်းတော်ကြီးကျောင်းများတွင် ကျင်းပပြုလုပ်သောရာပြည့် အကြိုပူဇော်ပွဲများတွင် မိန့်ကြားခဲ့သည်။ ဩဝါဒကထာများနှင့် လျှောက်ထားလွှာများကို ပူးတွဲဖော်ပြထားရာ တစ်မူထူးခြား စိတ်ဝင်စားစရာကောင်းသော ခရီးသွားမှတ်တမ်းတစ်စောင်အဖြစ်ဖြင့် ရေးသားစီရင်ဆောင်ရွက်ရသည်ကို ဝမ်းသာမိသည်။

အင်္ဂလိပ် စကားပုံ၌ "A picture is worth a thousand word" 'ဓာတ်ပုံတစ်ပုံသည် စကားလုံးတစ်ထောင်မျှ တန်ဖိုးရှိသည်' ဟု ဆိုထားသည့်အလျောက် မှတ်တမ်းဓာတ်ပုံများက လိုအပ်သည်များကို ဖြည့်စွက်ပေးထားသည်။

ရွှေဟင်္သာဆရာတော်သည် အမေရိကန်သို့ကြွရာ၌ စင်္ကာပူနိုင်ငံမှ တစ်ဆင့် ကြွတော်မူသည်။ ယင်းစင်္ကာပူနိုင်ငံ၌ ခေတ္တခဏ အနားယူပြီး

အမေရိကန်သို့ ကြွရောက်သည်။ လော့စ်အိန်ဂျယ်လိစ်၊ ဆန်ဖရန်ဆစ်စကိုကို၊ ဒေလီစတီမြို့၊ ဓမ္မာနန္ဒဝိဟာရကျောင်းပူဇော်ပွဲ၊ တ၁ထာဂတတရားရိပ်သာ ပူဇော်ပွဲ၊ တောင်ပုလုကမ္ဘာအေးကျောင်း၊ မွန်ထရီအေးငါးပြတိုက်၊ ဖော့ မာယာမြို့ဓမ္မသုခဝိဟာရကျောင်းပူဇော်ပွဲ၊ ဝါရှင်တန်မင်္ဂလာရာမကျောင်း ပူဇော်ပွဲ၊ နယူးယောက်မြို့လောကချမ်းသာကျောင်းပူဇော်ပွဲ၊ လော့အိန် ဂျယ်လိစ်တွင် မျက်စိခွဲစိတ်ကုသခြင်း စသည့်အကြောင်းများကို ဓာတ်ပုံ များနှင့်တကွ အသီးသီးဖော်ပြထားသည်ကို တွေ့ရသည်။ ယင်းကျမ်းစာ၏ နောက်ဆုံး၌ အမေရိကန်နိုင်ငံတွင် ဆရာတော်ဘုရားရှိစဉ် အမေရိကန် နိုင်ငံရှိ မြန်မာဘုန်းတော်ကြီးကျောင်းများမှ ထုတ်ဝေသောစာစဉ်များ ဆရာတော်ဘုရားကြီး၏ ဩဝါဒကထာများ စသည်တို့ကိုလည်း ဖော်ပြ ထားပါသည်။

ကျမ်း၏ နိဂုံး၌ နောက်နှစ်ဆိုသော အချိန်ကာလကို စဉ်းစားရ မည်မှာ ယခုအခါ ရွှေဟင်္သာဆရာတော်သည် သက်တော် (၉၉)နှစ်တွင် ရောက်နေပြီး နောင်နှစ်ဆိုရင် သက်တော် (၁၀၀)တွင်းသို့ ရောက်နေ လိမ့်မည်။ ခန္ဓာကိုယ်က ရပ်နေလိမ့်မည် မဟုတ်၊ အချိန်ရှိသမျှ နေ့ရက် ရှိသမျှ တစ်ချိန်နှင့်တစ်ချိန် တစ်ရက်ထက်တစ်ရက် အိုမင်း ယိုယွင်းနေပေ လိမ့်မည်။

ရွှေဟင်္သာဆရာတော်သည် တောင်ဇေးရှည်ကြီး မဟုတ်သော် လည်း တိုတိုတုတ်ကောက် တောင်ဇေးပါမှသာ လမ်းလျှောက်နိုင်သည်ဖြစ်၍ အတန်ကြာလျှင် ခန္ဓာကြွေတော့မည်ဖြစ်၍ အမေရိကန်သို့ နောက်တစ်ကြိမ် ကြွနိုင်ရန်အရေးကို စဉ်းစားဆင်ခြင်ကြရန် ရှိပေသည်ဟုဆိုရပေမည်ဟု သံဝေဂဉာဏ်ဖြင့် နိဂုံးချုပ်ထားပါသည်။ ၁၃၅၄ ခုနှစ်၊ သီတင်းကျွတ် လဆန်း (၁၄)ရက်နေ့ပြီး၏ဟုလည်း မှတ်တမ်းပြီးချိန်ကိုပါ ဖော်ပြထား ပါသည်။

# အခန်း - ၄
# ဆရာတော်၏ အံ့ဖွယ်ဂုဏ်ရည်များ

မြတ်စွာဘုရားသည် မင်္ဂလသုတ်တော်၌ ''ပူဇာစ ပူဇနေယျာနံ ဧတံမင်္ဂလ မုတ္တမံ'' ပူဇော်ထိုက်သော ပုဂ္ဂိုလ်တို့အား ပူဇော်ခြင်းသည် ကြီးပွားတိုးတက် အောင်မြင်ခြင်း မင်္ဂလာမည်ကြောင်း ဟောတော်မူခဲ့သည်။ ပူဇော်ထိုက်သော ဂုဏ်သည် အမျိုးမျိုးရှိပါသည်။ အခြားသူတို့ထက် ထူးကဲသော ဂုဏ်အရည်အချင်းများ ရှိသူတို့ကိုသာ အများစုက လေးစားတန်ဖိုးထား ပူဇော်ကြခြင်း ဖြစ်ပါသည်။ ထူးကဲသော ဂုဏ်အရည်အချင်းကို အဗ္ဘုတဓမ္မဟု ခေါ်ဆိုပါသည်။

ပိဋကစာပေ၌ စကြဝင်း၏အံ့ဖွယ် (၄)မျိုး၊ ရှင်အာနန္ဒာ၏ အံ့ဖွယ် (၄)မျိုး၊ သာသနာတော်၏ အံ့ဖွယ် (၈)မျိုး၊ သမုဒ္ဒရာ၏အံ့ဖွယ် (၈)မျိုး၊ ဝေသာလီမြို့နေ ဥဂ္ဂသူကြွယ်၏အံ့ဖွယ် (၈)မျိုး၊ ဟတ္ထိဂ္ဂါမ်ရွာနေ ဥဂ္ဂသူကြွယ်၏ အံ့ဖွယ် (၈)မျိုး၊ ဟတ္ထကမည်သော အာဠဝီမင်းသား၏အံ့ဖွယ် (၈)မျိုး၊ ဗုဒ္ဓ၏အံ့ဖွယ် (၁၈) မျိုး၊ ရှင်ဗာကုလ၏ အံ့ဖွယ် (၃၇)မျိုးစသည်ဖြင့် အံ့ဖွယ်ဂုဏ်ရည် အမျိုးမျိုးတို့ကို ဖော်ပြထားပါသည်။ ယင်းအံ့ဖွယ်များကို အဗ္ဘုတဓမ္မဟုခေါ်ခြင်း ဖြစ်ပါသည်။ ရွှေဟသ်ာဆရာတော်ဘုရားကြီးသည်လည်း အဗ္ဘုတဓမ္မ အံ့ဩဖွယ်ဂုဏ်ရည်များနှင့် ပြည့်စုံတော်မူသော မဟာထေရ်မြတ်ဖြစ်သည်။

## ဒီဃာယုကတာဂုဏ်-အသက်ရှည်ခြင်းဂုဏ်

မျက်မှောက်ခေတ် လူတို့၏သက်တမ်းသည် (၇၅)နှစ်ဟု သတ်မှတ်လေ့ ရှိကြပါသည်။ မြတ်စွာဘုရားလက်ထက်တော်၌ သက်တမ်း (၁၀၀)ဟု သတ်မှတ်ခဲ့ကြသည်။ မြတ်စွာဘုရားသည် သက်တမ်း၏ (၅)ပုံ (၄)ပုံတွင်နေရသော ဓမ္မတာရှိသောကြောင့် သက်တော် (၈၀)တွင် ပရိနိဗ္ဗာန်စံတော်မူခဲ့ရသည်။ မြတ်စွာဘုရားလက်ထက်၌ သက်တမ်းစေ့နေခဲ့ရသော

ပုဂ္ဂိုလ်များရှိသကဲ့သို့ သက်တမ်းရာကျော်၍ (၁၆၀)ထိနေခဲ့ရသူများပင် ရှိပါသည်။

ဒီဃနိကာယ် မဟာဝဂ္ဂ အဋ္ဌကထာ မဟာပဒါနသုတ် အာယုပရိစ္ဆေဒဝဏ္ဏနာ၌ အသက်ရာကျော်ရှည်ကြသူများကို ဖော်ပြထားပါသည်။ အသက် (၁၂၀) ရှည်သောပုဂ္ဂိုလ်တို့မှာ -

၁။ ကျောင်းအမကြီးဝိသာခါ၊

၂။ ပေါက္ခရသာထိပုဏ္ဏား၊

၃။ ဗြဟ္မာယုပုဏ္ဏား၊

၄။ သေလပုဏ္ဏား၊

၅။ ဗာဝရီယပုဏ္ဏား၊

၆။ ညီတော်နန္ဒာနှင့်

၇။ အရှင်မဟာကဿပတို့ ဖြစ်ကြသည်။

အသက်(၁၅၀) ရှည်သော ပုဂ္ဂိုလ်သည် အရှင်အနုရုဒ္ဓါဖြစ်ပြီး အသက် (၁၆၀)ရှည်သူမှာ အရှင်ဗာကုလ ဖြစ်သည်။

ယင်းအဋ္ဌကထာ၌ သက်တော် (၁၀၀)ထက်ကျော်လွန်သူသည် အနည်းငယ်မျှသာရှိသည်။ အခြားပုဂ္ဂိုလ်များသည် အသက် (၁၀၀)သို့ မရောက်ဘဲ (၂၀) (၃၀) (၄၀) (၅၀) (၆၀) မျှသာ အသက်ရှည်ကြသည်။ ထို့ကြောင့် 'ဒီဃာယုကော အတိဒုလ္လဘော' အသက်ရှည်ခြင်းသည် အလွန်ရခဲလှသည်ဟု မိန့်ဆိုထားသည်။ ရှင်ဗာကုလသည် အသက် (၁၆၀) ရှည်ခဲ့သော်လည်း ယင်းထက်ပိုလွန်၍ အသက်မရှည်နိုင်၊ (၁၆၀)ထိ အသက်ရှည်ခြင်းသည် အလွန်ဆုံးအသက်ရှည်ခြင်းပင်ဖြစ်သည်။ ယင်းထက် မပိုလွန်။ အသက် (၂၀၀)ထိ ရှည်သူသည်မရှိဟု ယင်း အဋ္ဌကထာ၌ ''အယံ သဗ္ဗဒီဃာယုကော။ သောပိ ဒွေ ဝဿသတာနိ န ဇီဝတိ'' ဟု ဖော်ပြထားသည်။

ရွှေဟင်္သာဆရာတော်ဘုရားကြီးသည် သက်တော် (၁၀၂)ထိ ရှည်တော်မူခဲ့သည့်အတွက် ထူးကဲအံ့ဖွယ်သော ဒီဃာယုက အသက်ရှည်ခြင်းဂုဏ်နှင့် ပြည့်စုံတော်မူခဲ့သည်။ ယင်းအသက် (၁၀၂)နှစ်ထိနေခဲ့ရခြင်းသည် ကြည်ညိုဖွယ်ရာ ဂုဏ်ရည်တစ်ရပ်ပင် ဖြစ်သည်။ ရှာမှရှားသော မထေရ်မြတ်တစ်ပါးပင် ဖြစ်သည်။

## ပုညဝန္တတာ-ဘုန်းကြီးခြင်းဂုဏ်

လောက၌ 'အသက်ရှည်၍ ဘုန်းမကြီး၊ ဘုန်းကြီး၍အသက်မရှည်' ဟု ဆိုရိုးရှိသည်။ လူ့ဘဝ၌ အချို့သောသူများသည် အသက်ရှည်သော်လည်း ဘုန်းကံမရှိကြ။ ဆင်းဆင်းရဲရဲဖြင့် နွမ်းနွမ်းပါးပါး နေရသည်။ အချို့ကား ဘုန်းပင်ရှိသော်လည်း အသက်မရှည်ကြ။ ငယ်ငယ်ရွယ်ရွယ်နှင့် သေဆုံးကြရသည်။ သက်ရှည်၍ဘုန်းကြီးသော ပုဂ္ဂိုလ်သည် ရှားလှသည်။ ဘုန်းကြီးဟူသည် စားသောက်နေထိုင်ဝတ်ဆင်ဖွယ်ရာ ပြည့်ပြည့်စုံစုံ ရှိနေမှုကိုခေါ်ဆိုသည်။

ရွှေဟင်္သာဆရာတော်သည် သက်တော်လည်းရှည်တော်မူသည်။ ဘုန်းကံလည်း ကြီးမားတော်မူသည်။ သက်တော် (၁၀၂)ထိ ရှည်တော်မူခြင်းကပင် အသက်ရှည်ခြင်းဂုဏ်ကို ညွှန်ပြ၍ ဥတုသုံးလီမျှတစွာ နေနိုင်ရန် စစ်ကိုင်း၊ ပြင်ဦးလွင်၊ ရန်ကုန်တို့၌ ရွှေဟင်္သာကျောင်းတိုက်များ၌ ဣရိယာပထ မျှတစွာနေထိုင်နိုင်မှုတို့က ဘုန်းကြီးခြင်းဂုဏ်ကို ဖော်ပြနေပါသည်။ ကျောင်းတိုက်အသီးသီးတည်ထောင်နိုင်၍ မိမိနှင့်သင့်လျော်သော စားသောက်နေထိုင်ဝတ်ဆင်ဖွယ်ရာများ လိုလေသေးမရှိ ပြည့်စုံနေမှုကလည်း ဘုန်းကြီးခြင်းလက္ခဏာကို ညွှန်ပြနေပါသည်။

ရွှေဟင်္သာဆရာတော်သည် သက်တော်ရှည်၍ ဘုန်းကြီးသော မထေရ်မြတ်တစ်ပါးပင် ဖြစ်ပါသည်။ ယင်းဂုဏ်နှင့် ပြည့်စုံမှုသည်လည်း ရှားပါးလှပါသည်။ ထို့ကြောင့် သက်ရှည်၍ ဘုန်းကြီးသော ရွှေဟင်္သာဆရာတော်သည် ကြည်ညိုဖွယ်ရာ ဂုဏ်ရည်နှင့် ပြည့်စုံသော မထေရ်မြတ်ပင်ဖြစ်တော်မူပါသည်။

## မဟာပရိဝါရတာ - အခြံအရံများခြင်းဂုဏ်

လောက၌ 'အထီးကျန် တစ်ကောင်ကြွက်' နေကြရသူများ ရှိပါသည်။ သားသမီး၊ တပည့်၊ ပရိသတ်တို့ဖြင့် သိုက်သိုက်ဝန်းဝန်းနေကြရသူများလည်း ရှိသည်။

အချို့ပုဂ္ဂိုလ်များသည် အသက်ရှည်၍ ဘုန်းကြီးသော်လည်း အခြံအရံ နည်းပါးလျက် ရှိတတ်သည်။ လွင်တီးခေါင်တွင် တစ်ပင်တည်းပေါက်နေသော သစ်ပင်ကြီးနှင့် အလားတူပါသည်။ အချို့သော ပုဂ္ဂိုလ်သည်

အခြံအရံပေါများသောကြောင့် ကြယ်ပေါင်းစုံဝန်းရံခနေသည့် ငွေလမင်းနှင့် တူပါသည်။ ယင်းပုဂ္ဂိုလ်မျိုးလည်း ရှားပါးလှပါသည်။

ရွှေဟင်္သာဆရာတော်သည် ရွှေကျင်နိကာယများ၏ ပထမအကြီး အကဲဖြစ်တော်မူသောကြောင့် များသောအခြံအရံရှိတော်မူသည်။ ကြယ် အပေါင်းရံ ထွန်းပရောင်လင်းငွေလမင်း ဖြစ်တော်မူပါသည်။ ဤသို့ များသော အခြံအရံရှိတော်မူခြင်း 'မဟာပရိဝါရတာ' သည်လည်း ရွှေဟင်္သာဆရာတော်၏ အံ့ဖွယ်ဂုဏ်ရည် 'အဗ္ဘုတဓမ္မ' တစ်မျိုးပင် ဖြစ်ပါသည်။

## ပဟုဟာဓတော-ကျန်းမာခြင်းဂုဏ်

လောက၌ အသက်ရှည် ဘုန်းကြီးပြီး အခြံအရံများသော်လည်း လောကဝေဒနာ ဖိစီးနှိပ်စက်မှုကြောင့် ကုတင်ပေါ်၌ လဲနေရသည်က များသော ပုဂ္ဂိုလ်လည်း ရှိသည်။ ရောဂါထူပြော၍ ကျန်းမာသည်ဟူ၍ မရှိ။ ဆေးဝါးဓာတ်စာဖြင့် မပြတ်ကုသနေရသည်။ အချို့သောပုဂ္ဂိုလ်သည် အသက်လည်းရှည်သည်။ ဘုန်းလည်းကြီးသည်။ အခြံအရံ ပရိသတ်လည်း များသည်။ ကျန်းမာဖျတ်လတ်မှုလည်း ရှိသည်။ ယင်းပုဂ္ဂိုလ်မျိုးသည် ရှားလှသည်။ မြတ်စွာဘုရားက ဓမ္မပဒပါဠိတော်၌ အာရောဂျ ပရမာ လာဘာ 'ကျန်းမာခြင်းသည် လာဘ်တစ်ပါး' ဟု ဟောတော် မူခဲ့သည်။

'ဥတုဘောဇနေဝသေန အာယု ယာယတိပိ ဝမတိပိ' ဥတုဘောဇဉ် ၏အစွမ်းကြောင့် သက်တမ်းဆုတ်ယုတ်သည်လည်းရှိ၏။ တိုးသည် လည်းရှိ၏ဟု အရှင်မဟာဗုဒ္ဓဃောသက ရေးသားခဲ့သည်။

ထိုရေးသားချက်ကို လက်ခံလျှင်အသက်ရှည်မှု တိုမှုအတွက် ကံထက် ဥတုဘောဇဉ်တို့က ပို၍ အဆုံးအဖြတ် ပေးနိုင်ကြောင်း လက်ခံ ရမည် ဖြစ်သည်။ အသက်ရှည်မှု အသက်တိုမှု၌ ကံသည် အကြောင်းရင်း မှန်သော်လည်း ဥတုဘောဇဉ်တို့ကသာ အဆုံးအဖြတ်ပေးနိုင်လေသည်။ သို့ဖြစ်၍ လူတိုင်း လူတိုင်း ကျန်းမာသက်ရှည်ရန် သင့်လျော်သည့်ဥတု၊ သင့်လျော်သည့် အာဟာရတို့ကို ရွေးချယ် အသုံးပြုတတ်ဖို့လိုပါသည်။

မိမိနှင့်သင့်လျော်သည့် ဥတုအာဟာရတို့ကို ရွေးချယ်တတ်သည့် အသိဉာဏ်ရှိလျှင် ကျန်းမာပြီးအသက်ရှည်နိုင်သည်။ ဤသည်ကိုပင်

ရည်ရွယ်၍ 'အသက်ဉာဏ်စောင့်' ဟု ရှေးလူကြီးများက ပြောကြားခြင်း ဖြစ်သည်။

အသက်ဉာဏ်စောင့်ဟူသောစကားသည် ရွှေဟင်္သာဆရာတော် အဖို့ပို၍ လေးနက်မှန်ကန်နေသည်။ ရွှေဟင်္သာဆရာတော်ငယ်စဉ်က ညောင်တုန်းရွှေဟင်္သာတောရနှင့် သပ္ပါယမဖြစ်၍ ကျန်းမာရေးချို့တဲ့ခဲ့သည်။ သပ္ပါယဖြစ်သည့် စစ်ကိုင်းဥတုကို ရွေးချယ်ခဲ့သဖြင့် ကျန်းမာရေးပြန်ကောင်းလာခြင်း ဖြစ်သည်။

ရွှေဟင်္သာဆရာတော်သည် နေ့စဉ်ဘုဉ်းပေးသည့် အာဟာရများမှာ အောက်ပါအတိုင်း ဖြစ်သည်။ အရုဏ်တက်ချိန်၌ ကော်ဖီနှင့်ပေါင်မုန့်ဖြစ်စေ၊ ကွေကာအုပ်ဖြစ်စေ၊ ခေါက်ဆွဲပြုတ်၊ ဆန်ပြုတ်ဖြစ်စေ အမျိုးမျိုးကို ဘုဉ်းပေးသည်။ ဆွမ်းခံပြန်ချိန်၌ အပန်းဖြေရင်း ရေနွေးကြမ်းဖြစ်စေ၊ ကော်ဖီတစ်ခွက်ဖြစ်စေ ဘုဉ်းပေးသည်။

နေ့ဆွမ်းကို နံနက် (၁၀)နာရီအချိန်၌ ဘုဉ်းပေးသည်။ ရန်ကုန်နှင့် မအူပင်မြို့က လှူသောစပါးနက် ဆန်၊ မန္တလေးသစ်စက်ပိုင် ဦးသာဒွေးတို့ လှူသော ပုသိမ်ဆန်ကို ဘုန်းပေးလေ့ရှိသည်။ ရွှေဟင်္သာဆရာတော်၏ ဆွမ်းပွဲ၌ အဓိကဟင်းမှာ ဟင်းသီးဟင်းရွက်နှင့် ငါးပိရေကျိုဖြစ်သည်။ သား၊ ငါး၊ ပုစွန်ကို အနည်းငယ်ဘုဉ်းပေးသော်လည်း အမဲသားကို လုံးဝ ဘုဉ်းပေးလေ့မရှိ။ လေရောဂါရှိ၍ ဝက်သားကိုလည်း ရှောင်သည်။ အများအားဖြင့် ဘူးသီး၊ ပဲသီး၊ ကန်စွန်းရွက်၊ ပဲပင်ပေါက်၊ အာလူးစသော ဟင်းသီးဟင်းရွက်တို့ကို ဘုဉ်းပေးလေ့ရှိ၏။ ဟင်းချိုရည်၊ ချဉ်ရည်တို့ကို အနည်းငယ်သာ ဘုဉ်းပေးသည်။ ဟင်းရည်သောက် မပါလဲပြီးသည်။

ရွှေဟင်္သာဆရာတော်သည် မသင့်သော အစာအာဟာရကို လုံးဝ ရှောင်၍ သင့်သည်ကိုလည်း အတိုင်းအရှည်ဖြင့် အစာကျေလောက်ရုံသာ ဘုဉ်းပေးသည်။ မသင့်သော အာဟာရချင်း ရောစပ် စားမိမည်ကိုလည်း အမြဲသတိပြုသည်။

ရွှေဟင်္သာဆရာတော်က ကျန်းမာရေးနှင့်စပ်၍ ဤသို့ရေးသားခဲ့သည်။

"အစာချေရန် အရေးကြီးသည်။ အစာကျေအောင် သင့်ရုံအတိုင်း အတာနှင့် ချိန်၍စားလျှင် ဝမ်းမချုပ်တတ်ဘူး။ ဝမ်းမသက်တတ်ဘူး။ လေ

မထိုးတတ်ဘူး။ လေမချုပ်တတ်ဘူး။ ဆီးမချုပ်တတ်ဘူး ဓာတ်၊ ဆီး၊ လေ ညီမျှနေလျှင် ကျန်းမာရေး ကောင်းတော့သည်သာ ဖြစ်၏။ 'ဆီး၊ ဝမ်း တစ်လုံးကောင်းလျှင် ခေါင်းမခဲဘူး' ဟု ရှေးလူကြီးများပြောစကားသည် ယခုပြခဲ့သော ဓာတ်၊ ဆီး၊ လေ၊ မှန်ကန်ခြင်းကိုပင် ရည်ညွှန်း၍ ဆိုခြင်း ဖြစ်သည်။ ဝမ်းကောင်းရေးကို သတိထားမိသည့်အချိန်ကစ၍ ကျန်းမာရေး ကောင်းလာသည်မှာ ကိုယ်တွေ့ပင်ဖြစ်သည်။ ရဟန်းသိက္ခာ ၁၄ ဝါရပြီးမှ ဤကဲ့သို့ ဆင်ခြင်တတ်လာခြင်း ဖြစ်သည်။

ကျန်းမာရေးအတွက် အစာအာဟာရအပြင် သတိပြု၍ ဖြည့်စွက် ပြုပြင်သည်မှာ ဣရိယာပုတ်မျှအောင်နေခြင်း၊ ဥတုသပ္ပါယဖြစ်အောင် နေခြင်းတို့ ဖြစ်သည်။ အသက် (၇၀)ကျော်မှ ကျန်းမာ အသက်ရှည်ရေး အတွက် ဖြည့်စွက်သော အကြောင်းအင်္ဂါတစ်ခုကိုပြရလျှင် စိတ်ချမ်းသာ အောင် နှလုံးသွင်းနေခြင်းပင် ဖြစ်သည်။ 'ယောနိသော ဘိက္ခဝေ မနသိ ကရောတော အနုပ္ပန္နာစေဝ ကုသလာဓမ္မာ ဥပ္ပဇ္ဇန္တိ၊ ဥပ္ပန္နာ စ ကုသလာ ဓမ္မာ အဘိဝဍ္ဎန္တိ' ဟူသော ဒေသနာတော်နှင့်အညီ ဖြစ်ပေါ်လာသော ကောင်း/မကောင်းအာရုံတို့ကို သင့်လျော်အောင် ဆင်ခြင်ကာ နှလုံးသွင်း လိုက်ခြင်းကြောင့် မကောင်းသောအာရုံကြောင့်လည်း တက်ကြွဝမ်းမြောက်မှု မဖြစ်စေခြင်း။ တက်ကြွသည်ကိုပင် ဗဟိဒ္ဓက* ပုဂ္ဂိုလ်များ သိမြင်အောင် မဖြစ်စေရန် ထိန်းသိမ်းခြင်းတို့ကို ဖြစ်စေခြင်းငှာ ကျန်းမာသက်ရှည်ဆေး တွင် အရေးကြီးသော အင်္ဂါတစ်ပါးအနေဖြင့် သဘောကျ၍ စိတ် ချမ်းသာအောင် ကြိုးစားသတိပြုခဲ့ခြင်းဖြစ်သည်။

ရွှေဟင်္သာဆရာတော်သည် ငယ်စဉ်က ကျန်းမာရေးချို့တဲ့ခဲ့သော် လည်း ဥတုနှင့် အာဟာရတို့ကို ဉာဏ်ဖြင့်ချင့်ချိန်ပြုပြင်ခဲ့သောကြောင့် သက်တော် (၁၀၂) နှစ်ရှိသည်တိုင် ကျန်းမာရေးကောင်းခဲ့သည်။

ရွှေဟင်္သာဆရာတော်အရပ် ၅ ပေ ၅ လက်မ ရှိသည်။ အသားဖြူ သည်။ ငယ်စဉ်ကပိန်၍ အသက် (၅၀)ကျော်မှ ဝလာသည်။ သို့ရာတွင် အလွန်အမင်း ဝခြင်းမျိုးမဟုတ်။ အရပ်အမောင်းနှင့် သင့်ရုံမျှသာဖြစ်သည်။ နှာတံပေါ်၍ ခေါင်းလုံးပြီး အနည်းငယ်ချွန်းသည်။ နဖူးပြင်၌ ထင်ရှား ပေါ်လွင်သောမှဲ့ကြီးတစ်ခုရှိ၏။ အသက်ကြီးမှ ပေါ်လာခြင်း ဖြစ်ဟန် ရှိသည်။

ရွှေဟင်္သာဆရာတော်သည် သက်တော် (၁၀၀) ကျော်အရွယ် ဖြစ်သော်လည်း ကျန်းမာရေးနှင့် ပြည့်စုံသည်။ အထိုင်အထ ပေါ့ပါးသွက်လက်သည်။ မျက်စိမှုန်ခြင်း၊ ခါးကိုင်းခြင်းမရှိ၊ နားပါးလေးလံခြင်းမရှိ။ သွားများလည်း အကောင်းပကတိအတိုင်းပင်ရှိသည်။ ရွှေဟင်္သာဆရာတော်၏ရုပ်ရည်ကို မြင်ရသူတိုင်းက 'တင်လိုက်တာ' ဟု ချီးမွမ်းကြသည့်အပြင် သက်တော်ရာကျော်မည်ဟု ခန့်မှန်းကြသည်။

'ဘုန်းကြီးလျှင် အသက်မရှည်' ဟု ပြောဆိုတတ်ကြသည်။ ရွှေဟင်္သာဆရာတော်ကား ဘုန်းကြီးပြီးအသက်ရှည်သော ဆရာတော်တစ်ပါး ဖြစ်သည်။ ဘုန်းကြီးခြင်းသည် ရေးကံကြောင့်ဖြစ်၏။ ကျန်းမာ အသက်ရှည်မှုကိုကား ရေးကံကြောင့်ဟု ဆိုနိုင်သော်လည်း အမှန်တကယ် အဆုံးအဖြတ်ပေးသော အကြောင်းမှာ ကျန်းမာသက်ရှည်အောင် နေထိုင်တတ်ခြင်းသာ ဖြစ်ပေလိမ့်မည်။

ရွှေဟင်္သာဆရာတော်သည် ငယ်စဉ်က ကျန်းမာရေးချို့တဲ့သော်လည်း သက်ရွယ်တော်ကြီးမားသည့်အချိန်၌ ကျန်းမာရေး ကောင်းမွန်လျက်သာ ရှိတော်မူခဲ့သည်။ ရောဂါဝေဒနာ နည်းပါးလျက်လည်း ရှိတော်မူခဲ့သည်။ ယင်းသို့ ရောဂါနည်းပါးတော်မူခြင်း 'ပပ္ပါဇာတော' ဂုဏ်သည်လည်း ရွှေဟင်္သာဆရာတော်၏ ကြည်ညိုဖွယ်ရာ အံ့ဖွယ်ဂုဏ်ထူးတစ်ခုပင်ဖြစ်သည်။

## လဟုဋ္ဌာနတာ - အထိုင်အထ လျင်မြန်ပေါ့ပါးခြင်းဂုဏ်

ဇာတာကပါဠိတော်၊ အဋ္ဌကထာတို့၌ အရွယ် (၁၀)ပါးနှင့် ပတ်သက်၍ ဖွင့်ဆိုထားသည်ကို တွေ့ရှိရပါသည်။ ယင်းတို့မှာ -

၁။ မန္ဒအရွယ် - ၁၀ နှစ်အတွင်း ပညာနုံ့နေးသောအရွယ်
၂။ ခိဍ္ဍာအရွယ် - ၂၀ အတွင်း စိတ်ပျံ့လွင့်သောအရွယ်
၃။ ဝဏ္ဏအရွယ် - ၃၀ အတွင်း အဆင်းလှသောအရွယ်
၄။ ဗလအရွယ် - ၄၀ အတွင်း အားကောင်းသောအရွယ်
၅။ ပညာအရွယ် - ၅၀ အတွင်း ပညာဉာဏ်ကောင်းသော အရွယ်
၆။ ဟာယနအရွယ် - ၆၀ အတွင်း အားအင်ဆုတ်ယုတ်သော အရွယ်

၇။ ပဗ္ဘာရအရွယ် - ၇၀ အတွင်း လေးလံထိုင်းမှိုင်းသော အရွယ်

၈။ ကုဋ္ဌိလအရွယ် - ၈၀ အတွင်း ကိုင်းညွတ်သောအရွယ်

၉။ မူဠ္ဟအရွယ် - ၉၀ အတွင်း တွေဝေမေ့မောသောအရွယ်

၁၀။ အာနုဋ္ဌာသေယျ- ၁၀၀ အတွင်း မထသော အိပ်ခြင်းဖြင့် အရွယ် နေတတ်သောအရွယ်ဟူ၍ ဖြစ်သည်။

လူ့သက်တမ်း၌ (၉၁ မှ ၁၀၀) နှစ်အထိ (၁၀)နှစ်တာကာလ အချိန်ပိုင်းကို သယနဒသကဟု သတ်မှတ်ထားကြ၏။ ၉၀ ကျော် ၁၀၀ အတွင်း လူအိုလူမင်းတို့သည် အများအားဖြင့် အိပ်ယာထဲ၌သာ လျောင်း စက်နေကြသည်။ ရွှေဟင်္သာဆရာတော်ဘုရားကြီးကား သက်တော် (၁၀၀) ကျော်ရှိသော်လည်း ဣရိယာပထ မှျတတော်မူလျက်ရှိသည်။ ဆယ့်နှစ်ဧကခန့် ကျယ်ဝန်းသော ရွှေဟင်္သာတိုက်သစ်ကျောင်းတိုက်အတွင်း တစ်နေ့ တစ်ခေါက် အချိန်မှန်လှည့်လည်ကြည့်ရှုတော်မူသည်။ အရွယ်နှင့်မမျှ အထိုင် အထ ပေါ့ပါးသွက်လက်တော်မူသည်။ ခါးကုန်းခြင်း၊ ခါးကိုင်းခြင်းမရှိ ဖြောင့်မတ်တော်မူသည်။

ရွှေဟင်္သာဆရာတော်သည် သက်တော် ၉၉ နှစ်အရွယ်တွင် အမေရိကန်နိုင်ငံသို့ သာသနာပြုခရီး ကြွတော်မူခဲ့သည်။ ယင်းသို့ ကြွရာ၌ အမေရိကန်ခရီးသွားမှတ်တမ်းကိုလည်း ရေးသားတော်မူခဲ့သည်။ မြန်မာပြည် မှ အလွန်ဝေးကွာသော အမေရိကန်နိုင်ငံသို့ သက်တော် ၉၉ နှစ်အရွယ် တွင် ကျန်းကျန်းမာမာဖြင့် သာသနာပြုခရီး ကြွတော်မူခြင်းသည် အံ့ဖွယ် တစ်ပါးပင် ဖြစ်ပါသည်။ အထိုင်အထ အသွားအလာ၌ ပေါ့ပါးသွက်လက် တော်မူလျက်လည်း ရှိသည်။ ယင်းသို့အထိုင်အထ ပေါ့ပါးမှုရှိခြင်းဂုဏ် သည်လည်း ရွှေဟင်္သာဆရာတော်ဘုရားကြီး၏ ကြည်ညိုဖွယ်ရာအံ့ဖွယ် ဂုဏ်ရည်တစ်ပါးပင် ဖြစ်သည်။

## စက္ခုဒုပ္ပလရဟိတာ - မျက်စိကောင်းခြင်း

ပကတိ ကျန်းမာသူများပင်ဖြစ်လင့်ကစား အများအားဖြင့် အသက် (၄၀) ကျော်တွင် မျက်စိမှုန်လာတတ်သည်။ မျက်မှန်တပ်ဆင်မှ ကြည်ကြည် လင်လင် မြင်နိုင်ကြသည်။ ရွှေဟင်္သာဆရာတော်ဘုရားကြီးက သက်တော်

(၁၀၀)ကျော်သည့်တိုင် မျက်စိအမြင် ကြည်လင်လျက်ရှိသည်။ မျက်မှန် မတပ်ဘဲ စာကြည့်နိုင်၊ စာရေးနိုင်သည်။ အမေရိကန် ခရီးသွားမှတ်တမ်း ရေးသားရာ၌ အကြောင်းပြချက်ကို ဖော်ပြထားသည်။ ဝါသနာအလျောက် မှတ်မှတ်ရရ ခရီးသွားမှတ်တမ်းငါးစောင် ရေးခဲ့ဘူးပါသည်။

ယခု အမေရိကန်သို့သွားအံ့သော အချိန်အရွယ်မှာမူကား သက်တော် ၉၉ နှစ်သို့ရောက်နေပြီဖြစ်၍ ပင်ကိုဝါသနာနှင့် စိတ်ဆန္ဒရှိသော်လည်း ယခင်ကကဲ့သို့ ရေးနိုင်တော့မည်မဟုတ်။ အချို့ရှင်လူတို့ကလည်း အမေရိကန် ခရီးသွားမှတ်တမ်း ရေးဦးမည်လား ရေးပါဦးဟူ၍မေးကြ၊ တိုက်တွန်းကြသည်။ မှတ်တမ်းရေး၍ စာအုပ်ရိုက်လျှင် တာဝန်ယူ၍ ဓမ္မဒါန ကောင်းမှုပြုပါရစေဟု ဒကာနှစ်ဦးသုံးဦးကလည်း လျှောက်ကြသည်။ ဝမ်းသာစွာဖြင့် သာဓုခေါ်ရပါသည်။ ထို့ကြောင့်လည်း ''စွမ်းနိုင်သမျှရေးရန် စိတ်ကို ဆုံးဖြတ်လိုက်ရသည်'' ဟု ရေးသား၍ စာမျက်နှာ ၁၆၂ မျက်နှာရှိသော အမေရိကန်ခရီးသွားမှတ်တမ်းကို ရေးသားတော်မူခဲ့သည်။ ယင်းကို ကြည့်ခြင်းအားဖြင့် ဆရာတော်ဘုရား မျက်စိချို့ယွင်းခြင်း၊ မျက်စိအားနည်းခြင်းမှ ကင်းစင်၍ မျက်စိအမြင်အားကောင်း ကြည်လင်ခြင်း ရှိနေကြောင်း သိရှိကြည်ညိုရပါသည်။

ဤသို့ မျက်စိအမြင်ကြည်လင်ခြင်း၊ မျက်စိမှုန်ခြင်းသည်လည်း ရွှေဟသ်ာဆရာတော်ဘုရားကြီး၏ ကြည်ညိုဖွယ်ရာ အံ့ဖွယ်ဂုဏ်ရည် တစ်ပါးပင် ဖြစ်ပါသည်။

## သုတိဟိနုရဟိတတာ - နားကောင်းခြင်း

လူအများစုမှာ အသက်ကြီးလာသည်နှင့်အမျှ အကြားအာရုံ ရယူမှု ချို့ယွင်းလာတတ်သည်။ ပြောသံဆိုသံ သာမန်မျှဖြင့်မကြား အသံကိုမြှင့်၍ သော်လည်းကောင်း၊ နားရင်းကပ်၍သော်လည်းကောင်း၊ ကပ်၍ပြောမှ ကြားရသည်။ ရွှေဟသ်ာဆရာတော်ဘုရားကြီးသည် သက်တော်ရာကျော်ရှိပြီဖြစ်သော်လည်း နားလေးလံခြင်းမရှိ။ ငယ်ရွယ်သူနှင့်မခြား ပကတိပြောသော စကားသံကိုပင် ကြားတော်မူသည်။ ကျေးဇူးတော်ရှင် ရွှေဟသ်ာဆရာတော် ဘုရားကြီးသည် ဓမ္မာနုပဿနာကျမ်းစာကို ရေးသားတော်မူစဉ်အခါ၌ သက်တော်သည် ၉၀ နှင့် ၆ လ ရှိနေပါသည်။ ဤမျှ သက်တော်

ရှယ်တော် ကြီးမြင့်တော်မူပါသော်လည်း ရွှေဟင်္သာ ဆရာတော်ဘုရားကြီး သည် မျက်မှန်မဆောင်ရဘဲ ပကတိ ကြည်လင် ကောင်းမွန်သော မျက်လုံး တော်များ ရှိပါသည်။ နားတော်မှာလည်း လေးသည် ထိုင်းသည်ဟု မဆို လောက်ပါ။ သွားတော်များမှာလည်း ပကတိသွားကောင်းများ ရှိပါသည်။ ဉာဏ်အား၊ သတိအားတို့သည်လည်း ချို့ယွင်းမှုမရှိဘဲ ကောင်းဆဲပင် ဖြစ်ပါသည်။ ခါးကိုင်းခြင်း လုံးဝမရှိ။ ဖြောင့်စဉ်းသော ရုပကာယ ရှိတော်မူပါသည်ဟု အမရပူရမြို့ ဝိသုဒ္ဓါရုံ ရွေဦးကျောင်းတိုက်ဆရာတော် အရှင်ဣဿရိယာဘိဝံသက ဓမ္မာနုပဿနာ သတိပဋ္ဌာန်စာအုပ်အမှာစာတွင် ထည့်သွင်းထားပါသည်။

ဤသို့နားလေးလံမှုမရှိခြင်းသည်လည်း ရွှေဟင်္သာဆရာတော် ဘုရားကြီး၏ ကြည်ညိုဖွယ်ရာ အံ့ဖွယ်ဂုဏ်ရည်တစ်မျိုးပင် ဖြစ်ပါသည်။

## အခဏ္ဍဒန္တတာ - သွားမကျိုးခြင်း

လူအများစုသည် အိုမင်းရင့်ရော်သည်နှင့်အမျှ သွားအားလုံး ပြုတ်ကာ သွားဖုံးမျှသာ ကျန်လေ့ရှိကြသည်။ သွားကျိုး၊ ပါးကျိုး၍ မေးရိုး သည် ရှေ့သို့ ထိုးလာသည်။ ရွှေဟင်္သာဆရာတော်ဘုရားကြီးသည် သက်တော်ရာကျော်သော်လည်း သွားများ ကောင်းမွန်လျက်ပင် ရှိသည်။ သွားမကျိုးသဖြင့် ပြည့်ဝန်းသော မျက်နှာတော်ကို ဖူးတွေ့ကြရသည်။ ဤသို့သွားကျိုးမရှိခြင်း၊ အခဏ္ဍဒန္တတာသည် လည်း ရွှေဟင်္သာဆရာတော် ဘုရားကြီး ကြည်ညိုဖွယ်ရာ အံ့ဖွယ်ဂုဏ်ရည်တစ်ပါးပင် ဖြစ်သည်။

## သတိမန္တတာ - သတိရှိခြင်းဂုဏ်

လူအများစုမှာ ငယ်ရွယ်စဉ်၌ သတိကောင်းကြသော်လည်း သက်ရွယ်ယိုယွင်း အိုမင်းချိန်၌ သတိချို့ယွင်း လာတတ်ပါသည်။ သတိ ချို့ယွင်းမှုကြောင့် ပြောပြီးစကားကိုပင် ထပ်ခါတလဲလဲ ပြောမိခြင်း၊ လုပ်မည့်အလုပ်ကိုပင် တခဏအတွင်း မေ့လျော့ခြင်း၊ မှားမှားယွင်းယွင်း ပြောဆိုပြုလုပ်မိခြင်း၊ မကြာခဏ မြင်နေကြဖြစ်သူကိုပင် မမှတ်မိခြင်း စသည်တို့ ဖြစ်ပေါ်လာတတ်သည်။ လောက၌ 'သတိမေ့ခြင်း' ဟူ၍ ပြောဆိုသုံးစွဲကြရာ၌ -

၁။ သတိမေ့မြောခြင်း၊

၂။ သတိမေ့လျော့ခြင်းဟု ပြောဆိုနေကြသည်။

**၁။ သတိမေ့မြောခြင်း**

လူအများ၌ ရုပ်တရား၊ နာမ်တရား (၂)မျိုး ရှိရာတွင် ရုပ်တရားမှာဖြစ်စေ၊ နာမ်တရားမှာဖြစ်စေ အကြောင်းတစ်ခုခုကြောင့် အလွန်လွန်အင်အားနည်းသွားမှုဖြစ်သောအခါ မည်သို့မျှ မည်မည်ရရ ထင်ထင်ရှားရှားစိတ်အာရုံမပြုနိုင်၊ ဝီထိစိတ်* မဖြစ်နိုင်ဘဲ အသက်ရှိသည်ဆိုရုံ ဘဝင်စိတ်မျှသာ ဖြစ်ပေါ်နေသောအခါမျိုး ကြုံတွေ့ရတတ်ပေသည်။ ယင်းသို့ဖြစ်နေသည်ကို 'သတိမေ့နေသည်' ဟု ပြောဆိုနေကြသည်။ အမှန်မှာသတိတရား အရင်းခံသည့် ဝီထိစိတ်များမဖြစ်ဘဲ ဘဝင်မျှသာဖြစ်ပေါ်လျက်ဘဝင်အလျင်ကြောမှာ နစ်မြောနေခြင်းဖြစ်သောကြောင့် 'သတိမေ့မြောသည်' ဟု ပြောဆိုသင့်ပေသည်။

**၂။ သတိမေ့လျော့ခြင်း**

လူအများ၌ လုပ်ကိုင်ဆောင်ရွက်ရမည့်ကိစ္စ ရှိနေပါလျက် အင်အားကြီးမားသော အာရုံတစ်ခုခုက စိတ်အစဉ်သို့ဝင်ရောက်လာသောအခါမူလလုပ်ကိုင်ဆောင်ရွက်ရမည့်ကိစ္စအပေါ် စိတ်မရောက်ဘဲ ယင်းကိစ္စကိုမလုပ်ဖြစ်သောအခါမှာလည်း 'သတိမေ့နေသည်' ဟုပင်ပြောသည်။

အမှန်မှာ သတိတရား အရင်းခံသည့် နာမ်တရားများသည် မူလကိစ္စသို့ အာရုံရောက်မှု လျော့ပါးသွားပြီး အားကြီးသော အာရုံနောက်သို့လိုက်ပါသွားသောကြောင့် မူလကိစ္စကို သတိမရ မလုပ်မိခြင်းဖြစ်သည်။ သတိအရင်းခံသည် နာမ်တရားများ အားနည်းလျော့ပါးခြင်းဖြစ်၍ 'သတိမေ့လျော့သည်' ဟု ပြောဆိုသင့်ပေသည်။

ဤဖော်ပြခဲ့သော အကြောင်းများကြောင့် သတိမေ့ခြင်းဟူသော မြန်မာစကား၌ -

၁။ သတိမေ့မြောခြင်း၊

၂။ သတိမေ့လျော့ခြင်းဟူ၍ အဓိပ္ပာယ်နှစ်မျိုး ပါဝင်ကြောင်း သိသာထင်ရှားလှပေသည်။

ယင်းနှစ်မျိုးတို့တွင် ၁။ သတိမေ့မြောခြင်းမှာ ရုပ်တရားဆိုင်ရာ ဖြစ်ပါမူ ရောဂါဝေဒနာ၏ အကြောင်းအရာ အခြေအနေအရ သမားတော်ကြီးများ ဆေးဝါးဖြင့်ကုသ၍ ပျောက်သည်လည်းရှိ၍ မပျောက်ကင်းသည်လည်း ရှိနိုင်ပေသည်။ ပျောက်ကင်းလျှင်လည်း သတိမေ့လျော့ခြင်းအဖြစ် ကျန်ရှိနေပေသည်။ ၂။ သတိမေ့လျော့ခြင်းမှာမူကား နာမ်တရားနှင့် ဆိုင်သည်ဖြစ်သောကြောင့် ဆေးဝါးဖြင့်ကုသ၍ ရနိုင်ဖွယ်မရှိချေ။

ယောင်မူးပြန်ခြင်းဟူသည်မှာ အသက်အရွယ်ကြီးသူများ အရက်အကြောက် ကင်းမဲ့စွာ အဓိပ္ပာယ်မရှိ ပရမ်းပတာပြောဆိုခြင်း ဝတ်စားခြင်း ပြုမူခြင်းများ ဖြစ်လာတတ်သည်ကို ခေါ်ခြင်းဖြစ်သည်။ ယင်းသို့ဖြစ်လာသည်ကို 'သူငယ်ပြန်သည်' ဟု ယဉ်ကျေးစွာ သုံးနှုန်းပြောဆိုသော စကားသာ ဖြစ်သည်။ အသက်အရွယ် ငယ်သူများ၌ ယင်းလက္ခဏာ ပေါ်လာလျှင်မူကား 'ရူးသွပ်သည်' ဟုပင် ပြောဆိုကြမည် ဖြစ်လေသည်။ ထို့ကြောင့် သူငယ်ပြန်ခြင်းကို ရူးသွပ်ခြင်းတစ်မျိုးဟု သတ်မှတ်သင့်ပေသည်။

သူငယ်ပြန်သူများကို လေ့လာကြည့်လျှင် များသောအားဖြင့် သူငယ်မပြန်သေးမီ -

၁။ စိတ်ပိုင်းဆိုင်ရာ လေ့လာပွားများမှုမရှိခြင်း၊
၂။ မူးယစ်တွေဝေစေသည့် အရက်သေစာ စသည်မှီဝဲမှုများခြင်း၊
၃။ သတိမေ့မြောမူးခြင်း (သို့မဟုတ်) သတိမေ့လျော့တတ်ခြင်း၊
၄။ စည်းမဲ့ကမ်းမဲ့ ပရမ်းပတာပြောဆိုဝတ်စားနေထိုင်တတ်ခြင်း ရှိသည်ကို တွေ့မြင်ရတတ်ပေသည်။

သူငယ်ပြန်ခြင်း အလွန်အကျွံဖြစ်လာလျှင် ကုသိုလ်ကောင်းမှုနှင့် ဝေးလေပြီ။ ကုသိုလ်လုပ်လျှင်လည်း အပေါ်ယံဟန်ပြမျှသာ ဖြစ်ပေတော့မည်။ သူငယ်ပြန်ဘဝဖြင့် သေဆုံးလျှင်လည်း တွေဝေမိန်းမောစွာ သေရမည်ဖြစ်သောကြောင့် ကောင်းရာသုဂတိသို့ရောက်ဖွယ်မရှိ၊ အပါယ် ဒုဂ္ဂတိသို့သာ ရောက်ရပေလိမ့်မည်။ သတိမေ့ခြင်း အရင်းခံသည် သူငယ်ပြန်ခြင်းဖြစ်ရကား ကြောက်ရွံ့ ထိတ်လန့်ဖွယ် ကောင်းလှပေသည်။ ယင်းသတိမေ့ခြင်း၊ သူငယ်ပြန်ခြင်းများကို မဖြစ်နိုင်အောင် စွမ်းဆောင်နိုင်သည်မှာ သတိပဋ္ဌာန်တရား ပွားများခြင်းပင် ဖြစ်သည်။

ဆရာတော်ဘုရားကြီးသည် သာယာတိတ်ဆိတ်ငြိမ်းချမ်းသော ကျောင်းကန်ရိပ်တွင် သီတင်းသုံးတော်မူပြီး တပည့်ပရိသတ်အား စာပေပို့ချ ဟောပြောဆိုဆုံးမမှု ပရိယတ္တိတာဝန်ကို ဆောင်ရွက်ရင်း တစ်ဖက်မှ နှလုံးသွင်းတရားကို ရှုမှတ်ဆင်ခြင်ပွားများမှု ပဋိပတ္တိအလုပ်ကို လုပ်တော်မူသည်။ ဆရာတော်ဘုရားကြီး၏ နှလုံးသွင်းတရားမှာ သတိပဋ္ဌာနဘာဝနာ တရား ဖြစ်နိုင်ပါသည်။ သတိပဋ္ဌာနဘာဝနာဟူသည် ကာယ၊ ဝေဒနာ၊ စိတ္တ၊ ဓမ္မတို့အပေါ် အသုဘ၊ ဒုက္ခ၊ အနိစ္စ၊ အနတ္တ အနေအထားဖြင့် ရှုမြင်တတ်သော ဝိပဿနာသတိကို ဖြစ်ပွားစေခြင်းပင်တည်း။

ဗုဒ္ဓမြတ်စွာဘုရားသည် သတိပဋ္ဌာန ဘာဝနာနှင့်စပ်လျဉ်း၍ သတိပဋ္ဌာန် ၄ ပါး ခွဲခြားဟောတော်မူခဲ့၏။ ပုထုဇဉ်တို့သည် ဝိပဿနာ သတိမရှိကြသည့် အတွက် ကာယ၊ ဝေဒနာ၊ စိတ္တ၊ ဓမ္မတို့ကို အသုဘ၊ သုခ၊ အနိစ္စ၊ အတ္တအသွင် လွဲမှားစွာ ရှုမြင်လျက်ရှိကြ၏။ ထိုသို့ လွဲမှားစွာ ရှုမြင်မှုကို ပယ်ဖျောက်နိုင်ရန် အတွက် ဝိပဿနာသတိကို ပွားစေရမည် ဖြစ်သည်။

သက်တော် (၉၀)ကျော်သည်အထိ ရွှေဟင်္သာဆရာတော်ဘုရားကြီး သည် သတိအားဉာဏ်အားထက်မြက်နေသည်မှာ ဝိပဿနာသတိကို ပွားစေခြင်းကြောင့်သာ ဖြစ်ပါသည်။ ဆရာတော်ဘုရားကြီးသည် ဗုဒ္ဓမြတ်စွာ ဟောကြားတော်မူအပ်သော မဟာသတိပဋ္ဌာန်သုတ်ကို လက်စွဲပြု၍ နှလုံးသွင်း ရှုပွားတော်မူပါသည်။ မိမိကိုယ်တိုင်ရှုပွားသဖြင့် ရရှိလာသောဓမ္မကို တပည့် ဒါယကာ၊ ဒါယိကာမများတို့အား မျှဝေခံစားစေလိုသော မေတ္တာကို အရင်းခံ၍ အနုပဿနာကျမ်းများကို ရေးသားပြုစုတော်မူခဲ့ခြင်း ဖြစ်၏။

ဆရာတော်ဘုရားကြီးသည် သက်တော် (၉၀)ကျော်စတွင် ဓမ္မာ နုပဿနာကျမ်းကို ကိုယ်တိုင်လက်ရေးဖြင့် ရေးသားပြုစုတော်မူပါသည်။ ဆရာတော်ဘုရားကြီး၏ လက်ရေးသည် မျဉ်းလွတ်ဖြောင့်မတ်၍ လှပ သေသပ်မှုရှိသည်ကို တွေ့ရပါသည်။

ဤမျှကြီးရင့်သည့် အရွယ်ပိုင်း၌ ကိုယ်တိုင်လက်ဖြင့် ကျမ်း တစ်စောင်တစ်ဖွဲ့ ရေးသားပြုစုနိုင်ခြင်း၊ မျက်စိမမှုန် လက်မတုန်ခြင်း၊ ကျမ်းပြုနိုင်လောက်အောင် သတိအား၊ ဉာဏ်အား ထက်မြက်နေခြင်းတို့မှာ အတိတ်ဘဝတွင် ဆည်းပူးခဲ့သည့် သီလပါရမီထူးနှင့် မျက်မှောက်ဘဝတွင်

ဆင်ခြင်ရှုမှတ်ပွားများအပ်သည့် ဝိပဿနာ သတိပညာတို့၏ စွမ်းရည်ကြောင့်သာ ဖြစ်ရပါသည်။

သတိပဋ္ဌာန်ဆိုသောပါဠိစကားလုံး၌ သတိဟူသောစကားတစ်လုံး ပဋ္ဌာန ဟူသောစကားတစ်လုံး ပါရှိသည်။ သတိနှင့် ပဋ္ဌာနပေါင်းစပ်၍ သတိပဋ္ဌာန်ဟု ဝေါဟာရတွဲတစ်ခု ဖြစ်နေသည်။ ယင်းသတိပဋ္ဌာန ပါဠိဝေါဟာရကို သတိပဋ္ဌာန်ဟု မြန်မာပြန်ဆို၍ မြန်မာမှုပြုထားရခြင်း ဖြစ်သည်။ သတိတရားသည် စိတ်တရားနှင့် အခြားယှဉ်ဖက်တရားများကို ကောင်းသော ဘုရားအစရှိသော ကုသိုလ်ဖြစ်စေမည့် အာရုံ၌ဖြစ်ပေါ်စေ၊ အောက်မေ့စေသည်။ မိမိကိုယ်တိုင်ကလည်း ကောင်းသော ဘုရားအစရှိသော အာရုံ၌ဖြစ်တတ်၊ အောက်မေ့တတ်သည်။ ထို့ကြောင့် သတိတရား၌ အနုဿရဏ အောက်မေ့ခြင်းဟူသော အမှတ်အသားလက္ခဏာ ရှိသည်။

အောက်မေ့သည်ဟူသည်မှာ အမှတ်ရခြင်းပင် ဖြစ်သည်။ ယင်းကိုပင် ပို၍ထင်ရှားရန် စဉ်းစားမိသည်။ တွေးမိသည်ဟူ၍လည်း ဖွင့်ဆိုနိုင်သည်။ မအောက်မေ့ခြင်း သတိမရခြင်း၊ မတွေးမိခြင်း၊ မစဉ်းစားမိခြင်း၊ မေ့ခြင်းတို့ကို ဖျက်ဆီးတတ်သောတရားဟူ၍လည်း အပြန်အလှန်ဖွင့်ဆိုသင့်ပေသည်။ ထို့ကြောင့် 'သတိသည် မေ့ခြင်းကို ဖျက်ဆီးတတ်သော အလုပ်ကိစ္စရှိသည်' ဟု ကျမ်းဂန်တို့၌ ဖော်ပြကြသည်။

ရွှေဟင်္သာဆရာတော်ကြီးသည် သက်တော်ရာကျော်သည်အထိ သတိမမေ့ ယိမ်းမှုမပြန်ဘဲ သတိအားကောင်းကာ တည်တည်ငြိမ်ငြိမ်ပင် ရှိတော်မူခဲ့သည်။ ဆရာတော်ဘုရားကြီးသည် သတိအား ကောင်းတော်မူသောကြောင့် အခမ်းအနား အသီးသီးတွင် ဩဝါဒကထာအမျိုးမျိုးကို တိတိကျကျမှန်မှန်ကန်ကန် ဟောပြောတော်မူနိုင်ခဲ့သည်။ သက်တော်ကြီးများ ဓမ္မာနုပဿနာသတိပဋ္ဌာန်စသော ကျမ်းများကိုလည်း ပြုစုတော်မူခဲ့သည်။ ယင်းတို့သတိကောင်းခြင်းသည်လည်း ဆရာတော်ဘုရားကြီး ကြည်ညိုဖွယ်ရာအံ့ဖွယ်တစ်ရပ်ပင် ဖြစ်ပါသည်။

## မိတ်မိမဉ္စတာ - အားထုတ်မှုရှိခြင်းဂုဏ်

လောက၌ လုံ့လဝီရိယရှိသူသည် လူနည်းတစ်စုသာဖြစ်သည်။ အချို့သောသူများမှာ ငယ်စဉ်က လုံ့လဝီရိယကောင်းကြသော်လည်း

အသက်အရွယ် ကြီးလာသောအခါ၌ လုံ့လဝီရိယယုတ်လျော့ပါးခြင်း ရတော်မမူ။ တပည့်သံဃာများနှင့် ဒါယကာ၊ ဒါယိကာမများအား ဆုံးမဩဝါဒပေးခြင်း၊ သာသနာရေးကိစ္စအဝဝကို စီမံညွှန်ကြားခြင်း၊ စာပေကြည့်ရှုကျမ်းဂန်ရေးသားပြုစုခြင်း၊ အချိန်အားလျော်စွာ တရားနှလုံးသွင်းခြင်းစသည်ဖြင့် အချိန်မလပ် ကြိုးပမ်းအားထုတ်တော်မူခဲ့သည်။

ဆရာတော်ဘုရားကြီးသည် ကျမ်းစာရေးသားပြုစုတော်မူရာ၌ ကိုယ်တိုင်လက်ဖြင့်သာ ရေးသားတော်မူလေ့ရှိသည်။ ကျမ်းပေါင်း (၄၀) ကျော် ပြုစုရေးသားနိုင်သည့် လုံ့လအားနှင့် သက်ရွယ်တော်နှင့်မမျှ ကြိုးပမ်းနိုင်မှု ဝီရိယစွမ်းပကားတို့ကား အလွန်ပင် ထူးခြားလှပါသည်။ အချို့ပုဂ္ဂိုလ်များသည် ကျမ်းစာများ ရေးသားပြုစုကြပါသည်။ သို့သော် ရွှေဟင်္သာဆရာတော်ဘုရားကြီးကဲ့သို့ သက်တော်ကြီးရင့်သည့် အရွယ်ပိုင်းတွင် ရေးသားကြသည်မဟုတ်။

ရွှေဟင်္သာဆရာတော်ဘုရားကြီးကား သက်တော် (၉၉)နှစ်အရွယ်ထိ ကျမ်းစာများ၊ ခရီးသွားစာပေများ ဩဝါဒကထာများ ရေးသားတော်မူခဲ့သည်။ ဆရာတော်ဘုရားကြီး၏ အမေရိကန်ခရီးသွား မှတ်တမ်းသည် သက်တော် (၉၉)နှစ်အရွယ်တွင် ရေးသားတော်မူခဲ့သည်မှာ သက်သေပြလျက်ပင် ဖြစ်သည်။ ယင်းသို့ကြီးမားလှသည့် လုံ့လဝီရိယနှင့် ပြည့်စုံခြင်း ဓိတိမန္တတာသည်လည်း ရွှေဟင်္သာဆရာတော်ဘုရားကြီး၏ ကြည်ညိုဖွယ်ရာ အံ့ဖွယ်ဂုဏ်ရည်တစ်မျိုးပင် ဖြစ်သည်။

## ပညာဝန္တတာ - ပညာရှိခြင်းဂုဏ်

လောက၌ ပညာရှိခြင်း နှစ်မျိုးရှိသည်။ ပဋိသန္ဓေပညာရှိခြင်းနှင့် ပဝတ္တိပညာရှိခြင်းတို့ဖြစ်သည်။ ယင်းပညာနှစ်ရပ်နှင့် ပြည့်စုံသူသည် ရှားလှသည်။ ရွှေဟင်္သာဆရာတော်ဘုရားကြီးသည် ပဋိသန္ဓေပညာ ခေါ် ပင်ကိုဉာဏ်နှင့်လည်း ပြည့်စုံတော်မူသည်။ ပင်ကိုဉာဏ်တွင် သင်ကြားလေ့လာမှုပွားများအားထုတ်မှုကြောင့် ဖြစ်ပေါ်လာသော ပဝတ္တိဉာဏ်များ လောင်းစွက်ထားသဖြင့် ပညာရှင်တစ်ပါး ဖြစ်တော်မူသည်။ ပညာရှင် ဖြစ်သည့်အတွက် ကျမ်းပေါင်းမြောက်မြားစွာကို ပြုစုရေးသားတော်မူခြင်း ဖြစ်ပါသည်။ ယင်းသို့ ကြီးမားသောပညာရှင်တစ်ပါး ဖြစ်တော်မူသဖြင့်

ဘွဲ့တော်ဖြင့် လိုက်လျောစွာပင် အဂ္ဂမဟာပဏ္ဍိတဖြစ်တော်မူသည်။ တိုင်းပြည်က အလေးပြုရသည့် အဘိဓဇမဟာရဋ္ဌဂုရု ဖြစ်တော်မူသည်။

ရွှေကျင်ဂိုဏ်းဝင်သံဃာတော်တို့၏ အားထားပြုရသည့် အကြီးအကဲ ရွှေကျင်နိကာယဥက္ကဋ္ဌမဟာနာယက ရွှေကျင်သာသနာပိုင်လည်း ဖြစ်တော်မူသည်။ ညောင်တုန်းမြို့ ရွှေဟင်္သာတောရမှ ရွှေဟင်္သာနွယ်ဝင်ကျက်သရေဆောင် (ရွှေဟင်္သာဝံသသံဃမဟာနာယကဓိပတိ) လည်း ဖြစ်တော်မူသည်။ ယင်းသို့ အကြီးအကဲဖြစ်ပြီး ကြီးမားသော ပညာနှင့် ပြည့်စုံတော်မူခြင်း၊ ပညာဝန္တတာသည်လည်း ရွှေဟင်္သာဆရာတော်ကြီး၏ ကြည်ညိုဖွယ်ရာ အံ့ဖွယ်ဂုဏ်ရည်တစ်ပါး ဖြစ်ပါသည်။

## ပါသာဒိကထာ - ကြည်ညိုဖွယ်ရှိခြင်းဂုဏ်

ကြည်ညိုဖွယ်ဆောင်ခြင်းသည် ရဟန်းတော်များ ရှိမည့် ဂုဏ်ရည်တစ်မျိုးပင်ဖြစ်သည်။ ဥပဇ္ဈာယ်* ဆရာက သဒ္ဓိဝိဟာရိက* တပည့်များကို 'ပါသာဒိကေ သမ္မာဒေထ' 'အနေအထိုင်၊ အပြောအဆို၊ ကြည်ညိုဖွယ်နှင့် ပြည့်စုံစေကြရမည်' ဟု ဆိုလိုသည်။ ရှင်တော်ဘုရားက ကြည်ညိုဖွယ်ဆောင်နိုင်ရန်အတွက် သိက္ခာပုဒ်အချို့ကို ပညတ်တော်မူခဲ့သည်။ ထိုသိက္ခာပုဒ်များကို လိုက်နာကျင့်သုံးခြင်းဖြင့် ကြည်ညိုစဖွယ် ဖြစ်လာနိုင်စေသည်။

'ရှင်ရဟန်းပြုခြင်းသည် ဘဝသစ်တစ်မျိုးကို ထူထောင်ခြင်းနှင့်တူ၏' ဟု အဋ္ဌကထာဆရာ အရှင်မဟာဗုဒ္ဓဃောသက သာရတ္ထပ္ပကာသိနီကျမ်းတွင် မိန့်ဆိုခဲ့ပါသည်။ ရွှေဟင်္သာဆရာတော်သည် သူတော်ကောင်းစိတ်အပြည့်အဝရှိသူ လေးမျက်နှာမြို့၊ မိကျောင်းရဲဆရာတော်ကြီးထံ ရှင်ဖြစ်ခဲ့သည်။ ထို့နောက် ညောင်တုန်း ရွှေဟင်္သာတောရတိုက်တွင် ကြီးပြင်းခဲ့ပြီး ကျောင်းတော်ရာ ဆရာတော်ကြီးကို ဥပဇ္ဈာယ်ပြုကာ ရဟန်းဖြစ်သည်။

ညောင်တုန်း ရွှေဟင်္သာတောရတိုက် စံကျောင်းဆရာတော် တိုက်အုပ်ဆရာတော်တို့ထံ ပညာရည်နို့သောက်စို့ခဲ့သည်။ အဆုံးအမဩဝါဒများ သာသနာရေး၊ လောကရေးနှင့်စပ်သည့်ဗဟုသုတများကို ရရှိခဲ့သည်။

''လူသားတို့သည် မိမိတို့လူမျိုး၏ဓလေ့ထုံးစံကို လိုက်နာကျင့်သုံးလေ့ ရှိကြသည်။ ထို့အတူ ရှင်ရဟန်းများသည်လည်း ဆရာသမားတို့၏ ကျင့်ပုံကျင့်ဟန်ကို အတုယူ ကျင့်သုံးတတ်ကြပေသည်'' ဟု

အရှင်မဟာဗုဒ္ဓဃောသက မိန့်ဆိုထားခဲ့သည်။ ထိုအဆိုနှင့်အညီပင် ရွှေဟင်္သာဆရာတော်သည် ကျောင်းတော်ရာဆရာတော်၊ စံကျောင်းဆရာတော်၊ တိုက်အုပ်ဆရာတော်တို့၏ ကျင့်ပုံကျင့်ဟန်ကို အတုယူ ကျင့်သုံးခဲ့လေသည်။ ထိုဆရာတော်ကြီးများ၏ ကျင့်ပုံကျင့်ဟန်တို့မှာ မျိုးရိုးဗီဇသဘောမျိုးဖြင့် ရွှေဟင်္သာဆရာတော်သို့ ကူးစက်ပါသည်ဟု ဆိုနိုင်လေသည်။ ယင်းသို့ ကြည်ညိုဖွယ်ဆောင်ခြင်း(ပါသာဒိကတာ)သည်လည်း ရွှေဟင်္သာဆရာတော်ဘုရားကြီး၏ ကြည်ညိုဖွယ်ရာ အံ့ဖွယ်ဂုဏ်ရည်တစ်ပါးပင် ဖြစ်သည်။

ရွှေဟင်္သာဆရာတော်ကြီးသည် ဝိနည်းကို အလေးပြုသည့် ဆရာတော်ကြီးများ၏တပည့်ပီပီ ဝိနည်းကို လေးစားတတ်သည်။ "အဏုမတ္တေသု ဝဇ္ဇေသု ဘယဒဿာဝီ" ဟူသည့်အတိုင်း သေးငယ်သည့် ပြစ်မှုများ၌ပင် ဘေးရန်ကြီးသဖွယ်ရှုမြင်ပြီး ရှောင်ကြဉ်တတ်သည်။

ရွှေဟင်္သာဆရာတော်ကြီးသည် ပိတ်သင်္ကန်းကို မိမိနှင့်အနေတော် ပြင်ချုပ်၍ ပိန္နဲရောင်ရင့်ရင့်ဆိုးပြီးမှသာ ဝတ်ရုံဝတ်လေ့ရှိသည်။ ဘန်ကောက်သင်္ကန်း၊ ပိုးသင်္ကန်းနှင့် ခေတ်ပေါ်တက်ထရွန်၊ ဖော့ စသော သင်္ကန်းများကို မည်သည့်အခါမှ ဝတ်ရုံလေ့မရှိ၊ ရလာလျှင် သင့်လျော်မည့် ပုဂ္ဂိုလ်များအား လှူဒါန်းချီးမြှင့်လိုက်သည်သာ ဖြစ်သည်။ သင်္ကန်းဝတ်ပုံနည်းကို ပရိမဏ္ဍလသိက္ခာပုဒ်ဖြင့် ဗုဒ္ဓက စနစ်တကျ ညွှန်ပြတော်မူသည်။ သင်းပိုင်ဝတ်လျှင် ချက်နှင့်ဒူးဆစ် နှစ်ဖက်တို့ကို ဖုံးဖိစေ၍ ဒူးဆစ်အောက် လက်ရှစ်သစ်ခန့်လျော့ချပြီး ဝတ်ရသည်။ ကေသီကို သင်းပိုင်အထက် လက်လေးသစ်ခန့်တင်ပြီး လက်ျာဖက်ဖော်ကာ ရမ်းရရုံရသည်။

ရွှေဟင်္သာဆရာတော်သည် ပရိမဏ္ဍလသိက္ခာပုဒ်ကို လေးစားလိုက်နာကာ အမြဲမပြတ် သေသပ်စွာ ဝတ်ရုံလေ့ရှိသည်။ ကျောင်းတွင်း၌ တစ်ပါးတည်းနေထိုင်သည့်အခါ၌ပင် ကေသီချထားပြီး နေလေ့မရှိ။ အိပ်ရာဝင်သောအခါ၌လည်း သင်္ကန်းကို ညီညာသပ်ယပ်စွာ ဝတ်ရုံပြီး အိပ်ရာဝင်လေ့ရှိသည်။

"ရွှေဟင်္သာဆရာတော်ကို ကေသီချပြီးနေတာ တစ်ခါမှ မတွေ့ဖူးဘူး။ ဘယ်အချိန်သွားကြည့်ကြည့် ညီညီညာညာ သင်္ကန်းရမ်းထားတာကိုသာ တွေ့ရတယ်"

ဟု ဘုန်းကြီးတစ်ပါးက တအံ့တသြ ပြောဖူးသည်။

ရွှေဟင်္သာဆရာတော်သည် ခမ်းနားသော အိပ်ရာနေရာများကို အသုံးပြုလေ့ မရှိ၊ သန့်ရှင်း၍ လျောက်ပတ်ရုံမျှသော အိပ်ရာနေရာတို့ကိုသာ အသုံးပြုသည်။ ဝိနည်းတရားတော်အရ အပ်စပ်သောအရာပင်ဖြစ်စေ အချို့အရာ၌ သလ္လေခအကျင့်ကို ဦးစားပေး ရှောင်ကြဉ်သည်။

''ငယ်စဉ်ကစပြီး လက်နှိပ်ဓာတ်မီးကို မဆောင်ခဲ့ဘူးဘူး။ တခြားကြောင့်တော့ မဟုတ်ပါဘူး။ လက်နှိပ်ဓာတ်မီးကိုင်ရမှာ စိတ်ထဲက တစ်မျိုးကြီး ဖြစ်နေလို့ပါပဲ။ လက်နှိပ်ဓာတ်မီးအစား ဖယောင်းတိုင် ထည့်ထွန်းတဲ့ မီးပုံးကို အသုံးပြုခဲ့တယ်'' ဟု ရွှေဟင်္သာဆရာတော်က အမိန့်ရှိသည်။ ရဟန်းတော်များသည် တစ်မိုးတစ်ရံတည်းဖြစ်သည့် နေရာဌာနမျိုး၌ အမျိုးသမီးများရှိနေလျှင် မကျိန်းစက်ကောင်း၊ ရထားသင်္ဘောဖြင့် ခရီးသွားရာ၌ပင် ခရီးသည်အမျိုးသမီးများပါ၍ အမိုးအကာတစ်ခုတည်းဖြစ်လျှင် အပြစ်မလွတ်ချေ။ ရွှေဟင်္သာဆရာတော်သည် ရထား၊ သင်္ဘောစီး၍ ခရီးသွားတိုင်း ထိုသိက္ခာပုဒ်ကို လုံခြုံအောင်စောင့်ရှောက်လေ့ရှိသည်။ သိက္ခာပုဒ်လုံခြုံအောင် စောင့်ရှောက်ရုံမျှမက ညဥ့်နံနက် ဘုရား ဝတ်တက်လည်း မဖျက်ခဲ့ဘူးချေ။

ဗုဒ္ဓရှင်တော် ပညတ်တော်မူခဲ့သည့် သိက္ခာပုဒ်များမှာ အကျဉ်းအားဖြင့် ၂၂၇ သွယ်ရှိပြီး အကျယ်အားဖြင့် ကုဋေကိုးထောင်ကျော်ရှိသည်။ ထိုတွင် ပြစ်မှုကြီးမားသော သိက္ခာပုဒ်တို့ကို လိုက်နာမိတတ်သော်လည်း ပြစ်မှုသေးငယ်သော သိက္ခာပုဒ်များကိုမူ လိုက်နာမိခဲတတ်သည်။ 'မဖြစ်လောက်ပါဘူး၊ ဒေသနာ ကြားလိုက်လျှင် ပြီးတာပဲ' ဟု သဘောထားမိတတ်သည်။ ရွှေဟင်္သာဆရာတော်အား ကျောင်းတော်ရာ ရွှေကျင်ဆရာတော်ကြီး၏တပည့်ကောင်းပီပီ အသေးအဖွဲ့မှစ၍ သိက္ခာပုဒ်မှန်သမျှကို လိုက်နာမိအောင် အမြဲသတိဆောင်သည်။

''သဒ္ဒါယ ပါတိမောက္ခသံဝရ သမ္ပာဒေတဗ္ဗော'' ဟူသည်နှင့်အညီ ပါတိ မောက္ခသံဝရသီလ ပြည့်စုံရေး၌ သဒ္ဓါတရားသည် အရေးကြီးလှပေသည်။ ငယ်စဉ်မှစ၍ သဒ္ဓါတတ်အဖြေနိုင်ခဲ့သည်။ ရွှေဟင်္သာဆရာတော်အပိုင် ပါတိမောက္ခ သံတုသီလနှင့် ပြည့်စုံရေးမှာ ခက်ခဲဖွယ်မရှိနိုင်တော့ချေ။

ဆရာတော်ကြီးသည် ဆွမ်းဘုဉ်းပေးရာ၌လည်း လောလုပ္ပတဏှာကို ဖယ်ရှား၍ များသောအားဖြင့် တဝကြီးမဘုဉ်းပေးဘဲ မျှတရုံ ဘုဉ်းပေး

လေ့ရှိ၏။ လက်ဆေးပြီး လက်သုတ်ပုဝါမှ မြူမှုန့်များ မကပ်အောင် လက်သုတ်ပုဝါမသုတ်ဘဲ ရေကိုလက်နှင့်သပ်ပြီး ခဲဖွယ်များကို အေးအေး လူလူ ဘုဉ်းပေးလေ့ရှိပါသည်။ အားလုံးပြီးမှ လက်သုတ်ဝေဟ်မူပါသည်။

တစ်ချိန်က ဆရာတော်ကြီးရွာထောင်မှ ဆွမ်းခံပြန်ပြီး သောက် တော်ရေဆေး၍ ကျောင်းပေါ်တွင် ဆွမ်းခံရလာသော ပဲပြုတ်လေး ဆီဆမ်း စေပြီး မောင်ရှင်တစ်ပါးကို ကပ်ခိုင်းလျက် မြိန်မြိန်ယှက်ယှက် ဘုဉ်းပေး နေသည်ကို ဖူးတွေ့ရပါသည်။

မိမိသည် ဆရာတော်ကြီးထံဝတ်ချပြီး ဆရာတော်ကြီး မြိန်မြိန် ယှက်ယှက် ဘုန်းပေးနေသည်ကို စိတ်ဝင်စားနေမှန်း ဆရာတော်ကြီး ရိပ်မိ သွားပါသည်။ ထိုစဉ်အခါက ဆရာတော်ကြီးက 'ကိုဣဿရ ဒို့များ မအပ်မရာတဲ့ ကြက်သား၊ ဝက်သား ဘုဉ်းပေးရတာထက် အပ်အပ်စပ်စပ် ဆွမ်းခံလို့ရတဲ့ ပဲပြုတ်ကလေးဘုဉ်းပေးရတာ ပိုမြိန်မြိန်ယှက်ယှက် ရှိတယ် ကွဲ့' ဟုမိန့်ရှိပါသည်။ ထိုအခါမှစ၍ ကျမ်းစာရေးသူသည် 'ပဲပြုတ်မြင်တိုင်း ဆရာတော်ကြီး ဝိနည်းလေးစားပုံကို အမြဲပင်အာရုံပြု၍ ကြည်ညိုမိပါတော့ သည်' ဟု အရှင်ဣဿရာဘိဝံသက ရွှေဟင်္သာတိုက်သစ်ကျောင်းတိုက် နှစ်(၅၀)မြောက်ရွှေရတုအထိမ်းအမှတ်စာစောင်တွင် ရေးသားထားပါသည်။

ရွှေဟင်္သာဆရာတော်ဘုရားကြီးသည် ကြည်ညိုဖွယ်ဆောင်သည့် နေရာတွင် ယနေ့ခေတ်၏စံပြဟုပင် ဆိုနိုင်ပါသည်။ ရဟန်းရှင် လူပရိသတ် အလယ်၌ ဆရာတော်ဘုရားကြီး၏ ကြည်ညိုမြတ်နိုးဘွယ် အသွင်ကို ဖူးမြင်လိုက်ရသူတိုင်း လက်အုပ်ချီမိကြပါသည်။ ရွှေဟင်္သာဆရာတော်ကြီး သည် ပရိသတ်အလယ်၌သာ ကြည်ညိုဖွယ်ဆောင်သည် မဟုတ်။ မိမိ သီတင်းသုံးရာ ကျောင်းဆောင်အတွင်း သီတင်းသုံးနေစဉ်အခါ၌လည်း ကြည်ညိုဖွယ်ရှိသည်သာ ဖြစ်သည်။ မျက်မှောက်မျက်ကွယ်နှစ်သွယ်မခြား ကျင့်ဝတ်သိက္ခာ လေးစားခြင်းဖြင့်သာ ကြည်ညိုဖွယ်ဆောင်တော်မူသည်။

## အပိစ္ဆတာ - အလိုနည်းပါးခြင်းဂုဏ်

ရွှေဟင်္သာဆရာတော်သည် မည်မျှပင် ဘွဲ့ထူးဂုဏ်ထူးများ ရထား သော်လည်း မိမိဂုဏ်ထူးဘွဲ့များ ထုတ်ဖော်ရေးသားလေ့မရှိဘဲ 'အရှင်ပဏ္ဍိတ ထေရ် ရွှေဟင်္သာဆရာတော်၊ ရွှေဟင်္သာတိုက်သစ်၊ စစ်ကိုင်းတောင်ရိုး'

ဤမျှလောက် ရေးသားပုံကို တွေ့ရသဖြင့်၊ အပိစ္ဆတာဂုဏ်နှင့် ပြည့်စုံပါပေ သည်ဟု ချီးကျူးလို့ မကုန်နိုင်အောင် ကြည်ညိုထိုက်ပါပေသည်။

ရောက်ရာရောက်ရာ ထိုထိုဌာနတို့မှ ဒကာ-ဒကာမတို့သည် လည်းကောင်း၊ သံဃာတော်တို့သည်လည်းကောင်း၊ သက်န်းအစရှိသော ဒါတဗ္ဗဝတ္ထုတို့ဖြင့် သက်တော်ကြီး၊ ဝါတော်ကြီးဟူ၍ လေးစားကြကာ လှူဒါန်းကြ၏။ ထိုပစ္စည်းတို့ကိုလည်း ရောက်ရာရောက်ရာ ကျောင်းရှိ သံဃာတို့ကိုလည်းကောင်း ဝေဖန် လှူဒါန်းခြင်းဖြင့် နှစ်ဦးနှစ်ဝ ပဋိပတ် သာသနာတော်ကို ဆောင်ရွက်ကြသော တပည့်သံဃာတို့ကိုလည်း အားပေး လှူဒါန်းလေ့ရှိသည်။ တစ်နှစ်လျှင် တစ်ကြိမ်ပြုလုပ်သော နတ်တော်လဆန်း (၈)ရက်နေ့၌မူကား ရှိသမျှသင်္ကန်း စသည်တို့ကို အကြွင်းမဲ့အကုန်ထုတ်၍ စာရေးတန်မဲချကာ လှူဒါန်းလေ့ရှိသည်။

ရွှေဟင်္သာဆရာတော်သည် မိမိရရှိထားသော ဘွဲ့တံဆိပ်တော်များ ကို စာအုပ်အသီးသီး၌ ပေါ်လွင်အောင် ဖော်ပြမှုမရှိရုံမျှမက ရရှိလာသော သင်္ကန်း စသော ပစ္စည်းတို့ကိုလည်း မိမိတစ်ဦးတည်း သုံးစွဲတော်မမူဘဲ သံဃာတော်များနှင့် ခွဲဝေသုံးစွဲတော်မူသည်။ ၎င်းတို့သည် ဆရာတော် ဘုရားကြီး၏ အလိုနည်းတော်မူခြင်း၊ လောဘမကြီးခြင်း၊ ပစ္စည်းမသို သိပ်ခြင်းဟူသော အပိစ္ဆတာဂုဏ်များပင် ဖြစ်ပါသည်။ ယင်းဂုဏ်သည် လည်း ရွှေဟင်္သာဆရာတော်ဘုရားကြီး၏ ကြည်ညိုဖွယ်ရာ အံ့ဖွယ်ဂုဏ်ရည် တစ်ပါးပင် ဖြစ်သည်။

## ခန္တီ - သည်းခံခြင်းဂုဏ်

သည်းခံခြင်းသည် မွန်မြတ်လှသည်။ ကောင်းမြတ်သော အကျင့် လည်း ဖြစ်သည်။ သည်းခံမှုသည် ကောင်းမှုများစွာတို့၏ မူလအကြောင်း တရားပင် ဖြစ်သည်။ သတ္တဝါတို့သည် လောကဓံနှင့် အမြဲတမ်း တွေ့ကြုံ နေရသည်။ ကောင်းလောကဓံနှင့် တွေ့ကြုံသည်ဖြစ်စေ၊ ဆိုးလောကဓံနှင့် တွေ့ကြုံသည်ဖြစ်စေ သည်းခံမှုရှိသူသည်သာ အောင်မြင်နိုင်သည်။ ရွှေဟင်္သာ ဆရာတော်ဘုရားကြီးသည် အရာရာ၌ သည်းခံတော်မူခဲ့သည်။ ဆရာတော် ဘုရားကြီး၏သည်းခံမှု မြောက်မြားစွာရှိသည့်အနက် တစ်ခုကို ဖော်ပြ ပါမည်။

နိဒါန်းရေးသူသည် သာသနာရေးဦးစီးဌာန စာပုံနှိပ်တိုက်၌ စာပြင်မှူးချုပ်အဖြစ် တာဝန်ထမ်းဆောင်နေစဉ် တစ်နေ့၌ ညွှန်ကြားရေးမှူးချုပ် ဦးကြည်ညွှန့်က စာပြင်ဆင်၍ရိုက်နှိပ်ရန် စိတ္တာနုပဿနာစာမူကို ပေးခဲ့သည်။ နိဒါန်းရေးသူသည် ကျမ်းပြုဆရာတော်ကြီးကို လေးစားသောအားဖြင့်လည်းကောင်း၊ အဖိုးတန်စာမူကို ရိုသေသောအားဖြင့်လည်းကောင်း သေချာလုံခြုံစွာ သိမ်းထားလိုက်ပေသည်။

လောက၌ သစ်သီးများနုလွန်း၊ စိမ်းလွန်းလျှင် ဝါဝင်မှည့်ပျော်ရန် ခက်တတ်၍ တန်ဖိုးရှိသော ပစ္စည်းကိုသေချာစွာ အသိမ်းလွန်လျှင် ရှာတွေ့ရန် ခက်တတ်သည့် သဘောရှိပေသည်။ ထို့ကြောင့် 'အငိုလွယ်လျက် အရှိက်ခက်' သည်ဟူသော ရှေးမြန်မာစကားပုံကို မှီငြမ်းပြု၍ 'အစိမ်းလွန်သော် အဝါခက်သည်' 'အသိမ်းလွန်သော် အရှာခက်သည်' ဟူ၍ စကားပုံအသစ်တစ်ခု ထပ်မံတိုးရလောက်အောင် ရိုသေလေးစားမှု လွန်ကဲကာ အသိမ်းလွန်သောကြောင့် စိတ္တာနုပဿနာ ပထမစာမူရှာမတွေ့ခြင်းဖြစ်သည်။ မတွေ့သည်ကိုရှာလျှင် အချိန်ကြာမြင့်မည်စိုးသောကြောင့် ညွှန်ကြားရေးမှူးချုပ်ထံ အကျိုးအကြောင်း ဖော်ပြအစီရင်ခံပြီး (၁၀-၉-၈၀) နေ့က ဆရာတော်ကြီးသီတင်းသုံးရာ စစ်ကိုင်းတောင်ရိုး ရွှေဟသ်ာတိုက်သစ်သို့ သွားရောက်ရှိခိုးဖူးမြော်ပြီးလျှင် -

"ဆရာတော်ပြုစုသည့် စိတ္တာနုပဿနာကျမ်းမှာ စာမူရှာမတွေ့ဘဲ ဖြစ်နေပါသည်။ ဆရာတော်ထံတွင် မိတ္တူမူကြမ်းများရှိပါက ရိုက်နှိပ်ရန် ချီးမြှင့် မစတော်မူပါဘုရား" ဟု လျှောက်ထား တောင်းပန်ရပါသည်။

ထိုအခါ ဆရာတော်က "မိတ္တူ မူကြမ်းတော့ ရှင်းပစ်လို့ကျန်မည် မထင်ပါဘူး။ သို့သော် အချိန်ယူပြီး ဘုန်းကြီးအသစ် ရေးပေးပါမည်" ဟု မိန့်ကြားတော်မူပါသည်။ ယင်းသို့ မိန့်ကြားခဲ့စဉ် ဆရာတော်ဘုရားကြီး၏ မျက်နှာတော်ကိုမူ ဖူးမြော်ကြည့်လိုက်သည်။

ဆရာတော်၏ မျက်နှာတော် အနေအထား ဟန်အမူအရာသည် မိမိ ကြိုးစားအားစိုက်၍ ရေးသားထားသည့် စာမူရှာမတွေ့ဟူသော လျှောက်ထားချက်ကို ကြားရသောကြောင့် စိတ်ဆိုးသောအသွင် ဝမ်းနည်းသော အရိပ်အယောင် အနည်းငယ်မျှ၊ အငွေ့အသက်မျှ ပေါ်ပေါက်လာခြင်း မရှိချေ။

၁၃၄၁ ခုနှစ်၊ နယုန်လပြည့်နေ့ စနေနေ့ 'အဘိဓမ္မမဟာရန္တဂုရု' ဘွဲ့တံဆိပ်တော် အလှူခံယူတော်မူစဉ် ဝမ်းမြောက်ဝမ်းသာမှု အရိပ်အယောင်မျှမပြဘဲ ငြိမ်သက်တည်ကြည်စွာ ရှိနေသည်။ မျက်နှာထား ဣန္ဒြေအမူအရာအတိုင်းပင်လျှင် ယခုဆရာတော်ပြုစုထားသည့် စာမူရှာမတွေ့ဟု လျှောက်ထားသောအခါ၌လည်း စိတ်ဆိုးဝမ်းနည်းခြင်းကင်း၍ ငြိမ်သက်တည်ကြည်မြဲသာ ရှိနေပေသည်။ ဤသည်မှာ လောကဓံကို ခံနိုင်သည့် သီလ၊ သမာဓိ၊ ပညာလွှမ်းခြုံထားသော အောင့်အည်းသည်းခံမှု ခန္တီဂုဏ်တော် ဖြစ်လေသည်။

အချိန်ယူပြီး ဘုန်းကြီး အသစ်ရေးပေးပါမည်ဟူသော အသံတော်မှာလည်း အဘိဓမ္မမဟာရန္တဘွဲ့ရစဉ်က ဩဝါဒကထာမိန့်သည့် ဝမ်းမြောက်တက်ကြွခြင်းမရှိ ပကတိ ငြိမ်သက် တည်ကြည်သည့် အသံတော်အတိုင်းပင် ဖြစ်ပေသည်။ ဤသည်မှာ လောကဓံတရားကြောင့် ဖောက်ပြားခြင်းမရှိသည့် သီလ၊ သမာဓိ၊ ပညာဂုဏ်တော်များဖြင့် ထိန်းချုပ်ထားသော သတ္တဝါတို့၏အကျိုးလိုလား ချစ်သနားသည့်မေတ္တာဂုဏ်တော် ဖြစ်ပေသည်။

ယင်းသို့ဆရာတော်၏ မိန့်ကြားချက်ကို ကြားနာရသောအခါ နိဒါန်းရေးသူသည် မိမိကြောင့် အဖိုးတန်စာမူရှာမတွေ့၍ ပူလောင်သည့်ဒုက္ခသည် အမြိုက် ရေချမ်းဖြင့် သွန်းဖျန်းခြင်း ခံလိုက်ရသကဲ့သို့ နှစ်သက်ရွှင်လန်း ပီတိလွှမ်း၍ ငြိမ်းချမ်းမှု သုခရရှိပြီး ဆရာတော်အား ရိုသေစွာ ဦးချရှိခိုး၍ ပြန်လာခဲ့လေသည်။

ကာလမကြာမီပင် အသစ်ရေးသား ချီးမြှင့်လိုက်သည့် စိတ္တာနုပဿနာကျမ်း ဒုတိယစာမူ ရောက်လာသည်။ ယင်းသို့ မိန့်ကြားတော်မူသည့်အတိုင်း မှန်ကန်စွာ ချီးမြှင့်ခြင်းသည် သစ္စာဂုဏ်ဖြစ်သည်ဟု ဦးထွန်းလှိုင် (ဝိနယပါရဂူ)က အမှာစာတွင် ရေးသားထားပါသည်။

စိတ္တာနုပဿနာပထမစာမူ ပျောက်ကွယ်သွားခြင်းကိုပင် ဘုန်းကြီးသည် တစ်နည်းအားဖြင့် ဝမ်းသာမိ၏။ အကြောင်းမူကား ယင်းစာမူကို ခပ်သုတ်သုတ် ရေးလိုက်ရ၍ စာသားလည်း ကျဉ်းသည်။ ကျဉ်းသဖြင့် ပြည့်စုံသလောက် ပြည့်စုံခြင်း မရှိသောကြောင့် မိမိကိုယ်တိုင်ကပင် အားရကျေနပ်မှု မရှိလှချေ။ ထို့ထက် ပြည့်စုံစွာထပ်မံ၍ရေးလိုသော ဆန္ဒဖြစ်ပေါ်ခဲ့ပြန်သည်။ သို့ကြောင့် ယခု ဒုတိယအကြိမ် ထပ်မံရေးခြင်း ဖြစ်သည်။

စိတ္တာနုပဿနာကျမ်းငယ်ကို ဒုတိယအကြိမ် ထပ်မံရေးရလေအောင် နတ်သိကြားများက တိတ်တဆိတ်ယူငင်ကာ သိုဝှက်ထားလေသလား၊ အရှင်မဟာဗုဒ္ဓဃောသထေရ် ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာကို ရေးတော်မူစဉ်က ပထမစာမူတို့ကို နတ်သိကြားများက ဝှက်ထားသကဲ့သို့ ဒုတိယဗုဒ္ဓဃောသဟူ၍များ ထင်မှတ်ကာ ပထမစာမူနှင့် ဒုတိယစာမူ တစ်ထပ်တည်းများ ဖြစ်နေမလားဟု ကြိုတင်၍ ထင်ကြေး မပေးစေလိုကြောင်း အရှင်ဗုဒ္ဓဃောသထေရ်နှင့် စိတ္တာနုပဿနာရေးသော ဘုန်းကြီးသည် မနှိုင်းကောင်း၊ မဆိုကောင်းသော ပုဂ္ဂိုလ်ချင်းဖြစ်၍ အရှင်ဗုဒ္ဓဃောသ၏ ဂုဏ်တော်ကို မထိခိုက်စေလိုကြောင်း မေတ္တာရပ်ရပါသည်။

အထက်ပါ အကြောင်းအရာ စကားရပ်ကို နိဒါန်းဟု ဆိုလိုက ဆိုနိုင်သည့် အကြောင်းပြ ဆိုလိုကလည်း ဆိုနိုင်သည်ဟု ရွှေဟင်္သာဆရာတော်ကိုယ်တိုင် စိတ္တာနုပဿနာ သတိပဋ္ဌာန်တရားတော်ကျမ်း၌ မိမိ၏ခန္တီဂုဏ်ကို ရေးသားထားပါသည်။

စာရေးသူသည် ရွှေကျင်နိကာယ သာသနာဝင်စာအုပ်ကို ကြည့်ရှု၍ ထိုဂိုဏ်းနှင့် စပ်ဆက်သော အကြောင်းအရာတစ်ရပ်ကို ရေးသား၍ ဆရာတော်ထံ လျှောက်ထားလိုက်ပါသည်။ ဆရာတော်၏ စာကိုဖတ်ပြီး ဝမ်းသာအံ့ဩမိပါသည်။ ဆရာတော်၏ 'မာန်' ကင်းသော စိတ်ဓာတ်ကိုလည်း ချီးကျူး ကြည်ညိုမိပါသည်။ ဆရာတော်၏ ပြန်စာလေးကို တလေးတစားပင် သိမ်းဆည်းထားမိပါသည်။ နှစ်ပေါင်း (၂၀) ကျော်ခန့်ကြာပြီဖြစ်၍ သိမ်းလွန်သဖြင့် မူရင်းကို မဖော်ပြနိုင်ချေ။ ဆိုလိုရင်းသဘောကို မှတ်မိနေပါသည်။

ရွှေကျင်နိကာယသာသနာဝင်အကြောင်းအရာကို ဝေဖန်ရေးသားလျှောက်ထား၍ ဝမ်းသာပါသည်။ ထာဝစဉ် ရှိရမည့်စာအုပ်ဖြစ်၍ အကြောင်းအရာ မှန်ကန်တိကျရန်လိုအပ်ပါသည်။ စာအုပ်ကိုသာ မဟုတ်ပါ။ တပည့်တော်တို့အပေါ်၌လည်း ပြောဆိုရေးသား လျှောက်ထားနိုင်ပါသည်။

ဆရာတော်သည် စာအုပ်ဝေဖန်ရေးကိုသာမက ပုဂ္ဂိုလ်ရေးအရ ရေးသားရန်ရှိက ရေးသ းလျှောက်ထားရန်ပင် ဖိတ်ကြားလိုက်သည်။ စာရေးသူသည် ဆရာတော်ကို တစ်ကြိမ်သာ ဖူးတွေ့ခဲ့ဖူးရာ ရင်းနှီးသူလည်း မဟုတ်ပါ။ ထေရ်ကြီးတစ်ပါးလည်း မဟုတ်ပါဘဲ ဖိတ်ကြားရေးသားလိုက်

ခြင်းကား ဆရာတော်၏ 'မာန်' ကို နှိမ်လွှမ်းသော 'နိဝါတမင်္ဂလာ' ဟုပင် ဆိုရမည် ထင်ပါသည်ဟု ရှင်အာဒိစ္စဝံသဆားလင်းကြီးက ရွှေဟင်္သာဆရာတော်၏ 'နိဝါတဂုဏ်နှင့် ခန္တီဂုဏ်' ကို ရေးသားတော်မူခဲ့ပါသည်။

သည်းခံခြင်း၊ ခန္တီဂုဏ်သည် ရွှေဟင်္သာဆရာတော်ဘုရားကြီး၏ ကြည်ညိုဖွယ်ရာဂုဏ်တို့တွင် အံ့ဖွယ်ဂုဏ်ထူးတစ်ခုအဖြစ် ပါဝင်လျက် ရှိပါသည်။

ဤမျှဖြင့် ရွှေဟင်္သာဆရာတော်ဘုရားကြီး၏ အံ့ဖွယ်ဂုဏ်ရည် (အဗ္ဘုတဓမ္မ)များကို တစ်စွန်းတစ်စမျှ တင်ပြလိုက်ရပါသည်။ ဆရာတော်ဘုရားကြီး၏ လေးနက် မြင့်ခက်သော ဤမှတစ်ပါး အခြားအခြားသော အဗ္ဘုတဓမ္မများလည်း ကေန်ရှိသည်သာ ဖြစ်ပါလိမ့်မည်။

## နိဂုံး

မြတ်စွာဘုရားသည် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းတိုင်တိုင် ဒါနစသည့် ဆယ်လီသော ပါရမီတော်များကို ဖြည့်ကျင့်တော်မူ၍ သဗ္ဗညုတ ရွှေဉာဏ်တော်ကို ရရှိတော်မူကာ ဘုရားအဖြစ်သို့ ရောက်တော်မူခဲ့ပါသည်။ ဘုရားဖြစ်တော်မူပြီးနောက် ပရိနိဗ္ဗာန်စံချိန်အထိ လေးဆယ့်ငါးဝါကာလ တိုင်တိုင် နေ့မအား၊ ညမနား တရားတော်များကို ဟောကြားတော် မူခဲ့ပါသည်။ မြတ်စွာဘုရားဟောတော်မူသော တရားတော်များကို ဗုဒ္ဓသာသနာ ဟု ခေါ်ပါသည်။ ဗုဒ္ဓသာသနာသည် ပရိယတ္တိသာသနာ၊ ပဋိပတ္တိသာသနာ၊ ပဋိဝေဓသာသနာဟု (၃)မျိုးရှိသည်။

မြတ်စွာဘုရား ဟောတော်မူခဲ့သော ဓမ္မဝိနယများကို သင်ယူခြင်း၊ ပို့ချခြင်း၊ ဟောပြောခြင်း ရေးသား ဖြန့်ဝေခြင်းသည် ပရိယတ္တိသာသနာ မည်ပါသည်။ ယင်းကို ဂန္ထဓုရဟုလည်း ခေါ်ပါသည်။ ပရိယတ္တိက ညွှန်ပြသော သီလ၊ သမာဓိ၊ ပညာ ကျင့်ဖွယ်ရာများကို ကိုယ်တိုင်ကျင့်ခြင်း၊ သူတစ်ပါးကို ကျင့်စေခြင်းသည် ပဋိပတ္တိသာသနာဟုခေါ်ပါသည်။ ယင်းကို ဝိပဿနာဓုရဟုလည်း ခေါ်ပါသည်။ ထိုပရိယတ်၊ ပဋိပတ်သာသနာနှစ်ရပ် ကြောင့် ရရှိလာသောဈာန်၊ မဂ်ဖိုလ်နိဗ္ဗာန် တရားများသည် ပဋိဝေဓ သာသနာ ဖြစ်ပါသည်။ ယင်းသည် အကျိုးတရား ဖြစ်သည်။ ပရိယတ္တိ သာသနာနှင့် ပဋိပတ္တိသာသနာသည် အကြောင်းတရားများ ဖြစ်သည်။

ထို့ကြောင့် သာသနာ (၃)ရပ်တွင် ပရိယတ္တိသာသနာနှင့် ပဋိပတ္တိသာသနာသည် အကြောင်းတရားဖြစ်၍ ဧကန်လုပ်ဆောင်ရမည့် ကျင့်ဝတ်တရားများဖြစ်ပြီး၊ ပဋိဝေဓသာသနာသည် အကျိုးတရားဖြစ်၍ ဧကန်စံစားရမည့်သဘာဝများ ဖြစ်သည်။ ထို့ကြောင့် ပရိယတ္တိသာသနာနှင့် ပဋိပတ္တိသာသနာကို ရဟန်းရှင်လူတိုင်း ဧကန် ဆောင်ရွက်ကြရမည် ဖြစ်သည်။

**ပဋိပတ္တိယာ/ဓရမာနာယ သာသနံ အန္တရဟိတံ နာမ န ဟောတိ**

(ပရိယတ္တိကို ဆောင်ရွက်နေလျှင် သာသနာကွယ်ခြင်းမည်သည် မဖြစ်)

**ပရိယတ္တိယာ ဌိတာယ သာသနံ ဌိတံ ဟောတိ။**

(ပရိယတ္တိတည်လျှင် သာသနာတည်သည်)

ဟု ရှင်မဟာဗုဒ္ဓဃောသက မိန့်ဆိုထားသည်။

ထို့ကြောင့် သာသနာ(၃)ရပ်တွင် ပရိယတ္တိသာသနာသည် အရင်းမူလဖြစ်သည်။ သာသနာ(၂)ရပ်တို့တွင်လည်း ပရိယတ္တိသာသနာသည် ပဋိပတ္တိသာသနာကို အထောက်အပံ့ပြုနေကြောင်းလည်း ရှင်မဟာဗုဒ္ဓဃောသက အင်္ဂုတ္တိုရ် အဋ္ဌကထာ၌ပင် အောက်ပါအတိုင်း ဖွင့်ဆိုထားပါသည်။

**ပရိယတ္တိယာ ဟိ အန္တရဟိတာယ ပဋိပတ္တိ အန္တရဓာယတိ၊**
**ပရိယတ္တိယာ ဌိတာယ ပဋိပတ္တိ ပတိဋ္ဌာတိ။**

(ပရိယတ္တိကွယ်လျှင် ပဋိပတ္တိ ကွယ်ပျောက်သည်။ ပရိယတ္တိတည်ရှိလျှင် ပဋိပတ္တိ တည်ရှိသည်။)

ထို့ကြောင့်ပင် မြတ်စွာဘုရား၏ တပည့်သားများသည် ပရိယတ္တိသာသနာကို ထွန်းကားပြန့်ပွားအောင် ရှေးဦးစွာ ဆောင်ရွက်ကြခြင်းပင်ဖြစ်ပါသည်။ ပရိယတ္တိသာသနာကို ဆောင်ရွက်ရင်းပင် ပဋိပတ္တိသာသနာကိုလည်း ('အပ်သွားချည်ပါ၊ လေ့နောက် ရေပါ' သဘောမျိုးဖြင့် 'နေ့ပရိယတ်၊ ညပဋိပတ်' တာဝန် (၂)ရပ်ကို) ထမ်းဆောင်တော် မူခဲ့ကြပါသည်။ မြတ်စွာဘုရားရှင်ကလည်း ပရိယတ္တိသာသနာ ထွန်းကားရေးကို လိုလားတော်မူခဲ့ပါသည်။

အရှင်ဉပါလိမထေရ်သည် မြတ်စွာဘုရားထံမှ ကမ္မဋ္ဌာန်းတောင်းတောကျောင်း၌ နေလိုကြောင်း မြတ်စွာဘုရားကို လျှောက်ထားတော်မူပါသည်။ ထိုအခါ၌ မြတ်စွာဘုရားက -

**ဘိက္ခု တဝ အရဍ္ဍေ ဝသန္တဿ ကေမေဝ ခုရံ ဝဍ္ဎိဿတိ၊ အမှာကံ ပန သန္တိကေ ဝသန္တဿ ဝိပဿနာခုရဉ္စ ဂန္ထခုရဉ္စ ပရိပူရေဿတိ။**

(ရဟန်း၊ တောကျောင်း၌နေသော သင့်အား ဓုရတစ်မျိုးကိုသာ တိုးပွားလိမ့်မည်။ ငါဘုရား၏အထံ၌နေမှုကား ဝိပဿနာဓုရကို လည်းကောင်း၊ ဂန္ထဓုရကိုလည်းကောင်း ပြည့်စုံလိမ့်မည်) ဟု မိန့်တော်မူပါသည်။

မိန့်ဆိုချက်ကိုကြည့်ခြင်းအားဖြင့် မြတ်စွာဘုရားသည် ပရိယတ္တိသာသနာဟုခေါ်သော ဂန္ထဓုရတာဝန်ကို ပြည့်ပြည့်စုံစုံ ထမ်းဆောင်စေလိုသောဆန္ဒများ ပေါ်လွင်လှပါသည်။

**ထေရော သတ္ထု ဝစနံ သမ္ပဋိစ္ဆိတွာ ဝိပဿနာယ ကမ္မံ ကရောန္တော**

**နစိရဿေဝ အရဟတ္တံ ပါပုဏိ။ အထ နံ သတ္ထာ သယမေဝ သကလံ**

**ဝိနယပိဋကံ ဥဂ္ဂဏှာပေသိ။**

ရှင်ဥပါလိသည် မြတ်စွာဘုရား၏ စကားကိုနာယူ၍ ဝိပဿနာဓုရ အလုပ်ကို အားထုတ်၍ မကြာမီပင်လျှင် အရဟတ္တဖိုလ်သို့ရောက်ကာ ရဟန္တာ ဖြစ်သွားသည်။ မြတ်စွာဘုရားကိုယ်တိုင်လည်း ရှင်ဥပါလိအား အလုံးစုံသော ဝိနည်း ပိဋကတ်ကို သင်ပေးတော်မူပါသည်။ ယင်းဖြစ်ရပ်ကို ကြည့်လျှင်လည်း မြတ်စွာဘုရားသည် ပရိယတ္တိသာသနာပြန့်ပွားမှုကို လိုလားကြောင်းနှင့် ပရိယတ္တိကြောင့် ပဋိပတ္တိသာသနာတိုးပွား၍ ပဋိဝေဒ သာသနာစံစားရကြောင်း ပေါ်လွင်လှပါသည်။

မြတ်စွာဘုရား၏ တပည့် ရှင်လူရဟန်းတို့သည် သာသနာ သုံးရပ်တွင် ပရိယတ္တိ၊ ပဋိပတ္တိ၊ သင်ခြင်းကျင့်ခြင်းတာဝန် (၂)ရပ်ကို ထမ်းဆောင်ခြင်းဖြင့် သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားအောင် ဆောင်ရွက်ပြီး လောကငြိမ်းချမ်းရေး ဘဝချမ်းသာရေး အများကောင်းကျိုး ကိုလည်း ပြုလုပ်တော်မူခဲ့ကြပါသည်။ ယင်းပုဂ္ဂိုလ်တို့တွင် စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာတိုက်သစ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ ရွှေဟင်္သာဝံသ သံဃမဟာနာယကဓိပတိ၊

ရွှေကျင်နိကာယဥက္ကဋ္ဌ၊ သာသနာပိုင်ဆရာတော် သက်တော်ရှည် ရွှေဟင်္သာဆရာတော်ဘုရားကြီးသည် တစ်ပါးအပါအဝင် ဖြစ်ပါသည်။

ရွှေဟင်္သာဆရာတော်လျှောင်းလျာသည် ဟင်္သာတခရိုင် လေးမျက်နှာမြို့၌ သက္ကရာဇ် ၁၂၅၅ ခုနှစ်၊ နတ်တော်လဆန်း(၇)ရက် ကြာသပတေးနေ့ည (၉း၃၀) နာရီအချိန်တွင် ဦးကျောက်စိမ်း ဒေါ်ရွှေသော့တို့မှ မွေးဖွားခဲ့သော သားရတနာ ဖြစ်သည်။ ငယ်နာမည် မောင်သန်းဟု ခေါ်သည်။ အသက် (၁၄)နှစ်အရွယ်တွင် ရှင်သာမဏေအဖြစ်သို့ ရောက်ခဲ့သည်။ ဖခင် ဦးကျောက်စိမ်းနှင့် မိခင်ဒေါ်ရွှေသော့တို့သည် 'ဓမ္မဒါယာဒါမေ ဘိက္ခဝေ ဘဝတမာ အာမိသ ဒါယာဒါ' ၁။ မ၊ ၁၊ ၁၅။

(ရဟန်းတို့၊ သင်တို့သည် မင်္ဂဖိုလ်နိဗ္ဗာန်လောကုတ္တရာ ကိုးပါးတရားအမွေတို့ ဖြစ်ကြကုန်သော။ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးပစ္စည်းလေးပါး အမွေခံမျှသာ မဖြစ်ကြကုန်) နှင့် ဟူသော မြတ်စွာဘုရား၏ လမ်းညွှန်ချက်အတိုင်း ဓမ္မအမွေခံဖြစ်ကြရာ ရည်ရွယ်၍ မိမိတို့၏ ရင်သွေးရတနာကို သာသနာ့ဘောင်သို့ သွတ်သွင်း ချီးမြှင့်ပေးကြသည်။ ရင်သွေးရတနာမောင်သန်းကိုလည်း ဓမ္မအမွေ ခံယူသူ ဖြစ်စေလိုကြဟန် တူပါသည်။ ထို့အပြင် -

> **ယော ဟိ ကောစိ မဟာရာဇ အဆောဝါ ဒလိဒ္ဒေါ ဝါ အတ္တနော ဩရသံ ပုတ္တံ ပဗ္ဗာဇေတိ၊ အယံ ဝုစ္စတိ မဟာရာဇာ ဒါယာဒေါ သာသနဿ**
>
> (ဒကာတော် မင်းမြတ်ချမ်းသာသူဖြစ်စေ၊ ဆင်းရဲသူဖြစ်စေ၊ မည်သူမဆို မိမိ၏သားရတနာကို ရှင်ရဟန်းပြုပေး၏။ ယင်းသို့ ပြုပေးခြင်းသည် သာသနာတော်၏ အမွေခံဖြစ်သည်) ဟု ရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်က သီရိဓမ္မာသောကမင်းကြီးအား လမ်းညွှန်ချက်ကို လိုက်နာသောအားဖြင့်လည်း သာသနာ့အမွေခံယူရန် ရှင်ပြုပေးကြခြင်းလည်း ဖြစ်ဟန်တူပါသည်။

ယင်းကဲ့သို့ ရင်သွေးရတနာ မောင်သန်းအား သာသနာ့ဘောင်သို့ ရှင်သာမဏေအဖြစ် သွတ်သွင်းပေးခြင်းသည် ဗုဒ္ဓဘာသာဝင်တို့၏ ကြည်ညိုမှုကို အရင်းခံထားသော ရိုးရာယဉ်ကျေးမှုပင် ဖြစ်ပါသည်။ မောင်သန်းသည် ရှင်သာမဏေအဖြစ်သို့ရောက်ပြီးနောက် ပိဋကအကျော်

ဆရာတော်တို့ထံချဉ်းကပ်ကာ ပရိယတ္တိစာပေများကို သင်ယူတော်မူခဲ့ပါသည်။

**သုဿူသံ လဘတေ ပညံ။ အပ္ပမတ္တော ဝိစက္ခဏော။**

(ပညာရှိထံ နည်းခံသင်ယူသူသည် ပညာကိုရ၏။ မမေ့မလျော့သောသူသည် ပညာကိုရ၏။ စူးစမ်းဆင်ခြင်တတ်သူသည် ပညာကိုရ၏) ဟု မြတ်စွာ ဘုရားက အာဠဝကဘီလူးအား ပညာရကြောင်း တရားများကို ဟောကြားတော်မူခဲ့ပါသည်။

**ပဏ္ဍိတော သုတ သမ္ပန္နော၊ ယတ္ထ အတ္ထိတိ ဝေသုတော။**

**မဟုဿာဟေန တံ ဂန္တွာ၊ ဂန္တဗ္ဗံဝ သုတေသိနာ။**

(သုတနှင့်ပြည့်စုံသော ပညာရှိ ရှိသည်ဟု အကြင်အရပ်မှ အကယ်၍ ကြားငြားအံ့ သုတကိုရှာသော အမျိုးကောင်းသားသည် ပြင်းထန်စွာ အားထုတ်သဖြင့် ထိုအရပ်သို့သွားရာသည်သာ) ဟုလောကနီတိကျမ်း၌ ပညာရှာဖို့ရန် တိုက်တွန်းမိန့်ဆိုထားသည်။

ရွှေဟင်္သာဆရာတော်လောင်းလျာသည် ယင်းစဉ်ကပင် ပညာရှိများ ပေါ်ထွန်းရာဖြစ်သည့် မိကျောင်းရဲကျောင်း၊ ရန်ကုန်မြို့ ကျောင်းတော်ရာ ရွှေကျင်တိုက်မကြီး၊ ညောင်တုန်းမြို့ ရွှေဟင်္သာတောရကျောင်းတိုက်၊ မန္တလေးမြို့ အနောက်ပြင် ငါးဆူတိုက်၊ စကုတိုက်၊ ခင်မကန်တိုက်၊ တောင်သမန်တိုက် စသည်တို့၌ လှည့်လည်သီတင်းသုံးကာ ပိဋကအကျော်ဆရာတော်များထံ ချဉ်းကပ်ပြီး ပိဋကပါရဂူ သက္ကတပါရဂူဖြစ်အောင် ဆည်းပူးသင်ယူတော်မူခဲ့ပါသည်။ ယင်းကိုကြည့်သောအားဖြင့် ရွှေဟင်္သာဆရာတော်လောင်းလျာသည် မြတ်စွာဘုရားနှင့် နီတိဆရာတို့ ညွှန်ကြားချက်အတိုင်း လိုက်နာဆောင်ရွက်ခဲ့သောကြောင့် ပညာရှိသူတော်ကောင်းဖြစ်ကာ သာသနာတော်ကို ဘက်ပေါင်းစုံမှ အဆင့်မြင့်မြင့် ပြုစုနိုင်ခြင်း ဖြစ်ပါသည်။

ရွှေဟင်္သာဆရာတော်လောင်းလျာသည် မန္တလေးမြို့၌ (၂)နှစ်ကြာမျှ ပညာသင်ကြားပြီးနောက် ညောင်တုန်းမြို့ ရွှေဟင်္သာတောရကျောင်းတိုက်သို့ပြန်ကြွလာကာ မှန်ကျောင်း၌သီတင်းသုံးနေသည်။ ထိုစဉ်ကား ရဟန်းဝါ (၆)ဝါမျှ ရှိသေးသည်။ ရွှေဟင်္သာတောရကျောင်း၌ ကျောင်းတော်ရာ ဆရာတော်အရှင် သာသနာ့မဟာထေရ်ကြွရောက် သီတင်းသုံးနေသော အချိန်အခါ ဖြစ်သည်။

**နိဂယှ နိဂ္ဂဟေတဗ္ဗေ**
**ပဂ္ဂဏေယျေ စ ပဂ္ဂဟံ။**
**သုသုခေနဝ ဓောတေယျံ**
**သမ္မာသမ္ဗုဒ္ဓသာသနံ။**

နှိပ်ကွက်ထိုက်သူကို နှိပ်ကွပ်၍ ချီးမြှောက်ထိုက်သူကို ချီးမြှောက်ရာ၏။ ယင်းကဲ့သို့ပြုသူသည် ဗုဒ္ဓမြတ်စွာသာသနာတော်ကို ချမ်းချမ်းသာသာဖြင့်သာ ထွန်းတောက်အောင် ပြုလုပ်ရာ၏ဟူသော မဟာဝိသုဒ္ဓါရာမဆရာတော်ဘုရားကြီး၏ လမ်းစဉ်နှင့်အညီ ကျောင်းတော်ရာဆရာတော်ဘုရားကြီးသည် ချီးမြှောက်သင့် ချီးမြှောက်ထိုက်သော အရှင်ပဏ္ဍိတကို "ယနေ့ကစ၍ မှန်ကျောင်းမောင်ပဏ္ဍိတကို ဒုတိယစာချ ဓွယ်တော်ကျောင်း ဘုန်းကြီးဟု ခေါ်ကြရမည်" ဟု ဩဝါဒပေးကာ မြှောက်စားတော်မူခဲ့သည်။ ယင်းနေ့သည် ၁၂၈၀ ပြည့်နှစ်၊ နယုန်လပြည့်နေ့ ဖြစ်သည်။ ထိုအချိန်မှစ၍ ရှင်ပဏ္ဍိတသည် စာချဘုန်းကြီး ဖြစ်လာခဲ့သည်။

ရွှေဟင်္သာဆရာတော်လောင်းလျာ ရှင်ပဏ္ဍိတသည် ဆရာ့စကားကို မြေဝယ်မကျ နားထောင်ကာ ပရိယတ္တိတာဝန်ကို ပြည့်ပြည့်ဝဝ ထမ်းဆောင်ခဲ့သည်။

**ဘာသယေ ဇောတယေ ဓမ္မံ၊ ပဂ္ဂဏှေ ဣသိနံ ဓဇံ။**
**သုဘာသိတဓဇာ ဣသယော၊ ဓမ္မောဟိ ဣသိနံ ဓဇော။**

ဓမ္မကို ဟောပြောရာ၏။ ထွန်းတောက်အောင် ပြုလုပ်ရာ၏။ သူတော်စင်တို့၏ဓမ္မကို ချီးမြှောက်ရာ၏ ဓမ္မသည် သူတော်စင်တို့၏ အောင်လံတံခွန် ဖြစ်သည်ဟူသော မြတ်စွာဘုရား၏ စကားတော်အတိုင်း စာပေပို့ချပေးခြင်းဖြင့် ဓမ္မအောင်လံကို လွှင့်ထူပေးတော်မူခဲ့ပါသည်။ ယင်းအလုပ်သည် သာသနာ့ဝန်ထမ်း လူ၊ ရှင်ရဟန်းတိုင်း မုချပြုလုပ်သင့်သောတာဝန်များ ဖြစ်ပါသည်။

ရဟန်းတော်ရှင်ပဏ္ဍိတသည် ညောင်တုန်းမြို့မှတစ်ဆင့် စစ်ကိုင်းတောင်ရိုးသို့ ဘုရားဖူး ရောက်လာခဲ့သည်။ ၁၂၈၉ ခုနှစ်တွင် စစ်ကိုင်းတောင်ရိုး၌ အစ်မဝမ်းကွဲတော်စပ်သော မဂ္ဂင်ချောင်၌နေသည့် သီလရှင်မနန္ဒာက ဝါးကျောင်းကလေး ဆောက်လုပ်လှူဒါန်းသဖြင့် သီတင်းသုံးနေထိုင်ခဲ့သည်။ ယင်းကျောင်းတိုက်ကလေး၌ နေထိုင်စဉ် စာချခြင်းစသော

ကိစ္စရပ်များ ကင်းရှင်းနေသဖြင့် ချမ်းချမ်းသာသာ လွတ်လွတ်လပ်လပ် နေထိုင်ခွင့်ရခဲ့သည်။ ရွာထောင်ရွာသို့ကြွ၍ နေ့စဉ် ဆွမ်းခံတော်မူသည်။ ရသမျှသောဆွမ်းဖြင့်ပင် မျှတတော်မူသည်။ အညောင်းညာလည်းပြေ၊ လေကောင်းလေသန့်လည်းရသဖြင့် ကျန်းမာရေးလည်း ကောင်းလာသည်။ ရှင်မဟာဗုဒ္ဓဃောသ၏ ဝိသုဒ္ဓိမဂ္ဂကျမ်း၌ မိန့်ဆိုထားသည်နှင့် ညီညွတ်လှပါသည်။

**ပဏ္ဍိယာလောပသန္တုဋ္ဌော၊ အပရာယတ္တဇီဝိကော။**

**ပဟီနာဟာရလောလုပ္ပော၊ ဟောတိ စာတုဒ္ဒိသော ယတိ။**

**ဝိနောဒယတိ ကောသဇ္ဇံ၊ အာဇီဝံ ဿ ဝိသုဇ္ဈတိ။**

**တသ္မာ ဟိ နာတိမညေယျ၊ ဘိက္ခာစရိယာယ သုမေဓသော။**

ဆွမ်းခံခြင်းဖြင့် ရရှိသော ဆွမ်းများဖြင့်ရောင့်ရဲသော အစာအာဟာရ၌ တပ်မက်မှုကင်းသော အရှင်ရဟန်းသည် အရပ်လေးမျက်နှာသို့ အလိုရှိသလို သွားလာနိုင်သည်။ ပျင်းရိခြင်းကိုလည်း ပယ်ဖျောက်နိုင်သည်။ ဆွမ်းခံခြင်းဖြင့် ပျော်မွေ့သော အရှင်ရဟန်း၏ အသက်မွေးခြင်းသည် စင်ကြယ်သန့်ရှင်းလှသည်။ ထို့ကြောင့် ပညာအသိရှိသော အရှင်ရဟန်းသည် ဘုရားရှင်ချီးမွမ်းသည့် ဆွမ်းခံခြင်းအကျင့်ကို မထေမဲ့မြင်၊ အမှတ်မထင်ရာ၊ အမြတ်တနိုးကျင့်ကြံ ကြိုးကုတ်အားထုတ်ရာ၏။

ဆရာတော်၏ စစ်ကိုင်းတောင်ရိုး၌ ကြွရောက်သီတင်းသုံးလိုခြင်း ဆန္ဒမှာ ကျန်းမာရေးပြည့်ရန်၊ စာကြည့် စာရေး တရားနှလုံးသွင်းရန် တစ်ပါတည်း သီတင်းသုံးရန်သာ ရည်ရွယ်ခြင်းရှိတော်မူ၏။ ဆရာတော်ကား အထွတ်အထိပ်ရောက် စာတတ်မြောက်ရန် ဆန္ဒမရှိပါ။ ဆရာတော်ကား ငယ်စဉ်ကပင် တစ်ခါတစ်ရံ ကျေးဇူးရှင် ဆရာတော်များကို -

''တပည့်တော် အထွတ်အထိပ်တိုင်အောင် စာတတ်လိုခြင်းမရှိပါ။ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာတို့ကို ကြည့်ရှုနိုင်လျှင် ကျေနပ်ပါပြီ။ တောကျောင်းကလေး၌ စာကြည့်တရား နှလုံးသွင်းပြီး ကိုယ့်ဆွမ်းကိုယ်ခံကာ မျှတ၍ ကုသိုလ်ပွားများအောင်သာ အေးအေးဆေးဆေးနေလိုပါသည်''

ဟု လျှောက်ထားသည်ဟု သိရ၏။

ဆရာတော်သည် နူးညံ့ သိမ်မွေ့ပြီး စိတ်နှလုံး အေးကြည်၍ သဘောကောင်းနှလုံး ရှိတော်မူသည်။

မြတ်စွာဘုရားသည် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက် အထွတ်အထိပ်သို့ ရောက်ကြောင်း၊ နည်းလမ်းကောင်းများကို ညွှန်ပြတော်မူခဲ့သည်။ မြတ်စွာဘုရား ညွှန်ပြသောပညာရပ်တို့နှင့် ပြည့်စုံသူသည် လျင်မြန်စွာပင် ကြီးပွားတိုးတက်အောင်မြင်ခြင်းသို့ ရောက်ရသည်။ မြတ်စွာဘုရားညွှန်ပြသော အချက်များမှာ -

**ပတိရူပဒေသဝါသော သပ္ပုရိသာဝသယော အတ္တသမ္မာပဏိဓိ ပုဗ္ဗေ စ ကတပုညတာ၊ ဣမာနိ ခေါ ဘိက္ခဝေ စတ္တာရိ စက္ကာနိ။ သေယ သမန္နာဂတာန နစိရသေ၀ မဟန္တတ္တံ ဝေပုလ္လတ္တံ ပါပုဏာန္တိ ဘောဂေသု**

“ရဟန်းတို့ သင့်တင့် လျောက်ပတ်သော အရပ်၌ နေထိုင်ခြင်း၊ သူတော်ကောင်းကို မှီဝဲဆည်းကပ်ခြင်း၊ မိမိကိုယ်ကို မိမိကောင်းစွာထိန်းသိမ်းခြင်း၊ ရှေးကောင်းမှု ရှိခြင်း၊ ဤအင်္ဂါလေးပါးနှင့် ပြည့်စုံသောပုဂ္ဂိုလ်တို့အား မကြာမီပင် ကြီးပွားတိုးတက် အောင်မြင်ခြင်းသို့ ရောက်ကြရသည်တို့ ဖြစ်ပါသည်။ ရွှေဟင်္သာဆရာတော်သည် ယင်းအင်္ဂါလေးရပ်နှင့် ပြည့်စုံသော အရှင်မြတ်ဖြစ်သည်။ ထို့ကြောင့်ပင် အောင်မြင်ကျော်ကြားခြင်းဖြစ်သည်။

ရွှေဟင်္သာဆရာတော်သည် ညောင်တုန်းမြို့၊ ရွှေဟင်္သာတောရ၌ နေထိုင်ခဲ့ခြင်း၊ ယင်းကျောင်းတိုက်၌ရှိသော သီလ၊ သမာဓိ၊ ပညာနှင့် ပြည့်စုံသော ရှင်ရဟန်းကောင်းများကို မှီခိုရခြင်း၊ ၎င်းတို့၏ ဆုံးမလမ်းညွှန်မှုကြောင့် မိမိကိုယ်ကိုမိမိ ကောင်းမွန်စွာ စောင့်ရှောက်ထိန်းသိမ်းနိုင်ခြင်း၊ သူတော်ကောင်းများရှိရာ နေရာဌာနသို့ရောက်အောင် သူတော်ကောင်းများကို ဆည်းကပ်မှီခိုနိုင်ရန် တွန်းအားပေးနိုင်သော ရှေးကောင်းမှုရှိခဲ့ခြင်း အကြောင်းတို့ကြောင့် ရွှေဟင်္သာဆရာတော်ဘုရားဟု ထင်ရှားကျော်ကြားရခြင်း ဖြစ်ပါသည်။

အလုပ်တစ်ခုကိုလုပ်ကိုင်ရာ၌ -

၁။ ယုံကြည်မှုသဒ္ဓါရှိခြင်း၊ သို့မဟုတ် စိတ်ဆန္ဒထက်သန်မှုရှိခြင်း၊

၂။ ရိုးဖြောင့်ခြင်း၊

၃။ အားထုတ်မှုဝီရိယရှိခြင်း၊

၄။ အလုပ်၌ကျွမ်းကျင်မှုရှိခြင်း။

ဤအင်္ဂါ(၄)ချက်နှင့်ပြည့်စုံလျှင် လျင်မြန်စွာ ပြီးစီးအောင်မြင်သည်။ ရွှေဟင်္သာဆရာတော်သည် ယင်းအင်္ဂါ(၄)ချက်နှင့် ပြည့်စုံသည်။

ဥပုသ်သည်လက်စွဲ၊ ရွှေကျင်နိကာယသာသနာဝင်ကျမ်း၊ မြန်မာအလင်္ကာ ကျမ်းစသည်ဖြင့် ကျမ်းပေါင်း (၃၀)ကျော်ပြုစုရာ၌ မိမိလုပ်သောကျမ်း ပြုစုခြင်းလုပ်ငန်းပေါ်ဝယ် စိတ်ထက်သန်၍ ယုံယုံကြည်ကြည် ကြိုးကြိုး စားစား ကျွမ်းကျွမ်းကျင်ကျင် လုပ်ဆောင်ခဲ့သောကြောင့် အနှစ်သာရ ပြည့်ဝ၍ ပြောင်မြောက်သောကျမ်းများ ဖြစ်ပေါ်လာရခြင်း ဖြစ်သည်။ ယင်းသည် လူတိုင်းအတုယူသင့်သော အချက်များပင် ဖြစ်ပါသည်။

**ဝီရေဟာဝေသတ္တယုဂံ ပုနေတိ ယသ္မိံကုလေဇာယတိဘူရိပညော။**

"မိမိတို့အမျိုးဝယ် မြေကြီးအထုသဖွယ် ကြီးကျယ်သော ပညာရှိ တစ်ပါး ထွန်းကားပေါ်ပေါက်လာပါလျှင် ထိုပညာရှိသည် ဆွေ (၇)ဆက်၊ မျိုး (၇)ဆက် သမ္မာပဋိပတ် အကျင့်မြတ်အားဖြင့် အဆင့်မြင့်မားကြီးပွား တိုးတက်အောင် စွမ်းဆောင်ပေးပေသည်" ဟု ကာဠုဒါယီမထေရ်က မြတ်စွာဘုရားအား ချီးကျူး လျှောက်ထားခဲ့ဘူးသည်။

ရွှေဟင်္သာဆရာတော်ဘုရားတည်းဟူသော ပညာရှိတစ်ပါး ပေါ်ထွန်းလာသောကြောင့် ရွှေဟင်္သာဝံသ ရွှေဟင်္သာအနွယ်တော်များ၊ ရွှေကျင်နိကာယ သာသနာဝံသ ရွှေကျင်ဂိုဏ်းသာသနာဝင် ပုဂ္ဂိုလ်များ အားလုံးသော ရဟန်းရှင်လူများ သီလသမာဓိပညာကို ဖြည့်ကျင့်နိုင်ကြ၍ ရတနာသုံးပါးကို ထဲထဲဝင်ဝင် သက်ဝင် ကြည်ညိုခွင့် ရရှိခဲ့ကြပါသည်။

ထို့ကြောင့် ရွှေဟင်္သာဆရာတော်ဘုရားကြီးသည် အမျိုးသားတို့ တိုးပွားဖို့အတွက် ထွန်းကား ပေါ်ပေါက်တော်မူသော သားတော်၊ သား ကောင်း ကျောက်ကောင်းတစ်လုံး ဖြစ်ပါသည်။ ဆရာတော်ဘုရားကြီးကို အမှီပြု၍ တစ်မြို့လုံး၊ တစ်နယ်လုံး၊ တစ်တိုင်းလုံး၊ တစ်နိုင်ငံလုံး ကြီးပွား တိုးတက်ကြရသည်။

သာသနာတော်ဘက်တွင်လည်း ရွှေဟင်္သာကျောင်းတိုက်ကြီး တစ်တိုက်တည်းသာမက စစ်ကိုင်းတောင်ရိုးကြီးတစ်တောင်ရိုးလုံး၊ ရွှေကျင် ဂိုဏ်းကြီး တစ်ဂိုဏ်းလုံး၊ တစ်သာသနာတော်လုံး၊ အဆင့်မြင့်မား ကြီးပွား ကြရသည်။ လောကီ လောကုတ္တရာ အရာရာ အဘက်ဘက်မှ တိုးတက် ကြီးပွား ကျေးဇူးများလှပါပေသည်။

ဟိမဝန္တာတောင်မင်းကြီးကိုအမှီပြု၍ တောစိုးသစ်ပင်တို့မှာ အကိုင်း အခက်၊ အရွက်၊ အလက်၊ အပွေးအကာ၊ အနှစ် ဤငါးမျိုးတို့ ကြီးပွားစည်ပင်

ကြရသည်။ ထို့အတူပင် ရွှေဟင်္သာဆရာတော်ဘုရားကြီးတည်းဟူသော အံ့ဖွယ်ထူးလည်း ဓာနည်ယောက်ျားတော်တစ်ပါး၊ ပတ္တမြားတစ်လုံး ထွန်းကားလာသောကြောင့် ဆရာတော် ဘုရားကြီးကို ကြည်ညိုလေးစား အားထားမှီခိုရသော ရဟန်းရှင် လူခပ်သိမ်းသူတို့မှာ သဒ္ဓါ၊ သီလ၊ သုတ စာဂ၊ ပညာ ငါးဖြာသောတရားတို့ တိုးပွားစည်ပင်ကြရသည်။

အချုပ်ဆိုရသော် ဆရာတော်ဘုရားကြီးကို မှီခိုရ၍ တစ်မျိုးလုံး၊ တစ်နွယ်လုံး၊ တစ်တိုင်းလုံး၊ တစ်ပြည်လုံး၊ ရွှေဟင်္သာတစ်ကျောင်းတိုက်လုံး၊ စစ်ကိုင်းတောင်ရိုး တစ်တောင်ရိုးလုံး၊ ရွှေကျင်ဂိုဏ်းကြီး တစ်ဂိုဏ်းလုံး၊ တစ်သာသနာတော်လုံး၊ ယဉ်ကျေးမှု အကျင့်စာရိတ္တ ကုသိုလ်ရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် သံသရာစခန်းတွင် အထက်တန်းသို့ တက်လှမ်းနိုင်ခြင်းအစ နိဗ္ဗာန်ရသည်အထိ ပါရမီဓာတ်ခံ ရင့်သန်ကြီးထွား၍ အဆင့်မြင့်မားကြီးပွား တိုးတက်ကြရပေသည်။

**ဥဋ္ဌာနဝတော သတိမတော ၊ သုစိကမ္မဿ နိသမ္မကာရိနော။**

**သညတဿ ဓမ္မဇီဝိနော ၊ အပ္ပမတ္တဿ ယသောဘိဝဍ္ဎတိ။**

၁။ လုံ့လဝီရိယရှိခြင်း၊

၂။ သတိတရားရှိခြင်း၊

၃။ ကံသုံးပါး၌ အပြစ်ကင်းခြင်း၊

၄။ ဆင်ခြင်စဉ်းစားဉာဏ်နှင့်ယှဉ်၍ အမှုကို ပြုလေ့ရှိခြင်း၊

၅။ ဣန္ဒြေစောင့်စည်းမှုအကျင့်သီလနှင့် ပြည့်စုံခြင်း၊

၆။ တရားသဖြင့် အသက်မွေးဝမ်းကြောင်းပြုခြင်း။

ဖော်ပြပါ အကြောင်းအင်္ဂါများနှင့်ပြည့်စုံသော အမျိုးကောင်းသား၊ အမျိုးကောင်းသမီးအား ရာထူးဌာနန္တရ တိုးတက်ခြင်းစည်းစိမ်ဥစ္စာ ခြွေရံသင်းပင်းများပြားခြင်း၊ ဂုဏ်သတင်း ကျော်စောခြင်းဟူသည့် ကောင်းကျိုးတရားများကို တိုးပွားနိုင်လေသည်။

ရှည်ရွယ်ချက်အောင်မြင်ချင်သူ၊ တိုးတက်ကြီးပွားမှုကို ရယူပိုင်ဆိုင်ချင်သူ လူသားတိုင်းသည် ဗုဒ္ဓညွှန်ပြသည့် ဒေသနာတော်ကို အလေးဂရုပြု၍ လိုက်နာကျင့်ကြံထိုက်ပေသည်။

တပည့်ပရိသတ်မွေး၍ စာပေပို့ချပေးနေသည့် စာသင်တိုက်မှ ဆရာတော်များကို ပရိယတ်အလုပ်ဖြင့်သာ အချိန်ကုန်နေကြသည်ဟု

အချို့က ထင်မှတ်ကြသည်။ ထိုသို့ထင်မှတ်ကြလျှင် မှားမည်သည် ဖြစ်သည်။ အမှန်မှာ ထိုဆရာတော်များသည် စာပေနှင့် အသိကို လက်တွေ့ယှဉ်ကပ်ကြည့်ကြသည်သာ ဖြစ်သည်။ အသက်အရွယ် အားလျော်စွာ အချိန်ပိုင်းဖြင့် တရားနှလုံးသွင်းတတ်ကြသည်သာ ဖြစ်သည်။

သာသနာတော်ရှည်ကြာတည်တံ့ပြန့်ပွားရေးအတွက် ပရိယတ်သည် အဓိကဖြစ်သည်။ ပရိယတ္တိယာ ဋ္ဌိတာယ ပဋိပတ္တိ ပတိဋ္ဌာတိ = ပရိယတ် တည်ရှိနေသမျှ ပဋိပတ် တည်နိုင်သည်ဟု အတိအလင်း မိန့်ဆိုခဲ့ကြသည်။ ထိုမိန့်ဆိုချက်ကို သာသနာကို ချစ်မြတ်နိုးသူတိုင်း ဦးထိပ်ရွက်ထားကြရမည် ဖြစ်သည်။

သာသနာတော်၌ သဒ္ဓါအခြေခိုင်မြဲသောပုဂ္ဂိုလ်များသည် သက်ရွယ်နုနယ် ငယ်ရွယ်စဉ်အခါ ပရိယတ်ကို ရှေ့တန်းတင်ကြိုးစားကြပြီး ပဋိပတ်ကိုမူ အချိန်ပိုင်းဖြင့် အားထုတ်ကြသည်။ အသက်အရွယ် ကြီးရင့်သည့်အခါ ပရိယတ်ကို လျော့ချပြီး ပဋိပတ်ကိုသာ အချိန်ပြည့်ကြိုးစားကြမြဲဖြစ်သည်။ ဤနည်းအတိုင်း ရှေးဆရာတော်ကြီးများ အဆက်ဆက်ကျင့်သုံးဆောင်ရွက်တော်မူခဲ့ကြသောကြောင့်သာ သာသနာတော်ကြီးကို ယနေ့တိုင် တွေ့မြင်နေကြရခြင်း ဖြစ်သည်။

ရွှေဟင်္သာဆရာတော်သည် ကျမ်းပြုခြင်း၊ စာချခြင်း၊ တရားဟောပြောခြင်း စသည်ဖြင့် ပရိယတ္တိတာဝန်များ ဆောင်ရွက်နေခြင်းဖြင့် သာသနာတော်ကိုတိုးတက် ပြန့်ပွားအောင် ဆောင်ရွက်တော်မူခဲ့ပါသည်။ ယင်းသို့ ဆောင်ရွက်တော်မူခြင်းကြောင့် ရွှေဟင်္သာအနွယ်နှင့် မြတ်ဗုဒ္ဓသာသနာတော် ယနေ့တိုင်အောင် ထွန်းကားနေခြင်းပင် ဖြစ်ပါသည်။ မြတ်ဗုဒ္ဓဟောကြားသော "တရားမွေကို ဟောပြောရမည်။ ထွန်းကားစေရမည်။ သူမြတ်တို့ တံခွန်တရားမွန်ကို မြှင့်တင်ပေးရမည်" ဟူသော ဗုဒ္ဓ၏ မိန့်မှာချက်အတိုင်း ဆောင်ရွက်တော်မူခြင်းပင် ဖြစ်ပါသည်။

မြတ်စွာဘုရားသည် သဗ္ဗညုတဉာဏ်ရတော်မူ၍ ဘုရားဖြစ်တော်မူပြီးနောက် (၄၅)ဝါကာလပတ်လုံး တရားတော်များကို ဟောပြောပေးခြင်း စသည်ဖြင့် အများအကျိုးကို သည်ပိုးတော်မူခဲ့ပါသည်။ သာသနာ့ဝန်ထမ်းရှင်ရဟန်းတို့သည်လည်း အများအကျိုးကိုဆောင်ရွက်နိုင်ရန် နည်းပညာများ ညွှန်ပြ၍ လုပ်ဆောင်ရန် တိုက်တွန်းတော်မူခဲ့ပါသည်။ "တရားဟော

ပြောကြ၊ ခရီးထွက်ကြ၊ မြတ်သော အကျင့်ကို ထင်ရှားပြကြ" ဟူသော ဆုံးမဩဝါဒအတိုင်း ရွှေဟင်္သာဆရာတော်ကြီးသည် အလျဉ်းသင့်သလို တပည့်ရဟန်း ရှင်လူတို့အား တရားဟောပြောခြင်း၊ ဆုံးမဩဝါဒပေးခြင်း ဖြင့်လည်းကောင်း၊ ဒါယကာ၊ ဒါယိကာမများကို တရားသော နည်းလမ်း ဖြင့် ငဲ့ညှာထောက်ထား၍ ခရီးကြွပေးတော်မူခြင်းဖြင့်လည်းကောင်း၊ မိမိ၏ သီလ၊ သမာဓိပညာများကို ကျင့်ဆောင်ပြခြင်းဖြင့် လည်းကောင်း၊ အများ အကျိုးကို သည်ပိုးတော်မူခဲ့ပါသည်။

ဘုန်းကြီးလျှင် အသက်မရှည်ဟုပြောဆိုတတ်ကြသည်။ ရွှေဟင်္သာ ဆရာတော်ကား ဘုန်းကြီးပြီးအသက်ရှည်သော ဆရာတော်တစ်ပါး ဖြစ်သည်။ ဘုန်းကြီးခြင်းသည် ရေးကံကြောင့်ဖြစ်၏။ ကျန်းမာသက်ရှည်မှု ကိုကား ရေးကံကြောင့်ဟု ဆိုနိုင်သော်လည်း အမှန်တကယ် အဆုံးအဖြတ် ပေးသောအကြောင်းမှာ ကျန်းမာသက်ရှည်အောင် နေတတ်ထိုင်တတ်ခြင်း သာ ဖြစ်သည်။

ဆရာတော်သည် သပ္ပာယကာရီဟောတိ မိမိခန္ဓာကိုယ်နှင့် သင့်လျော်သော အစားအစာ၊ အနေအထိုင်၊ အပူအအေး ရာသီဥတုများကို မှီဝဲပြုလုပ် သုံးဆောင်နေခြင်း၊ သပ္ပာယမတ္တံ ဇာနာတိ မိမိခန္ဓာကိုယ်နှင့် မျှတရုံအတိုင်းအရှည် ပမာဏကိုသိခြင်း၊ ပရိဏတ ဘောဇီ စ ဟောတိ ကျေလွယ်သောအစားအစာများကို ဘုန်းပေးခြင်း၊ သီလဝါ ကိုယ်ကျင့်တရား ကောင်းခြင်း၊ ကလျာဏမိတ္တော စိတ်နှလုံးကို ချမ်းမြေ့ ရွှင်ပြုံးစေနိုင်သော မိတ်ကောင်းဆွေကောင်းရှိခြင်းသည် အသက်ရှည်ကြောင်းဖြစ်သည်ဟူသော မြတ်စွာဘုရားစကားတော်အတိုင်း ကျင့်ဆောင်တော်မူခဲ့ပါသည်။ ထိုသို့ ကျင့်သောကြောင့် အသက်ရှည်တော်မူခြင်း ဖြစ်သည်။ ယင်းသည်လည်း အတုယူ ကျင့်သုံးဖွယ်ကောင်းသော အမူအကျင့်ပင် ဖြစ်ပါသည်။

ရွှေဟင်္သာဆရာတော်ကြီးသည် ရွှေဟင်္သာအနွယ်ကိုလည်းကောင်း၊ ရွှေကျင်ဂိုဏ်းကိုလည်းကောင်း၊ ဗုဒ္ဓသာသနာတော်ကိုလည်းကောင်း၊ တင့်တယ်အောင်ထွန်းကားပြန့်ပွားအောင် ဆောင်ရွက်တော်မူခဲ့သော မဟာထေရ်မြတ် ဖြစ်တော်မူပါသည်။ ရွှေကျင်ဂိုဏ်းမှ ပေါက်ဖွားလာသော ဆရာတော်ဖြစ်သော်လည်း ဂိုဏ်းစွဲ ပြင်းထန်တော်မမူ၊ မြတ်စွာဘုရား စကားတော်အတိုင်းသာ လိုက်နာတော်မူခြင်း ဖြစ်ပါသည်။

ရွှေဟင်္သာအရေတော်ဘုရားကြီးသည် -

**ဝပ္ပဟဂ်ီ နဝတဒွေါ၊ ဒကိုဏော နဝနဝဝေါ။**

**ဟောဓာသီ န ဓနကူဋ္ဌော၊ ကဏ္ဍာ ဝိ န စ ဝိမိုတော။**

[illegible] ကြမ်းကြုတ်ခြင်းမရှိ။ ပေါ်မှာ [illegible] ခြင်းမရှိ။ တန်ခိုးကြီးသော်လည်း [illegible] ရှိသော်လည်း ကြွားဝါမှုမရှိ။

[illegible] ပြည့်စုံ၍ အဂ္ဂမဟာပဏ္ဍိတ၊ [illegible]၊ [illegible]၊ ရွှေဟင်္သာဝံသ [illegible] ရွှေကျင်သာသနာပိုင် စသော [illegible] ရွှေဟင်္သာအရေတော်ဘုရားကြီးသည် [illegible](၁၀၂) နှစ်၊ [illegible] (၈၂)ဝါအရ ၁၉၉၅ ခုနှစ်၊ အောက်တို [illegible] (၃)[illegible] သိမ်းတော်မူခဲ့ပါသည်။ [illegible] အရေတော်၏ ဂုဏ်ရနံ့ [illegible] ရှိနေပါသည်။

[illegible] -

"[illegible]

[illegible] မွှေးပြေပျံ့နှံ့ခြင်း အိုမင်းတတ်သည်။ [illegible] မွှေးမြေပျံ့နှံ့ခြင်းမှုမရှိ" ဟု မြတ်စွာ [illegible] ညွှန်ကြားတော်မူပါသည်။

**သန္တေ သန္တေ သုနိသာယ၊ သန္တာ သန္တာ သုဝဏ္ဏရေ။**

**သန္တာ သန္တာ သုဝဏ္ဏန္တာ၊ သဒါဓောတေန္တိ သာသနံ။**

[illegible] အမှီရကြကုန်သော [illegible] သူတော်ကောင်း ပညာရှိတို့သည် အသစ်သစ် [illegible] ဖြစ်ထွန်းလာကြကုန်၏။ နောက်နောင်၌ ပေါ်ပေါက်သော [illegible] ပညာရှိတို့သည် မြတ်စွာဘုရား၏ သာသနာတော်မြတ်ကြီးကို [illegible] ထွန်းလင်း[illegible]ကြကုန်၏ဟု ဥဒါန်းကျူးရင့် [illegible]

ဆွေဆွေနိုင် (မဟာဝိဇ္ဇာ)
ရေးသားသည့်

ရွှေဟင်္သာဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိနှင့်
စာစုစာရင်း

## ရွှေဟင်္သာဆရာတော်ဘုရားကြီး
## နေ့စဉ်ရွတ်ပွားသည့် အန္တရာယ်ကင်းဂါထာတော်

- နတ္ထိ မေ သရဏံ အညံ၊
  ဗုဒ္ဓေါ မေ သရဏံ ဝရံ။
  ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
  စဇာမိ ဇီဝိတံ ဗုဒ္ဓံ။

- နတ္ထိ မေ သရဏံ အညံ၊
  ဓမ္မော မေ သရဏံ ဝရံ။
  ဓမ္မံ သရဏံ ဂစ္ဆာမိ၊
  စဇာမိ ဇီဝိတံ ဓမ္မံ။

- နတ္ထိ မေ သရဏံ အညံ၊
  သံဃော မေ သရဏံ ဝရံ။
  သံဃံ သရဏံ ဂစ္ဆာမိ၊
  စဇာမိ ဇီဝိတံ သံဃံ။

- တေသံ တေဇေန နဿန္တု၊
  အန္တရာယာ အသေသကာ။
  သီဃံ ပူရေန္တု သင်္ကပ္ပါ၊
  ဣစ္ဆိတံ ပတ္ထိတံ သဒါ။

## အသုံးပြုထားသော
## သင်္ကေတများ၊ အတိုအမှတ်များ

| | |
|---|---|
| စာ | = စာမျက်နှာ |
| စင်တီ | = စင်တီမီတာ |
| တွဲ | = အတွဲ |
| မှတ် | = အမှတ် |
| ဇန် | = ဇန်နဝါရီလ |
| ဖေ | = ဖေဖော်ဝါရီလ |
| မတ် | = မတ်လ |
| ဧ | = ဧပြီလ |
| မေ | = မေလ |
| ဇွန် | = ဇွန်လ |
| ဇူ | = ဇူလိုင်လ |
| ဩ | = ဩဂုတ်လ |
| စက် | = စက်တင်ဘာလ |
| အောက် | = အောက်တိုဘာလ |
| နို | = နိုဝင်ဘာလ |
| ဒီ | = ဒီဇင်ဘာလ |
| - - - | = စာအမည်တူ |
| . . . | = အကြောင်းအရာ (သို့) စကားလုံးချန်လှပ် |

# ကျမ်းကိုးစာရင်း


၁။ ကေလာသ၊ အရှင်။ **သာသနာဝင် ဘွဲ့တံဆိပ်တော်များသမိုင်း။** ရန်ကုန်၊ သာသနာရေးဦးစီးဌာန၊ ၁၉၈၁။

၂။ ကျော်ဆန်းဝင်း၊ မောင်။ **စစ်ကိုင်းတောင်ရိုး ဂန္ထဝင်ပုဂ္ဂိုလ်ကျော်များ။** ရန်ကုန်၊ စာကြည့်တိုက်နှင့်သုတပညာဌာန၊ ၂၀၀၄ (ဘွဲ့လွန်ဒီပလိုမာ ဘွဲ့ယူစာတမ်း)

၃။ ခင်သီတာ၊ မ။ **ရွှေဟသာံဆရာတော်ဘုရားကြီး၏ သာသနာရေးဆိုင်ရာ ထေရပွတ္တိ။** ရန်ကုန်၊ ရန်ကုန်တက္ကသိုလ်၊ ၁၉၉၈။ (မဟာဝိဇ္ဇာဘွဲ့ယူစာတမ်း)

၄။ နဝဓုတင်္ဂါစာရ၊ မဟာထေရ်။ **ဂန္ထဝင် သာသနာ့သင်ခန်းစာကျမ်း။**

၅။ နေဝင်း (လန်ဒန်)။ **ဆရာတော်ကြီးများနှင့် တွေ့ဆုံမေးမြန်းမှုများ။** ရန်ကုန်၊ စာပေလောက၊ ၂၀၀၆။

၆။ နန္ဒမာလာဘိဝံသ၊ အရှင်။ **ရွှေဟသာံဆရာတော် ဘဝနှင့်စာပေအထွေထွေ။** စစ်ကိုင်း၊ မဟာသုဗောဓာရုံ၊ ၁၉၈၀။

၇။ မာနိတသိရီ၊ အရှင်။ **လမ်းရိုးဟောင်းတွင် ဆင့်ကာထွင် ရွှေကျင်ဆရာတော်ဘုရားကြီး၏ ဘဝဖြစ်စဉ်အကျဉ်း၊ ရွှေကျင်ဂိုဏ်းသမိုင်းစဉ်။** သီတဂူ

၈။ မြင့်ကြိုင်။ **စစ်ကိုင်းတောင်ရိုး ရွှေဟသာံတိုက်သစ် သက်တော်ရှည်ဆရာတော်ဘုရားကြီး၏ ဘဝနှင့် စာပေ အမှတ်တရဖြစ်စဉ်ရက်စွဲများ။** ရန်ကုန်၊ ၁၉၉၂။

၉။ မြန်မာစာအဖွဲ့။ **မြန်မာစာလုံးပေါင်းသတ်ပုံကျမ်း။** ရန်ကုန်၊ မြန်ကွန်စာပေ အကျိုးဆောင်လုပ်ငန်း၊ ၁၉၉၉။

၁၀။ ရဲလွင်၊ သင့်ဘဝ-။ **ပရိယတ်ပဋိပတ် အကျော်အမော် ထေရဝါဒမဟာထေရ် ဆရာတော်ကြီးများ။** ရန်ကုန်၊ ငမိုးရိပ်စာပေ၊ ၁၉၉၆။

၁၁။ ရွှေရတုစာစောင် ဖြစ်မြောက်ရေး ကော်မတီ။ **ရွှေဟင်္သာတိုက်သစ်ကျောင်းတိုက် နှစ်(၅၀)မြောက် ရွှေရတုစာစောင်။** မန္တလေး၊ ယင်းအဖွဲ့၊ ၁၉၈၆။

၁၂။ ရွှေဟင်္သာဆရာတော်ဘုရားကြီး။ **ရွှေဟင်္သာဆရာတော်ဘုရားကြီး၏ အတ္ထုပ္ပတ္တိအကျဉ်းနှင့် ပဒေသာဆုံးမစာများ၊ လူမင်း နတ်မင်း ဦးညွှတ်ခြင်း။** ရန်ကုန်၊ သာသနာရေးဦးစီးဌာန၊ ၁၉၇၉။

၁၃။ **ရွှေဟင်္သာဆရာတော်ဘုရားကြီး အရှင်ပဏ္ဍိတထေရ်၏ သက်တော်ရာပြည့်ပူဇော်ပွဲစာစောင်။** ရန်ကုန်၊ သုဓမ္မဝတီ စာပုံနှိပ်တိုက်၊ ၁၉၉၃။

၁၄။ သာလွန်။ **အင်္ဂလိပ်-မြန်မာ နှစ်တစ်ရာပြက္ခဒိန်။** ရန်ကုန်၊ ကြည်သာစာပေ၊ ၂၀၀၆။

၁၅။ အိအိကျော်၊ မ။ **သုခ စာစုစာရင်း (၁၉၈၃-၂၀၀၄ အောက်တိုဘာ)။** ရန်ကုန်၊ ရန်ကုန်တက္ကသိုလ်၊ ၂၀၀၄။ (ဘွဲ့လွန်ဒီပလိုမာဘွဲ့ယူစာတမ်း)

၁၆။ **Anglo - American Cataloguing Rules.** 2nd ed. edited by Michael Gorman and Paul W. Winkles, London : The Library Assocation, 1984.

၁၇။ Htar Htar Nwe, **Ma. Life and Work of Shwehintha Sayadaw** (Bhaddanta Pan Ditasir 1893-1995). Yangon : Yangon University, 2007. (Ph.D dissertation )

## ရွှေဟင်္သာဆရာတော်ဘုရားကြီး ထေရုပ္ပတ္တိ

ရွှေဟင်္သာဆရာတော် အလောင်းလျာကို ၁၈၉၃ ခုနှစ်၊ ဒီဇင်ဘာ ၁၄ ရက် (၁၂၅၅ ခုနှစ်၊ နတ်တော်လဆန်း ၇ ရက်)၊ ကြာသပတေးနေ့၊ ည ၉ နာရီ ၃၀ မိနစ်တွင် ဧရာဝတီတိုင်း၊ လေးမျက်နှာမြို့ အလယ်ရပ်နေ ကုန်သည်ကြီး ဦးကျောက်စိမ်း၊ ဒေါ်ရွှေသော့တို့မှ ဖွားမြင်သည်။ သားသမီး ငါးယောက်အနက် အထွေးဆုံးသားဖြစ်ပြီး ငယ်နာမည် မောင်သန်းဟု ခေါ်သည်။

၁၈၉၈ (၁၂၅၉) ခုနှစ်တွင် ရန်ကုန်၊ ကမာကဆစ် အနောက်ပိုင်းရှိ ဦးရန်ရှင်းကျောင်း၊ ကမာကဆစ် ဘုန်းကြီးကျောင်းတို့၌ သင်ပုန်းကြီးနှင့် ပရိတ်ကြီးအကုန် သင်ယူ တတ်မြောက်ခဲ့သည်။ ခြောက်နှစ်သားအရွယ် တွင် ရန်ကုန်မြို့ ကျုံးကြီးလမ်းနှင့် စဥ့်အိုးတန်းလမ်းထိပ်ရှိ အေဘီအမ် ခရစ်ယာန် ယောကျ်ားလေးကျောင်းတွင် ပထမတန်းမှစ၍ ပညာသင်ကြား ခဲ့သည်။ ၁၉၀၄ ခုနှစ် (၁၂၆၅ ခုနှစ်၊ တပို့တွဲလ) တွင် မိခင် ကွယ်လွန်ခဲ့ပြီး၊ လေးမျက်နှာမြို့ တာကြီးတန်း ဆရာဆင့်ကျောင်းတွင် လေးတန်းစတက်ပြီး ထိုကျောင်းမှ လေးတန်း အောင်မြင်ခဲ့သည်။ ၁၉၀၄-၀၅ (၁၂၆၆) ခုနှစ်တွင် လေးတန်းအောင်ပြီး အဟောဗေဒင်၊ လောကီ သင်္ချာအတွက်နှင့် မကာရန္တဗေဒင်လက်ရိုးတို့ကို မိကျောင်းရဲကျောင်းတွင် (၂)နှစ် သင်ယူတတ်မြောက်ခဲ့သည်။

၁၉၀၇ ခုနှစ်၊ မေလ၊ သို့မဟုတ် ဇွန်လ (၁၂၆၉ ခုနှစ်၊ နယုန် လ) တွင် မိကျောင်းရဲဆရာတော် အရှင်အာစာရကို ဥပဇ္ဈာယ်ပြု၍ ရှင်ပဒမ ဘွဲ့တော်ဖြင့် ပထမအကြိမ် ကိုရင်ဝတ်ခဲ့သည်။ မိကျောင်းရဲကျောင်းတိုက်ရှိ ဆရာတော် ဦးတိက္ခိန္ဒြိယထံတွင် နှစ်လကျော်မျှ သဒ္ဒါကြီး သင်ယူခဲ့သည်။ ၁၉၀၉ ခုနှစ်၊ မေလ (၁၂၇၁ ခုနှစ်၊ ကဆုန်လ) အသက် (၁၆)နှစ်အရွယ် တွင် ဒုတိယအကြိမ် ရှင်ပြန်ပြုသည်။ ထိုနှစ်တွင် ဖခင်ဖြစ်သူ ကွယ်လွန် ခဲ့သည်။ သာမဏေဖြစ်ပြီး ပရိယတ္တိစာပေသင်ကြားရန် မော်လမြိုင်မြို့၊

မရမ်းကုန်း ပြည်ကျောင်းတိုက်သို့ ရောက်ရှိခဲ့သည်။ ပြည်ကျောင်းဆရာတော် အရှင်ပညာသာမိနှင့် ဦးဝါယမတို့ထံတွင် စာပေသင်ကြားခဲ့သည်။ ဘွဲ့အမည် ရှင်ပဒုမကို ဦးဝါယမက ရှင်ဗုဒ္ဓဃောသဟု ပြောင်းလဲပေးခဲ့သည်။

၁၉၁၁ (၁၂၇၃) ခုနှစ်တွင် ရန်ကုန်မြို့၊ ဗဟန်းရပ် ကျောင်းတော်ရာရွှေကျင်တိုက်၊ ဘုံပျံကျောင်း၌ နေစဉ် ဘုံပျံကျောင်းဆရာတော် ဦးသောဘိတက 'ရှင်ဗုဒ္ဓဃောသ' မှ 'ပဏ္ဍိတ' ဟူသော ဘွဲ့အမည်ကို ပြင်ပေးလိုက်သည်။ ၁၉၁၂ ခုနှစ်၊ မေလ ၂၅ ရက် (၁၂၇၄ ခုနှစ်၊ နယုန်လဆန်း ၁၀ ရက်)တွင် ရွှေဟင်္သာတောရ သီရိ မင်္ဂလာ မဟာရာမကျောင်းသို့ ရောက်ရှိခဲ့သည်။ ရွှေဟင်္သာတောရတွင် 'ပဏ္ဍိတ' ဘွဲ့တူ သုံးပါးရှိသဖြင့် စံကျောင်းဆရာတော်က 'ပဏ္ဍိတသိရီ' ဟူသောဘွဲ့ကို ချီးမြှင့်လိုက်သည်။

၁၉၁၃ ခုနှစ်၊ ဇူလိုင်လ၊ ၇ ရက် (၁၂၇၅ ခုနှစ်၊ ဝါဆိုလဆန်း ၅ ရက်)နေ့တွင် လေးမျက်နှာမြို့ မိကျောင်းရဲဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ ပရိက္ခရာကုန်သည် ဦးလူကြီး၊ ဒေါ်ငွေမှုန်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိပါသည်။ ၁၉၁၃ ခုနှစ်၊ ဇူလိုင်လ၊ ၁၄ ရက် (၁၂၇၅ ခုနှစ်၊ ဝါဆိုလဆန်း ၁၄ ရက်) နေ့တွင် သိမ်ပေါမင်းကိုယ်တိုင် ဘွဲ့တံဆိပ်တော် ဆက်ကပ်ခြင်းကို ခံယူတော်မူရသော သာသနာလင်္ကာရ သဒ္ဓမ္မာဘိဝံသ ကဝိဓဇမဟာဓမ္မ ရာဇာဓိရာဇဂုရု ရန်ကုန်မြို့ကျောင်းတော်ရာ ရွှေကျင်ဆရာတော်ကြီးအရှင်သာသနထေရ်ကို ဥပဇ္ဈာယ်ပြု၍ ညောင်တုန်းမြို့ ကျောင်းဒကာ ဦးကျော်ဒွန်း-ဒေါ်ကြည်နှင့် ဦးချက်-ဒေါ်ဒွန်းအိုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ သိက္ခာထပ်မင်္ဂလာကို ညောင်တုန်းမြို့၊ ရွှေဟင်္သာတောရ သီလဝိသောဓနီသိမ်တော်ကြီး၌ ပြုလုပ်ခဲ့ပါသည်။ စံကျောင်းဆရာတော်၊ တိုက်အုပ်ဆရာတော်တို့က ကမ္မဝါဆရာအဖြစ် ချီးမြှောက်ပြီး ရွှေနံ့သာကျောင်းဘုန်းကြီး ဦးသူရိယက ရဟန်းလောင်း ဆုံးမသည်။ ကာရကသံဃာ အပါးလေးဆယ်ကျော် ပါဝင်ဆောင်ရွက်ကြသည်။

၁၉၁၄ (၁၂၇၆) ခုနှစ် ရဟန်း(၁)ဝါအရတွင် ပထမငယ်တန်းနှင့် ၁၉၁၅ (၁၂၇၇) ခုနှစ် ရဟန်း(၂)ဝါအရတွင် ပထမလတ်တန်းကို

အောင်မြင်ခဲ့သည်။ အကြီးတန်းဖြေဆိုချိန်တွင် ကျန်းမာရေးမကောင်းသဖြင့် စာမကျက်နိုင်သောကြောင့် အကြီးတန်း မအောင်မြင်ခဲ့ပေ။ စံကျောင်းဆရာတော်အရှင်ဝါယမထေရ်၊ ဒုတိယစံကျောင်းဆရာတော်အရှင်ကလျာဏထေရ်၊ စံပယ်ရုံကျောင်းဆရာတော်ဦးယုဂန္ဓရ၊ မြလေးရုံကျောင်းစာချဘုန်းကြီး ဦးမေဓာဝီ (သကျသီဟ-ဓမ္မာစရိယ) တို့ထံတွင် ပါဠိ၊ အဋ္ဌကထာ၊ ဋီကာများကို ကိုယ်တိုင် ဆိုဝါဖြင့် သင်ကြားခဲ့သည်။ ၁၉၁၆ (၁၂၇၈) ခုနှစ်တွင် စာပေသင်ကြားရန် မန္တလေးသို့ သွားရောက်ခဲ့သည်။

မန္တလေး ငါးဆူတိုက်၌ နေထိုင်ပြီး ငါးဆူဆရာတော် အရှင်သဒ္ဓမ္မာလင်္ကာရထံတွင် ကစ္စည်းအဋ္ဌကထာ၊ ဘေဒစိန္တာကျမ်းတို့ကို ဆိုဝါဖြင့် ဆည်းပူးခဲ့သည်။ ခင်မကန်တိုက် မကျီးပင်ကျောင်းဆရာတော်ဦးသီလာစာရ၊ သူဌေးဆရာတော် ဦးရေဝတ၊ တောင်သမန်တိုက်ဦးဝိမလတို့ထံတွင်လည်း စာပေများကို လေ့လာသင်ကြားခဲ့ပါသည်။ ငါးဆူတိုက်တွင်းရှိ စကုတိုက်၊ ထီးလင်းတိုက်၊ မိုးကောင်းတိုက်၊ ချမ်းသာကြီးတိုက်၊ ဆင်တဲတိုက်တို့၌ ထင်ရှားသော ဆရာတော်များထံတွင်လည်း ပိဋကတ်ကျမ်းစာများကို လေ့လာ ဆည်းပူးခဲ့သည်။ များသောအားဖြင့် ဥပုသ်နေ့နှင့် စာဝါပိတ်သောနေ့များ၌ အရှေ့ပြင် မဟာဝိသုဒ္ဓါရာမတိုက်သို့ သွားရောက်ကာ ပညာဆည်းပူးခဲ့သည်။

၁၉၁၇ (၁၂၇၈) ခုနှစ်၊ ဆောင်းရာသီတွင် မန္တလေး၌ ပုလိပ်ရောဂါဖြစ်ပွားသောကြောင့် ညောင်တုန်းသို့ ပြန်ကြွခဲ့သည်။ မန္တလေး၌ ဖြစ်ပွားသော ပုလိပ်ရောဂါသည် ငြိမ်းအေးသွားသောကြောင့် ၁၉၁၇ ခုနှစ်၊ မေ-ဇွန် (၁၂၇၉ ခုနှစ်၊ နယုန်လ) တွင် မန္တလေးသို့ ပြန်လာခဲ့သည်။ ၁၉၁၇ ခုနှစ်၊ အောက်တိုဘာလ (၁၂၇၉ ခုနှစ်၊ သီတင်းကျွတ်လ)တွင် ဝမ်းတွင်းမြို့ မြောက်ဘက်ရှိ ဒေါင်သူတောရဆရာတော်ထံတွင် ဆန်းကျမ်း သင်ယူခဲ့သည်။ ၁၅ရက်ဖြင့် ဆန်းကျမ်းကုန်သည်။

စံကျောင်းဆရာတော်သည် ပန်းတနော် စာပြန်ပွဲသို့ ကြွခါနီးတွင် ဦးပဏ္ဍိတသိရီအား "ဆရာ ပန်းတနော်သွားနေစဉ် စွယ်တော်ကျောင်းသွားပြီး စာချရမည်" ဟု အမိန့်ရှိသောကြောင့် ၁၉၁၈ ခုနှစ်၊ ဇန်နဝါရီ - ဖေဖော်ဝါရီလ (၁၂၇၉ ခုနှစ်၊ တပို့တွဲလ) မှစ၍ စာပေများကို စတင်ပို့ချခဲ့သည်။ ကျောင်းတော်ရာ ရွှေကျင်ဆရာတော်ဘုရားကြီးကိုယ်တိုင်

၁၉၁၈ ခုနှစ် မေ - ဇွန် (၁၂၈၀ နယုန်လ) တွင် သံဃာ့ ပရိတ်သတ် အလယ်၌ ဩဝါဒစကား မိန့်ကြားတော်မူပြီး စွယ်တော်ကျောင်းဘုန်းကြီး အဖြစ် ခန့်အပ်တော်မူသည်။ ၁၉၁၈ (၁၂၇၉-၈၀) ခုနှစ်တွင် **“အာစေရ ဝဏ္ဏနာပျို့”** ကို ပြုစုခဲ့သည်။ ဦးပဏ္ဍိတသိရီ၏ ပထမဆုံး ပြုစုခဲ့သော ကျမ်းဖြစ်ပြီး လက်ရေးမူမှာပင် ပျောက်ဆုံးသွားခဲ့သည်။

၁၉၂၂ ခုနှစ်၊ မေ-ဇွန်လ (၁၂၈၄ ခုနှစ်၊ နယုန်လ) တွင် ဦးပဏ္ဍိတသိရီသည် ဘုရားဖူးရင်း၊ ကျန်းမာရေးလည်း ဖြည့်တင်းရင်း သဘောဖြင့် အစ်မဝမ်းကွဲတော်သူ သီလရှင်ဆရာလေးမနန္ဒာ ရှိသည့် စစ်ကိုင်းတောင်ရိုးသို့ သွားရောက်ခဲ့သည်။ ကခ်ါအဋ္ဌကထာကို ပို့ချရင်း **ဟိတပနနိပါတဏ္ဍဒီပနီ** ကျမ်းကို ၁၉၂၂ (၁၂၈၄) ခုနှစ်တွင် ပြုစုခဲ့သည်။ ၁၉၂၃-၂၄ (၁၂၈၅) ခုနှစ်တွင် မိကျောင်းရဲဆရာတော်ကြီးသည် မိကျောင်းရဲ ကျောင်းကို ဦးပဏ္ဍိတသိရီအား ကျောင်းအပ်ပွဲပြုလုပ်ပြီး စာချုပ်စာတမ်း ဖြင့် လွှဲအပ်မှုကို လက်ခံခဲ့သည်။ ကျောင်းအပ်စာချုပ်တွင် အသိသက်သေ အဖြစ် မအံ့သူနှင့် မကြင် (နောင်အခါ စစ်ကိုင်း ရွှေဟင်္သာတိုက်သစ်၏ ကျောင်းအမ) တို့က လက်မှတ် ရေးထိုးခဲ့သည်။

၁၉၂၄-၂၅ (၁၂၈၆) ခုနှစ်တွင် စံကျောင်းဆရာတော်၏ **မေတ္တာ အဖွင့်လက်စွဲကျမ်း** စာအုပ်ကို အစအဆုံး တာဝန်ယူတည်းဖြတ်ပြီး နိဒါန်း အမှာစာ ရေးပေးသည်။ ၁၉၂၅ (၁၂၈၆) ခုနှစ်တွင် **ဥပုသ်သည် လက်စွဲကျမ်း၊ မဟာထေရုပတ္တိ ကထာနိဿျ**၊ ၁၉၂၅ ခုနှစ်၊ နိုဝင်ဘာ-ဒီဇင်ဘာ (၁၂၈၇ ခုနှစ်၊ နတ်တော်လ) တွင် **ဘုန်းတော်ဖွင့် ထေရုပ္ပတ္တိ** တို့ကို ပြုစုခဲ့သည်။

**မဟာထေရုပ္ပတ္တိ ကထာနိဿျ** လက်ရေးမူမှာပင် ပျောက်ဆုံး သွားခဲ့သည်။ ၁၉၂၆ (၁၂၈၈) ခုနှစ်တွင် စံကျောင်းဆရာတော်၏ အမိန့်အရ ညောင်တုန်း ရွှေဟင်္သာတောရသို့ ရောက်ရှိနေသော ဘင်္ဂါလီ ရဟန်း ၂ပါးအား အဘိဓမ္မတ္ထသင်္ဂဟနှင့် ဝိသုဒ္ဓိမဂ်အဋ္ဌကထာကျမ်းတို့ကို ပို့ချပေးခဲ့ သည်။

ပဋ္ဌာန်းသင်ယူလိုသောကြောင့် မန္တလေးတိုင်း၊ အမရပူရမြို့ရှိ မင်္ဂလာတိုက်သို့ ၁၉၂၆ (၁၂၈၈)ခုနှစ်တွင် ဦးနန္ဒဝံသနှင့် သွားရောက်၍ ပဋ္ဌာန်းစာချဆရာတော် ဦးဓမ္မသာရထံတွင် ပဋ္ဌာန်းသင်ရိုးကို သင်ကြားရာ

(၂)လဖြင့် သင်ရိုးကုန်ခဲ့သည်။ ပဋ္ဌာန်း သင်ယူနေစဉ် ဦးပဏ္ဍိတသိရီသည် စစ်ကိုင်းတောင်ရိုးသို့ ဥပုသ်နေ့တိုင်းလိုလို သွားဖြစ်ခဲ့သည်။

စစ်ကိုင်း၌နေထိုင်စဉ် ကျန်းမာရေး ကောင်းလာသည်ကို တွေ့ရ၍ စစ်ကိုင်းတောင်ရိုး၌ နေထိုင်လိုသည့် ဆန္ဒ ဖြစ်ပေါ်လာ၍ အစ်မ သီလရှင်ဖြစ်သူ မနန္ဒာကို ကျောင်းတည်ဆောက်ရန် နေရာရှာဖွေရန် တိုက်တွန်းသည်။ ထိုအကြောင်းကို မနန္ဒာနှင့်အတူနေသူ မိုးကုတ်ဆရာကြီးခေါ် ဆရာကြီးဒေါ်ပညာက သိသည်။ ဒေါ်ပညာသည် ဦးပဏ္ဍိတသိရီအတွက် စစ်ကိုင်းတောင်ရိုး၌ ကျောင်းနေရာများကို စုံစမ်းရာ အဆင်မပြေသဖြင့် ရက္ခမူချောင်ဆရာတော်ဦးအာစရအား ရက္ခမူချောင်အနီးတွင် မြေကွက်များ ရနိုင်၊ မရနိုင်လျှောက်ကြည့်ရာ ဦးပဏ္ဍိတသိရီကို မြင်သောအခါ ရက္ခမူချောင် အနောက်ပိုင်းရှိ ဇရပ်မြေ တစ်ဧကခန့်ခွဲပြီး လှူဒါန်းခဲ့သည်။

၁၉၂၆ (၁၂၈၈) ခုနှစ်တွင် စစ်ကိုင်း၌ ကျောင်းနေရာရပြီး ညောင်တုန်းသို့ ပြန်ကြွတော်မူခဲ့သည်။ ဆရာတော်များအား အကျိုးအကြောင်းလျှောက်ထားပြီး စစ်ကိုင်းတောင်ရိုး၌ နေထိုင်ခွင့်ပြုရန် အကြိမ်ကြိမ်ခွင့်ပန်သော်လည်း ခွင့်မပြုသဖြင့် ဦးပဏ္ဍိတသိရီသည် မိမိ၏ဝတ္တရားကျေပွန်ပြီဟု ယူဆပြီး စစ်ကိုင်းတောင်ရိုးသို့ ကိုရင်ရှင်ဓမ္မပိယ၊ ရှင်ဇိနဝံသ၊ ကျောင်းသားလေး မောင်ဘသောင်းတို့နှင့်အတူ ၁၉၂၇ ခုနှစ်၊ မေလ၊ ၁၁ ရက် (၁၂၈၉ ခုနှစ်၊ ကဆုန်လဆန်း ၁၁ ရက်) တွင် ထွက်လာခဲ့သည်။ ညောင်တုန်းရှိ ဆရာတော်များနှင့် ဒါယကာများ သဘောမတူဘဲ ထွက်လာသောကြောင့် ကျောင်းဆောက်ပေးမည့်၊ ဆွမ်းလှူမည့် ဒကာမရှိချေ။ မင်းဝံတောင်ရိုး အရှေ့ဘက် ရက္ခမူချောင်၏ အနောက်ဘက်တွင် အစ်မဖြစ်သူ သီလရှင်မနန္ဒာက ရှိသမျှဝတ္ထုလေးစုပြီး ၇၀၀/-တန် ဝါးကျောင်းလေး တစ်ဆောင် ဆောက်လုပ်ခဲ့ပြီး လှူဒါန်းခဲ့သည်။ ညောင်တုန်းမြို့၊ ရွှေဟင်္သာတောရကို အစွဲပြု၍ ကျောင်းတိုက်အမည်ကို 'ရွှေဟင်္သာချောင်' ဟု ခေါ်ခဲ့သည်။

၁၉၂၇-၂၈ (၁၂၈၉) ခုနှစ်မှစ၍ မဟာဂန္ဓာရုံ ဝိနည်း စာပြန်ပွဲနှင့်စပ်သည့် တာဝန်အရပ်ရပ်ကို မပျက်မကွက် ပါဝင် ဆောင်ရွက်ခဲ့သည်။ သူရိယသတင်းစာ၊ မြန်မာ့အလင်းသတင်းစာ၊ မြန်မာ့ဗျူဟာဂျာနယ်ဂို၌ ဆောင်းပါးများ၊ ကဗျာများ၊ ဝတ္ထုများ ရေးသားခဲ့ပါသည်။ ၁၉၂၈ ခုနှစ်၊

ဒီဇင်ဘာလ၊ ၅ ရက် (၁၂၉၀ ခုနှစ်၊ နတ် တော်လ ပြည့်ကျော် ၉ ရက်) တွင် ကာဗျာတန်ဆာ ခေါ် **မြန်မာအလင်္ကာကျမ်း** ကို ရေးသားပြုစုခဲ့သည်။

ရွှေဟင်္သာချောင်တည်ထောင်ပြီး တစ်ဝါနောက်ပိုင်းတွင် မိကျောင်းရဲ ကျောင်းကို စာချုပ်စာတမ်းနှင့်တကွ ပြန်လည်ပေးအပ်ခဲ့သည်။ ၁၉၃၁ မေလ၊ ၃၀ ရက် (၁၂၉၃ ခုနှစ်၊ နယုန်လပြည့်) နေ့တွင် **ပထမထွင့်ခေါင် ဆရာတော်ဘုရားကြီးအကြောင်း** စာအုပ်ကို ရေးသားထုတ်ဝေခဲ့သည်။ စံကျောင်းဆရာတော်နှင့် တိုက်အုပ်ဆရာတော် ဦးကလျာဏတို့သည် ရွှေဟင်္သာဆရာတော်ကို မော်လမြိုင်ကျွန်းမြို့ ဘုရားကြီးကျောင်းတိုက်တွင် သာသနာပြုစေလိုသောကြောင့် နောက်ပါတပည့် ဆယ်ပါးနှင့်အတူ မော်လမြိုင်ကျွန်းမြို့၊ ဘုရားကြီး ကျောင်းတိုက်တွင် တစ်ဝါဆိုခဲ့သည်။

စံကျောင်းဆရာတော်သည် ၁၉၃၂ ခုနှစ်၊ ဇွန်လ၊ ၈ ရက်မှ ၁၀ ရက် (၁၂၉၄ ခုနှစ်၊ နယုန်လဆန်း ၅ ရက်မှ ၇ ရက်)ထိ မန္တလေးမြို့၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်တွင် ကျင်းပပြုလုပ်သည့် ပဥ္စမအကြိမ် သာသနာ တော်လုံးဆိုင်ရာ သံဃာ့အစည်းအဝေးကြီးသို့ တက်ရောက်ရန် ဆယ်ရက် ခန့် ကြိုတင်ကြွလာပြီး ရွှေဟင်္သာချောင်တွင် သီတင်းသုံး နေထိုင်တော် မူသည်။ ထိုစဉ်က ရွှေဟင်္သာဆရာတော်သည် စံကျောင်းဆရာတော်၏ ပစ္ဆာသမဏ (နောက်လိုက်ရဟန်း) အဖြစ် သာသနာလုံးဆိုင်ရာ ရွှေကျင် နိကာယသံဃာ့အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။

ရွှေဟင်္သာဘုန်းကြီး ဘုန်းကံအလျောက် ရေတွင်း၊ ရေကန်နှင့် ကျောင်းအဆောက်အဦများ တစ်စတစ်စ ပေါ်ပေါက်လာခဲ့သည်။ လေးမျက်နှာ မြို့နေ ဦးစစ်ကြူ-ဒေါ်လှိုင်၊ သမီး မအန်းသူ၊ မကြင်တို့က ရေချိုးခန်း အုတ်တိုက်ငယ်တစ်လုံး၊ လေးမျက်နှာမြို့နေ ဒေါ်ယူသက ကမ္မဋ္ဌာန်းကျောင်း တဆောင်၊ ရေတွင်းတစ်တွင်း၊ လစဉ် ဆွမ်းစရိတ်၊ ငါးသိုင်းချောင်းဇာတိ သီလရှင်ဒေါ်ပိုနှင့် သမီး ဒေါ်မြို့တို့ကလည်း သိမ်တိုက်ကလေးတစ်လုံး ဆောက်လုပ် လှူဒါန်းကြ၍ ရွှေဟင်္သာချောင်ကလေးသည် တိုးတက် ပြည့်စုံ လာသည်။ ဦးပဥ္စင်း၊ ကိုရင်၊ ကျောင်းသားတပည့် ပရိတ်သတ် သုံးဆယ် ကျော်အထိ ရှိလာသည်။

၁၉၃၃-၃၄ (၁၂၉၅) ခုနှစ်တွင် အတိသုဒ္ဓါရုံဆရာတော်ကြီး အရှင်ဇောတိပါလအနီးသို့ ရောက်ရှိခဲ့ပြီး ဆရာတော်ဘုရားကြီးထံမှ

စာဏာကျနီတိ စာကိုယ်ငြိကာ ဗုဒ္ဓဗောဓ စာကိုယ်ငြိကာ စသော သက္ကတ စာတို့ကို သင်ကြား လေ့လာခဲ့သဖြင့် သက္ကတစာပေကိုလည်း အထိုက် အလျောက် တတ်မြောက်ခဲ့သည်။

**စာဏာကျနီတိ (ပါဠိ-မြန်မာ)** ကျမ်းကို ၁၉၃၄ ခုနှစ်၊ ဖေဖော်ဝါရီလ၊ ၁၉ ရက် (၁၂၉၅ ခုနှစ်၊ တပေါင်းလဆန်း ၇ ရက်) တွင် ပြုစုခဲ့သည်။ ၁၉၃၄ ခုနှစ်၊ မေ-ဇွန်လ (၁၂၉၆ ခုနှစ်၊ နယုန်လ)တွင် ရန်ကုန်မြို့၊ ကုန်သည်ကြီး ဦးစစ်ကြူ၏ သမီး မအိန်းသူ၊ မကျင်တို့ကိုယ်တိုင် စစ်ကိုင်း အုတ်စက်ရွာနေ ဦးထွန်းသာ-ဒေါ်လွန်းဘုံ တို့၏ ယာမြေအကျယ် ၁၂ ဧကနှင့် ဒသမ ၆၀ ရှိ မြေကွက်ကြီးကို တန်ဖိုးငွေ ၁၃၀၀ ကျပ်ဖြင့် ဝယ်ယူလှူဒါန်းခဲ့သည်။

၁၉၃၆ ခုနှစ်၊ အောက်တိုဘာလ၊ ၂၃ ရက် (၁၂၉၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၀ ရက်) နေ့တွင် ကျောင်းတိုက် ပန္နက်ချ၍ သတ္တမ ရွှေကျင်သာသနာပိုင် ကျိုက်လတ် ပစ္ဆိမာရုံဆရာတော်၊ စံကင်း ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အရှင်စန္ဒ၊ အဘယာမ ဆရာတော် အရှင်အဂ္ဂဓမ္မာဘိဝံသ၊ ဝိသုဒ္ဓါရုံ စည်ရှင်ဆရာတော် အရှင်ကောသလ္လာဘိဝံသ၊ အတိသုဒ္ဓါရုံ ဆရာတော် အရှင်ဇောတိပါလ တို့ ဦးဆောင်၍ သိမ်သမုတ်သည်။ ညောင်တုန်းမြို့ ရွှေဟင်္သာတောရ စံကျောင်းဆရာတော်နှင့် တိုက်အုပ်ဆရာတော်တို့မှာ ရွှေဟင်္သာတောရ ကထိန်ပွဲနှင့် ဆုံနေသဖြင့် မကြွနိုင်ကြပေ။ ထိုနေ့သည် ရွှေဟင်္သာတိုက်သစ် စတင်တည်ထောင်သော နေ့ဖြစ်သည်။

၁၉၃၉-၁၉၄၀ (၁၃၀၁) ခုနှစ်တွင် အဖွဲ့ဝင် ၁၅ဦး ပါရှိသော ပါဠိ-မြန်မာအဘိဓာန် ပြုစုရေးတွင် တတ်စွမ်းသမျှ ပါဝင်ခဲ့သည်။ ၁၉၄၂ ခုနှစ်၊ အောက်တိုဘာ-နိုဝင်ဘာ (၁၃၀၄ ခုနှစ်၊ သီတင်းကျွတ်လ) **မေတ္တသုတ်မြန်မာငြိကာ** အကြမ်း ရေးသားပြီးစီးသည်။ ဂျပန်ခေတ် စစ်အတွင်းကာလဖြစ်၍ ငါန်းဇွန်းမြို့ သိမ်တော်ကျောင်းတိုက်၌ ၂ လ၊ ရွှေလိပ်ခွံတောရ၌ တစ်လ သီတင်းသုံးရင်း စစ်ဘေး ခိုလှုံခဲ့ရသည်။ ၁၉၄၃ (၁၃၀၅) ခုနှစ်တွင် **ပဒေသာဆုံးမစာများ** ကို ရေးသားပြုစုခဲ့သည်။

စစ်ကိုင်းတောင်ရိုး ဖုံးမိုးရွာချိန်တွင် ဝိဇ္ဇောဒယချောင်တွင် ၉ လမျှ ခိုလှုံခဲ့ရသည်။ ရွှေဟင်္သာတိုက်သစ်ကို ဦးဇိနဝံသက စောင့်ရှောက်

ပေးသည်။ စစ်ပြီးခါနီး ၁၉၄၄-၄၅ (၁၃၀၆) ခုနှစ်မှစ၍ ရွှေဟင်္သာကျောင်းတွင် သံဃာတော်များ စတင်လက်ခံကာ စာပေ၊ ပရိယတ္တိ သင်ကြားပေးသည်။ ၁၉၄၅-၄၆(၁၃၀၇)ခုနှစ် စစ်ပြီးစတွင် ညောင်တုန်းသို့ကြွရင်း စစ်အတွင်းက ရေးသားခဲ့သော မေတ္တာသုတ်မြန်မာဋီကာနှင့် ဝိပဿနာ တရား စာမူနှစ်ခုကို ညောင်တုန်းစံကျောင်းဆရာတော်နှင့် တိုက်အုပ်ဆရာတော်တို့ကို ဖတ်ရှုပြင်ဆင်နိုင်ရန် ဆက်ကပ်ပြသခဲ့သည်။

၁၉၄၇ ခုနှစ်၊ မတ်လ ၃ ရက်မှ ၆ ရက် (၁၃၀၈ ခုနှစ်၊ တပေါင်းလဆန်း ၁၂ရက်မှ ၁၅ရက်နေ့)အထိ၊ တောင်ကြီးမြို့ အောင်မြေသာစည်ကျောင်းတိုက်၌ ကျင်းပပြုလုပ်သော ရွှေကျင်ဂိုဏ်းလုံးကျွတ် သတ္တမအကြိမ်မြောက်အစည်းအဝေးသို့ ဌာနကိုယ်စားလှယ် ဆရာတော် (၁၂)ပါးတွင် ရွှေဟင်္သာ ဆရာတော်သည် တစ်ပါးအပါအဝင် တက်ရောက်ဆွေးနွေးခဲ့သည်။ ၁၉၄၉ (၁၃၁၁) ခုနှစ်တွင် **ရှေ့သွားမင်္ဂလာ**၊ ၁၉၅၀ (၁၃၁၂) ခုနှစ်တွင် **မင်္ဂလသုတ်လက်စွဲကျမ်း**၊ ၁၉၅၁ (၁၃၁၃)ခုနှစ်တွင် **ပရာဘဝသုတ်မြန်မာဋီကာ** ကျမ်းတို့ကို ရေးသားပြုစုခဲ့သည်။

၁၉၅၂ ခုနှစ်၊ ဖေဖော်ဝါရီလ၊ ၁၀ ရက် (၁၃၁၃ ခုနှစ်၊ တပို့တွဲလဆန်း ၁၅ ရက်) နေ့တွင် ပဋိဝိသောကအဖွဲ့တွင် ပါဝင်ပြီး ဝိနယမဟာဝဂ္ဂပါဠိကို သုတ်သင် တည်းဖြတ်ခဲ့သည်။ ၁၉၅၃ ခုနှစ်၊ ဖေဖော်ဝါရီလ၊ ၂၅ရက်မှ ၂၇ရက်(၁၃၁၄ခုနှစ်၊ တပေါင်းလဆန်း ၁၃ရက်မှ ၁၅ရက်)တွင် စစ်ကိုင်းတောင် ဂန္ဓာရုံချောင်၌ ကျင်းပသည့် အဋ္ဌမအကြိမ် ရွှေကျင်နိကာယ သံဃာ့အစည်းအဝေးကြီးတွင် ရွှေဟင်္သာဆရာတော်သည် စစ်ကိုင်းဧည့်ခံအဖွဲ့၏ ဒုတိယဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့ပြီး ထိုအစည်းအဝေးကြီးတွင် အခြားဆရာတော် ရှစ်ပါးနှင့်အတူ ရွှေကျင်နိကာယ ကမ္မကာရက 'ဂိုဏ်းလုံးဝန်ဆောင်နာယက' အဖြစ် တင်မြှောက်ခြင်းခံရသည်။

၁၉၅၄ (၁၃၁၆) ခုနှစ်တွင် **ညောင်တုန်းမြို့ ရွှေဟင်္သာတောရသမိုင်း** စာအုပ်ကို ရေးသားပြုစုခဲ့သည်။ ၁၉၅၄ ခုနှစ်၊ မေလ၊ ၁၇ရက် (၁၃၁၆ ခုနှစ်၊ ကဆုန်လဆန်း ၁၅ ရက်) တွင် ကျင်းပသော ဆဋ္ဌသင်္ဂါယနာပွဲကြီး၏ ပထမသန္နိပါတသံဂီတိကာရက ၂၅၀၀ တွင် ရွှေဟင်္သာဆရာတော်သည်တစ်ပါးအပါအဝင် တက်ရောက်ခဲ့သည်။ ဒုတိယ သန္နိပါတစသောပွဲများသို့ ရွှေဟင်္သာဆရာတော်သည် မကြွရောက်နိုင်ခဲ့ပါ။ ၁၉၅၅

(၁၃၁၆)ခုနှစ်တွင် **ဂရုဓမ္မဝတ္ထု** ကို ရေးသား ပြုစုခဲ့သည်။ ၁၉၅၆ ခုနှစ်၊ ဧပြီ-မေလ (၁၃၁၈ ခုနှစ်၊ တန်ခူးလ) တွင် ကျင်းပသော ပဥ္စမသန္နိပါတပွဲသို့ကြွရောက်ပြီး မြန်မာပြန် ပဋိဝိသောဓက အဖြစ်ဆောင်ရွက်ခဲ့သည်။

၁၉၅၆ ခုနှစ်၊ ဇွန်လ၊ ၂၃ ရက် (၁၃၁၈ ခုနှစ်၊ နယုန်လဆန်း ၁၅ရက်) တွင် ရှမ်းပြည်တောင်ပိုင်း၊ ညောင်ရွှေမြို့၌ သာသနာတော် ၂၅၀၀ ပြည့်ပွဲတော်၊ ၂၅ နှစ်မြောက် ညောင်ရွှေစာပြန်ပွဲ၊ ဖောင်တော်ဦးကျောင်းတော်ကြီး တင်လှူပွဲသို့ ရွှေဟင်္သာဆရာတော် အပါအဝင် အခြားပင့်သံဃာ ၃၅ပါးတို့ ကြွရောက်ခဲ့ကြသည်။ ၁၉၅၆ (၁၃၁၈) ခုနှစ်တွင် **ညောင်ရွှေခရီးသွားမှတ်တမ်း** စာအုပ်ကို ပြုစုခဲ့သည်။

၁၉၅၇ ခုနှစ်၊ ဖေဖော်ဝါရီလ၊ ၁၈ရက်-၂၀ရက် (၁၃၁၈ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၄ရက်မှ ၆ရက်) တွင် ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက်၌ ကျင်းပသော နဝမအကြိမ်မြောက် ရွှေကျင်ဂိုဏ်းအစည်းအဝေးသို့ ဂိုဏ်းလုံးဝန်ဆောင် နာယက ဆရာတော်တစ်ပါးအဖြစ် အစည်းအဝေး မတိုင်မီ ၇ ရက်ခန့်ကြိုတင်၍ ပဲခူးသို့ သွားရောက်စီမံဆောင်ရွက်ခဲ့သည်။

၁၉၅၈ (၁၃၂၀) ခုနှစ်တွင် စစ်ကိုင်းတိုင်း၊ ဝက်လက်မြို့နယ် သပြေသာရွာ၊ ရွှေဟင်္သာကျောင်းကို တိုးချဲ့ပြုပြင် ဆောင်ရွက်ခဲ့သည်။ ၁၉၆၀ ခုနှစ်၊ ဇွန်လ၊ ၂၈ရက် (၁၃၂၂ ခုနှစ်၊ ဝါဆိုလဆန်း ၆ ရက်) နေ့တွင် ရန်ကုန်မြို့၊ နိုင်ငံတော်သမ္မတကြီးနေအိမ်၌ သက်တော် ၈၂ နှစ်ရှိ ပခုက္ကူဆရာတော် ဘဒ္ဒန္တသုနန္ဒမဟာထေရ်သည် 'အဘိဓဇမဟာရဋ္ဌဂုရု' ဘွဲ့ကိုလည်းကောင်း၊ ရွှေဟင်္သာဆရာတော်အပါအဝင် ဆရာတော်ကြီး ၁၂ပါးတို့သည် 'အဂ္ဂမဟာပဏ္ဍိတ' ဘွဲ့တို့ကို လည်းကောင်း ဆက်ကပ်ခံခဲ့သည်။ ၁၉၆၀ (၁၃၂၂) ပြည့်နှစ်တွင် **ဝိနယမဟာဝဂ္ဂ ပါဠိတော်မြန်မာပြန်** စာအုပ်ကို ပြုစုခဲ့သည်။

၁၉၆၂ ခုနှစ်၊ ဇွန်လ၊ ၁၇ရက် (၁၃၂၄ ခုနှစ်၊ နယုန်လဆန်း ၁၅ရက်) နေ့တွင် ကျောင်းတိုက်ဦးစီးများ တင်မြှောက်သည့်အခမ်းအနားကို ရွှေဟင်္သာတိုက်သစ်၌ ကျင်းပပြုလုပ်ခဲ့သည်။ နာယက၊ တိုက်အုပ်၊ တိုက်ကြပ်၊ စာချတို့ကို စနစ်တကျ ခန့်အပ်ခဲ့သည်။ ၁၉၆၃ ခုနှစ်၊ နိုဝင်ဘာလ၊ ၁၈-၂၀ (၁၃၂၅ ခုနှစ်၊ နတ်တော်လဆန်း ၃ရက်မှ ၅ရက်) တွင် မန္တလေးမြို့၊ မဟာဝိသုဒ္ဓါရုံတိုက်သစ် ရွှေကျင်နိကာယ ဗဟိုဌာန၌ ကျင်းပပြုလုပ်သော

ဒသမအကြိမ် ရွှေကျင်ဂိုဏ်း အစည်းအဝေးသို့ ဂိုဏ်းလုံးဝန်ဆောင် နာယက အဖြစ် တက်ရောက်ခဲ့သည်။

၁၉၆၃ (၁၃၂၅) ခုနှစ်တွင် **ရွှေကျင်နိကာယသာသနာဝင် အကျယ်နှင့် အလုံမြို့ဥပဒေ၊ မိုးကောင်းတိုက်ဥပဒေ၊ သီလဝိသောဓနီ၊ ဝဋ္ဋနာဒီပနီ**၊ ၁၉၆၄ (၁၃၂၆) ခုနှစ်တွင် **ယုဓေါဝါဒဆုံးမစာ**၊ ၁၉၆၅ (၁၃၂၆) ခုနှစ်တွင် **ရွှေကျင် နိကာယ သာသနာဝင် အကျဉ်းနှင့် ရွှေကျင်ဆရာတော် ဘုရားကြီး၏ ဩဝါဒကထာများ**၊ ၁၉၆၈ (၁၃၃၀) ခုနှစ်တွင် **ဒိဋ္ဌေ ဒိဋ္ဌ မတ္တံတရားစာ** စာအုပ်များကို ရေးသား ပြုစုခဲ့သည်။

၁၉၆၉ (၁၃၃၁) ခုနှစ်တွင် ပြင်ဦးလွင်မြို့၊ နန်းမြိုင်လမ်းရှိ ရွှေဟင်္သာကျောင်းတိုက်ကို တည်ထောင်ခဲ့သည်။ ၁၉၇၁ (၁၃၃၂) ခုနှစ်တွင် **ကာယာနုပဿနာကျမ်း၊ ညောင်တုန်းမြို့ ရွှေဟင်္သာတောရ စံကျောင်းဆရာတော်ဘုရား၏ ကျမ်းစာများ**၊ ၁၉၇၃ (၁၃၃၄) ခုနှစ်တွင် **သာသနာရေးတရားတော်**၊ (၁၃၃၅) ခုနှစ်တွင် **အမတဂါမိနီတရားတော်၊ ဩဝါဒကထာများ**၊ ၁၉၇၄ (၁၃၃၆) ခုနှစ်တွင် **ဝေဒနာနုပဿနာ၊ ခန္ဓသုတ် မြန်မာဋီကာ** စာအုပ်တို့ကို ရေးသားပြုစုခဲ့သည်။

၁၉၇၅ ခုနှစ်၊ နိုဝင်ဘာလ၊ ၂၂ရက်-၂၄ရက် (၁၃၃၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၅ရက်မှ ၇ရက်)အထိ ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက်၌ ကျင်းပသော ဧကာဒသမအကြိမ်၊ ရွှေကျင် ဂိုဏ်းလုံးကျွတ် အစည်းအဝေးပွဲကြီး၏ ပထမနေ့တွင် ဩဝါဒစကား မိန့်ကြားတော်မူခဲ့ပြီး 'ရွှေကျင်နိကာယ ဥပဥက္ကဋ္ဌမဟာနာယက (တွဲဖက် ရွှေကျင်သာသနာပိုင်)' ၄ပါးတွင် ရွှေဟင်္သာဆရာတော်သည် တစ်ပါး အပါအဝင်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည်။

၁၉၇၆ ခုနှစ်၊ မတ်လ၊ ၁၄ရက် (၁၃၃၇ ခုနှစ်၊ တပေါင်း လဆန်း ၁၅ရက်) နေ့တွင် ညောင်တုန်းမြို့၊ ရွှေဟင်္သာတောရ ၇၅ နှစ် မြောက် စိန်ရတုသဘင်မင်္ဂလာပွဲတွင် ရွှေဟင်္သာနွယ်၏ ကျက်သရေ ဆောင်ဖြစ်တော်မူသော ရွှေဟင်္သာဆရာတော်အား 'ရွှေဟင်္သာဝံသ စိန်ရတု သံဃ မဟာသဘာ' က ရွှေဟင်္သာနွယ်၏ အဓိပတိဆရာတော်အဖြစ် တညီတညွတ်ထဲတင်မြှောက်ကြပြီး 'ရွှေဟင်္သာဝံသ သံဃမဟာနာယကာ ဓိပတိ' ဟူသော အမြင့်ဆုံးဘွဲ့တံဆိပ်ကို ဆက်ကပ်ပူဇော်ခဲ့ကြသည်။

၁၉၇၆ (၁၃၃၇)ခုနှစ်တွင် **ညောင်တုန်းမြို့၏ ထင်ရှားကျော်ကြားခြင်း ၂၈ရပ်** စာအုပ်ကို ရေးသားပြုစုခဲ့သည်။

စစ်ကိုင်း၊ ရွှေဘိုကားလမ်းမကြီး၏ လက်ျာဖက် ရွှေဘိုမြို့မှ (၁၄)မိုင်ခန့်အကွာ ရွှေကျင်ဆရာတော်ကြီး ဖွားမြင်ရာ ရွှေကျင်ရွာတောင်ဖက်ထိပ်ရှိ သာယာပြန့်ပြူးသောကုန်းမြေ၌ ရွှေကျင်ဆရာတော်ကြီး၏ ဝိဇာယနဌာန အထိမ်းအမှတ်ရွှေကျင်ဗိမာန်တော်ကြီးကို ၁၉၇၆ခုနှစ်၊ ဇွန်လ၊ ၁၅ရက် (၁၃၃၈ ခုနှစ်၊ နယုန်လပြည့်ကျော် ၇ ရက်)နေ့တွင် စတင်ပန္နက်ချပြီး တည်ဆောက်ရာ ကိုးလဖြင့် ပြီးစီးအောင်မြင်၍ ၁၉၇၇ ခုနှစ်၊ မတ်လ၊ ၁၁ရက် (၁၃၃၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၈ရက်) နေ့တွင် ခမ်းနားသိုက်မြိုက်စွာ ဖွင့်လှစ်နိုင်ခဲ့သည်။

၁၉၇၇ ခုနှစ်၊ ဧပြီလ၊ ၃၀ ရက် (၁၃၃၉ ခုနှစ်၊ ကဆုန်လဆန်း ၁၄ရက်) နေ့တွင် မန္တလေးမြို့ ရွှေကျင်နိကာယ ဗဟိုဌာနခွဲ ဝန်ဆောင်သံဃာအဖွဲ့က ရွှေကျင်ဗိမာန်တော်ကြီးကို ရွှေကျင်ဂိုဏ်းကြီးသို့ လွှဲပြောင်းအပ်နှင်းရာ ဧကာဒသမ ရွှေကျင်သာသနာပိုင်ဆရာတော်ကြီး ကိုယ်တိုင်လက်ခံတော်မူသည်။ ၁၉၇၇ ခုနှစ်တွင် ရွှေကျင်ဗိမာန်တော်နှင့် စပ်လျဉ်း၍ အကြောင်းအရာအစုံအလင်ကို ရွှေဟင်္သာဆရာတော်ကြီးကိုယ်တိုင်မှတ်တမ်းတင်၍ **ပဌမ ရွှေကျင်ဆရာတော်ဘုရားကြီး၏ အထိမ်းအမှတ်ဗိမာန်တော်သမိုင်း** စာအုပ်ကို ရေးသားပြုစုခဲ့သည်။

၁၉၇၈ ခုနှစ်၊ စက်တင်ဘာလ၊ ၂၁ ရက် (၁၃၄၀ ပြည့်နှစ်၊ တော်သလင်းလပြည့်ကျော် ၅ရက်) နေ့တွင် ရွှေဟင်္သာကျောင်းတိုက်များအားလုံးကို ညောင်တုန်းရွှေဟင်္သာတောရကျောင်းတိုက်သို့ ထိန်းသိမ်းစောင့်ရှောက်ရန် စာချုပ်စာတမ်းဖြင့် လွှဲအပ်ခဲ့သည်။ ၁၉၇၈ ခုနှစ်၊ ဒီဇင်ဘာလ၊ ၆ရက် (၁၃၄၀ ပြည့်နှစ်၊ နတ်တော်လဆန်း ၇ ရက်) နေ့တွင် ရွှေဟင်္သာဆရာတော်ကြီး၏ 'သဇီဝရုပ်ပုံတော်' ကို အခမ်းအနားဖြင့် ဖွင့်လှစ်ပူဇော်ပွဲကျင်းပခဲ့သည်။ ရွှေဟင်္သာဆရာတော်သည် ဒုတိယရွှေကျင်သာသနာပိုင်ဆရာတော်တစ်ပါးပီပီ ရွှေကျင်ဂိုဏ်း၏ သံဃာရေးရာ ဩဝါဒ၊ အနုမောဒနာကထာများ ရေးပို့ဆုံးဖြတ်စီစဉ်ဆောင်ရွက်ခဲ့သည်။

၁၉၇၈ (၁၃၄၀) ခုနှစ်တွင် **ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိအကျဉ်း** စာအုပ်ကို ရေးသားပြုစုခဲ့သည်။ ၁၉၇၉ ခုနှစ်၊ ဇန်နဝါရီ ၄ ရက် (၁၃၄၀

ပြည့်နှစ်၊ ပြာသိုလဆန်း ၇ ရက်) (၃၁ နှစ်မြောက် လွတ်လပ်ရေးနေ့) တွင် နိုင်ငံတော်မှ ဆက်ကပ်သော 'အဘိဓဇမဟာရဋ္ဌဂုရု' ဘွဲ့ကို ရရှိခဲ့သည်။

၁၉၈၀ ပြည့်နှစ်၊ မေလ၊ ၂၄ ရက် (၁၃၄၂ ခုနှစ်၊ နယုန်လဆန်း ၁၁ ရက်) နေ့တွင် ရန်ကုန်မြို့၊ ကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူကြီးတွင် ကျင်းပသော သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေး ပထမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးတွင် ရွှေဟင်္သာဆရာတော်သည် ရှင်အာနန္ဒာမထေရ်က မိစ္ဆာအယူရှိသော အိမ်ရှင်အမျိုးသားတယောက်အား ရာဂ၊ ဒေါသ၊ မောဟငြိမ်းအေးရာ ပင့်ဆောင်မှု လမ်းစဉ်များဟောကြားပုံကို သာဓကဆောင်၍ ဩဝါဒကထာ မြွက်ကြားတော်မူခဲ့သည်။ ပထမအကြိမ် နိုင်ငံတော်ဩဝါဒစရိယဘွဲ့ကို ရရှိခဲ့သည်။

၁၉၈၁ ခုနှစ်၊ ဇွန်လ၊ ၁၁ ရက် (၁၃၄၃ ခုနှစ်၊ နယုန်လဆန်း ၉ရက်) နေ့တွင် ကမ္ဘာအေး၊ မဟာပါသာဏလိုဏ်ဂူတွင် ကျင်းပပြုလုပ်သော ဂိုဏ်းပေါင်းစုံ သံဃာ့ အစည်းအဝေးပွဲကြီး၌ အမွေ ၁၂မျိုးနှင့် ပတ်သက်၍ မြတ်စွာဘုရား၏ ဓမ္မဒါယာဒသုတ်ကို အခြေခံ၍ ဟောကြားတော်မူခဲ့သည်။

၁၉၈၂ (၁၃၄၃) ခုနှစ်တွင် **စိတ္တာနုပဿနာကျမ်း**၊ ၁၉၈၄ (၁၃၄၆) ခုနှစ်တွင် **ဓမ္မာနုပဿနာသတိပဋ္ဌာန်တရားတော်** စာအုပ်တို့ကို ရေးသား ပြုစုခဲ့သည်။ ၁၉၈၄ (၁၃၄၆) ခုနှစ်တွင် ဗုဒ္ဓဂယာ သံဝေဇနီယ လေးဌာနသို့ ဘုရားဖူးကြွတော်မူခဲ့ပြီး **ဗုဒ္ဓဂယာ ဘုရားဖူး ခရီးသွား မှတ်တမ်း၊ ၁၃၄၆ခုနှစ်၊ တန်ဆောင်မုန်း လဆန်း (၇)ရက်နေ့၌ အိန္ဒိယနိုင်ငံ မဟာဗောဓိသို့ အပူဇော်ခံကြွတော်မူစဉ် ထိုထိုရောက်ရာ ပူဇနီယ ဌာနတို့၌ ကိုယ်တိုင်ရေး၍ ရှိခိုးပူဇော်အပ်သော ဘုရားရှိခိုး ဂါထာတော်များ** စာအုပ်ကို ရေးသား ပြုစုခဲ့သည်။ ၁၉၈၆ ခုနှစ်၊ မေလ၊ ၂ရက် (၁၃၄၈ခုနှစ်၊ ကဆုန်လပြည့်ကျော် ၄ရက်) နေ့တွင် စစ်ကိုင်းတောင်ရိုး၊ ပဋ္ဌာန်းသိပ္ပံတိုက်၊ သိမ်ကျောင်းကို ရွှေဟင်္သာဆရာတော်သည် ၂၅မိနစ်ဖြင့် သိမ်သမုတ် ပြီးစီးအောင် ဆောင်ရွက်တော်မူခဲ့သည်။

ရွှေဟင်္သာဆရာတော်ကြီးသည် ၁၉၈၆-၈၇ (၁၃၄၉) ခုနှစ် သက်တော် (၉၄)နှစ်ထိ ဆွမ်းခံဝတ်မြဲခဲ့သည်။ စင်ကာပူသို့ မကြွမီ ၁၉၈၇ ခုနှစ်၊ ဖေဖော်ဝါရီလ၊ ၁၅ရက်(၁၃၄၈ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၂ရက်)

နေ့တွင် မအူပင်မြို့ ဓမ္မာရုံကျောင်းတိုက်မှ တိုက်အုပ်ဆရာတော် ဦးအနုဓိဝရ၏ ဖွားမြင်ရာဇာတိ ဘုရားကုန်းရွာသို့ သိမ်သမုတ် ကြွတော်မူသည်။ ၁၉၈၇ခုနှစ်၊ ဖေဖော်ဝါရီလ၊ ၂၁ ရက် (၁၃၄၈ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၈ရက်) တွင် ဘန်ကောက်မြို့သို့ ဘုရားဖူး ကြွချီတော်မူခဲ့ပြီး **၁၃၄၈ ခုနှစ် ခရီးသွားမှတ်တမ်း** စာအုပ်ကို ရေးသားပြုစုခဲ့သည်။ ၁၉၈၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်မှ မတ်လ ၃ ရက် (၁၃၄၉ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၉ ရက်မှ တပေါင်းလပြည့်ကျော် ၁ ရက်) နေ့အထိ လေးမျက်နှာမြို့သို့ ကြွရောက်ခဲ့ပြီး **လေးမျက်နှာမြို့သို့သွားသော ခရီးသွားမှတ်တမ်း** စာအုပ်ကို ရေးသားပြုစုခဲ့သည်။

၁၉၈၉ ခုနှစ်၊ အောက်တိုဘာလ၊ ၁၁ရက် (၁၃၅၁ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၂ ရက်) နေ့တွင် ဂိုဏ်းလုံးဝန်ဆောင် နာယကအဖွဲ့ အစည်းအဝေးကို စစ်ကိုင်းမြို့ ရွှေဟင်္သာတိုက်သစ်၌ ဦးဆောင်၍ တာဝန်ယူကျင်းပခဲ့သည်။ ၁၉၈၉ ခုနှစ်၊ ဒီဇင်ဘာလ၊ ၁၂ ရက် (၁၃၅၁ ခုနှစ်၊ နတ်တော်လဆန်း ၅ရက်) နေ့တွင် ဧကာဒသမမြောက် ရွှေကျင်သာနာပိုင် ပရိယတ္တိသာသန ဟိတမူလဓမ္မာစရိယ၊ အဂ္ဂမဟာပဏ္ဍိတ သက်တော်ရှည် ဝိသုဒ္ဓါရုံ ကြေးမြင်ကျောင်းဆရာတော် ဘဒ္ဒန္တဇောဟျာဘိဝံသ သက်တော် (၁၀၄)နှစ် ပျံလွန်တော်မူသဖြင့် ၁၉၈၉ ခုနှစ်၊ ဒီဇင်ဘာလ၊ ၁၀ရက် (၁၃၅၁ခုနှစ်၊ နတ်တော်လဆန်း ၁၃ရက်) နေ့၌ ရဟန်းရှင်၊ လူပရိသတ်များစွာတို့၏ ရှေ့မှောက်တွင် မန္တလေးမြို့၊ အနောက်ပြင် မဟာဝိသုဒ္ဓါရုံတိုက်သစ် ဓေယျမေဒနီဝါဆိုကျောင်းဆရာတော် ကိုယ်တိုင် ဖတ်ကြား၍ ရွှေဟင်္သာဆရာတော်ကို ဒွါဒသမမြောက် 'ရွှေကျင်နိကာယ ဥက္ကဋ္ဌ မဟာနာယက ဓမ္မသေနာပတိ ဒွါဒသမ ရွှေကျင်သာသနာပိုင်' အဖြစ် တင်မြှောက်ခဲ့ကြသည်။

၁၉၉၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၁၈ ရက်မှ ဖေဖော်ဝါရီလ ၆ရက် (၁၃၅၁ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၈ရက်မှ တပို့တွဲလဆန်း ၁၂ရက်) ထိ ဘန်ကောက်၊ စင်ကာပူ၊ မလေးရှား၊ ပီနန်တို့သို့ ခရီးရှည်ကြွတော်မူပြီး **စင်ကာပူ ခရီးသွား မှတ်တမ်း** စာအုပ်ကို ရေးသားပြုစုခဲ့သည်။ ၁၉၉၀ ပြည့်နှစ်၊ မတ်လ၊ ၇ ရက် ( ၁၃၅၁ခုနှစ်၊ တပေါင်းလဆန်း ၁၂ရက်) နေ့တွင် နိုင်ငံတော်သြဝါဒါစရိယ ဘွဲ့တံဆိပ်တော်ကို ဒုတိယအကြိမ်

ရရှိခဲ့သည်။ ရွှေကျင်နိကာယဥက္ကဋ္ဌ မဟာနာယက ဖြစ်တော်မူသော ရွှေဟသ်ာဆရာတော်ဘုရားကြီးနှင့် ရွှေကျင်နိကာယဥပဥက္ကဋ္ဌ ဖြစ်တော်မူသော ပိုက်ကျုံးဆရာတော်ကြီး နှစ်ပါးသည် ၁၉၉၀ ပြည့်နှစ်၊ ဒီဇင်ဘာလ၊ ၁၇ ရက် (၁၃၅၂ ခုနှစ်၊ ပြာသိုလဆန်း ၂ ရက်)နေ့တွင် ရွှေကျင်ဂိုဏ်းသား သံဃာတော်များကို နိုင်ငံရေးတွင် ပါဝင်ခြင်း မပြုရန် လက်မှတ်ထိုး၍ ညွှန်ကြားချက် ဩဝါဒ ထုတ်ပြန်တော်မူခဲ့သည်။

၁၉၉၂ ခုနှစ်၊ မတ်လ ၁-၃ ရက် (၁၃၅၃ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၂-၁၄ရက်) နေ့တွင် စစ်ကိုင်းတောင်ရိုး၊ ရွှေဟသ်ာတိုက် သစ်ကျောင်းတိုက်၌ ကျင်းပသည့် တေရသမအကြိမ် ရွှေကျင်ဂိုဏ်းလုံး ကျွတ်အစည်းအဝေးပွဲကြီး၏ ပထမနေ့တွင် ဩဝါဒ ချီးမြှင့်တော်မူခဲ့ပြီး သဘာပတိအဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၉၂ ခုနှစ်၊ ဇွန်လ၁၅ရက်မှ ဩဂုတ်လ ၁၀ ရက် (၁၃၅၄ ခုနှစ်၊ နယုန်လဆန်း ၁၅ရက်မှ ဝါခေါင် လဆန်း ၁၂ ရက်) နေ့အထိ စင်ကာပူ၊ အမေရိကန် နိုင်ငံများသို့ နောက်ဆုံး ခရီးကြွတော်မူခဲ့ပြီး **အမေရိကန်ခရီးသွား မှတ်တမ်း** စာအုပ်ကို ရေးသား ပြုစုခဲ့သည်။

၁၉၉၂ ခုနှစ်၊ ဇွန်လ၊ ၁၃ ရက် (၁၃၅၄ ခုနှစ်၊ နယုန်လဆန်း ၁၃ရက်)နေ့တွင် ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ ကြားတောရလမ်း၊ ကျောင်း တော်ရာ ရွှေကျင်တိုက်ဝင်းအတွင်းရှိ ရွှေကျင်နိကာယသာသနာဝင်ဗိမာန် တော်ကြီး တည်ဆောက်ရန် အုတ်မြစ်ချ မင်္ဂလာအခမ်းအနားတွင် ရွှေကျင် နိကာယဂိုဏ်းကြီး၏ သာသနာပိုင်ဆရာတော်ကြီးအဖြစ် ဦးဆောင် အုတ်မြစ် ချခဲ့သည်။ ၁၉၉၂ ခုနှစ်၊ နိုဝင်ဘာ ၂၅ ရက် (၁၃၅၄ ခုနှစ်၊ နတ်တော်လဆန်း ၁ရက်) နေ့တွင် အငြိမ်းစား သံအမတ်ကြီး ဦးအုန်းစိန်-ဒေါ်ခင်ပုတို့၏သား မောင်တော(ခေါ်) မောင်တင်အုံးသည် ၁၉(အေ)၊ သုခဝတီလမ်း၊ ရန်ကင်းရှိ အိမ်နှင့်မြေကို ရွှေဟသ်ာဆရာတော်ကြီးအား လှူဒါန်းခဲ့ပါသည်။ ရွှေဟသ်ာ တိုက်ခွဲအမည်မှ ရွှေဟသ်ာစံကျောင်းအမည်သို့ပြောင်း၍ ၁၉၉၂ ခုနှစ်၊ ဒီဇင်ဘာ ၁၂ရက် (၁၃၅၄ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၃ရက်) နေ့မှစ၍ ရွှေဟသ်ာဆရာတော်ကြီး သီတင်းသုံးတော်မူပါသည်။

၁၉၉၃ ခုနှစ်၊ ဇန်နဝါရီ ၄ ရက် (၁၃၅၄ ခုနှစ်၊ ပြာသိုလဆန်း ၁၂ရက်) နေ့တွင် နိုင်ငံတော်မှ ဆက်ကပ်သော 'အဘိဓဇအဂ္ဂမဟာ

သဒ္ဓမ္မဇောတိက’ ဟူသော အမြင့်ဆုံးဘွဲ့ကို ရရှိတော်မူခဲ့သည်။ ၁၉၉၃ခုနှစ်၊ ဖေဖော်ဝါရီလ၊ ၂၈ရက်(၁၃၅၄ခုနှစ်၊ တပေါင်းလဆန်း ၈ရက်) တွင် ရန်ကုန်မြို့၊ ဗဟန်း၊ ရေတာရှည်လမ်းသစ်၊ သီရိမင်္ဂလာ ကျောင်းတိုက် သာသန ဝိပုလကာရီ သိမ်တော်ကြီးကို ရွှေဟင်္သာဆရာတော်ကြီးနှင့်အတူ သံဃာတော် ငါးဆယ့်လေးပါး ဦးဆောင်၍ သိမ်သမုတ်တော်မူသည်။ ၁၉၉၃ ခုနှစ်၊ မေ ၂၀ ရက် (၁၃၅၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၅ ရက်) နေ့တွင် ရန်ကုန်တိုင်း၊ မြောက်ဥက္ကလာပမြို့နယ်၊ ပဲခူးကျောင်းတိုက် အတွင်းရှိ သီလဝိသောဓနီသိမ်ကျောင်းကို ရွှေဟင်္သာဆရာတော်ကြီး ကိုယ်တိုင် ရေစက်ချပြီး သိမ်သမုတ်တော်မူခဲ့ပါသည်။ ၁၉၉၃ (၁၃၅၅) ခုနှစ်တွင် ကာယာနုပဿနာကမ္မဋ္ဌာန်း၊ ဝေဒနာနုပဿနာကမ္မဋ္ဌာန်း၊ စိတ္တာနုပဿနာကမ္မဋ္ဌာန်း၊ ဓမ္မာနုပဿနာကမ္မဋ္ဌာန်းတို့ကို ပေါင်းစု၍ **မဟာသတိပဋ္ဌာန် တရားတော်** စာအုပ်ကို ထုတ်ဝေခဲ့သည်။

၁၉၉၄ ခုနှစ်၊ ဇန်နဝါရီ ၁၆ ရက် (၁၃၅၅ ခုနှစ်၊ ပြာသိုလဆန်း၇ရက်) နေ့တွင် ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ သုခဝတီလမ်း၊ စစ်ကိုင်းရွှေဟင်္သာစံကျောင်း အတွင်း၌ မဟာဝိဇယ သိမ်ကျောင်းကို ရွှေဟင်္သာဆရာတော်ဘုရားကြီးကိုယ်တိုင် သိမ်သမုဟ်တော်မူသည်။ ၁၉၉၅ (၁၃၅၇)ခုနှစ်တွင် ရွှေကျင်ရွာ ရွှေကျင်ဗိမာန်ပရိယတ္တိ စာသင်တိုက်၌ သိမ်ကျောင်းနှင့် ဆွမ်းစားကျောင်းကို တည်ဆောက်ခဲ့သည်။

ရွှေဟင်္သာဆရာတော်ကြီးသည် ဒီဃာယုကတာ သက်တော်ရှည်ခြင်း၊ ပုညဝန္တတာ ဘုန်းကြီးခြင်း ၊ မဟာပရိဝါရတာ အခြွေအရံများခြင်း၊ အပ္ပါဗာဓတာ ကျန်းမာခြင်း၊ လဟုဋ္ဌာနတာ ကြံ့ခိုင်ခြင်း၊ စက္ခုဒ္ဒဝ္ဖလရဟိတတာ မျက်စိကြည်လင်ခြင်း၊ သုတိ ဟီန ရဟိတတာ နားကောင်းခြင်း၊ အခဏ္ဍာဒန္တတာ သွားကောင်းခြင်း၊ သတိမန္တတာ သတိကောင်းခြင်း၊ မိတ်မန္တတာ လုံလဝီရိယ ရှိခြင်း၊ ပညဝန္တတာ ပင်ကိုဉာဏ်နှင့် ပြည့်စုံခြင်း၊ ပါသာဒိကတာ ကြည်ညိုဖွယ်ရှိခြင်း၊ အပိစ္ဆတာ အလိုနည်းခြင်း၊ ခန္တီ သည်းခံခြင်း၊ ဥဇုဖြောင့်မတ်ခြင်း၊ သုဟုဇု အလွန် ဖြောင့်မတ်ခြင်း၊ ဖြူစင်သော ကိုယ်ကျင့်သီလ၊ ကြံ့ခိုင်သော သမာဓိ၊ ကြီးမားထက်မြက်သော ပညာစွမ်းကား၊ ဝိနယ ဂရုက ဝိနည်း အလွန်လေးစားခြင်း၊ ဝိပဿနာစုရတာဝန်များကို အချိန်များစွာပေးကာ အားထုတ်တော်မူခြင်း၊ ကျမ်းပေါင်း

များစွာ ရေးသားပြုစုတော်မူသောကြောင့် 'ကျမ်းပြု အကျော်' စသည့် ဂုဏ်တော်တို့ဖြင့် ပြည့်စုံပါသည်။

ဆရာတော်ဘုရားကြီးသည် နိုင်ငံတော် သံဃာ့မဟာ နာယက ဩဝါဒါစရိယအဖြစ် ဗုဒ္ဓသာသနာအကျိုး သယ်ပိုးဆောင်ရွက်ခြင်း၊ သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးရပ်နှင့် ပြည့်စုံခြင်း စသော ကျေးဇူးတော် ဂုဏ်တော်အပေါင်းတို့ကြောင့် နိုင်ငံတော် အစိုးရက ဆက်ကပ်သော 'အဂ္ဂမဟာပဏ္ဍိတ'၊ 'အဘိဓဇမဟာရဋ္ဌဂုရု'၊ 'အဘိဓဇ မဂ္ဂမဟာသဒ္ဓမ္မဇောတိက' ဘွဲ့ဟူသော အမြင့်ဆုံး ဘွဲ့တံဆိပ်တော်များကို ရရှိတော်မူခဲ့သည်။ ရွှေကျင်သာသနာပိုင် ဆရာတော်များအနက် တံဆိပ်သုံးတန် လက်ခံရရှိတော်မူသော ဆရာတော်တို့မှာ ပထမမဟာဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီးနှင့် ရွှေဟင်္သာဆရာတော်ဘုရားကြီးနှစ်ပါးသာ ရှိသည်။

ရွှေဟင်္သာဆရာတော်ကြီးသည် ကျမ်းစာများ ရေးသားခြင်း၊ ဒေသအသီးသီးသို့ ကြွချီတော်မူခြင်း၊ ကျောင်းတိုက်ခွဲများ တည်ထောင်ခြင်း၊ ပထမရွှေကျင်ဆရာတော်ဘုရားကြီး အထိမ်းအမှတ် ဗိမာန်တော် တည်ဆောက်ခြင်း၊ တောရသမ ရွှေကျင်ဂိုဏ်းအစည်းအဝေးကြီးကို ရွှေဟင်္သာကျောင်းတိုက်တွင် လက်ခံကျင်းပခြင်း၊ အခမ်းအနားအသီးသီး၌ ဩဝါဒကထာ မြွက်ကြားခြင်း၊ မိမိကိုယ်တိုင်မတက်ရောက်နိုင်သော အခမ်းအနားများသို့ ဩဝါဒကထာများ ရေးသားပို့ပေးခြင်းတို့ဖြင့် သာသနာပြုတော်မူခဲ့ပါသည်။

ဘာသာရေးလုပ်ငန်း၊ သာသနာရေးလုပ်ငန်းများကို အားသွန်ကြိုးပမ်း ဆောင်ရွက်တော်မူခဲ့သည့် ရွှေဟင်္သာဆရာတော်ဘုရားကြီးသည် သက်တော် ၁၀၂ နှစ်၊ သိက္ခာတော် ၈၂ ဝါအရ ၁၉၉၅ ခုနှစ်၊ အောက်တိုဘာ ၉ ရက် (၁၃၅၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁ရက်) တနင်္လာနေ့၊ ညနေ ၄နာရီ ၅၅ မိနစ်တွင် သီတင်းသုံးတော်မူရာ စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာတိုက်သစ်အတွင်းတွင် ဘဝနတ်ထံပျံလွန်တော်မူ၍ အောက်တိုဘာလ ၁၅ ရက် (သီတင်းကျွတ်လပြည့်ကျော် ၇ ရက်) နေ့တွင် တေဇောဓာတ်ဖြင့် ပူဇော်ပြီး အောက်တိုဘာ ၁၇ ရက် (သီတင်းကျွတ်လပြည့်ကျော် ၉ ရက်) နေ့တွင် သရီရဓာတ်ပြာများကို ဧရာဝတီမြစ်အတွင်း၌ ရေချပူဇော်ခဲ့ကြပါသည်။

# ရွှေဟင်္သာဆရာတော်ဘုရားကြီး၏
# ထူးခြားသော ဘဝဖြစ်စဉ်ရက်စွဲများ

၁၈၉၃ (၁၂၅၅) ခုနှစ် ဒီဇင်ဘာလ၊ ၁၄ ရက် (ကြာသပတေးနေ့)၊ ည ၉ နာရီ ၃၀ မိနစ်တွင် ဧရာဝတီတိုင်း၊ လေးမျက်နှာမြို့၊ အလယ်ရပ်နေ ကုန်သည်ကြီး ဦးကျောက်စိမ်း၊ ဒေါ်ရွှေသော့တို့မှ ဖွားမြင်သည်။

၁၈၉၈ (၁၂၅၉) ခုနှစ် ရန်ကုန်၊ ကမာကဆစ် အနောက်ပိုင်းရှိ ဦးရန်ရှင်းကျောင်း၊ ကမာကဆစ် ဘုန်းကြီးကျောင်းတို့၌ သင်ပုန်းကြီးနှင့် ပရိတ်ကြီး အကုန်သင်ယူတတ်မြောက်ခဲ့သည်။

၁၉၀၀ (၁၂၆၁) ခုနှစ် ရန်ကုန်မြို့၊ ကျုံးကြီးလမ်းနှင့် စဉ့်အိုးတန်းလမ်းထိပ်ရှိ အေဘီအမ်ခရစ်ယာန်ယောက်ျားလေးကျောင်းတွင် ပထမတန်းမှစ၍ ပညာသင်ကြားခဲ့သည်။

၁၉၀၄ (၁၂၆၅) ခုနှစ် မိခင်ကွယ်လွန်ခဲ့ပြီး၊ လေးမျက်နှာမြို့၊ တာကြီးတန်း ဆရာဆင့်ကျောင်းမှ လေးတန်း အောင်မြင်ခဲ့သည်။

၁၉၀၅ (၁၂၆၆) ခုနှစ် အဟောဗေဒင်၊ လောကီသင်္ချာအတွက်နှင့် မကာရန္တဗေဒင် လက်ရိုးတို့ကို မိကျောင်းရဲကျောင်းတွင် (၂)နှစ် သင်ယူ တတ်မြောက်ခဲ့သည်။

၁၉၀၇ (၁၂၆၉) ခုနှစ် ပထမအကြိမ် ကိုရင် ဝတ်ခဲ့သည်။ မိကျောင်းရဲကျောင်းတိုက်ရှိ ဆရာတော် ဦးတိက္ခိန္ဒြိယထံတွင် နှစ်လကျော်မျှ သဒ္ဒါကြီး သင်ယူခဲ့သည်။

၁၉၀၉ (၁၂၇၁) ခုနှစ် ဒုတိယအကြိမ် ရှင်ပြန်ပြုသည်။ ထိုနှစ်တွင် ဖခင်ဖြစ်သူ ကွယ်လွန်ခဲ့သည်။ မော်လမြိုင်မြို့၊

မရမ်းကုန်း၊ ပြည်ကျောင်းဆရာတော်နှင့် ဦးဝါယမ တို့ထံတွင် ပရိယတ္တိစာပေ သင်ကြားခဲ့သည်။

၁၉၁၁ (၁၂၇၃) ခုနှစ် ရန်ကုန်မြို့၊ ဗဟန်းရပ် ကျောင်းတော်ရာ ရွှေကျင်တိုက်၊ ဘုံပျံကျောင်း၌ နေခဲ့သည်။

၁၉၁၂ (၁၂၇၄) ခုနှစ် ရွှေဟင်္သာတောရ သီရိမင်္ဂလာ မဟာရာမ ကျောင်းကို ရောက်ရှိခဲ့သည်။

၁၉၁၃ (၁၂၇၅) ခုနှစ် မိကျောင်းရဲဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်ရှိပါသည်။ ကျောင်းတော်ရာ ရွှေကျင်ဆရာတော်ကြီးကို ဥပဇ္ဈာယ်ပြု၍ သိက္ခာထပ်မင်္ဂလာကို ပြုလုပ်ခဲ့ပါသည်။

၁၉၁၄ (၁၂၇၆) ခုနှစ် ပထမငယ်တန်းကို အောင်မြင်ခဲ့သည်။

၁၉၁၅ (၁၂၇၇) ခုနှစ် ပထမလတ်တန်းကို အောင်မြင်ခဲ့သည်။

၁၉၁၆ (၁၂၇၈) ခုနှစ် စာပေသင်ယူရန် မန္တလေးသို့သွားရောက်ခဲ့သည်။

၁၉၁၇ (၁၂၇၉) ခုနှစ် မန္တလေး၌ ပုလိပ်ရောဂါ ဖြစ်ပွားသောကြောင့် ညောင်တုန်းသို့ ပြန်ကြွခဲ့သည်။ (မေ-ဇွန်) လတွင် မန္တလေးသို့ ပြန်လာခဲ့သည်။ ဝမ်းတွင်းမြို့ မြောက်ဘက်ရှိ ဒေါင်သူတောရဆရာတော်ထံတွင် ဆန်းကျမ်း သင်ယူခဲ့သည်။

၁၉၁၈ (၁၂၈၀) ခုနှစ် စာပေများကို စတင်ပို့ချခဲ့သည်။ စွယ်တော်ကျောင်းဘုန်းကြီးအဖြစ် ခန့်အပ်ခြင်းခံရသည်။ **အာစေရဝတ္ထုနာမ္ယို့** ကို ပြုစုခဲ့သည်။

၁၉၂၂ (၁၂၈၄) ခုနှစ် စစ်ကိုင်းတောင်ရိုးသို့ သွားရောက်ခဲ့သည်။ **ဟိတပဓနနိပါတတ္ထဒီပနီ** ကျမ်းကို ပြုစုခဲ့သည်။

၁၉၂၄ (၁၂၈၅) ခုနှစ် မိကျောင်းရဲကျောင်းကို လက်ခံခဲ့သည်။

၁၉၂၅ (၁၂၈၆) ခုနှစ် **မေတ္တာအဖွင့် လက်စွဲကျမ်း** စာအုပ်ကို အစအဆုံး တာဝန်ယူတည်းဖြတ်ပြီး နိဒါန်းအမှာစာ ရေးပေးသည်။ **ဥပုသ်သည် လက်စွဲကျမ်း၊ မဟာထေရုပတ္တိကထာနိဿျ၊ ဘုန်းတော်ဖွင့် ထေရုပ္ပတ္တိ** တို့ကို ပြုစုခဲ့သည်။

၁၉၂၆ (၁၂၈၈) ခုနှစ် ဘင်္ဂါလီရဟန်းတော်နှစ်ပါးအား အဘိဓမ္မတ္ထသင်္ဂဟနှင့် ဝိသုဒ္ဓိမဂ်အဋ္ဌကထာကျမ်းတို့ကို ပို့ချပေးခဲ့သည်။ မန္တလေးတိုင်း၊ အမရပူရမြို့ရှိ မင်္ဂလာတိုက်သို့ သွားရောက်၍ ပဋ္ဌာန်းစာချ ဆရာတော် ဦးဓမ္မသာရထံတွင် ပဋ္ဌာန်းသင်ရိုးကို သင်ကြားခဲ့သည်။

၁၉၂၇ (၁၂၈၉) ခုနှစ် ကိုရင်(၂)ပါး၊ ကျောင်းသားတစ်ယောက်နှင့် စစ်ကိုင်းတောင်ရိုးသို့ ထွက်လာခဲ့သည်။ 'ရွှေဟင်္သာချောင်' ကို စတင်တည်ထောင်ခဲ့သည်။ မဟာဂန္ဓာရုံဝိနည်းစာပြန်ပွဲနှင့် ဆက်စပ်သည့် တာဝန်အရပ်ရပ်ကို ဆောင်ရွက်ခဲ့သည်။

၁၉၂၈ (၁၂၉၀) ခုနှစ် **မြန်မာအလင်္ကာကျမ်း** ကျမ်းကို ရေးသားပြုစုခဲ့သည်။ မိကျောင်းရဲကျောင်းကို စာချုပ်စာတမ်းနှင့်တကွ ပြန်လည်ပေးအပ်ခဲ့သည်။

၁၉၃၁ (၁၂၉၃) ခုနှစ် **ပထမထွန်းခေါင် ဆရာတော်ဘုရားကြီးအကြောင်း** စာအုပ်ကို ရေးသားထုတ်ဝေခဲ့သည်။ မော်လမြိုင်ကျွန်းမြို့၊ ဘုရားကြီးကျောင်းတိုက်တွင် တစ်ဝါဆိုခဲ့သည်။

၁၉၃၂ (၁၂၉၄) ခုနှစ် ပဉ္စမအကြိမ် သာသနာတော်လုံးဆိုင်ရာ သံဃာ့အစည်းအဝေးကြီးသို့ စံကျောင်းဆရာတော်၏ ပစ္ဆာသမဏ (နောက်လိုက်ရဟန်း) အဖြစ် တက်ရောက်ခဲ့သည်။

၁၉၃၃ (၁၂၉၄) ခုနှစ် အဘိသုဒ္ဓါရုံဆရာတော်ကြီးထံတွင် ပါဠိအဋ္ဌကထာ၊ ဋီကာကျမ်းနှင့် သက္ကတဘာသာကို လေ့လာ သင်ယူခဲ့သည်။ **စာဏကျနီတိ (ပါဠိ-မြန်မာ)** ကျမ်းကို ပြုစုခဲ့သည်။

၁၉၃၆ (၁၂၉၈) ခုနှစ် ရွှေဟင်္သာတိုက်သစ်ကို စတင်တည်ထောင်သည်။

၁၉၃၉ (၁၃၀၁) ခုနှစ် ပါဠိ-မြန်မာအဘိဓာန် ပြုစုရေးတွင် ပါဝင်ခဲ့သည်။

၁၉၄၂ (၁၃၀၄) ခုနှစ် **မေတ္တသုတ်မြန်မာဋီကာ** အကြမ်း ရေးသား ပြီးစီးသည်။

၁၉၄၃ (၁၃၀၅) ခုနှစ် **ပဒေသာဆုံးမစာများ** ကို ရေးသားပြုစုခဲ့သည်။

၁၉၄၄ (၁၃၀၆) ခုနှစ် ရွှေဟင်္သာကျောင်းတွင် သံဃာတော်များ စတင် လက်ခံကာ စာပေပရိယတ္တိ သင်ကြားပေးသည်။

၁၉၄၅ (၁၃၀၇) ခုနှစ် ညောင်တုန်းသို့ကြွရင်း စစ်အတွင်းက ရေးသား ခဲ့သော မေတ္တသုတ် မြန်မာဋီကာနှင့် ဝိပဿနာ တရားစာမူနှစ်ခုကို ညောင်တုန်း စံကျောင်း ဆရာတော်နှင့် တိုက်အုပ်ဆရာတော်တို့ကို ဖတ်ရှု ပြင်ဆင်နိုင်ရန် ဆက်ကပ်ပြသခဲ့သည်။

၁၉၄၇ (၁၃၀၈) ခုနှစ် ရွှေကျင်ဂိုဏ်း၏ သတ္တမအကြိမ်မြောက် အစည်း အဝေးသို့ တက်ရောက်ခဲ့သည်။

၁၉၄၉ (၁၃၁၁) ခုနှစ် **ရှေ့သွားမင်္ဂလာ** ကို ရေးသားပြုစုခဲ့သည်။

၁၉၅၀ (၁၃၁၂) ခုနှစ် **မင်္ဂလသုတ်လက်စွဲကျမ်း** ကို ရေးသားပြုစုခဲ့ သည်။

၁၉၅၁ (၁၃၁၃) ခုနှစ် **ပရာဘဝသုတ် မြန်မာဋီကာ** ကို ရေးသားပြုစုခဲ့ သည်။

၁၉၅၂ (၁၃၁၃) ခုနှစ် ပဋိဝိသောဓကအဖွဲ့တွင် ပါဝင်ပြီး ဝိနယမဟာ ဝဂ္ဂပါဠိကို သုတ်သင်တည်းဖြတ်ခဲ့သည်။ အဋ္ဌမ အကြိမ် ရွှေကျင်နိကာယ သံဃာအစည်းအဝေး ကြီးတွင် စစ်ကိုင်း ညှိခံအဖွဲ့၏ ဒုတိယဥက္ကဋ္ဌ အဖြစ် ဆောင်ရွက်ခဲ့သည်။ ရွှေကျင်နိကာယ ကမ္မကာရက 'ဂိုဏ်းလုံးဝန်ဆောင်နာယက' အဖြစ် တင်မြှောက်ခြင်း ခံရသည်။

၁၉၅၄ (၁၃၁၆) ခုနှစ် **ညောင်တုန်းမြို့ ရွှေဟင်္သာတောရသမိုင်း** စာအုပ် ကို ရေးသားပြုစုခဲ့သည်။ ဆဋ္ဌသင်္ဂါယနာပွဲကြီး ၏ ပထမသန္နိပါတသင်္ဂီတိကာရက ၂၅၀၀တွင် ရွှေဟင်္သာဆရာတော်သည် တစ်ပါးအပါအဝင် တက်ရောက်ခဲ့သည်။

၁၉၅၅ (၁၃၁၆) ခုနှစ် **ဂရုဓမ္မဝတ္ထု** ကို ရေးသားပြုစုခဲ့သည်။

၁၉၅၆ (၁၃၁၈) ခုနှစ် ပဥ္စမသန္နိပါတပွဲသို့ ကြွရောက်ပြီး မြန်မာပြန်ပဋိဝိသောဓကအဖြစ် ဆောင်ရွက်ခဲ့သည်။ ရှမ်းပြည်တောင်ပိုင်း၊ ညောင်ရွှေမြို့၌ သာသနာတော် ၂၅၀၀ ပြည့်ပွဲတော်၊ ၂၅ နှစ်မြောက် ညောင်ရွှေစာပြန်ပွဲ၊ ဖောင်တော်ဦးကျောင်းတော်ကြီး တင်လှူပွဲ ကြွရောက်ခဲ့သည်။ **ညောင်ရွှေခရီးသွားမှတ်တမ်း** စာအုပ်ကို ပြုစုခဲ့သည်။

၁၉၅၇ (၁၃၁၈) ခုနှစ် နဝမအကြိမ်မြောက် ရွှေကျင်ဂိုဏ်းအစည်းအဝေးသို့ ဂိုဏ်းလုံးဝန်ဆောင်နာယကဆရာတော်တစ်ပါးအဖြစ် တက်ရောက်ခဲ့သည်။

၁၉၅၈ (၁၃၂၀) ခုနှစ် စစ်ကိုင်းတိုင်း၊ ဝက်လက်မြို့နယ်၊ သပြေသာရွာ၊ ရွှေဟင်္သာကျောင်းကို တိုးချဲ့ပြုပြင်ခဲ့သည်။

၁၉၆၀ (၁၃၂၂) ခုနှစ် 'အဂ္ဂမဟာပဏ္ဍိတ' ဘွဲ့ကို ရရှိခဲ့သည်။ **ဝိနယမဟာဝဂ္ဂပါဠိတော် မြန်မာပြန်** စာအုပ်ကို ပြုစုခဲ့သည်။

၁၉၆၂ (၁၃၂၄) ခုနှစ် ကျောင်းတိုက်ဦးစီးများ တင်မြှောက်သည့် အခမ်းအနားကို ရွှေဟင်္သာတိုက်သစ်၌ ကျင်းပပြုလုပ်ခဲ့သည်။

၁၉၆၃ (၁၃၂၅) ခုနှစ် ဒသမအကြိမ် ရွှေကျင်ဂိုဏ်း အစည်းအဝေးသို့ ဂိုဏ်းလုံးဝန်ဆောင်နာယကအဖြစ် တက်ရောက်ခဲ့သည်။ **ရွှေကျင်နိကာယသာသနာဝင်အကျယ်နှင့် အလုံမြို့ဥပဒေ၊ မိုးကောင်းတိုက်ဥပဒေ၊ သီလဝိသောဓနီ၊ ဝဋ္ဋနာဒီပနီ** ကို ရေးသားပြုစုခဲ့သည်။

၁၉၆၄ (၁၃၂၆) ခုနှစ် **ယုဝေါဝါဒဆုံးမစာ** ကို ရေးသားပြုစုခဲ့သည်။

၁၉၆၅ (၁၃၂၆) ခုနှစ် **ရွှေကျင်နိကာယသာသနာဝင်အကျဉ်းနှင့် ရွှေကျင်ဆရာတော်ဘုရားကြီး၏ သြဝါဒကထာများ** ကို ရေးသားပြုစုခဲ့သည်။

၁၉၆၈ (၁၃၃၀) ခုနှစ် **ဒိဋ္ဌေ ဒိဋ္ဌမတ္တံတရားစာ** ကိုရေးသားပြုစုခဲ့သည်။

၁၉၆၉ (၁၃၃၁) ခုနှစ် ပြင်ဦးလွင်မြို့၊ နန်းမြင့်လမ်းရှိ ရွှေဟင်္သာကျောင်းတိုက်ကို တည်ထောင်ခဲ့သည်။

၁၉၇၁ (၁၃၃၂) ခုနှစ် **ကာယာနုပဿနာကျမ်း၊ ညောင်တုန်းမြို့၊ ရွှေဟင်္သာတောရ စံကျောင်းဆရာတော်ဘုရား၏ ကျမ်းစာများ** ကို ရေးသားပြုစုခဲ့သည်။

၁၉၇၃ (၁၃၃၄) ခုနှစ် **သာသနာရေးတရားတော်၊ အမတဂါမိနီတရားတော်၊ ဩဝါဒကထာများ** ကို ရေးသားပြုစုခဲ့သည်။

၁၉၇၄ (၁၃၃၆) ခုနှစ် **ဝေဒနာနုပဿနာ၊ ခန္ဓသုတ်မြန်မာဋီကာ** တို့ကို ရေးသားပြုစုခဲ့သည်။

၁၉၇၅ (၁၃၃၇) ခုနှစ် ဧကာဒသမအကြိမ်၊ ရွှေကျင်ဂိုဏ်းလုံးကျွတ် အစည်းအဝေးပွဲကြီး၏ ပထမနေ့တွင် ဩဝါဒ စကားမိန့်ကြားတော်မူခဲ့သည်။ 'ရွှေကျင်နိကာယဉပဥက္ကဋ္ဌ မဟာနာယက (တွဲဖက်ရွှေကျင်သာသနာပိုင်)' အဖြစ် ရွေးချယ်တင်မြှောက်ခြင်း ခံရသည်။

၁၉၇၆ (၁၃၃၇) ခုနှစ် 'ရွှေဟင်္သာဝံသ သံဃမဟာနာယကာဓိပတိ' ဟူသော ဘွဲ့တံဆိပ်ကို ရရှိခဲ့သည်။ **ညောင်တုန်းမြို့၏ ထင်ရှားကျော်ကြားခြင်း နှစ်ရပ်** စာအုပ်ကို ရေးသားပြုစုခဲ့သည်။

၁၉၇၇ (၁၃၃၈) ခုနှစ် ရွှေကျင်ဆရာတော်ကြီး ဖွားမြင်ရာ ရွှေကျင်ရွာတွင် ဝိဇာယနအထိမ်းအမှတ် ရွှေကျင်ဗိမာန်တော်ကြီးကို ဦးစီးတည်ဆောက်ခဲ့သည်။ပဌမ **ရွှေကျင်ဆရာတော်ဘုရားကြီး၏ အထိမ်းအမှတ် ဗိမာန်တော်သမိုင်း** စာအုပ်ကို ရေးသားပြုစုခဲ့သည်။

၁၉၇၈ (၁၃၄၀) ခုနှစ် ရွှေဟင်္သာကျောင်းတိုက်များအားလုံးကို ညောင်တုန်း၊ ရွှေဟင်္သာတောရကျောင်းတိုက်သို့

ထိန်းသိမ်းစောင့်ရှောက်ရန် စာချုပ်စာတမ်းဖြင့် လွှဲအပ်ခဲ့သည်။ ရွှေဟင်္သာဆရာတော်ကြီး၏ 'သဇိဝရုပ်ပုံတော်' ကို အခမ်းအနားဖြင့် ဖွင့်လှစ်ပူဇော်ပွဲ ကျင်းပခဲ့သည်။ **ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိအကျဉ်း** စာအုပ်ကို ရေးသားပြုစုခဲ့သည်။

၁၉၇၉ (၁၃၄၀) ခုနှစ် 'အဘိဓဇမဟာရဋ္ဌဂုရု' ဘွဲ့ကို ရရှိခဲ့သည်။

၁၉၈၀ (၁၃၄၂) ခုနှစ် ဒွါဒသမအကြိမ်မြောက် ရွှေကျင်ဂိုဏ်းလုံးကျွတ်အစည်းအဝေးပွဲကြီးတွင် သဘာပတိအဖြစ် ဆောင်ရွက်ပြီး ဩဝါဒစကား မိန့်ကြားတော်မူခဲ့သည်။ ရန်ကုန်မြို့၊ ကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူကြီးတွင် ကျင်းပသော သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေး ပထမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာအစည်းအဝေးကြီးတွင် ဩဝါဒကထာ မြွက်ကြားတော်မူခဲ့သည်။ ပထမအကြိမ် နိုင်ငံတော်ဩဝါဒါစရိယ ဘွဲ့တံဆိပ်တော် ရရှိခဲ့သည်။

၁၉၈၁ (၁၃၄၃) ခုနှစ် ကမ္ဘာအေး၊ မဟာပါသာဏလိုဏ်ဂူတွင် ကျင်းပပြုလုပ်သော ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီး၌ အမွေ ၁၂ မျိုးနှင့် ပတ်သက်၍ မြတ်စွာဘုရား၏ ဓမ္မဒါယာဒသုတ်ကို အခြေခံ၍ ဟောကြားတော်မူခဲ့သည်။

၁၉၈၂ (၁၃၄၃) ခုနှစ် **စိတ္တာနုပဿနာကျမ်း** ကို ရေးသားပြုစုခဲ့သည်။

၁၉၈၄ (၁၃၄၆) ခုနှစ် **ဓမ္မာနုပဿနာသတိပဋ္ဌာန်တရားတော်** ကို ရေးသားပြုစုခဲ့သည်။ ဗုဒ္ဓဂယာ သံဝေဇနိယလေးဌာနကို ဘုရားဖူးကြွတော်မူခဲ့သည်။ ဗုဒ္ဓဂယာ ဘုရားဖူးခရီးသွားမှတ်တမ်း၊ ၁၃၄၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၇)ရက်နေ့၌ အိန္ဒိယနိုင်ငံ မဟာဗောဓိသို့ အပူဇော်ခံ ကြွတော်

**မှုစဉ် ထိုထိုရောက်ရာ ပူဇနိယဌာနတို့၌ ကိုယ်တိုင်ရေး၍ ရှိခိုးပူဇော်အပ်သော ဘုရားရှိခိုးဂါထာတော်များ** ကို ရေးသား ပြုစုခဲ့သည်။

၁၉၈၆ (၁၃၄၈) ခုနှစ် စစ်ကိုင်းတောင်ရိုး ပဌာန်းသိပ္ပံတိုက်ကျောင်း၌ သိမ်သမုတ်တော်မူခဲ့သည်။

၁၉၈၇ (၁၃၄၈) ခုနှစ် မအူပင်မြို့ ဓမ္မာရုံကျောင်းတိုက်မှ တိုက်အုပ်ဆရာတော် ဦးအနုမိဝရ၏ ဖွားမြင်ရာ ဇာတိဘုရားကုန်းရွာသို့ သိမ်သမုတ် ကြွတော်မူသည်။ ဘန်ကောက်မြို့သို့ ဘုရားဖူး ကြွတော်မူသည်။ **၁၃၄၈ ခုနှစ် ခရီးသွားမှတ်တမ်း** ကို ရေးသား ပြုစုခဲ့သည်။

၁၉၈၈ (၁၃၄၉) ခုနှစ် လေးမျက်နှာမြို့သို့ ကြွရောက်ခဲ့သည်။ **လေးမျက်နှာမြို့သို့သွားသော ခရီးသွားမှတ်တမ်း** ကို ရေးသားပြုစုခဲ့သည်။

၁၉၈၉ (၁၃၅၁) ခုနှစ် ဂိုဏ်းလုံးဝန်ဆောင် နာယကအဖွဲ့ အစည်းအဝေးကို စစ်ကိုင်းမြို့၊ ရွှေဟင်္သာတိုက်သစ်၌ တာဝန်ယူကျင်းပခဲ့သည်။ ဒွါဒသမမြောက် 'ရွှေကျင်နိကာယဥက္ကဋ္ဌ မဟာနာယက ဓမ္မသေနာပတိ ဒွါဒသမ ရွှေကျင်သာသနာပိုင်' အဖြစ် တင်မြှောက်ခြင်းခံရသည်။

၁၉၉၀ (၁၃၅၁) ခုနှစ် ဗန်ကောက်၊ စင်ကာပူ၊ မလေးရှား၊ ပီနန်သို့ ခရီးရှည်ကြွခဲ့သည်။ **စင်ကာပူခရီးသွားမှတ်တမ်း** စာအုပ်ကို ရေးသားပြုစုခဲ့သည်။ ဒုတိယအကြိမ် 'နိုင်ငံတော် သြဝါဒါစရိယ' ဘွဲ့တံဆိပ်တော် ရရှိခဲ့သည်။ ရွှေဟင်္သာဆရာတော်ဘုရားကြီးနှင့် ပိုက်ကျုံးဆရာတော်ကြီးနှစ်ပါးသည် ရွှေကျင်ဂိုဏ်းသား သံဃာတော်များကို နိုင်ငံရေးတွင် ပါဝင်ခြင်းမပြုရန် လက်မှတ်ထိုး၍ ညွှန်ကြားချက်သြဝါဒ ထုတ်ပြန်တော်မူခဲ့သည်။

၁၉၉၂ (၁၃၅၃) ခုနှစ် တောရသမအကြိမ် ရွှေကျင်ဂိုဏ်းလုံးကျွတ် အစည်းအဝေးပွဲကြီးကို စစ်ကိုင်းတောင်ရိုး၊ ရွှေဟင်္သာတိုက်သစ်ကျောင်းတိုက်၌ ကျင်းပခဲ့သည်။ စင်ကာပူ၊ အမေရိကန် နိုင်ငံများသို့ နောက်ဆုံးခရီး ကြွတော်မူခဲ့ပြီး **အမေရိကန် ခရီးသွားမှတ်တမ်း** စာအုပ်ကို ရေးသား ပြုစုခဲ့သည်။ ရွှေကျင်နိကာယသာသနာဝင် ဗိမာန်တော်ကြီး တည်ဆောက်ရန် အုတ်မြစ်ချ မင်္ဂလာ အခမ်းအနားတွင် အုတ်မြစ်ချခဲ့သည်။ ၁၉ (အေ)၊ သုခဝတီလမ်း၊ ရန်ကင်းရှိ အိမ်နှင့်မြေကို စံကျောင်းအဖြစ် ရွှေဟင်္သာဆရာတော်ကြီး လက်ခံခဲ့ပါသည်။

၁၉၉၃ (၁၃၅၄) ခုနှစ် 'အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက' ဟူသော အမြင့်ဆုံးဘွဲ့တံဆိပ်တော်ကို အလှူခံ ရရှိတော်မူခဲ့သည်။ ရန်ကုန်မြို့၊ ဗဟန်း၊ ရေတာရှည်လမ်းသစ်၊ သီရိမင်္ဂလစံကျောင်းတိုက် သာသနဝိပုလကာရီ သိမ်တော်ကြီးကို သိမ်သမုတ်တော်မူသည်။ ပဲခူးကျောင်းတိုက်အတွင်းရှိ သီလဝိသောဓနီသိမ်ကျောင်း သိမ်သမုတ်တော်မူခဲ့ပါသည်။

၁၉၉၃ (၁၃၅၅) ခုနှစ် ကာယာနုပဿနာကမ္မဋ္ဌာန်း၊ ဝေဒနာနုပဿနာကမ္မဋ္ဌာန်း၊ စိတ္တာနုပဿနာကမ္မဋ္ဌာန်း၊ ဓမ္မာနုပဿနာကမ္မဋ္ဌာန်းတို့ကို ပေါင်းစု၍ **မဟာသတိပဋ္ဌာန်တရားတော်** စာအုပ်ကို ထုတ်ဝေခဲ့သည်။

၁၉၉၄ (၁၃၅၅) ခုနှစ် ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ သုခဝတီလမ်း၊ စစ်ကိုင်း ရွှေဟင်္သာစံကျောင်း အတွင်း၌ မဟာဝိဇယသိမ်ကျောင်းကို ရွှေဟင်္သာဆရာတော်ဘုရားကြီးကိုယ်တိုင် သိမ်သမုတ်တော်မူသည်။

၁၉၉၅ (၁၃၅၇) ခုနှစ် ရွှေကျင်ရွာ ရွှေကျင်ဗိမာန် ပရိယတ္တိစာသင်တိုက်၌ သိမ်ကျောင်းနှင့် ဆွမ်းစားကျောင်းကို တည်ဆောက်ခဲ့သည်။ အောက်တိုဘာလ၊ ၉ ရက်၊ တနင်္လာနေ့၊ ညနေ ၄ နာရီ ၅၅ မိနစ်တွင် ရွှေဟင်္သာဆရာတော်ဘုရားကြီးသည် ဘဝနတ်ထံပျံလွန်တော်မူသည်။

## ရွှေဟသ်ာဆရာတော်
## ရေးသားခဲ့သော ဆောင်းပါးများ

၁။ 'ကောင်းကင်ပျံပုဂ္ဂိုလ်ရှိသလား'။ **သင့်ဘဝအောင်မြင်ရေး၊** တွဲ ၂၂၊ မှတ် ၂ (စက် ၁၉၇၄) စာ ၃၇-၄၀။

သီးလုံးဆရာတော်နှင့် အရှင်ခေမာတို့အကြောင်းကို သိရှိကြည်ညိုကြပြီး မဂ်ဖိုလ်၊ နိဗ္ဗာန်တည်းဟူသော လောကုတ္တရာရတနာတို့ကိုရရှိ၍ ခန္ဓာအိမ်၊ ဒုက္ခအိမ်တို့ ရရှိခြင်းမှ လွတ်မြောက်ရန် စိတ်အေးချမ်းသာစွာဖြင့် တရားတော်၌ မွေ့လျော်ကျင့်ကြံအားထုတ်နိုင်ကြပါစေဟု ရေးသားထားပါသည်။

၂။ 'ကမ္ပည်းကျောက်စာ'၊ **ရွှေဟသ်ာတိုက်သစ်ကျောင်းတိုက် နှစ် (၅၀) မြောက်ရွှေရတုစာစောင်။** စာ ၁၁၄-၁၁၆။

ရွှေဟသ်ာဆရာတော်၏ အတ္ထုပ္ပတ္တိအကျဉ်း၊ ရွှေဟသ်ာတိုက်သစ်ကျောင်းတိုက် စတင်တည်ထောင်ခဲ့ပုံ၊ ဆရာတော်ရရှိခဲ့သော ဘွဲ့တံဆိပ်တော်များ၊ ရွှေဟသ်ာဆရာတော်၏ ဩဝါဒကိုခံယူ၍ အဆက်ဆက် ဆောင်ရွက်ခဲ့သော တပည့်ကြီးများ၊ ကျောင်းတိုက်အတွင်း နေထိုင်ကြသော သံဃာတော်များ ကပ္ပိယများနှင့် ကျောင်းတိုက်တွင်းရှိ အဆောက်အဦး အရေအတွက်တို့ကို အနာဂတ်ခေတ်၌ သုတ လိုလားကြကုန်သော ရဟန်းရှင်လူတို့ ကြည်ညိုနိုင်ကြစေရန် ကမ္ပည်းကျောက်စာကို ၁၉၈၄ ခုနှစ်က ရေးထိုးခဲ့ခြင်း ဖြစ်ကြောင်းကို ရေးသားထားပါသည်။

၃။ 'စစ်ကိုင်းတောင်ရိုးပေါ်မှာ ဇရာဝတီ မြစ်ရေစီးလိမ့်မယ်'။ **သင့်ဘဝအောင်မြင်ရေး၊** တွဲ ၂၉၊ မှတ် ၇ (မေ ၁၉၈၂) စာ ၁၁-၁၂။

ငါးဆူဆရာတော် ရဟန်းလေးဝါတွင် ငွေသံကြားချောင်ဘုန်းတော်ကြီးက ''ဦးပဥ္စဇင်းတို့ နောင်အနှစ် တစ်ရာခန့်ရှိသောအခါ စစ်ကိုင်းတောင်ပေါ်မှ ဧရာဝတီမြစ်ရေ စီးလိမ့်မယ်'' ဟုမိန့်ကြားခဲ့ကြောင်း၊ ယခုအချိန်တွင် သရက်ပင်ဆိပ်ရေစက်အသင်း၊ သဒ္ဓမ္မသီတဂူ ဆရာတော် အရှင်ဉာဏိဿရဦးဆောင်၍ ဧရာဝတီမြစ်ရေကို နှစ်လက်မ ပိုက်များဖြင့် စစ်ကိုင်းတောင်ရိုးရှိ ချောင်တိုင်း၊ ကျောင်းတိုင်းသို့ ရောက်ရှိစီးဆင်းနေကြောင်း ရေးသားထားပါသည်။

၄။ 'စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာဆရာတော်ဘုရားကြီး၏ တရားသုံးပါး'။ **ဓမ္မရံပိစုံ**၊ မှတ် ၂ (ဖေ ၁၉၉၂) စာ ၁၀-၁၁။

ရွှေဟင်္သာဆရာတော်ကြီး၏ အိုခြင်း၊ နာခြင်း၊ သေခြင်း တရားသုံးပါး ဆောင်ပုဒ်ကို ဖော်ပြထားခြင်း ဖြစ်ပါသည်။

၅။ 'စိတ္တာနုပဿနာကျမ်း'။ **အပ္ပမာဒ**၊ တွဲ ၃၊ မှတ် ၈ (ဩ ၂၀၀၂) စာ ၂၈-၃၁။

''- - -''။ **အပ္ပမာဒ**၊ တွဲ ၃၊ မှတ် ၉ (စက် ၂၀၀၂) စာ ၈-၁၃

စက်တင်ဘာလက ဖော်ပြခဲ့သော စိတ္တာနုပဿနာကျမ်းကို ဆက်လက် ရေးသားဖော်ပြထားပါသည်။

''- - -''။ **အပ္ပမာဒ**၊ တွဲ ၃၊ မှတ် ၁၀ (အောက် ၂၀၀၂) စာ ၁၄-၁၉။

''- - -''။ **အပ္ပမာဒ**၊ တွဲ ၃၊ မှတ် ၁၁ (နို ၂၀၀၂) စာ ၁၃-၁၈။

''- - -''။ **အပ္ပမာဒ**၊ တွဲ ၃၊ မှတ် ၁၂ (ဒီ ၂၀၀၂) စာ . . .။

စိတ္တာနုပဿနာ ဟူသည်မှာ စိတ်ကို အလစ်မပေးဘဲ အဖန်ဖန်အထပ်ထပ် အစဉ်မပြတ် ထိန်းသိမ်းစောင့်ကြည့်ခြင်းပင်ဖြစ်ပါသည်။ စိတ်၏လျှင်မြန်စွာ သွားရောက်နိုင်ပုံ၊ စိတ်

ကို နှိပ်ကွပ်ဆုံးမရန်ခက်ခဲပုံ၊ စိတ်သည် လျင်မြန်စွာ ဖြစ်ပေါ် တတ်၍ လျင်မြန်စွာချုပ်ပျောက်တတ်ပုံ၊ စိတ်၏ဆန်းကြယ်ပုံ၊ စိတ်သည် အာရုံမရွေး၊ ဌာနမရွေး၊ ဒေသမရွေး ကောင်းသည် မကောင်းသည်မရွေး ကျင်လည်ကျက်စားတတ်ပုံ၊ စိတ်သည် သင့်မသင့် မျိုးရိုးဇာတ်ကိုလည်း မကြည့်တတ်၊ မျိုးရိုးသိက္ခာ ကိုလည်း ငဲ့ကွက်ခြင်းမရှိ၊ မိမိ၏ အသက်အရွယ်ကိုလည်း မထောက်ထားဘဲ မကောင်းမှု၌မွေ့ပျော်တတ်ပုံ စသည်တို့ကို ပြည့်စုံစွာ ဖော်ပြထား၍ ထိုစိတ်ကို အလစ်မပေးဘဲ အဖန်ဖန် အထပ်ထပ် အစဉ်မပြတ် ထိန်းကျောင်းတတ်စေရန် ပုံ၊ ဝတ္ထု၊ ဥပမာ၊ သာဓက စုံလင်စွာဖြင့် ရေးသားထားပါသည်။

၆။ "၁၃၅၄ ခုနှစ်၊ တပေါင်းလဆန်း ၉ရက်နေ့ ညနေက ညောင်တုန်းမြို့ ရွှေဟင်္သာတောရကျောင်းတိုက်၌ သံဃာတော်များနှင့် ဒကာ၊ ဒကာမများအား စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာ တိုက်သစ် ရွှေဟင်္သာဆရာတော်ကြီး မြွက်ကြားတော်မူသော ဩဝါဒကထာ"။ **ရွှေဟင်္သာဆရာတော်ဘုရားကြီး အရှင် ပဏ္ဍိတထေရ်၏ သက်တော်ရာပြည့်ပူဇော်ပွဲ စာစောင်၊** ၁၉၉၃၊ စာ ၃၀-၃၁။

ညောင်တုန်းမြို့ ရွှေဟင်္သာတောရကျောင်းတိုက် သာသန ဒီပကျောင်း၌ ၁၃၅၄ ခုနှစ်၊ တပေါင်းလဆန်း ၉ ရက် အင်္ဂါနေ့ည ၇ နာရီ ၁၀ မိနစ်အချိန်တွင် တိုက်အုပ် တိုက်ကြပ်အမှူးရှိသော သံဃာ ပရိသတ်နှင့် သာသနပါလ အသင်း၊ ဝေပဒေသာပင်အသင်းနှင့် ကျောင်းတိုက် ဒကာ၊ ဒကာမများအား စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာဆရာတော် ဘုရားကြီး မိန့်ကြားအပ်သော ဩဝါဒကထာကို ဦးတိုးစိန်က မှတ်တမ်းတင်ထားခြင်း ဖြစ်ပါသည်။

၇။ "၁၃၅၄ ခုနှစ်၊ တပေါင်းလဆန်း ၁၂ ရက်နေ့က ညောင်တုန်းမြို့၊ ရွှေဟင်္သာတောရကျောင်းတိုက်၌ကျင်းပသော သက်တော်

၁၀၀ အကြိုပူဇော်ပွဲ၌ ရွှေဟင်္သာဆရာတော်ဘုရားကြီး မြွက်ကြားတော်မူသော ဩဝါဒကထာ'။ **ရွှေဟင်္သာ ဆရာတော်ဘုရားကြီး အရှင်ပဏ္ဍိတထေရ်၏ သက်တော် ရာပြည့် ပူဇော်ပွဲစာစောင်၊** ၁၉၉၃၊ စာ ၆၁ - ၆၂။

ညောင်တုန်းမြို့ ရွှေဟင်္သာတောရကျောင်း မိုးကုတ် ဓမ္မာရုံကြီးတွင် ၁၃၅၄ ခုနှစ်၊ တပေါင်းလဆန်း ၁၂ ရက်နေ့က ကျင်းပသော ရွှေကျင်နိကာယသာသနာပိုင် စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာဆရာတော်ဘုရားကြီး၏ သက်တော် ၁၀၀ ပြည့် အကြိုပူဇော်ပွဲ၌ ဆရာတော်ကြီး မိန့်တော်မူသော ဩဝါဒ ကထာကို ဦးတိုးစိန်က မှတ်တမ်းတင်ထားခြင်း ဖြစ်ပါသည်။

၈။ 'ဓုရဝန်ဆောင် စစ်ကိုင်းတောင်'၊ **သီတဂူမော်ကွန်းတင်ငါးနှစ်ခရီး။** (ဖေ ၁၉၉၆) စာ ၂၃၆ - ၂၄၁။

မြန်မာပြည်ထက်အောက်တွင် ရဟန်း၊ ရှင်၊ လူ၊ ယောဂီ တပသီတို့ ကမ္မဋ္ဌာန်းဘာဝနာ မွေ့လျော်ရာ တောရဋ္ဌာန များတွင် စစ်ကိုင်းတောင်ဟူသော တောရဋ္ဌာနသည် ထင်ရှားသော တောရဋ္ဌာနတစ်ခု ဖြစ်ကြောင်း၊ စစ်ကိုင်း တောင်ရိုးနှင့် ပတ်ဝန်းကျင်တွင် ဓာတ်တော်၊ မွေတော်၊ စွယ်တော်တို့ကို ဌာပနာထည့်သွင်းပူဇော်ထားသော စေတီ တော်များ၊ ရုပ်ပွားတော်များနှင့် ပရက္ကမရေငုံ၊ အရိယာဝံသ၊ ပဘာချောင်၊ ရှင်တိသာသနဓဇ၊ ဥမင်သုံးဆယ်ချောင်၊ တိလောကဂုရု၊ တောင်ဖီလာ၊ ဆီးတောရွှေကျောင်း၊ ကြက် သွန်ခင်း၊ ကြာနီကန်၊ ဗောဓိမဏ္ဍိုင်၊ ထွင့်ခေါင်၊ ငှက်ပျောသီး ဖီးလုံးရ၊ မဟာဂန္ဓာရုံဆရာတော်တို့ သီတင်းသုံးတော်မူခဲ့ သောကြောင့် ယနေ့တိုင် ထင်ရှားသော စစ်ကိုင်းတောင်ကြီး ဖြစ်ကြောင်းကို ရေးသားထားပါသည်။

၉။ 'ပရာဘဝသုတ်၊ မြန်မာဋီကာ' '- - -'။ **အပွမာဒ၊** တွဲ ၂၊ မှတ် ၈ (ဩ ၂၀၀၁) စာ ၈-၁၀။

"- - -"။ **အပ္ပမာဒ၊** တွဲ ၂၊ မှတ် ၉ (စက် ၂၀၀၁) စာ ၈-၁၂။
ဩဂုတ်လက ဖော်ပြခဲ့သော ပရာဘဝ သုတ္တန် မြန်မာဋီကာကို ဆက်လက်ရေးသားခြင်း ဖြစ်သည်။

"- - -"။ **အပ္ပမာဒ၊** တွဲ ၂၊ မှတ် ၁၀ (အောက် ၂၀၀၁) စာ ၈-၁၂။

"- - -"။ **အပ္ပမာဒ၊** တွဲ ၂၊ မှတ် ၁၁ (နို ၂၀၀၁) စာ . . .။

"- - -"။ **အပ္ပမာဒ၊** တွဲ ၂၊ မှတ် ၁၂ (ဒီ ၂၀၀၁) စာ ၈-၁၀။

"- - -"။ **အပ္ပမာဒ၊** တွဲ ၃၊ မှတ် ၁ (ဇန် ၂၀၀၂) စာ . . .။

"- - -"။ **အပ္ပမာဒ၊** တွဲ ၃၊ မှတ် ၂ (ဖေ ၂၀၀၂) စာ ၈-၁၄။
ပရာဘဝ ဟူသည် ပျက်စီးခြင်းဟု အနက်ရသည်။ ထို့ကြောင့် ပရာဘဝသုတ်၌ ဟောကြားထားသည့် တရားအများစုမှာ လောကီ၊ လောကုတ္တရာ အကျိုး စီးပွားများကို ပျက်စီးစေသော အကြောင်းများ၊ အကျင့်များ၊ လုပ်ဆောင်ချက်များ ဖြစ်သည်။ ဤတရားများမှာ နိကာယ်ငါးရပ်အနက် နောက်ဆုံးဖြစ်သည်။ ကြီးပွားချမ်းသာလိုကြသော လူတို့သည် ကြီးပွားရာကြီးပွားကြောင်းတို့ကိုသာလျှင် မကြည့်ဘဲ ကြီးပွားရာ ကြီးပွားကြောင်း၏ ဆန့်ကျင်ဘက် ပျက်စီး ဆုတ်ယုတ်ကြောင်းတို့ကိုလည်း ကြည့်ရှုသင့်ကြောင်း၊ ပျက်စီးကြောင်းကို တွေ့မြင် သိရှိပြီးနောက် ပျက်စီးကြောင်း လမ်းကြောင်းနောက်သို့ မလိုက်ပါဘဲ ကြီးပွားရာကြီးပွားကြောင်းဘက်သို့ မှန်ကန်စွာ လိုက်ပါကြပါလျှင် ကြီးပွားချမ်းသာသောသူအဖြစ်သို့ ရောက်နိုင်ပါကြောင်း၊ တရားမှန်လမ်းမှန် မလိုလားဘဲ ဒုစရိုက်များကိုသာ ပြုလုပ်သောသူသည် ပျက်စီးဆုတ်ယုတ်တတ်ကြောင်း၊ အအိပ်များသောသူသည် ရောဂါထူပြော၍ ကြီးပွား ဆုတ်ယုတ်တတ်ကြောင်း၊

ပွဲလမ်းသဘင် လိုက်စားပျော်ပါးလျှင် ပျက်စီးတတ်ကြောင်း စသည်ဖြင့် အကြောင်း တစ်ဆယ့်နှစ်ပါးကို စိတ်ဝင်စားဖွယ် ဖြစ်အောင် ရေးသားဖော်ပြထားသည်ကို တွေ့ရှိရသည်။

၁၀။ 'မူလပဓာနသာသနာ'၊ **ဇောတိကာရုံပါဠိတက္ကသိုလ် ရွှေရတု မဂ္ဂဇင်း၊** ၁၉၈၉၊ စာ ၄၃။

သာသနာတော်၏ မူလအရင်းအမြစ် ဖြစ်သော ပရိယတ္တိ စာသင်တိုက်ကို တည်ထောင်သော ဆရာတော်များ သံဃာ တော်များ ကျန်းမာ၊ ချမ်းသာစွာဖြင့် သာသနာတော် အဓွန့်ရှည်အောင် ဆောင်ရွက်တော်မူကြသည်ကို ဂုဏ်ပြု သောအားဖြင့် ဇောတိကာရုံ ပါဠိတက္ကသိုလ်ကျောင်းတိုက် (ပြည်မြို့) စိန်ရတု ရာပြည့်ရာကျော်ငါးထောင်တိုင် အဓွန့် ရှည်စွာတည်၍ ဇောတိကာရုံ ဆရာတော်နှင့် စာချများသည် ဘုရားရှင်၏ ပရိယတ္တိသာသနာတော်ကို ဆောင်ရွက်နိုင်ကြ ပါစေဟု မေတ္တာပွားများကြောင်း ရေးသားထားပါသည်။

၁၁။ 'ရွှေဟသ်ာဆရာတော်ဘုရားကြီး၏ ဩဝါဒ ၄ ပုဒ်'။ **မြတ်မင်္ဂလာ၊** တွဲ ၁၄၊ မှတ် ၇ (ဇန် ၂၀၀၉) စာ ၄-၅။

ရွှေဟသ်ာဆရာတော်ကြီး၏ **အများအကျိုး ရွက် သယ်ပိုး၊ ပျက်လျှင်ကား ပြင်၊ တံမြက်လှည်းက စိတ်ကြည်ရ** နှင့် **အေးချိုဆိမ့်ဖန်** ဟူသော ဩဝါဒ (၄)ပုဒ်ကို ဖော်ပြ ထားပါသည်။

၁၂။ 'ရွှေဟသ်ာဆရာတော်၏ အာသီသနာ'၊ **ရွှေဟသ်ာတိုက်သစ် နှစ်(၅၀) မြောက် ရွှေရတုစာစောင်၊** စာ ၁-၃။

ဂေါတမနွယ်ဖွား မြတ်စွာဘုရား၏ တပည့်သား၊ သမီး တို့သည် ယခုဘဝ၊ နောက်ဘဝ နှစ်ဌာနတို့၌ ချမ်းသာခြင်း ကို အလိုရှိကြကုန်သော် ဘုရားဂုဏ်တော်၊ တရားဂုဏ်တော် တို့ကို နေ့စဉ်ပွားများဆင်ခြင်သောအားဖြင့် ပကတိအိပ်ပျော် ခြင်းမှလည်းကောင်း ကိလေသာတည်းဟူသော အိပ်ပျော်

ခြင်းမှလည်းကောင်း ချမ်းသာစွာ နိုးကြားကြပါစေသတည်း ဟူ၍ ရေးသားထားပါသည်။

၁၃။ 'သာသနာတော်လုံးဆိုင်ရာ ရွှေကျင်နိကာယဥက္ကဋ္ဌ သမ္မုတိသာသနာပိုင် စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာတိုက်သစ်၊ ရွှေဟင်္သာဆရာတော် အရှင်ပဏ္ဍိတသိရီထေရ်၏ အတ္တုပ္ပတ္တိအကျဉ်း'။ **ရွှေဟင်္သာဆရာတော်ဘုရားကြီး အရှင်ပဏ္ဍိတထေရ်၏ သက်တော်ရာပြည့်ပူဇော်ပွဲစာစောင်**၊ ၁၉၉၃၊ စာ ၇၇-၇၈။
"- - -"။ သက်တော်ရာပြည့် အဘိဓာတဂုဏမင်္ဂလာ၊ စာ ၂-၃။ ရွှေဟင်္သာဆရာတော်ကြီး ကိုယ်တိုင် ရေးသားထားသော အတ္တုပ္ပတ္တိအကျဉ်း ဖြစ်ပါသည်။

၁၄။ 'ဟိစပနနိပါတတ္ထဒီပနီကျမ်း' ။ **နိယမသာရဒီပနီကျမ်း**၊ ဒုတိယတွဲ။ ရန်ကုန်၊ သုဓမ္မဝတီ စာပုံနှိပ်တိုက် ၊၁၉၃၀။ ၄၁၁စာ- ၄၂၉ စာ၊ ၂၂ စင်တီ။

ပရိယတ်အခြေခံ စာပေတို့၌ သဒ္ဒါကျမ်းဆိုင်ရာတို့တွင် ပါဝင်သော နိပါတ်ပုဒ်တို့မှ အရေအတွက်များသော၊ တစ်ပုဒ်ခြင်းစီ၏ အနက်အဓိပ္ပာယ်များသဖြင့် မှတ်သားရ ခက်ခဲသော 'ဟိ' နိပါတ်ပုဒ်၏ အနက်အဓိပ္ပာယ် (၉)မျိုး၊ 'စ' နိပါတ်ပုဒ်၏ အနက်အဓိပ္ပာယ် (၉)မျိုး၊ 'ပန' နိပါတ်ပုဒ်၏ အနက်အဓိပ္ပာယ် (၁၁)မျိုး အစရှိသော နိပါတ်ပုဒ်တို့၏ အနက်အဓိပ္ပာယ်တို့ကို အကျယ်တဝင့် ရေးသားထားပါသည်။

၁၅။ 'ဩဝါဒကထာ'၊ **ရွှေဟင်္သာတိုက်သစ်ကျောင်းတိုက် နှစ် (၅၀)မြောက် ရွှေရတုစာစောင်**။ စာ ၁၂၄-၁၂၅။

ယနေ့ မြန်မာနိုင်ငံတွင် သုဓမ္မာ၊ ရွှေကျင်၊ ဒွါရ စသည်ဖြင့် ဂိုဏ်းကွဲပြားနေသည်မှာ အမှန်စင်စစ် ကွဲပြားသည်ဟု ပြောသင့်သည် မဟုတ်ပါ။ သုဓမ္မာသံဃာ၊

ရွှေကျင်သံဃာ၊ ဒွါရသံဃာတို့၌လည်း ဝိနည်း၊ သုတ္တန်၊ အဘိဓမ္မာများလည်း အတူတူပင် ဖြစ်သည်။ ဆရာသမားတို့၏အမည်မှာ ပညတ်ကို အစွဲပြု၍ သုဓမ္မာဂိုဏ်း၊ ရွှေကျင်ဂိုဏ်း၊ ဒွါရဂိုဏ်းဟု ခေါ်ဆိုကြသော်လည်း အမှန်တကယ်ကွဲပြားမှုမရှိဘဲ ဂိုဏ်းပေါင်းစုံ သံဃာများသည် စည်းလုံးသည်ထက် စည်းလုံး၊ ညီညွတ်သည်ထက် ညီညွတ်လျက် မြတ်စွာဘုရား၏ သာသနာတော်ကြီးကို ဂိုဏ်းပေါင်းစုံအား အပြည့်ဖြင့် ဆောင်ရွက်တော်မူနိုင်ကြပါစေဟူ၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့တတိယအစည်းအဝေး၌ ရွှေဟင်္သာဆရာတော်ကြီး မြွက်ကြားခဲ့သော ဩဝါဒကထာ ဖြစ်ပါသည်။

၁၆။ 'အပ္ပမာဒ ဩဝါဒ'၊ **မြတ်ဆုမွန်**၊ အမှတ် ၆၊ (မေ - ၂၀၀၂) စာ ၈ - ၉။

မြတ်စွာဘုရား သက်တော်ထင်ရှား ရှိတော်မူစဉ်က ရဟန်းတို့အား နေ့စဉ် 'အပ္ပမာဒေန ဘိက္ခဝေ သမ္ပာဒေထ' 'ရဟန်းတို့ မမေ့ကြနှင့် မပေါ့ကြနှင့် အချိန်မဖြုန်းကြနှင့်၊ အချိုးနီးကာလကို မကုန်ကြစေနှင့်၊ ရသည့်ဘဝ အရင်းမဆုံးရှုံးစေကြနှင့်' ဟူသော သဘောဖြင့် သတိပေးတော်မူသည်။ မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်ပြုအံ့ဆဲအခါ၌ ရှင်အာနန္ဒာကို မိန့်ကြားသည်မှာ ငါဘုရား ဟောကြားတော်မူခဲ့သော ဓမ္မဝိနယ တရားတော်တို့သည် ဘုရားကိုယ်စား ဘုရားပင်ဖြစ်သည်ဟု ဟောတော်မူခဲ့ရာ မြန်မာနိုင်ငံ၌ ယနေ့တိုင် ပိဋကတ်တော်များ အထင်အရှား ရှိသောကြောင့် မြတ်စွာဘုရားကိုယ်တိုင် အထင်အရှား ရှိသည်ဟု ပရိယာယ်အားဖြင့် ပြောလိုလျှင် ပြောနိုင်ပါသည်။ ထို့ကြောင့် မြတ်စွာဘုရား သတိပေးတော်မူသော 'အပ္ပမာဒ ဩဝါဒ' သတိပေးတရားတော်ကို မမေ့မလျော့သောအားဖြင့် ဘဝမရှုံးအောင် အားထုတ်နိုင်ကြပါစေဟု ရေးသားထားပါသည်။

## ရွှေဟင်္သာဆရာတော်ရေးသားခဲ့သော ကျမ်းများ

၁၇။ **ကာယာနုပဿနာ**။ ရန်ကုန်။ ဟံသာဝတီ ပိဋကတ်ပုံနှိပ်တိုက်၊ ၁၉၇၃။
"- - -"။ ၂ ကြိမ်။ ရန်ကုန်၊ သာသနာရေးဦးစီးဌာန၊ ၁၉၇၇။
၂၅၃ စာ၊ ဓာတ်ပုံ၊ ၁၈ စင်တီ။

ကာယာနုပဿနာဟူသည်မှာ ကာယ = မိမိခန္ဓာကိုယ်ကို + အနုပဿနာ = အဖန်ဖန်၊ အထပ်ထပ် ဉာဏ်ဖြင့် စောင့်ကြည့်ခြင်းကို ဆိုလိုသည်။ တရားသဘောဖြင့် ခန္ဓာကိုယ်ပေါ်၌ ဖြစ်ပေါ်နေသော ဖောက်ပြန် ပျက်စီးခြင်း သဘောတို့ကို ဝိပဿနာဉာဏ်အမြင်ဖြင့် ရှုမြင်ကြရန် မိမိ ခန္ဓာကိုယ်ကို မိန်းမ၊ ယောက်ျား၊ သူ၊ ငါဟုမခွဲဘဲ ရုပ်အစု ဖြစ်သောကိုယ်ဟု ရှုမြင်ကြရန်၊ ခန္ဓာကိုယ်ပေါ်၌ ဖြစ်ပေါ် လာသည့် အိုခြင်း၊ နာခြင်း၊ သေခြင်းသဘောတို့ကို ဇာတ်၊ နိပါတ်၊ ဥပမာ၊ သာဓကတို့ဖြင့် ရှင်းပြထားပြီး ကာယာ နုပဿနာကို သင်ကြားရကျိုး၊ ဒွတ္တိံသာကာရကမ္မဋ္ဌာန်း၊ ကာယာနုပဿနာ ပွားများရကျိုး၊ ပဋိစ္စသမုပ္ပါဒ် ဆင်ခြင် နည်း၊ အာနာပါနကမ္မဋ္ဌာန်း၊ ဣရိယာပထကမ္မဋ္ဌာန်း၊ သမ္ပဇဉကမ္မဋ္ဌာန်း၊ ဓာတုမနသိကာရကမ္မဋ္ဌာန်း၊ သိဝထိက ကမ္မဋ္ဌာန်း၊ ဝေဒနာနုပဿနာကမ္မဋ္ဌာန်း၊ စိတ္တာနုပဿနာ ကမ္မဋ္ဌာန်း၊ ဓမ္မာနုပဿနာကမ္မဋ္ဌာန်းများ အကြောင်းကို ပြည့်စုံစွာ ရေးသားထားပါသည်။

၁၈။ **ခန္ဓသုတ်မြန်မာဋီကာ**။ ရန်ကုန်၊ ဦးယသဝဏ္ဏ၊ ၁၉၇၅။ ၃၂ စာ၊ ၁၈ စင်တီ။

မြတ်စွာဘုရား ကိုယ်တော်တိုင် ဟောကြားတော်မူသော ခန္ဓသုတ်သည် မေတ္တာပွားများသောသုတ် ဖြစ်သည်။ သို့ပါ

သော်လည်း ဇရာ၊ ဗျာဓိ မရဏာတို့သည် နှိပ်စက်အပ်သော ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်တို့၏ စုပေါင်းရာ ဖြစ်သော ခန္ဓာကိုယ်ကို အကြောင်းပြု၍ (တစ်နည်း) အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် အစရှိသော ရုပ်ခန္ဓာအပေါင်း တို့ကိုအကြောင်းပြု၍ ခန္ဓသုတ်ဟု အမည်ပေးဖွယ်ရှိကြောင်း၊ အခါတစ်ပါး၌ ရဟန်းတစ်ပါးကို မြွေကိုက်၍ ပျံလွန်တော် မူကြောင်းကို လျှောက်ထားသောအခါ မေတ္တာတရား ပွားများလျှင် မြွေအကိုက်မခံရကြောင်း၊ နဂါးမျိုး၊ မြွေမျိုး၊ နတ်မင်းကြီးတို့နှင့်တကွ ပုဂ္ဂိုလ်အားလုံးတို့ကို မေတ္တာ ပွားများနိုင်ရန် ညွှန်ပြထားပြီး မကျဉ်းမကျယ် နားလည် လွယ်အောင် ရှင်းပြထားပါသည်။ ထို့အပြင် ဗဟုသုတ ဖြစ်ဖွယ် မြွေလေးမျိုး၊ မြွေ ၁၆ မျိုးတို့ကို လည်းကောင်း၊ မိမိကစ၍ ရန်မမူ မနှိပ်စက်ပါမှ မိမိကို သူတစ်ပါးက ရန်မမူ မနှိပ်စက်နိုင်ရခြင်း သဘောအကြောင်း၊ ကိလေသာ ရှိသူနှင့် ကိလေသာမရှိသူများအကြောင်း စသည်ဖြင့် မြန်မာပြန်ရေးသားထားခြင်း ဖြစ်ပါသည်။

၁၉။ **ဂရုဓမ္မဝတ္ထု**။ ရန်ကုန်၊ ဟံသာဝတီစာအုပ်တိုက်၊ ၁၉၆၅။ ၈၇ စာ၊ ၁၈ စင်တီ။

"- - -" ရန်ကုန်၊ ဝေဒစာပေ၊ ၁၉၈၇။ ၇၅ စာ၊ ၁၈ စင်တီ။

ဟံသာဝတီကိုခဲဖြင့်ပစ်သော ရဟန်းနှစ်ပါးကို အကြောင်း ပြု၍ မြတ်စွာဘုရားသည် ဂရုဓမ္မဝတ္ထုကို ဟောကြားတော် မူခဲ့သည်။ ကုရုတိုင်းပြည်ဘုရင် ဓနဥ္စယကောရဗျမင်းနှင့် ပြည်သူပြည်သားတို့သည် ဂရုဓမ္မသီလဟု ဆိုအပ်သော ငါးပါးသီလကို စောင့်ထိန်းသောကြောင့် တိုင်းသူပြည်သား တို့သည် ဆန်၊ ရေ၊ စပါး ပေါကြွယ်ဝကြသည်။ ထိုအချိန် တွင် ကလိင်္ဂတိုင်း၌ မင်းအစရှိသော ပြည်သူလူထုအားလုံး တို့သည် အကျင့်သီလ နည်းပါးသောကြောင့် ဆန်၊ ရေ၊ စပါး နည်းပါးပြီး ရောဂါဘယတို့နှင့် ရင်ဆိုင် ကြုံတွေ့

ကြရသည်။ မိုးရွာစေရန် အလှူဒါနပြုခြင်း၊ ကုရုတိုင်းမှ မင်္ဂလာဆင်ဖြူတော်ကို အလှူခံ၍ ထားသော်လည်း မိုးမရွာသဖြင့် ကလိင်္ဂတိုင်းမင်းကြီးမှစ၍ ပြည်သူပြည်သားအားလုံးတို့သည် ဂုရုဓမ္မတရားဟု ဆိုအပ်သော ငါးပါးသီလကို ကောင်းစွာ စောင့်ထိန်းသောကြောင့် ရာသီဥတု မှန်ကန်လာပြီး ဆန်၊ ရေ၊ စပါးများ ပေါကြွယ်ဝကာ ရောဂါဘယမှ ကင်းဝေးပြီး ချမ်းသာပုံကိုလည်းကောင်း၊ ကုရုတိုင်းတွင် ရှင်ဘုရင်မှစ၍ ပြည့်တန်ဆာမအထိတိုင်အောင်သောပုဂ္ဂိုလ်တို့သည် သံသယဖြစ်ဖွယ်ရာ အပြစ်တို့ကို အသေးအဖွဲမှအစ မဖြစ်စေဘဲ ဂုရုဓမ္မသီလကို လေးလေးစားစား သတိထား၍ ထိန်းသိမ်းစောင့်ရှောက်ကြပုံတို့ကို လည်းကောင်း ရေးသားထားပါသည်။ နောက်ဆက်တွဲတွင် သီလအကျိုးတရားကို အတန်အသင့် ရေးသားဖော်ပြပြီး ဆရာတော်ကိုယ်တိုင် ကြုံတွေ့ခဲ့ရသည့် သီလကျေးဇူးဝတ္ထုသုံးပုဒ်ကိုလည်းကောင်း၊ ဆရာသမားများထံမှတဆင့် နာယူမှတ်သားရသည့် ဝတ္ထုနှစ်ပုဒ်ကိုလည်းကောင်း သက်သေသာဓကများဖြင့် တင်ပြထားသည်။

၂၀။ **စာဏာကျနီတိ ပါဠိ-မြန်မာ**။ ရန်ကုန်၊ ဟံသာဝတီ ပိဋကတ် ပုံနှိပ်တိုက်၊ ၁၉၅၅။ ၈၁ စာ၊ ၁၉ စင်တီ။

စာဏာကျပဏ္ဍိတ် အမည်ရှိသော ပညာရှိကြီးသည် လူအပေါင်းတို့၏ အကျိုးကျေးဇူးအလို့ငှာ တစ်ရာ့တစ်ဆယ်သောဂါထာတို့ကို သက္ကတဘာသာဖြင့် ရေးသားခဲ့ပါသည်။ စာဏာကျ နီတိကျမ်းသည် အတတ်ပညာရှာဖွေရေး၊ ပေါင်းသင်းဆက်ဆံရေး၊ အသိပညာထွန်းကားရေး၊ ကိုယ်ကျင့်တရားကောင်းမွန်ရေးတို့အတွက် မှန်ကန်သော ကျင့်ဝတ်တို့ကို ညွှန်ပြပေးသည့် ကျမ်းမြတ်တစ်ဆူ ဖြစ်ပြီး ထိုစာအုပ်ကို ရွှေဟသ်ာဆရာတော်ကြီးသည် မဂဓဘာသာ- ပါဠိဘာသာ ပြန်ဆိုခဲ့ပြီး ဂါထာတို့ကို အနက်-မြန်မာ

နှစ်ဘာသာဖြင့် ရေးသားထားသည့်အပြင် လူတိုင်း လွယ်ကူစွာကျက်မှတ်နိုင်စေရန် လင်္ကာစာပိုဒ်ကလေးများကို ထည့်သွင်း ရေးသားထားသောစာအုပ် ဖြစ်ပါသည်။

၂၁။ **စင်္ကာပူခရီးသွား မှတ်တမ်း။** စစ်ကိုင်း၊ ရွှေဟင်္သာတိုက်သစ် စာပေဌာန၊ ၁၉၉၁။ ၇၉ စာ၊ ခတ်ပုံ၊ ၂၁ စင်တီ။

စင်္ကာပူနိုင်ငံတွင် နေထိုင်သူ ဒကာဦးတင်ထွန်း၏ ပင့်ဖိတ်ခြင်းကြောင့် ဆရာတော်သည် ဘန်ကောက်၊ စင်ကာပူ၊ မလေးရှား၊ ပီနန်တို့ကို မြန်မာသက္ကရာဇ် ၁၃၅၁ ခုနှစ်၊ ပြာသိုလမှ တပို့တွဲလပြည့်တိုင်အောင် သွားရောက်စဉ် တွေ့ကြုံခဲ့ရသော အတွေ့အကြုံများကို မှတ်တမ်းတင် ရေးသားထားသောစာအုပ် ဖြစ်ပါသည်။

၂၂။ **စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာတိုက်သစ်ကျောင်းတိုက် နှစ်(၅၀) မြောက် စာတမ်း။** မန္တလေး၊ ရတနာ အလက်ထရောနစ်၊ ၁၉၈၇။ ၇ စာ၊ ၂၀ စင်တီ။

၁၃၄၈ တန်ဆောင်မုန်းလဆန်း (၁၀) ရက်နေ့၌ ရွှေဟင်္သာတိုက်သစ်ကို တည်ထောင်ခဲ့သည်မှာ နှစ်(၅၀) ပြည့်မြောက်ကြောင်း၊ ဆရာတော်၏ အတ္ထုပ္ပတ္တိအကျဉ်း၊ ကျောင်းဒကာကြီး ဦးစစ်ကြူနှင့် သားသမီးများက ရွှေဟင်္သာတိုက်သစ် မြေနှင့်အဆောက်အဦများ လှူဒါန်းပုံ၊ ရွှေဟင်္သာတိုက်သစ်တွင် တဖြည်းဖြည်း တိုးလာသော သံဃာတော်များ၊ စာအောင်သံဃာတော်များ၊ သိမ်တိုက်၊ ဆွမ်းစားကျောင်း၊ ရေကန်တို့နှင့် ပြည့်စုံနေပုံအကြောင်းတို့ကို ဆရာတော်ကြီးကိုယ်တိုင် ရေးသားထားသော လက်ရေးမူ ဖြစ်ပါသည်။

၂၃။ **စိတ္တာနုပဿနာကျမ်းနှင့် အသား ၁၂ မျိုးစာတမ်း။** ၂ ကြိမ်။ ရန်ကုန်၊ သာသနာရေးဦးစီးဌာန၊ ၁၉၈၁။ ၁၄၀ စာ၊ ခတ်ပုံ၊ ၁၈ စင်တီ။

"- - -" ၂ ကြိမ်။ ရန်ကုန်၊ ရွှေဟင်္သာဆရာတော်ဘုရားကြီး စာပေ၊ ၁၉၉၁။ ၁၂၉ စာ၊ ဓာတ်ပုံ၊ ၁၇ စင်တီ။

စိတ္တာနုပဿနာ ဟူသည်မှာ စိတ်ကို အလေစ်မပေးဘဲ အဖန်ဖန်အထပ်ထပ် အစဉ်မပြတ် ထိန်းသိမ်း စောင့်ကြည့်ခြင်းပင် ဖြစ်ပါသည်။ စိတ်၏ လျင်မြန်စွာ သွားရောက်နိုင်ပုံ၊ စိတ်ကိုနှိပ်ကွပ် ဆုံးမရန် ခက်ခဲပုံ၊ စိတ်သည် လျင်မြန်စွာ ဖြစ်ပေါ်တတ်၍ လျင်မြန်စွာ ချုပ်ပျောက်တတ်ပုံ၊ စိတ်၏ ဆန်းကြယ်ပုံ၊ စိတ်သည် အာရုံမရွေး၊ ဌာနမရွေး၊ ဒေသမရွေး ကောင်းသည် မကောင်းသည်မရွေး ကျင်လည် ကျက်စား တတ်ပုံ၊ စိတ်သည် သင့်မသင့် မျိုးရိုးဇာတ်ကိုလည်း မကြည့်တတ် မျိုးရိုးသိက္ခာကိုလည်း ငဲ့ကွက်ခြင်းမရှိ၊ မိမိ၏ အသက် အရွယ်ကိုလည်း မထောက်ထားဘဲ မကောင်းမှု၌ မွေ့ပျော်တတ်ပုံ စသည်တို့ကို ပြည့်စုံစွာ ဖော်ပြထား၍ ထိုစိတ်ကို အလစ်မပေးဘဲ အဖန်ဖန်အထပ်ထပ် အစဉ်မပြတ် ထိန်းကျောင်းတတ်စေရန် ပုံ၊ ဝတ္ထု၊ ဥပမာ၊ သာဓက စုံလင်စွာဖြင့် ရေးသားထားသောစာအုပ် ဖြစ်ပါသည်။ ၎င်းစာအုပ်၌ ရဟန်းတော်များ မစားအပ်သော လူသား၊ ဆင်သား၊ မြင်းသား၊ ခွေးသား၊ ကျားသစ်သား၊ ခြင်္သေ့သား၊ ကျားသား၊ အောင်းသား၊ ဝက်ဝံသား၊ မြွေသား၊ မိမိကိုရည်မှန်း၍ သတ်အပ်သောအသား၊ ဆင်ခြင် မေးမြန်းစုံစမ်းခြင်းမပြုဘဲ မနေရသောအသား (၁၂)မျိုး အကြောင်းကိုလည်း ရေးသား ထားပါသည်။

၂၄။ **ညဝတ်ရွတ်စဉ် ကန်တော့ခန်း။** ၁၀ စာ၊ ၁၈ စင်တီ။

ညဝတ်ရွတ်စဉ် ကန်တော့ခန်းစာအုပ်သည် ရွှေဟင်္သာ ဆရာတော်ကြီးက ရွှေဟင်္သာတိုက်သစ်တွင် သီတင်းသုံး နေထိုင်ကြသော သံဃာတော်များ အလွယ်တကူ ရွက်ဆို ပူဇော်နိုင်ရန် ဩကာသ ကန်တော့ခန်း၊ ပန်းကပ်၊ ရေချမ်း ကပ်နှင့် ဆီမီးကပ်၊ သင်္ကန်း၊ ဆွမ်း၊ ကျောင်း၊ ဆေးဟု

ဆိုအပ်သော ပစ္စည်းလေးပါးကို ဆင်ခြင်အပ်သော လင်္ကာ စသည်တို့ဖြင့် စနစ်တကျစီစဉ်ကာ ရေးသားထားသော စာအုပ်ဖြစ်ပါသည်။

၂၅။ **ညောင်တုန်းမြို့ ရွှေဟင်္သာတောရ စံကျောင်းဆရာတော်ဘုရား၏ ကျမ်းစာများ။** မန္တလေး၊ သုခဝတီပုံနှိပ်တိုက်၊ ၁၉၇၁။ ၃၆ စာ၊ ၁၉ စင်တီ။

ကျေးဇူးတော်ရှင် စံကျောင်းဆရာတော်၏ ကျမ်းစာများ ဖြစ်သော စေတိယဝိနိစ္ဆယကျမ်း၊ သြဝါဒဒီပနီကျမ်း၊ ကံညဏ်ဝီရိယ အဖွင့်ကျမ်း၊ မင်္ဂလာ အဖွင့်ကျမ်း၊ သမ္ဗုဒ္ဓေ အဖွင့်ကျမ်း၊ လောကနီတိ အဖွင့်ကျမ်း၊ အတွင်းအောင်ခြင်း နှင့် အပြင်အောင်ခြင်း အဖွင့်ကျမ်းနှစ်ကျမ်း၊ မေတ္တာအဖွင့် ကျမ်း၊ သုန္ဒရာနန္ဒကာဗျ ဘာသာပြန်ကျမ်း၊ ယထာဘူတ ဝိနိစ္ဆယကျမ်း၊ အလင်္ကာနိဿယကျမ်း၊ အပရိဟာနိယ ဆုံးမစာနှင့် အဖွင့်ကျမ်း၊ ဥပါသကာကျင့်ထုံး၊ ဂိဟိဝိနယခေါ် လူ့ကျင့်ဝတ်ကျမ်း၊ ပရိဝါသမာနတ္တာဒိဝိနိစ္ဆယကျမ်း၊ ဗုဒ္ဓ စရိတကာဗျခေါ် ဗုဒ္ဓဝင်ဘာသာပြန်ကျမ်း၊ ဆုတောင်းပုံ နည်းစုံကျမ်း၊ ကမ္မဋ္ဌာန်းစီးဖြန်းပုံ နည်းစုံကျမ်း၊ ကမ္မဋ္ဌာန ဝိနိစ္ဆယကျမ်း၊ ပါဠိ-မြန်မာအဘိဓာန် အစရှိသော ကျမ်း စာအုပ်ပေါင်း (၂၀)ကျော်ကို အနှစ်ချုပ် ရေးသားထားသော စာအုပ်ဖြစ်ပါသည်။

၂၆။ **ညောင်တုန်းမြို့ ရွှေဟင်္သာတောရသမိုင်း၊** ရန်ကုန်၊ ကုလဝတီ ပုံနှိပ် တိုက်၊ ၁၉၇၆။ ၂၁၂ စာ၊ ဓာတ်ပုံ၊ ၁၉ စင်တီ။

မြန်မာနိုင်ငံ အောက်ပိုင်း၌ ရဟန္တာတစ်ဆူအဖြစ်ဖြင့် လူသိများ၍ လေးစားမြတ်နိုး ကြည်ညိုခြင်းကို ခံယူတော် မူသော ဘုန်းတော်ကြီး ဦးသီလကို ညောင်တုန်းမြို့သူမြို့သား ဒါယကာ၊ ဒါယိကာမတို့သည် ပရိယတ္တိစာသင်တိုက် တည် ထောင်၍ တရားစာပေ နာကြားလိုကြသဖြင့် ကျောင်းတိုက်

တည်ဆောက်ရန် ဟင်္သာကုန်းကို ရွေးချယ်၍ 'ရွှေဟင်္သာတောရ' ဟု ကမ္ပည်းတင် တည်ထောင်ဖြစ်ခဲ့ပုံနှင့် အလှူရှင်စာရင်းများ၊ ရွှေဟင်္သာတောရကျောင်းတိုက် တည်ထောင်သည့် (၁၉၀၀ ပြည့်မှ ၁၉၇၅) အထိ ကာလအတောအတွင်း တည်ရှိခဲ့သည့် ဖြစ်စဉ် ဖြစ်ရပ်များကို ပြည့်စုံစွာ တင်ပြထားသည်။ ထိုသို့တင်ပြရာ၌ ကျောင်းတိုက်ကိုတည်ထောင်သည့် မြန်မာနိုင်ငံ၌ ရဟန္တာဟု ထင်ရှားသော ဘုန်းတော်ကြီးဦးသီလ၊ ဒုတိယမြောက် ရွှေကျင်သာသနာပိုင် မဟာဝိသုဒ္ဓါရုံဆရာတော်၊ ရန်ကုန်မြို့ ကျောင်းတော်ရာ ရွှေကျင်တိုက်ကျောင်းဆရာတော်ကြီး (ရွှေဟင်္သာဆရာတော်၏ဥပဇ္ဈာယ်ဆရာ)၊ ရွှေဟင်္သာတောရ ပထမစံကျောင်းဆရာတော်၊ ဒုတိယစံကျောင်းဆရာတော်တို့မှစ၍ နောက်ဆုံး စိန်ရတုကာလတိုက်၌ ကျောင်းတိုက်စာချအဖြစ် ဆောင်ရွက်နေသည့် ရဟန်းတော်တို့၏ ထေရုပ္ပတ္တိများအတိုင်း အသေးစိတ် ဖော်ပြထားသည်။

၂၇။ **ညောင်တုန်းမြို့၏ ထင်ရှားကျော်ကြားခြင်းနှစ်ရပ်။** မန္တလေး၊ သုခဝတီပုံနှိပ်တိုက်၊ ၇ စာ၊ ၁၈ စင်တီ။

ညောင်တုန်းမြို့သည် ကုန်ကူးသန်းရောင်းဝယ်ရေး၌ စည်ကားဖြစ်ထွန်းမှုကို သက္ကရာဇ် ၁၂၅၀ ပြည့်နှစ်ဝန်းကျင်လောက်မှစ၍ မျက်မှောက်ခေတ်အထိ ရေလမ်း၊ ကုန်းလမ်းတို့ဖြင့် သွားလာနေမှု၊ ကူးသန်းရောင်းဝယ်မှုများကို ဖော်ပြထားပါသည်။ ညောင်တုန်းမြို့ ရွှေဟင်္သာတောရတိုက်၏ ထင်ရှားကျော်ကြားမှုကို ၁၂၆၂ ခုနှစ်၊ တပေါင်းလပြည့်နေ့မှစ၍ ဘုန်းတော်ကြီးဦးသီလ၊ ရန်ကုန်မြို့ ရွှေကျင်ကျောင်းတိုက်၊ ကျောင်းတော်ရာဆရာတော်ကြီးများ နှီးနှောတိုင်ပင်၍ ရွှေဟင်္သာတောရတိုက် တည်ဆောက်ခဲ့သည်မှစပြီး ယင်းကျောင်းတိုက်မှ သာသနာ့အာဇာနည်များ အသီးသီးပေါ်ပေါက်လာမှုများကို ဖော်ပြထားပါသည်။

၂၈။ **ညောင်ရွှေခရီးသွားမှတ်တမ်း။** မန္တလေး၊ သုခဝတီပုံနှိပ်တိုက်၊ ၁၉၉၂။ ၂၆ စာ၊ ခုတ်ပုံ၊ ၂၀ စင်တီ။

လွတ်လပ်ရေးရပြီးသော ပြည်ထောင်စု မြန်မာနိုင်ငံတော်၌ ရှေးဦးပထမသမ္မတအဖြစ် တင်မြှောက်ခြင်းခံရသော လူမျိုးစု လွှတ်တော်နာယက ညောင်ရွှေမဟာရာဇာ စော်ဘွားကြီး စပ်ရွှေသိုက်အမျိုးရှိသော ဒါယကာ၊ ဒါယိကာမများသည် (၂၅) ကြိမ်မြောက် စာပြန်ပွဲကြီး၏ အောင်ပွဲဆုနှင်းသဘင်၊ သာသနာတော်နှစ် ၂၅၀၀ ပြည့်အထိမ်းအမှတ်ပွဲ၊ ဖောင်တော်ဦး ရုပ်ပွားတော်များကိန်းဝပ်တော်မူရာ ကျောင်းတင်ပွဲကိစ္စတို့ဖြင့် ပင့်ဖိတ်သောကြောင့် ရွှေဟင်္သာဆရာတော် အပါအဝင် အခြားသံဃာ (၃၄)ပါး ညောင်ရွှေသို့ ကြွရောက်တော်မူကြသည်။ ဆရာတော်သည် စစ်ကိုင်းမှ ညောင်ရွှေသို့သွားရာ လမ်းတလျှောက် မြင်တွေ့ရသောရှုခင်းများ၊ တွေ့ကြုံရသည်များကို မှတ်တမ်းတင် ရေးသားထားခြင်း ဖြစ်ပါသည်။

၂၉။ ၁၃၄၆ ခုနှစ်၊ **တန်ဆောင်မုန်းလဆန်း (၇)ရက်နေ့၌ အိန္ဒိယနိုင်ငံ မဟာဗောဓိသို့ အပူဇော်ခံ ကြွတော် မူစဉ် ထိုထို ရောက်ရာ ပူဇနိယဌာနတို့၌ ကိုယ်တိုင်ရေး၍ ရှိခိုးပူဇော် အပ်သော ဘုရားရှိခိုးဂါထာတော်များ။** ရန်ကုန်၊ သာသနာရေးဦးစီးဌာန၊ ခုနှစ်မပါ။ ၁၄ စာ၊ ၁၂ စင်တီ။

မြတ်စွာဘုရား ဖွားမြင်တော်မူရာဌာန၊ ဘုရားအဖြစ်သို့ ရောက်တော်မူရာ ဗောဓိပင်၊ ဓမ္မစကြာတရား ဟောတော်မူရာ မိဂဒါဝုန်တော၊ ဇေတဝန်ကျောင်းတော်ရာ၊ ပရိနိဗ္ဗာန်ပြုရာ ကုသိနာရုံ၊ သတ္တဝါတို့အား တရားရေအေး တိုက်ကျွေးတော်မူပြီး ပရိနိဗ္ဗာန် ပြုတော်မူသည်ကို အာရုံပြု၍ ရှိခိုးသော ဂါထာတော်များနှင့် နိဗ္ဗာန်ချမ်းသာကို ခံစားတော်မူသော မြတ်စွာဘုရားကို ရည်မှန်း၍ ရှိခိုးသော ဂါထာတို့ကို ဆရာတော်ကြီးသည် ပူဇနိယဌာနတို့၌ ကိုယ်တိုင်ရေး၍ ရှိခိုးပူဇော်ထားခြင်း ဖြစ်ပါသည်။

၃၀။ **၁၃၄၈ ခုနှစ် ခရီးသွားမှတ်တမ်း**။ ရန်ကုန်၊ ဦးသုစိတ္တာဘိဝံသ၊ ၁၉၈၇။ ၇၅ စာ၊ ဓာတ်ပုံ၊ ၂၁ စင်တီ။

ဘန်ကောက်မြို့တွင်နေထိုင်သူ မစံပယ်ယဉ်မှ ဆရာတော်ကို ဘန်ကောက်မြို့သို့ ဘုရားဖူးပင့်သောကြောင့် ကြွတော်မူခြင်းဖြစ်သည်။ ဆရာတော်သည် ဘန်ကောက်မြို့၏ ကြီးကျယ်ပုံ၊ သန့်ရှင်းပုံ၊ လူသွားခုံးတံတားများ၊ သုံးဆယ်ငါးထပ်အထိမြင့်သော တိုက်ပေါ်မှကြည့်လျှင် တစ်မြို့လုံး မြင်တွေ့နိုင်ပုံတို့ကို ရေးသားထားပါသည်။ ဆရာတော်သည် ဘန်ကောက်မြို့တွင် ၁၀ ရက်ခန့်သာ သီတင်းသုံးနေခဲ့သောကြောင့် ဘန်ကောက် ခရီးသွားမှတ်တမ်းဟု အမည်မတပ်ဘဲ ၁၃၄၈ ခရီးသွားမှတ်တမ်းဟု အမည်ပေးခဲ့ခြင်းဖြစ်သည်။ ဤခရီးသွား မှတ်တမ်းစာအုပ်တွင် ဘန်ကောက်သို့ မကြွမီ မအူပင်မြို့ ဓမ္မာရုံကျောင်းတိုက်မှ တိုက်အုပ်ဆရာတော် ဦးအနုမိဝရ၏ ဖွားမြင်ရာဇာတိ ဘုရားကုန်းရွာသို့ သိမ်သမုတ် ကြွတော်မူခြင်း၊ ယိုးဒယားမှအပြန် ညောင်တုန်း ရွှေဟင်္သာတောရ ဝိနည်းစာပြန်ပွဲသို့ ကြွတော်မူပုံ၊ ညောင်တုန်းမှ ရန်ကုန်၊ ရန်ကုန်မှ စစ်ကိုင်းတောင်ရိုးသို့ ပြန်လည်ရောက်ရှိလာပုံတို့ကို ရေးသားထားပါသည်။

၃၁။ **ဒိဋ္ဌေ ဒိဋ္ဌမတ္တံတရားစာ** (ရှာဖွေဆဲ)

၃၂။ **ဓမ္မာနုပဿနာ သတိပဋ္ဌာန်တရားတော်**။ ရန်ကုန်၊ သာသနာရေး ဦးစီးဌာန၊ ၁၉၈၄။ ၈၂၊ ၁၇၅၊ ၁၅ စာ၊ ဓာတ်ပုံ၊ ၁၈ စင်တီ။

ဓမ္မာနုပဿနာ ဆိုသည်မှာ ဓမ္မ (နာမ်တရား၊ ရုပ်တရား တနည်း သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာတရား) တို့နှင့် ပတ်သက်၍ ရှုဆင်ခြင်ဖွယ်ရာတို့ကို ပွားများခြင်း ဖြစ်သည်။ ဓမ္မာနုပဿနာသတိပဋ္ဌာန်တရားတော်တွင် နီဝရဏပိုင်း၊ ခန္ဓပိုင်း၊ အာယတနပိုင်း၊ ဗောဇ္ဈင်ပိုင်း၊ သစ္စာပိုင်း ဟူ၍ ငါးပိုင်း ခွဲပြထားပါသည်။ နီဝရဏပိုင်း၌ ကာမစ္ဆန္ဒ နီဝရဏ

(ကာမတဏှာ လောဘ)၊ ဗျာပါဒ နီဝရဏ (ဒေါသ)၊ ထိနမိဒ္ဓ နီဝရဏ၊ ဥဒ္ဓစ္စကုက္ကုစ္စ နီဝရဏ၊ ဝိစိကိစ္ဆာ နီဝရဏ၊ အဝိဇ္ဇာ နီဝရဏဟူ၍ သရုပ်အားဖြင့် ခြောက်မျိုး၊ တရားကိုယ်အားဖြင့် ရှစ်မျိုးရှိသည်ကို ဖော်ပြထားပါသည်။ နီဝရဏ ဟူသည် ဈာန်တရား၊ မဂ်တရား အစရှိသော ကုသိုလ်တရားတို့ကို ပိတ်ပင်ခြင်း၊ တားမြစ်ခြင်း၊ မဖြစ်စေခြင်းသဘော ရှိသည်။ ခန္ဓာပိုင်းတွင်၊ ရူပက္ခန္ဓာ၊ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ ဟူ၍ ခန္ဓာငါးပါး ရှိသည်ကို ဖော်ပြထားပါသည်။ အာယတန ပိုင်းတွင် အဇ္ဈတ္တိကာယတန ခြောက်ပါး၊ ဗာဟိရာယတန ခြောက်ပါး စုစုပေါင်း အာယတန (၁၂)ပါးရှိသည်ကို ဖော်ပြထားပါသည်။ အာယတန ဟူသည်မှာ စိတ်စေတသိက်တရားတို့ကို ချဲ့ထွင်တတ်၏။ သံသရာ ဝဋ်ဒုက္ခ ရှည်ကြာစေသည်ဟု အဓိပ္ပာယ်ရသည်။ ဗောဇ္ဈင်ပိုင်းတွင် သတိသမ္ဗောဇ္ဈင်၊ ဓမ္မဝိစယသမ္ဗောဇ္ဈင်၊ ဝီရိယသမ္ဗောဇ္ဈင်၊ ပီတိသမ္ဗောဇ္ဈင်၊ ပဿဒ္ဓိသမ္ဗောဇ္ဈင်၊ သမာဓိသမ္ဗောဇ္ဈင်၊ ဥပေက္ခာသမ္ဗောဇ္ဈင် ဟူ၍ ဗောဇ္ဈင် (၇)ပါးရှိသည်ကို ဖော်ပြထားသည်။ သစ္စာလေးပါးကို သိမြင်ခြင်းသည် ဗောဇ္ဈင်မည်၏။ သစ္စာပိုင်းတွင် ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ ဟူသော သစ္စာလေးပါးတရားကို အကျယ်ရှင်းပြထားပါသည်။

၃၃။ **ပဉ္စမ ရွှေကျင်ဆရာတော်ဘုရားကြီး၏ အထိမ်းအမှတ် ဗိမာန်တော် သမိုင်း။** ရန်ကုန်၊ သာသနာရေးဦးစီးဌာန၊ ၁၉၇၈။ ၁၁၇ စာ၊ ဓာတ်ပုံ၊ ၂၁ စင်တီ။

ဗိမာန်ပေါ်ပေါက်လာခြင်းနှင့် ဆောက်လုပ်ပုံ အဆင့်ဆင့်၊ ဗိမာန်တော် ဆောက်လုပ်ရာတွင် လှူဒါန်းကြသော အလှူရှင်များစာရင်း၊ ရွှေကျင်ဆရာတော်ကြီး၏အတ္ထုပ္ပတ္တိနှင့် သာသနာပြုခြင်းအကြောင်းများ၊ ရွှေကျင်ဂိုဏ်း ပေါ်ထွက်လာခြင်း၏

အကြောင်းများ၊ ဗိမာန်တော် တည်ဆောက်ပြီးစီးခြင်း အထိမ်း အမှတ်ဖွင့်ပွဲ၌ ဂုဏ်ပြုပူဇော်ရေးသားထားသော ရတု၊ ကဗျာ၊ ဆောင်းပါးများနှင့် ဗိမာန်တော်ကြီး အလျင်အမြန် အောင်မြင်စွာ တည်ဆောက်ပြီးစီးပုံတို့ကို ရေးသားထားပါသည်။

၃၄။ **ပထမ ထွင့်ခေါင်ဆရာတော်ဘုရားကြီးအကြောင်း။** ၃ ကြိမ်။ ရန်ကုန်၊ တောင်စွန်းကျောင်း ဦးယသဝန္တ၊ ၁၉၇၈။ ၁၄၈ စာ၊ ဓာတ်ပုံ၊ ၁၈ စင်တီ။

ထွင့်ခေါင်ဆရာတော်ကြီးသည် မြန်မာ့ဗုဒ္ဓဘာသာသာသမိုင်း တွင် နေလို၊ လလို ထင်ရှားသော ပုဂ္ဂိုလ်ကြီးတစ်ပါးဖြစ်ပြီး ငယ်စဉ်ကပင် ဉာဏ်ပညာထက်မြက်၍ အကျင့်သီလနှင့် ပြည့်စုံသော ဝိပဿနာကမ္မဋ္ဌာန်း ယောဂီအစစ်ကြီးဖြစ် ကြောင်း၊ ဆရာတော်ကြီးထေရုပ္ပတ္တိ ရေးသားရခြင်းအကြောင်း၊ မြန်မာနိုင်ငံ သာသနာသမိုင်း၌ ထွင့်ခေါင်ဆရာတော်နည်းတူ ပဋိပတ္တိအရာ၌ ထိပ်ဆုံးအဆင့်သို့ ရောက်ရှိခဲ့သော သီးလုံး ဆရာတော်အကြောင်း၊ သီးလုံးဆရာဟောင်နှင့် ဆရာတူတပည့် ဖြစ်၍ ခင်မင်ရင်းနှီးသည့် အရှင်ခေမာအကြောင်း၊ ထွင့်ခေါင် ဆရာတော်ကြီး ငယ်စဉ်ဘဝ၊ စာသင်သားဘဝ၊ ရဟန်း ငယ်ဘဝ၊ ထူးခြားဖြစ်စဉ်များ၊ ရေးသားတော်မူခဲ့သော ကျမ်းစာများ၊ စစ်ကိုင်း၊ မင်းဝံတောင်ရိုးတွင် ရေးကျ ထင်ရှား သော စေတီပုထိုးများအကြောင်း၊ ၄င်းဆရာတော် ကြီးများ၏ တောရဆောက်တည် ကျင့်သုံးနေထိုင်ခဲ့ရာ ချောင်များ အကြောင်း၊ စစ်ကိုင်းမြို့ ဘုရားများသမိုင်းအကျဉ်းချုပ်နှင့် စစ်ကိုင်းမြို့ ညောင်ပင်သာ ဆရာကြီးဦးပုည အတ္ထုပ္ပတ္တိ တို့ကိုလည်း ထည့်သွင်း ရေးသားထားပါသည်။

၃၅။ **ပထမ ရွှေကျင်ဆရာတော်ကြီး၏ အထိမ်းအမှတ်ဗိမာန်တော် မှတ်တမ်း။** မန္တလေး၊ သုခဂတိ စာပေတိုက်၊ ၁၉၈၄။ ၆၄ စာ၊ ဓာတ်ပုံ၊ ၂၀ စင်တီ။

ရွှေကျင်နိကာယ ဂဏာသမုဋ္ဌာပက ပထမ ရွှေကျင် ဆရာတော်ဘုရားကြီး၏ အထိမ်းအမှတ် ဗိမာန်တော် ဖြစ်ပေါ်လာပုံ အကြောင်းနှင့်တကွ ဒုတိယအကြိမ် ထပ်ဆင့် တိုးချဲ့၍ တည်ဆောက်ခြင်းအကြောင်း၊ ပထမရွှေကျင် ဆရာတော်ကြီး၏ အတ္ထုပ္ပတ္တိအကျဉ်း၊ ရွှေကျင်နိကာယ ဂဏာသမုဋ္ဌာပက၊ ပထမ ရွှေကျင်ဆရာတော်ကြီး၏ အထိမ်း အမှတ် ဗိမာန်တော် တည်ဆောက်ရာ၌ ကုသိုလ်ပါဝင် ကူညီ လှူဒါန်းကြသော အလှူရှင်များစာရင်းကိုလည်း ဖော်ပြ ထားပါသည်။

၃၆။ **ပဒေသာဆုံးမစာများ**။ ၂ ကြိမ်၊ စစ်ကိုင်း၊ အတုလဝတီစာပုံနှိပ်တိုက်၊ ၁၉၇၁။ ၂၈ စာ၊ ၁၂ စင်တီ။

ရဟန်း၊ ရှင်၊ လူ၊ ဒါယိကာ၊ ဒါယိကာမများ၏ လောကီ၊ လောကုတ္တရာအကျိုးမှာ အလွယ်တကူ ကျက်မှတ် သိနားလည်စေရန် ပညာရေး၊ ဝီရိယရှိရေး၊ စကားသစ္စာ ရှိရေး၊ ကုသိုလ်၊ အကုသိုလ် အလုပ်အကြောင်း၊ ကိုယ်ကျင့် တရားအကြောင်း၊ ကျေးဇူးတရားအကြောင်း၊ မိတ်ဆွေ အကြောင်း၊ စီးပွားရေးအကြောင်း၊ ပရဟိတအကြောင်း၊ ဆုံးမသြဝါဒအကြောင်း၊ ကံ၊ ဉာဏ်၊ ဝီရိယအကြောင်း၊ ဓါသ၊ မေတ္တာ၊ သတိ၊ ခန္တီအကြောင်း စသည်ဖြင့် ဝေဝေဆာဆာ ရေးသားထားသော သံပေါက်လင်္ကာဆုံးမစာများ ဖြစ်ပါသည်။

၃၇။ **ပရာဘဝသုတ်မြန်မာဋီကာ**။ ရန်ကုန်၊ ဟံသာဝတီပိဋကတ်တိုက်၊ ၁၉၅၄။ ၁၉၁ စာ၊ ၁၈ စင်တီ။

"- - -"။ ၂ ကြိမ်၊ ရန်ကုန်၊ ရွှေဟသ်ာဆရာတော်ဘုရားကြီး စာပေဖြန့်ချိရေး၊ ၁၉၉၂။ ၂၀၇ စာ၊ ဓာတ်ပုံ၊ ၁၈ စင်တီ။

ပရာဘဝ ဟူသည် ပျက်စီးခြင်းဟု အနက်ရသည်။ ထိုကြောင့် ပရာဘဝသုတ်၌ ဟောကြားထားသည့် တရား အများစုမှာ လောကီ၊ လောကုတ္တရာ အကျိုးစီးပွားများကို

ပျက်စီးစေသော အကြောင်းများ၊ အကျင့်များ၊ လုပ်ဆောင်ချက်များ ဖြစ်သည်။ ဤတရားများမှာ နိကာယ်ငါးရပ်အနက် နောက်ဆုံးဖြစ်သည်။ ကြီးပွားချမ်းသာလိုကြသော လူတို့သည် ကြီးပွားရာ ကြီးပွားကြောင်းတို့ကိုသာလျှင် မကြည့်ဘဲ ကြီးပွားရာကြီးပွားကြောင်း၏ ဆန့်ကျင်ဘက် ပျက်စီးဆုတ်ယုတ်ကြောင်းတို့ကိုလည်း ကြည့်ရှုသင့်ကြောင်း၊ ပျက်စီးကြောင်းကို တွေ့မြင်သိရှိပြီးနောက် ပျက်စီးကြောင်းလမ်းကြောင်းနောက်သို့ မလိုက်ပါဘဲ ကြီးပွားရာ ကြီးပွားကြောင်းဘက်သို့ မှန်ကန်စွာ လိုက်ပါကြပါလျှင် ကြီးပွားချမ်းသာသောသူ အဖြစ်သို့ ရောက်နိုင်ပါကြောင်း၊ တရားမှန်လမ်းမှန် မလိုလားဘဲ ဒုစရိုက်များကိုသာ ပြုလုပ်သောသူသည် ပျက်စီး ဆုတ်ယုတ်တတ်ကြောင်း၊ အအိပ်များသောသူသည် ရောဂါထူပြော၍ ကြီးပွားဆုတ်ယုတ်တတ်ကြောင်း၊ ပွဲလမ်းသဘင် လိုက်စားပျော်ပါးလျှင် ပျက်စီးတတ်ကြောင်းတရား စသည်ဖြင့် အကြောင်းတစ်ဆယ့်နှစ်ပါးကို စိတ်ဝင်စားဖွယ်ဖြစ်အောင် ရေးသားဖော်ပြထားသည်ကို တွေ့ရှိရသည်။

၃၈။ **ဗုဒ္ဓဂယာသို့ ဘုရားဖူးခရီးသွားမှတ်တမ်း။** ရန်ကုန်၊ ဦးသုစိတ္တာဘိဝံသ၊ ၁၉၈၅။ ၈၁ စာ၊ ဓာတ်ပုံ၊ ၂၁ စင်တီ။

ဆရာတော်သည် ဗုဒ္ဓဂယာရောက်နေစဉ် ရေးသားထားသော ဘုရားရှိခိုး ဂါထာများကို အစထားကာ ဒသသနီယသံဝေဇနိယလေးဌာနတို့၏ အကြောင်းများ၊ ရှင်ဥတ္တရာဇီဝနှင့် ရွှေကျင်ဆရာတော်တို့၏ သီရိလင်္ကာနိုင်ငံ မြတ်ဗုဒ္ဓ၏ စွယ်တော် ဖူးမြော်ရန်သွားရောက်ခဲ့ခြင်းများ၊ မဟာဝိသုဒ္ဓါရုံဆရာတော်ကြီး၏ ဗုဒ္ဓဂယာမဟာဗောဓိသို့ ဖူးမြော်ရန်သွားရောက်ခြင်းအကြောင်းများ၊ အိန္ဒိယနိုင်ငံ ကလကတ္တားသူဌေးကြီးပြာရိယား ပင့်ဖိတ်မှုကြောင့် ဆရာတော်သည် ဗုဒ္ဓဂယာသို့ကြွရောက်ဖြစ်ခဲ့ပုံ၊ ဗုဒ္ဓဂယာသို့မကြွမီ ရန်ကုန်မြို့ရှိ ဒါယကာ၊ ဒါယိကာမတို့၏ ဆွမ်း အစရှိသော လှူဖွယ်

ပစ္စည်းများ လှူဒါန်းကြပုံ၊ သူဌေးကြီးပြာရိယား မိသားစု တို့၏ ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးအပေါ်၌ စေတနာ သဒ္ဓါ တရား ထက်သန်ပုံနှင့် ဗုဒ္ဓဂယာသို့ ဘုရားဖူးသွားလိုသူများ အတွက် သတိပြုဖွယ်ရာများကို ရေးသားထားပါသည်။

၃၉။ **ဘုန်းတော်ဖွင့်ထေရုပ္ပတ္တိ**။ ရန်ကုန်၊ ဟံသာဝတီ သတင်းစာ ပုံနှိပ်တိုက်၊ ၁၉၂၆။ ၄၅ စာ၊ ၂၂ စင်တီ။

ကျောင်းတော်ရာ ရွှေကျင်ဆရာတော်ကြီး လွန်တော် မူသောအခါ ဆရာတော်၏ဂုဏ်ကျေးဇူးတို့ကို ချီးကျူး ထုတ်ဖော်ပူဇော်သောအားဖြင့် ထိုဂုဏ်ကျေးဇူးတို့ကို သဒ္ဒါ နည်း၊ ဆန်းနည်း၊ အလင်္ကာနည်းတို့ဖြင့် သိပ်သည်း ကျစ်လျစ် အနှစ်သာရနှင့်ပြည့်စုံသော ပါဠိကဗျာ ဆန်းဂါထာ တို့ဖြင့် ရေးသားထားပါသည်။

၄၀။ **မဟာသတိပဋ္ဌာန်တရားတော်**။ စစ်ကိုင်း၊ ရွှေဟင်္သာတိုက်သစ်၊ ၁၉၉၃။ ၃၇၉ စာ၊ ခတ်ပုံ၊ ၂၄ စင်တီ။

အမေရိကန်နိုင်ငံတွင် ရွှေဟင်္သာဆရာတော် မိန့်ကြား သော ဩဝါဒကထာ၊ သုန္ဒရာမ ဖြဟ္မဝိဟာရ အလုပ် အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ၏ ပူဇနီယမင်္ဂလာ လျှောက်ထားလွှာ၊ ဆရာတော်ကြီး ထေရုပ္ပတ္တိအကျဉ်းနှင့် ကာယာနုပဿနာ ကမ္မဋ္ဌာန်း၊ ဝေဒနာနုပဿနာကမ္မဋ္ဌာန်း၊ စိတ္တာနုပဿနာ ကမ္မဋ္ဌာန်း၊ ဓမ္မာနုပဿနာကမ္မဋ္ဌာန်းတို့ကို ပေါင်းစု၍ ရေးသားထားခြင်း ဖြစ်ပါသည်။

၄၁။ **မင်္ဂလသုတ်လက်စွဲ**။ ၁၀ ကြိမ်။ ရန်ကုန်၊ ဗုဒ္ဓဘာသာ ကလျာဏ ယုဝအသင်း၊ ၁၉၇၃။ ၂၄၀ စာ၊ ၁၈ စင်တီ။

သိကြားမင်း စေလွှတ်လိုက်သော တမန်တော်နတ်သား သည် မြတ်စွာဘုရားထံ ချဉ်းကပ်၍ မင်္ဂလာတရားတော် တို့ကို ဟောကြားတော်မူပါဟု လျှောက်ထားသောကြောင့်

'အသေဝနာ စဗာလာနံ' လူမိုက်တို့ကို မပေါင်းဖော်ရခြင်းသည် မင်္ဂလာမည်၏ဟု အသေဝနာ စ ဗာလာနံ အစထားကာ (၃၈) ပါးသော မင်္ဂလသုတ်ကို ဥပမာ၊ ဝတ္ထုတို့ဖြင့် တန်ဆာဆင် ရေးသားထားပါသည်။

၄၂။ **မေတ္တသုတ်မြန်မာဋီကာ။** ၂ ကြိမ်။ ရန်ကုန်၊ ဝေဒစာပေ၊ ၁၉၈၈။ ၁၂၇ စာ၊ ဓာတ်ပုံ၊ ၁၈ စင်တီ။

မြတ်စွာဘုရားသည် ဟိမဝန္တာတောအုပ်၌ သီတင်းသုံးနေတော်မူကြသော ရဟန်းငါးရာတို့ကို ရုက္ခစိုးနတ်များက ခြောက်လှန့်ခြင်းကို အကြောင်းပြု၍ မေတ္တသုတ်တရားတော်ကို ဟောကြားတော်မူခဲ့သည်။ မြတ်စွာဘုရားဟောကြားတော်မူခဲ့သော မေတ္တသုတ်တော်ကို မေတ္တသုတ်မြန်မာဋီကာ၊ မေတ္တသုတ်ပါဠိတော်၊ မေတ္တသုတ်ပါဠိတော်မြန်မာပြန်၊ မေတ္တသုတ်ကို ရွတ်ဖတ်ရသော ကောင်းကျိုးကျေးဇူးတို့ကို ဥပမာ၊ ပုံဝတ္ထုများဖြင့် ပြည့်စုံစွာ ဖော်ပြထားပြီး မေတ္တသုတ်ပါဠိတော်ပါ ဂါထာဆယ်ပုဒ်ကို ပထမဂါထာမှစ၍ အဆုံးတိုင်အောင် အဓိပ္ပာယ်ပြည့်စုံစွာ ရှင်းလင်းဖော်ပြထားပါသည်။

၄၃။ **မြန်မာ အလင်္ကာကျမ်း။** ရန်ကုန်၊ သူရိယသတင်းစာတိုက်၊ ၁၉၃၀။ "- - -"။ ၂ ကြိမ်၊ ရန်ကုန်၊ သင့်ဘဝပုံနှိပ်တိုက်၊ ၁၉၇၅။ ၃၀၀ စာ၊ ဓာတ်ပုံ၊ ၁၈ စင်တီ။

စကားပြောဆိုရာ၌ လည်းကောင်း၊ စာပေ ရေးသားရာ၌ လည်းကောင်း သီကုံးဖွဲ့နွဲ့ရာ၌ လည်းကောင်း အပြစ်ဒေါသကင်းစင်၍ လျောက်ပတ်တင့်တယ်အောင် အလင်္ကာတို့ဖြင့် တန်ဆာဆင်တတ်စေရန် ရှေးရှေးဆရာတို့၏ နည်းစနစ်များကို နာယူ ကြည့်ရှု မှတ်သား လေ့လာနိုင်စေရန် အပိုင်း (၄) ပိုင်းခွဲ၍ ဖော်ပြထားပါသည်။ ဒေါသအဖြေ၊ ဂုဏ်၊ ရသတို့ကို ဖွင့်ဆိုရာ၌ ပါဠိကို တတ်နိုင်သမျှ ရှောင်၍

စပ်ရာအပိုင်းတို့၌ ပျို့၊ ကဗျာ၊ လင်္ကာ စသည်တို့လာ ပြယုဂ်တို့ကို ထုတ်နှုတ်ကိုးကား၍ မြန်မာဘာသာဖြင့် ရှင်းလင်း ဖော်ပြထားပါသည်။ ပထမပိုင်းတွင် ဒေါသနှင့် ဒေါသအဖြေကို လည်းကောင်း၊ ဒုတိယပိုင်းတွင် သဒ္ဒါ လင်္ကာရကို လည်းကောင်း၊ တတိယပိုင်းတွင် အတ္ထာ လင်္ကာရကို လည်းကောင်း၊ စတုတ္ထပိုင်းတွင် ရသဘာဝဟူ၍ လည်းကောင်း လေးပိုင်းခွဲ၍ ရေးသားထားပါသည်။

၄၄။ **ယုဝေါဝါဒဆုံးမစာ**။ ရန်ကုန်၊ ဟံသာဝတီပုံနှိပ်တိုက်၊ ၁၉၆၄။ ပ၊ ၇၉ စာ၊ ၁၈ စင်တီ။

ယုဝေါဝါဒဆုံးမစာ ဆိုသည်မှာ ယုဝေါဝါဒဟူသော ပါဠိနှင့် ဆုံးမစာဟူသော မြန်မာဝေါဟာရတို့ကို ပေါင်းစပ်ထားသော အမည်ဖြစ်သည်။ ယုဝေါဝါဒ ဟူသော ပါဠိသည်လည်း ယုဝနှင့် ဩဝါဒဟူသော စကားနှစ်ရပ်ကို ပေါင်းစပ်ထားခြင်း ဖြစ်သည်။ ယုဝ=လူငယ်လူရွယ်တို့ကို+ဩဝါဒ=ဆုံးမခြင်းဟု အနက်ရသည်။ လောကတွင် ပညာသည် ဘုရင်တစ်ဆူဟု ဆိုရလောက်အောင် တန်ခိုးကြီးပုံ၊ လူဆိုး၊ သူခိုး၊ ဓားပြတို့ခိုးယူ၍မရနိုင်ပုံ၊ ပညာရှိသူသည် ရောက်ရာဘဝတွင် ချီးမွမ်းခြင်း ခံရကြောင်း၊ မဟုတ်မမှန်သော စကားကို ပြောဆိုခြင်းသည် မသူတော်တို့၏ လက္ခဏာဖြစ်ကြောင်း၊ မှန်သောစကားကို ပြောဆိုခြင်းသည် သူတော်ကောင်းတို့၏ လက္ခဏာဖြစ်ကြောင်း၊ ပညာရှိသူတော်ကောင်းကို ပေါင်းဖော်ဆည်းကပ်ပြီး မသူတော်တို့ကို ရှောင်ကြဉ်သင့်ကြောင်း၊ အကျိုးပေးနိုင်သော အချက်အလက်များ ရှိသော်လည်း ကံ၊ ဉာဏ်၊ ဝီရိယ မရှိဘဲ မေ့လျော့ပါက မိမိအကျိုးယုတ်နိုင်ကြောင်း၊ ကံ၊ ဉာဏ်၊ ဝီရိယများကို မိမိသန္တာန်၌ ကိန်းအောင်ပြုလုပ်ပြီး မိမိ၏ စည်းစိမ်ဥစ္စာများကို စောင့်ရှောက်ကာ ချွေတာသုံးစွဲ၍ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းဖော်သင့်ကြောင်း

စသည်တို့ကို ဥပမာ၊ ဝတ္ထုတို့ဖြင့် လူငယ်လူရွယ်များသို့ ရည်ရွယ်ကာ ရေးသားထားပါသည်။

၄၅။ **ရွှေ့သွားမင်္ဂလာ**။ ၃ ကြိမ်။ ရန်ကုန်၊ စာပေပေါင်းကူးပုံနှိပ်တိုက်၊ ၁၉၈၈။ ၇၄ စာ။

ရွှေ့သွားမင်္ဂလာကျမ်းစာသည် ရွှေဟင်္သာဆရာတော်၏ကျေးဇူးရှင် ဆရာတော်တစ်ပါး ဖြစ်သည့် စံကျောင်းဆရာတော် ၁၉၂၀ ပြည့်၌ ရေးသားခဲ့သည့် မင်္ဂလာလင်္ကာကို စကားပြေဖြင့် ပြန်ဆိုရေးသားထားသော ကျမ်းစာ ဖြစ်သည်။ နိဒါန်း၌ ၄င်းလင်္ကာ၏ အဓိပ္ပာယ်ကို ကျဉ်းကျဉ်းနှင့် ပေါ်လွင်အောင် သူငယ်များ နားလည်ကြရန် ရေးသားခြင်း ဖြစ်သည်။ ကျမ်းစာကို လိုရင်းတိုရှင်းမျှသာ ရေးသားထားသည်။ မလိုအပ်သည့်နေရာ၌ ကဗျာ၏ အဓိပ္ပာယ်ကို အကျဉ်းမျှသာ ဖော်ပြထားသည်။ မင်္ဂလာတရား ဟောကြားရပုံနှင့် ဆက်၍ အဋ္ဌကထာများတွင် အကျယ်တဝင့်ဖွင့်ပြသည်ကို ဆရာတော် သိရှိသည်ဖြစ်၍ မလိုအပ်သဖြင့် မချဲ့ထွင်ခြင်းဟု ယူဆရသည်။ သို့ရာတွင် လိုအပ်သည့်နေရာတွင်ကား လင်္ကာ၏ အဓိပ္ပာယ်ကိုသာမက မှတ်စုမှတ်ရာ ပုံဝတ္ထုကိုလည်း အရှင်းဆုံး၊ အကျဉ်းဆုံး ဖော်ပြထားသောစာအုပ် ဖြစ်ပါသည်။

၄၆။ **ရွှေကျင်နိကာယသာသနာဝင်အကျဉ်းနှင့် ရွှေကျင်ဆရာတော်ဘုရားကြီး၏ ဩဝါဒကထာများ**။ ၂ကြိမ်။ ရန်ကုန်၊ ဘိုးရာဇာ ပုံနှိပ်တိုက်၊ ၁၉၈၈။ တ၊ ၃၈၇ စာ၊ ဓာတ်ပုံ၊ ၂၄ စင်တီ။

ရွှေကျင်နိကာယသာသနာဝင်အကျဉ်းစာအုပ်ကို ဒုတိယအကြိမ်ရိုက်နှိပ်ရာ၌ ဆရာတော်သည် ခေတ်ကာလနှင့် ပုဂ္ဂိုလ်၏ အလိုဆန္ဒအားလျော်စွာ လိုအပ်သည်ကို မြင်ဆင်၍ ဝါကျအနေအထား ချောမောသည်ထက် ချောမောအောင် ပြုပြင်၍လည်းကောင်း၊ ပြင်ဆင်သင့်သည်ကို ပြင်ဆင်၍

ရေးသားထားပြီး နောက်ပိုင်းတွင် ရွှေကျင်ဆရာတော်ကြီး၏ ဩဝါဒကထာများကိုလည်း ထည့်သွင်းရေးသားဖော်ပြထား ပါသည်။

၄၇။ **ရွှေကျင်နိကာယ သာသနာဝင်အကျယ်နှင့် အလုံမြို့ဥပဒေ၊ မိုးကောင်း တိုက်ဥပဒေ၊ သီလဝိသောဓနီ၊ ဝဋ္ဋနာဒီပနီ။** ရန်ကုန်၊ ဗုဒ္ဓသာသနာအဖွဲ့ပုံနှိပ်တိုက်၊ ၁၉၆၃။ ဘ၊ ၆၃၅ စာ၊ ဓာတ်ပုံ၊ ၂၄ စင်တီ။

ရွှေကျင်နိကာယသာသနာဝင်အကျယ် စာအုပ်တွင် ပထမပိုင်း၊ ဒုတိယပိုင်း၊ နောက်ဆက်တွဲ ဟူ၍ သုံးပိုင်းခွဲ၍ ရေးသားထားပါသည်။ ပထမပိုင်းတွင် သာသနာဝင် အကျဉ်းချုပ်၊ မဇ္ဈိမဒေသ၊ ပထမ၊ ဒုတိယ၊ တတိယသင်္ဂါ ယနာတင်ခြင်းက စ၍ သထုံ၊ ပုဂံ၊ ကူးခန်းကြီး၊ ဒီပဲယင်း၊ ရွှေဘိုသာသနာဝင်တို့ကိုလည်းကောင်း၊ ဒုတိယပိုင်းတွင် ရွှေကျင်ဆရာတော်ကြီး၊ တောင်တော်သာသနာပိုင် ဆရာတော်ကြီး၊ မဟာဝိသုဒ္ဓါရာမဆရာတော်ကြီး အစ ရှိသော ဆရာတော်များအကြောင်းနှင့် နောက်ဆက်တွဲအဖြစ် အလုံမြို့ဥပဒေ၊ မိုးကောင်းတိုက်ဥပဒေ၊ သီလဝိသောဓနီ၊ ဝဋ္ဋနာဒီပနီတို့ကို ရေးသားထားပါသည်။

၄၈။ **ရွှေဟင်္သာဆရာတော်ကြီး၏ အတ္ထုပ္ပတ္တိအကျဉ်းနှင့် ပဒေသာဆုံးမစာ များ၊ လူမင်းနတ်မင်း ဦးညွှတ်ခြင်း။** ရန်ကုန်၊ သာသနာရေး ဦးစီးဌာန၊ ၁၉၇၉။ ၁၂၀ စာ၊ ဓာတ်ပုံ၊ ၁၉ စင်တီ။

ဆရာတော်ကြီးမွေးဖွားသည်မှ ငယ်စဉ်ဘဝ၊ စာသင် သားဘဝ၊ ရဟန်းငယ်ဘဝ၊ ရွှေဟင်္သာဆရာတော်ကြီး ဖြစ်လာပုံ၊ ထူးခြားဖြစ်စဉ်များ၊ ရေးသားခဲ့သော ကျမ်းစာ အမည်များ၊ စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာတိုက်သစ်ကျောင်း၌ ရှင်သာမဏေများ နေ့စဉ်ရွတ်ဖတ်ရသော ရှစ်လုံးဘွဲ့ ကဗျာနှင့် မေတ္တာပို့စာပိုဒ်များ၊ ရွှေဟင်္သာတိုက်သစ် မြောက်

ဘက် တံတိုင်းနံရံတွင် ကျောက်စာဖြင့် ရေးသားထားသော စာများ၊ လူသားတို့၏ ယုံကြည်ကိုးကွယ်မှုအပေါ် ရှိခိုးခြင်း အမျိုးမျိုးအကြောင်းကို စုံလင်စွာ ရေးသားထားပါသည်။

၄၉။ **ရွှေဟင်္သာတိုက်သစ်ကျောင်းတိုက် စည်းမျဉ်းဥပဒေ။** စစ်ကိုင်း၊ ရွှေဟင်္သာသာသနာစောင့်ရှောက်ရေးအဖွဲ့၊ ၁၉၈၀။ ၂၀ စာ၊ ၁၉ စင်တီ။

ရွှေဟင်္သာတိုက်သစ်ကျောင်းတိုက်ကြီး အစွန့်ရှည် တည်တံ့ရေး၊ သီတင်းသုံးနေထိုင်တော်မူကြသော သံဃာတော်များ၏ ပစ္စည်းလေးပါး ပြည့်စုံရေး၊ စည်းကမ်းတကျ နေထိုင်ရေး၊ သာသနာစောင့်ရှောက်ရေး ဝေယျာဝစ္စအဖွဲ့ ဖွဲ့စည်းရခြင်း၏ ရည်ရွယ်ချက်၊ အလုပ်အမှုဆောင်၊ ဂေါပက၊ နာယက၊ ဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌ၊ ငွေထိန်းလူကြီး၊ အကျိုးတော်ဆောင် စာရင်းစစ်များ လုပ်ဆောင်လိုက်နာရမည့် စည်းမျဉ်းဥပဒေများကို ရေးသားထားပါသည်။

၅၀။ **လူမင်းနတ်မင်း ဦးညွှတ်ခြင်း။** မန္တလေး၊ သုခဝတီ စာပေတိုက်၊ ခုနှစ်မပါ။ ၂၀ စာ၊ ၁၇ စင်တီ။

မြတ်စွာဘုရားသည် ကိုယ်တော်တိုင် အမှန်တရားကို သိမြင်တော်မူခြင်း၊ ကောင်းစွာသော တရားတော်များကို ဟောကြားခြင်း၊ တပည့်သံဃာတော်များသည် ကောင်းမြတ်သော အကျင့်ရှိတော်မူခြင်း အစရှိသော ဂုဏ်တော်တို့နှင့် ပြည့်စုံတော်မူခြင်းကြောင့် ကောသလမင်းကြီးသည် မြတ်စွာဘုရားအား ရှိခိုးကန်တော့ပုံ၊ နတ်တို့၏ ဘုရင်ဖြစ်သော သိကြားမင်းသည် သံဃာတော်များ၊ လူသူတော်ကောင်းများကို ရှိခိုးသည်ကိုမြင်၍ နောက်တော်ပါ မာတလိနတ်သား မေးမြန်းသည်ကို သိကြားမင်းက ပြန်လည်ဖြေကြားထားပုံတို့ကို ရေးသားထားပါသည်။

၅၁။ **လေးမျက်နှာမြို့သို့သွားသော ခရီးသွားမှတ်တမ်း။** ရန်ကုန်၊ ရွှေဟင်္သာ ဆရာတော်ဘုရားကြီး စာပေဖြန့်ချိထုတ်ဝေရေး၊ ၁၉၈၉။ ၄၀ စာ၊ ဓာတ်ပုံများ၊ ၂၅ စင်တီ။

ဆရာတော်ကြီးသည် မိမိမွေးဖွားရာဖြစ်သော လေးမျက်နှာမြို့ကို အစဉ်အမြဲ သတိရတော်မူသည့်အတိုင်း လေးမျက်နှာမြို့နယ်အတွင်းရှိ သာသနာ့ဝန်ထမ်း ရဟန်းသံဃာ အပါး (၁၃၀) ကျော်တို့ကို တရားသဖြင့်ရရှိသော သင်္ကန်း အစရှိသည့် ပစ္စည်း၊ ဝတ္ထုတို့ကို ချီးမြှင့်လိုသည့် ဆန္ဒကြောင့် စတုတ္ထအကြိမ် လေးမျက်နှာမြို့သို့ သွားရောက် လှူဒါန်းစဉ် တွေ့ကြုံသမျှအားလုံးကို မှတ်တမ်းတင် ရေးသားထားခြင်း ဖြစ်ပါသည်။

၅၂။ **ဝိနယမဟာဝဂ္ဂပါဠိတော် မြန်မာပြန်။** ရန်ကုန်၊ သာသနာရေးဦးစီးဌာန၊ ၁၉၇၈။ ၈၁၉ စာ၊ ၂၅ စင်တီ။

ဝိနယမဟာဝဂ္ဂကျမ်းစာသည် ဝိနည်းငါးကျမ်းတို့တွင် ပထမဦးဆုံးကျမ်းဖြစ်သည့် မဟာဝဂ္ဂပါဠိတော်ကျမ်းကို သာသာပြန်ထားခြင်းဖြစ်ပြီး သာသနာ့ဝန်ထမ်း ရှင်ရဟန်းတို့ မုချဖြည့်ကျင့်ရမည့် အာဘိသမာစာရိက အမွှမ်းတင်သီလဖြစ်သော ကျင့်ဝတ်တရားတို့ကို ဖော်ပြသည့် ကျမ်းစာ ဖြစ်သည်။ လူဝတ်ကြောင် ဒါယကာ၊ ဒါယိကာမ တို့အား ရဟန်းတော်များ၏ ကျင့်ဝတ်၊ ဝိနည်းကို ကိုယ်တိုင် သိကြ၍ ရဟန်း၊ သံဃာတို့အပေါ်၌ ပိုမိုလေးစား ညွတ်တွားရှိသေ၊ စေတနာ သဒ္ဓါထက်သန်ကာ မြတ်ဗုဒ္ဓ၏ သာသနာတော်ကြီး ကို အားပေးချီးမြှောက်နိုင်လျက် သံသရာဝဋ်ဆင်းရဲမှ ကျွတ်လွတ်ရာ ကုသိုလ်တရားတို့ကိုရရှိ၍ ဒုက္ခခပ်သိမ်းငြိမ်းအေးရာ မဟာနိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ကြစေခြင်း အကျိုးငှာ လည်းကောင်း၊ ရဟန်း၊ သံဃာတော်တို့ မုချ ဖြည့်ကျင့်ရမည့် အာဘိသမာစာရိက အမွှမ်းတင်သီလဖြစ်သော အကျင့်တရား၊ ဝိနည်းတို့ကို လေးစားတတ်အောင် ရေးသားထားပါသည်။

၅၃။ **ဝေဒနာနုပဿနာ**။ ရန်ကုန်၊ အရှင်သူရိယ၊ ၁၉၇၅။ ၁၀၆ စာ၊ ဓာတ်ပုံ၊ ၁၈ စင်တီ။

" - - -"။ စစ်ကိုင်း၊ ရွှေဟင်္သာဆရာတော်ဘုရားကြီး စာပေဖြန့်ချိထုတ်ဝေရေး၊ ၁၉၉၂။ ၁၀၆ စာ၊ ၁၇ စင်တီ။

ဝေဒနာနုပဿနာဆိုသည်မှာ မိမိ၏ ခန္ဓာကိုယ်အတွင်း၌ ဖြစ်ပေါ်နေသော အကောင်းအဆိုးနှစ်တန် အလယ်အလတ်အားဖြင့် သုံးမျိုးသောဝေဒနာများကို အသိပညာ ရှေ့သွားပြု၍ လေ့လာရှုမှတ်ခြင်း ဖြစ်သည်။ ကျမ်းစာတွင် ဦးစွာ ဝေဒနာ ၂ ပါး၊ ၃ ပါး၊ ၅ ပါး၊ ၆ ပါး၊ ၁၈ ပါး၊ ၃၆ ပါး၊ ၁၀၈ ပါး၊ ရူပကမ္မဋ္ဌာန်းနှင့် အရူပကမ္မဋ္ဌာန်းတို့ကို ရှင်းလင်းဖော်ပြထားသည်။ ဒီဃနိကာယ်၊ မဟာဝဂ္ဂပါဠိတော်၊ သက္ကပဉ္စသုတ်လာ ဘုရားရှင်နှင့် သိကြားမင်းတို့ အမေးအဖြေပြုပုံ၊ မဇ္ဈိမနိကာယ်၊ ရဋ္ဌပါလသုတ်လာ အရှင်ရဋ္ဌပါလထေရ်၏ဝေဒနာနှင့် စပ်လျဉ်း၍ ရဟန်းအဖြစ်သို့ ရောက်ရှိပုံ ဝေဒနာနုပဿနာအကြောင်းကို ရှုပုံရှုနည်းများနှင့်တကွ ပိဋကတ်တော်လာ ဓာတ်ကွက်၊ ဓာတ်လမ်းများကို ထုတ်ဖော်၍ ရှင်းလင်းဟောကြားထားပြီး နောက်ဆုံး၌ နာမည်ကျော် အနတ္တလက္ခဏာသုတ်တော်လာ ဝေဒနာခေါ် ခံစားခြင်းသည် အတ္တမဟုတ်သဖြင့် စိုးပိုင်ခြင်း၊ မိမိ အလိုသို့လိုက်ခြင်း မရှိကြောင်းကို အနတ္တဝေဒနာဖြင့် ဖော်ပြထားသည်။

၅၄။ **သာသနာရေးတရားတော်**။ ၂ ကြိမ်၊ မန္တလေး၊ သုခဝတီစာပေတိုက်၊ ခုနှစ်မပါ။ ၄၈ စာ၊ ဓာတ်ပုံ၊ ၁၉ စင်တီ။

ပရိယတ္တိသာသနာ၊ ပဋိပတ္တိသာသနာ၊ ပဋိဝေဓသာသနာဟူ၍ သာသနာတော်သုံးရပ်တွင် ပရိယတ္တိသာသနာတည်မှသာလျှင် မှန်ကန်သော ပဋိပတ္တိသာသနာ တည်ရှိနိုင်ကြောင်း၊ မှန်ကန်သော ပဋိပတ္တိသာသနာကို အားထုတ်မှသာလျှင် ပဋိဝေဓသာသနာသို့ ဆိုက်ရောက်နိုင်ကြောင်းကို ဖော်ပြထားသည်။ သို့ဖြစ်၍ သာသနာတော်

သုံးရပ်တွင် ပရိယတ္တိသာသနာသည် အရေးကြီးဆုံး ပဓာန ဖြစ်ကြောင်းကို ဆရာတော်ကြီးသည် သစ်ပင်၊ သစ်မြစ် ဥပမာ၊ ရေကန်ဘောင်ဥပမာဟူ၍ ဥပမာနှစ်ရပ်နှင့် ဖော်ပြ ထားသည်။ ပုဂံခေတ်၌ ရှင်အရဟံအကြောင်း၊ အင်းဝခေတ်၌ ရေငုံဆရာတော်၊ တိလောကဂုရုဆရာတော်၊ မျက်မှောက် ခေတ်၌ ရဟန္တာဟုထင်ရှားသော ဘုန်းတော်ကြီး ဦးသီလ၊ မဟာဒွါရဂိုဏ်းမှ နူတ်ခမ်းမွေးဆရာတော်တို့သည် ပရိယတ် ကို အခြေခံ၍ ပဋိပတ်ကို ဟောကြား ကျင့်ကြံခဲ့ကြသဖြင့် ယနေ့တိုင် သာသနာတော်ကြီး ပွင့်လန်းစည်ပင်နေပုံတို့ကို လည်း ဖော်ပြထားသည်။ အထူးသဖြင့် မင်းတုန်းမင်း လက်ထက်၌ ထင်ရှားခဲ့သော သီးလုံးဆရာတော်နှင့် အရှင် ခေမာထေရ်တို့ အကြောင်းမှာ စိတ်ဝင်စားဖွယ် ကောင်းလှ သည်။ ထို့ပြင် သာသနာအဓွန့်ရှည်ကြောင်းနှင့် စပ်လျဉ်း၍ မှတ်သားလိုက်နာသင့်သော အချက်များ၊ ပုညကြိယာဝတ္ထု ဆယ်ပါးအကြောင်းတို့ကို မကျဉ်းမကျယ် ဟောကြားတော် မူ၍ ဘဝဒုက္ခ၏ ဆင်းရဲပုံတို့ကို ရှုမြင်ကြကာ ပြုလုပ်သမျှ ကုသိုလ်ကောင်းမှုအတွက် နိဗ္ဗာန်ကိုသာ အာရုံပြု ဆုတောင်း ကြသင့်ကြောင်း သာသနာတော်နှင့် ပတ်သက်၍ မှတ်သား လိုက်နာဖွယ်ရာ အနှစ်သာရများကို ဥပမာ၊ ပုံ၊ ဝတ္ထု စုံလင်စွာဖြင့် သတိပေး ဟောကြားထားသော တရားတော် ဖြစ်ပါသည်။

၅၅။ **သာသနာရေးတရားတော်နှင့် ပဒေသာဆုံးမစာများ။** မန္တလေး၊ သုခဝတီပုံနှိပ်တိုက်၊
"- - -"။ ၂ ကြိမ်၊ ရန်ကုန်၊ စာပေလောကစာအုပ်တိုက်၊ ၁၉၇၄။ ၆၉ စာ၊ ၁၈ စင်တီ။

သာသနာရေး တရားတော်စာအုပ်နှင့် ပဒေသာဆုံးမစာ များကို (၂)အုပ်ပေါင်း ထုတ်ဝေထားခြင်း ဖြစ်ပါသည်။

၅၆။ **သက်တော်ရှည်ရွှေဟင်္သာဆရာတော်ကြီး၏ ဩဝါဒကထာ။** စစ်ကိုင်း၊ ကိုးဘွဲ့ရဆရာတော်၊ ၁၉၉၄။ ၁၁ စာ၊ ၁၇ စင်တီ။

သက်တော်ရှည် ရွှေဟင်္သာဆရာတော်ကြီးသည် ကျောင်းတိုက်ရှိ သံဃာတော်များနှင့် ဒါယိကာ၊ ဒါယိကာမတို့အား ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစေခြင်းငှာလည်းကောင်း၊ သာသနာတော် ထွန်းလင်းတောက်ပကာ၊ သာသနာတော်ကို ပစ္စည်းလေးပါးဖြင့် ချီးမြှင့်ကြသော သာသနာပြု ဒါယကာ၊ ဒါယိကာမများ ကုသိုလ်တရား တိုးပွားစေခြင်းငှာ လည်းကောင်း ရည်ရွယ်၍ ဥပုသ်နေ့တိုင်း ညဘုရား ဝတ်ပြုအပြီး ပေးသော ဩဝါဒများကို မှတ်တမ်း၊ မှတ်စုထုတ်၍ စုစည်းထားသောစာအုပ်ဖြစ်ပါသည်။

၅၇။ **သိမ်အောင်စာတမ်း**

သိမ်သမုတ်ပွဲနှင့် စပ်လျဉ်း၍လည်းကောင်း၊ သိမ်သမုတ်ခြင်းနှင့် စပ်လျဉ်း၍လည်းကောင်း၊ မှတ်တမ်းအထိမ်းအမှတ် သဘောတရားကို ဆိုလိုသော ပါဠိဂါထာတို့နှင့်အနက် မြန်မာဘာသာဖြင့် ရေးသားထားသော စာတမ်းဖြစ်သည်။ ဤစာတမ်း၌ ဘုရားရှိခိုးခြင်း၊ သိမ်သမုတ်ခြင်းအစီအစဉ်၊ သိမ်သမုတ်ပွဲ အောင်မြင်ခြင်းတို့နှင့် ဝမ်းမြောက်ကြောင်း သဘောတရားတို့ပါဝင်သည်။

၅၈။ **အဘိဓဇမဟာရဋ္ဌဂုရု ရွှေဟင်္သာဆရာတော်ဘုရားကြီး ဩဝါဒကထာ။** ရန်ကုန်၊ မျိုးညွန့် ပုံနှိပ်တိုက်၊ ၁၉၈၂။ ၂၀၄ စာ၊ ဓာတ်ပုံ၊ ၁၈ စင်တီ။

ဗုဒ္ဓဝန္ဒနာကထာ၊ ဓမ္မဝန္ဒနာကထာ၊ သံဃဝန္ဒနာကထာ၊ ပကိဏ္ဏက အနုသာသနကထာ၊ ဓမ္မစကြာဒေသနာကထာကို့မှ အစပြု၍ ရွှေဟင်္သာတောရကျောင်းတိုက် နှစ် (၈၀)ပြည့် စာစောင်၊ ဝိနည်းစာပြန်ပွဲများ၊ ဂိုဏ်းပေါင်းစုံသံဃာအစည်းအဝေးပွဲများ၊ ကျောင်းရေစက်ချပွဲများ၊ အရှင်ဝိစိတ္တသာရာ

ဘိဝံသ၏ တိပိဋကရေ(၂၅)နှစ်မြောက် ငွေရတုသဘင် အခရှိသည်တို့၌ ရွှေဟင်္သာဆရာတော်ကြီး ဟောကြား၊ ရေးသားတော်မူခဲ့သောဩဝါဒကထာ(၃၅)ပုဒ်ကို ဦးမိုးမြင့် (သ·စ·အမွှာစရိယ)က စုဆောင်းပေးပြီး ထုတ်ဝေထားခြင်း ဖြစ်သည်။

၅၉။ **အမတဂါမိနီတရားတော်။** ရန်ကုန်၊ ဝေဒစာပေ၊ ၁၉၈၈။ ၈၄ စာ၊ ဓာတ်ပုံ၊ ၁၉ စင်တီ။

"- - -"။ ၂ကြိမ်။ ရန်ကုန်၊ ရွှေဟင်္သာဆရာတော်ဘုရားကြီး၏ စာပေ၊ ၁၉၉၁။ ၈၄ စာ၊ ဓာတ်ပုံ၊ ၁၈ စင်တီ။

အမတဂါမိနီ တရားတော် ကျမ်းစာ နိဒါန်းပိုင်း၌ ဆရာတော်သည် ဒုက္ခအပေါင်းတို့မှ ငြိမ်းအေးလွတ်မြောက်ရာဖြစ်သော မသေရာနိဗ္ဗာန်သို့ သွားရာသွားကြောင်းဟု ဆိုအပ်သောတရားသည် အမတဂါမိနီတရားတော်ဖြစ်ကြောင်းကို ဖော်ပြထားပါသည်။ အန္ဓပုထုဇဉ်၊ ကလျာဏပုထုဇဉ်ဟူ၍ နှစ်မျိုးရှိကြောင်း ဟောတော်မူခဲ့သည်။ ရုပ်အပေါင်း ရုပ်ခန္ဓာ၊ နာမ်အပေါင်း နာမ်ခန္ဓာတို့ကို ကွဲပြားစွာ မသိ၊ ရုပ်၊ နာမ်တို့၏ အပြစ်ကို မရှုမြင်သော ပုထုဇဉ်သည် အန္ဓပုထုဇဉ်၊ ရုပ်၊ နာမ်ခန္ဓာတို့ကို သိမြင်သော ရုပ်၊ နာမ်ခန္ဓာတို့၏ အပြစ်ကိုရှုသော ရုပ်၊ နာမ်ခန္ဓာတို့ကို ရန်သူပမာကြောက်ရွံ့စက်ဆုပ်ရွံရှာသော ပုထုဇဉ်သည် ကလျာဏပုထုဇဉ် ဖြစ်သည်။ အန္ဓပုထုဇဉ်အဖြစ်မှ လွတ်၍ ကလျာဏပုထုဇဉ် ဖြစ်ကြစေရန် နာမရူပ ပရိစ္ဆေဒဉာဏ်၊ ပစ္စယပရိဂ္ဂဟဉာဏ်၊ ပရိညာဉာဏ်တို့ကို ခွဲခြမ်းစိတ်ဖြာ၍ ဖော်ပြထားပါသည်။ ရုပ်(၂၈)ပါးအကြောင်းကို အကျဉ်းဖော်ပြထားပြီးနောက် ခန္ဓာငါးပါးတို့နှင့် စပ်လျဉ်းသည့်တရားတို့ကို အနက်အဓိပ္ပာယ်ဖြင့် ရှင်းပြထားပါသည်။ ဒုတိယပိုင်းတွင် ပစ္စယပရိဂ္ဂဟဉာဏ်သည် အကြောင်းတရားတို့ကို သိမ်းဆည်းခြင်းကို သိသောဉာဏ်ဖြစ်ကြောင်း၊ ပရိညာဉာဏ် ဆိုသည်မှာ သိမြင်သောဉာဏ်ဖြစ်ကြောင်း နောက်ဆုံး

ပိုင်း၌ နိဗ္ဗာန်ချမ်းသာကို ဖော်ပြရာတွင် ရဟန္တာပုဂ္ဂိုလ်တို့ လက်ရှိရရှိသည့် ချမ်းသာလေးမျိုးအကြောင်းကို ဝိပဿနာ တရားတော်သန့်သန့်အဖြစ် ရေးသားထားပါသည်။

၆၀။ **အမေရိကန် ခရီးသွားမှတ်တမ်း။** စစ်ကိုင်း၊ ရွှေဟင်္သာတိုက်သစ်၊ ၁၉၉၃၊ ၁၆၂ စာ၊ ဓာတ်ပုံများ၊ ၂၈ စင်တီ။

ဆရာတော်ကြီးကို စက်ာပူသို့ကြွရန် ပင့်ဖိတ်ဖူးသော ဦးတင်ထွန်း၏ပင့်ဖိတ်မှု၊ သီတဂူဆရာတော်၏ စီစဉ်မှုတို့ကြောင့် အမေရိကန်သို့ ကြွရောက်ခဲ့ပုံ၊ အမေရိကန်နိုင်ငံ လော့(စ်)အင်ဂျလိ(စ်)မြို့ ဓမ္မောဒယဝိဟာရကျောင်းပူဇော်ပွဲ၊ အရိုဇာမြို့ ဗြဟ္မာ့ဝိဟာရကျောင်း ရာပြည့်အကြိုပူဇော်ပွဲ၊ ဒေလီစီတီးမြို့ ဓမ္မာနန္ဒဝိဟာရကျောင်းပူဇော်ပွဲ၊ စံဟိုစေးမြို့ ကထာဂတတရားရိပ်သာပူဇော်ပွဲ၊ ဖော့မာယာမြို့ ဓမ္မသုခ ဝိဟာရကျောင်းပူဇော်ပွဲ၊ ဝါရှင်တန်မြို့ မင်္ဂလာရာမကျောင်း ပူဇော်ပွဲတို့ကို သွားရောက်ခဲ့ပုံ၊ တရားဓမ္မဟောကြားပြသ ခဲ့ပုံ၊ အမေရိကန်နိုင်ငံ ဓမ္မခရီးပြီးဆုံး၍ လော့(စ်)အင်ဂျ လိ(စ်)တွင် မျက်စေ့ခွဲစိတ်ကုသမှုခံယူပြီး မြန်မာပြည်သို့ ကောင်းစွာ ပြန်လည်ရောက်ရှိလာပုံတို့ကို မှတ်တမ်းဓာတ်ပုံ များဖြင့် ဝေဆာစွာ ဖော်ပြရေးသားထားပါသည်။

၆၁။ **အာစေရဝတ္တနာပျို့၊** ပုံမနှိပ်ဖြစ်၊ လက်ရေးမူမှာပင် ပျောက်ဆုံး၊ ပထမဆုံးကျမ်း

ညောင်တုန်းမြို့ ရွှေဟင်္သာတောရတိုက် စံကျောင်းဆရာတော် နှင့် တိုက်အုပ်ဆရာတော်တို့၏ သီလ၊ သမာဓိ၊ ပညာဂုဏ် များအပြင် တပည့်များအပေါ် မေတ္တာ၊ ကရုဏာ ကြီးမားတော် မူကြပုံ၊ လုံ့လဝီရိယ ထက်သန်စွာဖြင့် သာသနာပြု တော်မူပုံအလုံးစုံကို ပီပီပြင်ပြင်ဖွဲ့ဆိုထားခြင်း ဖြစ်ပါသည်။ (ရွှေဟင်္သာဆရာတော် ဘဝနှင့်စာပေအထွေထွေ၊ ဦးနန္ဒ မာလာဘိဝံသ)

၆၂။ **ဥပုသ်သည်လက်စွဲ**၊ ရန်ကုန်၊ ဟံသာဝတီပုံနှိပ်တိုက်၊ ၁၉၅၄။ ၆၈ စာ၊ ၁၈ စင်တီ။

ဥပုသ်လည်လက်စွဲကျမ်းစာအုပ်တွင် ပဏာမ၊ သီလ မတောင်းမီ ရှေးဦးစွာကန်တော့နည်း၊ ငါးပါး၊ ရှစ်ပါး၊ ဆယ်ပါးသီလ တောင်းခံ ဆောက်တည်နည်းနှင့် သိက္ခာပုဒ်များအကြောင်းကို မြန်မာစကားပြေဖြင့် ရှင်းလင်း ရေးသားထားပြီးနောက်တွင် သြကာသ ကန့်တော့ခန်းမှစ၍ ထိခြင်းငါးပါး ရှိခိုးပုံ၊ သရဏဂုံ၌ မှတ်သားဖွယ်များ၊ ပါဏာတိပါတ၊ အဒိန္နာဒါန၊ ကာမေသု၊ မုသာဝါဒ၊ သုရာမေရယ၊ ဝိကာလ၊ နစ္စဂီတ၊ မာလာဂန္ဓ၊ ဥစ္စာသယန၊ ဇာတရူပတို့၏ သိက္ခာပုဒ်များနှင့် စပ်လျဉ်း၍ မှတ်သားဖွယ်ရာများကို ရေးသားထားပါသည်။

၆၃။ **သြဝါဒကထာ**။ မန္တလေး၊ သုခဝတီပုံနှိပ်တိုက်၊ ၁၉၇၃။ ၁၁ စာ၊ ၁၉ စင်တီ။

စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာတိုက်သစ်၊ စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာချောင်၊ သပြေသာရွာ ရွှေဟင်္သာကျောင်း၊ မေမြို့ ရွှေဟင်္သာကျောင်းတို့၌ နေထိုင်ဆဲ နေထိုင်လတ္တံ့ဖြစ်သော တပည့်သံဃာများ လိုက်နာကျင့်သုံးရန်ဖြစ်သော အသင်းအပင်းမခွဲရန်၊ ခိုက်ရန်ဒေါသ မဖြစ်ပွားရန်၊ သူတော်ကောင်းပီပီ ညီညွတ်စွာ နေထိုင်ရန်၊ အင်္ဂါယတ်ထိုးခြင်း၊ ဗေဒင်ဟောခြင်း၊ ဆေးကုခြင်း၊ ကူးသန်းရောင်းဝယ်ခြင်း၊ ငွေတိုးပေးခြင်း၊ မာတုဂါမတို့နှင့် မသင့်တော်သော ဆက်ဆံရောနှောခြင်း၊ မိစ္ဆာအယူဝါဒတို့ကို ရှောင်ကြဉ်၍ ရှင်ရော လူပါ ကြည်ညိုဖွယ်ဖြစ်အောင် စောင့်စည်းထိန်းသိမ်းရမည် ဟူသော သြဝါဒများကို ရေးသားထားခြင်းဖြစ်ပါသည်။

# ပူးတွဲရေးသားသော ကျမ်းစာများ

**၆၄။ ဂဏာသမုဋ္ဌာပက ပထမရွှေကျင်ဆရာတော်ဘုရားကြီး၏ ဩဝါဒကထာ နှင့် ရွှေဟင်္သာဆရာတော်ကြီး၏ ဩဝါဒကထာ။** ၂ကြိမ်။ ရန်ကုန်၊ ဝေဒစာပေ၊ ၁၉၉၀။ ၉၆စာ၊ ဓာတ်ပုံ၊ ၁၂ စင်တီ။ "- - -"။ ၃ကြိမ်၊ စစ်ကိုင်း၊ ရွှေဟင်္သာ သာသနာ စောင့်ရှောက်ရေး အဖွဲ့။ ၂၀၀၁။ ၆၅ စာ၊ ဓာတ်ပုံ၊ ၁၆ စင်တီ။

ရဟန်း၊ ရှင်၊ လူ၊ ဒါယကာ၊ ဒါယိကာမများ၏ လောကီ၊ လောကုတ္တရာအကျိုးငှာ အလွယ်တကူ ကျက်မှတ် သိနားလည်စေရန် ပထမရွှေကျင် ဆရာတော်ကြီး ရေးသား ခဲ့သည့် ရှောင်ရှားသင့်သော ကျယ်ငါးပါး၊ များ၊ရှစ်ပါး၊ ကြမ်းကိုးပါးနှင့် ရစ်မသည် ဥအတွက် အသေခံသည်၊ စာမရီ သားကောင်သည် အမြီးအတွက် အသေခံသည်၊ ရဟန်းသည် သီလအတွက် အသက်အသေခံသည် အစရှိသော ဩဝါဒ (၁၉၈)ချက်၊ ရွှေဟင်္သာဆရာတော်ကြီး ရေးသားခဲ့သော ပညာ၊ ဝီရိယ၊ မေတ္တာ၊ ဝိပဿနာ အစရှိသော ဆုံးမစာ ပေါင်း (၃၀)ကျော်ကို စုစည်း၍ ထုတ်ဝေထားပါသည်။

**၆၅။ မေတ္တာသုတ်မြန်မာဋီကာ၊ ခန္ဓသုတ်မြန်မာဋီကာ၊ ထွင့်ခေါင်ဆရာတော် ဘုရားကြီး၏ ကမ္မဋ္ဌာန်းလင်္ကာများနှင့် ရွှေဟင်္သာဆရာတော် ဘုရားကြီး၏ ပဒေသာဆုံးမစာများ။** ရန်ကုန်၊ ဒေါ်သန်းမြင့်၊ ဒေါ်ကြည်ကြည်၊ ၁၉၉၅။ ၁၅၂ စာ၊ ဓာတ်ပုံ၊ ၂၁ စင်တီ။

မေတ္တာသုတ် မြန်မာဋီကာ၊ ခန္ဓသုတ် မြန်မာဋီကာ၊ ထွင့်ခေါင်ဆရာတော်ကြီး၏ ကမ္မဋ္ဌာန်းလင်္ကာများနှင့် ရွှေဟင်္သာဆရာတော်ကြီး၏ ပဒေသာဆုံးမစာများကို စုစည်း၍ ထုတ်ဝေထားခြင်း ဖြစ်ပါသည်။

၆၆။ **ရွှေဟင်္သာဆရာတော်ဘုရားကြီး၏ ပဒေသာဆုံးမစာများ၊ မဟာစည်ဆရာတော်၏ဗြဟ္မစိုရ်တရားတော်၊ သပြေသာဆရာတော်ဘုရားကြီး၏မေတ္တာအကျိုးရမည်သာ။** ၁၉၉၇။ ၁၀၆ စာ၊ ၂၁ စင်တီ။ (သံအမတ်ကြီး ဦးကျော်ဝင်း + ဒေါ်ကြည်ကြည်ချစ်မောင်မိသားစုက ဓမ္မဒါနပြုပါသည်။)

လူသားအားလုံး အသိပညာ တိုးပွား လိမ္မာစေရန် ရွှေဟင်္သာဆရာတော်ကြီး၏ ပဒေသာဆုံးမစာများ၊ မဟာစည်ဆရာတော်ကြီး၏ ဗြဟ္မစိုရ်တရားတော်၊ သပြေသာဆရာတော်ကြီး၏ မေတ္တာအကျိုးရမည်သာ စသော ဆုံးမစာနှင့် တရားတော်များကို စုစည်း ထုတ်ဝေထားခြင်း ဖြစ်ပါသည်။

## ဆရာတော်ဘုရားကြီး၏
## ဘဝနှင့်စာပေအပေါ် ဝေဖန်ရေးသားစာများ

### ကဗျာ၊ ရတု

၆၇။ စန္ဒာဇောတိ၊ အရှင်။ 'မဟာဝိဇာယန မွေးနေ့မင်္ဂလာ၌ ပူဇော်အပ်သော ပိဒ်စုံရတုမင်္ဂလာ ဩဘာစာ'။ **သက်တော် (၁၀၀)ပြည့် အဘိဇာတ ဂုဏပူဇာမင်္ဂလာ**၊ စာ ၁၉-၂၀။

စစ်ကိုင်းမြို့၊ စစ်ကိုင်းတောင်ရိုး အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊ ဂန္ထကာရက၊ ဂဏာစရိယ ရွှေကျင် သာသနာပိုင် ရွှေဟင်္သာဆရာတော်ဘုရားကြီး၏ သက်တော် ၁၀၀ပြည့် ဝိဇာယနမွေးနေ့မင်္ဂလာ၌ အရှင်စန္ဒာဇောတိ ပူဇော် အပ်သော ပိဒ်စုံရတုမင်္ဂလာဩဘာစာ ဖြစ်ပါသည်။

၆၈။ ''- - -''။ ''ရာပြည့်သဘင် ရွှေရည်လွှမ်းတဲ့ ရွှေနန်းသဇင်က ဖိတ်ခေါ်သံ။ **သက်တော် (၁၀၀)ပြည့် အဘိဇာတ ဂုဏပူဇာ မင်္ဂလာ**၊ စာ ၂၄။

''ရွှေဟင်္သာ ခေါင်ခေါင်ထက်၊
ပြောင်ပြောင်လက်နေသွင်၊
ရောင်ရောင်ယှက် ထေရ်အရှင်မှာ၊
ပြေတခွင် လွှန်ကဲ'' ဟု အစပြုရေးသားထားပါသည်။
နေအသွင်၊ လအသွင် ထွန်းလင်းတောက်ပသော ရွှေဟင်္သာ ဆရာတော် သည် သီလ၊ သမာဓိ၊ ပညာ ပြည့်စုံသော ရွှေကျင် သာသနာပိုင် ဆရာတော်တစ်ပါးဖြစ်ပြီး သက်တော် ရာပြည့်ပွဲကို ဆင်နွှဲပါတော့မည်ဟု ရေးသားထားပါသည်။

၆၉။ ဆန္ဒ၊ **မောင်။** ''ရွှေဟင်္သာတိုက်သစ်၏ အနှစ်သာရ''။ **ရွှေဟင်္သာတိုက်သစ် နှစ်(၅၀)မြောက် ရွှေရတုစာစောင်၊** စာ ၇၆။

''ရွှေဟင်္သာတိုက် သမိုင်းတွင်ခေါ်
ဧယျာတောင်တန်း မင်္ဂလမ်းရည်မျှော်
နှစ်ဖြာစုရ နေ့ညမွေ့လျော်
သိက္ခာမြတ် သုံးရပ်ကျင့်ပူဇော်'' ဟု အစပြု ရေးသားထားပါသည်။ စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာတိုက်ရှိ ဂုရုမထေရ်ကြီးထံတွင် တပည့်သံဃာ တစ်ရာကျော် ပညာသင်ကြားနေပါသည်။ သံဃာတော်များသည် မနက်အရုဏ်တွင် စီတန်းလှည့်လည်၍ ညီညီညာညာ စစ်ကိုင်းမြို့တွင်း လှည့်လည်ဆွမ်းခံကြွကြသည်။ ရွှေဟင်္သာကျောင်းတိုက်ကြီးသည် သစ်သီး၊ ပန်းမာလ်၊ ရေမီး၊ ကျောင်း၊ ဆေး စုံလင် ပြည့်စုံပါသည်။ ရွှေဟင်္သာဆရာတော်ကြီး သက်တော်ရာကျော် ရှည်စေရန် တပည့်များက လိုလားကြောင်းကို ရေးသားထားပါသည်။

၇၀။ နယဉ်။ ''ကြည်ညိုရာ''။ **ရွှေဟင်္သာတိုက်သစ် နှစ်(၅၀)မြောက် ရွှေရတုစာစောင်၊** စာ ဃ

''မြူ · · · · · ထူပါဘိ
ရှေ့ကြည့်မမြင်၊ နောက်မမြင်နှင့်
မမြင်ယာဝဲ၊ ပိန်းပိတ်ဆဲကို
လာဆဲလမ်းတွင်၊ ခြေလျင်ရှေ့တိုး
မြူကိုထိုးဖောက်၊ နှင်းပေါက်ကျပွဲ
လမ်းစိုရွှဲ၏'' ဟု အစပြုရေးသားထားပါသည်။ မြူနှင်းတို့ဖြင့် ပိန်းပိတ်အောင် မှောင်နေသောမနက်ခင်းတစ်ခုတွင် ဆွမ်းခံကြွလာသော ရှင်ရဟန်းတို့သည် ရွာအဝင်သို့ရောက်ရှိလာပါသည်။ တဖြည်းဖြည်းနှင့် မြူနှင်းတို့လွင့်ပါးသွားပြီး အဝါရောင်သင်္ကန်းနှင့်သပိတ်ကိုပိုက်၍ တည်ငြိမ်အေးချမ်းစွာ ဆွမ်းခံကြွလာသောရှင်ရဟန်းတို့ကို ကြည်ညိုသဒ္ဓါစိတ်ဖြင့် လက်စုံမိုး၍ ရှိခိုးဦးတင် ကြိုဆိုနေပုံကို ရေးသားထားပါသည်။

၇၁။ ပညာဇောတ၊ ဦး။ ''သက်တော်ရှည် ဆရာတော်ဘုရားကြီးအား ပူဇော်သက္ကာရပြုသော ထေရပ္ပတ္တိအကျဉ်း ထပ်တွန့် ၈၀ တေးထပ်''။ **ရွှေဟင်္သာဆရာတော်ဘုရားကြီး အရှင်ပဏ္ဍိတ ထေရ်၏ သက်တော်ရာပြည့်ပူဇော်ပွဲစာစောင်**၊ ၁၉၉၃၊ စာ ၆၃-၆၄။

'' - - - ''။ '' - - - ''။ **သက်တော် ၁၀၀ပြည့် အဘိဇာတ ဂုဏာပူဇာမင်္ဂလာ**၊ စာ ၂၀-၂၁။

စစ်ကိုင်းတောင်ရိုး၊ ရွှေဟင်္သာတိုက်သစ် အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ရွှေဟင်္သာဝံသ သံဃမဟာနာယကာဓိပတိ ရွှေကျင်သာသနာ ပိုင် သက်တော်ရှည် ဆရာတော်ဘုရားကြီး၏ထေရပ္ပတ္တိ အကျဉ်းနှင့် ထပ်တွန့် ၈၀ ပေါ်တေးထပ် ဖြစ်ပါသည်။

၇၂။ မော်ထွန်းအောင်။ ''ကန်တော့ပန်း''။ **ရွှေဟင်္သာတိုက်သစ် နှစ်(၅၀) မြောက် ရွှေရတုစာစောင်**၊ ၁၉၈၆၊ စာ ၆၇။

''မြတ်ဘုရား<br>
ဟောကြားဒေသနာ<br>
မှတ်ဖူးပါသည်'' ဟု အစပြု ရေးသားထားပါသည်။ မြတ်စွာဘုရား ဟောကြားသော ဒေသနာတော်များကို မှတ်သားဖူးပါသည်။ တောတောင်တွင် ဥဒေါင်းငှက်၏ တွန်ကျူးသံနှင့် အကသည် တောကိုလှစေသည်။ တောမြိုင် စိမ့်စမ်းအေားတွင် ဟင်္သာတို့သည် ကြည်လင်စွာ လှပသည်။ စစ်ကိုင်းတောင်ရိုးတွင် တုနှိုင်းမမီသော အလင်္ကာပန်းများ ဖြင့် ပွင့်လန်းနေသည့် ရွှေဟင်္သာ ဆရာတော်ကို စာရေးသူ သည် ရှိခိုးကန်တော့ပါကြောင်း ရေးသားထားပါသည်။

၇၃။ မျက်ရှင်၊ မောင်။ ''ဝိသိဋ္ဌဂုဏာထုထိပူဇာရစ်လုံးဘွဲ့ကဗျာ''။ **သက်တော်(၁၀၀)ပြည့်အဘိဇာတဂုဏာပူဇာမင်္ဂလာ**၊ စာ ၂၃။

''သုံးလူထွတ်ထား ဘုရားဒေသနာ

အမြတ်တကာ အမြတ် သုံးရပ်သာသနာ
အရှည်ခန့်လို့ တည်တံ့စေမှာ
ငါးထောင်မက ကာလသချ်ာ" ဟု အစပြု ရေးသား ထားပါသည်။ သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးပါးနှင့် ပြည့်စုံသော သာသနာအကျိုး သယ်ပိုး ဆောင်ရွက်သော ရွှေဟင်္သာဆရာတော်သည် သက်တော် (၁၀၀)ပြည့်မြောက် ကြောင်း၊ ပရိယတ္တိ ကြိုးစားသင်ယူကြသော ရွှေဟင်္သာ တိုက်သစ်ရှိ စာသင်သံဃာတော်တို့ကို သစ္စာလေးပါး၊ မဂ္ဂင် ရှစ်ပါးတရားတို့ကို ညွှန်ပြတော်မူ၍ မေတ္တာထား ဆုံးမ တော်မူသည့် ဆရာတော်ကြီး သက်တော်ရှည်စေရန် လက်စုံ မိုး၍ရှိခိုးကာ ဆုတောင်းပြုပါကြောင်း ရေးသားထားပါသည်။

၇၄။ ရေအေး၊ **မောင် (သီတဂူ)**။ "ဌာနဝေဖြာ ရွှေဟင်္သာ"၊ **ရွှေဟင်္သာ တိုက်သစ် နှစ်(၅၀)မြောက်ရွှေရတုစာစောင်**၊ ၁၉၈၆၊ စာ ၁၂။

"မင်းဝံစစ်ကိုင်း၊ တောင်တံတိုင်းဖြင့်
ရှေ့ဆိုင်း နောက်ဆွယ်၊ အံ့လောက်ဖွယ်ပင်
ကာကွယ်တန်းရပ်၊ မြေကြန်မြတ်၌" ဟု အစပြု ရေးသား ထားပါသည်။ စစ်ကိုင်း တောင်ရိုးတွင် ရွှေဟင်္သာကျောင်း သည် ကျောင်းတိုက်များ၊ လိုဏ်ဂူများ၊ နာရီစင်၊ ရေကန် တို့ဖြင့် ဖွံ့ဖြိုးဝေစည်၍ သံဃာတော်များ ပျော်မွေ့ရာကျောင်း ဖြစ်ပါသည်။ ကျောင်းတွင် သံဃာတော်များ ရှိသော်လည်း ဆူညံမှုမရှိ တိတ်ဆိတ် ငြိမ်သက်စွာ နေသောကြောင့် ရောက်ရှိလာသည့် ဧည့်ပရိသတ်တို့၏ရင်တွင် ရွှင်လန်း၍ အလှူဒါန စုပေါင်းပြုကြသည်။ ကျောင်းတိုက်၏ သာသနာ သည်လည်း နေလပမာ ထွန်းလင်းပါစေဟု ရေးသားထား ပါသည်။

၇၅။ ရွှေညာသား။ 'စစ်ကိုင်းတောင်မှ နေမင်းကြီး'။ **သက်တော် (၁၀၀) ပြည့် အဘိဓာတ ဝုဏ္ဏပူဇာ မင်္ဂလာ**၊ စာ-၂၄။

''ယုဂန္ဓိုရ်တောင်မှ အမှောင်ပယ်ခွင်း၊ ရှင်နေမင်းကြီး ပေါ်ထွန်းလေကာ၊ လင်းရောင်ဖြာသည်ဆိုပါလျှင်၊ အသင် ဘာမှပြောမည်မဟုတ်ပါ'' ဟု အစပြု ရေးသားထားပါ သည်။ ယုဂန်တောင်မှ နေမင်းကြီး ပေါ်ထွက်လာသကဲ့သို့ စစ်ကိုင်းတောင်တွင် နေမင်းကြီးကဲ့သို့ ထိန်ထိန်လင်းသည့် ရွှေဟင်္သာဆရာတော်ကြီးရှိကြောင်းကို ရေးသားထားပါသည်။

၇၆။ ရွှေမင်းသား(စစ်ကိုင်း)။ 'ဆရာတော်ဘုရားကြီးအား ဂုဏ်ပြု ပူဇာ ရတုပိုဒ်စုံ'။ **သက်တော်(၁၀၀)ပြည့် အဘိဓာတ ဂုဏပူဇာ မင်္ဂလာ**၊ စာ ၂၅။

ရွှေဟင်္သာကျောင်းတိုက်နှင့် ရွှေဟင်္သာ ဆရာတော်ကြီး အကြောင်း စပ်ဆိုထားသော ရတုပိုဒ်စုံ ဖြစ်ပါသည်။

၇၇။ ''- - -''။ 'ရာပြည့် ရှစ်ဆယ်ပေါ် (တေးထပ်) ကဗျာ'။ **သက် တော်(၁၀၀)ပြည့် အဘိဓာတဂုဏပူဇာမင်္ဂလာ**၊ စာ ၂၄။

''ရာပြည့် ရာကျော် ထေရ်ဆရာ သမဏ
နေပမာတမျှ အရောင်လင်းဖြာ
ဓေယျာစလ တောင်အဆင်းသာဝယ်
ချောင်ဟင်္သာခေါ် တိုက်တော်ကြီး'' ဟု အစပြုရေးသားထား ပါသည်။ စစ်ကိုင်းတောင်ရိုးရှိ ရွှေဟင်္သာကျောင်းတိုက်တွင် အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ရ ရွှေကျင် သာသနာပိုင် ရွှေဟင်္သာဆရာတော်ဘုရားကြီး၏ သက်တော် ရာပြည့်ပူဇော်ပွဲသဘင်ကျင်းပပါပြီဟု ရေးသားထားပါသည်။

၇၈။ ရွှေအုပ်သြ။ 'ရွှေကျင်သာသနာပိုင်' **သက်တော်(၁၀၀)ပြည့် အဘိ ဓာတ ဂုဏပူဇာမင်္ဂလာ**၊ စာအုပ်ကျောဖုံး။

''ပညာရွှေကြော ဝေဖြာကြွ
ရေဓလာတမျှ သီလဂုဏ်
နှစ်ထွေနှစ်ဝ ညီမျှစုံတယ်

ထေရဆရာပုံ ကန်တော်ကြီး
ကန်တော်ရေနှင့် ကြာတင့်ဟန်လို
ပမာသင့်တန်ပုံ ထုံးစံပြမှီး'' ဟု အစပြု ရေးသားထားပါသည်။ ပညာကြွယ်ဝ သီလပြည့်စုံ၍ သာသနာတော် တည်တံ့အောင် အားသွန်ကြိုးပမ်းဆောင်ရွက်သော ဘွဲ့သုံးဘွဲ့ ရရှိထားသော ရွှေကျင်သာသနာပိုင် ရွှေဟင်္သာဆရာတော်ကြီး ဟု ရေးသားထားပါသည်။

၇၉။ လှမိုး၊ ဗေယျာ။ ''ကြည်ညိုခြင်းအနန္တ''။ **သက်တော်(၁၀၀)ပြည့် အဘိဓာတ ဂုဏ ပူဇာမင်္ဂလာ၊** စာ ၂၅။

''မြစ်မင်းဧရာ ပတ်ကာဝိုင်း
ရှုလိုက်တိုင်း လွန်သာယာ
စစ်ကိုင်းတောင်တော်မှာ'' ဟုအစပြု ရေးသားထားပါသည်။ ဧရာဝတီမြစ်အနီး စစ်ကိုင်းတောင်ရိုးရှိ ရွှေဟင်္သာချောင်တွင် သွားမကြွေ၊ ခါးမကိုင်း၊ နားမထိုင်း၊ မျက်စိမမှုန်သော သက်တော်ရှည် ရွှေဟင်္သာဆရာတော်ဘုရားကြီး၏ ရာပြည့် ပူဇော်ပွဲသို့ သွားရောက်၍ ကြည်ညိုသဒ္ဓါဖြင့် သွားရောက် ရှိခိုးပူဇော်ကြမည်ဟု ရေးသားထားပါသည်။

၈၀။ သံဝရ၊ ဦး၊ ဆရာတော်။ ''ပူဇာစ မင်္ဂလာ ကေပိုဒ်ရတု''။ **သက်တော် (၁၀၀)ပြည့် အဘိဓာတဂုဏပူဇာ မင်္ဂလာ၊** စာ ၂၁-၂၃။

ရွှေဟင်္သာ ဆရာတော်ကြီးအကြောင်း တောင်တွင်းကြီး မြို့ သာသနာ့ဗေဒီရိပဝရ ဓမ္မာစရိယ မဟာစည်ရိပ်သာ ဆရာတော်ဦးသံဝရ ရေးသားထားသည့် ပူဇာစမင်္ဂလာ ကေပိုဒ်ရတု ဖြစ်ပါသည်။

## ဆရာတော်ဘုရားကြီး၏
## ဘဝနှင့် စာပေအပေါ် ဝေဖန်ရေးသားစာများ

### ဆောင်းပါး

၈၁။ ကထိကရဟန်း။ ''ဒွါဒသမရွှေကျင်သာသနာပိုင်''။ **ရွှေဟသ်ာ ဆရာတော်ဘုရားကြီး အရှင်ပဏ္ဍိတထေရ်၏ သက်တော် ရာပြည့်ပူဇော်ပွဲစာစောင်၊** ၁၉၉၃၊ စာ ၃၂-၄၀။

ရွှေကျင်ဂိုဏ်းကြီး၏ ဖြစ်စဉ်သမိုင်း၊ ခေတ်အဆက်ဆက် အုပ်ချုပ်ခဲ့သော တတိယရွှေကျင်သာသနာပိုင်မှစ၍ ဒွါဒသမ ရွှေကျင်သာသနာပိုင် ရွှေဟသ်ာဆရာတော်ကြီး အရှင်ပဏ္ဍိတ သိရီတို့၏အကြောင်းကို ရေးသားထားခြင်းဖြစ်ပါသည်။

၈၂။ ကဝိသာရ၊ **အရှင်**။ 'ရွှေကျင်နိကာယ သာသနာပိုင် ရာပြည့် ဆရာတော်ကြီး၏ အများအကျိုးသြဝါဒတော်'။ **သက်တော် (၁၀၀)ပြည့် အဘိဇာတ ဂုဏပူဇာ မင်္ဂလာ၊** စာ ၁၂-၁၈။

''အများအကျိုး ရွက်သယ်ပိုးက

ခနိုးခနဲ့ ဆိုကဲ့ရဲ့လည်း

မဖွဲ့မစောင်း ကိုယ့်လမ်းကြောင်းကို

စိတ်ကောင်းနှင့်ယှဉ် ရှေးရှုနှင်လော့'' ဟူသော ရွှေဟသ်ာ ဆရာတော်ကြီး၏သြဝါဒ အကြောင်းကို ရေးသားထားခြင်း ဖြစ်ပါသည်။

၈၃။ ကဝိသာရ၊ **အရှင် (ဝေဇယန္တာ)**။ 'ရွှေဟသ်ာ ပညောင်ပင်ကြီး၏ နှစ်ငါးဆယ်ပြည့် ရွှေရတု'။ **ရွှေဟသ်ာတိုက်သစ် နှစ်(၅၀) မြောက် ရွှေရတုစာစောင်၊** စာ ၄၅။

သွာဂတဂုဏ်ရည် (လာခြင်းကောင်းသော)ဂုဏ်၊ သိက္ခာ

သုံးသွယ် (သီလ၊ သမာဓိ၊ ပညာ)တို့ဖြင့် ပြည့်စုံသော ရှာမှရှားသော သာသနာ့အာဇာနည် ရဟန်းတော်တစ်ပါးဖြစ်သော ရွှေဟင်္သာဆရာတော်ကြီးကို အမှီပြု၍ တစ်မျိုးလုံး၊ စစ်ကိုင်းတောင်ရိုးတစ်ခုလုံး၊ တစ်နယ်လုံး၊ တစ်နိုင်ငံလုံး၊ ရွှေကျင်ဂိုဏ်းကြီး တစ်ဂိုဏ်းလုံး၊ သာသနာတော် တစ်ခုလုံး၊ လောကီ၊ လောကုတ္တရာ အဘက်ဘက်မှ တိုးတက်ကြီးပွား၊ ကျေးဇူးများကြောင်း၊ ရွှေဟင်္သာဆရာတော်ကြီးသည် ဆည်းကပ် ခိုဝင်သော ရှင်ရဟန်းတို့အား ဝိနည်းကို လေးစားလိုက်နာကြရန်၊ ဒကာ၊ ဒကာမများအား ဒါန၊ သီလကုသိုလ်ကောင်းမှုကိုပြုလုပ်ကြရန် တိုက်တွန်း ဆုံးမခဲ့ပါသည်။ ရွှေဟင်္သာတိုက်သစ်တည်းဟူသော ပညောင်ပင်ကြီးတွင် ခိုနားလာသူ ရဟန်းရှင် လူအပေါင်းတို့အား တစ်ဘဝသာမက သံသရာတလျှောက် နိဗ္ဗာန်ပေါက်သည့်တိုင်အောင် အထက်တန်းဘဝတွင် သုံးစွဲမကုန်နိုင်သော သာသနာ့အနှစ် ရွှေကျင်အနှစ် အဆုံးအမ ဩဝါဒ အသီးသီးတို့ကို ဖြန့်ဝေလာသည်မှာ နှစ်(၅၀)ပြည့် ရွှေရတုကို ရောက်ရှိလာပြီးနောက် စိန်ရတု၊ ပတ္တမြားရတုတိုင်အောင် အရိပ်အသီးသီးတို့ကို ခိုနားစားသုံးနိုင်ကြမည် ဖြစ်ကြောင်း ရေးသားထားပါသည်။

၈၄။ ကေလာသ၊ **အရှင်။** 'စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာတိုက်သစ်ဆရာတော်ဘုရားကြီး အရှင်ပဏ္ဍိတ သီရိမဟာထေရ်'။ **သာသနာဝင်ဘွဲ့တံဆိပ်တော်များသမိုင်း၊** ရန်ကုန်၊ သာသာနာရေးဦးစီးဌာန၊ ၁၉၈၁။ စာ ၁၂၄-၁၂၉၊ ၁၉၇-၂၉၉။

၁၃၄၁ ခုနှစ်၊ နယုန်လဆန်း (၁၅)ရက်၊ စနေနေ့တွင် ရန်ကုန်မြို့၊ ကမ္ဘာအေး မဟာပါသာဏလိုဏ်ဂူတော်ကြီးအတွင်း အဘိဓဇမဟာရဋ္ဌဂုရုနှင့် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ဆက်ကပ်သောအခမ်းအနား၌ စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာဆရာတော် ဟောကြားသော ဩဝါဒကထာနှင့် ထေရုပ္ပတ္တိအကျဉ်းကို ရေးသား ဖော်ပြထားပါသည်။

၈၅။ ကောမုဒီဝရ၊ **အရှင်။** ''ရွှေကျင်နိကာယ ဒုတိယ သာသနာပိုင် အဘိဓဇမဟာရဋ္ဌဂုရု ရွှေဟင်္သာ ဆရာတော် ဘုရားကြီးအား ရောဝတီတိုင်း လေးမျက်နှာမြို့ ဒကာ၊ ဒကာမများ၏ ပူဇော်ကန်တော့ပွဲတွင် တင်သွင်းလျှောက်အပ်သော ဂုဏဗိန္ဒု''။ **ရွှေဟင်္သာတိုက်သစ် ကျောင်းတိုက် နှစ်(၅၀)မြောက် ရွှေရတုစာစောင်**၊ ၁၉၈၆၊ စာ ၉-၁၁။

ရွှေဟင်္သာ ဆရာတော်ကြီးအား ရောဝတီတိုင်း လေးမျက်နှာမြို့ ဒကာ၊ ဒကာမများ၏ ပူဇော်ကန်တော့ပွဲတွင် အရှင်ကောမုဒီဝရ တင်သွင်းလျှောက်အပ်သော ရွှေဟင်္သာဆရာတော်ကြီး ဂုဏ်ပုဒ်များအကြောင်းကို ရေးဖွဲ့ထားခြင်းဖြစ်ပါသည်။

၈၆။ ''- - -''။ ''သိမ်သမုတ်ပွဲ''။ **ရွှေဟင်္သာ တိုက်သစ် ကျောင်းတိုက် နှစ်(၅၀)မြောက် ရွှေရတုစာစောင်။** စာ ၆၈-၇၁။

အမိဒေါ်တင်၊ သမီးဒေါ်ခင်သန်းနှစ်နှင့် ဒေါ်အမာတို့ ဆောက်လုပ် လှူဒါန်းသော စစ်ကိုင်းတောင်ရိုးရှိ မူလ **ရတနာပုံလှိုင်းတက်ချောင် ယခု ပဋ္ဌာန်းသိပ္ပံတိုက်** ကျောင်းတိုက်တွင် သိမ်ကို ရွှေဟင်္သာဆရာတော်သည် အချိန်အတိုဆုံး (၂၅) မိနစ်ဖြင့် ပြီးမြောက်အောင် သမုတ်တော်မူခဲ့ကြောင်း ရေးသားထားခြင်း ဖြစ်ပါသည်။

၈၇။ ကျော်ဆန်းဝင်း၊ **မောင်။** ''စစ်ကိုင်းတောင်ရိုး၊ ဒွါဒသမ ရွှေကျင်သာသနာပိုင် ရွှေဟင်္သာဆရာတော် ဘုရားကြီး အရှင်ပဏ္ဍိတ (၁၈၉၃-၁၉၉၅)''။ မှ စစ်ကိုင်းတောင် ဂန္ထဝင်ပုဂ္ဂိုလ်ကျော်များ။ ရန်ကုန်၊ ရန်ကုန်တက္ကသိုလ်၊ စာကြည့်တိုက်နှင့် သုတပညာဌာန၊ ရွက် ၆၁-၆၃။ စာကြည့်တိုက်နှင့် သုတပညာ ဒီပလိုမာတွဲ့ စာစုစာရင်း။

ရွှေဟင်္သာ ဆရာတော်ကြီး ဖွားမြင်တော်မူခြင်း၊ ရှင်ရဟန်းပြုတော်မူခြင်း၊ ပရိယတ္တိစာပေ သင်ယူဆည်းပူးခြင်း၊ ပရိယတ္တိစာပေ သင်ကြားပို့ချတော်မူခြင်း၊ သာသနာရေး

ဆောင်ရွက်ချက်များ၊ ပြုစုခဲ့သောစာပေ ကျမ်းဂန်များ၊ ရရှိခဲ့သော ဘွဲ့တံဆိပ်တော်များ၊ ကြည်ညိုဖွယ်ရာ ဂုဏ်ရည်များနှင့် ဘဝနတ်ထံ ပျံလွန်တော်မူသည့်အကြောင်းအရာများကို ရေးသားထားပါသည်။

၈၈။ ကျော်နန္ဒအောင်။ 'ဒွါဒသမ ရွှေကျင်သာသနာပိုင် ကျေးဇူးတော်ရှင် ရွှေဟသ်ာဆရာတော်ဘုရားကြီး၏ ဝိပဿနာရှုနည်းအကျဉ်း'။ **မြတ်ဆုမွန်၊** (ဇန် ၂၀၀၂) စာ ၇၄ - ၇၈။

''- - -''။ ''- - -''။ ရန်ကုန်၊ ဟံသာဝတီစာအုပ်တိုက်၊ စာ ၁၀၉-၁၁၄။

ရွှေဟသ်ာဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိအကျဉ်း၊ ရုပ်နာမ်သဘာဝ၊ အနိစ္စ ရှုကြည်ဉာဏ်ဖြင့်သာဟူသော ဩဝါဒဆောင်ပုဒ်တစ်ပုဒ်နှင့် ဝိပဿနာရှုနည်းအကျဉ်းကို ရေးသားထားပါသည်။

၈၉။ ကြူကြူသင်း။ ''လူမင်းနတ်မင်း ရှိခိုးခြင်းခံရသော''။ **သက်တော်ရာပြည့် အဘိဓာတဂုဏာပူဇာ မင်္ဂလာ**။ စာ ၁၆-၁၈။

ရွှေဟသ်ာ ဆရာတော်ကြီးသည် သက်တော်ရှည်ခြင်း၊ ဘုန်းကြီးခြင်း၊ အခြွေအရံများခြင်း၊ ကျန်းမာခြင်း၊ ကြံ့ခိုင်ခြင်း၊ မျက်စိကြည်လင်ခြင်း၊ နားကောင်းခြင်း၊ သွားကောင်းခြင်း၊ သတိကောင်းခြင်း၊ လုံ့လဝီရိယရှိခြင်း၊ ဘွဲ့တံဆိပ်တော်များ ရရှိခြင်း၊ ရုပ်သွင်ပုံတော် တင့်တယ်ခြင်း စသည့် ဂုဏ်တော်တို့ဖြင့် ပြည့်စုံသောကြောင့် လူမင်း နတ်မင်းတို့၏ ကြည်ညိုမြတ်နိုး လက်အုပ်မိုး၍ ရှိခိုးခြင်းခံရသော ဆရာတော်ကြီးဖြစ်ကြောင်းကို ရေးသားထားခြင်း ဖြစ်ပါသည်။

၉၀။ ကြင်၊ **ဦး**။ 'စစ်ကိုင်းတောင်ရိုး ရွှေကျင်သာသနာပိုင် ဆရာတော်ဘုရားကြီး သီတင်းသုံးတော်မူခဲ့သော ကျောင်းတိုက်များ'။ **ရွှေဟသ်ာ ဆရာတော်ဘုရားကြီး အရှင်ပဏ္ဍိတထေရ်၏ သက်တော်ရာပြည့်ပူဇော်ပွဲစာစောင်၊** ၁၉၉၃၊ စာ ၇၆။

စစ်ကိုင်းတောင်ရိုး ရွှေကျောင်းသာသနာပိုင် ဆရာတော်ကြီး သာမဏေဘဝမှစ၍ သက်တော် (၁၀၀)တိုင် သီတင်းသုံး နေထိုင်ခဲ့သော ကျောင်းတိုက်အမည်များကို ရေးသားထားခြင်း ဖြစ်ပါသည်။

၉၁။ ကြည်ကြည်မြ၊ **ဒေါ်**။ 'ရွှေဟင်္သာဆရာတော်ကြီး၏ ထူးခြားသော ဩဝါဒများ' **မြတ်မင်္ဂလာ**၊ တွဲ ၂၃၊ မှတ် ၉ (မတ် ၂၀၀၈)၊ စာ ၂၇-၂၉။

ရွှေဟင်္သာ ဆရာတော်ကြီးသည် နွေရာသီရောက်တိုင်း ပြင်ဦးလွင် စံကျောင်းတွင် သီတင်းသုံးတော်မူပြီး ပြန်ကြွခါနီး တွင် စာရေးသူ၏ တောင်းပန်ချက်အရ ရေးသားချီးမြှင့်လေ့ ရှိသည့် မှတ်သားဖွယ်ရာ ဩဝါဒများကို စုဆည်းဖော်ပြခြင်း ဖြစ်ပါသည်။

၉၂။ ခင်ခင်ထွန်း၊ **ဒေါ်**၊ **မြန်အောင်**။ 'မေတ္တာလမင်း ထိန်ထိန်လင်း'၊ **သုရဿမဂ္ဂဇင်း**၊ တွဲ ၁၁၊ မှတ် ၅၊ (မေ ၂၀၁၁)၊ စာ ၈၇-၈၈။

သင်္ကြန်လွန် နှစ်ဆန်း(၂)ရက်နေ့ရောက်တိုင်း ပြင်ဦးလွင် နွေရာသီစံကျောင်းသို့ ကြွရောက်သီတင်းသုံးသော ရွှေဟင်္သာ ဆရာတော်ကြီး၏ အထွေထွေ ဝေယျာဝစ္စအားလုံးတို့ကို စာရေးသူသည် အမြဲတမ်း အနီးကပ်ဆောင်ရွက်စဉ် တွေ့ကြုံ ရသည့်အကြောင်းအရာများကိုရေးသားထားပြီး ဆရာတော်ကြီး ပျံလွန်တော်မူသည့်အတွက် နေမင်းကြီး ကွယ်သော်လည်း ဆရာတော်ကြီး၏ မေတ္တာအလင်းရောင်ကြောင့် လဝန်းပမာ ထိန်ထိန်သာကြောင်းကို ရေးသားထားပါသည်။

၉၃။ ခင်မောင်ညို(ဘောဂဗေဒ)။ 'ရွှေဟင်္သာဆရာတော်ကြီး၏ အမေရိကန် ဩဝါဒ'။ **ဓမ္မရုပ်စုံ**၊ မှတ် ၅ (မေ - ၁၉၉၅)

အမေရိကန်နိုင်ငံ၊ ကာလီဖိုးနီးယားပြည်နယ်၊ ဒေလီ စီတီးမြို့၊ ဓမ္မာနန္ဒ ဝိဟာရကျောင်းတိုက်၌ ချီးမြှင့်သော

ဩဝါဒနှင့် ဆရာတော်ဘုရားကြီး စစ်ကိုင်းတောင်ရိုးသို့ ရောက်ရှိစဉ် စစ်အတွင်းကာလ ဆရာတော်ဘုရား၏ ဆရာ ဦးဝါယမ ပေးခဲ့သော ဆရာတော်ဘုရား အမြဲရွတ်ဆိုသော "နတ္ထိ မေ သရဏံ အညံ… ဣဋ္ဌိတံ ပတ္ထိတံ သဒါ" အန္တရာယ်ကင်း ဘုရားရှိခိုးဂါထာကို ရေးသားဖော်ပြထား ပါသည်။

၉၄။ ခင်မောင်ထွေး၊ **ဦး**။ ဆိပ်ကမ်း။ "ဝိုင်အမ်ဘီအေနှင့် ဆရာတော်ကြီး လေးပါး"။ **ရတနာမွန်**၊ တွဲ ၁၄၊ မှတ် ၁ (ဇန် ၁၉၈၇) စာ ၅၃၊ ၅၄။

ဝိုင်အမ်ဘီအေအသင်းကြီး တည်ထောင်ပြီးနောက် မင်္ဂလာ တရားတော်နှင့် အဘိဓမ္မာသင်တန်းတို့ကို ဆောင်ရွက်ရာတွင် ဆရာတော်ကြီးများကလည်း ဩဝါဒ ချီးမြှင့်တော်မူကြရုံ မျှမက သင်တန်းစာအုပ်များကိုပါ ပြုစုပေးတော်မူကြသည်။ အသင်းအတွက် မင်္ဂလာစာအုပ်များ ရေးသားချီးမြှင့်ပေးတော် မူသော ပဋ္ဌာန်းဒေသနာတော်နှင့် အဘိဓမ္မာတရားများ ဟောကြားတော်မူသော ကျေးဇူးတော်ရှင် ဆရာတော်ကြီး ၄ ပါး ဖြစ်သော -

၁။ အဘိဓဇ မဟာရဋ္ဌဂုရု စစ်ကိုင်းတောင်ရိုး ရွှေဟသ်ာ တိုက်သစ်၊ ဘဒ္ဒန္တပဏ္ဍိတသိရီမဟာထေရ်

၂။ အဘိဓဇမဟာရဋ္ဌဂုရု၊ မန္တလေးမြို့ မစိုးရိမ်ကျောင်းတိုက်၊ ပဋ္ဌာန်းဆရာတော် ဘဒ္ဒန္တဝိသုဒ္ဓါ ဘိဝံသမဟာထေရ်။

၃။ ပထမကျော် အဂ္ဂမဟာပဏ္ဍိတ ကမ္ဘာ့ဗုဒ္ဓသာ သနာပြု ဘဒ္ဒန္တသောဘိလမဟာထေရ်။

၄။ အဂ္ဂမဟာပဏ္ဍိတ၊ မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာ ဘိဝံသမဟာထေရ်တို့ကို ပူဇော်ကန်တော့ပုံနှင့် ဝိုင်းအမ် ဘီအေအသင်းကြီး၏ ဆောင်ရွက်ချက်တို့ကို ရေးသား ဖော်ပြထားပါသည်။

၉၅။ ခင်မောင်မြ၊ **ဦး**။ "ရှင်သန်နေသော ဓမ္မစက်ဝန်း"။ **ရွှေဟင်္သာဆရာတော်ဘုရားကြီး အရှင်ပဏ္ဍိတထေရ်၏ သက်တော်ရာပြည့်ပူဇော်ပွဲစာစောင်**၊ ၁၉၉၃၊ စာ ၇၉-၈၃။

ရွှေဟင်္သာဆရာတော်ဘုရားကြီး ရန်ကင်း ရွှေဟင်္သာစံကျောင်းတွင် သီတင်းသုံးစဉ် ရဟန်းသာမဏေများ၊ အလှူဒါနပြုကြသည့် ဒါယကာ၊ ဒါယိကာမတို့အား မိန့်ကြားသောဩဝါဒများနှင့် ဆရာတော်ကြီး အသက်ရှည်စွာအနာမဲ့ရေးအတွက် နေထိုင်စားသောက်ပုံတို့ကို ရေးသားထားပါသည်။

၉၆။ စာတည်းအဖွဲ့။ 'ဝိုင်အမ်ဘီအေ အသင်း နှစ်(၈၀)ပြည့် အထိမ်းအမှတ် စစ်ကိုင်းရွှေဟင်္သာဆရာတော်ဘုရားကြီး ဩဝါဒ'။ **ရတနာမွန်**၊ တွဲ ၁၄၊ မှတ် ၄၊ (ဧပြီ ၁၉၈၇)၊ စာ ၁၇-၁၈။

ဆရာတော်ကြီးသည် ရန်ကုန်သို့ ကြွရောက်သည့်အခါ ဝိုင်အမ်ဘီအေ အသင်းရှေ့ ဖြတ်သွားစဉ် အသင်းတိုက်သည် သေးနေ၍ အားမရကြောင်း၊ အသင်းနာယက ဒကာကြင်နှင့် စကားစပ်မိသည့်အခါ ပြောမိကြောင်း၊ ဝိုင်အမ်ဘီအေ အသင်းကြီး နှစ်(၈၀)ပြည့်စာစောင်တွင် အသင်းကြီးသည် သုံးထပ်တိုက်ကြီး ဆောက်လုပ်ပြီးသွားသည့် ဓာတ်ပုံကို တွေ့ရကြောင်း ယနေ့ ခေတ်လူငယ် ကျောင်းသားများသည် သာသနာရေး၊ ဘာသာရေးတွင် ပွင့်လင်းစည်ကားအောင် အားထုတ်နိုင်ကြပါစေ" ဟု ဝိုင်အမ်ဘီအေအသင်း နှစ်(၈၀)ပြည့်အထိမ်းအမှတ် သက်န်းကပ်လှူပွဲတွင် ချီးမြှင့်ခဲ့သော ဩဝါဒ ဖြစ်ပါသည်။

၉၇။ စန္ဒဝရ၊ **အရှင်**။ "ယောက်ျားတကာ အားထုတ်ရာတည့်"။ **ရွှေဟင်္သာတိုက်သစ် နှစ်(၅၀)မြောက် ရွှေရတုစာစောင်**။ ၁၉၈၆၊ စာ ၆၅-၆၇။

သတ္တဝါတို့တွင် အတိတ်ကံ၊ ပစ္စုပ္ပန်ကံ နှစ်မျိုးရှိရာ ဆရာတော်ကြီးသည် မိမိ၏ တပည့် ပရိသတ် တိုးတက်

ကြီးပွားရေးအတွက် အတိတ်ကံကို မျှော်လင့်မနေဘဲ မစ္စပ္ပွန် ကံကိုသာအားကိုးပြီး မနားမနေကြိုးစားအားထုတ်ရန် မည့်သည့် ကိစ္စကိုမဆို အောင်မြင်မှုရလိုသူတိုင်းသည် ကြီးစွာသောလုံ့လ ကိုပြုသင့်ကြောင်း သာဓကများဖြင့် ရေးသားထားပါသည်။

၉၈။ ဆန်းထွန်း(မန်းတက္ကသိုလ်)။ 'ရွှေဟင်္သာမင်း'။ **ရွှေဟင်္သာ တိုက်သစ် နှစ်(၅၀)မြောက် ရွှေရတု စာစောင်**။ ၁၉၈၆၊ စာ ၄-၆။

ရွှေဟင်္သာ ဆရာတော်ဘုရားကြီးအကြောင်း ပါဋ္ဌိတစ်ပိုဒ်၊ စကားပြေတစ်ပိုဒ်ဖြင့် ချီးမွမ်းရေးသားထားပါသည်။

၉၉။ ဆွေသန့်ကို။ 'သက်တော်ရှည် ရွှေဟင်္သာဆရာတော်ဘုရားကြီးအား ဖူးမျှော်ကြည်ညိုရခြင်း'၊ **မြန်မာ့အလင်း သတင်းစာ**၊ ၉.၁၀.၁၉၉၅၊ စာ ၄။ (ထိုနေ့ညနေတွင် ဆရာတော်ကြီး ပျံလွန်တော်မူသည်)

နိုင်ငံတော်အကြီးအကဲနှင့် အဖွဲ့ဝင်များသည် ဆရာတော် ဘုရားကြီးအား သွားရောက် ဖူးမြော် ကြည်ညိုကြသည့် ပြည်တွင်း ခရီးစဉ်တွင် စာရေးသူသည် လိုက်ပါခွင့်ရသဖြင့် ဆရာတော်ကြီးကို ဖူးမြော် ကန်တော့ခွင့် ရခဲ့ကြောင်းနှင့် ဆရာတော်ကြီး၏ အတ္တုပ္ပတ္တိအကျဉ်းကို ဗုဒ္ဓဘာသာဝင် သူတော်စဉ်များ ကြည်ညိုသဒ္ဓါပွားနိုင်စေရန် ဆောင်းပါး တစ်ပုဒ်အဖြစ် ရေးသားထားခြင်း ဖြစ်ပါသည်။

၁၀၀။ ငွေလွင်၊ **ဆားလင်းကြီး**။ ''စစ်ကိုင်းရွှေဟင်္သာဆရာတော်ဘုရားကြီး ၏ သက်တော် ၉၃ နှစ်ပြည့် ဝိဇာယန မင်္ဂလာ''။ **ရတနာ မွန်**၊ တွဲ ၁၄၊ မှတ် ၁ (ဇန် ၁၉၈၇)၊ စာ ၅-၆။

မြန်မာသက္ကရာဇ် ၁၃၄၈ ခုနှစ်၊ နတ်တော်လဆန်း (၇)ရက်နေ့သည် ရွှေဟင်္သာဆရာတော်ကြီး၏ သက်တော် (၉၃) နှစ်ပြည့် ဝိဇာယန မင်္ဂလာပူဇော်ပွဲနှင့် ရွှေဟင်္သာ တိုက်သစ် ရွှေရတုသဘင်ကို ကျင်းပသော မင်္ဂလာနေ့ရက်

ဖြစ်ကြောင်း၊ ထိုနေ့တွင် ရွှေဟင်္သာဆရာတော်ကြီးကိုယ်တိုင် ကိုးပါးသီလ ချီးမြှင့်၍ ပရိတ်တရားတော်များ ရွတ်ဖတ်ခြင်း၊ အခမ်းအနားသိမ်း ရေစက်ချ အနုမောဒနာတော် ချီးမြှင့်ခြင်း တို့ကိုပြုလုပ်ခဲ့ကြောင်း၊ ဆရာတော်သည် သက်တော်(၉၃)နှစ် ပြည့်သော်လည်း အရွယ်နှင့်မမျှအောင် ပေ့ါပါးသွက်လက်ပြီး မျက်စိမှုန်ခြင်း၊ သွားကျိုးခြင်း၊ ခါးကိုင်းခြင်း မရှိကြောင်းနှင့် ဆရာတော်ကြီး၏အတ္ထုပ္ပတ္တိအကျဉ်းကို ရေးသားထားပါသည်။

၁၀၁။တပည့်ဒကာတစ်ဦး။ 'ကျွန်တော်၏ထေရ်ဆရာ'၊ **ရွှေဟင်္သာ တိုက်သစ်ကျောင်းတိုက်နှစ် (၅၀)မြောက် ရွှေရတုစာစောင်။** စာ ၁၀၈-၁၁၁။

၁၉၈၀ ပြည့်နှစ် မေလ (၂၄)ရက်နေ့တွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြင့်မြေ မဟာပါသာဏလိုဏ်ဂူတွင် ကျင်းပ သော သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေး (ပထမ အကြိမ်) ဂိုဏ်းပေါင်းစုံ သံဃာအစည်းအဝေးကြီး၌ အရှင် အာနန္ဒာ၏ မွေကထာကို ဥပမာအနေဖြင့် ဟောကြားတော် မူသော ဩဝါဒါစရိယ ဆရာတော်သည် သက်တော် (၉၃)၊ ဝါတော် (၇၄)ရှိတော်မူပြီး ရွှေဟင်္သာတိုက်သစ်ကြီးကို ကနဦးတည်ထောင်တော်မူသော အဂ္ဂမဟာပဏ္ဍိတအဘိဓဇ မဟာရဋ္ဌဂုရုရွှေကျင်ဂိုဏ်း၏ ဥပဥက္ကဋ္ဌသာသနာပိုင် ရွှေဟင်္သာ ဆရာတော်ဘုရားကြီးဖြစ်ကြောင်း ရေးသားထားပါသည်။

၁၀၂။တော်၊ **ဦး၊ အမရပူရ။** 'ရွှေဟင်္သာဆရာတော်ဘုရားကြီး၏ ဩဝါဒ ကထာ'။ **ဆရာတော်ကြီး (၁၄)ပါး၏ ဝိပဿနာ ဩဝါဒ များနှင့် သံသရာထွက်လမ်း၊** ရန်ကုန်၊ မြတ်ပန်းရဂုံ၊ ၂၀၀၄။ စာ ၇၃-၇၄။

ရွှေဟင်္သာဆရာတော်ဘုရားကြီး၏ 'နိဗ္ဗာန်ဆုရည်' ဩဝါဒကထာနှင့် 'လူနတ်သုခ ဆိုကာမျှ ဒုက္ခမကင်းပါ' ဟူသော ဆုံးမစာကို ဖော်ပြထားခြင်း ဖြစ်ပါသည်။

၁၀၃။တိုးစိန်၊ **မောင်။** ''ဂုဏ်သိသူ၊ ဂုဏ်ရှိ''။ **ရွှေဟင်္သာဆရာတော်ဘုရားကြီး အရှင်ပဏ္ဍိတထေရ်၏ သက်တော် ရာပြည့်ပူဇော်ပွဲစာစောင်၊** ၁၉၉၃၊ စာ ၅၄- ၆၀။

ဆရာတော်ဘုရားကြီး၏ ကရုဏာတော်၊ ဉာဏ်ပညာ၊ ဝီရိယ၊ သဒ္ဓါတရားတို့ကို ရေးသားထားခြင်း ဖြစ်ပါသည်။

၁၀၄။တိုးတက်။ ''သက်တော်ရှည် အဂ္ဂါဘိဓဇ ရွှေကျင် သာသနာပိုင် စစ်ကိုင်းရွှေဟင်္သာဆရာတော် ဘုရားကြီး၏ ထူးခြားသော ဂုဏ်ရည်များ''။ **ရောင်ပြန်အမှတ်တရ အထူးထုတ်။** (ဩ၊ ၂၀၀၃)၊ စာ ၇၈-၈၀။

ရွှေဟင်္သာ ဆရာတော်ကြီးသည် သက်တော်ရှည်ခြင်း၊ ဘုန်းကံကြီးခြင်း၊ အခြံအရံပရိသတ်များခြင်း၊ ပျံလွန်တော်မူသည့်တိုင်အောင် အနာရောဂါကင်းပြီး အထိုင်အထ ပေါ့ပါးတော်မူခြင်း၊ လုံ့လဝီရိယရှိခြင်း၊ လှုပ်ရှားသွားလာပုံ၊ စကားပြောဆိုပုံတို့သည် နူးညံ့သိမ်မွေ့ခြင်း၊ သင်္ကန်းကို ဝိနည်းသိက္ခာပုဒ်နှင့်အညီ ဝတ်ပြုခြင်း၊ သက်တော် (၈၀)ကျော်ထိ ဆွမ်းခံမြဲခြင်း စသည့်ဂုဏ်ရည်တို့နှင့်ပြည့်စုံ၍ ကျမ်းစာလေးဆယ်ကျော်ကိုပြုစုခဲ့ပြီး ပြည်ပနိုင်ငံများသို့ သာသနာပြုခရီး ကြွရောက်တော်မူခဲ့သော သက်တော်ရှည် ဆရာတော်တစ်ပါးဖြစ်ကြောင်းကို ရေးသားထားပြီး ဆရာတော်ကြီး ပျံလွန်တော်မမူမီ ရေးသားခဲ့သော ဈာပန ညွှန်ကြားချက်များကိုလည်း ဖော်ပြထားပါသည်။

၁၀၅။တက်တိုး။ 'အဝေးမှသာ ကြည်ညိုရပါသည်'။ **ရွှေဟင်္သာတိုက်သစ်ကျောင်းတိုက်နှစ်(၅၀)မြောက်ရွှေရတုစာစောင်၊** စာ ၁၈-၁၉။

စာရေးသူသည် ရွှေဟင်္သာဆရာတော်ကြီးကို မဟာသုဗောဓာရုံ စာချကိုယ်တော် အရှင်နန္ဒမာလာ ခေါ်ဆောင်သွားသဖြင့် လွန်ခဲ့သော (၆)နှစ်ကာလ၌ ဆရာတော်ကြီး၏ ကျောင်း၌တစ်ကြိမ်၊ ရန်ကုန်၌တစ်ကြိမ် ဖူးခဲ့သည်။

ဆရာတော်ကြီး၏ အသက်ရှစ်ဆယ်ကျော်ထိ နေ့စဉ် ဝတ်မပျက် ဆွမ်းခံထွက်တော်မူခြင်း၊ ရှင်နန္ဒမာလာ ရေးသားသော ဆရာတော်ကြီးအတ္ထုပ္ပတ္တိကို ဖတ်ရခြင်းတို့ကြောင့် ဆရာတော်ကြီးကို ကြည်ညိုသဒ္ဓါပွားများလျက်ရှိကြောင်း၊ ယုတ်ညံ့သော ရွာသူတို့၏အကျင့်ကိုပယ်ပြီး လောကီမှ ထွက်၍ ဗုဒ္ဓ၏နှစ်ရာနှစ်ဆယ့်ခုနစ်သွယ်သော သိက္ခာပုဒ်တို့ကို မိမိ၏ သဒ္ဓါအလျောက် ထမ်းဆောင်မည်ဟူသော စေတနာဖြင့် ရဟန်းဘဝကိုခံယူသော သံဃာတော်တို့သည် လူ့ဝတ်ကြောင်ထက် အဆများစွာ မြင့်မြတ်ကြောင်း၊ စစ်ကိုင်း ရွှေဟင်္သာတိုက်သစ် နှစ်ငါးဆယ်ကျော် တည်တံ့တိုးတက်သောကြောင့် ရွှေရတုသဘင် ဆင်ယင်ကျင်းပခြင်း ဖြစ်သည်ကိုသိရ၍ ဆရာတော်ကြီး၏ သီလ၊ သမာဓိ၊ ပညာဂုဏ်များကိုအာရုံပြု၍ အဝေးမှသာ ကြည်ညိုနေရကြောင်း၊ ဆရာတော်ကြီးနှင့်တကွ အခြားသောဆရာတော်ကြီးများ၏ ဂုဏ်ရှိန်ကြောင့် မြန်မာနိုင်ငံ၌ ဗုဒ္ဓသာသနာတော် တည်တံ့သန့်ရှင်းပြန့်ပွားအောင်မြင်မည်ဟု ယုံကြည်မိကြောင်းတို့ကို ရေးသားထားပါသည်။

၁၀၆။ တိက္ခာနန္ဒ၊ အရှင်(ကန်တောရ)။ "နှစ်ဆယ့်ငါးရာစု သာသနာ၏ သဗ္ဗကာမိထေရ်"။ **ရွှေဟင်္သာဆရာတော်ဘုရားကြီး အရှင်ပဏ္ဍိတထေရ်၏ သက်တော်ရာပြည့် ပူဇော်ပွဲစာစောင်၊** ၁၉၉၃၊ စာ ၁၉-၂၀။

သက်တော်၊ သိက္ခာတော် ကြီးတော်မူသည်နှင့်အမျှ မျက်စိ၊ နား၊ သွား၊ အသံ၊ အရေအဆင်း၊ ခန္ဓာကိုယ် ကြည်ညိုပြည့်စုံ၍ သီလ၊ သမာဓိ၊ ပညာသိက္ခာ ဂုဏ်ရှိန်အလွန် ကြီးမားတောက်ပ၍ သာသနာတော်၏ ဂုဏ်ကို ကမ္ဘာသို့တိုင် ပြနိုင်တော်မူသော ရွှေဟင်္သာဆရာတော်ကြီးကို ဒုတိယသင်္ဂါယနာသဘင်၏ အကြီးအမှူး သာသနာတော်ကို သန့်ရှင်းစင်ကြယ်စေ၍ ထေရဝါဒ ဗုဒ္ဓသာသနာကို

ထွန်းလင်း တောက်ပစေခဲ့သည့် အရှင်သဗ္ဗကာမိ ရဟန္တာ အရှင်မြတ်ကြီးအဖြစ် အလွန် ကြည်ညိုမိကြောင်းကို ရေးသားထားပါသည်။

၁၀၇။တင်သစ်၊ **မောင်။** 'ရွှေဟသ်ာဆရာတော်ဘုရားကြီးရဲ့ဂုဏ်'။ **မြန်မာသစ်မဂ္ဂဇင်း၊** မှတ် ၁၉ (ဒီ ၂၀၁၀) စာ ၁၂၂-၁၂၄။

ဆရာတော်ဘုရားကြီး ရေးသားခဲ့သည့် 'စိတ္တာနုပဿနာ သတိပဋ္ဌာန်' စာမူ ပျောက်ဆုံးသွားခြင်းအပေါ် ဆရာတော်ကြီးက ဒေါသမဖြစ်ဘဲ၊ အသစ်ပြန်လည်ရေးသားပေးပုံ၊ ဆရာတော်ကြီး၏ ဉာဏ်ပညာ ကြီးမားပုံ အကြောင်းကို ရေးသားထားပါသည်။

၁၀၈။တင်အောင်သွင်။ 'စစ်ကိုင်းရွှေဟသ်ာဆရာတော်ဘုရားကြီးနှင့် အံ့ဖွယ်ဖြစ်ရပ်ဆန်းများ'။ **သာသနာ့တန်ဆောင် ဆရာတော်ကြီးများနှင့် အံ့မခန်းဖြစ်ရပ်ဆန်းများ၊** စာ ၆၁-၇၃။

ဆရာတော်ကြီး၏ ထေရုပ္ပတ္တိအကျဉ်းနှင့် ဆရာတော်ကြီး၏ ထူးခြားဆန်းကြယ် အံ့ဖွယ်ရာများအကြောင်းကို ရေးသားထားပါသည်။

၁၀၉။ထိပ်သီး။ 'စစ်ကိုင်းတောင်ရိုးသို့ ခရီးတစ်ခေါက်'။ **ရွှေဟသ်ာတိုက်သစ်ကျောင်းတိုက် နှစ်(၅၀)မြောက် ရွှေရတုစာစောင်။** စာ ၉၃-၉၆။

စာရေးသူသည် စစ်ကိုင်းမြို့အနီးအနား ပတ်ဝန်းကျင်နှင့် စစ်ကိုင်းတောင်ရိုးသို့ ရောက်ခဲ့စဉ် ရွှေကိုင်းသား အမည်ခံ ဆရာတော်ဦးသောဘိတ၏ ယဉ်ကျေးမှုပြတိုက်နှင့် ရွှေဟသ်ာကျောင်းတိုက်ကို ရောက်ရှိခဲ့ပါသည်။ ရွှေဟသ်ာကျောင်းတိုက်သည် ကျယ်ဝန်းသမျှ အဆောက်အဦးများမှာ ကောင်းမွန် တင့်တယ်ပြီး ကျောင်းတိုက်ကို အုပ်ချုပ်သော ဆရာတော်သည် ကျန်းမာသက်ရှည်၍ နေ့စဉ် ဆွမ်းခံ

ဝတ်မြဲတ်ကို မပျက်ကွက်စေသည့်အပြင် ပြည်တွင်းပြည်ပ ခရီး ဒေသစာရီကြွချီခြင်း၊ ကျမ်းစာများ ပြုစုရေးသားခြင်း၊ တရားဟောခြင်း စသော သာသနာပြုလုပ်ငန်းများကို လုပ်ဆောင်ခြင်းတို့ကြောင့် ရွှေဟင်္သာ တိုက်သစ်ကျောင်းနှင့် ရွှေဟင်္သာဆရာတော်၏ ဘဝအခြေအနေမှာ ဓမ္မနဘော ဆက်စပ်ကာ သာသနာ့တံခွန် အောင်လံပင်ဖြစ်ကြောင်း ရေးသားထားပါသည်။

၁၁၀။ထွန်းလွင်၊ **မွှောစရိယ၊ ဘီအေ။** 'ရွှေကျင် သာသနာပိုင် စစ်ကိုင်း ရွှေဟင်္သာ ဆရာတော်ကြီး'။ **ရတနာ့မွန်၊** တွဲ ၂၊ မှတ် ၄ (ဧပြီ ၁၉၉၃) စာ ၄ - ၇။

စာရေးသူတို့က လှူဖွယ်ပစ္စည်းများဖြင့် သွားရောက်ဖူးမျှော်ခဲ့ရာ ဆရာတော်ကြီးမှ 'ဣ ဒံ မေ ပုညံ နိဗ္ဗာနဿ ပစ္စယော ဟောတု' ကို ပါဠိ မြန်မာ နှစ်ဘာသာဖြင့် တိုင်ပေးပြီး အမျှဝေစေပါသည်။ ဆရာတော်ကြီး၏ ကြည်လင်ဝင်းပသော မျက်နှာတော်နှင့် တရားတော်အသံတို့ကို ဖူးမဝနိုင်၊ နာမဝနိုင်အောင် ပီတိဖြစ်ခဲ့ရသည်မှာ ဆရာတော်ကြီး၏အတွင်းအစျွတ္တသန္တာန်က မေတ္တာဓာတ်၏ အစွမ်းသတ္တိကြောင့်ပင် ဖြစ်သည်။

ရွှေဟင်္သာဆရာတော်ကြီးသည် ငယ်စဉ်ကတည်းက မေတ္တာဘာဝနာ ပွားများသည့်အတွက် အနှောင့်အယှက်ပေးသူများ ရှိသော်လည်း ရန်တုံ့မပြန်ဘဲ မေတ္တာပို့ပေးနေသည့်အတွက် နောက်ဆုံးတွင် အနှောင့်အယှက်ပေးသူများသည် ဆရာတော်ထံတွင် လာရောက်၍ ဝန်ချ တောင်းပန်ကြောင်း၊ ဆရာတော်ကြီးသည် သီလ၊ သမာဓိ၊ ပညာဟူသော သိက္ခာသုံးပါးနှင့် ပြည့်စုံစွာ ရွှေကျင်ဂိုဏ်း တာဝန်၊ သာသနာ့တာဝန်များကို ဆောင်ရွက်ရင်း ပြည်တွင်းပြည်ပ သာသနာပြုခရီးများကို ကြွရောက်ခဲ့ကြောင်း ရေးသားဖော်ပြထားပါသည်။

၁၁၁။နဝစုတင်္ဂါစာရ၊ **မဟာထေရ်**။ 'နိုင်ငံတော်ဩဝါဒါစရိယ၊ အဂ္ဂမဟာ ပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ရွှေကျင်သာသနာပိုင် ရွှေဟင်္သာ တိုက်သစ် ဆရာတော်ဘုရားကြီး'။ **ဂန္ထဝင် သာသနာ့သင်ခန်းစာကျမ်း**၊ စာ ၄၃၆-၄၄၈။

ဒွါဒသမ ရွှေကျင်သာသနာပိုင် ရွှေဟင်္သာ ဆရာတော် ဘုရားကြီး၏ ထေရုပ္ပတ္တိ၊ ဩဝါဒကထာများ၊ သံဝေဂလင်္ကာ ကထာတော်မြတ်နှင့် ဆရာတော်ကြီး အမြဲရွတ်ပွားသော 'နတ္ထိ မေ သရဏံ အညံ… ဉာတ္တိတံ ပဏ္ဍိတံ သဒါ' ဂါထာတို့ကို ရေးသားထားပါသည်။

၁၁၂။နာရဒ၊ **အရှင်၊ ပဓာနာယကဆရာတော်**။ 'အာယုသက်တော် နှစ်ကိုးဆယ်ကျော် ကာလသာသနာပြုခရီး တစ်ကဏ္ဍ'။ **သက်တော်ရာပြည့် အဘိဇာတ ဂုဏ ပူဇာ မဂ်လာ**၊ စာ ၄-၆။

ရွှေဟင်္သာ ဆရာတော်ဘုရားကြီး မတ္တရာ စဉ့်ကူးမြို့နယ် ဝိနယပါလစာတော်ပြန်ပွဲသို့ သွားရောက်ခဲ့သည့် သာသနာပြု ခရီးစဉ်အကြောင်းကို ရေးသားထားခြင်း ဖြစ်ပါသည်။

၁၁၃။နေဝင်း(လန်ဒန်)။ 'ရွှေကျင်သာသနာပိုင် အဂ္ဂမဟာပဏ္ဍိတ အဘိဓဇ မဟာရဋ္ဌဂုရု ရွှေဟင်္သာဆရာတော်ဘုရားကြီး အရှင်ပဏ္ဍိတ ထေရ်'။ **ဆရာတော်ကြီးများနှင့် တွေ့ဆုံမေးမြန်းလျှောက် ထားမှုများ**။ ရန်ကုန်၊ စာပေလောကစာအုပ်တိုက်၊ ၂၀၀၆။ စာ ၂-၁၇။

ရွှေဟင်္သာဆရာတော်ဘုရားကြီး၏ အတ္တုပ္ပတ္တိအကျဉ်းနှင့် ၁၉၈၇ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ရက်နေ့တွင် ပထမအကြိမ်၊ ၁၉၉၄ ခုနှစ်၊ ဇန်နဝါရီလ ၂၇ရက်နေ့တို့တွင် ဒုတိယအကြိမ် ရွှေဟင်္သာဆရာတော်ကြီးနှင့် တွေ့ဆုံလျှောက်ထား မေးမြန်း သည့်အကြောင်းအရာများကို ရေးသားထားခြင်းဖြစ်ပါသည်။

၁၁၄။ နေဝင်း၊ **ဦး** (စစ်ကိုင်း)။ 'ရွှေဟင်္သာဆရာတော်၏ စာပေလက်ရာများ'၊ **အတွေးအမြင်**၊ အမှတ် ၁၁၈ (မေ ၁၉၉၆) စာ ၂၄-၂၅။

ရွှေဟင်္သာဆရာတော်ကြီး ရေးသားပြုစုခဲ့သည့် ကျမ်းပေါင်းသုံးဆယ်အနက်မှ ပထမထွဋ်ခေါင်ဆရာတော်ဘုရားကြီးအကြောင်း၊ ယုဝေါဝါဒဆုံးမစာ၊ စာဏကျနီတိပါဠိ-မြန်မာ၊ ပရာဘဝသုတ်မြန်မာဋီကာ၊ ဂရုဓမ္မဝတ္ထု၊ ပဒေသာဆုံးမစာများ လူမင်း နတ်မင်း ဦးညွှတ်ခြင်း စသည့် စာအုပ် (၅)အုပ်အကြောင်းကို အကျဉ်းချုပ် ရေးသားထားခြင်း ဖြစ်ပါသည်။

၁၁၅။ နန္ဒမာလာဘိဝံသ၊ **အရှင်**။ ''ရွှေဟင်္သာဆရာတော်၏ အံ့ဖွယ်ဂုဏ်ရည်များ''၊ **ရွှေဟင်္သာတိုက်သစ်ကျောင်းတိုက် နှစ်(၅၀)မြောက် ရွှေရတုစာစောင်**။ စာ ၁၃-၁၇။

အံ့ဖွယ်ဂုဏ်ရည်ကို ဖော်ပြသော ဒေသနာတော်တစ်မျိုးကို 'အဗ္ဘုတဓမ္မ' ဟု ခေါ်ကြောင်း၊ ပိဋကတ်စာပေ၌ အံ့ဖွယ်ဂုဏ်ရည် အမျိုးမျိုးရှိကြောင်း၊ ပိဋကတ်စာပေရှိ 'အဗ္ဘုတဓမ္မ' များကို စံထား၍ 'ရွှေဟင်္သာဆရာတော်'၏ အံ့ဖွယ်ဂုဏ်ရည် (အစ္ဆရိယ အဗ္ဘုတဓမ္မ)များကို စာရေးသူသည် ဉာဏ်သက်ဝင်မိသမျှ တစွန်းတစ တင်ပြရေးသားထားခြင်း ဖြစ်ပါသည်။

၁၁၆။ နွယ်အောင်၊ **မောင်**။ 'သက်တော် ရာကျော် စစ်ကိုင်း ရွှေဟင်္သာဆရာတော်ဘုရားကြီးနှင့် ထူးခြား ဆန်းကြယ် အံ့ဖွယ်များ'။ **ပါရမီ**၊ မှတ် ၄၀ (ဇန် ၁၉၉၆) စာ -

ဆရာတော် ဘုရားကြီးသည် သက်တော် (၄၀)ကျော်ကာလမှစ၍ ပျံလွန်တော်မူသည့် သက်တော် (၁၂၀)အထိ တစ်ပါးတည်း နေတော်မူလျက် ကာယာနုပဿနာသတိပဋ္ဌာန်နှင့် မေတ္တာဘာဝနာအကျင့်တို့ကို အထပ်ထပ်

ပွားများရာ ဆရာတော်ကြီး၏ ပဋိပတ္တိ အလုပ်စခန်း ပြီးမြောက်အောင်မြင်မှုပမာဏကို ခန့်မှန်းတိုင်းတာရန် သာမန်လူတို့အတွက် လွယ်ကူသောအရာ မဟုတ်ကြောင်းနှင့် ဆရာတော်ကြီး၏ ထူးခြားဆန်းကြယ် အံ့ဖွယ်ရာများကို ရေးသားထားပါသည်။

၁၁၇။ပညာသီရိ၊ ဦး။ 'အမေရိကန်သာသနာပြုခရီး'။ **ရွှေဟင်္သာ ဆရာတော်ဘုရားကြီး အရှင်ပဏ္ဍိတထေရ်၏ သက်တော် ရာပြည့်ပူဇော်ပွဲစာစောင်၊** ၁၉၉၃၊ စာ ၇၁-၇၃။

ရွှေဟင်္သာ ဆရာတော်ဘုရားကြီး အမေရိကန်နိုင်ငံသို့ သာသနာပြုခရီး ကြွတော်မူသည့်အကြောင်းကို ရေးသား ထားခြင်း ဖြစ်ပါသည်။

၁၁၈။ပြဟ္မဝံသ၊ အရှင်။ 'သူတော်ကောင်းလက်နက်'၊ **ရွှေဟင်္သာတိုက်သစ် နှစ်(၅၀)မြောက် ရွှေရတုစာစောင်၊** ၁၉၉၃၊ စာ ၇၇-၇၈။

စစ်မြေပြင်တွင် တိုက်ပွဲဝင်သော သူရဲကောင်းသည် လက်နက်ကောင်း အသင့် ယူသွားရမည်။ စကားစစ်ပွဲ ဝင်နွဲသော ပညာရှိသူရဲကောင်းသည် စာပေလက်နက် ရှိရ မည်။ သာသနာတော်ကြီး ကမောက်ကမ ဖြစ်အောင်လုပ်သူ များကို ယနေ့ ထေရဝါဒသံဃာတော်အရှင်သူမြတ်တို့သည် သူတော်ကောင်းလက်နက်ဖြင့် နလံမထူအောင် ချေမှုန်း ရမည်။ သာသနာသမိုင်းတွင် အရှင်နာဂသိန်နှင့် မိလိန္ဒ မင်းကြီးတို့ စကားစစ်ပွဲတွင် အရှင်နာဂသိန်မထေရ်၏ သူတော်ကောင်းလက်နက်ကြောင့် မိလိန္ဒမင်းကြီး အရှုံးပေး သွားရသည်။ သာသနာ၏ မီးရှူးတန်ဆောင်ဖြစ်သော ရွှေဟင်္သာဆရာတော်ဘုရားကြီး၏ သံဃာတစ်ရာကျော်ကို စာပေပို့ချခြင်း၊ ကျမ်းဂန်များ ရေးသားခြင်း စသည့် စာပေ လက်နက်များကို အစွမ်းထက်အောင် နေ့စဉ် သွေးတော်မူ သောကြောင့် ရွှေဟင်္သာဆရာတော်ကြီးသည် နေတစ်ဆူ၊

လတစ်မင်းပမာ အရောင်လင်းလက် အစွမ်းထက်လှသည့်ကို ဝမ်းမြောက်ဖွယ် တွေ့မြင်နေရကြောင်းကို ရေးသားထားပါသည်။

၁၁၉။မဟောသဓာဘိဝံသ၊ ဘဒ္ဒန္တ။ 'စာသင်စာချ ပြုလုပ်ကြ'။ **ရွှေဟင်္သာတိုက်သစ်ကျောင်းတိုက် နှစ်(၅၀)မြောက် ရွှေရတုစာစောင်**။ စာ ၂၀-၂၂။

'ကျမ်းဂန် ရှုကြည့်၊ သီလဖြည့်၍ ဆင်လှည့်ဓုတင်၊ အလုပ်ဝင်နှင့် သွန်သင်ဟောပြ၊ ဤငါးဝသည် ထေရမဟာ ရွှေဟင်္သာ၏ တာဝန်တည်း' ဟု ဂုဏ်ပြုရလောက်အောင် နှစ်ပေါင်း(၅၀)ရွှေရတုတိုင် ရွှေဟင်္သာတိုက်သစ်ကြီး အဘက်ဘက်မှ တိုးတက်စည်ပင်ပြန့်ပွားအောင် ဆောင်ရွက်တော်မူသော၊ ရွှေဟင်္သာဆရာတော်ကြီး၏ 'သာသနာ့ဝန်ထမ်း ရှင်ရဟန်းမှန်သမျှ စာသင်၊ စာချမှုကို ကြိုးစား ပြုလုပ်မှသာလျှင်၊ သာသနာတော်မြတ်ကြီး အရှည်ခိုင်၍ တည်တံ့မည်'ဟူသော ဩဝါဒကို ရေးသားထားခြင်းဖြစ်ပါသည်။

၁၂၀။မောင်မောင်၊ ဦး၊ **မွေ့ဃောသက**-။ 'ရွှေဟင်္သာစာပေနှင့် ကျွန်တော်၏ အတွေ့အကြုံ' **ရွှေဟင်္သာတိုက်သစ် ကျောင်းတိုက် နှစ်(၅၀)မြောက် ရွှေရတုစာစောင်**၊ စာ ၇၉ - ၈၈။

ရွှေဟင်္သာဆရာတော်ကြီးရေးသားခဲ့သော စာအုပ်များထဲမှ စာအုပ် (၂၃)အုပ်၏အကြောင်းကို ရေးသူ သိရှိနားလည်ထားသ၍ မတိုမရှည် မကျဉ်းမကျယ် ရေးသားထားခြင်းဖြစ်ပါသည်။

၁၂၁။မြင့်ကြိုင်၊ **အမျိုးသားစာကြည့်တိုက်**။ 'အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ ရွှေကျင် သာသနာပိုင် ချုပ်ဥက္ကဋ္ဌ၊ စစ်ကိုင်းတောင်ရိုး၊ ရွှေဟင်္သာတိုက်သစ် သက်တော်ရှည် ဆရာတော်ကြီး၏ ဘဝနှင့်စာပေ အမှတ်တရဖြစ်စဉ် ရက်စွဲများ'၊

**မြတ်ဆုမွန်**။ တွဲ ၆၊ မှတ် ၁၊ (ဒီ ၁၉၉၂)၊ စာ ၉-၁၁။
ဆရာတော်ကြီး မွေးဖွားသော ၁၂၂၅ ခုနှစ်၊ နတ်တော်လဆန်း(၇)ရက်နေ့မှစ၍ ၁၃၅၄ ခုနှစ်အတွင်း ဆရာတော်ကြီး ထူးခြားဖြစ်စဉ် ရက်စွဲများ၊ ရေးသားခဲ့သော ကျမ်းစာများ ရရှိခဲ့သော ဘွဲ့တံဆိပ်တော်များ၊ လုပ်ဆောင်ချက်များကို မြန်မာခုနှစ်စဉ်အလိုက် စုစည်း ရေးသားထားပါသည်။ (၁၅၃ ကိုလည်းကြည့်)

၁၂၂။မြင့်စိုး၊ **ဦး**၊ (ပညာရေးသုတေသန)။ 'ရွှေဟသ်ာ ဆရာတော်ဘုရားကြီး၏ ပဒေသာ ဆုံးမစာများ'။ **အပွမာဒ**၊ တွဲ ၁၀၊ မှတ် ၄၊ (ဧပြီ ၂၀၀၉) စာ ၄၄-၄၆။
'ကျောင်းသားငယ်များ နေ့စဉ်ရွတ်ဆိုရသော စာများနှင့် ရွှေဟသ်ာတိုက်သစ် မြောက်ဘက်တံတိုင်း၌ ရေးသားထားသော ဆုံးမစာများ သံပေါက်လက်ာများကို တတိယအကြိမ်ထိ သာသနာရေးဦးစီးဌာနမှ စာအုပ်အဖြစ် ပုံနှိပ်ထုတ်ဝေထားကြောင်း၊ ထိုဆုံးမစာစာအုပ်ထဲမှ ပညာရေး၊ ဝီရိယ၊ မှန်မှန်ပြော အစရှိသော ဆုံးမစာများကို ထုတ်နုတ်ဖော်ပြထားခြင်း ဖြစ်ပါသည်။

၁၂၃။မြတ်ဆုမွန်စာတည်းအဖွဲ့။ 'စစ်ကိုင်းတောင်ရိုး၊ ရွှေဟသ်ာတိုက်သစ် အဂ္ဂမဟာမဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ရွှေကျင်နိကာယ ဥက္ကဋ္ဌ၊ ရွှေကျင်သာသနာပိုင် ရွှေဟသ်ာဆရာတော်ကြီး၏ ထေရုပ္ပတ္တိအကျဉ်း'။ **မြတ်ဆုမွန်**၊ တွဲ ၉၊ မှတ် ၆ (နို ၁၉၉၅) စာ ၉ - ၁၄။
ရွှေဟသ်ာဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိအကျဉ်းနှင့် အန္တိမစျာပနအခမ်းအနားအကြောင်းကို ရေးသားထားပါသည်။

၁၂၄။ရာဇိန္ဒာဘိဝံသ၊ **ဦး**။ 'ဆရာတော်ဘုရားကြီး သိရိမင်္ဂလစ်ကျောင်းသိမ်သမုတ်တော်မူခြင်း'။ **ရွှေဟသ်ာ ဆရာတော် ဘုရားကြီး**

**အရှင်ပဏ္ဍိတထေရ်၏ သက်တော်ရာပြည့် ပူဇော်ပွဲစာစောင်၊** ၁၉၉၃၊ စာ ၂၇-၂၉။

ဗဟန်း၊ ရေတာရှည်လမ်းသစ်ရှိ ရွှေဟင်္သာတောရ သီရိမန္တစံကျောင်းပရိယတ္တိစာသင်တိုက် သာသနာဝိပုလကာရီ သိမ်တော်ကြီးကို ၁၃၅၄ ခုနှစ်၊ တပေါင်းလဆန်း ၈ ရက်နေ့တွင် ရွှေဟင်္သာဆရာတော်ကြီးနှင့် သံဃာ ၅၀ ကျော်တို့ ဦးဆောင် သိမ်သမုတ်သည့်အကြောင်းကို ရေးသားထားခြင်း ဖြစ်ပါသည်။

၁၂၅။ရဲလွင်၊ **ဦး၊ သင့်ဘဝ-။** 'ကမ္ဘာ့သာသနာပြု သက်တော်ရှည် ရွှေကျင်ဂိုဏ်း သာသနာပိုင် ဆရာတော်ဘုရားကြီး' **ရတနာမွန်၊** တွဲ ၁၉၊ မှတ် ၈၊ (ဩ ၁၉၉၂) စာ ၁၃- ၁၆။

စာရေးသူနှင့် ဆရာတော်ကြီး ထိတွေ့ ဆက်ဆံပုံ၊ ဆရာတော်ကြီး (၇၅)နှစ်မြောက် စိန်ရတု မွေးနေ့အတွက် စာရေးသူရေးသားထားသော တေးထပ်တစ်ပုဒ်၊ ဆရာတော်ကြီးကို စင်္ကာပူသို့ ပင့်ဆောင်ခဲ့သူ ဦးတင်ထွန်းသည် အမေရိကန်သို့ကြွရောက်ရန် တာဝန်ယူပင့်ဖိတ်သဖြင့် ၁၉၉၂ ခုနှစ်၊ ဇွန်လ ၁၅ ရက်နေ့တွင် ဆရာတော်ကြီး အမေရိကန်သို့ ကြွရောက်မည့်အကြောင်းနှင့် ဆရာတော်ကြီး၏ အတ္ထုပ္ပတ္တိ အကျဉ်းတို့ကို ဖော်ပြထားပါသည်။

၁၂၆။"- - -"။ "စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာတိုက်သစ် ပဓာန မဟာနာယက၊ ရွှေကျင်သာသနာပိုင် ဘဒ္ဒန္တပဏ္ဍိတသိရီ (အဂ္ဂမဟာပဏ္ဍိတ) (အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂ မဟာသဒ္ဓမ္မဇောတိက) ဘွဲ့တံဆိပ်တော်ရ ဆရာတော်ဘုရားကြီးများအကြောင်း သိကောင်းစရာများ"၊ **ရွှေဟင်္သာဆရာတော်ဘုရားကြီး၏ သက်တော် ရာပြည့်ပူဇော်ပွဲ စာစောင်၊** (ဒီ ၁၉၉၃)၊ စာ ၄၁-၅၃။

"- - -"။ 'ရွှေဟသ်ာဆရာတော်ဘုရားကြီး၏ အမေရိကန် သာသနာပြုခရီး အတွေ့အကြုံ'။ **ပရိယတ် ပဋိပတ် အကျော် အမော် ထေရဝါဒမဟာထေရ် ဆရာတော်ကြီးများ**။ ရန်ကုန်။ ငမိုးရိပ်စာပေ၊ ၁၉၉၆။ (၄၄-၅၆)

စစ်ကိုင်းတောင်ရိုး ရွှေဟသ်ာ ဆရာတော်ကြီး၏ စတင် မွေးဖွားသန့်စင်ခဲ့သည့်အချိန်မှစ၍ ပျံလွန်တော်မူသည့်အချိန် ထိ ဘာသာသာသနာအကျိုး ဆောင်ရွက်ခဲ့ပုံတို့ကို ထေရုပ္ပတ္တိ အကျဉ်းအနေဖြင့် ရေးသားပူဇော်ထားပြီး ဆရာတော်ဘုရားကြီး ကိုယ်တိုင် ရေးသားတော်မူခဲ့သော ဘုန်းကြီးပျံအတွက် ညွှန် ကြားချက်(၁၃)ချက်ကိုလည်း ထည့်သွင်းဖော်ပြထားပါသည်။

၁၂၇။ "- - -"။ 'ရွှေဟသ်ာဆရာတော်ဘုရားကြီး၏ အမေရိကန် သာသနာပြုခရီး အတွေ့အကြုံ'။ **ပရိယတ် ပဋိပတ် အကျော် အမော် ထေရဝါဒမဟာထေရ် ဆရာတော်ကြီးများ**။ ရန်ကုန်။ ငမိုးရိပ်စာပေ၊ ၁၉၉၆။ စာ - ၃၄-၅၆။

၁၉၉၂ ခုနှစ်၊ ဩဂုတ်လ (၁၀)ရက်နေ့တွင် အမေ ရိကန် သာသနာပြုခရီးမှ ကျန်းမာစွာ ပြန်ရောက်ရှိလာသော ရွှေဟသ်ာဆရာတော်ကြီးကို စာရေးသူက သာသာနပြုခရီး အတွေ့အကြုံအကြောင်း လျှောက်ထားမေးမြန်း၍ ဆရာတော် ကြီးက ပြန်လည်ဖြေကြားထားသည့်အကြောင်းကို ရေးသား ထားခြင်း ဖြစ်ပါသည်။

၁၂၈။ ရွှေကျင်ရွာသား။ 'ရွှေဟသ်ာဆရာတော်ဘုရားကြီးနှင့် ရွှေကျင်ရွာ ရွှေကျင်သာသနာ'။ **ရွှေဟသ်ာ ဆရာတော်ဘုရားကြီး အရှင် ပဏ္ဍိတထေရ်၏ သက်တော်ရာပြည့် ပူဇော်ပွဲ စာစောင်**၊ ၁၉၉၃၊ စာ ၆၉-၇၀။

'ရွှေကျင်ဆရာ နှစ်တစ်ရာ ပြန်ကာပေါ်လိမ့်မည်။ ရွှေကျင်တည်ရာ ရွှေဟသ်ာ ဝင်ကာနားလိမ့်မည်။ ဟသ်ာ လည်းနား ရွှေကျင်သား ထင်ရှားကျော်ကြားမည်' ဟူသော

တဘောင်စာသားသည် ရွှေကျင်ရွာတွင် ရွှေဟင်္သာ ဆရာတော်ကြီးနားပြီး ရွှေကျင်ဗိမာန်၊ အထိမ်းအမှတ် ကျောက်တိုင်၊ ရွှေကျင်ဓမ္မာရုံတို့ပေါ်ပေါက်ခဲ့ပြီး ရန်ကုန်မြို့ တွင်လည်း ရွှေကျင်နိကာယသာသနာဝင် ဗိမာန်တော်ကြီး ကို ရွှေဟင်္သာဆရာတော်ကြီး ဦးဆောင်သာသနာပြု ဆောက် လုပ်နေကြောင်းကို ရေးသားထားပါသည်။

၁၂၉။ရွှေဇွန်။ 'မမေ့နိုင်ပါ ရွှေဟင်္သာ'။ **ရွှေဟင်္သာတိုက်သစ် နှစ် (၅၀) မြောက်ရွှေရတု စာစောင်**၊ ၁၉၈၆၊ စာ ၅၅ - ၅၈။

စာရေးသူသည် ရွှေဟင်္သာတိုက်သစ်သို့ ဆွမ်းကပ်လှူရန် ရောက်ရှိသည့်အခါ ကျောင်းပရိဝုဏ်အတွင်း တွေ့ရသည့် အဆောက်အဦးများနှင့် လှူဒါန်းခဲ့သော အလှူရှင်တို့၏ အမည်များကိုဖော်ပြထားပါသည်။ ရွှေဟင်္သာဆရာတော်ကြီး ရရှိခဲ့သော ဘွဲ့တံဆိပ်တော်များ၊ ရွှေဟင်္သာဆရာတော်၏ ဓာတ်ပုံ၊ ရုပ်ထုတော်၊ ရွှေကျင်ဆရာတော်ဘုရားကြီး၊ ညောင် တုန်း ရွှေဟင်္သာတောရ ပထမစံကျောင်းဆရာတော်၊ ဒုတိယ စံကျောင်း ဆရာတော်၊ အတိသုဒ္ဓါရုံဆရာတော်တို့၏ ဓာတ်ပုံ တို့ကို ကြည်ညိုဖွယ်ဖူးတွေ့ရကြောင်း၊ သံဃာတော်များကို ကိုယ်တိုင်ကိုယ်ကျဆွမ်းကပ်လှူဒါန်းပြီး ဝေယျာဝစ္စကုသိုလ် ပြုလုပ်၍ ပြန်လာခဲ့သည်မှာ ရက်၊ လ ကြာမြင့်သော်လည်း ယနေ့တိုင် မမေ့နိုင်သေးကြောင်းတို့ကို ရေးသားထားပါသည်။

၁၃၀။လှမျိုး၊ **ဂန္ဓီရဆရာ**။ 'စစ်ကိုင်းရွှေဟင်္သာဆရာတော်ဘုရားကြီး အမြဲရွတ်ပွားသော ဂါထာ'။ **ရတနာမွန်**၊ တွဲ ၃၃၊ မှတ် ၉ (စက် ၂၀၀၆) စာ ၅၅-၅၆။

သက်တော် (၁၂၀)တွင် ပျံလွန်တော်မူခဲ့သော ရွှေဟင်္သာ ဆရာတော်ဘုရား မကွယ်လွန်မီ အမေရိကန်နိုင်ငံ၊ လော့စ် အိန်ဂျလိစ်ခရိုင်ချီနိုဟင်း(လ်)ရှိ မောင်တင်ထွန်းအိမ် ယာယီ စံကျောင်းတွင်ပေးတော်မူခဲ့သော 'နတ္ထိ မေ သရဏံ အညံ…

ဣန္ဒိတံ ပဏ္ဍိတံ သဒါ' အန္တရာယ်ကင်းဂါထာကို ရေးသား ထားခြင်းဖြစ်ပြီး၊ ထိုဂါထာတော်ကို စွဲစွဲမြဲမြဲရွတ်ဖတ်ပါက ဘေးအန္တရာယ်ကင်းခြင်း၊ သွားလေရာ အဆင်ပြေခြင်း၊ စီးပွားရေးလုပ်ငန်းများ တိုးတက်အောင်မြင်ခြင်းများ ခံစား ကြရမည်ဖြစ်ကြောင်း သက်တော်ရှည် ဆရာတော်ကြီး အမြဲ ရွတ်ပွားသောဂါထာဖြစ်ကြောင်း ရေးသားထားပါသည်။

၁၃၁။ဝင်းငြိမ်း၊ မောင်၊ စစ်ကိုင်း။ 'စစ်ကိုင်းမင်းဝံတောင်မှ ရွှေဟင်္သာ ဆရာတော်၏ ရဟန်းမြတ်တရား'။ **သက်တော် ရာပြည့် အဘိဓာတဂုဏပူဇာမင်္ဂလာ**၊ စာ ၁၀-၁၃။

စစ်ကိုင်းတောင်တွင် မီတင်းသီတင်းသုံးနေကြသည့် ရဟန်းများအား ရွှေဟင်္သာဆရာတော်ကြီးက မြွက်ကြားထား သည့် ရဟန်းမြတ်ဆုံးမစာကို ရေးသားထားခြင်းဖြစ်ပါသည်။

၁၃၂။ဝင်းမောင်၊ မြိုင်သာ။ 'ရွှေဟင်္သာဆရာတော်ကြီး၏ ဩဝါဒကို အကြောင်းပြု၍'။ **မြတ်မင်္ဂလာ**၊ တွဲ ၂၄၊ မှတ် ၅ (နိုဝင်ဘာ ၂၀၀၈)၊ စာ ၃၁-၃၂။

'လုပ်ငန်းတစ်ခု လုပ်ဆောင်ပြီဆိုလျှင် ဝေဖန်ကဲ့ရဲ့ရှုံ့ချ ခံရခြင်းတို့ မလွဲမရှောင်သာ ကြုံတွေ့ရတတ်ပြီး၊ အခက်အခဲ နှင့် ကြုံတွေ့ရသည့်အခါ စိတ်ကောင်းနှင့်ယှဉ်ကာ အများ အကျိုး ရွက်သယ်ပိုးရန်သာ စိတ်ထားရှိပါက အောင်မြင် မည်ဖြစ်၏' ဟူသော ရွှေဟင်္သာဆရာတော်ကြီး၏ဩဝါဒကို သာဓကတစ်ခုဖြင့် ဖော်ပြထားပါသည်။ စေတီတည်နေသော ဓမ္မကထိကဆရာတော်တစ်ပါးသည် အမျိုးမျိုးသော ဝေဖန် ကဲ့ရဲ့မှု အသီးသီးကို သည်းမခံနိုင်တော့သဖြင့် မင်းကွန်း ဆရာတော်ကြီးထံ သွားရောက် လျှောက်တင်သောအခါ ရွှေဟင်္သာဆရာတော်၏ဩဝါဒကို လက်ကိုင်ထားရန် ဩဝါဒ ပေးတော်မူပြီး သိတဲ့သူကပိုသည်းခံရသည်ဟူသော အဆုံးအမ ကိုချီးမြှင့်သောကြောင့် စေတီတည်ခြင်းသည် ချောမောစွာ

ပြီးခဲ့ကြောင်းနှင့် မင်းကွန်းဆရာတော်၏ ဩဝါဒအချို့ကို ရေးသားထားပါသည်။

၁၃၃။သာသနာစောင့်ရှောက်ရေးအဖွဲ့ဝင်တစ်ဦး။ 'ပေးလှူတတ်လျှင် နိဗ္ဗာန်ဝင်'၊ **ရွှေဟင်္သာတိုက်သစ် ကျောင်းတိုက် နှစ်(၅၀)မြောက် ရွှေရတုစာစောင်**၊ စာ ၁၀၄-၁၀၈။

လှူဒါန်းပေးကမ်းစွန့်ကြဲမှုကို ဒါနဟုခေါ်ပါ၏။ မိမိထက်အဆင့်အတန်းမြင့်သောပုဂ္ဂိုလ်ကို လှူဒါန်းသည်။ မိမိနှင့်တန်းတူပုဂ္ဂိုလ်ကို ပေးကမ်းသည်၊ မိမိအောက်က အဆင့်အတန်း နိမ့်သူအတွက် စွန့်ကြဲသည်ဟု ဒါနပြုမှုကို အမျိုးမျိုးခေါ်ဆိုနိုင်သည်။ ပေးကမ်းလှူဒါန်းရာတွင် စေတနာသုံးတန်ပြဋ္ဌာန်း၍ စင်စင်ကြယ်ကြယ် ပေးလှူသင့်သည်။ အလှူခံပုဂ္ဂိုလ်သည် သီလ၊ သမာဓိ၊ ပညာ ပြည့်စုံလေ လှူရသူ၍ အကျိုးများလေ ဖြစ်ပါသည်။ ရွှေဟင်္သာတိုက်သစ် တည်ထောင်ခဲ့သည်မှာ နှစ်(၅၀)ပြည့်၍ ဆရာတော်နှင့်တကွ စာချဘုန်းတော်ကြီးများ၊ စာသင်သား သံဃာတော်အပါး(၁၀၀)ကျော်တို့သည် ပရိယတ္တိစာပေများ သင်ကြားပို့ချလျက်ရှိပါသည်။ ထိုသံဃာ (၁၀၀)ကျော်တို့အား နေ့စဉ် ဆွမ်းလှူကြသော အလှူရှင်များ၊ ငွေပဒေသာပင်များ စိုက်လှူထားသော ကုသိုလ်ရှင်များသည် လှူဒါန်းခဲ့သော ကောင်းမှုကုသိုလ်များကို အမြဲနှလုံးသွင်း၍ ကုသိုလ်တရား ပွားများနိုင်ပြီး နောက်ဆုံးရည်မှန်းရာ နိဗ္ဗာန်ဝင်နိုင်ရန် ပေးလှူတတ်ရန် လိုအပ်ကြောင်းတို့ကို ရေးသားထားပါသည်။

၁၃၄။သိရိန္ဒ၊ အရှင်။ "သက်တော်ရှည် ရွှေဟင်္သာဆရာတော်ဘုရားကြီး၏ သတိပေး စကားတော်သုံးခွန်း"။ **ရွှေဟင်္သာ ဆရာတော်ဘုရားကြီး အရှင်ပဏ္ဍိတထေရ်၏ သက်တော်ရာပြည့်ပူဇော်ပွဲ စာစောင်**၊ ၁၉၉၃၊ စာ ၂၆။

ဝါဆိုသံဃာ ဘယ်လောက်ရှိလဲ၊ စာပေကို စွမ်းနိုင်သမျှ

ပို့ချပေးကြပါ၊ ကိုယ့်တိုက်တာမှာရှိတဲ့ ရဟန်း၊ သာမဏေများကိုလည်း ရဟန်းကောင်းလေးများ ဖြစ်အောင် စည်းကမ်းတကျ ဆုံးမပေးကြပါဟူသော ရွှေဟင်္သာ ဆရာတော်ကြီး၏ စကားသုံးခွန်းအကြောင်းကို ရေးသားထားခြင်း ဖြစ်ပါသည်။

၁၃၅။သုနန္ဒ၊ **အရှင်။ 'ပရဟိတအတွက် ဆေးတစ်ခွက်'။ ရွှေဟင်္သာ ဆရာတော်ဘုရားကြီး အရှင်ပဏ္ဍိတထေရ်၏ သက်တော် ရာပြည့် ပူဇော်ပွဲ စာစောင်၊** ၁၉၉၃၊ စာ ၁၉-၂၀။

'အများအကျိုး ဆောင်သည်ပိုးသော်၊ ခနိုးခနဲ့ဆိုကဲ့ရဲ့စေ၊ မဖဲ့မစောင်း ကိုယ့်လမ်းကြောင်းကို စိတ်ကောင်းနှင့်ယှဉ် ရှေးရှုနှင်လော့'' ဟူသော ရွှေဟင်္သာဆရာတော်ကြီး၏ ဩဝါဒအကြောင်းကို ရေးသားထားခြင်း ဖြစ်ပါသည်။

၁၃၆။သုမင်္ဂလ၊ အရှင်၊ ရွှေဟင်္သာ။ ''အနန္တမေတ္တာရှင်''၊ **ရွှေဟင်္သာတိုက်သစ်ကျောင်းတိုက် နှစ် ၅၀ မြောက် ရွှေရတုစာစောင်၊** ၁၉၈၆၊ စာ ၅၂-၅၄။

ညောင်တုန်း ရွှေဟင်္သာတောရတိုက်ဆရာတော် အမှူးရှိသော တိုက်အုပ်၊ တိုက်ကြပ်၊ နာယက စာချ ဆရာတော်များနှင့် စစ်ကိုင်း ရွှေဟင်္သာတိုက်သစ် ဆရာတော်သည် စာရေးသူကို စာပေပညာသာမက အသိအလိမ္မာ ဉာဏ်ပညာနှင့် ပေါင်းသင်းဆက်ဆံရေး သာသနာရေး စိတ်ဓာတ်များကို အများဆုံးပေးသော ကျေးဇူးရှင်များ ဖြစ်ကြပြီး ထိုကျေးဇူးရှင်များထံမှ စစ်ကိုင်း ရွှေဟင်္သာဆရာတော်ကြီး၏ တပည့်ရဟန်း၊ သာမဏေများကို ဩဝါဒ ပေးတော်မူပုံ၊ စာသင်သားသံဃာတော်များကို ဆိုဆုံးမပုံနှင့် စာချဘုန်းကြီးမှ စာသင်သား ရဟန်းသာမဏေများနှင့် ကျောင်းသားတိုင်း စားဝတ်နေရေး၊ ပညာရေး ပြည့်စုံရန် ဦးဆောင်ညွှန်ကြားတတ်သော ဆရာတော်ကြီး၏ မေတ္တာ၊ စေတနာကြီးမားပုံတို့ကို တင်ပြထားခြင်း ဖြစ်ပါသည်။

၁၃၇။သံသရာဘိဝံသ၊ **အရှင်**။ 'စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာ တိုက်သစ်ကျောင်းတိုက်သမိုင်းအကျဉ်း'။ **သက်တော် ရာပြည့် အဘိဓာတဂုဏပူဇာမဂ်လာ**၊ စာ ၇-၁၀။

ရွှေဟင်္သာ ကျောင်းတိုက်ကို တည်ထောင်ခဲ့သော ရွှေဟင်္သာဆရာတော်နှင့် ကျောင်းတိုက် တည်ထောင်ဖြစ်ခဲ့ပုံ အကြောင်းတို့ကို ရေးသားထားခြင်း ဖြစ်ပါသည်။

၁၃၈။သံဝရာဘိဝံသ၊ **အရှင် (အဂ္ဂမဟာပဏ္ဍိတ)**။ ''ဆရာတော် ဘုရားကြီး ကရုဏာတော်နှင့် မေတ္တာဘာဝနာ''။ **သက်တော်(၁၀၀)ပြည့် အဘိဓာတ ဂုဏ ပူဇာ မဂ်လာ**၊ စာ ၁၈-၁၉။

၁၉၉၈ ခုနှစ်၊ ၈လပိုင်း အရေးအခင်းကာလတွင် ဆရာတော်ဘုရားကြီးသည် မြန်မာနိုင်ငံသားများနှင့်တကွ ကမ္ဘာသူ၊ ကမ္ဘာသားအားလုံး ကိုယ်စိတ်နှစ်ပါး ချမ်းသာအောင် ရွှေဟင်္သာတိုက်သစ်ရှိ သံဃာတော်များ မေတ္တာပို့ကြရမည်ဟု မိန့်တော်မူခဲ့ကြောင်း ရေးသားထားပါသည်။

၁၃၉။သန်းထွတ်၊ **ဦး**၊ ပါမောက္ခ (ငြိမ်း)။ 'စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာဆရာတော်ဘုရားကြီး'။ မြန်မာပုဂ္ဂိုလ်ကျော်လေးဆယ်။ **အင်တာနေရှင်နယ်မဂ္ဂဇင်း**၊ မှတ် ၅၉(ဇန် ၂၀၀၂)၊ စာ ၁-၆။

ရွှေဟင်္သာ ဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိအကျဉ်း၊ ဆရာတော်ကြီး ပြင်ဦးလွင် ရွှေဟင်္သာစံကျောင်း၌ သီတင်းသုံးစဉ် ချီးမြှင့်ခဲ့သော ဆုံးမစာနှင့် ရွှေဟင်္သာတိုက်သစ်ကျောင်းတိုက်ရှိ တံတိုင်းနံရံတွင် ကျောက်စာဖြင့်ရေးသားထားသည့် ဆောင်ပုဒ်အချို့ကို ရေးသားဖော်ပြထားပါသည်။

၁၄၀။ အမာ၊ **ဒေါ်**၊ **လူထု**-။ ''ဆရာတော်ဘုရားရဲ့ ရုပ်ပွား''။ **ရွှေဟင်္သာ တိုက်သစ်ကျောင်းတိုက် နှစ်(၅၀)မြောက် ရွှေ ရတုစာစောင်**။ စာ ၈၉-၉၂။

"- - -"။ "ရွှေဟင်္သာဆရာတော်ကြီးရဲ့ရုပ်ပွား"။ **ရွှေကျင်နိကာယ နှစ်တစ်ရာ့ငါးဆယ်ပြည့်သာသနာ့မော်ကွန်း**။ စာ ၁၂၅-၁၂၈။

စာရေးသူသည် ပန်းပုဆရာဦးဟန်တင်၏ လက်ရာတော်တော်များများကို တွေ့ဖူးကြောင်း၊ ပန်းပုဆရာကြီးဦးဟန်တင် ထုလုပ်သော ရွှေဟင်္သာဆရာတော်၏ ရုပ်ထုသည် ပုံတူရုံမက မည်သည့်အချိန်မဆို အေးချမ်း ငြိမ်သက်စွာနေတော်မူတတ်သော ရွှေဟင်္သာဆရာတော်၏ စိတ်ပါပေါ်လွင်နေသည့် အနေအထားမျိုးကိုပါ ရုပ်ထုတော်တွင် တွေ့မြင်ရကြောင်း၊ ပန်းပုဆရာသည် ဆရာတော်ကြီးကို ဆရာဒကာအရင်းဖြစ်အောင်ကြိုးစားပြီး ဆရာတော်ကြီး၏ ကြည်ညိုဖွယ်အပြုအမူ၊ ပြောဆိုနေထိုင်တတ်သောသဘာဝအကျင့်များ အားလုံးနီးပါး၊ နှလုံးအိမ်ထဲတွင် မှတ်သားဆည်းပူးရင်း ထုလုပ်ခဲ့ကြောင်း၊ ဆရာတော်ကြီးသည် ဝိနည်းတော်ကို လေးစားလိုက်နာပုံသည် အသေးစိတ်ရှိကြောင်း၊ ဆရာတော်ကြီး၏ ငယ်စဉ်ရဟန်းဘဝ၊ သက်တော် ၉၀ ကျော်တိုင်အောင် ခါးမကုန်း၊ နားမလေး၊ သွားမကျိုး၊ မျက်မှန်မဆောင်ရဘဲ စာရေးနိုင်ကြောင်း၊ နိစ္စပတ် ဆွမ်းခံကြွတော်မူနိုင်ကြောင်း၊ ပန်းပုဆရာသည် ဆရာတော်ကြီး၏ ကိုယ်ပွားရုပ်ထုတော်ကို ကြည်ညိုစိတ်ဖြင့် ထုလုပ်ကြောင်းတို့ကို ရေးသားထားပါသည်။

၁၄၁။ "- - -" "ရွှေဟင်္သာရာပြည့်ပူဇော်မှုနှင့် ပိုက်ကျုံး ဆရာတော်ဘုရား"။ **ရွှေကျင် နိကာယ နှစ်တစ်ရာ့ငါးဆယ် ပြည့်သာသနာ့မော်ကွန်း**။ စာ ၃၁၄-၃၁၅။

ရွှေကျင်နိကာယဥက္ကဋ္ဌ၊ ရွှေကျင်သာသနာပိုင် ရွှေဟင်္သာဆရာတော်သည် သက်တော် ၉၈ နှစ်ပြည့် သက်တော်ရှည်ပူဇော်ပွဲကျင်းပချိန်ထိ မျက်စိမမှုန်၊ ခါးမကိုင်းဘဲ ကျန်းမာဖြတ်လတ်ကြောင်း၊ ရွှေကျင်သာသနာပိုင် စံကင်းဆရာတော်ကြီးသည် သက်တော် (၁၀၂)နှစ် ကြေးမြင်ဆရာတော်ကြီးသည် သက်တော် (၁၀၄)နှစ်တွင် ပျံလွန်တော်မူကြောင်း၊

ရွှေကျင်ဂိုဏ်း၏ ဥပဥက္ကဋ္ဌ ဆရာတော်နှစ်ပါးဖြစ်သော ပိုက်ကျိုးဆရာတော်သည် သက်တော် (၉၁)နှစ်၊ ပြည် ဗာရာဏသီ ဆရာတော်သည် သက်တော် (၉၀)နှစ်တို့သည် ကျန်းမာကြောင်း၊ ရွှေကျင်ဂိုဏ်းတွင် ရွှေဟင်္သာ ဆရာတော် သည် ဒွါဒသမသာသနာပိုင်ဖြစ်ကြောင်း၊ ပိုက်ကျိုး ဆရာတော်ကြီးသည် နိုင်ငံတော်မှ ဆက်ကပ်သော အဂ္ဂမဟာ ပဏ္ဍိတနှင့် အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့ တံဆိပ်တော်များကို ရရှိခဲ့ပြီး ဘွဲ့တံဆိပ်နှင့်အတူ ရရှိသော ဝတ္ထုငွေများကို ဝိသုဒ္ဓါရုံ အလယ်တိုက်ကြီးပေါ်ရှိ ဘုရားကျောင်းဆောင် မွမ်းမံရာတွင် သုံးစွဲခဲ့ကြောင်းတို့ကို ရေးသားထားပါသည်။

၁၄၂။အာစာရာလင်္ကာရ၊ ဘဒ္ဒန္တ (ဓမ္မာစရိယ-မြန်မာဂုဏ်ထူး)။ 'ရွှေကျင်ဂိုဏ်းကြီး စတင်ဖြစ်ပေါ်လာပုံနှင့် ရွှေကျင် နိကာယ သာသနာပိုင် ဆရာတော်ကြီးများ'။ **ရွှေဟင်္သာဆရာတော် ဘုရားကြီး အရှင်ပဏ္ဍိတထေရ်၏ သက်တော် ရာပြည့် ပူဇော်ပွဲစာစောင်၊** ၁၉၉၃၊ စာ ၈-၁၈။

ရွှေကျင်ဂိုဏ်းကြီး စတင်ဖြစ်ပေါ်လာပုံ၊ ပထမရွှေကျင် သာသနာပိုင် ဆရာတော်ဘုရားကြီးမှစ၍ ဒွါဒသမရွှေကျင် သာသနာပိုင်အထိ ခေတ်အဆက်ဆက် ရွှေကျင်ဂိုဏ်းကို အုပ်ချုပ်လာသော ရွှေကျင်သာသနာပိုင်ဆရာတော်ကြီးများ အကြောင်းကို ရေးသားထားပါသည်။

၁၄၃။အာဒိစ္စ၊ အရှင်။ 'မေတ္တာပြည့်ဝနိဝါတ'။ **ရွှေဟင်္သာတိုက်သစ် ကျောင်းတိုက် နှစ်(၅၀)မြောက် ရွှေရတုစာစောင်''** စာ ၁၀၁-၁၀၃။

စာရေးသူသည် ရွှေဟင်္သာဆရာတော်ကြီး သက်တော် ၆၀ အရွယ်၊ သက်တော် ၉၀ အရွယ်တို့တွင် သွားရောက် ဖူးမြော်သောအခါ ကြီးမားသောမေတ္တာဖြင့် လက်ခံ တွေ့ဆုံ၍ ဩဝါဒ မိန့်ကြားတော်မူခဲ့ပါသည်။ သက်တော်

၉၀ ကျော်ချိန်တွင် ကျန်းမာ၍ မျက်မှန်မတပ် စာဖတ်နိုင်သည်။ ခါးကိုင်းမှုမရှိဘဲ ဆွမ်းခံကြွနိုင်သေးသည်။ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့ဖြင့် ပြည့်စုံသော ရွှေဟင်္သာဆရာတော်ကြီး တည်ထောင်ခဲ့သော ရွှေဟင်္သာတိုက်သစ်သည် နှစ်ငါးဆယ်ပြည့်ခဲ့ပြီး 'ရာပြည့်သဘင်'ကို ဆင်ယင် ကျင်းပတော်မူနိုင်ပါစေဟု ရေးသားထားပါသည်။

၁၄၄။ဣန္ဒဝံသ၊ **ဦး**။ 'ပူဇော်ထိုက်သူကို ပူဇော်ခြင်း'။ **ရွှေဟင်္သာဆရာတော်ဘုရားကြီး အရှင်ပဏ္ဍိတထေရ်၏ သက်တော်ရာပြည့်ပူဇော်ပွဲစာစောင်၊** ၁၉၉၃၊ စာ ၆၇-၆၈။

သက်တော်အားဖြင့်လည်းကောင်း၊ ဝါတော်အားဖြင့်လည်းကောင်း၊ သိက္ခာတော်အားဖြင့် လည်းကောင်း၊ သီလသမာဓိအားဖြင့်လည်းကောင်း ပြည့်စုံတော်မူသော ရွှေဟင်္သာဆရာတော်ကြီးအား ပူဇော်ကန်တော့ရခြင်းသည် ကောင်းမြတ်သောမင်္ဂလာဖြစ်ပါသည်စသည်ဖြင့် ဆရာတော်ဘုရား၏ ဂုဏ်ရည်အချို့ကို ရေးဖွဲ့ပူဇော်ထားပါသည်။

၁၄၅။ဣသရာဘိဝံသ၊ **အရှင်**၊ ဝိသုဒ္ဓါရုံ ရေဦးကျောင်း။ 'ရွှေဟင်္သာတိုက်သစ် သာသနာဝင်'။ **ရွှေဟင်္သာတိုက်သစ် ကျောင်းတိုက်နှစ်(၅၀)မြောက် ရွှေရတုစာစောင်၊** စာ ၂၄ - ၃၃။

စစ်ကိုင်းတိုင်းသည် အလောင်းဘုရား မွေးရာဇာတိ၊ မြန်မာ့သမိုင်းတွင် ထင်ရှားကျော်ကြားသည့် သာသနာ့အာဇာနည်များ၊ ရွှေကျင်သာသနာပိုင် အများစုပေါ်ထွက်ရာ ဌာနကြီးဖြစ်ပါသည်။ ရွှေဟင်္သာတိုက်သစ်အတွင်းရှိ အဆောက်အဦးများ၊ ရွှေဟင်္သာတိုက်သစ်ကို တည်ထောင်ခဲ့သော ရွှေဟင်္သာဆရာတော်ကြီး၏ ရှင်သာမဏေဘဝ၊ ရဟန်းဘဝ၊ စစ်ကိုင်းသို့ရောက်ရှိပြီး ရွှေဟင်္သာတိုက်ဟောင်းမှ တိုက်သစ် ဖြစ်ပေါ်လာပုံ၊ စာအောင်သံဃာများတိုးတက်ပုံ၊ ဆရာတော်ကြီး ရရှိခဲ့သည့် ဘွဲ့တံဆိပ်များ၊ ဆရာတော်ကြီးသည် ကျမ်းပြု

အကျော်အမော်ဖြစ်ပြီး ဝိနည်းလေးစားသော၊ ဆွမ်းခံခြင်းစသော ဓုတင်အကျင့်နှင့် ပြည့်စုံသော၊ ဩဝါဒပေးကောင်းသော သာသနာနှင့် ဂိုဏ်းကို ချစ်မြတ်နိုးသော မထေရ်ကြီးတစ်ပါးဖြစ်ကြောင်းတို့ကို ရေးသားထားပါသည်။

၁၄၆။အေးမြင့်၊ **မောင်၊ မြန်မာမှုဒီဗိုင်းသုတေသီ။** 'အုတ်တစ်ချပ်သဲတစ်ပွင့်ပမာ'။ **ရွှေကျင်နိကာယ နှစ်တစ်ရာ ငါးဆယ်ပြည့်မော်ကွန်း။** စာ ၃၈၂-၃၈၄။
စာရေးသူသည် ရွှေဟင်္သာဆရာတော်ကြီး ရေးသားခဲ့သော အမေရိကန်ခရီးသွားမှတ်တမ်း အဖုံးဒီဗိုင်းကို ရေးဆွဲခဲ့ရာမှ ဆရာတော်ကြီးကို အနီးကပ်ဖူးမြော်ခွင့်ကို လည်းကောင်း၊ ဆရာတော်ကြီး၏ ထေရုပ္ပတ္တိများကို ဖတ်မိရာမှ ဂုဏ်ကျေးဇူးတော်များ သိရှိသဖြင့် စာရေးသူသည် ကျေနပ်ပီတိဖြစ်ရကြောင်းကို ရေးသားထားပါသည်။

၁၄၇။အောင်ထွတ်၊ **မောင်။** 'စစ်ကိုင်းရွှေဟင်္သာဆရာတော်ကြီး၏နောက်ဆုံးစာစောင်'၊ **မြတ်ဆုမွန်၊** တွဲ ၁၀၊ မှတ် ၄ (ဩ ၁၉၉၆) စာ ၃၄-၃၇။
စာရေးသူသည် သက်တော်ရှည် ဆရာတော်ကြီးများကို ဖူးတွေ့ဖူးသော်လည်း ရွှေဟင်္သာဆရာတော်သည် အခြားဆရာတော်များနှင့်မတူ ကျန်းမာ၍ သက်ရှည်ကြောင်း ဆရာတော်ကြီးသည် သက်တော် ၁၀၂ နှစ်တိုင် သာသနာရေးကိစ္စအရေးကြီး၍ ကိုယ်တိုင် မကြွနိုင်လျှင် စာဖြင့် ရေးသားချီးမြှင့်လေ့ရှိသည်။ ရွှေဟင်္သာ ဆရာတော်သည် သီရိမင်္ဂလာဆရာတော်အား လက်ရေးဖြင့် နောက်ဆုံးချီးမြှင့်ခဲ့သည့် ပေးစာကို ဓမ္မမိတ်ဆွေများ သံဝေဂရစေရန် ရေးသားဖော်ပြထားခြင်း ဖြစ်ပါသည်။

၁၄၈။ အောင်ထွတ်၊ **မောင်၊** ''ရွှေဟင်္သာဆရာတော်ကြီး''၊ **မြတ်ဆုမွန်၊** တွဲ ၉၊ မှတ် ၉ (မတ်၊ ၁၉၉၆) စာ ၁၀-၁၄။

ရွှေဟင်္သာဆရာတော်သည် သက်တော် ၇၀ ကျော်သော်လည်း တောင်ဝှေးမဆွဲ၊ လူမတွဲ၊ မျက်စိမမှုန် ကိုယ်လက်မတုန်၊ ခါးမကိုင်း၊ နားမထိုင်းသော ကျန်းမာရေး ကောင်းမွန်သော ကျမ်းပြုပုဂ္ဂိုလ်ကျော် ဖြစ်ပါသည်။ စာရေးသူသည် ရွှေဟင်္သာဆရာတော်ကြီးအား သက်တော် ၆၀ အရွယ် ညောင်တုန်းသို့ ရွှေဟင်္သာတောရစာအုပ် လာရောက်ပေးအပ်စဉ် ပထမအကြိမ်၊ သက်တော် (၈၃)နှစ်အရွယ် ညောင်တုန်း ရွှေဟင်္သာတောရ စိန်ရတုသဘင်သို့ ကြွရောက်စဉ်၊ သက်တော် (၉၈)နှစ်အရွယ် ကွမ်းခြံကုန်းမြို့မှ (၇)မိုင်ဝေးသော တော်ကူးကြီးကျေးရွာတွင် ကျင်းပသည့် (၂၃)ကြိမ်မြောက် စာပြန်သို့ ကြွရောက်တော်မူစဉ် ဖူးတွေ့ခဲ့ရပြီး သက်တော်(၁၀၂)နှစ်အရွယ်တွင် ဗဟန်းမြို့နယ်၊ ရွှေကျင်သာသနာ့ဗိမာန်ကြီးတွင် အဘိဓဇဘွဲ့ရသည့် ဥက္ကံမြို့ ဘုရားကြီးတိုက် ဆရာတော်ကြီး၏ အဘိဓဇပွဲတော်ပူဇော်ပွဲ၌ နောက်ဆုံး ဖူးတွေ့ခဲ့ရကြောင်းတို့ကို ရေးသားထားပါသည်။

## ဆရာတော်ဘုရားကြီး၏
## ဘဝနှင့်စာပေအပေါ် ဝေဖန်ရေးသားစာများ

### လုံးချင်းစာအုပ်များ

၁၄၉။ ခင်သီတာ၊ မ၊ 'ရွှေဟင်္သာ ဆရာတော်ဘုရားကြီး၏ သာသနာရေးဆိုင်ရာ ထေရုပ္ပတ္တိ'။ ရန်ကုန်၊ ရန်ကုန်တက္ကသိုလ်၊ ၁၉၉၈။ ၁၆၄စာ၊ ပုံများ၊ ၂၉ စင်တီ။

ရွှေဟင်္သာဆရာတော်ဘုရားကြီး၏ အတ္ထုပ္ပတ္တိအကျဉ်း၊ ရေးသားပြုစုခဲ့သော စာပေများနှင့် သာသနာရေးဆိုင်ရာဆောင်ရွက်ချက်များကို ရေးသားထားပါသည်။

၁၅၀။ ဉာဏိဿရိယ၊ အရှင်၊ **သီတဂူဆရာတော်**။ 'ကဿပဂုဏ်ရည်'။ ရန်ကုန်၊ မျိုးဆက်သစ်စာပေ၊ ၂၀၀၀။ ၁၆၀ စာ၊ ၁၈ စင်တီ။

၁၃၅၅ ခုနှစ်၊ နတ်တော်လဆန်း (၇) ရက်နေ့တွင် စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာတိုက် သစ်တွင်ကျင်းပသည့် ရွှေကျင်နိကာယ သာသနာပိုင် ရွှေဟင်္သာဆရာတော်ဘုရားကြီး၏ သက်တော် ၁၀၀ပြည့်ဂုဏာပူဇာဝိဇာယန မင်္ဂလာပွဲသဘင်၌ သီတဂူဆရာတော်ဟောကြားတော်မူသော 'ကဿပဂုဏ်ရည်' တရားတော်ကို အရှင်အာစာရာလင်္ကာရ (ရွှေဟင်္သာ)က စီစဉ်တည်းဖြတ် ထုတ်ဝေထားပါသည်။

ကျေးဇူးရှင် ရွှေဟင်္သာဆရာတော်ဘုရားကြီးကို အရှင်မဟာကဿပ မထေရ်သူမြတ်ကြီးအလားပမာထား၍ ဟောကြားသော တရားတော် ဖြစ်ပါသည်။ အရှင်အာစာရာလင်္ကာရ ရေးသားသော စစ်ကိုင်း

ရွှေဟင်္သာဆရာတော်ဘုရားကြီး၏ **သက်တော်ရာကျော် ဘဝခရီး** နှင့် မောင်နွယ်အောင် ရေးသားသည့် **သက်တော်ရာကျော် စစ်ကိုင်းရွှေဟင်္သာဆရာတော် ဘုရားကြီး၏ထူးခြားဆန်းကြယ်အံ့ဖွယ်များ** ဆောင်းပါး နှစ်ပုဒ်ကိုပါ ထည့်သွင်း ဖော်ပြထားပါသည်။

၁၅၁။ ဉာဏိဿရိယ၊ **အရှင်၊ သီတဂူဆရာတော်။** 'ပညာရှိ တစ်ဆူကို ပူဇော်ခြင်း'။ ရန်ကုန်၊ လာဘ်မိုးရွှေစာပေ၊ ၂၀၁၁။ ၁၅၄ စာ၊ ၁၈ စင်တီ။

၁၃၅၉ ခုနှစ်၊ နတ်တော်လဆန်း (၇) ရက်နေ့တွင် စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာတိုက်သစ် မဟာမွေ့ဗိမာန်တော်ကြီးတွင် ဆင်ယင်ကျင်းပသည့် ရွှေဟင်္သာဆရာတော်ဘုရားကြီး၏ (၁၀၄)နှစ်မြောက် ဝိဇာယနပူဇာ မွေ့သဘင်၌ သီတဂူဆရာတော် ဟောကြားသော **ပညာရှိတစ်ဆူကို ပူဇော်ခြင်း** တရားတော်နှင့် ရွှေဟင်္သာဆရာတော်ကြီး ဟောကြားခဲ့သော ဩဝါဒကထာများကို အရှင်အာစာရာလင်္ကာရ (ရွှေဟင်္သာ)က စီစဉ်တည်းဖြတ်ထုတ်ဝေထားပါသည်။

၁၅၂။ ဉာဏိဿရိယ၊ **အရှင်၊ သီတဂူဆရာတော်။** 'ဝေဒနာကို သည်းခံခြင်း'၊ (မဟာပရိနိဗ္ဗာနသုတ္တန် တရားတော်)။ ရန်ကုန်၊ တိုင်လင်းစာပေ၊ ၂၀၀၁။ ၁၄၂ စာ၊ ၁၈ စင်တီ။

၁၃၅၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် (၈)ရက်နေ့တွင် စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာကျောင်းတိုက်ကြီးအတွင်း ကျင်းပသည့် ရွှေကျင်နိကာယ သာသနာပိုင် စစ်ကိုင်းရွှေဟင်္သာဆရာတော်ဘုရားကြီး၏ အန္တိမဈာပန သာဓုကီဠန ပူဇာပွဲသဘင်၌ ဟောကြားအပ်သော တရားတော်များကို အရှင်အာစာရာလင်္ကာရ (ရွှေဟင်္သာ)က စီစဉ်တည်းဖြတ် ထုတ်ဝေထားသည်။

မြတ်ဗုဒ္ဓသည် ပရိနိဗ္ဗာန်ဝင်စံမှုမပြုမီ အလွန်ပြင်းထန်သည့် သွေးဝမ်းသွန် ဝေဒနာဒဏ်ကို ခံစားနေရသည့်တိုင် မည်ကဲ့သို့ သည်းခံတော်မူခဲ့ကြောင်း၊ ပရိနိဗ္ဗာန်ဝင်စံကာနီး ဈာန်သမာပတ်များကို အထပ်ထပ် အခါခါ ဝင်စားရခြင်း၏ အကြောင်းများ၊ နိရောဓသမာပတ်၏ အဓိပ္ပာယ်၊ ဗုဒ္ဓရှင်တော်၏ သရီရပူဇာနှင့်အတူ ရွှေဟင်္သာဆရာတော်ဘုရားကြီးသည် ပျံလွန်တော်မမူခင် မိမိကိုယ်မှာ ဖြစ်ပေါ်နေသော ဒုက္ခဝေဒနာကို လစ်လျူရှုလျက် ထွက်လေဝင်လေကိုသာနှလုံးသွင်းနေကြောင်း၊ မိမိပျံလွန်တော်မူပါက ရုပ်ကလပ်ကို စီမံဆောင်ရွက်ရန် ဩဝါဒ (၁၃) ချက်ကို ကြိုတင်မှာကြားခဲ့ကြောင်း စသည်ဖြင့် ရှင်းလင်းဟောကြားထားသည်။

၁၅၃။ နန္ဒမာလာဘိဝံသ၊ **အရှင်**၊ 'ရွှေဟင်္သာ ဆရာတော် ဘဝနှင့် စာပေအထွေထွေ'။ ရန်ကုန်၊ မဟာသုဗောဓာရုံ တိုက်၊ ၁၉၈၀။ ၄၀၀ စာ၊ ဓာတ်ပုံများ၊ ၂၃ စင်တီ။

ရွှေဟင်္သာ ဆရာတော်ကြီး မွေးဖွားသည့် ၁၈၉၃ ခုနှစ်မှ အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့ ရရှိသည့် ၁၉၇၉ ခုနှစ်အတွင်း ဆောင်ရွက်ခဲ့သည့် အကြောင်းအရာများကို ရေးသားထားပါသည်။ နောက်ဆက်တွဲအဖြစ် အဘိဓဇမဟာရဋ္ဌဂုရုနှင့် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်များ ဆက်ကပ်သော အခမ်းအနားတွင် ရွှေဟင်္သာဆရာတော်ကြီး ဟောကြားသော ဩဝါဒကထာ၊ ဆွေတော်မျိုးတော်များနှင့် ၁၃၁၈ ခု ညောင်ရွှေခရီးသွားမှတ်တမ်းတို့ကို ထည့်သွင်းဖော်ပြထားပါသည်။

၁၅၄။ မြင့်ကြိုင်၊ **အမျိုးသားစာကြည့်တိုက်**။ 'အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ ရွှေကျင်သာသနာပိုင်ချုပ် ဥက္ကဋ္ဌ၊ စစ်ကိုင်းတောင်ရိုး၊ ရွှေဟင်္သာတိုက်သစ် သက်တော်ရှည်

ဆရာတော်ကြီး၏ ဘဝနှင့်စာပေ အမှတ်တရ ဖြစ်စဉ်ရက်စွဲများ*။ ရန်ကုန်၊ သစ်ပင်စာပေ၊ ၁၉၉၂။ ၂၁၈စာ၊ ဓာတ်ပုံ၊ ၁၈ စင်တီ။

(၁၁၈) ကိုလည်းကြည့်

155. Htar Htar Nwe, **Ma.** "Life and Works of Shwehintha Sayadaw (Bhaddanta Panditasiri 1893-1995)". Yangon : Yangon University, 2007. 145 leaves : photo ; 29 cm.

This Ph.D dissertation is the biography of Bhaddanta Panditasiri of Shwehintha Tikthit Monstery. his endeavours for religious affairs. the treatises written by the Sayadaw and his highly respectable characteristics.

ရွှေဟင်္သာ ဆရာတော်ကြီး၏ ဘဝဖြစ်စဉ်၊ သာသနာရေး ဆောင်ရွက်ချက်များ၊ ရေးသားပြုစုခဲ့သောကျမ်းများနှင့် ကြည်ညိုဖွယ်ကောင်းသော ဂုဏ်ရည်များအကြောင်းတို့ကို ရေးသားထားသော ပါရဂူဘွဲ့ယူကျမ်း ဖြစ်ပါသည်။

# စာရေးသူ အမည်အညွှန်း


| စာရေးသူအမည် | အမှတ်စဉ် |
| --- | --- |
| ကထိကရဟန်း | ၈၁ |
| ကဝိသာရ၊ အရှင် | ၈၂ |
| ကဝိသာရ၊ အရှင် (ဝေဇယန္တာ) | ၈၃ |
| ကေလာသ၊ အရှင် | ၈၄ |
| ကောမုဒိရ၊ အရှင် | ၈၅-၈၆ |
| ကျော်ဆန်းဝင်း၊ မောင် | ၈၇ |
| ကျော်နန္ဒအောင် | ၈၈ |
| ကြူကြူသင်း | ၈၉ |
| ကြင်၊ ဦး | ၉၀ |
| ကြည်ကြည်မြ၊ ဒေါ် | ၉၁ |
| ခင်ခင်ထွန်း၊ ဒေါ်၊ မြန်အောင်- | ၉၂ |
| ခင်မောင်ညို (ဘောဂဗေဒ) | ၉၃ |
| ခင်မောင်ထွေး၊ ဦး၊ ဆိပ်ကမ်း | ၉၄ |
| ခင်မောင်မြ၊ ဦး | ၉၅ |
| ခင်သီတာ၊ မ | ၁၄၉ |
| စာတည်းအဖွဲ့ | ၉၆ |
| စန္ဒဝရ၊ အရှင် | ၉၇ |
| စန္ဒဓောတိ၊ အရှင် | ၆၇-၆၈ |
| ဆန္ဒ၊ မောင် | ၆၉ |
| ဆန်းထွန်း (မန်းတက္ကသိုလ်) | ၉၈ |
| ဆွေသန့်ကို | ၉၉ |
| ဉာဏိဿရ၊ အရှင်၊ သီတဂူ- | ၁၅၀-၁၅၂ |
| ဌေးလွင် | ၁၀၀ |

| စာရေးသူအမည် | အမှတ်စဉ် |
|---|---|
| တပည့်ဒကာတစ်ဦး | ၁၀၁ |
| တော်၊ **ဦး၊ အမရပူရ-** | ၁၀၂ |
| တိုးစိန်၊ **မောင်** | ၁၀၃ |
| တိုးထက် | ၁၀၄ |
| တက်တိုး | ၁၀၅ |
| တိက္ခာနန္ဒ | ၁၀၆ |
| တင်သစ်၊ **မောင်** | ၁၀၇ |
| တင်အောင်သွင် | ၁၀၈ |
| ထိပ်သီး | ၁၀၉ |
| ထွင့်ခေါင်ဆရာတော်ဘုရားကြီး | ၆၅ |
| ထွန်းလွင်၊ **မွှောစရိယ၊ ဘီအေ** | ၁၁၀ |
| နဝဓုတင်္ဂါစာရ၊ မဟာထေရ် | ၁၁၁ |
| နာရဒ၊ **အရှင်၊ ပဓာနနာယကဆရာတော်** | ၁၁၂ |
| နယဉ် | ၇၀ |
| နေဝင်း (လန်ဒန်) | ၁၁၃ |
| နေဝင်း၊ **ဦး** (စစ်ကိုင်း) | ၁၁၄ |
| နန္ဒမာလာဘိဝံသ၊ **အရှင်** | ၁၁၅၊ ၁၅၃ |
| နွယ်အောင်၊ **မောင်** | ၁၁၆ |
| ပညာဇောတ၊ **ဦး** | ၇၁ |
| ပညာသိရီ၊ **ဦး** | ၁၁၇ |
| ဗြဟ္မဝံသ၊ **အရှင်** | ၁၁၈ |
| မဟာစည်ဆရာတော် | ၆၆ |
| မဟောသဓာဘိဝံသ၊ **ဘဒ္ဒန္တ** | ၁၁၉ |
| မော်ထွန်းအောင် | ၇၂ |
| မောင်မောင်၊ **ဦး၊ မွှဃောသက-** | ၁၂၀ |
| မျက်ရှင်၊ **မောင်** | ၇၃ |
| မြင့်ကြိုင် | ၁၂၁၊ ၁၅၄ |
| မြင့်စိုး | ၁၂၂ |

| **စာရေးသူအမည်** | **အမှတ်စဉ်** |
|---|---|
| မြတ်ဆုမွန်စာတည်းအဖွဲ့ | ၁၂၃ |
| ရာဇိန္ဒာဘိဝံသ၊ **ဦး** | ၁၂၄ |
| ရဲလွင်၊ **ဦး၊ သင့်ဘဝ-** | ၁၂၅-၁၂၇ |
| ရေအေး | ၇၄ |
| ရွှေကျင်ဆရာတော်ဘုရားကြီး၊ **ပထမ-၊ ဇဂဏာသမုန္ဒာပက** | ၆၄ |
| ရွှေကျင်ရှာသား | ၁၂၈ |
| ရွှေဇွန် | ၁၂၉ |
| ရွှေညာသား | ၇၅ |
| ရွှေမင်းသား (စစ်ကိုင်း) | ၇၆-၇၇ |
| ရွှေအုပ်ဩ | ၇၈ |
| လှမိုး၊ **ဓေယျာ** | ၇၉ |
| လှမျိုး၊ **ဂမ္ဘီရဆရာ-** | ၁၃၀ |
| ဝင်းငြိမ်း၊ **မောင်၊ စစ်ကိုင်း-** | ၁၃၁ |
| ဝင်းမောင်၊ **မြိုင်သာ** | ၁၃၂ |
| သပြေကန်ဆရာတော် | ၆၆ |
| သာသနာစောင့်ရှောက်ရေးအဖွဲ့ဝင်တစ်ဦး | ၁၃၃ |
| သီရိန္ဒ၊ **အရှင်** | ၁၃၄ |
| သုနန္ဒ၊ **အရှင်** | ၁၃၅ |
| သုမင်္ဂလ၊ **ရှင်၊ ရွှေဟင်္သာ** | ၁၃၆ |
| သံဝရ၊ **ဦး၊ ဆရာတော်** | ၈၀ |
| သံဝရာဘိဝံသ၊ **အရှင်** | ၁၃၇ |
| သံဝရာဘိဝံသ၊ **အရှင်** (အဂ္ဂမဟာပဏ္ဍိတ) | ၁၃၈ |
| သန်းထွတ်၊ **ဦး**၊ ပါမောက္ခ(ငြိမ်း) | ၁၃၉ |
| အမာ၊ **ဒေါ်၊ လူထု-** | ၁၄၀-၁၄၁ |
| အာစာရလင်္ကာရ၊ **ဘဒ္ဒန္တ** (ဓမ္မာစရိယ၊ မြန်မာဂုဏ်ထူး) | ၁၄၂ |
| အာဒိစ္စ၊ **အရှင်** | ၁၄၃ |
| ဣန္ဒဝံသ၊ **ဦး** | ၁၄၄ |
| ဣသရာဘိဝံသ၊ **အရှင်၊ ဝိသုဒ္ဓါရုံကျောင်း** | ၁၄၅ |

| စာရေးသူအမည် | အမှတ်စဉ် |
| --- | --- |
| အေးမြင့်၊ မောင်၊ မြန်မာမှုဒီဇိုင်းသုတေသီ | ၁၄၆ |
| အောင်ထွတ်၊ မောင် | ၁၄၇-၁၄၈ |

# စာအမည် အညွှန်း


| စာအမည် | အမှတ်စဉ် |
|---|---|
| (က) | |
| ကာယာနုပဿနာ | ၁၇ |
| ကောင်းကင်ပျံ ပုဂ္ဂိုလ်ရှိသလား | ၁ |
| ကန်တော့ပန်း | ၇၂ |
| ကမ္ဗည်းကျောက်စာ | ၂ |
| ကမ္ဘာ့သာသနာပြု သက်တော်ရှည် ရွှေကျင်ဂိုဏ်း သာသနာပိုင် ဆရာတော် ဘုရားကြီး | ၁၂၅ |
| ကဿပဂိုဏ်းရှည် | ၁၅၀ |
| ကျွန်တော်၏ ထေရ်ဆရာ | ၁၀၁ |
| ကြည်ညိုခြင်းအနန္တ | ၇၉ |
| ကြည်ညိုရာ | ၇၀ |
| (ခ) | |
| ခန္ဓသုတ် မြန်မာဋီကာ | ၁၈ |
| (ဂ) | |
| ဂဏသမုဋ္ဌာပက ပထမရွှေကျင်ဆရာတော် ဘုရားကြီး၏ ဩဝါဒကထာနှင့် ရွှေဟင်္သာ ဆရာတော်ကြီး၏ ဩဝါဒကထာ | ၆၅ |
| ဂရုဓမ္မဝတ္ထု | ၁၉ |
| ဂုဏ်သိသူ ဂုဏ်ရှိသူ | ၁၀၃ |

| စာအမည် | အမှတ်စဉ် |
|---|---|

(စ)


စာဏာကျနီတိ ပါဠိ-မြန်မာ ၂၀
စာသင်စာချ ပြုလုပ်ကြ ၁၁၉
စက်ာပူခရီးသွား မှတ်တမ်း ၂၁
စစ်ကိုင်းတောင်မှ နေမင်းကြီး ၇၅
စစ်ကိုင်းတောင်ရိုး ဒွါဒသမ ရွှေကျင်သာသနာပိုင်
ရွှေဟင်္သာ ဆရာတော်ဘုရားကြီး
အရှင်ပဏ္ဍိတ (၁၈၉၃-၁၉၉၅) ၈၇
စစ်ကိုင်းတောင်ရိုးပေါ်မှာ ဧရာဝတီမြစ်ရေ စီးလိမ့်မယ် ၃
စစ်ကိုင်းတောင်ရိုး ရွှေကျင်သာသနာပိုင်ဆရာတော်ဘုရားကြီး
သီတင်းသုံးတော်မူခဲ့သော ကျောင်းတိုက်များ ၉၀
စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာ ဆရာတော်ဘုရားကြီး ၁၃၉
စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာဆရာတော်ဘုရားကြီး၏
တရားသုံးပါး ၄
စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာတိုက်သစ် ကျောင်းတိုက်
နှစ်(၅၀)မြောက် စာတမ်း ၂၂
စစ်ကိုင်းတောင်ရိုးရွှေဟင်္သာတိုက်သစ်ကျောင်းတိုက်အကျဉ်း ၁၃၇
စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာတိုက်သစ် ဆရာတော်
ဘုရားကြီး အရှင်ပဏ္ဍိတသီရိမဟာထေရ် ၈၄
စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာတိုက်သစ် ပဓာနမဟာ
နာယက ရွှေကျင်သာသနာပိုင် ဘဒ္ဒန္တပဏ္ဍိတသီရိ
(အဂ္ဂမဟာပဏ္ဍိတ) (အဘိဓဇမဟာရဋ္ဌဂုရု၊
အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက) ဘွဲ့တံဆိပ်တော်ရ
ဆရာတော်ဘုရားကြီးများအကြောင်း သိကောင်းစရာများ ၁၂၆
စစ်ကိုင်းတောင်ရိုး၊ ရွှေဟင်္သာတိုက်သစ် အဂ္ဂမဟာပဏ္ဍိတ၊
အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက
ရွှေကျင်နိကာယ ဥက္ကဋ္ဌ၊
ရွှေကျင်သာသနာပိုင် ရွှေဟင်္သာ

| စာအမည် | အမှတ်စဉ် |
|---|---|
| ဆရာတော်ကြီး၏ ထေရုပ္ပတ္တိအကျဉ်း | ၁၂၃ |
| စစ်ကိုင်းတောင်ရိုးသို့ခရီးတစ်ခေါက် | ၁၀၉ |
| စစ်ကိုင်းမင်းဝံတောင်မှ ရွှေဟင်္သာဆရာတော်၏ ရဟန်းမြတ်တရား | ၁၃၁ |
| စစ်ကိုင်းရွှေဟင်္သာဆရာတော်ဘုရားကြီးနှင့် အံ့ဖွယ်ဖြစ်ရပ်ဆန်းများ | ၁၀၈ |
| စစ်ကိုင်း ရွှေဟင်္သာ ဆရာတော် ဘုရားကြီး၏ သက်တော် ၉၃ နှစ်ပြည့် ဝိဇာယန မင်္ဂလာ | ၁၀၀ |
| စစ်ကိုင်းရွှေဟင်္သာဆရာတော်ဘုရားကြီး အမြဲရွတ်ပွားသော ဂါထာ | ၁၃၀ |
| စစ်ကိုင်းရွှေဟင်္သာဆရာတော်ကြီး၏ နောက်ဆုံး စာစောင် | ၁၄၇ |
| စိတ္တာနုပဿနာကျမ်း | ၅ |
| စိတ္တာနုပဿနာကျမ်းနှင့် အသား၁၂မျိုး စာတမ်း | ၂၃ |
| **(ဆ)** | |
| ဆရာတော်ဘုရားကြီး ကရုဏာတော်နှင့် မေတ္တာ ဘာဝနာ | ၁၃၈ |
| ဆရာတော်ဘုရားရဲ့ရုပ်ပွား | ၁၄၀ |
| ဆရာတော်ဘုရားကြီး သီရိမန္တစ်ကျောင်း သိမ်သမုတ်တော်မူခြင်း | ၁၂၄ |
| ဆရာတော်ဘုရားကြီးအား ဂုဏ်ပြုပူဇာရတုပိဒ်စုံ | ၇၆ |
| **(ဌ)** | |
| ဌာနဝေဖြာ ရွှေဟင်္သာ | ၇၄ |
| **(ည)** | |
| ညဝတ်ရွတ်စဉ် ကန်တော့ခန်း | ၂၄ |
| ညောင်တုန်းမြို့ရွှေဟင်္သာတောရ စံကျောင်း | |

စာအမည် အမှတ်စဉ်

ဆရာတော်ဘုရား၏ကျမ်းစာများ ၂၅

ညောင်တုန်းမြို့ရွှေဟင်္သာတောရသမိုင်း ၂၆

ညောင်တုန်းမြို့၏ ထင်ရှားကျော်ကြားခြင်း၂၅ရပ် ၂၇

ညောင်ရွှေသွား မှတ်တမ်း ၂၈

(တ)

၁၃၅၄ခု၊ တပေါင်းလဆန်း ၉ရက်နေ့ ညနေက ညောင်တုန်းမြို့ ရွှေဟင်္သာတောရကျောင်းတိုက်၌ သံဃာတော်များနှင့် ဒကာ၊ ဒကာမများအား စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာတိုက်သစ် ဆရာတော်ကြီး မြွက်ကြားတော်မူသော ဩဝါဒကထာ ၆

၁၃၄၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၇)ရက်နေ့၌ အိန္ဒိယနိုင်ငံ မဟာဗောဓိသို့ အပူဇော်ခံကြွတော်မူစဉ် ထိုထိုရောက်ရာ ပူဇနိယဌာနတို့၌ ကိုယ်တိုင် ရေး၍ ရှိခိုးပူဇော်အပ်သော ဘုရားရှိခိုး ဂါထာတော်များ ၂၉

၁၃၅၄ ခုနှစ်၊ တပေါင်းလဆန်း ၁၂ရက်နေ့က ညောင်တုန်းမြို့ ရွှေဟင်္သာတောရ ကျောင်းတိုက်၌ ကျင်းပ သော သက်တော် ၁၀၀အကြို ပူဇော်ပွဲ၌ ရွှေဟင်္သာ ဆရာတော်ဘုရားကြီး မြွက်ကြားတော်မူသော ဩဝါဒ ကထာ ၇

၁၃၄၈ခုနှစ် ခရီးသွားမှတ်တမ်း ၃၀

(ဒ)

ဒိဋ္ဌေ ဒိဋ္ဌမတ္တံတရားစာ ၃၁

ဒွါဒသမရွှေကျင်သာသနာပိုင် ၈၁

ဒွါဒသမ ရွှေကျင်သာသနာပိုင် ကျေးဇူးတော်ရှင် ရွှေဟင်္သာဆရာတော် ဘုရားကြီး၏ ဝိပဿနာ ရှုနည်းအကျဉ်း ၈၈

စာအမည် အမှတ်စဉ်

(ဓ)

ဓရဝန်ဆောင် စစ်ကိုင်းတောင် ၈
ဓမ္မာနုပဿနာ သတိပဋ္ဌာန် တရားတော် ၃၂

(န)

နိုင်ငံတော်သြဝါဒါစရိယ၊ အဂ္ဂမဟာပဏ္ဍိတ၊
အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက
ရွှေကျင် သာသနာပိုင်
ရွှေဟင်္သာတိုက်သစ် ဆရာတော်ဘုရားကြီး ၁၁၁
နှစ်ဆယ့်ငါးရာစု သာသနာ ၏ သဗ္ဗကာမိထေရ် ၁၀၆

(ပ)

ပညာရှိတစ်ဆူကို ပူဇော်ခြင်း ၁၅၂
ပဉ္စမ ရွှေကျင်ဆရာတော်ဘုရားကြီး၏ အထိမ်းအမှတ်
ဗိမာန်တော် သမိုင်း ၃၃
ပထမ ထွင့်ခေါင် ဆရာတော်ဘုရားကြီး အကြောင်း ၃၄
ပထမ ရွှေကျင်ဆရာတော်ကြီး၏ အထိမ်းအမှတ်
ဗိမာန်တော် မှတ်တမ်း ၃၅
ပဒေသာဆုံးမစာများ ၃၆
ပရဟိတအတွက် ဆေးတစ်ခွက် ၁၃၅
ပရာဘဝသုတ် မြန်မာဋီကာ ၉၊ ၃၇
ပူဇော်ထိုက်သူကို ပူဇော်ခြင်း ၁၄၄
ပူဇာစ မင်္ဂလာ ကေပိုဒ်ရတု ၈၀
ပေးလှူတတ်လျှင် နိဗ္ဗာန်ဝင် ၁၃၃

(ဗ)

ဗုဒ္ဓဂယာသို့ ဘုရားဖူး ခရီးသွားမှတ်တမ်း ၃၈

စာအမည် အမှတ်စဉ်

(ဘ)

ဘုန်းတော်ဖွင့် ထေရုပ္ပတ္တိ ၃၉

(မ)

မမေ့နိုင်ပါရွှေဟင်္သာ ၁၂၉
မဟာဝိဇာယန မွေးနေ့မင်္ဂလာ၌ ပူဇော်အပ်သော
ပိုဒ်စုံရတုမင်္ဂလာ သြဘာစာ ၆၇
မဟာသတိပဋ္ဌာန် တရားတော် ၄၀
မူလပဓာနသာသနာ ၁၀
မင်္ဂလသုတ် လက်စွဲ ၄၁
မေတ္တသုတ် မြန်မာဋီကာ ၄၂
မေတ္တသုတ် မြန်မာဋီကာ၊ ခန္ဓသုတ် မြန်မာဋီကာ၊
ထွင့်ခေါင်ဆရာတော်ဘုရားကြီး၏ ကမ္မဋ္ဌာန်းလင်္ကာများနှင့်
ရွှေဟင်္သာဆရာတော်ဘုရားကြီး၏ ပဒေသာ ဆုံးမစာများ ၆၅
မေတ္တာပြည့်ဝ နိဝါတ ၁၄၃
မေတ္တာလမင်း ထိန်ထိန်လင်း ၉၂
မြန်မာ အလင်္ကာကျမ်း ၄၃

(ယ)

ယုဝေါဝါဒ ဆုံးမစာ ၄၄
ယောကျ်ားတကာ အားထုတ်ရာတည့် ၉၇

(ရ)

ရာပြည့် ရှစ်ဆယ်ပေါ် (တေးထပ်) ကဗျာ ၇၇
ရာပြည့်သဘင် ရွှေရည်လွှမ်းတဲ့
ရွှေနန်းသဇင်က ဖိတ်ခေါ်သံ ၆၈
ရှေ့သွားမင်္ဂလာ ၄၅
ရှင်သန်နေသော ဓမ္မစက်ဝန်း ၉၅

| စာအမည် | အမှတ်စဉ် |
| --- | --- |
| ရွှေကျင်ဂိုဏ်းကြီး စတင်ဖြစ်ပေါ်လာပုံနှင့် ရွှေကျင်နိကာယ သာသနာပိုင် ဆရာတော်ကြီးများ | ၁၄၂ |
| ရွှေကျင်နိကာယ ဒုတိယသာသနာပိုင် အဘိဓဇမဟာရဋ္ဌဂုရု ရွှေဟင်္သာဆရာတော် ဘုရားကြီးအား ရောဝတီတိုင်း လေးမျက်နှာမြို့ ဒကာ၊ ဒကာမများ၏ ပူဇော်ကန်တော့ပွဲတွင် တင်သွင်းလျှောက်အပ်သောဂုဏာဗိန္ဒု | ၈၅ |
| ရွှေကျင်နိကာယ သာသနာပိုင် ရာပြည့်ဆရာတော်ကြီး၏ အများအကျိုး ဩဝါဒတော် | ၈၂ |
| ရွှေကျင်နိကာယ သာသနာဝင် အကျဉ်းနှင့် ရွှေကျင်ဆရာတော်ဘုရားကြီး၏ ဩဝါဒကထာများ | ၄၆ |
| ရွှေကျင်နိကာယ သာသနာဝင်အကျယ်နှင့် အလုံမြို့ဥပဒေ၊ မိုးကောင်းတိုက်ဥပဒေ၊ သီလ ဝိသောဓနီ၊ ဝဋ္ဋနာ ဒီပနီ | ၄၇ |
| ရွှေကျင်သာသနာပိုင် | ၇၈ |
| ရွှေကျင် သာသနာပိုင် စစ်ကိုင်း ရွှေဟင်္သာ ဆရာတော်ကြီး | ၁၁၀ |
| ရွှေကျင်သာသနာပိုင် အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု ရွှေဟင်္သာဆရာတော်ဘုရားကြီးအရှင်ပဏ္ဍိတထေရ် | ၁၁၄ |
| ရွှေဟင်္သာစာပေနှင့် ကျွန်တော်၏ အတွေ့အကြုံ | ၁၂၀ |
| ရွှေဟင်္သာဆရာတော်ကြီး | ၁၄၈ |
| ရွှေဟင်္သာဆရာတော်ကြီးရဲ့ ရုပ်ပွား | ၁၄၀ |
| ရွှေဟင်္သာဆရာတော်ကြီး၏ ထူးခြားသော ဩဝါဒများ | ၉၁ |
| ရွှေဟင်္သာဆရာတော်ကြီး၏ အမေရိကန်ဩဝါဒ | ၉၃ |
| ရွှေဟင်္သာဆရာတော်ကြီး၏ ဩဝါဒကို အကြောင်းပြု၍ | ၁၃၂ |
| ရွှေဟင်္သာ ဆရာတော်ကြီး၏ အတ္ထုပ္ပတ္တိအကျဉ်းနှင့် ပဒေသာ ဆုံးမစာများ၊ လူမင်းနတ်မင်း ဦးညွတ်ခြင်း | ၄၈ |
| ရွှေဟင်္သာ ဆရာတော် ဘဝနှင့် စာပေ အထွေထွေ | ၁၅၃ |
| ရွှေဟင်္သာဆရာတော်ဘုရားကြီးနှင့် ရွှေကျင်ရွာ ရွှေကျင်သာသနာ | ၁၂၈ |

| စာအမည် | အမှတ်စဉ် |
|---|---|
| ရွှေဟင်္သာဆရာတော်ဘုရားကြီးရဲ့ ဂုဏ် | ၁၀၇ |
| ရွှေဟင်္သာဆရာတော်ဘုရားကြီး၏ ပဒေသာ ဆုံးမစာများ | ၁၂၂ |
| ရွှေဟင်္သာဆရာတော်ဘုရားကြီး၏ ပဒေသာဆုံးမစာများ၊ မဟာစည်ဆရာတော်၏ ဗြဟ္မစိုရ်တရားတော်၊ သပြေသာ ဆရာတော်ဘုရားကြီး၏ မေတ္တာအကျိုးရမည်သာ | ၆၆ |
| ရွှေဟင်္သာ ဆရာတော်ဘုရားကြီး၏ သာသနာရေးဆိုင်ရာ ထေရုပ္ပတ္တိ | ၁၄၉ |
| ရွှေဟင်္သာဆရာတော်ဘုရားကြီး၏ အမေရိကန် သာသနာပြုခရီး အတွေ့အကြုံ | ၁၂၇ |
| ရွှေဟင်္သာဆရာတော်ဘုရားကြီး၏ ဩဝါဒကထာ | ၁၀၂ |
| ရွှေဟင်္သာဆရာတော်ဘုရားကြီး၏ ဩဝါဒ ၄ပုဒ် | ၁၁ |
| ရွှေဟင်္သာဆရာတော်၏ စာပေ လက်ရာများ | ၁၁၃ |
| ရွှေဟင်္သာဆရာတော်၏ အံ့ဖွယ် ဂုဏ်ရည်များ | ၁၁၅ |
| ရွှေဟင်္သာ ဆရာတော်၏ အာသီသ | ၁၂ |
| ရွှေဟင်္သာတိုက်သစ်၏ အနှစ်သာရ | ၆၉ |
| ရွှေဟင်္သာတိုက်သစ် ကျောင်းတိုက် စည်းမျဉ်းဥပဒေ | ၄၉ |
| ရွှေဟင်္သာ တိုက်သစ် သာသနာဝင် | ၁၄၅ |
| ရွှေဟင်္သာ ပဉ္စောင်ပင်ကြီး၏ နှစ်ငါးဆယ်ပြည့် ရွှေရတု | ၈၃ |
| ရွှေဟင်္သာမင်း | ၉၈ |
| ရွှေဟင်္သာရာပြည့်ပူဇော်မှုနှင့် ပိုက်ကျုံးဆရာတော်ဘုရား | ၁၄၁ |

## (လ)

| | |
|---|---|
| လူမင်းနတ်မင်း ရှိခိုးခြင်းခံရသော | ၈၉ |
| လူမင်းနတ်မင်း ဦးညွှတ်ခြင်း | ၅၀ |
| လေးမျက်နှာမြို့သို့ သွားသော ခရီးသွားမှတ်တမ်း | ၅၁ |

## (ဝ)

| | |
|---|---|
| ဝိနယ မဟာဝဂ္ဂပါဠိတော် မြန်မာပြန် | ၅၂ |

| စာအမည် | အမှတ်စဉ် |
|---|---|
| ဝိသိဋ္ဌဂုဏထုထိပူဇာ ရှစ်လုံးဘွဲ့ကဗျာ | ၇၃ |
| ဝေဒနာကို သည်းခံခြင်း၊ (မဟာပရိနိဗ္ဗာနသုတ္တန် တရားတော်) | ၁၅၂ |
| ဝေဒနာနုပဿနာ | ၅၃ |
| ဝိုင်အမ်ဘီအေနှင့် ဆရာတော်ကြီးလေးပါး | ၉၄ |
| ဝိုင်အမ်ဘီအေ အသင်း နှစ်(၈၀)ပြည့် အထိမ်းအမှတ် စစ်ကိုင်းရွှေဟင်္သာ ဆရာတော်ဘုရားကြီး ဩဝါဒ | ၉၆ |

(သ)

| | |
|---|---|
| သာသနာတော်လုံးဆိုင်ရာ ရွှေကျင်နိကာယ ဥက္ကဋ္ဌ သမ္ဗုတိ သာသနာပိုင် စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာ တိုက်သစ်၊ ရွှေဟင်္သာဆရာတော် အရှင်ပဏ္ဍိတသိရီထေရ်၏ အတ္ထုပ္ပတ္တိ အကျဉ်း | ၁၃ |
| သာသနာရေးတရားတော် | ၅၄ |
| သာသနာရေးတရားတော်နှင့် ပဒေသာ ဆုံးမစာများ | ၅၅ |
| သူတော်ကောင်းလက်နက် | ၁၁၈ |
| သက်တော်ရာကျော် စစ်ကိုင်းရွှေဟင်္သာဆရာတော် ဘုရားကြီးနှင့် ထူးခြား ဆန်းကြယ် အံ့ဖွယ်များ | ၁၁၆ |
| သက်တော်ရှည် ဆရာတော်ဘုရားကြီးအား ပူဇော် သက္ကာရပြုသော ထေရုပ္ပတ္တိ အကျဉ်း ထပ်တွန့် (၈၀)ပေါ်တေးထပ် | ၇၁ |
| သက်တော်ရှည် ရွှေဟင်္သာ ဆရာတော် ဘုရားကြီး အား ဖူးမြော်ကြည်ညိုရခြင်း | ၉၉ |
| သက်တော်ရှည် ရွှေဟင်္သာ ဆရာတော် ဘုရားကြီး၏ သတိပေး စကားတော်သုံးခွန်း | ၁၃၄ |
| သက်တော်ရှည် ရွှေဟင်္သာဆရာတော်ကြီး၏ ဩဝါဒကထာ | ၅၇ |
| သက်တော်ရှည် အဂ္ဂါဘိဓဇ ရွှေကျင်သာသနာပိုင် စစ်ကိုင်း ရွှေဟင်္သာ ဆရာတော်ဘုရားကြီး၏ | |

| စာအမည် | အမှတ်စဉ် |
|---|---|
| ထူးခြားသော ဂုဏ်ရည်များ | ၁၀၄ |
| သိမ်သမုတ်ပွဲ | ၈၆ |
| သိမ်အောင်စာတမ်း | ၅၇ |
| **(ဟ)** | |
| ဟိစပနနိပါတတ္ထ ဒီပနီကျမ်း | ၁၄ |
| **(အ)** | |
| အနန္တမေတ္တာရှင် | ၁၃၆ |
| အဘိဓဇမဟာရဋ္ဌဂုရု ရွှေဟင်္သာဆရာတော်ဘုရားကြီး | |
| သြဝါဒ ကထာ | ၅၈ |
| အမတဂါမိနီ တရားတော် | ၅၉ |
| အမေရိကန်ခရီးသွား မှတ်တမ်း | ၆၀ |
| အမေရိကန်သာသနာပြုခရီး | |
| အဝေးမှသာ ကြည်ညိုရပါသည် | ၁၀၅ |
| အာစေရဝဏ္ဏနာပျို့ | ၆၁ |
| အာယုသက်တော် နှစ်ကိုးဆယ်ကျော်ကာလ | |
| သာသနာပြုခရီး တစ်ကဏ္ဍ | ၁၁၂ |
| ဥပုသ်သည်လက်စွဲ | |
| သြဝါဒကထာ | ၁၅၊ ၆၃ |
| အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ ရွှေကျင် | |
| သာသနာပိုင်ချုပ် ဥက္ကဋ္ဌ၊ စစ်ကိုင်းတောင်ရိုး၊ | |
| ရွှေဟင်္သာ တိုက်သစ် သက်တော်ရှည်ဆရာတော်ကြီး၏ | |
| ဘဝနှင့်စာပေ အမှတ်တရဖြစ်စဉ် ရက်စွဲများ | ၁၂၁၊ ၁၅၄ |
| အုတ်တစ်ချပ်သဲတစ်ပွင့်ပမာ | ၁၄၆ |
| အပ္ပမာဒသြဝါဒ | ၁၆ |

## ရွှေဟင်္သာဆရာတော်ကြီး ရေးသားခဲ့သော စာအုပ်များ သက္ကရာဇ်စဉ်

| စဉ် | အင်္ဂလိပ်ခုနှစ် | မြန်မာခုနှစ် | စာအုပ်အမည် |
|---|---|---|---|
| ၁။ | ၁၉၁၈-၁၉ | ၁၂၈၀ | အာစေဝရဏ္ဏနာပျို့ |
| ၂။ | ၁၉၂၂-၂၃ | ၁၂၈၄ | ဟိစပနနိပါတတ္ထ ဒီပနီ |
| ၃။ | ၁၉၂၅ | ၁၂၈၆ | ဥပုသ်သည် လက်စွဲ |
| ၄။ | ၁၉၂၅ | ၁၂၈၇ | ဘုန်းတော်ဖွင့် ထေရပွတ္တိ |
| ၅။ | ၁၉၂၈ | ၁၂၉၀ | မြန်မာအလင်္ကာကျမ်း |
| ၆။ | ၁၉၃၁ | ၁၂၉၃ | ပထမထွင့်ဦးခေါင် ဆရာတော်ဘုရားကြီး အကြောင်း |
| ၇။ | ၁၉၃၄ | ၁၂၉၅ | စာဏာကျနီတိ ပါဠိ-မြန်မာ |
| ၈။ | ၁၉၄၃ | ၁၃၀၅ | ပဒေသာဆုံးမစာများ |
| ၉။ | ၁၉၄၆ | ၁၃၀၅ | မေတ္တသုတ် လက်စွဲ |
| ၁၀။ | ၁၉၄၉ | ၁၃၁၁ | ရှေ့သွား မင်္ဂလာ |
| ၁၁။ | ၁၉၅၀ | ၁၃၁၂ | မင်္ဂလသုတ် လက်စွဲ |
| ၁၂။ | ၁၉၅၁ | ၁၃၁၃ | ပရာဘဝသုတ် မြန်မာဋီကာ |
| ၁၃။ | ၁၉၅၄ | ၁၃၁၆ | ညောင်တုန်းမြို့ ရွှေဟင်္သာတောရသမိုင်း |
| ၁၄။ | ၁၉၅၅ | ၁၃၁၆ | ဂရုဓမ္မဝတ္ထု |
| ၁၅။ | ၁၉၅၆ | ၁၃၁၇ | ညောင်ရွှေသွားမှတ်တမ်း |
| ၁၆။ | ၁၉၆၀ | ၁၃၂၂ | ဝိနယမဟာဝဂ္ဂ ပါဠိတော် မြန်မာပြန် |
| ၁၇။ | ၁၉၆၃ | ၁၃၂၅ | ရွှေကျင်နိကာယ သာသနာဝင်အကျယ် နှင့် အလုံမြို့ မိုးကောင်းတိုက် ဥပဒေ၊ သီလဝိသောဓနီ၊ ဝဋ္ဋနာ ဒီပနီ |
| ၁၈။ | ၁၉၆၄ | ၁၃၂၆ | ယုဝေါဝါဒဆုံးမစာ |

| စဉ် | အင်္ဂလိပ်ခုနှစ် | မြန်မာခုနှစ် | စာအုပ်အမည် |
|---|---|---|---|
| ၁၉။ | ၁၉၆၅ | ၁၃၂၆ | ရွှေကျင်နိကာယ သာသနာ |
| ၂၀။ | ၁၉၆၈ | ၁၃၃၀ | ဒိဋ္ဌေ ဒိဋ္ဌမတ္တံ တရားစာ |
| ၂၁။ | ၁၉၇၁ | ၁၃၃၂ | ကာယာနုပဿနာကျမ်း |
| ၂၂။ | ၁၉၇၁ | ၁၃၃၃ | ညောင်တုန်းမြို့ ရွှေဟင်္သာတောရ စံကျောင်းဆရာတော်ဘုရား၏ ကျမ်းစာများ |
| ၂၃။ | ၁၉၇၃ | ၁၃၃၄ | သာသနာရေး တရားတော် |
| ၂၄။ | ၁၉၇၃ | ၁၃၃၅ | အမတဂါမိနီ တရားတော် |
| ၂၅။ | ၁၉၇၃ | ၁၃၃၅ | ဩဝါဒကထာ |
| ၂၆။ | ၁၉၇၄ | ၁၃၃၆ | ဝေဒနာနုပဿနာ |
| ၂၇။ | ၁၉၇၄ | ၁၃၃၆ | ခန္ဓသုတ် မြန်မာဋီကာ |
| ၂၈။ | ၁၉၇၆ | ၁၃၃၇ | ညောင်တုန်းမြို့၏ ထင်ရှားကျော်ကြားခြင်းနှစ်ရပ် |
| ၂၉။ | ၁၉၇၆ | ၁၃၃၈ | ပထမ ရွှေကျင်ဆရာတော်ဘုရားကြီး၏ အထိမ်းအမှတ်ဗိမာန်တော် သမိုင်း |
| ၃၀။ | ၁၉၇၈ | ၁၃၃၉ | လူမင်း နတ်မင်း ဦးညွှတ်ခြင်း |
| ၃၁။ | ၁၉၇၈ | ၁၃၄၀ | ရွှေဟင်္သာ ဆရာတော်ကြီး၏အတ္ထုပ္ပတ္တိ အကျဉ်း ပဒေသာဆုံးမစာများ လူမင်း နတ်မင်းဦးညွှတ်ခြင်း |
| ၃၂။ | ၁၉၈၀ | ၁၃၄၂ | ရွှေဟင်္သာတိုက်သစ် ကျောင်းတိုက် စည်းမျဉ်း ဥပဒေ |
| ၃၃။ | ၁၉၈၁ | ၁၃၄၃ | စိတ္တာနုပဿနာကျမ်းနှင့် အသား (၁၂)မျိုးစာတမ်း |
| ၃၄။ | ၁၉၈၂ | ၁၃၄၃ | အဘိဓဇမဟာရဋ္ဌဂုရု ရွှေဟင်္သာ ဆရာတော်ဘုရားကြီး ဩဝါဒကထာ |
| ၃၅။ | ၁၉၈၃ | ၁၃၄၅ | ပထမ ရွှေကျင်ဆရာတော် ဘုရားကြီး၏ အထိမ်းအမှတ်ဗိမာန်တော် မှတ်တမ်း |
| ၃၆။ | ၁၉၈၄ | ၁၃၄၆ | ဓမ္မာနုပဿနာသတိပဋ္ဌာန် တရားတော် |

| စဉ် | အင်္ဂလိပ်ခုနှစ် | မြန်မာခုနှစ် | စာအုပ်အမည် |
|---|---|---|---|
| ၃၇။ | ၁၉၈၄ | ၁၃၄၆ | ဗုဒ္ဓဂယာသို့ ဘုရားဖူးခရီးသွားမှတ်တမ်း |
| ၃၈။ | ၁၉၈၄ | ၁၃၄၆ | ၁၃၄၆ခုနှစ် တန်ဆောင်မုန်းလဆန်း (၇)ရက်နေ့၌အိန္ဒိယနိုင်ငံ မဟာဗောဓိသို့ အပူဇော်ခံ ကြွတော်မူစဉ် ထိုထိုရောက်ရာ ပူဇနိယဋ္ဌာနတို့၌ ကိုယ်တိုင်ရေး၍ ရှိခိုး ပူဇော်အပ်သော ဘုရားရှိခိုး ဂါထာတော်များ |
| ၃၈။ | ၁၉၈၇ | ၁၃၄၈ | စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာတိုက်သစ်ကျောင်းတိုက် နှစ်(၅၀)မြောက် အကြိုစာတမ်း |
| ၃၉။ | ၁၉၈၇ | ၁၃၄၉ | ၁၃၄၈ ခုနှစ် ခရီးသွားမှတ်တမ်း |
| ၄၀။ | ၁၉၈၈ | ၁၃၄၉ | လေးမျက်နှာမြို့သို့ သွားသော ခရီးသွားမှတ်တမ်း |
| ၄၁။ | ၁၉၉၀ | ၁၃၅၁ | စင်္ကာပူခရီးသွား မှတ်တမ်း |
| ၄၂။ | ၁၉၉၂ | ၁၃၅၄ | အမေရိကန်ခရီးသွားမှတ်တမ်း |
| ၄၃။ | ၁၉၉၃ | ၁၃၅၅ | မဟာသတိပဋ္ဌာန်တရားတော် |

မွေးဒါန အလှူရှင်

ဤစာအုပ်ကို

အနန္တော အနန္တငါးပါးကို ဦးထိပ်ထား၍

မိုးကုတ်မြို့၊ ရှမ်းစုရပ်

ဦးအောင်ကျော်+သီဟ သုဓမ္မသိင်္ဂီ ဒေါ်ကြည်ကြည်ထွန်း

(သမီး) - မသိင်္ဂီထွန်း

(သား) - ကိုချို+မမိုးမိုး

(သား) - ကိုသန်းနောင်

(သမီး) - မအိသီတာထွန်း

(မြေး) - မောင်အာကာမင်း၊ မောင်ဖြိုးထက်မင်း

မောင်သက်ထွန်းဦး

မိသားစုတို့က

ကုန်ကျစရိတ် အားလုံး

မ, တည် လှူဒါန်း ပူဇော်ပါသည်။

| | | |
|---|---|---|
| သာသနာတော်နှစ် | မြန်မာသက္ကရာဇ် | ခရစ်နှစ် |
| ၂၅၅၅ | ၁၃၇၃ | ၂၀၁၁ |

# စစ်ကိုင်းရွှေဟင်္သာ စိန်ရတုသဘင် အမှတ်တရ